www.burmeseclassic.com

လာဘ်မိုးရွာ စာပေ ... သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း



စာမျက်နှာ - ၄၁ အိမ်ထောင်ဖက်ရွေးနည်း

စာမျက်နှာ - ၅၃ အိမ်ထောင်ဖက် ခြေလှမ်းပျက်သော်

စာမျက်နှာ - ၅၅ လက်ထပ်လက်စွပ်

စာမျက်နှာ - ၅၉ ထိမ်းမြားမင်္ဂလာပြုလိုပါလျှင်

BURMESE CLASSIC

- ဒါဖတ်ပြီးမှ ထီထိုး (စာ - ၆၁)
- ထီပေါက်မည့်ကိန်း (စာ - ၇၉)
- ထီပေါက်စေရန် နည်းလမ်း (စာ - ၇၇)
- ထီယတြာ (စာ - ၉၅)

ဆယ်တော်မူဘုရား (စာ-၂၂)

ဣန္ဒြာသယဆွမ်းကပ်နည်း (စာ-၇၁)

ချစ်သူတို့ ရှင်မကွဲဘုရား (စာ-၁၀၄)

ဦးနုနှင့် သံပုံစေတီ (စာ-၁၅၃)

လူတိုင်း၏ ကျန်းမာရေး (စာ-၂၀၀)

ဆေးဖက်ဝင် သီးနှံများ (စာ-၂၉၀)




www.burmeseclassic.com

www.burmeseclassic.com

1 NOV 2014

**လာဘ်မိုးစွေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘော မေ၊
သဒါ ဟောတု ဘဝါဘဝေ။

မင်္ဂလာပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၄-ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ် (၂၅၁)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

တာဝန်ခံ]တ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)    အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာ[illegible]ယုနွယ်

မှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တြာဇင်    အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

ဘ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ
ဘ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
ဲရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်
အုပ်ချုပ် - ရှုကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ အောင်နိုင်လတ်၊ ဖိုးအောင်၊ စံလွင်မောင်၊ ပညတ်
ဘ ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်မှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရာ သုတအမြာမြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ်ကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းဘာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသောင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့်ငြားဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်ကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရှုမဝ

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ် (၂၅၁)

BURMESE CLASSIC

## မာတိကာ

### ရောင်ပြန် ကဗျာ

သက်နိုင်(ကြို့ပင်ကောက်)၊ ဘုန်းလျှံ ဝင်းဝေနောင်၊ တိုးကိုကိုဝင်း၊
မြင့်နိုင်၊ မောင်စစ်ကြည်(ပန်းတနော်)၊ ကေမင်းညီ၊ ကမ်လူဝေ။

### ရောင်ပြန် အခန်းဆက်ရသ

အရိုးပြာတွန်လေသော်(ဇာတ်သိမ်း)
မကွေးညိုမိမို့ —— ၁၇၈
မေဗွာရှင်···(၁၂)
ဘုန်းမွှင့်တေဇာ —— ၁၉၀
ဒုဗ္ဗုဂ ကောရီသခင်မလေး ပေမမာလာ(၇)
မောင်ယဉ်မှုန်(မောင်နေခြည်) —— ၂၀၄
နတ်ကတော်စိန်မျက်ခုံး(၁၁)
ကျော်မြသန်း —— ၂၂၀






အဘိဓာဝကမေး ဘုရားရှင်အဖြေ

အမှတ်(၂)

ဒေါက်တာသန်းနိုင်းထင်း

စာ-၃၁

ကျွန်ုပ်

နှင့်

ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၄)



ဝထ္ထ ဆရာကြီးဦးအောင်သူ

စာ-၉၁



တစ္ဆေတစောင်း 'ယိ' အကြောင်း

www.burmeseclassic.com

www.burmeseclassic.com


ဝဋ္ဋံသာရအပြါဒါဝတ်ဝိုင်းရဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်

မှ

စကြဝိုင်းဓါ၏အဓိပ္ပာယ် စာ - ၂၇၈

သမီးဗဂျီအောင်မိုး





# ကျောက်ဂူတောရဆရာတော် ဦးကုဏ္ဍာစရိယ

၏

ဆောင် - ရှောင် - သုခမေ့ရသများ

ကျော်ဇောဟိန်း(နံ့သာ)



စာ - ၂၆



အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွေ စာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅


## မြန်မာ့ရေးရာ


ငမင်းချောင်း ရွှေမုဋ္ဌောမိုးကောင်းစေတီတော်မြတ်နှင့်
ခွမ်းလောင်းပွဲ
မောင်ရိုးရုထ် ———— ၁၇

ဆယ်တော်မူမြတ်စွာဘုရား
မော်တင်သိန်းဇော်ဇ ———— ၂၂

ဘုရားရုပ်ပွားတော်များကို
မှတ်ဆိတ်ကျင်စွယ်ထည့်၍ ကိုးကွယ်မှု
သက်နှင်းစံ ———— ၂၄

ကျောက်ဂူတောရဆရာတော် ဦးကုဏ္ဍာစရိယ၏
ဆောင်-ရှောင် သုခမေ့ရသများ
ကျော်ဇောဟိန်း(နံ့သာ) ———— ၂၆

ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၄)
ပထမံဆရာကြီးဦးအောင်သူ ———— ၃၁

ချစ်သူတို့ ရှင်ကွဲ မကွဲရေး
"ရှင်မကွဲ"ဘုရားတွင် ဆုတောင်းပါ
သူရိန်ဇော် ———— ၁၀၄

ဗုဒ္ဓအမွေအနှစ်များ ဦးခိုက်ပူဇော်(၄)
မောင်စိုးထိုက်(သုံးဆယ်) ———— ၁၂၇

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်…ရွှေနန်းသွင်းစေတီတော်
ပံသာဝတီဦးအုန်းကြိုင် ———— ၁၅၉

ထီးများအကြောင်း
နတ်ထီးလှိုင် ———— ၂၇၁




စာ - ၂၃၆





www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ


အာဋ္ဌာဝကမေး ဘုရားရှင်အဖြေ(၂)
ဒေါက်တာသန်းမှိုင်းလင်း ———— ၃၃
ကုသိုလ်ကံပေး မရသေး
မောင်ချိုမင်း(ကန္တာရဝတီ) ———— ၃၅
ယတြာကောင်းလျှင်(ကြွေ့သာသယ ခွမ်းကပ်နည်း)
မောင်မောင်မြင့်အေး ———— ၈၁
သရဏဂုံ
ရန်ကုန်မြင့်ဆွေ ———— ၁၀၁
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းမြိုင်(တောင်ငူ) ———— ၁၁၄
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ———— ၁၁၅
စိုက်ပျိုးရေးရာ သည်လမှာ
ဇော်ကကိုရင် ———— ၁၁၆
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ———— ၁၁၇
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ———— ၁၁၈
သည်လအတွက် ကောင်းသောရက် ၁၁၉
နွယ်သာကီအောင် ———— ၁၁၉
ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး...လအလိုက်ဟောသော
ဦးတိုး(တက္ကသိုလ်) ———— ၁၂၁
တရုတ်နက္ခတ္တဗေဒပညာ ၂၀၁၄ ဒီဇင်ဘာ
ကေတီအောင်သိန်း ———— ၁၂၆
မြေးကလေးဖတ်ဖို့
မောင်ကောင်းမြင့် ———— ၁၃၇
ကျွန်တော့်ဘဝအစ သတင်းစာက
တက္ကသိုလ်သဉ် ———— ၁၄၃
ရေတွင်းပျက်၊ ရေတွင်းဟောင်း သန့်ရှင်းရေးအတွက်...
ဆောင်းဟေမာန်(မြတ်ကြေးမုံ) ———— ၁၄၆
အသက်သခင်ကျေးဇူးရှင်ကို ပြစ်မှားမိက နိဂုံးမလှဖြစ်ကြရ
ခင်မောင်အေး(မန္တလေး) ———— ၁၆၈
ဝန်ကြီးပဒေသရာဇာ
ပုသိမ်မောင်သောင်းယဉ် ———— ၂၁၄
ဆီမီးယတြာ မြူလုပ်ရာဝယ်
ဂမ္ဘီရဆရာပွင့် ———— ၂၂၈
လောင်းရိပ်မိသော ပန်းမျှားဓါးသံစဉ်
လေးသူစံ ———— ၂၂၉





## လောကီရေးရာ


စစ်အတွင်းက အင်္ဂလိပ်တို့၏ လုပ်ရပ်များ
ရီရီဌေး ———— ၂၄၀
ဘဝအမှောင်မှမယ့် လူတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ———— ၂၅၆
အနိစ္စဒေသနာတော်
မဟာထွန်း ———— ၂၆၀
ရှင်သန်နေဆဲပါ
အေးအေးသန်း ———— ၂၆၉
ကျွန်ုပ်နှင့် နငယ်နကင်းပိတ်
ဝသုန်ဟိန်းထက် ———— ၂၇၆
ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်မှ စက်ဝိုင်း၏အဓိပ္ပာယ်
သမီးဗဂျီအောင်စိုး ———— ၂၇၈
တံခွန်လူ၍ ဘဝကို တလွှင့်လွှင့်ထူ
နှင်းအဥ္စလီ ———— ၂၈၁
ဘုရားရှင်အာဏာစက် တည်စေသော်
မြမျက်ရှင် ———— ၂၉၅
ဂါထာတွေစွမ်းအောင် ရွတ်နည်းကား
မောင်ပုတ်စည် ———— ၂၉၉
အန္တရာယ်အမှန်ကင်းတဲ့ ကြက်ကင်း ၃၀၃
မင်းခေါင်သီဟ ———— ၃၀၃



မင်းအဆက်ဆက်တို့၏ ဘုန်းသမ္ဘာတောက်စေရန်
# အစီအမံများ
(ယခင်လမှအဆက်)
မြန်မာထိန်းကျော် စာ - ၁၅၃
ဝန်ကြီးချုပ်ဦးနု၏ သိပ်ုဏတ် [၆၀၀၀၀]
ကြောက်သောင်း ယတြာချေခြင်း




စာ - ၈၁




ဂုဏ္ဍာသယဆွမ်းကပ်နည်း

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


အိမ်ထောင်ဖက်ရွေးနည်း
ဦးတိုး(တက္ကသိလ) ———— ၄၁
အိမ်ထောင်ရေးနှင့် ကံကြမ္မာ
ဒေါ်ဇင်မာဝေ ———— ၄၈
ဇနီးမောင်နှံ ရာသက်ပန် ပေါင်းရန်မာတ်ယတြာ
ဆရာခေါင်ထွဋ်မြင့် ———— ၅၁
သစ္စာတရားကိန်းဝပ်နေသော လက်ထပ်လက်စွပ်
အောင်ဘုန်းမြင့်(ကချင်မြေ) ———— ၅၅
ထိမ်းမြားမင်္ဂလာပြုလိုပါလျှင်
ကိုမောင်သန်းဝင်း ———— ၅၉
ဒါဖတ်ပြီးမှ ထီထိုးကြ
ဝသုန်ဟိန်းထက် ———— ၆၁
ထီဆုကြီးများ ပေါက်စေနိုင်သော ဂဏန်းဂုဏ်တော်ဘုရားရှိခိုး
မင်းသိင်္ခ ———— ၆၅
ကိုစိုးအောင် ဤသို့ ငွေကြေးအဆင်ပြေခဲ့ပါသည်
ဘုန်းပွင့်တေဇာ ———— ၇၅
ယုံလွယ်သူများ သတိထား
မာလာရုံ ———— ၇၇

www.burmeseclassic.com




## ရောင်ပြန် တိုင်းရင်းဆေး


ရုတ်တရက် လေဖြတ်ခံရသူ အမြန်ကယ်ဆယ်ပြုစုနည်း
အယ်ဒီတာ —— ၄၀
လူတိုင်း၏ ကျန်းမာရေး သီးနှံသားငါး စားသုံးပေး(၂)
ဒေါက်တာသက်ဆွေ —— ၂၀၀
အံ့ဖွယ်ထူးခန်း ဆေးစွမ်းကောင်းများ
မျိုးသန်းထွန်းကို —— ၂၆၄
အာဟာရပြည့် ဆေးဖက်ဝင်သီးနှံအစားအစာများ
သုတေသီဆရာငြိမ်း —— ၂၉၀
အမောရောဂါနှင့် ချောင်းဆိုးသွေးပါ ကုထုံးနည်းတစ်မျိုး
ဥသာမြေမြင်းနောင် —— ၂၉၄
အမှုအကျိတ်ပျောက် ဂါထာစွမ်းတစ်ပုဒ်
မော်တင်သိန်းဇော်ဝ —— ၃၀၁





## ရောင်ပြန် ရသ


သူတို့ သာခုခေါ်ကြမည်
မနသာသကျော်ဝင်း —— ၁၄၈
မြစိမ်းတောင်သိုက်ရဲ့ လက်ဆောင်
သမုတိ(စိတ်ပညာ) —— ၁၀၈
လေပြည်နေ့ပါလို့ ကပိုကသီ
မြမြလှိုင် —— ၂၃၄
မနှယာမင်း၏ ဥပါဒါန်
သိန်းထွန်းသစ် —— ၂၄၆
ဝါးတောင်မှအပြန်
မောင်မောင်မိုးအောင် —— ၂၈၂



လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို

နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြင်တမ်းဝင် ရုံးပိတ်ရက်များမှအပ)

ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။

စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


ထူးခြားစွာအကျိုးပေးသော ကိန်းဂဏန်းဂုဏ်တော်ဘုရားရှိခိုး
အောင်ကောင်းမြ(သာကေတ) —— ၈၃

ထီနှင့်လာဘ်ကြွယ် ရန်အောင်ဖယ် ကံဆွယ်ဂါထာတော်
မော်တင်သိန်းဇော်ဇ —— ၈၆

ထီပေါက်စေရန် နည်းလမ်းများ
အောင်မြင့်စိုး —— ၈၇

ထီပေါက်မည့်ကိန်းရှိ,မရှိ အဟောလက်ဖြင့်တွက်ကြည့်
ဝင်းဇော်(သုံးဆယ်) —— ၈၉

တစေ့တစောင်း "ထီ"အကြောင်း
မောင်ကောင်းယဉ် —— ၉၁

ငွေတွေမြှုပ်သော် သည်လိုဖော်
တင့်ဝေညီ —— ၉၄

ထီယတြာ
သုတေသီမြင့်ထွန်း —— ၉၅

ကံရှိသူတိုင်း ထီပေါက်နည်း
အောင်ဘုန်းမြင့်(ကချင်မြေ) —— ၉၈






အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွှေ စာပေ
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅


## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


မင်းအဆက်ဆက်တို့၏
ဘုန်းသမ္ဘာတောက်စေရန်အစီအမံများ(၆)
မြန်မာဟိန်းကျော် —— ၁၅၃

တိုင်တန်းနှစ်ဒဏ္ဍာရီထဲက တယော
လှမိုး(ပညာရေး) —— ၁၇၂

ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) —— ၁၈၆


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ —— ၃၂၄


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် —— ၃၁၃


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် —— ၃၂၂




www.burmeseclassic.com

# ငွေကြေးအဆင်ပြေ၍ ထီပေါက်စေပြီး အကျပ်အတည်းမှ ကင်းဝေးပြေလည်စေသော ဂါထာ

၁။ ဣဒ္ဓိဝိသယဉာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဣဒ္ဓိဝိသယဉာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဣဒ္ဓိဝိသယဉာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဒိဗ္ဗစက္ခုဉာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒိဗ္ဗစက္ခုဉာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒိဗ္ဗစက္ခုဉာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ ဒိဗ္ဗသောတဉာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒိဗ္ဗသောတဉာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒိဗ္ဗသောတဉာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

၄။ မနောမယိဒ္ဓိဉာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
မနောမယိဒ္ဓိဉာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
မနောမယိဒ္ဓိဉာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

၅။ ပုဗ္ဗေနိဝါသဉာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ပုဗ္ဗေနိဝါသဉာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ပုဗ္ဗေနိဝါသဉာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

၆။ အာသဝက္ခယဉာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အာသဝက္ခယဉာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အာသဝက္ခယဉာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

**ဂါထာရွတ်ပွားပုံ**

ရှေးဦးစွာ ဂါထာ မရွတ်မီ ဘုရားရှိခိုးကန်တော့ရပါမည်။ သီလခံယူရပါမည်။ အနည်းဆုံး ထိုဂါထာကို တစ်နေ့ ကိုးခေါက် ရွတ်ပြီးနောက် အမျှပေးဝေရပါမည်။ အဓိဋ္ဌာန်ဖြင့် ရက်သတ်မှတ်ကာ ကိုးလုံးပုတီးဖြင့် ကိုးပတ်သော်လည်းကောင်း၊ ၂၇ လုံးပုတီးဖြင့် သုံးပတ်သော်လည်းကောင်း စိပ်ရပါမည်။ တစ်မှ ခြောက်အထိ ဂါထာတစ်ပုဒ်လုံးပြီးမှ ပုတီးတစ်လုံးချရပါမည်။ အဓိဋ္ဌာန်ဖြင့်စိပ်ပါက ပို၍လျင်မြန်စွာ အကျိုးပေးကြောင်း သိရှိရပါသည်။ ထီပေါက်၊ ငွေရစေသော ဂါထာဟုလည်း ခေါ်ပါသည်။

ဤဂါထာမှာ အကျဉ်းအကျပ်အားလုံးကို ပြေလည်စေ၍ စီးပွားရေးအဆင်ပြေပြီး ငွေရှင်လာဘ်ဝင်စေသော ဂါထာတစ်ပုဒ် ဖြစ်လေ၏။ လူတိုင်းမှာပင် တစ်စုံတစ်ခုသော အကျပ်အတည်း ရှိတတ်ပါ၏။ ငွေရေးကြေးရေး အကျပ်အတည်း၊ လူမှုရေးအကျပ်အတည်းများ ဖြစ်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အစရေးခံနေရသူများ

### သက်နိုင် (ကြို့ပင်ကောက်)

- မြစ်ကို···
  မှန်သားပြင်လိုငုံ့ကြည့်
  ပီတိတဝေဝေနဲ့ကျေနပ်
  ပန်းရောင်စုံပန်တဲ့ ရွာကလေး···။

- အခုများ···
  (လှိုင်းတွေက
  သရဲသဘက်များလို)
  ကမ်းပါးကိုဖြို ရွာကိုမျိုပေါ့။

- ရိုက်သံ···
  မြစ်ယံတစ်ခုလုံး ဖုံးနေရဲ့။ ။




www.burmeseclassic.com

www.burmeseclassic.com

# ဂါမောက်ကာမ

ဘုန်းရှုံ

- ဆွံ့အသူ တေးချင်းဆို
  နားဝင်ချိုသတဲ့...ကိုနားပင်း။

- အကျိုးတွေ ဇာတ်ဝင်ခန်းကိုဖြင့်
  အကန်းတွေ ရှေ့ရင်သပ်ကာ
  ကြည့်တတ်လေခြင်း။ ။




www.burmeseclassic.com

www.burmeseclassic.com


# သို့

ဝင်းဝေနောင်

● ရှေ့ဘက်မှာဝဲ
နောက်ဘက်လည်း လေကြမ်းဆင်
ကမ်းလည်းမမြင်။

● ခရီးပြင်းရေလယ်တွင်
လှေငယ်ရှင် တွေဝေမလား။

● အခေါင်မရောက်လေနဲ့
ထောင်ချောက်တွေ ဖြတ်ကျော်လွှဲပေါ့
ရဲရင့်ပြတ်သား။ ။




www.burmeseclassic.com

www.burmeseclassic.com

# စာရင်းမသွင်းကြေး

**တိုးကိုကိုဝင်း**


- လူသေမယ့် သေနတ်ထက်
လူတွေရဲ့ပါးစပ်ဟာ ကြောက်မက်ဖွယ်။

- မြင်သမျှတစ်ဆိတ်စာအရှုပ်
ထင်သမျှတစ်အိတ်စာလုပ်
ပုတ်ခတ်အလွယ်။

- မဟုတ်မဟုတ်
လုပ်ဇာတ်တွေအသွယ်သွယ်
ဖလှယ်ဖို့ဝန်မလေး။

- တစ်ဖွဲ့စကား
ချဲ့ကားကြ အရပ်အနယ်နယ်
ခပ်လွယ်လွယ် ခဏလေး။

- မြင်သမျှမမှန်
ထင်သမျှမဟန်ပါဘဲ
ကြံဖန်ကာ ဟုတ်သယောင်နဲ့
အပုပ်ခေါင် အတင်းအဖျင်းတွေကို
(ကျွန်တော်တို့တွေ) စာရင်းမသွင်းကြေး။ ∎




www.burmeseclassic.com

www.burmeseclassic.com

# ယင်နားစာ

မြင့်နိုင်

- ပေးမှ ဖြစ်မှာ...
ပေးမှ အောင်မြင်မှာ...
ပေးမှ အခွင့်အရေးရမှာ...
ပေးမှ သက်သာမှာ...
ပေးမှ မြန်ဆန်မှာ...
ပေးမှ ကြည်ဖြူမှာ...
ပေးမှ ဝင်ဆံ့ထင်ရှား
ဂုဏ်မြင့်မားမှာ...။

- အလှူလို သဘောထား
စားကြ စားကြ
အပြစ်တင် မပြောဘူး
မတိုင် မတောဘူး
ဘယ်သူမှ မပြောဘူးဗျာ။

- ဘာကြောင့်ပဲ ပေးရပေးရ
ဘယ်လိုပဲ ပေးရပေးရ
မသန့်တာတော့ သေချာတယ်။

- မသန့်ရှင်းတဲ့ အစာ "အစား"
ခင်ဗျားစား
ခင်ဗျားမိသားစုစား
အားလုံး ရောဂါပွားပြီမှတ်။ ။




www.burmeseclassic.com

www.burmeseclassic.com

# စကားများ

မောင်စစ်ကြည် (ပန်းတနော်)

- “ရောင့်ရဲပါ” . . . တဲ့
  မရောင့်ရဲသူရဲ့ စကား။

- “အနာခံပါ” . . . တဲ့
  အသာစံသူရဲ့ စကား။

- “သည်းခံပါ” . . . တဲ့
  သည်းမခံနိုင်သူရဲ့ စကား။

- စကားထဲက များ . . .
  အသွားတုံးလို့နေပါလား။ ▮



T.Z.T 2014

www.burmeseclassic.com

www.burmeseclassic.com

# အဘနှင့် သူ၏ဥယျာဉ်ခြံ

ကောမင်းညီ

● စိမ်းစိုစို ပန်းပျိုးအလှတွေနဲ့
အဘရဲ့ ဥယျာဉ်ခြံ၊
သရက်,မာလကာနှင့်
သံပရာ သီဟိုဠ်ရော
တောအုပ်သဏ္ဌာန်။

● ငှက်ကျေးတို့ သီကျူးသံ
မြိုင်တော့ယံ သဘာဝ၊
သက်ကျားအို အားအင်အစွမ်းတွေနဲ့
ထုံမွှမ်းကာ ကဗျာဆန်တော့
တောဟန်တွေကွန့်ကာမြူး
ထူးခြားလှပ။

● ပတ်ဝန်းကျင် ပျက်မသွားဖို့
ကြိုးစားလို့ပြင်ဆင်၊
ဘ,အရွယ်ရင့်ရော်ငြား
ခွန်အားသစ်ဝင်။

● သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့ လူမျိုး၊
မိုးအရွာ မြေစိုခိုက်
အားစိုက်ဖို့ပျိုး။

● ခရမ်းလွန်ရောင်ခြည်ဖြတ်တဲ့
အနာဂတ်မြေကမ္ဘာ၊
သေချာတယ် သစ်ပင်ရှိမှ
စိမ်းမြသာယာ။

● ဘသက်ရှည်စေတနာ
ဗွေဝဏ္ဏာပုံ့စေသား။
မနောဓာတ် ဖြူစင်စွာနဲ့
မြေလွှာခင် အကြင်နာလွှမ်းပါမှ
လန်းရလှုမျှား။ ။




www.burmeseclassic.com

www.burmeseclassic.com

## ရောင်းသည်

**ကမ်လှုံပေး**

◉ မိန်းမပျိုလေး
အစပထမ
ခွန်အားကိုရောင်းတယ်
နောက်
ခန္ဓာကိုရောင်းတယ်
ပြီး . . .
ကုမပျောက်တဲ့ရောဂါ
ယူသွားရှာတယ်။

◉ တောကြီးတွေက
ရောင်းလိုက်ကုန်ပြီ
အခု
တောင်ကြီးတွေနဲ့
မြစ်ကြီးတွေအလှည့်ရောက်ပြီ
ဒါဆို
ရှေ့ကို ဘာဆက်ဖြစ်ကြမလဲ။ ▪




www.burmeseclassic.com

www.burmeseclassic.com

# ငမင်ချောင်း
# ရွှေမုဋ္ဌောမိုးကောင်းစေတီတော်မြတ် နှင့် ဆွမ်းလောင်းပွဲ

**မောင်ရိုးဂုဏ်**




(၁)

အင်းဝခေတ် မြန်မာစာပေလောကတွင် ထင်ရှားသော ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်မဟာသီလဝံသနှင့် ရှင်ခေမာ ရဟန်းပညာရှိလေးပါး ပေါ်ထွန်းရာ တောင်တွင်းကြီးမြို့၏ အရှေ့မြောက်ဘက် တာ ၂၀၀၀ ခန့်အကွာ ငမင်ချောင်း၏ တောင်ဘက်ကမ်းပေါ်တွင် ရွှေမုဋ္ဌောမိုးကောင်းစေတီတော်မြတ် တည်ရှိသည်။ ထိုစေတီကို ပိန္နဲပင်၊ ရွာသာ၊ အောင်းစု၊ ရေပြား ကြက်မောက်၊ ပင်ညွန့် ကျေးရွာခြောက်ရွာတို့က သားစဉ်မြေးဆက် ကိုးကွယ်စောင့်ရှောက်မွမ်းမံပြင်ဆင်ကြသည်။

ဝါခေါင်လပြည့်နေ့တိုင်း ဘုရားဂေါစရဂါမ် နယ်မြေအတွင်းရှိ ကျေးရွာများက ဆွမ်းလောင်းပွဲကျင်းပလေ့ရှိသည်။ ထိုခေတ်အခါက ရွှေမုဋ္ဌောဆွမ်းလောင်းပွဲဆိုလျှင် ဘုရားဝန်းကျင်ရှိ ငမင်အုပ်စုဝင်ကျေးရွာများ၊ အောင်းစုအုပ်စုဝင်ကျေးရွာများ၊ ပန်းသွင်းကြီးအုပ်စုဝင်ကျေးရွာများ၊ လက်ပံပုကျေးရွာအုပ်စုဝင် ကျေးရွာများနှင့် တောင်တွင်းကြီးမြို့ပေါ်ရှိ ကျောင်းများက သံဃာတော်များ ဆွမ်းခံကြွကြသကဲ့သို့ ဥပုသ်ကိုယ်

www.burmeseclassic.com



ဆရာတော်ဦးဓမ္မ သိုက်မောင်းတီး ဆုတောင်းနေစဉ်

များကလည်း အပြိုင်အဆိုင် ဆွမ်းလောင်းကာသိုလ်ယူလေ့ရှိခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၁၃၇၆ ခု၊ ဝါခေါင်လပြည့်နေ့။ နံနက် ၇ နာရီ။


ဆွမ်းလောင်းပွဲကား မစသေး။ လောင်းမှုခံမည့် သံဃာတော်များကား ကြွလာဆဲ၊ ဆွမ်းလောင်းလှူကြမည့် ကျေးလက်သားများကလည်း ဝင်လာမစဲ တဖွဲဖွဲ။ အဘိုး၊ အဘွား၊ ဦးကြီး၊ ဦးလေး၊ ပျို့ပျို့ရွှယ်ရွယ်တို့အပြင် ကလေးမိခင်တို့ကလည်း ကလေးတွဲလဲ၊ ရပ်ဝေးရွာများက လှည်းများဖြင့် လာကြသည်။ ဘုရားပရိဝုဏ်နှင်က ရင်ပြင်တော်ပေါ်တွင် လှုထောင်ပုံ၊ ဖြူနီပြာဝါ မြင်ကွင်းရောင်စုံ အားလုံးထွေးထွေးရှုပ်ရှုပ် လှုပ်လှုပ်ခတ်ခတ်၊ ဆွမ်းတင်ခုံ၊ ဆွမ်းဟင်းတင်ခုံများက စေတီတော်ဝန်းကျင်ဝိုင်းရံပတ်လည်။ ဆွမ်းတင်ခုံများပေါ်တွင် ဆွမ်းအုပ်၊ ဆွမ်းဒန်အိုး၊ ဆွမ်းဇလုံတို့ကား အဆင်သင့်။

(၂)

ဆွမ်းလောင်းပွဲကား စလေပြီ။

ရှေ့ဆုံးက ကြေးစည်၊ နောက်က သိုက်မောင်း။ ထို့နောက်မှ တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတော်နှင့် သံဃာတော်များ။ အလှူခံဖလားထဲ ငွေစက္ကူအလှူငွေများက ဖွေးခနဲ၊ ဖွေးခနဲ။ မြပဟ္မစိုရ်ပန်းတို့ လန်းရွှင်၊ သဒ္ဓါစိမ်းတို့က ငမှင်ချောင်း ရေအလျဉ်နှင့်အပြိုင် တသွင်သွင်စီးဆင်းလျက်။

အသံချဲ့စက်မှ ဗျာသံကြား၊ စာရေးတံမဲနှိုက်ရန်နှင့် ဆွမ်းခံတန်းစီဖို့အတွက် အလှည့်ကျ ဘုန်းကြီးကျောင်းများကို ကြေညာလှူခေါ်ပေးနေသည့်အသံတို့



သိုက်နန်းရှင် ညီအစ်မသုံးဖော် (မြရှင်ငယ်၊ မြထွေးငယ်၊ မြလေးငယ်) နှင့် သိုက်မောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ကလည်း စည်းဝါးမိမိ ထွက်ပေါ်နေသည်။ စာရေးတံမဲကလည်း ဗလာမပါ။ သံဃာတော်တိုင်း၊ ဦးပဉ္စင်း၊ ကိုရင်တိုင်း၊ အနည်းဆုံး စာရေးတံမဲ ကျပ်ငါးထောင်နှင့် အများဆုံး သုံးသောင်းတစ်ထောင်ကျပ် ခံစားခွင့်ရှိသည်။


ကောင်းကင်ထက်က ရာသီဥတုကလည်း ဘုရားကြီး၏ ကုသိုလ်တော်အရှိန်ကြောင့် နေမပူ၊ မိုးမရွာ ကြည်လင်သာယာနေလျက်။ မြူနှင့်ဝေး၊ ဝမ်းချောင်းတံတား တောအုပ်စုစုလေး အတွင်းရှိ တောဘုရားဆွမ်းလောင်းပွဲကလေးသည်ကား စည်ပြောသံတညံ့ညံ့နှင့် ဘဝင်တိုင် လျှံတက်နေပါတော့သည်။ နံနက် ၁၀ နာရီခန့်တွင် ရွှေမုဋ္ဌော မိုးကောင်းစေတီတော်မြတ် ဆွမ်းလောင်းပွဲ ပြီးစီးသွားချေပြီ။

(၃)

ဟိုးယခင်ရှေးနှစ်များက ဆွမ်းလောင်းလှူမည့်ကျေးရွာတွင် သူကြီးနှင့်အဖွဲ့က ဦးဆောင်ကာ ငါးအိမ်တစ်စု၊ မနောလင်ပန်းတစ်ပွဲ၊ အိမ်ပေါက်စေ့ အလှူခံသည်။ မနောလင်ပန်းဆိုသည်မှာ ငှက်ပျောပင် ပင်စည်ဖတ်ဖြင့် စတုရန်းတစ်တောင်ပတ်လည် လင်ပန်းပုံ သဏ္ဌာန် စီမံပြုလုပ်ပြီး မနောခွက်များထဲတွင် ဆွမ်းဟင်းများ ထည့်ရသည်။ မနောခွက်ကိုမူ ငှက်ပျောဖက်ကို တုတ်တံငယ်ဖြင့်သီကာ ပြုလုပ်ရသည်။ ငှက်ပျောခွက်ထဲတွင် ပြောင်းဖူးကြော်၊ မျှစ်ကြော်၊ ဖရုံသီးမှည့်ဟင်း၊ ဝက်သား၊ မျှစ်သုပ် (ရွှေမုဋ္ဌော၊ ရွှေမုဋ္ဌော မျှစ်သုပ် အလွန်ပေါ် ဟူ၍ စာချိုးရှိခဲ့ဖူးသည်) စသည့် ဟင်းကောင်းတစ်ခွက်၊ ဟင်းဆိုးငါးခွက် စီမံရသည်။ ထိုမနောခွက်များကို မနောလင်ပန်းတွင်ထည့်ပြီး မိမိတို့ကျေးရွာအလိုက် ဆွမ်းတော်ကြီးတင်ခုံများကို အပြိုင်အဆိုင် အလှခြယ်ကြသည်။ ထို့နောက် အားလုံးပြီးပြည့်စုံပါက ရှေ့နောက်အိုးစည်၊ ဒိုးပတ်ဝိုင်းများ ခြံရံလျက် မျောက်ရုပ်၊ ဆင်ရုပ်၊ ကျွဲရုပ်၊ လူ့ဝံရုပ်၊ ကရဝိတ်ဖောင် စသည်တို့ဖြင့် ဘုရားဆွမ်းလောင်းပွဲသို့ မိမိတို့ကျေးရွာအလိုက် စည်ကားသိုက်မြိုက် ပျော်ရွှင်စွာသွားကြသည်။ ဘုရားရောက်သောအခါ စေတီတော်မြတ်ကို သုံးပတ်ပတ်ပြီး ဆွမ်းကပ်၊ ဆွမ်းလောင်း ပြုကြသည်။

(၄)

ဆရာတော်ဦးဓမ္မ ခေတ္တအနားယူရာ ကျောင်းသင်္ခမ်းဘက်သို့ ထွက်ခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆရာ




ဆွမ်းလောင်းရန် အဆင်သင့်စောင့်ဆိုင်းနေသူများ



www.burmeseclassic.com

www.burmeseclassic.com



ကျေးလက်လုံမပျိုတို့ ဆွမ်းလောင်းနေပုံ

တော်ကို ဖူးတွေ့ရသည်။ မောင်ရိုးဂုဏ်လည်း ဆရာတော်အား ပျဝပ်ရိုကျိုးစွာ ရှိခိုးကန်တော့ပြီး ရွှေမုဋ္ဌောစေတီတော်မြတ်နှင့် ပတ်သက်၍ မိမိသိလိုသော အချက်များကို မေးမြန်းလျှောက်ထားသည့်အခါ ဆရာတော်က အောက်ပါအတိုင်း မိန့်တော်မူပါသည်။

ဆရာတော်ဦးခေမ္မသည် မူလက တောင်တွင်းကြီးမြို့ထဲရှိ ရန်အောင်မြင်(၁)ကျောင်းတိုက်တွင် သီတင်းသုံးခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ တောင်တွင်းကြီး ငလျင်တွင် ရွှေမုဋ္ဌောစေတီတော်ထီး (အင်္ဂတေထီး) ယိုင်လဲငိုက်ကျခဲ့သည်။ စေတီ၏ အချို့အစိတ်အပိုင်းတို့လည်း ကြေအက်ပျက်စီးခဲ့သည်။ ဤတွင် ဆရာတော်သည် ရန်အောင်မြင်(၁)ကျောင်းတိုက်မှ ရွှေမုဋ္ဌောစေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ပြောင်းရွှေ့ကျောင်းထိုင်ခဲ့သည်။ တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ အင်ဂျင်နီယာ ဦးသန်းအေးတို့ ဦးဆောင်ကူညီမှုဖြင့် ရွှေမုဋ္ဌောစေတီတော်ကိုပြန်လည်မွမ်းမံပြင်ဆင်ခဲ့သည်။

၁၃၆၇ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့၊ ၂၀၀၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့။ ဘုရားပန္နက်တင်မင်္ဂလာမကျင်းပမီတစ်ရက် အကြိုနေ့ ညနေ···။

ပိန္နဲပင် ဂေါပကအဖွဲ့နှင့်အတူ ဘုရားအရှေ့ဘက် သပိတ်တော်၊ ပလ္လင်တော်အပျက်အနီး မဏ္ဍပ်ထဲတွင် ပန္နက်ရိုက်အစီအစဉ်များကို ဆွေးနွေးတိုင်ပင်နေကြစဉ် သပိတ်အပျက်အုတ်ပုံထဲမှ မြွေတစ်ကောင်ထွက်လာပြီး ဂေါပကအတွင်းရေးမှူး ဦးတင်းဝင်းရှေ့နားတွင် ခေတ္တရပ်၊ ထိုမှ စေတီအရှေ့မြောက်ဘက် ထွက်သွား၊ ဆရာတော်ဦးခေမ္မက နောက်ကလိုက်သွားစဉ် ဆရာတော်ရှေ့မှာပင် ရုတ်ချည်းပျောက်သွားသည်။ ဆရာတော်၏ ခေါင်းထဲသို့ မူလကတွေးထင်မထားသော အသိတစ်ချက် လျှပ်တစ်ပြက်ဝင်လာသည်။ မြွေပျောက်သွားသည့်နေရာမှာ ကန်တော့ပွဲတစ်ပွဲပေးပြီး ယာယီသိုက်နန်းဆောင်တစ်ဆောင် ဆောက်ရန် စိတ်ကူးပေါ်လာသည်။ ဤသို့ဖြင့် စေတီ၏ အရှေ့မြောက်ထောင့်တွင် သာမန်ဇယော်ဇယ အဆောက်အအုံလေးဖြင့် ကန်တော့ပွဲတစ်ပွဲပေးခဲ့ရာ မြို့နယ်မယာဥက္ကဋ္ဌ ဦးခင်မောင်ဦး၏ ဇနီးဖြစ်သူ ဒေါ်ခင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

မာအား သူတို့နေရန် သိုက်နန်းမှာ စုတ်ချာနေကြောင်း၊ သည့်ထက်ကောင်းမွန်သော သိုက်နန်းကို ဆောက်ပေးစေလိုကြောင်း၊ သိုက်နန်းရှင်မှာ တစ်ဦးတည်း မဟုတ်တဲ့ ညီအစ်မသုံးဖော်ဖြစ်ကြောင်း၊ ကန်တော့ပွဲသုံးပွဲ ပေးစေလိုကြောင်း အိပ်မက်ပေးခဲ့သည်။ ညီအစ်မသုံးဖော်တို့၏ အမည်တို့မှာ မြရှင်ငယ်၊ မြထွေးငယ်၊ မြလေးငယ်တို့ ဖြစ်ကြောင်းကိုလည်း နောင်တွင် ဒေါ်ခင်ဝင်းမာတို့ထံမှ ထပ်ဆင့်သိရပြန်သည်။

သိုက်နန်းကို အုတ်တိုက်အဆောက်အဦဖြင့် ခိုင်ခိုင်ခံ့ခံ့ဆောက်ပြီး အဆောက်အဦထဲတွင် ငါးပိသာလေးပြီး နှစ်သိန်းကျော်တန်ဖိုးရှိသည့် ကြေးမောင်းကြီးတစ်လုံးကို ချိတ်ဆွဲထားသည်။ ဆရာတော်သည် ရွှေမုဋ္ဌောစေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရေးနှင့် ပတ်သက်၍ အခက်အခဲကြုံလာတိုင်း သိုက်နန်းတွင် ဝင်ကာ မေတ္တာပို့ မောင်းတီးဆုတောင်းလေ့ရှိသည်။

ဆရာတော်က -

"ဒကာကြီးလည်း လောကဓာတ်သိပ္ပံပညာတွေ သင်ထားတဲ့သူ၊ ဦးပဥ္စင်းကလည်း ဘွဲ့ရပညာတတ်တစ်ဦးပါ။ ယုံနိုင်စရာမရှိဘူး။ ဂမ္ဘီရသဘောတွေလား၊ တိုက်ဆိုင်မှုတွေပဲလား ဦးပဥ္စင်းတော့ မဝေခွဲတတ်ဘူး။ ဒါမှမဟုတ် ဒီစေတီတော်မြတ်နဲ့ သိုက်နန်းရှင် ညီအစ်မ၊ ဦးပဥ္စင်းတို့က ပဋ္ဌာန်းဆက်တွေလို့ ဆိုရလေမလား။ ဦးပဥ္စင်းက ၅၁ သိန်းခွဲ ထီးတော်နဲ့ စိန်ဖူးတော်တင်ချင်တယ်။ ဆီရှိမှ မီးတောက်၊ အမိုရှိမှ ပြီးမြောက်ဆိုသလို မယကာဥက္ကဋ္ဌတို့ဇနီးမောင်နှံရဲ့ အကူအညီနဲ့ ဒီဘုရားရောက်လို့ ၁၀ လအတွင်း ထီးတော်တင်နိုင်ခဲ့တယ်။ မှတ်မှတ်ရရ ၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ ၂ ရက်မှာပေါ့။ နောက်တစ်ခု မူလမုဋ္ဌောကန်အပြင် ဒုတိယရေကန်တစ်ကန် ငါးနှစ်အတွင်း ပြီးရမယ်လို့ လျာထားတာ။ လေ့ကျင့်ရေး(၇)နဲ့ ကပစတပ်က မြေတူးစက်တွေနဲ့ တူးလိုက်တာ ငါးရက်နဲ့ အတော်အတန်ပြီးစီးသွားတယ်။ နောက်တစ်ခုက ရင်ပြင်တော်ကို ကြွေပြားခင်းဖို့ မဟာရံတံတိုင်းကာဖို့ သိန်းနှစ်ရာ ငွေလိုအပ်နေတာနဲ့ သိုက်နန်းထဲဝင်၊ မေတ္တာပို့၊ မောင်းထု၊ ဆုတောင်း၊ သိန်း ၁၀၀ လှူဒါန်းမယ့် ရန်ကုန်က အလှူရှင်ပေါ်လာတယ်။ နောက်ဆုံး သိုက်နန်းထဲက လက်ရှိကြေးမောင်းက သုံးတာကြာတော့ အက်ကွဲသံပါနေတယ်။ ဒါနဲ့ပဲ မောင်းတီးဆုတောင်း၊ မကြာခင် ရန်ကုန်ရောက်နေတဲ့ မယကာဥက္ကဋ္ဌ ဦးခင်မောင်ဦးတို့ ဇနီးမောင်နှံကပဲ မောင်းသစ်ဝယ်ဖို့ ငွေကျပ်သုံးသိန်း လှမ်းလှူတယ်။ ဘာပဲဖြစ်ဖြစ် ဦးပဥ္စင်းကတော့ ဒီလိုတောခေါင်ခေါင်၊ ချောင်ကြိုချောင်ကြားက စေတီတော်ကို အုတ်၊ ဘိလပ်မြေထုံးသင်္ကန်းကနေပြီး အခုလို ရွှေထီးတော်၊ စိန်ဖူးတော်နဲ့ ရွှေသင်္ကန်းကပ်ခွင့်ရပြီး နှစ်စဉ်ဆွမ်းလောင်းပွဲတွေ၊ ဆွမ်းဆန်စိမ်းလောင်းပွဲတွေကို စည်စည်ကားကား ခမ်းခမ်းနားနား ကျင်းပခွင့်ရတာကိုတော့ ဦးပဥ္စင်း ပီတိဖြစ်မိပါတယ်။ ကာယအား၊ ဒါနအား၊ သဒ္ဓါအားတွေနဲ့ ဝိုင်းဝန်းကူညီကြတဲ့ စေတီဝန်းကျင်ကကျေးရွာအုပ်စုများကိုလည်း သာဓုအနုမောဒနာ ခေါ်ပါတယ် ဒကာကြီး"

ဟု မိန့်တော်မူခဲ့သည်။

(၅)

မောင်ရိုးဂုဏ်တို့လည်း ဆရာတော်ဦးဓမ္မကို ဝတ်ပြုနှုတ်ဆက်ပြီး ရွှေမုဋ္ဌောပရဝဏ်အတွင်းမှ ထွက်လာခဲ့ကြတော့ မိုးက တဖွဲဖွဲရွာကျလာသည်။ ကောင်းကင်ထက်မှ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါအပေါင်းက ဆရာတော်ဦးဓမ္မနှင့် ကျေးရွာအုပ်စု၊ ဒကာ၊ ဒကာမများ၊ ဂေါပကအဖွဲ့ဝင်များ စုပေါင်းကျင်းပသော ရွှေမုဋ္ဌောမိုးကောင်းစေတီမြတ်၏ ဆွမ်းလောင်းပွဲကို ရွှေမိုး၊ ငွေမိုး၊ ပုလဲမိုးတို့ ရွာသွန်းဖြိုးကာ ကောင်းချီးဩဘာ ထောမနာပြုကြလေသည်ထင့်။

ကျောင်းဝင်းအတွင်း စေတီတော်မှ ဆည်းလည်းသံသာတို့သည် ဓမ္မတေးကို ကျူးရင့်လျက် ဝေ့ဝဲလွင့်ပျံ့ ကျန်ရစ်ခဲ့လေသတည်း။

● မောင်ရိုးဂုဏ်

(ရွှေမုဋ္ဌော မိုးကောင်းစေတီတော်မြတ် ဘက်စုံမွမ်းမံပြင်ဆင်ရေးနှင့် ပတ်သက်၍ အချက်အလက်များကို မိန့်ကြားပေးတော်မူသော ဆရာတော်ဦးဓမ္မနှင့် ရေးအတိတ်က ဆွမ်းလောင်းပွဲအကြောင်းကို ရှင်းလင်းပြောပြခဲ့ကြသော ဆရာမင်းညွန့်နွယ်(တောင်တွင်းရွှေပြည်)နှင့် ရွာသား၊ ပိန္နဲပင်မှ မိတ်ဆွေများကို အထူးကျေးဇူးတင်ရှိပါကြောင်း)

www.burmeseclassic.com



# ဆယ်တော်မူမြတ်စွာဘုရား

■မော်တင်သိန်းဇော်ဇ

ဖူးမြော်ကြည်ညိုရအပ်သော မြတ်စွာဘုရား ရုပ်ပွားတော်မြတ်မှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်မြတ်ရှိ အဂ္ဂိထောင့်အနီးနား၌ တည်ထား ပူဇော် ကိန်းဝပ်နေတော်မူအပ်သည့် 'ဆယ်တော်မူ၊ မြတ်စွာဘုရား ရုပ်ပွားတော်မြတ်' ဖြစ်ပါသည်။ 'ဆယ်တော်မူ၊ မြတ်စွာဘုရားရှင် ရုပ်ပွားတော်မြတ်'၌ နံနက်၊ နေ့လယ်၊ ညပိုင်းဟူ၍ အချိန်မလပ်တမ်းပင်ဆိုသလို 'ဖူးမြော်၊ ကြည်ညို၊' ဆုတောင်းသူများ၊ ကန်တော့ပွဲထိုးပူဇော်သူများ၊ ဆုတောင်းအဓိဋ္ဌာန်များ ပြည့်ဝအောင်မြင်၍ ပြန်လည်ကာ အဓိဋ္ဌာန်ဝတ်ဖြည့်၊ ပူဇော်သူများ၊ ဘဝရေးရာ၌ ဒုက္ခ၊ လောဘ၊ အပူမီး၊ အမှုပြဿနာ၊ အကြပ်အတည်း၊ အဆင်းအရဲများနှင့် နစ်မွန်းနေ၍ လာရောက်၊ ဆုတောင်းသူများတို့နှင့် အမြဲတစေပင် စည်ကား၊ ပြည့်ကြပ်နေလေ့ရှိတတ်ပါသည်။ ဘုရားဖူးသူတော်စင်များလည်း အစဉ်အမြဲ မပြတ်ဆိုသလိုပင်၊ ရှိနေတတ်ကြပါသည်။

'ဆယ်တော်မူမြတ်စွာဘုရားရှင် ရုပ်ပွားတော်မြတ်မှာ' ပကာတိ ဖူးတွေ့၊ ရှိခိုး၊ ကြည်ညိုကြရသည့်အတိုင်းပင်၊ 'ရာဇာပတိမုနိ' ရှင်ပုံတော်၊ အသွင်မြတ်တော်ထူးရှိကာ၊ အထူးတလည်၊ သပ္ပါယ်တော်မူ၍ ကြည်ညိုဖွယ် အလွန်ကောင်းလှသလို၊ ဝေနေယျအများသတ္တဝါတို့အား၊ လောကီ၊ လောကုတ္တရာ၊ သံသရာဘေးဒုက္ခဆိုးများတို့မှ ကယ်ဆယ်တော်မူအပ်မည့် 'ဘွဲ့မြတ်တော်ထူး'လည်း တည်ရှိ ပွင့်ပေါက်တော်မူသည့် 'ထူးကဲသော တန်ခိုးကြီးဆုတောင်းပြည့် မြတ်စွာဘုရား၊ ရုပ်ပွားတော်မြတ်တစ်ဆူ' ဖြစ်ပါသည်။ 'အဂ္ဂိဂြိုဟ်နံတော် စနေဂြိုဟ်နံတော်၊ ကြာသပတေးဂြိုဟ်နံတော်'များ၊ ကိန်းဝပ်တော်မူပါသည်။

ကျမ်းကြီးမြတ်လာတို့၌ 'မြတ်စွာဘုရားရှင်တော်မြတ်'အား ပူဇော်ကိုးကွယ်ကြသည်၊ ယုံကြည်၊ ကြည်ညို အားထားကြသူများတို့ အနေနှင့် –

၁။ ဘဝတိုင်းမှာ၊ ပူဇော်ခံရခြင်း။

၂။ အကြံဉာဏ်၊ ပညာ၊ ထက်မြက်၊ လျှင်မြန်ခြင်း။

၃။ နက်မြတ်၊ နတ်ကောင်း၊ နတ်အပေါင်းတို့ ချစ်ခင်ခြင်း။

၄။ တိုင်းတား နိုင်းစာမရအောင်၊ စည်းစိမ်၊ ချမ်းသာရရှိပိုင်ဆိုင်ခြင်း။

၅။ ရုပ်ရည်၊ အဆင်း၊ ကျော့ရှင်း၊ လှပ၊ တင့်တယ်ခြင်း။

၆။ လူအများ၊ လေးစား၊ ချစ်ခင်ခြင်း။

၇။ မိတ်ကောင်း၊ ဆွေကောင်း၊ ပေါင်းမိ၊ ခိုင်မြဲခြင်း။

၈။ ဂုဏ်သတင်း ပျံ့နှံ့၊ ကျော်စောခြင်း။

စသည့် ထူးကဲကြီးမြတ်၊ မြင့်မားစွာသော 'ဗုဒ္ဓနုဿတိအကျိုးကြီး (ရှစ်)မျိုးကို' ရရှိခံစားရနိုင်ကြကြောင်းကို အထင်ကရပင်၊ ဖွင့်ဆိုထားပါ၍ 'ရုပ်ပုံတော်၊ အသွင်မြတ်တော်ထူး'နှင့် 'ဘွဲ့ပညတ်မြတ်တော်ထူးများ'၊ ကိန်းဝပ် တည်ရှိတော်မူအပ်သော တင်ပြပါ 'ဆယ်တော်မူ၊ ဆုတောင်းပြည့် မြတ်စွာဘုရားရှင်တော်မြတ်ရုပ်ပွားတော်မြတ်'ကို ကြည်ညိုပူဇော် ဝတ်ပြုနိုင်ကြရန် ဓမ္မဒါနအဖြစ် ရိုကျိုးပူဇော်၍ တင်ပြအပ်ပါသည်။ အများသူငါ ပူဇော်၊ ကပ်လှူကြပါက၊ လှူဖွယ်ဝတ္ထုပစ္စည်းအစုံအလင်တို့နှင့်အတူ 'ကက်ကင်းသဘော'အဖြစ် 'ဆီထမင်းဆွမ်းတော်မြတ်'ကိုလည်း လှူဒါန်းကပ်လှူပူဇော်ပြီး 'ဆုတောင်းပြည့်'ရပါစေကြောင်းကို တောင်းဆုချွေနိုင်ကြပါသည်။ (မှတ်ချက် = ဆီထမင်း၊ ဆုတောင်းပြည့် အဂ္ဂိ၊ စနေ၊ ကြာသပတေး ဂြိုဟ်နံများ ကက်ကင်းဖြစ်သည့်အပြင် 'ဆီထမင်း'အနေနှင့်၊ 'ဝင်းဝါသောအရောင်အဆင်း' ပသာဒထူး၊ စားသောက်လိုက်က 'စိုစွတ်ချောမွေ့ကာ'အရသာရှိ၍ မင်္ဂလာ၊ ကျက်သရေရှိပါသည်။)''

မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားရုပ်ပွားတော်များကို
# မုတ်ဆိတ်ကျင်စွယ်ထည့်၍ ကိုးကွယ်မှု



**သက်နှင်းစံ**

**မနုဖြူညောင်ချောင်းဆရာတော်ဘုရားကြီး၏**
**ကေသမသုဝိနစ္ဆယမူလ အနုဋီကာရှိ ပုံတော်**

သက္ကရာဇ် ၁၂၆၉ ခုနှစ်၊ ဂြ ဂုလ (အေဒီ ၁၉၀၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း) လယ်တီဆရာတော်ကြီးအား မနုဖြူမြို့မှ ပင့်ဆောင်သည့်အတွက် နောက်ပါသံဃာများ ခြံရံလျက် မနုဖြူမြို့သို့ သင်္ဘောစီးနင်း၍ ကြွတော်မူခဲ့ပါသည်။ မနုဖြူမြို့သို့ရောက်လျှင် ကမ်းနားမဏ္ဍပ်ကြီး၌ ညတရားပွဲကျင်းပရာ မနုဖြူမြို့ မဟာဂန္ဓာရုံတိုက်မှ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် တိုက်သံဃာများ တရားပွဲသို့ကြွရောက်၍ နာယူခဲ့ကြပါသည်။ ထိုစဉ်က ကျောင်းသားအဖြစ်အတူလိုက်ပါလာသော ဒါယကာဦးဘာသန်းက မိမိကိုယ်တွေ့တို့ကို အောက်ပါအတိုင်း မှတ်တမ်းတင် ရေးသားတော်မူပါသည်။

ဇင်းအချိန်က တစ်နိုင်ငံလုံးကို ပလိပ်ရောဂါက ခြိမ်းခြောက်နေသောအခါဖြစ်၍ လယ်တီဆရာတော်ကြီးသည် ပရိတ်သတ်များအား တရားမဟောမီ သရဏဂုံကို ဆောက်တည်စေပြီးနောက် သရဏဂုံအင်းချထားသော လက်ဖွဲ့များကို ပေးသနားတော်မူသဖြင့် စာရေးသူလည်း

www.burmeseclassic.com

လက်ဖွဲ့တစ်ခုရရှိခဲ့ရာ အန္တရာယ်ကင်းတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် အလွန်အားတက်ခဲ့ဖူးပါသည်။

ကျေးဇူးရှင်ဖြစ်သော ကျွဲနွားများ၏ အသားကို မစားကြရန် ဟောတော်မူသည်ကို မှတ်မိပါသည်။ ငါတို့ပေးထားတဲ့ အန္တရာယ်ကင်းလက်ဖွဲ့ကို ရရှိထားတဲ့ ပုဂ္ဂိုလ်မှန်သမျှ "အမဲသားမစားတော့ပါဘူး"လို့ ဝန်ခံပြီး အမဲသားလှူကြရမည့်ကြောင်းကို မိန့်တော်မူသောအခါ သူ့ထက်ငါ တက်တက်ကြွကြွ အမဲသားလှူကြသည်ကိုလည်း ဒိဋ္ဌတွေ့မြင်ခဲ့ရပါသည်။

အသက်ရှည်ရာ၊ အနာမဲ့ကြောင်း ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ စကားနာ၍ အစရှိသော ဆုံးမစာအရ ဆရာမိဘတို့က တပည့်သားများ အသက်ရှည်ကြောင်း၊ အနာကင်းကြောင်း နည်းလမ်းကောင်းများကို ညွှန်ကြားပေးရကြောင်း၊ ကျန်းမာရေးနှင့်ပြည့်စုံမှသာ မဂ်ဖိုလ်ရကြောင်း တရားကောင်းများကို ကြိုးစားနိုင်မည်ဖြစ်၍ မြတ်စွာဘုရားကိုယ်တော်တိုင် အသက်ရှည်ကြောင်းတရား ငါးပါးကို ဟောတော်မူခဲ့ကြောင်း အာရောဂျ ပရမံလာဘံ ကျန်းမာခြင်းရောဂါကင်းခြင်းသည် အမြတ်ဆုံးလာဘ်ဖြစ်သည်ဟူသော တရားမှာလည်း ဘုရားဟောဒေသနာပင်ဖြစ်ကြောင်း၊ အကျယ်တဝင့် ဟောတော်မူသည်ကို နာယူခဲ့ရပါသည်။

သံသရာရေး၊ ပစ္စုပ္ပန်ရေးရှိရာတွင် မိမိတို့စွမ်းနိုင်ရာကနေ၍ အကျိုးရှိအောင် ဆောင်ရွက်ပေးတော်မူကြသော ဆရာသမားများအား၊ သူကပစ္စုပ္ပန်ဆရာပဲ စသည်ဖြင့် အပြစ်မပြောမိဖို့ အရေးကြီးကြောင်း၊ ဆရာဆိုသည်မှာ သူ့နေရာနှင့်သူ ကောင်းကျိုးဆောင်သဖြင့် ကျေးဇူးရှင်များပင်ဖြစ်ကြောင်း စသည်တို့ကိုလည်း ထည့်သွင်းဟောပြတော်မူပါသည်။ စာရေးသူမှာ ငယ်ရွယ်သူဖြစ်၍ အားလုံးမမှတ်မိတော့ပါ။ ကျန်းမာရေးနှင့် စပ်လျဉ်းသော တရားတွေကား အများကြီး ကျန်သေးသည်ဟူ၍ ဖြစ်သည်။

တစ်ဖန် ဓမ္မကထိကအကျော် ဝိသုဒ္ဓါရုံအရှင်ပညိန္ဒလောင်းလျာသည် ထိုစဉ်အခါက ဓနုဖြူမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၌ ကျောင်းသားအဖြစ်နှင့် ရှိနေပြန်ရာ ထိုအရှင်ဦးပညိန္ဒ၏ လယ်တီဆရာတော်ကြီး၏ ဓနုဖြူတရားပွဲ ကိုယ်တွေ့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ၁၂၆၉ ခုနှစ် ဓနုဖြူမြို့သို့ တရားစည်ကြီး ရိုက်တီးတော်မူရန်အတွက် ပင့်လျှောက်ချက်အရ ကြွတော်မူလာတဲ့အခါ ဦးပဥ္စင်းကိုယ်တိုင် ကျောင်းသားအဖြစ်နှင့် ငါးညပတ်လုံး တရားနာလိုက်ခဲ့ဖူးတယ်။

ပထမညတွင် ဓမ္မသင်္ဂဏီပါဠိတော်၏ အစဆုံးဖြစ်တဲ့ 'ကုသလဓမ္မာ'ကို အမျိုးမျိုးဝေဖန်၍ ဟောတော်မူရာ ထိုညအတွက် ကုသလဓမ္မာတစ်ပုဒ်နှင့်ပင် တရားပွဲအဆုံးသတ်တော်မူတယ်။ ဒုတိယညတွင် 'အကုသလာဓမ္မာ' တစ်ပုဒ်နှင့်ပင် တရားပွဲအဆုံးသတ်တော်မူတယ်။ တတိယညတွင် 'အဗျာကတာဓမ္မာ'တစ်ပုဒ်နှင့်ပင် တရားပွဲ အဆုံးသတ်တော်မူတယ်။ ထိုစဉ်အခါက မှတ်သားခဲ့ဖူးတဲ့ တရားဟောပုံ အချက်အလက်ကို နောင်ရဟန်းအဖြစ်သို့ရောက်၍ နောက်ကြောင်းကို ပြန်တွေးပြီး တရေးရေး စဉ်းစားကြည့်တဲ့အခါ 'ကုသလဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ'တစ်ပုဒ်စီကို မူတည်ပြီးလျှင် ဇာတိဉာဏ်ဖြင့် ခွဲစိတ်၍ အမျိုးမျိုး ချဲ့ထွင်ဟောတော်မူခြင်းသည် ကြားနာရသူများ နည်းရသဖြင့် ဉာဏ်ကြီးခြင်း၏အကြောင်းနှင့် ဒေသနာတော်၏ဆန်းကြယ်ပုံကို အကုန်မကျန် ဝေဖန်ခွဲစိတ်၍ သိမြင်ရခြင်း၏ အခြေခံဖြစ်ပေတယ်လို့ ကြံတွေးပြီး ကျေးဇူးရှင်လယ်တီဆ ရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များကို စဉ်းစား၍ မကုန်နိုင်အောင် အပုံကြီးတွေတောမိပေတယ်ဟု ဖြစ်ပါသည်။

## နှုတ်ခမ်းမွေး ဆရာတော် ဦးဉာဏဝံသ

လယ်တီဆရာတော်ကြီးသည် ဓနုဖြူမြို့၌ သီတင်းသုံးနေတော်မူစဉ် ဆကာကြီးအရပ်မှ ပင့်ဆောင်သောကြောင့် ကြွတော်မူရပါသည်။ ဆကာကြီးသို့ရောက်လျှင် လယ်တီဆရာတော်ကြီးနှင့်အတူ နောက်တော်မူပါလာသော အရှင်ပဏ္ဍိတကိုယ်တော်သည် ညောင်ချောင်းရွာသို့ ကြွသွားပြီး ဒွါရနိကာယတွင် စာပေပရိယတ်အရပ်၌



www.burmeseclassic.com

www.burmeseclassic.com

အလွန်နာမည်ကျော်စောသော ညောင်ချောင်းဆရာတော်ကြီး ဦးဉာဏဝံသကို ဖူးမြော်ဝတ်ပြုခဲ့ပါသည်။

ဤသို့ လယ်တီပဏ္ဍိတကိုယ်တော်၏ သတင်းစကားဖြင့် ညောင်ချောင်းဆရာတော်မှာ လယ်တီဆရာတော်ကြီး မိမိတို့အရပ်သို့ ကြွလာကြောင်းကိုသိ၍ လယ်တီပဏ္ဍိတအပြန် လယ်တီဆရာတော်ကြီးအား ဦးခိုက်ရန် လိုက်ပါလာခဲ့ပါသည်။ ဆရာတော်ဦးဉာဏဝံသသည် စာပေပရိယတ်အရာ၌ နှံ့စပ်ကျွမ်းကျင်လှပြီး အကျင့်သီလဖက်၌လည်း စံပြဖြစ်တော်မူပါသည်။

အထူးအားဖြင့် အောက်နိုင်ငံတစ်လွှား ဒွါရနိကာယတွင် ညောင်ချောင်းဆရာတော် အရှင်ဉာဏဝံသည် ဘာသန္တရဝိဒူမမွသေနာပတိတစ်ဆူ ဖြစ်တော်မူပါသည်။ ညောင်ချောင်းဆရာတော်သည် သိက္ခာတော် (၈)ဝါအရ သက္ကရာဇ် ၁၂၄၉၊ အေဒီ ၁၈၈၇ တွင် အုဂ်ဖိုလ်ဆရာတော်ကြီးနှင့်အတူ သီဟိုဠ်သို့ကြွတော်မူခဲ့ပါသည်။ ပြီးလျှင် သီဟိုဠ်၌နေရစ်ကာ ပါဠိပြကတ သက္ကတစသည့်စာပေတိုက်ကို ၁၀ နှစ်တိုင် ကြာအောင် သင်ယူခဲ့ပါသည်။ ညောင်ချောင်းဆရာတော်သည် သီဟိုဠ်၌ သျာမယာန ယွန်းဂိုဏ်းနှင့်သက်ဆိုင်သော ကျောင်းတွင် သီတင်းသုံးနေထိုင်ခဲ့ရပါသည်။

ထိုဂိုဏ်းဝင် သံဃာတို့သည် မုတ်ဆိတ်ကျင်စွယ်ကို မွေးညှပ်နှင့် မနုတ်ကောင်းဟု အယူရှိ၍ အတန်ရှည်မှ သင်တုန်းဖြင့်ရိတ်လေ့ရှိကြပါသည်။ ထို့ပြင် ဘုရားရှင်လည်း မုတ်ဆိတ်ကျင်စွယ်ရှိသည်ဟု ယူဆလျက်အချို့ ပုဂ္ဂိုလ်တို့က ရုပ်တုဆင်းတုတော်များကို မုတ်ဆိတ်ကျင်စွယ်ထည့်၍ ထုလုပ်ကိုးကွယ်ခဲ့ကြသည်။ ဤသို့ ယွန်းဂိုဏ်းသားတို့၏ ဘုရားဆင်းတုတော်၌ မုတ်ဆိတ်ကျင်စွယ်ထားလျက် ကိုးကွယ်သောအယူကို အရှင်ဉာဏဝံသသည် နှစ်သက်တော်မူခဲ့ပါသည်။

အပဒါန်ပါဠိတော်အဖွင့် အဋ္ဌကထာ၌ ဘုရားရှင်သည် ဆံတော်ပယ်သော ကာလ၌ ဆံတော်လက်နှစ်သစ်ကြွင်းပယ်ဖြတ်တော်မူသကဲ့သို့ မသုခေါ် မုတ်ဆိတ်ကျင်စွယ်ကိုလည်း ဆံတော်နှင့်ညီစွာ ထားတော်မူသောကြောင့် ဖွင့်ဆိုထားရာ ထိုအဋ္ဌကထာ အယူအတိုင်း ဥတ္တမဂ်ဝိနိစ္ဆယအမည် ရှိသောကျမ်းကိုရေး၍ ဘုရားရှင်၏ပုံတော်၌ နှုတ်ခမ်းမွေးပါသင့် ပုံတင်ပြခဲ့လေသည်။ မနုဖြူဆကာကြီး ပြင်ဒရယ် စသောဒေသတို့၌ရှိ ဘုရားဆင်းတုတော်တို့တွင် (အထူးသဖြင့်) မနုဖြူမြို့ ကျိုက်ကလွန်ပွန်စေတီကြီးရှိ ဆင်းတုတော်ကြီးတစ်ဆူတွင် မုတ်ဆိတ်ထည့်တပ်လေရာ ထိုခေတ်က ဘာသာရေးလောက၌ လှုပ်လှုပ်ရွရွ ဖြစ်ခဲ့ရဖူးလေသည်။

ဆရာတော် ဦးဉာဏဝံသသည် လယ်တီဆရာတော်ကြီးထံမှောက် ရောက်သောအခါ သာသနာရေးဆိုင်ရာများ၊ စာပေရေးရာများ စသည် ဟိုအကြောင်းသည်အကြောင်းများကို ဆွေးနွေးလျှောက်ထားပါသည်။ စင်စစ်အားဖြင့် ဦးဉာဏဝံသသည် လယ်တီဆရာတော်ကြီးအား ပရမတ္ထဒီပနီကျမ်းနှင့်စပ်၍ လျှောက်ထားဖွယ်ရာများရှိသည်ဟုလည်း သိရသည်။ သို့ပါသော် လယ်တီဆရာတော်ကြီးက ဦးဉာဏဝံသ လျှောက်ထားဖွယ်ရာများ လျှောက်ထားပြီးသည့်နောက် . . .

ဦးဉာဏဝံသရေးသားသည့် ဥတ္တမဂ်ဝိနိစ္ဆယကျမ်း၌ပါရှိသော မုတ်ဆိတ်ကျင်စွယ်တပ်ထားသည့် ဘုရားပုံကားချပ်ကို မိမိအနီးမှယူပြီးလျှင် "တို့ဘုရားရှင်က ဘယ်လိုပဲကြည်ညိုကြည်ညို အကြည်ညိုခံယူတော်မူပါတယ်။ မောင်ဉာဏဝံသက မုတ်ဆိတ်ကျင်စွယ်နဲ့မှ ကြည်ညိုချင်တယ်ဆိုရင်လည်း တို့ဘုရားရှင်က မုတ်ဆိတ်ကျင်စွယ်နဲ့ အကြည်ညိုခံတော်မူတာပါပဲ"ဟု အချက်ကျကျ မိန့်ဆိုတော်မူခဲ့ပါသည်။ ဤသို့ မိမိ၏ မုတ်ဆိတ်ကျင်ပါ ဘုရားပုံတော်ကိုပြ၍ သာယာပြေပြစ်သော စကားကို လယ်တီဆရာတော်ကြီးအား ညောင်ချောင်းဆရာတော် ဦးဉာဏဝံသအဖို့မှ ဘာမျှစကားမဆိုနိုင်တော့ အသာနှုတ်ဆိတ်၍ ပြန်ကြွခဲ့ရလေသည်။

**သက်နှင်းစံ**

ကိုးကား

ဦးအောင်မွန်(မြတ်ဆုမွန်) ရေးဖွဲ့ပူဇော်သည့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ဘဝဖြစ်တော်စဉ်။



www.burmeseclassic.com


www.burmeseclassic.com

# ကျောက်ဂူတောရဆရာတော် ဦးကုန္ဒာဝရိယ

## ၏

# ဆောင် - ရှောင် - သုခမေမွှရသများ

## ကျော်ဇေယတိန်း(နံ့သာ)




ရာဂကင်းကွာ ပီတိဖြာ ဗုဒ္ဓါနုဿတိ၊

သုခချမ်းသာ ကျိုးနွံလာ ဗုဒ္ဓါနုဿတိ၊

ရှိသေများစွာ ကျိုးနွံလာ ဗုဒ္ဓါနုဿတိ၊

သဒ္ဓါပညာ ပြန့်ပြောလာ ဗုဒ္ဓါနုဿတိ၊

ကြောက်ရွံ့ဆင်းရဲကွာ ဗုဒ္ဓါနုဿတိ၊

စေတီထိုက်လာ ကိုယ့်ခန္ဓ ဗုဒ္ဓါနုဿတိ၊

ရှက်ကြောက်တည်လာ သုဂတာ ဗုဒ္ဓါနုဿတိ၊

နိဗ္ဗာန်ရဏကင်းကွာ ဗုဒ္ဓါနုဿတိ၊


နက်နဲလွန်းတာ များလွန်းတာ ဗုဒ္ဓါနုဿတိ၊

**ပုထုဇနော ဉမ္မတ္တကော**–ပုထုဇဉ် ရူးတယ်၊ အနိစ္စကို မြဲတယ်ထင်၊ ဒုက္ခကို သုခထင်၊ အနတ္တကို အတ္တထင်၊ အသုဘကို သုဘထင်၊ အမှားကြီးကို အမှန်ကြီးထင်၊ အမှားတွေဟူသမျှ အမှန်လုပ်ပေးနိုင်တာ ဝိပဿနာ။

လောကဣ ကိုးကွယ်ရာအစစ်ကား ဗုဒ္ဓ၊ ဓမ္မ၊ သံဃ။

လောကဣ အမွေဆုံးရန့်ကား

www.burmeseclassic.com



သီလ၊ လောက၌ အချမ်းသာဆုံးအရာကား နိဗ္ဗာန်၊ လောက၌ နိဗ္ဗာန်အနီးဆုံးအရာကား ပညာ၊ လောက၌လိုတာ ဝီရိယ၊ လောက၌ အကောင်းဆုံးလက်နက် ခန္တီတရား၊ လောက၌အထက်မြက်ဆုံး မန္တန်ကား သစ္စာ၊ လောကမှာ အပူဆုံးက ကိလေသာ၊ ရာဂ၊ လောကမှာ အကြမ်းဆုံးက ဒေါသ၊ လောကမှာ အဖြင်းထန်ဆုံး မာန်မာန၊ လောကမှာ အလိုအပ်ဆုံးသော တရားကား သတိတရား။

## အမြတ်ဆုံးရတနာသုံးပါး

### ဘုရား၊ တရား၊ သံဃာ။

ဘုရားကိုးကွယ် တန်ခိုးကြွယ်၊ အပါယ်မကျ၊ စိတ်သာချ၊ ယုံသာယုံကြည်ကွယ်။

တရားကိုးကွယ် ပညာကြွယ်၊ အပါယ်မကျ စိတ်သာချ၊ ယုံသာယုံကြည်ကွယ်။

သံဃာကိုးကွယ် စည်းစိမ်ကြွယ် အပါယ်မကျ စိတ်သာချ၊ ယုံသာယုံကြည်ကွယ်။

မိမိလောဘကို ပေးစွန့် ဒါနတရားဖြင့် အနိုင်ယူ၊ မိမိဒေါသကို သီလစောင့် အနိုင်ယူ၊ မိမိမောဟကို ဝိပဿနာပွား၍ အနိုင်ယူ၊ သူတစ်ပါးအပေါ် ယှဉ်ပြိုင်မှုကို မေတ္တာတရားဖြင့် အနိုင်ယူ၊ သူတစ်ပါးအပေါ် နိုင်လိုမှုကို၊ သူတစ်ပါး အပြစ်ပြောလိုမှုကို ကိုယ်ချင်းစာ၍ အနိုင်ယူ။

သည်းခံအောင်မြင်မှုရမည်။

စေတနာကောင်း ကံကောင်း၊ ပေးလှူချမ်းသာမည်။

မပြီးနိုင်သော အလုပ် စားဝတ်နေရေးအလုပ်၊ မဆုံးနိုင်သောခရီး သံသရာ၊ မရှောင်နိုင်သောဘေး အိုနာသေဘေး၊ မအေးတဲ့အပူ ကိလေသာ၊ မသိတာ သေနေ့၊ မပြည့်တာ လောဘ၊ မဝနိုင်တာ အာသာတဏှာ၊ မညှာတာ မသနားတာ သေမင်း၊ နေ့စဉ်ပူ ပုထုဇဉ်၊ နေ့စဉ်အေး အရိယာချမ်းသာ။

ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်၊ လေအသက် ယခုအသက်မရှူ အခုသေမည်။ ဒါကြောင့် မိမိရှူတာ လေကို အာနာပါနကို မိမိ နားကကြားရအောင် ရှူပေး ရှူပေး အလှူပေးထက်မြတ်၊ စိုက်စိုက်စူးစူးရှူ အားသန်ဈာန်ဟခေါ်၊ ရှူတာကျန်းမာရေးဘက်က ကြည့်လည်းကောင်း၊ သမထဘက်ကကြည့်လည်းကောင်း၊ သမာဓိရ၊ ရှူမှတ်လို့ အကုသိုလ်ရပ်၊ ရှူမှတ်လို့ ဝိပဿနာကုသိုလ်တိုး၊ ရှူမှတ်လို့ မဂ်ဖိုလ်မဝေး၊ ရှူမှတ်လို့ မဂ္ဂင်လမ်းပေါ်မှာ ရှူမှတ်နေတာ မဂ္ဂသစ္စာ၊ ရှူမှတ်သူ ငါမမှတ်၊ ရုပ်–နာမ် အနိစ္စမှတ်၊ ပရမတ္ထယောဂီတရား။

## ဓမ္မစေတနာ

ဘဝတိုင်း ဒေါသကြီးလျှင် ဘဝတိုင်း အရုပ်ဆိုး၊ ဘဝတိုင်းမေတ္တာပွား ဘဝတိုင်း ရုပ်ဆင်းလှ၊ မပေးမလှူ ဘဝတိုင်း ဆင်းရဲရ၊ ပေးကမ်းလှူဒါန်း ဘဝတိုင်း ချမ်းသာမည်၊ ဘဝတိုင်း မနာလိုဝန်တို ဖြစ်လေရာ တန်ခိုးအာဏာမရှိ ဘဝတိုင်း မနာလိုမရှိ ကူညီဘိ၊ ဘဝတိုင်း တန်ခိုးဩဇာရှိ။

ဈာန်ရ ဗြဟ္မာပြည်၊ ရုပ်၊ နာမ်သေ နိဗ္ဗာန်ပြည်၊ ကုသိုလ်ရ သုဂတိပြည်၊ အကုသိုလ်ရ ငရဲပြည်၊ သံဝေဂမမွှ၊ ရှင်တာမမြဲ၊ သေတာမြဲ၊ ရှင်မည့်လူနာ ကုနိုင်ကြသည်၊ သေမည့်လူနာ မကုနိုင်၊ ငါတို့ဝိပဿနာ မပွားတာ အို၊နာ၊သေ မမုန်းလို့။

ဗုဒ္ဓဘုရားရှင် လောဘမရှိ၊ လာဘ်လာဘပစ္စည်း အမျိုးမျိုး ပြည့်စုံ၊ ငါတို့က လောဘရှိ၊ လာဘ်လာဘပစ္စည်းအမျိုးမျိုး မပြည့်စုံ၊

အကောင်းဆုံးအစားကား လျှော့စားခြင်း၊ အကောင်းဆုံးစားသောက်စရာ ဆန်ပြုတ်နှင့်သား၊ ဆန်ပြုတ်ယာဂုစားသုံးသူတို့ အသက်ရှည်၊ ရောဂါနည်း၊ အစားကြီးသူ အသေမြန်၊ အကောင်းဆုံးစကား မှန်သောပြောခြင်း သစ္စာ။

နှမြောသူတို့ကို ပေးကမ်းပြီး အောင်ရာ၏၊ ဒေါသကြီးသူကို မေတ္တာဖြင့် အောင်နိုင်ရာ၏၊ ဆဲဆိုပြောသူတို့ကို သည်းခံ၍ အောင်ရာ၏၊ လိမ်ပြောသူကို မှန်သောစကားဖြင့် အောင်ရာ၏၊ ပညာမသိ လူမိုက်ကို ပညာဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အောင်ရာ၏။ ယုတ်မာသူတို့ကို မြင့်မြတ်ခွင့်လွှတ်ခြင်းဖြင့် အောင်ရာ၏။

ပူပန်ရတဲ့ကိလေသာကို ဝိပဿနာဖြင့် အောင်ရာ၏၊ မာန,ရာဂ, တဏှာကို အသုဘ မရဏာနုဿတိ၊ ဘာဝနာဝိပဿနာဖြင့် အောင်နိုင်ရာ၏၊ အပါယ်ပို့တဲ့ ဥပါဒါန်တရားတို့ကို ရုပ်၊ နာမ် အနိစ္စရုပ်နာမ် ဒုက္ခပွား၍ အောင်ရာ၏၊

ဆောင်၊ ရှောင်၊ သုခ၊

မဆောင်၊ မရှောင်၊ ဒုက္ခ။

**ဝိပဿနာ**သည် ...မိန်းမ၊ ယောကျ်ား ဝိပဿနာပွားသူတို့ကို ကိလေသာစင်ကြယ်စေတော့သည်၊ ကိလေသာစင်ကြယ်မှ နိဝရဏာဝမ္မငြိမ်း၊ နိဝရဏာငြိမ်းမှ ဝိပဿနာပညာဖြစ်တော့သည်။ မိန်းမယောကျ်ားသုဿာန်ဆုံး။ ရုပ်နာမ်အနိစ္စ နိဗ္ဗာန်ဆုံး။ ဝိပဿနာမေ့ သုဿာန်ခန္ဓာရှိ ဒုက္ခရှိ၊ ခန္ဓာမရှိ၊ ဒုက္ခမရှိ။

## အဘယ်ကဲ့သို့ နိဗ္ဗာန်ရကျင့်ရမည်နည်း

သေတဲ့လူသေကဲ့သို့ကျင့်၊ မလှုပ်, မကုတ်,မပြင် အနတ္တဆိုက်အောင်။

ကန်းသောသူတူစွာကျင့်၊ ကြည့်လျှင် ပဋိစ္စဆက်မည်။

ပင်းသူကဲ့သို့ကျင့်၊ နားထောင်လျှင် လောဘ၊ ဒေါသ ပါတတ်။

ဤသို့ စွမ်းနိုင်သမျှ ငါးမျိုးပွား၊ လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ စား။

လောကဓံရဲ့ဒဏ် ခံနိုင်တယ်။ သမာသမတ်ကို မွေးနိုင်တယ်၊ ကိလေသာကို အောင်နိုင်တယ်။ စိုးရိမ်မှုကို ပယ်နိုင်တယ်၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရနိုင်တယ်။

**သမုဒယသစ္စာက လောကရောက်၊ မဂ္ဂသစ္စာက လောကပျောက်။**

သမုဒယ သစ္စာက ဒုက္ခရောက်၊ မဂ္ဂသစ္စာက ဒုက္ခပျောက်။

ဆိတ်ငြိမ်ရာသို့ ချဉ်း၊ သစ်ပင်ရင်း တင်ပျဉ်ခွေထိုင်ကာ ဝင်လေထွက်လေ ရုပ်နာမ် အနိစ္စပွါး ဝိပဿနာတရား။

အနိစ္စတရား ဒုက္ခတရား အနတ္တတရား၊ ကာလသုံးပါး မှန်တဲ့တရား ဗုဒ္ဓဂေါတမ၊ ဟောကြား ဖြစ်ပျက်ဆုံး၊ နိဗ္ဗာန်အမြတ်ဆုံး။

ဥပမာ ငါတရားထိုင်မည်။ ငါ့စိတ် ငါအစိုးရသည်၊ ငါ့စိတ်ဘေးစိတ်အဝင်မခံ။ ငါ့ခန္ဓာ၊ ငါညွှန်တဲ့အတိုင်းဖြစ်ရမည်၊ ငါ့မျက်စိ မှိတ်ခြင်းဖွင့်ခြင်း မပြု။ , ငါ့ခန္ဓာယိုင်ထိုးခြင်းမရှိစေရ၊ ငါ့စိတ် ဟိုရောက်ဒီရောက် မရှိစေရ။ ငါခွင့်မပြု။ ငါ့စိတ် ကြံစည်တွေးတောခြင်း ငါခွင့်မပြု။ ငါ့စိတ်ငါ အစိုးရမည်။ ငါ့ခန္ဓာမှာ ဓမ္မအန္တရာယ် ငါလက်မခံ၊ ငါ့ခန္ဓာရုပ် နာမ်အပေါ်မှာ ချစ်မုန်း ဥပေက္ခာ၊ ငါ့ရုပ်နာမ်အပေါ် လက္ခဏာတင်၍ ပဿထရှု။

## တရားအားထုတ်သည့်အခါ

စိတ်ကလေးကို နှာဝမှာထား ရှုက်၍ရှု၊ ထိတာရုပ်၊ သိတာနာမ်၊ ထိတာမမြဲ သိတာမမြဲ၊ မမြဲတာ အနိစ္စ၊ ထိတိုင်း ထိတိုင်း သိတိုင်းသိတိုင်း ထိတဲ့နေရာကို ရုပ်နာမ်အနိစ္စပွား။

သွားသည့်အခါ၊ စားသည့်အခါ၊ သွားတာမမြဲ၊ စားတာမမြဲ၊ သွားတိုင်းစားတိုင်း ရုပ်နာမ်အနိစ္စပွား။

လျောင်းသည့်အခါ၊ ထိုင်သည့်အခါ၊ ရပ်သည့်အခါ စိတ်ကလေးကို နှာဝမှာထား၊ ထိတိုင်း သိတိုင်း ရုပ်နာမ်အနိစ္စပွား။

## ရေကုသိုလ် (၁၀) ပါး

(၁) ရေဟာ စင်ကြယ်တယ်၊ သန့်ရှင်းတယ်။ ဒါကြောင့် ရေဒါန ဘဝတိုင်းဘဝတိုင်း သန့်ရှင်းစင်ကြယ်မည်။ (၂) ရေဟာ မသိသူမရှိ။ ရေကမ္ဘာဟာ မြေကမ္ဘာထက်များ၊ ဒါကြောင့် ရေဒါနဟာ ရေရှားအရပ် လူမဖြစ်။ (၃) ရေဟာ မိုးရေပေါက်တို့မှ ဖြစ်လာရသည်။ ရေအသက် တစ်မနက်၊ ဒါကြောင့် ရေဒါန အသက်ဒါနတူ ဘဝတိုင်း အသက်ရှည်မည်။ (၄) ရေဟာ အလိုအပ်ဆုံးအရာ၊ ရေဒါနသည် ရွှေမရှိမသေ၊ ရေမရှိသေ။ ရေဒါန အသက် ဒါနမည်၍ အသက်ရှည်။ (၅) ရေဒါနကြောင့် ဘဝတိုင်း ရေမငတ်။ (၆) ရေဒါနကြောင့် အနာရောဂါကင်း။ (၇) လောကမှာ လှပတာ ရေနှင့်မကင်း၊ ရေဒါနသည် ဘဝတိုင်း လှပဦးမည်ဆဲ။ (၈) ရေဒါနကုသိုလ်က ချမ်းချမ်းသာသာဖြစ်၍ ဘဝတိုင်း ဘဝတိုင်း ချမ်းချမ်းသာသာဖြစ်ဦးမည်။ (၉) ရေသုံးဆောင်က ခွန်အား ပြည့်ဝကြသည်။ ဒါကြောင့် ရေဒါနဘဝတိုင်း ခွန်အားပြည့်ဝမည်။ (၁၀) ရေသောက် ဉာဏ်ပညာ ရောက်သည်။ ဒါကြောင့် ဘဝတိုင်း ဉာဏ်ပညာကြီးမားမည်။

ဗုဒ္ဓရှိစဉ် အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းအတွက် ၅၄ ကုဋေ လှူ။ နောက် ... ဗုဒ္ဓမရှိ အသောကမင်းကြီး အသောကကျောင်းတိုက်အတွက် ကုဋေ ၁၀၀ လှူ။ နောက် ဗုဒ္ဓမရှိ သီဟိုဠ်နိုင်ငံ ဒုဋ္ဌဂါမဏိအဘယ



www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးသည် သာသနာအတွက် ကုဋေ ၁၀၀၀ လှူပြီ။ လှေ့ လှော့ မလှူကြ။ စားသမျှ မစင်၊ ထားသမျှ မသေခင်၊ လှူသမျှ ပဒေသာပင်။

## ပန်းလှူရကုသိုလ်

ပန်းလိုလုပ ဘဝရပ်ရည်၊ ခန္ဓာကိုယ်တွင်း သန့်ရှင်းပေသည်၊ နံ့စော်ကင်းလို့ ခံတွင်းမွှေးကြည်၊ ကုသိုလ်ပန်းလှူရအကျိုးတည်း။

ကလျာဏနွယ်ဝင်တို့၊ ကုလပုတ္တတို့ ... ငါတို့ ပြီးခဲ့တဲ့ဘဝများစွာဟာ ဒါနအလှူကောင်းမှု နည်းပါးခဲ့၍ နေ့တိုင်း ရက်တိုင်း လတိုင်းနှစ်တိုင်း မိုးလင်းမိုးချုပ် မိုးလင်းမိုးချုပ် နွေ၊ မိုး၊ ဆောင်း နွေ၊ မိုး၊ ဆောင်း မနေမနား မအားမလပ် အချိန်ပြည့် အလုပ်လုပ်နေကြရတာ၊ အလုပ်လုပ်နေကြရတာ။ ကုသိုလ်ဒါနနည်း၍ တရားခံ မိမိ။

## ယာဂုဒါနအကျိုးငါးပါး

အနာရောဂါကင်းရခြင်း၊ အဆင်းလှပရခြင်း၊ တရားကို လျင်စွာသိရခြင်း၊ ထမင်း,အဖျော်ယမကာ ရလွယ်ခြင်း။

ဒါနကောင်းမှုကုသိုလ်ကြောင့် ဆင်ကြီးကို တွန်းလှဲနိုင်သည်၊ ပုပ္ပာရုံ ကျောင်းဒကာမဝိသာခါ။

လှူတာ၊ ပေးတာ၊ ကျွေးတာ အဇ္ဈတ္တ မဆွေရ သတ်တာ။ တောင်းတာ အလှူခံတာ လောဘ။ ပေးလှူတာ လောဘပယ်တာ။

## ပဏ္ဏာပတ်ဆွမ်းဒါန အကျိုး

မလ္လိကာမိဖုရားဖြစ်တာ ပဏ္ဏာပတ်ဆွမ်းဒါန၊ ပူတိကာယ တိဿရဟန္တာဖြစ်တာ ပဏ္ဏာပတ်ဒါန၊ ဣန္ဒက နတ်သားဖြစ်ရ နတ်ပြည်ရတာ ပဏ္ဏာပတ်ဒါနကောင်းမှု၊ စန္ဒမဏ္ဍာမင်းဖြစ် ပဏ္ဏာပတ်ဒါန။

## ကျေးဇူးအနန္တ မိနှင့်ဘ

ဖခင်ဟာ ဘယ်လောက်နေပူပူ ဘယ်လောက်မိုးရွာရွာ၊ ဘယ်လောက်ဘေးရန်ရှိရှိ၊ သွားရောက်လုပ်ကိုင်ကျွေးမွေးပေးကြသည်။

မိခင် အိပ်ပျော်ညမှာ တစ်ရေးနိုး၊ သမီးသားတောင်းတာ ပေးကြသည်။ နို့ချိုတောင်းတာရှိ၊ ထမင်း၊ ဟင်း တောင်းတာရှိ။ မပျင်းဘူး ကျွေးပေးသည်၊ မိမိက တစ်ဆုပ်၊ တစ်လုတ်စား၊ သားသမီးကို အဝကျွေးပေးသည်။ စားပြီး မိမိရင်ခွင်ထဲမှာ ချီးတွေသေးတွေပါ၊ ပေါင်ဒါရေမွှေး မှောက်သည့်ပမာ။ မရွံမရှာ သုတ်သင်ဆေးကြောပေးသည်။ အိပ်ရင်း အညစ်အကြေး စွန့်ကြသည်။ မိခင် အပြုံးမပျက် ဆေးကြောပေး။

တချို့ ငယ်ငယ်တုန်းက သား၊ သား ကြီးတော့ကျား။ ငယ်ငယ်တုန်းက သမီး၊ သမီးကြီးတော့ မီး။

မိဘနှစ်ဖြာ၊ ကိုးကွယ်ရာ၊ ဗြဟ္မာ မည်၏။ မိဘနှစ်ဖြာ၊ ရှေးဦးစွာ၊ ဒေဝါ မည်၏။ မိဘနှစ်ဖြာ၊ ရှေးဦးစွာ၊ ဆရာ သခင်မည်၏။ မိဘနှစ်ဖြာ၊ ပေးလှူရန်၊ မွန်မြတ် အလှူခံမည်။

သားသမီး ဆိုးဆိုး၊ ကောင်းကောင်း မိဘကမပစ်။ မွေးဖွား၊ ဖဝါး လက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်၊ ကျွေးမွေးစောင့်ရှောက်၊ မိမိကအငတ်ခံ၍၊ ကျွေးသည့်မိခင်၊ နောက် သားသမီးကို အဝတ်ဆင်ပေး၊ မိမိက ဖြစ်သလို ဝတ်။ သူများသားသမီးထက် သာစေချင်၊ အောက်မကျဖို့ မိခင်ဖခင် ကျေးဇူးမကန်းသင့်။ ကျေးဇူးဆပ်သူ ဆုတ်ယုတ်ကြောင်းမရှိ။ ကြီးပွားတိုးတက်ကြောင်း ရှစ်သောင်းလေးထောင် အမြင့်ဆောင်၊ မြင်းမိုရ်တောင်ထက်၊ မိဘကျေးဇူးကြီး။

## မိဘလုပ်ကျွေး သံဃာတစ်ပါး

ဧကံ သမယံ၊ အခါတစ်ပါး၊ ဗုဒ္ဓပမုက္ခဘုရား သက်တော်ထင်ရှားရှိစဉ် သံဃာတစ်ပါး ဆွမ်းခံပြီး မိအိုဖအို ကျွေးမွေးစောင့်ရှောက်၊ မိမိတရားလည်း ကျင့်နေသတဲ့၊ တစ်ရက်မှာ အခြားသံဃာများမှ ဆွမ်းခံပြီး၊ မိဘကျွေးသံဃာကို ဘုရားလျှောက်၊ ဘုရားအခေါ်ခိုင်း၊ ရောက်လာ။

"ရဟန်း ... ဆွမ်းခံပြီး မိခင်ဖခင်အိုတွေကျွေးတယ် ဟုတ်သလား"

"မှန်ပါ့ ဟုတ်ပါတယ် ဘုရား"

အခြား အခြားသံဃာတွေက၊ ဘုရား ဘာများမိန့်မလဲ နားထောင်။ ဗုဒ္ဓမှ "မိအိုဖအို ကျွေးမွေးစောင့်ရှောက်တာ ငါဘုရားရဲ့ အနွယ်အမျိုး။ ရဟန်း မိအိုဖအိုနေ့စဉ်ဆွမ်းခံကျွေးတာ ဟုတ်သလား"

"မှန်ပါတယ် ဘုရား"

ဘုရားက "သာဓု"သုံးကြိမ် ကောင်းချီးပေး။

မာတာပိတုဂုဏော အနန္တော၊ သားသမီးဟူက မိဘလုပ်ကျွေးရဇာတ်တော်။ သားသမီးဆယ်ယောက်ကို မိခင်၊ ဖခင်ကျွေးနိုင်။ သားသမီးဆယ်ယောက်မှ မိခင်ဖခင် မကျွေးမပြုစုနိုင်။



www.burmeseclassic.com

www.burmeseclassic.com

### ကျေးဇူးအနန္တ မိနှင့်ဖ

ဤကမ္ဘာလောက၊ ဘုရားဖြစ်၊ ပစ္စေကဗုဒ္ဓါဖြစ်၊ ရဟန္တာ အရိယာဖြစ်၊ စကြာဝတေးမင်း၊ ပြဟ္မာမင်း၊ ပဒေသရာဇ်မင်း၊ သမ္မတဝန်ကြီးချုပ်၊ ပါမောက္ခ၊ သူဌေးကတော် ဖြစ်ကြရ၊ ကျေးဇူးအနန္တ မိနှင့်ဖ။

### ချမ်းသာကြရအောင်ကျေးဇူးများ

ကျေးဇူးဆပ် မကုန်တဲ့ အသက်ပေး မွေးမေမေ၊ အသက်ပေး ကျွေးဖေဖေ ချမ်းသာအောင် ကျေးဇူးဆပ်ရအောင်။ ကျေးဇူးမမေ့ရာ။ မိဘဟူက လုပ်ကျွေးရ၊ ဗုဒ္ဓချီးမွမ်းသည်။

### ဓမ္မပဒ ဒဏ္ဍဝဂ်

သတ္တဝါတို့သည် ချမ်းသာချင်ကြသည်၊ မိမိအသက်ကို ချစ်မြတ်နိုးကြကုန်၏၊ ကိုယ်ချင်းစာ၍ သတ္တဝါတို့ကို မညှဉ်းဆဲ၊ မသတ်ရမိန့်။

သတ္တဝါတို့ကို ညှင်းဆဲသတ်သူတို့ ဖြစ်လေရာဘဝ ချမ်းသာမရမိန့်။

### သေ

သစ်ပင်မှာအမြစ်၊ လူမှာအချစ်၊ သစ်ပင်မြေမှ ရှန်းမထွက်နိုင် ဓားခုတ်ခံသေ၊ လူ ၃၁ ဘုံမထွက်နိုင်၊ မရဏဓားခုတ်သေ၊ ကုသိုလ်အကျိုးပေးတာ အကုသိုလ်အကျိုးပေးတာ မိမိပြုကံက အကျိုးပေးတာ၊ ဆရာကြီးအားကိုး၊ နက္ခတ်အားကိုး၊ ရက်ရာဇာပြုသဒါး ကိုယ်ပြုကံကိုယ်ရ။

ရေသည် အမျိုးသား၊ အမျိုးသမီးတို့ကို စင်ကြယ်စေ၏။ မေတ္တာသည် သူယုတ်မာ၊ သူမိုက်တို့ကို လိမ္မာစင်ကြယ်စေ၏၊ တရားသည် တရားမှ တရားရမည်၊ တရားကို မတရားလိုချင်၍ မရနိုင်။

သီလရှိသူတို့ စကားများများ မပြော။ စကားများများပြောရင် အမှားများများ။ သို့ဖြစ်၍ သီလရှိသူတို့ စကားများများမပြော၊ ခိုင်မာဆုံးကြိုးသမုဒယကြိုး၊ ဝေးနေတာ အ-မ-ထ၊ နီးနေတာ မရဏ၊ အေးနေတာ မေတ္တာ၊ ပူနေတာ ဒေါသ၊ မဆုံးတာ ပဋိစ္စ၊ ဆုံးတာ အနိစ္စ၊ မဆုံးတာ လောဘ၊ ဒေါ သ၊ မောဟ၊ ဆုံးတာ အနိစ္စ၊ အနတ္တ။

### ကိလေသာကပ်ငြိခြင်း၊ မဂ်တားဖိုလ်တားငါးပါး

မြင်ရာ၌ ကပ်ငြိစွဲ၊ ကြားရာ၌ ကပ်ငြိစွဲ၊ စားအာဟာရကပ်ငြိစွဲ၊ အတွေ့အထိ ကပ်ငြိစွဲ၊ ပစ္စည်းဥစ္စာတို့ကို ကပ်ငြိစွဲ။

အထက်ပါတို့ကို ပဋိစ္စဖြစ်၍ မဂ်ဖိုလ်လွဲ။

### ဤလောကမှာ ပညာအရောင် မထွန်းဖောက်နိုင်တဲ့ အမိုက်တိုက်ကြီးလေးပါး

(၁) ရာဂအမိုက်အမှောင်ဖြစ်လျှင် ပညာရောင် မဖောက်နိုင်။ (၂) ဒေါသအမိုက်အမှောင်ဖြစ်လျှင် ပညာရောင် မထွန်းဖောက်နိုင်။ (၃) မာနအမိုက်အမှောင်ဖြစ်လျှင် ပညာရောင် မထွန်းဖောက်နိုင်။ (၄) မောဟအမိုက်အမှောင်ဖြစ်လျှင် ပညာရောင် မထွန်းဖောက်နိုင်။

မဝနိုင်တာ တဏှာလောဘ၊ ကြောက်စရာက ဒေါသ၊ မအေးနိုင်တာက ကိလေသာ၊ မသိတာက သေမယ့်နေ့၊ သေမဲ့နေရာ၊ မရေရာတာက အနာဂတ်ခရီး၊ ပြေးရှောင်မလွတ်တာ အို၊နာ၊သေ၊ မညှာတာတဲ့သူ သေမင်း၊ မသွား နီးနေတာ သချိုင်းကြီး၊ သွားလျက်ဝေးနေတာ နိဗ္ဗာန်၊ ဝေးမှာပေါ့ ဝိပဿနာမှ မပွားတာကိုး။

ဒါကြောင့် မအိုခင်၊ မနာခင်၊ မသေခင် ရိပ်သာဝင်၊ မဂ်ဖိုလ်ရဖို့ပင်၊ မအိုမနာတာ မသေတာ ဝိပဿနာ တစ်မျိုးပါ။

နေသလိုဖြစ်တဲ့ ဘဝထဲမှာ ဖြစ်သလိုမနေပါနဲ့။ လုပ်ချင်တာထက် လုပ် သင့်တာလုပ်ပါ။ အကျိုးများမည်၊

### ဂါရဝသုံးမျိုး

(၁) လူယောကျ်ားတို့ ဆောင့်ကြောင့်ထိုင်၍ ရှိခိုးရန်၊ မိန်းမတို့သည် ကျုံ့ကျုံ့ထိုင်၍ ရှိခိုးကြသည်။ (၂) နတ်တို့သည် ရပ်လျက်ရှိခိုးကြသည်။ (၃) တိရစ္ဆာန်တို့သည် ရပ်လျက်၊ ဝပ်လျက် ရှိခိုးကြသည်။

သီလသည် အမွေးဆုံး၊ သစ္စာသည် အမှန်၊ ခန္တီသည် အမြတ်ဆုံး၊ မေတ္တာသည် အအေးဆုံး၊ သမာဓိသည် အဖြောင့်ဆုံး၊ ဘာဝနာသည် အမြင့်ဆုံး၊ ကံကောင်းပေမယ့် အပျင်းဖက်ရင် မကြီးပွား၊ ဉာဏ်ကောင်းပေမယ့် အပျင်းဖက်ရင် လောကီ လောကုတ် မကြီးပွားနိုင်။

သည်းခံ အမှန်လုပ်၊ ချမ်းသာမည်။ သတ္တဝါမှန်သမျှ ဘေးမခ၊ အေးမြရွှင်လန်း ချမ်းမြေ့ပါစေ။

### ကျော်ဖောဟိန်း



www.burmeseclassic.com


www.burmeseclassic.com

# ကျွန်ုပ် နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၄)

## ပထမ ဆရာကြီးဦးအောင်သူ

ကျွန်ုပ်သည် ဝိဇ္ဇာအကျင့်ဖြစ်သော လျှို့ဝှက်နက်နဲစွာ ကျင့်ကြံနေထိုင်ကြသော ပုဂ္ဂိုလ်တို့အကြောင်း ဘုန်းရောင်ဂျာနယ်တွင် ဖော်ပြရာ၌ အချို့သော မြေလျှောက်ဝိဇ္ဇာများသည် လူအများ မကြည်ညိုနိုင်အောင် နေထိုင်ပြုမူလေ့ရှိ၏။ အချို့မှကား တည်တည်ငြိမ်ငြိမ်နှင့် ကျင့်ကြံပွားများလျက် တပည့်သာဝကများအား ကျင့်စဉ်ကို ပေါက်မြောက်စွာ ကျင့်နိုင်ရန် နည်းလမ်းပေးကြ၏။

ထိုထိုသော ဝိဇ္ဇာကြီးများထဲမှ ကျွန်ုပ်နှင့် ရင်းနှီးတွေ့ဆုံခွင့်ရရှိခဲ့သော ပုဂ္ဂိုလ်ထူးမှာ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး ဖြစ်ပါသည်။ ဆရာတော်ကြီးကို ၁၉၇၀ ပြည့်နှစ်မှစ၍ သိကျွမ်းခွင့်၊ ကိုးကွယ်ခွင့်၊ တပည့်တကာအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရ၏။ ထိုအချိန်တွင် ဆရာတော်ကြီး၏ဒကာရင်းဖြစ်သော လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်းနေ ဦးအေးနှင့် ကိုင်းတန်းလမ်းနေ ဦးကြည်






www.burmeseclassic.com

www.burmeseclassic.com

လွင်၊ အလုံအေးလမ်းနေ ဦးတင်ကြည်နှင့် ဇနီးဒေါ်မြမြတို့မှ ဆရာတော်ကြီးထံ သွားပြီးတွေ့ဆုံခွင့် ပေးခဲ့ပါသည်။

ကျော်အောင်စံထား ဆရာတော်ဘုရားကြီးသည် တည်တည်ငြိမ်ငြိမ်နေထိုင်တတ်ပြီး ရိုးစင်းလှ၏။ ဒကာ၊ ဒကာမများကို ကျင့်စဉ်အနေဖြင့် သုဂ်တောင်းချက်ဂါထာကို ပုတီးစိပ်ရန် ခိုင်းလေ့ရှိ၏။ ၎င်းအပြင် နေ့သားအလိုက် ဂုဏ်တော်ကိုးပါးကို တစ်ပါးချင်း အရဟံသိဒ္ဓိတပ်၍ စိပ်ခိုင်းလေ့ရှိ၏။ ဥပမာ-တနင်္ဂနွေသားကို အရဟံသိဒ္ဓိ၊ တနင်္လာသားကို သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ ဟူ၍ စိပ်ခိုင်းပါသည်။

ပဋ္ဌာန်းဆက်ရှိသူများကို အဆင့်မြင့် ပုတီးစိပ်နည်းကို စိပ်ခိုင်းလေ့ရှိသည်။ ထိုကျင့်စဉ်များသည် နှစ်ရှည်လများ ကျင့်ရသော အဓိဋ္ဌာန်ကြီးဖြစ်သည်။ အကျယ်ကို ဆရာတော်ကြီး ရေးသားသော ကျမ်းများတွင် ကြည့်ရှုပါလေ။

၁၉၇၉ ခုနှစ်၊ ကျွန်ုပ်သည် သထုံမြို့တွင် ဝန်ထမ်းဘဝနှင့်ရှိစဉ် ဆရာတော်ကြီးသည် တပည့်တကာများနှင့်အတူ ကျွန်ုပ်အိမ်တွင် သီတင်းသုံးခဲ့ဖူးသည်။ ကျွန်ုပ်အိမ်မှတစ်ဆင့် ကျိုက်ထီးရိုးစေတီတော်သို့ ကြွသွားလျက် ဆီမီး ၉၀၀၀ ပူဇော်ပါသည်။

ကျွန်ုပ်သည် ဆရာတော်ကြီးထံ၌ တပည့်တကာအဖြစ် ရှိနေစဉ် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်နေ ကျွန်ုပ်၏ ညီမဖြစ်သူအိမ်တွင် မကြာခဏ ဖူးမြော်ခွင့် ရရှိခဲ့သည်။ တစ်နေ့ ကျွန်ုပ်သည် နံနက်စောစော ညီမအိမ်သို့ရောက်ရှိခဲ့သည်။ ညီမမှာ ကျွန်ုပ်အား ထူးဆန်းမှုတစ်ခုကို ပြောပြပါသည်။ ထိုနေ့ညက ဆရာတော်ကြီးသည် သူရဿတီနှင့် တွေ့ခဲ့သည်ဟု သိရ၏။ အံ့ဖွယ်ရာတစ်ခုက နံနက်မိုးလင်းချိန်တွင် ညီမဖြစ်သူ ဒေါ်မြမြအား အမေသူရဿတီ၏ ဆံပင်တစ်ချောင်းကို ပေးခဲ့သည်ကို မြင်တွေ့ခဲ့ရ၏။ ဤအချက်ကား မယုံနိုင်လောက်အောင်ပင် ဆန်းကြယ်လှပါ၏။

ဤသည်၏နောက်ပိုင်းတွင် ဆရာတော်ကြီးသည် တဖြည်းဖြည်း နာမည်ကြီးလာပြီး တပည့်တကာများလည်း များလာပါ၏။ ကျွန်ုပ်သည် နှစ်အတန်ကြာသည့်အထိ ဖူးတွေ့ခွင့်မရရှိခဲ့ပါ။

ကျွန်ုပ်၏ညီမဖြစ်သူ ဒေါ်မြမြသည် ဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ ကျင့်ကြံပွားများနေထိုင်ခဲ့ရာ ဆရာမကြီး ဒေါ်မြမြဟူသော အမည်ဖြင့် နာမည်ကြီးခဲ့ပါသည်။ ညီမဖြစ်သူ ဒေါ်မြမြသည် ၎င်းကျင့်စဉ် ပြီးမြောက်၍ ယခု စာရေးနေသောအချိန်၌ ကွယ်လွန်သွားခဲ့ပြီး ဖြစ်ပါသည်။ ထူးဆန်းသည်က ဆရာတော်ကြီးမှ ဒေါ်မြမြကို ဝိဇ္ဇာတို့၏ ကျင့်စဉ်လမ်းကို ဖြောင့်တန်းစေရန် ဘဝတစ်ခုသို့ ပြောင်းစေခဲ့သည်ဟု သိရသည်။ (ကွယ်လွန်)

သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီးသည် ယခင်ကတည်းက ဝိဇ္ဇာများအစည်းအဝေးသို့ တက်ခဲ့သည်ဟု သိရ၏။

ယနေ့ဖြစ်စဉ်မှာ ဘုန်းရောင်ဂျာနယ်အယ်ဒီတာချုပ် ဆရာဦးမောင်မောင်မြင့်အေးသည် ဝိဇ္ဇာဓိုရ်များပေါင်းချုပ်ပန်းချီကားချပ်ကြီးတစ်ခုကို ယူဆောင်လာပါသည်။ ထိုဝိဇ္ဇာဓိုရ်များထဲတွင် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး ပါဝင်နေလျက်ရှိနေသည်ကို ဖူးတွေ့ရပါသည်။ ၎င်းနောက်တစ်ဖန် ဆရာမင်းသိန်းကျော်(မော်ဘီ)ကလည်း မင်္ဂလာနှစ်သစ်အတွက် ၂၀၁၄ ပြက္ခဒိန်ကို လာရောက်လှူဒါန်းသည်ကို အားရဝမ်းသာစွာ လက်ခံရယူပါ၏။ ၎င်းပြက္ခဒိန်ထဲတွင်လည်း ဆရာတော်ဘုရားကြီး၏ ပုံကို ဖူးမြင်ရ၍ တစ်ဖန် ပီတိဖြစ်ရပါ၏။

ကျွန်ုပ်မှတ်ချက်တစ်ခု ချနိုင်သည်ကတော့ "အောင်သူ မင်း ငါ့ဆီမလာနိုင်သော်လည်း ယခု ငါမင်းဆီရောက်နေပြီ" ဟူ၍ စိတ်မနောတွင် ထင်မြင်ယူဆလိုက်ပါတော့သတည်း။

သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီးသည် ယခုထက် သက်တော်ရာကျော် ရှည်ပါစေ၊ သာသနာကိုလည်း ပြုနိုင်ပါစေဟူ၍သာ ဆန္ဒပြုမိပါ၏။

ပထမ ဆရာကြီးဦးအောင်သူ



www.burmeseclassic.com

www.burmeseclassic.com



# အာဠာဝကမေး ဘုရားရှင်အဖြေ

## အမှတ်(၂)

**ဒေါက်တာသန်းမှိုင်းလင်း**

အာဠာဝကမေး ။ ။ လောကမှာ ဘာလုပ်ရင် ချမ်းသာမလဲ။

ဘုရားရှင်အဖြေ။ ။ ဓမ္မကို ကျင့်သုံးပါက ချမ်းသာမည်။

ကာယသုစရိုက် သုံးပါး၊ ဝစီသုစရိုက် လေးပါး၊ မနောသုစရိုက် သုံးပါးဆိုပြီး သုစရိုက်ဆယ်ပါး ရှိပါသည်။

ဓမ္မဆိုသည်မှာ သူများပစ္စည်းကို မတရားလိုချင်မှု အဘိဇ္ဈာကို ရှောင်ရပါမည်။

တစ်ဦးတစ်ယောက်ကို ပျက်စီးအောင် မတွေးပါနှင့်၊ မကြံစည်ပါနှင့်၊ ကြီးပွားပါစေ၊ ချမ်းသာပါစေဆိုသော အတွေးကိုသာ တွေးရပါမည်။

ဝစီသုစရိုက် လေးပါးရှိပါသည်။ လိမ်မပြောပါနှင့်၊ မှန်တာကို ပြောရပါမည်။ အခြားသူတစ်ပါးကို ကုန်းမတိုက်ပါနှင့်။ ညီညွတ်အောင် ဆောင်ရွက်ရပါမည်။ အခြားသူတစ်ပါးကို ရိုင်းရိုင်းစိုင်းစိုင်း မပြောဆိုရပါ။ ယဉ်ယဉ်ကျေးကျေး ပြောဆိုရပါမည်။ ဒါနတရားဆိုသည်မှာ မိမိပိုင်ပစ္စည်းကို အခြားသူအား ပေးကမ်းခြင်းသည် ဒါနပင်ဖြစ်သည်။ ဒါနတရားသည် အရင်းခံတရား၊ အခြေခံတရားပင် ဖြစ်ပါသည်။ လောကကြီးတွင် တစ်ဦးနှင့်တစ်ဦး ပြေလည်အောင် ဆက်ဆံရေးမှာ ဒါနတရားသည် အရာရောက်လှပေသည်။

(၁) ဒါနဆိုသည်မှာ သူငယ်ချင်းကိုပေးခြင်း ညီအစ်ကို

www.burmeseclassic.com

**သီလတွင်ဆောက်တည်ပြီး စောင့်ထိန်းရသော သီလ၊ မဆောက်တည်သော်လည်း မလွန်ကျူးရအောင် စောင့်ထိန်းရသော သီလ ဟူ၍ နှစ်မျိုးရှိပါသည်။ နှစ်မျိုးစလုံး စောင့်ထိန်းရမှာ ဖြစ်ပါသည်။ အပါယ်သို့မကျအောင် သီလက ထိန်းထားခြင်း ဖြစ်ပါသည်။**

မောင်နှမအချင်းချင်း ပေးကမ်းခြင်း၊ မိဘက သားသမီးကို ပေးခြင်း၊ သားသမီးက မိဘကိုပေးခြင်း၊ တပည့်က ဆရာကို ပေးခြင်း အားလုံးတို့သည် ဒါနချည်းပင် ဖြစ်ပါသည်။

စေတနာ အယုတ်၊ အလတ်၊ အမြတ်အလိုက် အကျိုးပေးက ကွာခြားသွားမှာ ဖြစ်သည်။ ၎င်းအလှူဒါနများ ကင်းသွားမည်ဆိုပါက ဤလောကကြီးလည်း ဆိတ်သုဉ်းသွားမည် ဖြစ်ပါသည်။ ထို့အတွက်ကြောင့် လောကကြီးထဲတွင် နေနေသမျှ ကာလပတ်လုံး ဒါနအမှုကို ပြုကြရမှာ ဖြစ်ပါသည်။

(၂) သီလမှာ မျက်မှောက်ချမ်းသာ၊ တမလွန်ချမ်းသာကို အလိုရှိကြပါက သီလဆောက်တည်ရပါမည်။ သီလတွင် ဆောက်တည်ပြီးစောင့်ထိန်းရသော သီလ၊ မဆောက်တည်သော်လည်း မလွန်ကျူးရအောင် စောင့်ထိန်းရသော သီလ ဟူ၍ နှစ်မျိုးရှိပါသည်။ နှစ်မျိုးစလုံး စောင့်ထိန်းရမှာ ဖြစ်ပါသည်။ အပါယ်သို့မကျအောင် သီလက ထိန်းထားခြင်း ဖြစ်ပါသည်။

(၃) ကိုယ်,နှုတ်,နှလုံး ယဉ်ကျေးနေပါက ဒါန၊ သီလ ဖြစ်ပါသည်။ စိတ်ယဉ်ကျေးလာသော် ဘာဝနာဖြစ်ပါသည်။ ဝိပဿနာအလုပ်သည် ကိုယ်၊ နှုတ်ကို အနားပေးပြီး စိတ်ကို အလုပ်လုပ်နိုင်ခြင်း ဖြစ်ပါသည်။

(၄) ရိုသေသင့်သည့် ပုဂ္ဂိုလ်များကို ရိုသေခြင်းသည် အပစာယန ကုသိုလ်ပင်ဖြစ်ပါသည်။ ရိုသေခြင်းသည် မိမိအတွက်သာ ဖြစ်ပါသည်။ ရိုသေထိုက်သူကို ရိုသေပါက ဘဝသံသရာမှာ အမျိုးမြတ်မှာ ဖြစ်ကြရပါသည်။

(၅) သင့်လျော်သော ဝေယျာဝစ္စကိုလည်း ပြုရပါမည်။ အရင်းမစိုက်ရဘဲ အမြတ်ကြီးကြီးရခြင်းသည် ဝေယျာဝစ္စကုသိုလ်ပင်။ ၎င်းသည် မိမိကိုယ်ကို တန်ဆာဆင်ခြင်းပင် ဖြစ်ပါသည်။ လူ၊ နတ်၊ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ပါသည်။

(၆) မိမိရရှိထားသော ကုသိုလ်ကို အမျှပေးဝေခြင်းသည် ပတ္တိဒါနပင် ဖြစ်သည်။ သာဓုခေါ်ဆိုချင်သော ပုဂ္ဂိုလ် အများအပြား ရှိကြပါသည်။

(၇) အခြားသူများ အမျှဝေခြင်းကို သာဓုခေါ်ဆိုခြင်းသည် ပတ္တာနုမောဒနာကုသိုလ်ပင် ဖြစ်ပါသည်။ သာဓုခေါ်ကြမည်ဆိုလျှင် အားပါးတရ သာဓုခေါ်ဆိုသင့်ပါသည်။

(၈) အခါအခွင့်သင့်တိုင်း တရားနာကြရပါသည်။ တစ်ကြိမ်တရားနာရသော ကုသိုလ်သည် အလွန်အကျိုးကြီးလှပါသည်။

(၉) မိမိသိထားသော တရားကို အခြားသူအား ပြန်ဟောပြောခြင်းသည် ဓမ္မဒေသနာ ကုသိုလ်ရရှိပါသည်။ တရားအလှူသည် အလွန်အရေးကြီးလှပါသည်။

(၁၀) အယူဖြောင့်မှန်ခြင်းကို ဒိဋ္ဌုဇုကမ္မဟု ခေါ်ပါသည်။ ဤကုသိုလ် ၁၀ ပါးတွင် ဒိဋ္ဌုဇုကမ္မသည် အရေးကြီးဆုံး ဖြစ်ပါသည်။ ၎င်းမှန်ပါမှ ကျန်သော ကုသိုလ်များ မှန်မှာ ဖြစ်ပါသည်။

သတ္တဝါဟူသမျှ တရားရ၊ ချမ်းမြသာယာရှိကြပါစေ။

**ဒေါက်တာသန်းမှိုင်းလင်း**

<u>မှီငြမ်း</u>

(၁) ဆရာတော်အရှင်နန္ဒမာလာဘိဝံသ

(၂) ဓမ္မဒူတ-အရှင်ပညာဇောတ
အာဋ္ဌာဝက ချုတ်ခန်း။



www.burmeseclassic.com

www.burmeseclassic.com



# ကုသိုလ်ကံပေး မရသေး

မောင်ချိုမင်း(ကန္တာရဝတီ)

ရတနာပုံနေပြည် သီပေါဘုရင်နှင့် စုဖုရားလတ်တို့ လက်ထက်တော်မှ စတင်ခဲ့သော အောင်ဘာလေသိန်းဆုမှာ အလွန်တရာ ကံထူးခြားသူများမှ ပေါက်နိုင်ခံစားနိုင်သည်ဟု ဆိုရပါမည်။ ဂဏန်းခြောက်လုံးနှင့် အကွာရာပါတူညီမှသာ ခံစားခွင့်ရရှိမည့် အောင်ဘာလေထီပေါက်ဖို့ဆိုသည်မှာ အတိတ်ဘဝ ကုသိုလ်ကံအကျိုးပေးနှင့်လည်း စပ်ဆိုင်သည်ဟု ထင်ပါသည်။

သို့သော် ကံတရားတို့မည်သည် မခေါ်ဘဲနှင့်လည်း ကံမျက်စိလည်လမ်းမှားပြီး တကူးတကရောက်လာတတ်ကြသည်ဖြစ်ရာ ယင်းကုသိုလ်ကံ၊ အကုသိုလ်ကံကို မည်သူမှ မြင်နိုင်စွမ်းမရှိကြ။ လုံထမ်းလာသည်ကို မြင်ရပြီး ကံထမ်းလာသည်ကိုမူ မမြင်ရဟု ပြောစမှတ်ပင် ရှိနေခဲ့သေး။

အတိတ်ဘဝ ကောင်းမှုကုသိုလ်ကံ ရှိခဲ့သူများအဖို့ ထီဆိုသည်မှာ အကျိုးပေးသန်တတ်သည့် အရာဖြစ်၍ ကျွန်တော့်မျက်မှောက်တွင်လည်း ဆုကြီးများပေါက်ဖူးသူ သုံးလေးဦးကို တွေ့ဖူးသည်။

လွန်ခဲ့သော ကိုးနှစ်ခန့်က ကျွန်တော် အထက်အညာ မန္တလေးတစ်ဖက်ကမ်း မင်းကွန်းသို့ ဘုရားဖူးအလည်ရောက်ခဲ့စဉ် ပူပူနွေးနွေး မဂ်လာစုံတွဲထီပေါက်ထားသူတစ်ဦးနှင့် မိတ်ဆွေဖြစ်ခဲ့ဖူးသည်။ သူ့အမည်



www.burmeseclassic.com

www.burmeseclassic.com

မှာ ဦးနိုင်ဦးဖြစ်၍ မင်းကွန်းဆိပ်ကမ်းတွင် လက်ဖက်ရည်ဆိုင်ဖွင့်ထားသည်။

တစ်နေ့ နေ့လယ် ဦးနိုင်ဦးမှာ မန္တလေးသွားရန် ဟန်ပြင်နေဆဲ ထီရောင်းသူ လူငယ်လေးတစ်ဦး သူ့ဆိုင်ရောက်လာသည်။ သူ့လက်ထဲတွင် ရောင်းမကုန်သည့် ထီလက်မှတ်က အတော်များများ။ ထီက နက်ဖြန်သဘက်တွင် ဖွင့်တော့မည့်ဆဲဆဲ။

ထီရောင်းသူ သူငယ်က သူ့လက်ဝယ်ရှိ ထီလက်ကျန်ကိုထိုးဖို့ အတင်းတိုက်တွန်းသည်။ ဦးနိုင်ဦးကလည်း စိတ်မပါ့တပါ အားနာနာဖြင့် ထိုးလိုက်မိရာ သူ၏ ခမည်းခမက်တော်သူကပါ ရှယ်ယာအစုတစ်ဝက် ပါပါရစေ၊ ပိုက်ဆံတော့ မလွှယ်သေး၍ စိုက်ပေးထားပါဟုဆို၍ သဘောတူလိုက်ပါသည်။

မကြာပါ။ နောက်တစ်ရက်နှစ်ရက်အတွင်း ထီဖွင့်ရာ မင်္ဂလာစုံတွဲ ဆုငွေသိန်းပေါင်း တစ်ရာကျော်ပေါက်သွားကြောင်း သိခဲ့ရသည်။ ဦးနိုင်ဦးတို့အဖို့ သိုသိုသိပ်သိပ် ရင်းနှီးစားသောက်တတ်လျှင် တစ်သက်စာ အဆင်ပြေသွားနိုင်ပေမည်။

လွန်ခဲ့သော အနှစ် ၂၀ ခန့်ကလည်း နိုင်ငံသိ စာရေးဆရာကြီးတစ်ဦး၊ မင်္ဂလာစုံတွဲထီပေါက်ဖူးခဲ့သလို ကျွန်တော်တို့ စာရင်းစာချုပ်ရုံးမှ သူငယ်ချင်း မြို့နယ်ဦးစီးမှူးတစ်ဦးလည်း မင်္ဂလာစုံတွဲ ရသွားဖူးကြသည်။ ပေါက်သူများအဖို့ ကုသိုလ်ကံထူးခြားပေစွ။

တစ်လောက သောကြာမဂ္ဂဇင်းတွင် ရုပ်ရှင်မင်းသားကြီး မြင့်စိုး(ဦး)က ထီနှင့်ပတ်သက်၍ ဝါသနာပါရာကို ရေးသွားဖူးရာ ကျွန်တော်ကတော့ ဦးမြင့်စိုးလို ထီကို ဝါသနာမပါ။

ငွေလိုချင်သည်မှာ မှန်သော်လည်း ထီထိုးထားပြီး စိတ်ကူးယဉ်မနေချင်။ ပြီးတော့ တကူးတက ပေါက်စဉ်ရှာပြီး ထီတိုက်ရမည့်အလုပ်ကိုလည်း အလွန်ပျင်း။ ယခုခေတ် ထီလက်မှတ်တစ်စောင် မည်မျှဈေးပေါက်နေသည်ကိုလည်း ကျွန်တော်မသိ။ သို့နှင့်ပင် ...၁၉၉၂ ခုနှစ်လောက်က စက်ဘီးလှည်းဖြင့် ထီရောင်းသူကောင်လေး အဆွယ်ကောင်း၍ အားနာပါးနာ ၁၀ ကျပ်တန် ထီတစ်စောင်ထိုးလိုက်ရာ အက္ခရာတူ၊ ဂဏန်းသုံးလုံးတိုက်သဖြင့် ဆုငွေကျပ် ၁၅၀၀ ကြီးများ ရလိုက်ဖူးသည်။ ဟားဟား လောကကြီးတွင် ထီ(တွတ်) တစ်ခါပေါက်ဖူးပြီ။ တော်ပြီ။

ကျွန်တော်တို့ ငယ်စဉ်က တစ်စောင်နှစ်ကျပ်တန် အောင်ဘာလေထီ အတော်ခေတ်စားသည်။ လူတိုင်းလိုလို ထိုးကြသည်။ အနည်းဆုံး ဆုငွေငါးရာကျပ်မှ အများဆုံး ကျပ်တစ်သိန်းဆုကြီးဖြစ်ပြီး နှစ်လမှတစ်ခါ ဖွင့်သည်ထင်သည်။ အနည်းဆုံး ဆုငွေငါးရာဆုပေါက်သူအား ငွေစုလက်မှတ်နှစ်ရာတန် ထပ်ဆောင်းပေးသေးသည်။

ထီဆိုင်ကြီးများထဲတွင် အောင်ဆုပန်ထီဆိုင်သည် နာမည်အကြီးဆုံး။ အောင်ဆုပန်မှာထိုးလျှင် အပေါက်များသည်ဟု ထင်ကြပြီး သိမ်ကြီးဈေး အောင်ဆုပန်ထီဆိုင်တွင် ထီအထိုးများကြသည်။ ဤအကြောင်းနှင့် ပတ်သက်၍ ကာတွန်းဆရာကြီး ဦးဘဂျမ်း ရေးဆွဲခဲ့သော ရှုမဝမဂ္ဂဇင်းမှ ကြော်ငြာတစ်ပုဒ်ကိုပင် အမှတ်ရမိသေး၏။

ညေ့ခန်းတစ်ခန်းထဲတွင် ဂေါင်နဲတစ်ဦးက သမီးဖြစ်သူကို လာရောက်ပိုးပန်းနေ၏။ ထိုအခါ ဖခင်ဖြစ်သူက သူ့ဇနီးကို တိုးတိုးတိတ်တိတ် လှမ်းပြောလိုက်ပုံက ...

"သူ့လခနည်းလို့ သမီးနဲ့ မပေးစားနိုင်ဘူးဆိုပြီး အပြတ်မပြောလိုက်နဲ့ဦး။ သူ့အင်္ကျီအိတ်ထဲမှာ အောင်ဆုပန်ကထိုးထားတဲ့ ထီလက်မှတ်သုံးစောင်မြင်တယ်ကွ" ...တဲ့။

လူစည်ကားရာ ရန်ကုန်မြို့လယ် သိမ်ကြီးဈေးတွင် မိန်းကလေးလှလှလေးများအား ထီရောင်းစာရေးမအဖြစ်ခန့်ထားပြီး ဆိုင်ကြီးများ ထီလက်မှတ် အရောင်းသွက်ခဲ့ဖူး၏။ ဆရာသော်တာဆွေတို့ပင် အားအားရှိ ထီစာရေးမကလေးများအား (ဂေါ်ရေးငင်)ခဲ့ကြဖူးသေး။

ထီလက်မှတ် တစ်စောင် တစ်စောင် ထိုးတော့မည်ကြံတိုင်း ဦးစွာပထမ အတိတ်ကို ရေးရသည်။ ထီပေါက်လျှင် ဘာညာဘာညာလုပ်ရန် စသည်ဖြင့် ...။

အတိတ်အမျိုးမျိုး ရေးကြရာတွင် "ထီပေါက်ရင် ဘုရားတည်ရန်၊ သားရှင်ပြုရန်၊ ကြွေးဆပ်ရန်၊ မင်္ဂလာဆောင်ရန်"စသည်တို့အပြင် အများသုံးအတိတ်မှာ "ဘိုးဘိုးအောင် မပါ" သည် ခေတ်အစားဆုံး အတိတ်ဖြစ်ခဲ့၏။

အရပ်ထဲ၊ လမ်းထဲ၊ ရပ်ကွက်ထဲ လူမွဲမင်္ဂလာဆောင်တို့တွင် နှစ်ကျပ်တန် ထီလက်မှတ်တစ်စောင်ကို ခပ်တည်တည် စာအိတ်ထဲထည့်၍ လက်ဖွဲ့ပြီး မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊

www.burmeseclassic.com

**အကျဉ်းချုံးရသော် မငွေဇင်၏ ထီလက်မှတ်က နှစ်သောင်းဆု ထပေါက်နေသည်။ ထိုခေတ်ကာလ ငွေနှစ်သောင်းက တစ်ထပ်တိုက် ကလေးတစ်လုံး၊ ဂျစ်ကားတစ်စီး အပြင် လက်ထဲတွင် ရင်းဖို့နှီးဖို့ ငွေလေးငါးထောင် ကျန်နိုင် သေးသည်။**

ရေခဲမုန့် တဝကြိတ်ခဲ့သူများထဲတွင် ကျွန်တော်တို့လည်း ပါခဲ့ပါသေးသည်။ အချို့က မိမိလက်ဖွဲ့ခဲ့သော ထီလက်မှတ်ကို နံပါတ်မှတ်သားထားပြီး တကယ်တမ်း ဆုကြီးများ တက်ပေါက်လာတော့ သူတစ်ဝက်ဆိုင်သည်ဆိုပြီး ဝင်ရှုပ်ကာ အငြင်းအခုံ တရားတဘောင်ပင် ဖြစ်လိုက်ကြသေးသည်။ လက်ဖွဲ့ပေးပြီးမှတော့ မိမိနှင့် ဘာမှမသက်ဆိုင်။ သူ့ကုသိုလ်ကံနှင့်သူ ခံစားထိုက်သည်ကို ဘာမှလိုက်ရှုပ်ရန် မသင့်။ ဤလိုမှ စိတ်မနိုင်လျှင် နဂိုမူလက အဘယ်ကြောင့် လက်ဖွဲ့ခဲ့ကြပါလိမ့်။

ကျွန်တော်ငယ်ငယ် ၁၀ နှစ်သားခန့်က ရွှေဂျိုးဖြူမူလခဲဆိုသည့် ဥစ္စာစောင့်သိုက်သမိုင်း ဇာတ်ကားတစ်ကားကို ကြည့်ဖူးသည်။ ဒါရိုက်တာ အေဝမ်းညွှန့်မောင်က ရိုက်ကူးပြီး သူကိုယ်တိုင် မေမြင့်နှင့် မောင်နှမအဖြစ် ပါဝင်သရုပ်ဆောင်ထားသော တစ်ခေတ်တစ်ခါက ပိုက်ဆံအလွန်ရခဲ့သည့် အသံတိတ်ဇာတ်ကား "နယူးဘားမားရုပ်ရှင် ထူးထူးခြားခြား သရုပ်တွင်၊ ဒါရိုက်တာအေဝမ်းညွှန့်မောင်၊ ထူးတဲ့ပညာရောင် ခင်မောင်ညွှန့်နဲ့ အတူယှဉ်၊ စိန်ဂျွန်းထွန်းရွှေနဲ့ပင်၊ ရွှေဂျိုးဖြူမူလခဲ သိုက်သမိုင်း ရာဇဝင်" ဟုပင် စန္ဒရားဆရာ စစ်ကိုင်းလှရွှေက သီချင်းရေးစပ် တီးခတ်ခဲ့သေးသည်။

ဇာတ်လမ်းမှာ ရွှေဂျိုးဖြူမူလခဲ မောင်နှမနှစ်ဦးကို ဘုရင်က သူ့ထီးနန်းလုမည်စိုး၍ အဖမ်းခိုင်းရာ မိဘနှစ်ဦးနှင့်အတူ တောလမ်းခရီးအတိုင်း ထွက်ပြေးကြရင်း သံသပွတ်ချောင်းအတွင်း မောင်နှမနှစ်ဦးစလုံး ခုန်ချအသက်စတေးကြရာမှ ဥစ္စာစောင့်ဖြစ်သွားရသည့်ဇာတ်လမ်း၊ လူရှင်တော်က ပါနောက်နှင့် ကျွန်တော်ချစ်မောင်။

သိုက်နန်းရှင် မောင်နှမက ကရင်ငပုနှင့် ကရင်ငရှည်တို့ကို ရွှေငွေပေး၍ မစလိုကြသည်။ သို့အတွက် ငပုနှင့် ငရှည်တို့ ခေါင်းတမော့မော့လည်တဆန့်ဆန့်ဖြင့် အထက်သို့ မျှော်ကြည့်လာရာလမ်းတွင် တောလမ်းသစ်ပင်အမြင့်ပေါ်၌ ရွှေအိုးကို ချည်နှောင်ပြထားသည်။ သို့သော် ရွှေအိုးနားသို့ရောက်ခါမှ နှစ်ဦးစလုံး ခလုတ်တိုက်လဲမိ၍ သစ်ပင်ပေါ်မှ ရွှေအိုးနှင့် လွဲခဲ့ရသည်။

တစ်ဖန် သူတို့လာရာ မြေပြင်ပေါ် ရွှေအိုးချထားပြန်တော့လည်း ထိုနေရာရောက်မှ ကိုယ်တော်နှစ်ဦးက သစ်ပင်ပေါ်မှ ငှက်အော်သံကို မော့ကြည့်ငေးမောရင်း ရွှေအိုးနှင့် လွဲခဲ့ရပြန်သည်။ ဤလိုပင် အခွင့်အခါကောင်းနှင့် မည်မျှကြုံကြိုက်စေကာမူ အတိတ်ဘဝမှ ကုသိုလ်အကျိုးပေး မသန့်စင်ခဲ့လျှင် မည်သို့မှ အကျိုးဖလ မခံစားရနိုင်။ ကျွန်တော်ငယ်စဉ် ကိုယ်တွေ့ ထီပုံပြင်တစ်ပုဒ်ကိုလည်း ရေးပါဦးမည်။

လွန်ခဲ့သည့် ၁၉၅၀ ခုနှစ်ခန့်က ကျောက်မြောင်း အရိုးကုန်း (ပျားရည်ကုန်း)ရပ်ကွက်တွင် အသက်သုံးဆယ်ကျော်အရွယ် မငွေဇင်ဆိုသူ တောသူမကြီးတစ်ဦး ရှိခဲ့သည်။ အသားက ညိုတုတ်တုတ်၊ ထောင်ထောင်မောင်းမောင်း၊ စာက တစ်လုံးမျှမဘတ်ရှာ။ အနိုပ်သည်အဖြစ် ပရိယေသနပြုရင်း သူတကာအိမ်ဘေး အဖီကလေးချ၍ လခဆယ့်ငါးကျပ်ပေးပြီး တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တည်းနေသူဖြစ်၏။ သူ့ဇာတိတောအရပ်တွင်လည်း မိဘဆွေမျိုး သိပ်ရှိဟန်မတူ။ ကျောက်မြောင်း၊ မအူကုန်းနှင့် တာမွေအပိုင်းကြီး၊ ဂွတ္တလစ်တစ်ခွင် တစ်နေကုန်တစ်နေခန်း ခြေတိုအောင် လျှောက်အနှိပ်လိုက်နှိပ်ရင်း ဘဝကို ရုန်းကန်နေရရှာသူ။

သူတို့တောမှ ညီမနှစ်ဝမ်းကွဲမခင်သန်းတစ်ယောက်ကတော့ အောင်မင်္ဂလာလမ်းထဲတွင် ရှိသည်။ လူမျိုးခြား ကိုကာစင်နှင့်ညားပြီး ကုန်စုံဆိုင်ဖွင့်ကာ ပြေလည်နေ၏။ မငွေဇင် တစ်ခါတစ်ရံ လာသည်ကိုပင် ပေးရကျွေးရနိုး ထင်ပြီး သိပ်မကြိုက်ချင်။ သို့သော်ပေါ်တောတောနိုင်လှသော မငွေဇင်က အလိုက်ကန်းဆိုးမသိ လမ်းကြုံတိုင်း ဝင်ထွက်လေ့ရှိ၏။

မငွေဇင်အဖို့ ဘစ်နေ့တစ်နေ့ သုံးလေးဦးနှိပ်လိုက်ရလျှင် လေးငါးခြောက်ကျပ်စည်နေသဖြင့် သူ့တစ်ဝမ်းတစ်ခါးအတွက် ပူစရာမလို။ နှိပ်ခက တစ်ခါနှိပ်လျှင် တစ်ကျပ်ခွဲ။ စေတနာကောင်းသူနှင့်တွေ့တော့ နှစ်ကျပ်ပေးသွားသူလည်း ရှိ၏။

“ငါတစ်ယောက်တည်း နေရတာ သိပ်ဆင်းရဲလှတယ်နော်။ တစ်နေ့တစ်နေ ခြေတိုအောင်လျှောက် လူတကာကို လက်ချောင်းကလေးတွေညောင်းနေအောင်လှုပ်ရှားနိုင်မှ ထမင်းစားရတဲ့ဘဝ။ ဒီဒုက္ခက ဘယ်ခါမှလွတ်ရပါ့။ ယောက်ျားယူရအောင်ကလည်း အရင်လို ငမူးငရူး၊ ငနဲမျိုးနဲ့ထပ်တွေ့ရင် ဒုက္ခ”

နေထိုင်မကောင်း၍ အိပ်ရာထဲလဲနေလျှင် မငွေဇင်တစ်ဦးတည်း ဤသို့ ညည်းတွားနေလေ့ရှိ၏။ ဟုတ်ပါ၏။ မငွေဇင် ယခင်ပေါင်းသင်းခဲ့ဖူးသူလင်ယောက်ျားမှာ နဂိုက လှည်းကူးတွင် တစ်ရွာတည်းနေ တစ်ရေတည်းသောက် အကြောင်းသိ လူရိုးလူကောင်းအဖြစ် ယူခဲ့မိရာမှ ညားပြီးတာမှမကြာလိုက်။ အပေါင်းအသင်းများနှင့် အရက်သောက်၊ ကြက်တိုက်၊ ဖဲရိုက်ပြီး အိမ်ထောင်သက် ရှစ်နှစ်အရတွင် အရက်မူးလွန်ပြီး ကားတိုက်ခံရ၍ သေဆုံးသွားခဲ့ရသူ။ ကလေးသားငယ် မကျန်ခဲ့၍သာ တော်တော့မည်။ ယောက်ျားဆုံးပြီး တစ်နှစ်အကြာမှာပင် မငွေဇင်တစ်ယောက် ရန်ကုန်ရောက်လာပြီး အနှိပ်သည်လုပ်နေရရှာသည်။

ကျွန်တော့်ဖခင် ဦးဂေါ်ရာသည် မြန်မာပြည် ဘိလိယက်ချန်ပီယံတစ်ဦးဖြစ်သည့်အတိုင်း ပြည်သူ့ကလပ်ကန်တော်ကြီး ဘုတ်ကလပ်၊ ယစ်မျိုးကလပ်ဝ် ဗိုင်အမ်စီအေအသင်း စသည်တို့တွင် ဝန်ကြီးများကြီးမှူးသော ဘိလိယက် ရွှေဖလားဆုပြိုင်ပွဲများ ဝင်ချိန်နီးတိုင်း သူ့ကိုယ်လက်များ ပေါ့ပါးစေရန်မနက် ၁၀ နာရီလောက်ကတည်းကပင် မငွေဇင်ကို ခေါ်ခေါ်နှိပ်ခိုင်းလေ့ရှိ၏။ မငွေဇင်က အကြောကိုနားလည်သည်။ သူနှိပ်လိုက်လျှင် ကိုယ်လက်အကြောအခြင် ပေါ့ပါးသက်သာသူများ၍ အဖေက မငွေဇင်ကို လက်ကိုင်ထားသည်။ အဖေ့ကိုနှိပ်သည့် နံနက်က သူ့နှိပ်ခငွေနှစ်ကျပ် အဖေ့ထံမှရသည်။ မငွေဇင်က ပြန်ခါနီး နှုတ်ဆက်ရင်း ...

“ဦးလေးကိုဂေါ်ရာ ပေးလိုက်တဲ့နှိပ်ခငွေနှစ်ကျပ်နဲ့ ညနေ ထီဝင်ထိုးလိုက်ဦးမယ်”တဲ့။

ဟုတ်ပါသည်။ မငွေဇင်တစ်ယောက် ညနေခင်း တကယ်ပင် သိတာလမ်းထိပ်တွင် ထီဝင်ထိုးလိုက်ရာ ထီဆိုင်ရှင်ကလည်း သူနှင့်ခင်မင်နေသူပီပီ ‘အပျိုကြီးလင်ယူရန်’ဟူသော အတိတ်ဖြင့် နောက်ပြောင်ပြီး ရေးပေးလိုက်၏။

ဤသို့နှင့် ထီဖွင့်ပြီး ၁၀ ရက်ခန့်အကြာ တစ်နေ့ခင်း မငွေဇင် အောင်မင်္ဂလာလမ်း ကာစင်တို့အိမ် (ကုန်စုံဆိုင်)သို့ ရောက်လာ၏။ မငွေဇင် ရောက်လာသည့်အချိန်၌ သူ့ညီမမခင်သန်း အိမ်တွင်မရှိ။ ကိုကာစင်တစ်ယောက်တည်း ဆိုင်ထဲတွင်ရှိပြီး ကုန်စုံရောင်းထားသမျှ ပဲစေ့၊ မူးစေ့၊ မတ်စေ့ အကြွေကလေးများကို သတင်းစာစက္ကူဖြင့် လိပ်နေသည်။

“ကာစင်ရေ ...ငါ ထီတစ်စောင်ထိုးထားတယ်ဟ။ နင့်မှာ ပေါက်စဉ်ရှိသေးတယ်မဟုတ်လား။ ငါ့ကို တိုက်ပေးစမ်းပါကွယ်”

ကာစင်က မြန်မာစာလည်းတတ်သူ၊ မြန်မာစကားလည်း လည်လည်ပတ်ပတ်ပြောနိုင်သူ ဖြစ်သည်။

“ခင်ဗျားကလည်းဗျာ ဒီမှာအလုပ်ရှုပ်နေရတဲ့အထဲ လာရှုပ်ပြန်ပြီ။ ကဲ ...ကဲ ...ထီလက်မှတ်ထားခဲ့။ ခင်ဗျားဟာကြီးက ပေါက်မယ့်ဟာလည်း မဟုတ်ဘဲနဲ့”

အကျဉ်းချုံးရသော် မငွေဇင်၏ ထီလက်မှတ်က နှစ်သောင်းဆု ထပေါက်နေသည်။ ထိုခေတ်ကာလ ငွေနှစ်သောင်းက တစ်ထပ်တိုက်ကလေးတစ်လုံး၊ ဂျစ်ကားတစ်စီးအပြင် လက်ထဲတွင် ရင်းဖို့နှီးဖို့ ငွေလေးငါးထောင်ကျန်နိုင်သေးသည်။ ကာစင်က မငွေဇင်ကို မသိကျိုးကျွန်ပြု မပေါက်ဘူး



www.burmeseclassic.com

www.burmeseclassic.com

ပြောကာ သူ့မိန်းမနှင့်တိုင်ပင်ပြီး မငွေဇင် သူတို့အိမ် နောက်တစ်ခါ ရောက်လာတော့ သရက်ထည် ထဘီနှစ်ထည်၊ နိုင်လွန်တစ်ဝတ်စာနှင့် ရွှေကိုင်းမျက်မှန်တစ်လက် ဝယ်ပေးလိုက်သည်။ မခင်သန်းက အတည်ပေါက်နှင့် ပြောလိုက်သေး ...

"အစ်မဖြစ်သူ ဆင်းဆင်းရဲရဲနှင့် အရပ်တကာလှည့်ပြီး အနှိပ်သည်လုပ်နေသည်ကို သနား၍ အသုံးအဆောင်ကလေး အစိတ်ဖိုး ဝယ်ပေးလိုက်တာပါတဲ့"

မငွေဇင်က ကပ်စေးနှဲကော်တစ်ရာ ဇနီးမောင်နှံ၏ အပြုအမူထူးခြားချက်ကို အလျဉ်းဂရုမပြုမိ။ "ဒီလိုတော့လည်း ငါ့ညီမ ခင်သန်းတစ်ယောက် တော်ရှာသားပဲ"ဟု အမှတ်မျှားပင် ပေးလိုက်မိသေး။

ဤလိုနှင့် ရက်တွေအတော်ကြာသွားသည်။ မငွေဇင်တစ်ယောက် ဟိုအပိုင်းလည်နှိပ်၊ သည်အပိုင်းလည်နှိပ် လှည်းကူးကို ပြန်နှင့် ကျောက်မြောင်း သိတာလမ်းထိဆိုင်ရှေ့သို့ မရောက်ဖြစ်သည်မှာ တစ်လကျော်ခန့် ကြာခဲ့ပြီ။ ယခုမှရောက်ဖြစ်တော့သည်။

"ဟော့ ... အပျိုကြီးတစ်ယောက် တစ်သွေးတစ်မွေးဖြစ်သွားလို့ တို့ကိုတောင် အဖက်မလုပ်တော့ဘူး။ တစ်ဆိတ်လောက်တော့ ဝင်ကောင်းပါတယ်ရှင်"

ထိုဆိုင်ထဲမှ ဆိုင်ရှင်မိန်းမက လှမ်းအော်ခေါ်သည်။ မငွေဇင်က ဇဝေဇဝါ။

"ကျုပ်က ဘာတွေတစ်သွေး တစ်မွေးဖြစ်နေရတာလည်း မနှင်းရဲ့"

မနှင်းက သူ့နှုတ်ခမ်းကို နှစ်လက်မခန့် ဘေးသို့ရောက်အောင် ရွဲ့လိုက်ရင်း ...

"အံမယ် ... မငွေဇင်တို့များ ရွှေမျက်မှန်နဲ့ ဝတ်ကောင်းစားလှနဲ့။ ပိုက်ဆံရှိသွားတော့ ကျုပ်တို့ကို မခေါ်ချင်တော့ဘူး ဟုတ်လား"

"ဘာတွေပြောနေတာလဲ မနှင်းရဲ့။ ကျွန်တော်မျိုးမမှာ ပိုက်ဆံရှိမှတော့ အရပ်တကာကို ခြေတိုအောင် လျှောက်ပြီး လိုက်နှိပ်ပါ့မလားတော့"

"အပျိုကြီးက ခုထိဟန်ဆောင်ကောင်းနေတာကိုး။ ရှင် ထီပေါက်တဲ့အကြောင်း ကျုပ်တို့ မသိဘူးများ မှတ်နေသလား။ ကျုပ်တို့ဆိုင်ကထိုးသွားတဲ့ထီ နှစ်သောင်းဆုလေ နှစ်သောင်းဆု။ ရှင့်ဆီက ဘောက်ဆူးမတောင်းပါဘူးတော်"

သည်တော့မှ မငွေဇင်တစ်ယောက် ပြူးတူးပြဲတဲဖြစ်ကာ ထီပေါက်သည့်အကြောင်းကို သူလုံးဝမသိပါကြောင်း၊ မတ်ဖြစ်သူ ကိုကာစင်ကို တိုက်ခိုင်းရာ မပေါက်ဖူးပြော၍ အဝတ်အစားမျက်မှန်ကလေးသာ ဝယ်ပေးလိုက်ဖူးကြောင်း ပြောပြီး ကာစင်တို့ထံ အပြေးအလွှားသွားရ၏။ ကာစင်တို့လင်မယားက လူလည်ပီပီ အကြောက်အကန်ငြင်းသည်။ "ထီလက်မှတ်ကိစ္စဆိုတာ သူတို့မသိ။ ဘာလာအမှုပတ်တာလဲ"ဆိုသည့် ပုံစံဖြင့် ရိုက်မောင်းပုတ်မောင်းပင် လုပ်လိုက်ကြသေး။

နောက်ဆုံး အနှိပ်သည်မငွေဇင်တစ်ယောက် မျက်ရည်လည်ရွဲဖြင့် နံနက်စောစော ကျွန်တော့်အဖေထံ ရောက်လာသည်။

"အဲဒါပါပဲ ဦးလေးရယ်။ ဦးလေးကိုဂေါ်ရာက စာတတ်ပေတတ် ရှုံးစာရေးကြီးဖြစ်ပြီး လူကြီးတွေအားလုံးနဲ့လည်း ပေါက်ပေါက်ရောက်ရောက်ရှိနေ တော့ ကျွန်မကိစ္စကို ကူညီပေးပါ။ ဦးလေးတစ်ယောက်ပဲ အားကိုးရာရှိလို့ပါ"

အဖေက ခေါင်းကိုတဖျင်းဖျင်း ကုတ်သည်။

"ဒီမှာ ငွေဇင်၊ ငါနဲ့ရှေ့နေချုပ်ဦး ဘစိန်တို့၊ ကာကွယ်ရေးဝန်ကြီး ကျားကြီးဗဆွေတို့၊ သခင်တင်၊ သခင်ပန်းမြိုင်တို့ဟာ ညနေတိုင်း ကန်တော်ကြီး ဘုတ်ကလပ်တို့၊ ပြည်သူ့ကလပ်တို့မှာ ဘိလိယက်ထိုးဖက်တွေ။ ငါ့အပေါ် သိပ်ကောင်းတဲ့ဆရာသမား မိတ်ဆွေဝန်ကြီးတွေကွ။ တခြား ဖြစ်နိုင်မယ့် ကိစ္စတွေမှာ ငါပြောလိုက်ရင် တစ်ခွန်းပဲ။ အခု ညည်းဟာက ထီပေါက်တဲ့ကိစ္စ။ ထိဥပဒေမှာ ထီလက်မှတ် လက်ဝယ် ကိုင်ဆောင်တင်ပြနိုင်သူကိုသာ တရားဝင် ငွေထုတ်ခွင့်ရှိတယ်ဆိုတော့ ဒီကိစ္စမှာ ဘယ်လိုမှ ငါဝင်လို့ရမှာမဟုတ်ဘူး။ ညည်းမတ်တော်မောင် ကလီမ်ကျလို့ ခံရတာပဲ သဘောထားပြီး သူတို့ကိုပြန်ချေး။ မူးပေးပဲပေးရရင်ပဲ ကျေနပ်ပါတော့ကွာတဲ့"

"အင်း ... ကံတရားဆိုတာ မိမိထံ တကူးတကနဲ့ အလှည့်ပေးရောက်လာပြန်တော့လည်း ဘဝကုသိုလ်ကံ မစင်ကြယ်ပြန်တော့ ပေါက်ရှုံးရှုံးရပြန်တာပဲ"ဟု အဖေ့ညည်းသံကို ပြန်လည်ကြားယောင်မိလိုက်သည်။

မောင်ချိုမင်း(ကန္တာရဝတီ)

www.burmeseclassic.com

# ရုတ်တရက်လေဖြတ်ခံရသူ အမြန်ကယ်ဆယ်ပြုစုနည်း



လူတစ်ယောက် ကိုက်ခဲသော ဝေဒနာများ ခံစားနေရခြင်းကို တရုတ်ရိုးရာ ရှေးဟောင်းဆေးပညာနည်းဖြင့် ကုသရာတွင် များစွာအကျိုးသက်ရောက်လျက်ရှိသည်။ တရုတ်ရိုးရာ ရှေးဟောင်းဆေးပညာတွင် အကိုက်အခဲဝေဒနာများကို တရုတ်အပ်စိုက်ကုသနည်းမှာ အထင်ရှားဆုံးသော ရှေးဟောင်းတရုတ်ရိုးရာကုသနည်းဖြစ်ရာ မှတ်တမ်းမှတ်ရာများအရ ၎င်းအပ်စိုက်ကုသနည်းသည် "မင်" မင်းဆက်က ထင်ရှားခဲ့သည်ဆို၏။ ထိုနည်းတူစွာ ၎င်းအပ်စိုက်ကုသနည်းနှင့်အတူ လေဖြတ်ခံရသူကိုလည်း ကုသနိုင်ကြောင်း တွေ့ရှိရသည်ဆို၏။ ထို့ကြောင့် တရုတ်တိုင်းရင်းဆေးပညာရပ်ဖြင့် လူတစ်ယောက် ရုတ်တရက် လေဖြတ်ခံရပါက အမြန်ဆုံး ကယ်ဆယ်ပြုစုနည်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

လူတစ်ယောက် ရုတ်တရက် လေဖြတ်ခံလိုက်ရပါက ထိုလေဖြတ်ခံရသူကို ရွှေ့ပြောင်းခြင်းမပြုဘဲ ၎င်းနေရာ၌ပင် ထားရှိရမည်။ နေရာရွှေ့ပြောင်းခြင်း လုံးဝမပြုရ။ ထိုသို့ ပြောင်းခြင်းပြုလုပ်ပါက ဦးနှောက်သွေးကြောများ လျင်မြန်စွာ ပေါက်ကွဲပြီး လူနာ၏အခြေအနေ ဆိုးရွားသွားနိုင်သည်။

ဒုတိယအချက်အနေနှင့် လူနာကို စဖြစ်သည့်နေရာ၌ပင် အသာထူမပေးပြီး လဲမကျစေရန် အသာမှီနှီးထားပြီး ထိုင်စေရမည်။ လူနာကိုယ်တိုင် မထိုင်နိုင်ပါက တစ်ဦးတစ်ယောက်က ဘေးမှ အသာမ၍ ထူပေးရမည်။ ထိုသို့ ထူပြီးလျှင်ပြီး ချင်း ပိုးသတ်ထားသော ဆေးထိုးအပ် (သို့မဟုတ်) လက်ချုပ်အပ်ကို မီးရှို့ထားသော အပ်ဖြင့် လူနာ၏ လက် ၁၀ ချောင်း ထိပ်ဖျားများတွင် အပေါက်ဖောက်ပေးပြီး သွေးပဲ့စေခန့် တစ်စက်စီ ထွက်လာသည်အထိ ဖောက်ပေးရမည်။ အကယ်၍ သွေးမထွက်လာခဲ့သော် ထွက်လာအောင် လက်နှင့် ညှစ်ပေးရမည်။ ထိုသို့ လက်ဖျား ၁၀ ခုစလုံး သွေးစက်ပဲ့စေခန့် ထွက်လာပြီးပါက မိနစ်ပိုင်းအတွင်း လူနာပြန်သတိရလာမည်။

တတိယအချက်အနေနှင့် လူနာ လေဖြတ်ခံရ၍ ပါးစပ်ရွဲ့စောင်းသွားပါက လူနာ၏ နားရွက်နှစ်ဖက်စလုံးကို နီလာသည်အထိ လက်နှင့်ပွတ်ပေးပြီး နားရွက်နီရဲလာလျှင် နားရွက်အောက်ပိုင်း နားဖောက်သည့်နေရာတွင် မီးရှို့ထားသည့် အပ်၊ သို့မဟုတ် ပိုးသတ်ထားသော ဆေးထိုးအပ်ဖြင့် နားရွက်တစ်ဖက်စီတွင် နှစ်ချက်စီဖောက်ပေးပါ။ သွေးစက်နှစ်စက် ထွက်လာပြီး မိနစ်ပိုင်းအတွင်း ပါးစပ်ရွဲ့စောင်းသွားခြင်းမှ ပြန်လည်တည့်မတ်ကောင်းမွန်လာမည်။

နောက်ဆုံးအချက်အနေနှင့် ပြုစုကုသမှုပြီးဆုံး၍ ပုံမှန်အခြေအနေရောက်အောင် စောင့်ကြည့်ပြီးမှ ဆေးရုံသို့ ပို့တန်ပို့၊ လိုအပ်သည့် ဆေးဝါးကုသမှုခံယူရန် ဆက်လက်ဆောင်ရွက်ရမည်။

အထက်ပါနည်းအတိုင်း ဆောင်ရွက်ခြင်းဖြင့် အကြောသေခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ လက်လှုပ်ရှား၍ မရခြင်း၊ စကားပီသစွာ မပြောနိုင်ခြင်း စသည့် လူ့ဖြစ်ရှုံးရမည့် ဒုက္ခိတဘဝမှ ကင်းဝေးစေမည် ဖြစ်ပါသည်။

ယခုအခါ အနောက်တိုင်းနိုင်ငံများသည် တရုတ်ရိုးရာတိုင်းရင်းဆေး ကုသမှုများကို လက်ခံယုံကြည်လာကြပြီဖြစ်ရာ အမေရိကန်၊ ပြင်သစ်၊ ယူကေ စသည့်နိုင်ငံများတွင် တရုတ်ရိုးရာ တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်ကုသလျက်ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် လူတစ်ယောက် ရုတ်တရက် လေဖြတ်ခံရလျှင် အရေးပေါ် အသက်ကယ်ဆယ်ကုသနည်းများသည် အမှန်တကယ်ပင် ရာနှုန်းပြည့် အောင်မြင်မှုရရှိနေပြီဖြစ်ရာ လူအများ လေဖြတ်ခြင်းဒုက္ခမှ ကင်းဝေးစေရန် မေတ္တာစေတနာဖြင့် ရောင်ပြန်မဂ္ဂဇင်းမှတစ်ဆင့် ဖြန့်ဝေလိုက်ရပါသည်။ ရောင်ပြန်စာဖတ်ပရိသတ်များကလည်း မိမိတို့နှင့်နီးစပ်ရာ ဆွေမျိုးမိတ်သင်္ဂဟများထံ တစ်ဆင့်ဖြန့်ဖြူးနိုင်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

**အယ်ဒီတာတစ်ဦး**

***(Ref:** Newsweek, May 19, 2003)*



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ထောင်ဖက်ရွေးနည်း

ဦးတိုး(တက္ကသိုလ)

ကျွန်တော့်အသက် တော်တော်လေးရလာမှ အိမ်ထောင်ပြုခဲ့ပါတယ်။ စံရွေးနေလို့ မဟုတ်ပါဘူး။ မိဘတွေက ဝန်ထမ်းတွေမို့လို့ စားဝတ်နေရေး ပြေလည်ရုံသာ ရှိကြပါတယ်။ ကျွန်တော့်အစ်ကိုတွေက အသီးသီး အိမ်ထောင်ခွဲသွားကြသော်လည်း မိဘတို့ကို ဒုက္ခမပေးချင်လို့ အိမ်ထောင်မပြုသေးဘဲ နေခဲ့တာပါ။ အဖေဆုံးသွားတဲ့အခါ ကျွန်တော်တစ်ယောက်သာလျှင် လူပျိုကြီးနီးနီး ဖြစ်နေလေတော့ အမေက သားအတွက် မိန်းမရှာခဲ့ပါတယ်။ တစ်နေ့တော့ မေမေ မန္တလေးကနေ ပြန်ရောက်လာတဲ့အခါ ဓာတ်ပုံတစ်ပုံ ပါလာပါတယ်။ ဒါ မေမေ့သူငယ်ချင်းရဲ့ သမီးပဲ။ သူက စနေသမီး၊ မင်းက ကြာသပတေးမို့လို့ နေ့နံမသင့်ဘူးလို့ ပြောပါတယ်။ ဓာတ်ပုံက ဘာဖြစ်လို့ ယူလာခဲ့ရတာလဲ မေးတော့ အားနာလို့ ယူခဲ့တာတဲ့ဗျာ။ ဓာတ်ပုံထဲကအမျိုးသမီးလေးက ခေတ်ဆန်ဆန် အမျိုးသမီးပုံဖြစ်နေပြီး ထူးထူးခြားခြား အရုပ်အတော်ချောပါတယ်။ ကျွန်တော် နောက်ပိုင်းမှသာ ကိုယ့်ချစ်သူနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ အဲဒီအချိန်က မန္တလေးသူနဲ့ အိမ်ထောင်မပြုခဲ့ရတဲ့အကြောင်းရင်းက 'ဓမ္မာ၊ သောက၊ အင်း၀၊ ရာဇာ၊ အိမ်ထောင်ဖက် အသက် မရှည်ရာ'ဆိုတဲ့ လင်္ကာအရ ရှောင်ခဲ့ပါတယ်။ ဓမ္မာ(၀+၅) စနေနဲ့ ကြာသပတေး၊ သောက(၆+၂) သောကြာနဲ့ တနင်္လာ၊ အင်း၀ (၁+၄) တနင်္ဂနွေနဲ့ ဗုဒ္ဓဟူး၊ ရာဇာ(၈+၃) ရာဟုနဲ့ အင်္ဂါတို့ အိမ်ထောင်ဖက်ကြရင် အသက်မရှည်ဘူးတဲ့ဗျာ။

တစ်ခါက ကျွန်တော့်သူငယ်ချင်းတစ်ယောက်က စနေသားတစ်ဦးပါ။ ကြာသပတေးသမီးတစ်ဦးနဲ့ ရည်ငံနေမိကြလေတော့ ဗေဒင်ဆရာနဲ့ပေါင်းပြီး သူဟာ စနေသားအစစ် မဟုတ်ကြောင်း၊ ညဉ့်သန်းခေါင်ကျော် ၁၂ နာရီ ၃,၄ မိနစ် စွန်းမှာမွေးလို့ တနင်္ဂနွေသားဖြစ်ကြောင်း ပြောဆိုပြီး အိမ်ထောင်ပြုခဲ့ကြပါတယ်။ ကျွန်တော်တို့သူငယ်ချင်းတစ်စု သူတို့မင်္ဂလာဆောင်တဲ့ သတို့သမီးရဲ့ ဇာတိမြေ တောင်ငူထိ လိုက်သွားခဲ့ကြပါသေးတယ်။ ဟော . . ၁၉၇၀ ခုနှစ်လောက်က သူ့ အသက် ၄၁ နှစ်၊ တမူးမြို့နယ်မှာ ဆုံးရှာပါလေရောဗျာ။ စနေနဲ့ ကြာသပတေး အိမ်ထောင်ပြုလို့ ခိုက်တာပါ။ ရှေးထုံးကို ပယ်လို့လေ။ ကျွန်တော့်အထက်အစ်ကို ဦးစိုးမြင့် အင်္ဂါသားဟာ ရာဟုသမီးနဲ့ အိမ်ထောင်ကျပြီး သူ့အသက် ၅၂ နှစ်၊ တာချီလိတ်မှာ တာဝန်ထမ်းဆောင်နေရင်း ဆေးရုံမှာ ဆုံးရှာပါတယ်။ ရာဟုနဲ့အင်္ဂါ အိမ်ထောင်ပြုလို့ ခိုက်တာပါ။ ဒါတွေဟာ ဂရုမစိုက်ခဲ့ကြလို့ပါ။ ရှေးထုံးနဲ့အညီ မပြုမူခဲ့ကြလို့ပါ။ အိမ်ထောင်ဖက်သင့်တဲ့ လင်္ကာကို အောက်မှာ ဖော်ပြလိုက်ပါတယ်။

## အတွင်းမိတ်

ဥဿာ(၁+၆) တနင်္ဂနွေ + သောကြာ၊ စိန်ပိန်း (၃+၅) အင်္ဂါ + ကြာသပတေး၊ ဒန်းလှ(၀+၄) စနေ+ ဗုဒ္ဓဟူး၊ ကိုရှာ (၂+၈) တနင်္လာ + ရာဟု

အိမ်ထောင်မဖက်သင့်တဲ့ လင်္ကာနဲ့ ဆန့်ကျင်ဘက်ပါ။ သူတို့ချင်း အိမ်ထောင်ပြုကြရင် အသက်ရှည်မယ်ပေါ့ဗျာ။ အိမ်ထောင်မြဲမယ်၊ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ရှိမယ်ပေါ့။ နောက်လင်္ကာနှစ်မျိုးကတော့ 'အပြင်မိတ်'နဲ့ 'ဓာတ်မိတ်' ဖြစ်ပါတယ်။ သူတို့ချင်းလည်း အိမ်ထောင်ပြုရင် သင့်ပါတယ်။

## မိတ်ဖက်ချင်း(အပြင်မိတ်)

အောင်ပ(၁+၅) တနင်္ဂနွေ+ ကြာသပတေး၊ ကုလား (၂+၄) တနင်္လာ+ ဗုဒ္ဓဟူး၊ ဆွေသား (၃+၆)



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါ + သောကြာ၊ တော်ရှင်း(၀+၈) စနေ + ရာဟု

**မာတ်မိတ်**

အဿေ(၁+၀) တနင်္ဂနွေ+ စနေ၊ ဂရေ (၃+၈) အင်္ဂါ + ရာဟု၊ ဂဗ္ဗေ (၂+၅) တနင်္လာ + သောကြာ

အိမ်ထောင်မဖက်သင့်တဲ့ အခြားနေ့နံနှစ်မျိုးကိုလည်း အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါတယ်။

**ရန်စိစိ (အပြင်ရန်)**

ဦးညို (၁+၃) တနင်္ဂနွေ + အင်္ဂါ၊ ခေမာ (၂+၅) တနင်္လာ + ကြာသပတေး (ဂဗ္ဗေလည်းဖြစ်၍ အချို့အိမ်ထောင်ဖက်ဖြစ်ကြ၏။) သုတ (၆+၀) သောကြာ + စနေ၊ ဝေရိ (၄+၈) ဗုဒ္ဓဟူး + ရာဟု

**မာတ်ရန်**

ဦးဝေ(၁+၄)တနင်္ဂနွေ+ ဗုဒ္ဓဟူး၊ စံကူး (၃+၂) အင်္ဂါ + တနင်္လာ၊ ရေ ဘူး (၄+၅) ဗုဒ္ဓဟူး + ကြာသပတေး၊ တောသူ (၀+၆) စနေ + သောကြာ

ဒီလက်ာများအရ အပြင်ရန်နဲ့ မာတ်ရန်ကျနေလို့ အိမ်ထောင်မပြုသင့်ဘူးဆိုပေမယ့်လည်း စီးပွားဖြစ်ချင်ရင် 'ဥစ္စာလို ရန်ဖြိုဟ်ရှာ'လို့ ဆိုထားပြန်တယ်။ အိမ်ထောင်ရန်တော့ မဟုတ်ဘူး၊ စီးပွားဖြစ်နိုင်တယ်လို့ အဓိပ္ပာယ်ပေါ်နေပြန်ပါတယ်။ ဒါတွေကို သေသေချာချာ ချင့်ချိန်ကြည့်မှ သိနိုင်ပါလိမ့်မယ်။

တဲ . . လက်ာအပိုင်း တင်ပြပြီးတဲ့နောက် မဟာဘုတ်ခွင် ချိန်ထိုးကြည့်ကြပါစို့။ အောက်မှာကြည့်ပါ။

| | | |
|---|---|---|
| | အဓိပတိ ✓ | |
| အထွန်း ✓ | သိုက် ✓ | ရာဇ ✓ |
| မရဏ ✗ | ဘင်္ဂ ✗ | ပုတိ ✗ |

အိမ်ထောင်ရေးကံကောင်းသူများဟာ မိမိရဲ့မဟာဘုတ်ခွင်မှာ ကျားအတွက် သောကြာနံ၊ မအတွက် အင်္ဂါနံတို့ဟာ ပုံများတွင်ဖော်ပြထားတဲ့အတိုင်း အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိမှာရှိရင် ကောင်းတယ်လို့ ဆိုနိုင်ပါတယ်။

ရာခိုင်နှုန်းနဲ့ ပြောရရင် အထွန်း ၁၀၀%၊ သိုက် ၇၅%၊ ရာဇ ၅၀%၊ အဓိပတိ ၂၅% အိမ်ထောင်ရေးကံ ကောင်းလိမ့်မယ်လို့ ဆိုနိုင်ပြီး အဲဒီ သောကြာနံနဲ့ အင်္ဂါနံများဟာ မရဏ၊ ဘင်္ဂနဲ့ ပုတိမှာရှိရင် အိမ်ထောင်ရေး ညံ့ပါတယ်။ မရဏ ၁၀၀%၊ ဘင်္ဂ ၇၅% နဲ့ ပုတိ ၅၀% ညံ့ပါတယ်။

အောက်ပါ မဟာဘုတ်ခွင်များအရ အမျိုးသားများရဲ့ အိမ်ထောင်ရေးအခြေအနေ အကောင်းအဆိုးကို အစဉ်အတိုင်း တန်းစီပြထားပါတယ်။

**အိမ်ထောင်ရေး ကံကောင်းသူများ**

**(အမျိုးသား)**

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

အထွန်း
(၁၀၀% ကောင်း)

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

သိုက်
(၇၅% ကောင်း)

| | | |
|---|---|---|
| | ၄ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

ရာဇ
(၅၀% ကောင်း)

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

အဓိပတိ
(၂၅% ကောင်း)



www.burmeseclassic.com

www.burmeseclassic.com

## အိမ်ထောင်ရေး ကံညံ့သူများ
## (အမျိုးသား)

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| (၆) | ၇ | ၄ |

မရဏ(၁၀၀%ညံ့)
(အညံ့ဆုံး)

| | | |
|---|---|---|
| | ၇ | |
| ၅ | ၁ | ၄ |
| ၂ | (၆) | ၀ |

ဘင်(၇၅%ညံ့)
(အနည်းငယ်ညံ့)

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၇ |
| ၁ | ၅ | (၆) |

ပုတိ(၅၀% ညံ့)
(သင့်)

အောက်ပါ မဟာဘုတ်ခွင်များအရ အမျိုးသမီးများရဲ့ အိမ်ထောင်ရေးအခြေအနေ အကောင်း၊ အဆိုးကို အစဉ်အတိုင်း တန်းစီပြထားပါတယ်။

## အိမ်ထောင်ရေး ကံကောင်းသူများ
## (အမျိုးသမီး)

| | | |
|---|---|---|
| | ၁ | |
| (၇) | ၆ | ၂ |
| ၀ | ၄ | ၅ |

အထွန်း
(၁၀၀% ကောင်း)

| | | |
|---|---|---|
| | ၅ | |
| ၀ | (၇) | ၆ |
| ၄ | ၁ | ၂ |

သိုက်
(၇၅% ကောင်း)

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | (၇) |
| ၁ | ၅ | ၆ |

ရာဇ
(၅၀% ကောင်း)

| | | |
|---|---|---|
| | (၇) | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၁ |

အဓိပတိ
(၂၅% ကောင်း)

## အိမ်ထောင်ရေး ကံညံ့သူများ
## (အမျိုးသမီး)

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| (၇) | ၀ | ၁ |

မရဏ(၁၀၀%ညံ့)
(အညံ့ဆုံး)

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | (၇) | ၄ |

ဘင်(၇၅%ညံ့)
(အနည်းငယ်ညံ့)

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | (၇) |

ပုတိ(၅၀% ညံ့)
(သင့်)

အခု ဖော်ပြခဲ့တာတွေဟာ အိမ်ထောင်ရေးအခြေအနေ ဘယ်လိုရှိနိုင်မလဲလို့ အကြမ်းဖျင်းအားဖြင့် ခန့်မှန်းထားတာပါ။ တကျက်ကျက်နဲ့ ဆူဆူပူပူ ဖြစ်နေတဲ့ အိမ်ထောင်ရေးမှာ မြဲနေတာတွေ ရှိသလို၊ စီးပွားတက်လျက် အထက်တန်းကျကျ နေနိုင်တာတွေလည်း ရှိနေကြပါတယ်။ တချို့ အိမ်ထောင်တွေကျပြန်တော့ သင့်သင့်တင့်တင့် ရှိပါလျက် စီးပွားမဖြစ်ဘဲ ဗိုက်မှောက်နေကြသူတွေလည်း ရှိကြပါသေးတယ်။ တစ်ခုတော့ ရှိပါတယ်၊ အိမ်

www.burmeseclassic.com

www.burmeseclassic.com

ထောင်ပြုတော့မယ်ဆိုရင် နေ့နံသင့်မသင့်ကို ကြည့်ပါ။ အသက်ရှည်ချင်ရင် စာခြောက်တန်း လက်ာနဲ့အညီ ကျင့်သုံးပါလေ။ မိမိအတွက် အကျိုးကျေးဇူးအများကြီး ရှိနိုင်ပါတယ်။ နောက်တစ်မျိုးတော့ မိမိရဲ့ မဟာဘုတ်ခွင်မှာ အိမ်ထောင်ဖက်ရဲ့ မွေးနံဘယ်မှာရှိသလဲဆိုတာကို ရှာကြည့်ပါ။

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| (၆) | ၃ | ၄ |

(၃)ကြွင်း မဟာဘုတ်

အမျိုးသားတစ်ဦးရဲ့ (၃)ကြွင်း မွေးခွင် မဟာဘုတ်အရ အိမ်ထောင်ရေးအတော်ညံ့မယ်လို့ ဆိုရပါမယ်။ ဘာပြုလို့လဲဆိုတော့ အိမ်ထောင်ရေးပြိုဟ် သောကြာနံဟာ မရဏမှာ ရောက်နေလို့ပါ။ အကယ်၍သာ သင့်ဇနီးလောင်းဟာ သောကြာသမီးလည်း ဖြစ်နေပြန်ရင် ကျန်းမာရေးချို့တဲ့သူ ဖြစ်နေပါလိမ့်မယ်။ ထို့အပြင် သင့်အတွက် အကျိုးကျေးဇူးပြုမည့်သူ မဟုတ်ပါ။ အောင့်အည်းသည်းခံ ပေါင်းသင်းရပါလိမ့်မယ်။

| | | |
|---|---|---|
| | ၄ | |
| ၂ | ၅ | ၆ |
| (၃) | ၀ | ၁ |

(၀)ကြွင်း မဟာဘုတ်

အပြန်ပြန်အလှန်လှန်အနေနဲ့ (၀)ကြွင်း မဟာဘုတ်ခွင်ပိုင်ရှင် အမျိုးသမီးတစ်ဦးဟာ အင်္ဂါသားနဲ့ လက်ထပ်လိုက်ရင် ထိုခင်ပွန်းဟာ တစ်သက်တာလုံး ကျန်းမာရေး ချို့တဲ့နေသူ ဖြစ်ပါလိမ့်မယ်။ မိမိအတွက် အကျိုးပြုမည့်သူတစ်ဦး မဟုတ်ပါ။ ဘာပြုလို့လဲဆိုတော့ ခင်ပွန်းသည်ရဲ့ မွေးနံဟာ မရဏမှာရောက်နေလို့ ဖြစ်ပါတယ်။

ဆက်လက်ပြီး တင်ပြလိုတာကတော့ မဟာဘုတ်ခွင်တစ်ခုချင်းအလိုက် အိမ်ထောင်ဘက် ရွေးကြည့်ရအောင်။

(၀)ကြွင်း မဟာဘုတ်အရ အောက်ပါအတိုင်း ရွေးချယ်သင့်ပါတယ်။ အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိမှာရှိတဲ့ မွေးနံနဲ့ ဥဿာ(၁+၆)၊ စိန်ပန်း(၃+၅)၊ ဒန်းလှ(၀+၄)၊ ကိုရှာ(၂+၈) လက်ာနဲ့ ညီနိုင်းပြီး အိမ်ထောင်ဖက် ရွေးချယ်ပါ။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

(၀)ကြွင်း မဟာဘုတ်

**တနင်္ဂနွေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| သောကြာ | ကြာသပတေး | - |

**တနင်္လာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ရာဟု | ဗုဒ္ဓဟူး | ကြာသပတေး |

**အင်္ဂါနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | သောကြာ | - |

**ဗုဒ္ဓဟူးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| စနေ | သောကြာ | - |

**ကြာသပတေးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္လာ | တနင်္ဂနွေ | - |

**သောကြာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | ဗုဒ္ဓဟူး | - |



www.burmeseclassic.com

www.burmeseclassic.com

**စနေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ဗုဒ္ဓဟူး | တနင်္ဂနွေ | - |

(၁)ကြွင်း မဟာဘုတ်အိမ်ရ အိမ်ထောင်ဖက်ကို အောက်ပါအတိုင်း ရွေးချယ်ပါ။

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

(၁)ကြွင်း မဟာဘုတ်

**တနင်္ဂနွေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| သောကြာ | ကြာသပတေး | စနေ |

**တနင်္လာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | ရာဟု | စနေ |

**အင်္ဂါနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | သောကြာ | - |

**ဗုဒ္ဓဟူးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| စနေ | သောကြာ | - |

**ကြာသပတေးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| အင်္ဂါ | တနင်္လာ | - |

**သောကြာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| အင်္ဂါ | တနင်္ဂနွေ | - |

**စနေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | ရာဟု | - |

(၂)ကြွင်း မဟာဘုတ်အရ အိမ်ထောင်ဖက်ကို အောက်ပါအတိုင်း ရွေးချယ်ပါ။

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

(၂)ကြွင်း မဟာဘုတ်

**တနင်္ဂနွေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| သောကြာ | စနေ | - |

**တနင်္လာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ရာဟု | ဗုဒ္ဓဟူး | - |

**အင်္ဂါနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| သောကြာ | ရာဟု | - |

**ဗုဒ္ဓဟူးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| စနေ | သောကြာ | - |

**ကြာသပတေးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | အင်္ဂါ | - |

**သောကြာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | ဗုဒ္ဓဟူး | - |

**စနေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ဗုဒ္ဓဟူး | တနင်္ဂနွေ | - |

(၃)ကြွင်း မဟာဘုတ်အရ အိမ်ထောင်ဖက်ကို အောက်ပါအတိုင်း ရွေးချယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

(၃)ကြွင်း မဟာဘုတ်

**တနင်္ဂနွေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | စနေ | - |

**တနင်္လာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | ရာဟု | ဗုဒ္ဓဟူး |

**အင်္ဂါနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | စနေ | - |

**ဗုဒ္ဓဟူးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္လာ | စနေ | - |

**ကြာသပတေးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | တနင်္လာ | - |

**သောကြာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | ဗုဒ္ဓဟူး | - |

**စနေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | ဗုဒ္ဓဟူး | - |

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

(၄)ကြွင်း မဟာဘုတ်

(၄)ကြွင်း မဟာဘုတ်အရ အိမ်ထောင်ဖက်ကို အောက်ပါအတိုင်း ရွေးချယ်ပါ။

**တနင်္ဂနွေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| သောကြာ | ကြာသပတေး | - |

**တနင်္လာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | ရာဟု | ဗုဒ္ဓဟူး |

**အင်္ဂါနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | သောကြာ | - |

**ဗုဒ္ဓဟူးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္လာ | သောကြာ | - |

**ကြာသပတေးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| အင်္ဂါ | တနင်္လာ | - |

**သောကြာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | အင်္ဂါ | - |

**စနေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | ဗုဒ္ဓဟူး | - |

(၅)ကြွင်း မဟာဘုတ်အရ အိမ်ထောင်ဖက်ကို အောက်ပါအတိုင်း ရွေးချယ်ပါ။

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

(၅)ကြွင်း မဟာဘုတ်



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| စနေ | သောကြာ | ကြာသပတေး |

**တနင်္လာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ဗုဒ္ဓဟူး | ရာဟု | ကြာသပတေး |

**အင်္ဂါနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| သောကြာ | ကြာသပတေး | - |

**ဗုဒ္ဓဟူးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| စနေ | တနင်္လာ | - |

**ကြာသပတေးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| အင်္ဂါ | တနင်္လာ | သောကြာ |

**သောကြာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ဗုဒ္ဓဟူး | အင်္ဂါ | ရာဟု |

**စနေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ဗုဒ္ဓဟူး | ရာဟု | - |

(၆)ကွင်း မဟာဘုတ်အရ အိမ်ထောင်ဖက်ကို အောက်ပါအတိုင်း ရွေးချယ်ပါ။

| | | |
|---|---|---|
| | ၇ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

(၆)ကွင်း မဟာဘုတ်

**တနင်္ဂနွေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | စနေ | သောကြာ |

**တနင်္လာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | ရာဟု | ဗုဒ္ဓဟူး |

**အင်္ဂါနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| ကြာသပတေး | သောကြာ | - |

**ဗုဒ္ဓဟူးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| စနေ | ဗုဒ္ဓဟူး | - |

**ကြာသပတေးနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | အင်္ဂါ | - |

**သောကြာနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | ဗုဒ္ဓဟူး | အင်္ဂါ |

**စနေနေ့သား**

| (က) | (ခ) | (ဂ) |
|---|---|---|
| တနင်္ဂနွေ | ဗုဒ္ဓဟူး | ရာဟု |

စာခြောက်တန်းနဲ့ မဟာဘုတ်ခွင်အရ မိမိတို့ရဲ့ အိမ်ထောင်ဖက်ရွေးချယ်ရန်အတွက် အသေးစိတ် ဖော်ပြခဲ့ပြီးတဲ့နောက် မွေးနေ့သင်္ကရာဇ်အရ ခုနစ်ရက်သားသမီးများအား 'အိမ်ထောင်ဖက်ရွေးချယ်နိုင်ရန်ဇယား'တစ်ခုကို ရေးဆွဲပေးလိုက်ပါတယ်။ မွေးနေ့သင်္ကရာဇ်အကြွင်း၊ နေ့သားအလိုက် ပထမ (က)ဦးစားပေး၊ ဒုတိယ (ခ)ဦးစားပေး၊ တတိယ (ဂ)ဦးစားပေး အိမ်ထောင်ဖက်များအလွယ်တကူ ရှာတွေ့နိုင်ပါတယ်။

တချို့က ပြောကြပါလိမ့်မယ်။ 'မွေးနေ့ချင်းထပ်မြတ်တယ်'လို့ အဆိုရှိလေတော့ တနင်္ဂနွေ+တနင်္ဂနွေ၊ တနင်္လာ+တနင်္လာ၊ အင်္ဂါ+အင်္ဂါ စသည်ဖြင့် . . .

---

ဦးတိုး(တက္ကသီလ)



www.burmeseclassic.com

www.burmeseclassic.com



# အိမ်ထောင်ရေးနှင့် ကံကြမ္မာ

ဒေါ်ဖင်မာဝေ

"ဆရာမရဲ့ ဆောင်းပါးတွေ ကျွန်တော် ဖတ်တယ်ခင်ဗျ။ အဲဒီမှာ (၇)ကြွင်းတွေဟာ မိန်းမရကံကောင်းတယ်လို့ ဆရာမက ရေးသားထားတယ်။ ဒါပေမယ့် ကျွန်တော်က (၇) ကြွင်းဆိုပေမယ့် မိန်းမရ ကံမကောင်းဘူး။ ဘာဖြစ်လို့လဲလို့ ကျွန်တော်သိချင်တယ်"

ကျွန်မ တစ်ချက်စဉ်းစားလိုက်သည်။ သူပြောတာ မှန်သည်။ (၇) ကြွင်းတိုင်း မိန်းမရ ကံကောင်းတာ ဖြစ်နိုင်မလား။ မဟာဘုတ်မှာ (၆) ကြာ မိန်းမဂြိုဟ်က အထွန်းဌာနမှာ ရှိလို့ မိန်းမရကံကောင်းတယ်လို့ ဆိုတာလေ။ ဒါဖြင့် မဟာဘုတ်မှာ လျှို့ဝှက်ချက်တစ်ခု ရှိပြီ။ အဲဒါဘာလဲ။ ကျွန်မက စပ်စုတာ ဝါသနာပါသည်။ အထူးသဖြင့် ပညာရပ်နှင့် ပတ်သက်လာလျှင် နှိုက်နှိုက်ချွတ်ချွတ် စပ်စုတတ်သည်။ ဤပညာတွေကလည်း ရှာဖွေလေ တွေ့ရှိလေနှင့် မဆုံးနိုင်အောင် ကျယ်ပြန့်လွန်းသည်။ ဒီတစ်ခါ အသေအချာ မေးမြန်းရတော့မည်။

"ကျေးဇူးပြုပြီး ကျွန်မကို မွေးသက္ကရာဇ် အပြည့်အစုံကို ပြောပြပေးပါလား"

ကျွန်မက တောင်းဆိုလိုက်သည်။ နှစ်၊ လ၊ ရက်၊ အချိန် အားလုံးလိုချင်သည်။

"၁၃၀၉ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ သောကြာနေ့၊ ဦးရဲမင်း၊ ညနေ ၅ နာရီ"

ယခုနှစ်သည် ၁၃၆၈ ခုနှစ်၊ တန်ခူးလတွင်း ရောက်နေပြီ။ ဒါဆို ၅၉ နှစ်ပြည့်ပြီး ၆၀ နှစ်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

ပြီပေါ့။ (၇)ကြွင်း မဟာဘုတ်၊ အထွန်းဖွား ဖြစ်သည်။

ဒီတစ်ခါ ကျွန်မ အသေးစိတ်ကြည့်ပါသည်။ မွေးလ သီတင်းကျွတ်ဖြစ်၍ လမဟာဘုတ်ချသည်။ အချိန်သည် ညနေ ၅ နာရီဖြစ်၍ (၆)ကြာချိန်ဖြစ်သည်။ အားလုံး အဆင်သင့်ဖြစ်ပြီးသော် ထိုပုဂ္ဂိုလ်၏ ရာဇဝင်ကို စမေးပါသည်။

"ဦးရဲမင်းက အိမ်ထောင်နှစ်ဆက် ရှိရမယ်၊ ဟုတ်လား"

"အမှန်ပါပဲ"

"ဘာကြောင့်လဲဆိုတော့ ရာဇနဲ့ နာမည်အဖျား မှည့်ထားသူဟာ ၉၉% သည် ယောကျ်ားများမှာ အိမ်ထောင်နှစ်ဆက်ရှိတတ်လို့ပါ"

"ဘာနေ့သမီးတွေနဲ့ အိမ်ထောင်ကျခဲ့လဲ"

"ပထမအိမ်ထောင်က ဗုဒ္ဓဟူးပါ၊ ဒုတိယအိမ်ထောင်က စနေပါ"

"အိမ်ထောင်ရေး အဆင်မပြေဘူးဆိုတာ ဘာကြောင့်လဲလို့ ပြောပြနိုင်မလား"

"ပြောပြနိုင်ပါတယ်ခင်ဗျ . . ။ ပထမအိမ်ထောင်က ကျွန်တော့်ကို ထားခဲ့ပြီး နောက်အိမ်ထောင် ထူသွားလို့ပါ။ ယခုလက်ရှိအိမ်ထောင်ကလည်း ကျွန်တော့်မျက်ကွယ်မှာ ဖောက်ပြန်တယ်။ ကျွန်တော် အတော်သည်းခံရတယ်။ အိမ်ထောင်ရေးကံက လုံးဝအဆင်မပြေဘူးဗျာ။ ကျွန်တော်လည်း အခုဆို အရက်ပဲအဖော်လုပ်နေရတော့တယ်။ မူးလာရင် အိပ်တယ်၊ အိပ်သွားတာကောင်းတယ်လို့ ကျွန်တော်ယူဆထားလို့ပါ။ ဘယ်သူကိုမှတော့ မနှောင့်ယှက်ပါဘူး။ စိတ်ညစ်လို့ အရက်သောက်တာတစ်ခုပါပဲ"

သူပြောပြီးသည်နှင့် ကျွန်မမျက်လုံးများက အချိန်နှင့်ချထားသော ဇယားတွက်ထံ ရောက်သွားသည်။ (၄)ဟူးသည် (၁)နွေအိမ် (အဌလင်္ဂ)တွင် ရှိနေသည်။ (၁)နွေသည် မဟာဘုတ်တွင် ပုတိဌာနတွင်ရှိသည်။ ပုတိသည် အိမ်ထောင်ရေးဖောက်ပြန်တတ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏ ပထမဇနီး (၄)ဟူးသမီးသည် အိမ်ထောင်ရေးဖောက်ပြန်ကြောင်း သိအိုရိက သက်သေပြနေသည်။ စနေကို ဆက်ကြည့်သည်။ စနေသည် အဌလင်္ဂအိမ်၏ အင်္ဂါဌာနတွင် ရှိသည်။ မဟာဘုတ်တွင် အင်္ဂါသည် မရဏဌာနတွင်ရှိ၏။ ထို့ကြောင့် စနေသမီးသည် ရောဂါသည်ဖြစ်ကြောင်း သိ၏။ ဦးရဲမင်းသည် သောကြာသားဖြစ်၏။ သို့သော် နာမည်တွင် သောကြာနံမပါပေ။ ထို့ကြောင့် နာမည်ပညတ်အရ ဗုဒ္ဓဟူးကိုပင် ယူပါသည်။ စနေသည် သူ၏ သာမိဖြစ်သည်။ (၄)ဟူးသမီးသည် ညနေမွေးပါက ကမ္မဖြစ်ကာ မနက်မွေးသော် ကတ္တုဖြစ်သည်။ (၄)ဟူးသမီးနှင့် တရားဝင်အိမ်ထောင်ကွဲ၍ ပထမဇနီးသည် ညနေမွေးသူဖြစ်မည်။ ကမ္မသည် ပြဿနာတက်ပြီး ခွဲခွာတတ်သော သဘောရှိ၍ဖြစ်သည်။ စနေသည် ထိုသူ၏ မူလမဟာဘုတ်တွင် ဘင်္ဂတွင်ရှိသည်။ ဘင်္ဂသည် အပျက်သဘောဆောင်၏။ သာမိသည် ပိုင်ဆိုင်ခြင်း၊ ကပ်ငြိခြင်းသဘော ဆောင်သည်။ ထို့ကြောင့် ကောက်နုတ်ချက်ချသော် -

"တဲ . . . ဦးရဲမင်းရေ၊ ပထမအိမ်ထောင်ကွဲပေမယ့် ဒုတိယအိမ်ထောင်ကတော့ သေမှကွဲမှာပဲ"

"ဒါဆို ကျွန်တော် တစ်သက်လုံး ဒီလိုပဲ စိတ်ဆင်းရဲနေရမှာလား ဆရာမ"

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၇ | ၁ |

၁၃၀၉ မူလမဟာဘုတ်

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၇ | ၁ |

သီတင်းကျွတ်လ

| | | |
|---|---|---|
| ၄ | ၂ | ၇ |
| ၆ | | ၅ |
| ၆ | ၁ | ၃ |

ညနေ (၅)နာရီ

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၇ |

အဌလင်္ဂအိမ်



www.burmeseclassic.com

www.burmeseclassic.com

“ခက်တာပဲ။ မယူခင်က မေးပါတော့လား၊ ယူပြီးမှ ဘာဆက်လုပ်ရင်ကောင်းမလဲဆိုတော့ ကျွန်မက ဘာပြောရဦးမှာလဲ။ ကိုယ်လုပ်ကိုယ်ခံ ဒါပဲရှိတယ်။ ကိုယ်စခဲ့တဲ့ ဇာတ်လမ်း ကိုယ့်ဟာကိုယ် အဆုံးသတ်ပေါ့။ ကျွန်မတို့က ဘေးက ပွဲကြည့်ပရိသတ်ပဲ လုပ်ပေးနိုင်တာ။ အခုဆို မဟာဘုတ်ကနေ ဘာကြောင့် ဒီအိမ်ထောင် အဆင်မပြေလဲဆိုတာ အတိအကျ ပြောနေပြီလေ။ (၇) ကြွင်းတိုင်း မယားကံမကောင်းဘူးလို့ ပြန်ပြင်ပြောရတော့မယ်။ ကိုယ်မွေးတဲ့အချိန်က ညွှန်းတဲ့အတိုင်း ကောင်းတဲ့လူကို ယူခဲ့ရင် ကောင်းတဲ့ အိမ်ထောင်ဖက်ရတယ်၊ မကောင်းတဲ့လူကို ယူခဲ့ရင် ကံဆိုးတဲ့အိမ်ထောင်ရေးဖြစ်မယ်။ ကံတွေကို ကြိုတင်သိနိုင်ရင် ဆောင်ရန်၊ ရှောင်ရန်တွေ တတ်သွားခဲ့ရင် ကံဆိုးတယ်ဆိုတာ ဖြစ်နိုင်ပါတော့မလားနော်”

ကျွန်မ စကားဆုံးတော့ ဦးရဲမင်းလည်း မှိုင်သွားသည်။ ပြီးမှ အသံတိတ်ကလေးနှင့် ကျွန်မကို မေးခွန်းထုတ်ပါသည်။

“ဒါဆို ဆရာမ ယတြာနဲ့ ကျွန်တော့်ကို ကယ်ပါဦးဗျာ။ အမှန်အတိုင်းပြောရရင် ဒုတိယအိမ်ထောင်အပေါ် ကျွန်တော်သံယောဇဉ်ရှိပါတယ်။ သူဖောက်ပြန်ပေမယ့် သူနဲ့ဖောက်ပြန်တဲ့သူကို ကျွန်တော်ဖြေရှင်းလိုက်ပြီးပြီ။ ကျွန်တော် သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းပါတယ်။ သူလည်း အခု မဖောက်ပြန်တော့ပါဘူး။ ဒါပေမယ့် အိမ်ထောင်ရေးမှာ အရင်လို အဆင်မပြေတော့ဘူး။ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဘူးဗျာ။ အရမ်းစိတ်ညစ်တယ်”

သူစိတ်ညစ်သလို ကျွန်မလည်း စိတ်ညစ်သည်။ အကြံပေးပုဂ္ဂိုလ်လုပ်ရတာ မလွယ်ပါဘူး။ ကိုယ့်မှာ ပြဿနာမရှိပေမယ့် သူများပြဿနာတွေကို ခေါင်းခံပြီး ဖြေရှင်းပေးရတာ လွယ်တာမှတ်လို့၊ တစ်ခေါင်းလုံး Lolane ကျေးဇူးကြောင့်သာ ပိတုန်းရောင်ကေသာ ဖြစ်နေတာ။ နို့မို့ဆို ဆံဖြူမယ်တော်ဖြစ်နေပြီ။ ကဲ . . . ဘယ့်နှယ်အကြံပေးမတုံး။

သာမိဆိုတာ အကောင်းဘက်က သာမိဆိုရင် အရမ်းကောင်းတယ်။ အဆိုးသာမိဆိုလျှင် တစ်သက်လုံး ခံပေတော့။ ကရကဆိုတာ အရမ်းအရေးကြီးသည်။ ကရမသာမိနှင့် မူလမဟာဘုတ်မှ ဘင်္ဂပေါင်းနေသော် ဘင်္ဂသည် အဖျက်သဘောကောင်းသည်။ ထိုအခါ ကပ်နေသော ပုဂ္ဂိုလ်သည် မိမိအား ဖျက်ဆီးနေသည်။ မျှော့တွယ်သလိုပင် ကပ်ပြီး မိမိသွေးကို စုပ်နေသူဖြစ်သည်။ ကောင်းကျိုးလည်း လုံးဝမပေး၊ ခွာလို့လည်းမရ။ အိမ်ထောင်ဖက်ဆိုတော့ ပိုဆိုး။ သူ့ဒုက္ခက မသေး။ ထို့အတူ ကျွန်မဒုက္ခကလည်း မငယ်ပါဘူး။

“ဦးရဲမင်းရဂယ် . . . ဘဝဝင်ကြွေးလို့သာ သဘောထားပေတော့။ ဘယ်သူကောင်းကောင်း၊ မကောင်းကောင်း ကိုယ်ကောင်းဖို့သာ စိတ်ကူး။ ကျွန်မ ဦးရဲမင်းကို သနားတယ်လို့ ပြောရုံကလွဲလို့ ဘာမှမတတ်နိုင်ဘူး။ ကံဆိုတာ လူကလုပ်တာပါ။ ကံအကြောင်းအတိုင်းပဲဆိုတာ ကိုယ်လုပ်ရင် ကိုယ်ခံလို့ ပြောနေတာ။ အိမ်ထောင်ရေးဆိုတာ လွယ်တာမှတ်လို့။ ဦးရဲမင်းကိုကြည့်ပြီး အိမ်ထောင်ပြုမယ့်ကလေးတွေကို ကျွန်မက အကြံပေးချင်တယ်။ အိမ်ထောင်မပြုခင် တကယ်နားလည်တတ်ကျွမ်းတဲ့ ဆရာတွေနဲ့ တိုင်ပင်ပြီးမှ မိမိကံကို စီမံပါလို့လေ။ ကိုယ့်ကံကိုယ်မပိုင်ရင် သူများအကြံတောင်းရတော့မယ်။ ထပ်ပြီး ကံဆိုးရင် ကိုယ်တင်လိုက်တဲ့ဆရာညံ့ရင်လည်း ခံရဦးမယ်။ ဆရာဘယ်လောက်တတ်သလဲဆိုတာ ကိုယ်က မသိနိုင်ဘူးနော်။ ဒါလည်း သတိပြုစရာပဲ”

“ကျွန်တော်က ကံကိုဆိုးပါတယ်။ ဆရာတွေ့တော့လည်း အချိန်နှောင်းသွားပြီ”

“ဒါပေါ့ ဦးရဲမင်းရဲ့ နောင်တဆိုတဲ့စကားဟာ နောင်မှတရလို့ ဖြစ်လာတာ။ ခုတော့ ဦးရဲမင်း နောင်တရနေပြီ။ နောင်တတွေမရအောင် လူတွေ ကံကောင်းပါစေလို့ပဲ ကျွန်မ ဆုတောင်းပေးတော့မယ် ဦးရဲမင်းရယ် . . .”

ဒေါ်ဇင်မာဝေ



www.burmeseclassic.com

www.burmeseclassic.com

# ဇနီးမောင်နှံရာသက်ပန် ပေါင်းရန်ဓာတ်ယတြာ

■ ဂမ္ဘီရဆရာကြီးဇာဂရု

ဥပုသ်နေ့ဖြစ်၍ ပေါခန်းပိတ်ထားသည်။

ကျွန်ုပ် သီလယူ၊ တရားထိုင်အပြီးကို စောင့်နေသော တပည့်ဆရာတို့က စုပေါင်းကာ သိလိုသော မေးခွန်းကို မဆိုင်းဘဲ မေးပါသည်။

"ဆရာကြီးခင်ဗျာ၊ လင်နဲ့မယား မကွဲမကွာ နေနိုင်တဲ့ ဓာတ်ရိုက်ဓာတ်ဆင် အစီရင်ကောင်းများရှိက ဝါလကင်းလွတ် သီတင်းကျွတ်သည့်အခါ မင်္ဂလာပြုကြမယ့် တပည့်ဇနီးမောင်နှံများအတွက် ချီးမြှင့်ပေးပါဦးခင်ဗျာ"

နယ်လေးရပ်မှ တပည့်ဆရာတို့က ဆရာကန်တော့ပွဲအတွက် ကြိုတင်ပြင်ဆင်ရန် လာရောက်ရင်း ကျွန်ုပ်သီလခံယူဆောက်တည်ရာ ဆရာတော်ကြီး၏ ကျောင်းတိုက်သို့ ရောက်ရှိလာကြခြင်း ဖြစ်ပါသည်။ ဥပုသ်နေ့မရှောင် ကျွန်ုပ်သီလဆောက်တည်၊ တရားထိုင်ရာ ဆရာတော်ကြီး၏ ကျောင်းတိုက်သို့ မေးခွန်းဆောင်မေးမြန်းကြသော တပည့်ဆရာတို့ကို ကျွန်ုပ် မေတ္တာထားရပါမည်။ ကရုဏာထားရပါမည်။ အနုစ်နာခံယူ၍လည်း တပည့်တို့လိုလားတော်င့်တအပ်သည်ဟူသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပါရမီဖြည့်ပေးရပေမည်။ ဆရာဟူသည် မေတ္တာ၊ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ သည်းခံကာ အသပြာနောက် မလိုက်ကြသည့် သီလပုဆိုးစည်းထားကြသူများပင် မဟုတ်ပါလား။

"အေးကွယ် . . ဆရာတို့ အလိုရှိတဲ့ကိစ္စက ရှေးအထိန်းလက်ာတစ်ခုရှိတယ်ကွယ့်။ ရွတ်ပြမယ်။ ဆရာတို့ ရေးမှတ်ထားဗျ။

- စောထွေးစွယ်တော်၊ သပြေကျော်၊ ကြင်ဖော်နှံထွေး။
- သဲစိမ်းပုလင်း၊ ဓာတ်နဝင်း၊ စိုက်သွင်းမတ်ထောင်ပေး။
- မေတ္တာသုတ္တန်၊ ရွတ်ဖတ်မှန်၊ မောင်နှံအိုးအိမ်အေး။
- ဗုဒ္ဓဟောကြား၊ သုတ္တန်များ၊ လူသားချမ်းသာဆေး"

"တပည့်တို့ နားလည်လွယ်အောင် ရှင်းပြပါဦးခင်ဗျာ"

"ဆရာတို့က နယ်လေးရပ်က ဂမ္ဘီရပညာကျော်သူတော်ကောင်း မေတ္တာထား စေတနာဆရာများဖြစ်လို့ 'စောထွေးစွယ်တော်'၊ 'သဲစိမ်းပုလင်း၊ ဓာတ်နဝင်း'၊ 'မေတ္တာသုတ္တန်၊ ရွတ်ဖတ်မှန်' အထိန်းလင်္ကာတွေကို 'ဗုဒ္ဓဟောကြား၊ သုတ္တန်များ၊ လူသားချမ်းသာဆေး' ရှင်းပြပြီးမှ စီရင်နည်းနဲ့တကွ ဆရာကြီး ရှင်းပေးပါ့မယ်ကွယ်။

ဒီလိုကွယ့်။ ဆရာတို့သိလိုတဲ့ လင်နဲ့မယား ဇနီးမောင်နှံ ရာသက်ပန် မကွဲမကွာနေဖို့ရာက ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူတဲ့ အင်္ဂုတ္တိုရ်စတုက္ကနိပါတ၊ ဒုတိယကဏ္ဍာသက၊ ပုညာဘိသန္ဒဝဂ္ဂ၊ ပထမသံဝါသသုတ်တော်လာ ဇနီးမောင်နှံ ရာသက်ပန်နေနိုင်တဲ့ နည်းလေးမျိုးရှိကြောင်းပဲကွယ့်။ မြတ်စွာဘုရားရှင် မဓုရမြို့နဲ့ ဝေရဉ္စပြည်အကြား ခရီးသွားစဉ်က ဖြစ်တယ်။ ဒီခရီးလမ်းကြောင်းတစ်ခုထဲမှာ သူကြွယ်ဇနီးမောင်နှံနဲ့ အပေါင်းပါတို့လည်း ခရီးရှည်သွားကြတယ်။ မြတ်စွာဘုရားရှင် ခရီးလမ်းမှ ဖဲခွာပြီး လမ်းခရီးသစ်ပင်ရင်းတစ်ခုတွင် သီတင်းသုံးနေထိုင်တော်မူတဲ့အခါ သူကြွယ်ဇနီးမောင်နှံနဲ့ အပေါင်းပါများ လာရောက်ရှိခိုးကြပြီး မေးလျှောက်လို့ ဇနီးမောင်နှံ ရာသက်ပန် ချစ်ခင်စွာနေနည်းလေးမျိုးကို ဟောကြားတော်မူတယ်ကွယ့်။



www.burmeseclassic.com

www.burmeseclassic.com

### ၁။ သူသေလင်သည် သူသေမယားနှင့် အတူပေါင်းသင်းနေထိုင်ခြင်း

လောကတွင် လင်လုပ်သူသည် သူ့အသက်ကို သတ်သည်။ သူတစ်ပါးဥစ္စာကို ခိုးယူသည်။ သူ့သားမယားနှင့် ကာမဂုဏ်ဖြစ်ပွါးသည်။ အရက်သောက်သူများနှင့် ပေါင်းပြီး အရက်သောက်သည်။ တရားကိုမစောင့်။ သီလကိုမထိန်းသိမ်း။ ယုတ်မာသောသဘောရှိပြီး ဝန်တိုစိတ်ရှိ၏။ ရှင်၊ လူ၊ ရဟန်းကို မရိုသေ၊ မလေးစား။ ရှင်၊ လူ၊ ရဟန်းကို ခြိမ်းခြောက်နေတတ်၏။ ဤအကျင့်များရှိသော လင်နှင့် အကျင့်တူမယားတို့ ပေါင်းသင်းဆက်ဆံနေခြင်းကို 'သူသေလင်သည် သူသေမယားနှင့်နေသည်'မည်၏။

### ၂။ သူသေလင်နှင့် နတ်သမီးမယား

လောတကွင် လင်လုပ်သူသည် ဤတရားဆိုးများကို ကျင့်သုံးနေထိုင်၏။ မယားသည် ထိုအကျင့်ဆိုးတရားများကို မကျင့်သုံး၊ မဆောက်တည်။ သီလတရားကောင်းတို့၊ အကျင့်တရားနှင့် ပြည့်စုံစွာနေသည်။ ထိုသူတို့ကို 'သူသေလင်နှင့် နတ်သမီးမယား'ဟု ခေါ်သည်။

### ၃။ နတ်သားလင်နှင့် သူသေမယား

လောကတွင် လင်လုပ်သူသည် အထက်ပါ တရားဆိုးများကို မကျင့်သုံး၊ မလိုက်စား။ 'မယားသာလျှင် ကျင့်သုံးလိုက်နာ ဆောင်ရွက်နေခြင်းရှိသော လင်မယားကို 'နတ်သားလင်နှင့် သူသေမယား'ဟု ခေါ်သည်။

### ၄။ နတ်သားလင်နှင့် နတ်သမီးမယား

လောကတွင် လင်သည် အထက်ပါတရားဆိုးများကို မလိုက်စား၊ မကျင့်သုံးသကဲ့သို့ မယားသည်လည်း မလိုက်စား၊ မကျင့်သုံးဘဲ သီလကို ကောင်းစွာစောင့်ထိန်းကြသော လင်မယားသည် နတ်သားလင်နှင့် နတ်သမီးမယားဟု ခေါ်သည်။

နတ်သားလင်နှင့် နတ်သမီးမယားတို့သည် . . .

- သဒ္ဓါတရားနှင့် ပြည့်စုံကြသည်။
- အလှူခံတို့၏စကားကို နားလည်သည်။
- ကိုယ်၊ နှုတ်၊ နှလုံး စောင့်စည်းကြသည်။
- ချစ်ဖွယ်သောစကားကို ဆိုကြသည်။
- တရားသဘောနှင့်အညီ အသက်မွေးဝမ်းကျောင်း ပြုကြသည်။
- တူညီသော သီလရှိကြသည်။

လောကအကျိုးစီးပွား ထွန်းကားသဖြင့် ရန်သူတို့နှလုံးမသာ ဖြစ်စေသည်။ ထိုဓနီးမောင်နှံ ရာသက်ပန်တရားကျင့်ကြံနေသဖြင့် နတ်ပြည်လောကသို့ရောက်သောအခါ လိုတရပြီး နှစ်သက်ဝမ်းမြောက်စွာဖြင့် မွေ့လျော်နိုင်ကြလေသည်ဟု ဟောကြားတော်မူတယ်ကွယ့်"

### အထိန်းလက်စီရင်ပုံမှာ

စွယ်တော်ရွက် (၃ဂါ + စနေ)၊ စောထွေး (၃ဂါ+စနေ)၊ ခွဲ့နှောင်းစုတ်ကောင်း နဂိုရ်ဖြစ်လို့ စွယ်တော်တစ်ရွက်နှစ်လွှာ ဓနီးမောင်နှံနံကိုရေးပြီး အောင်သပြေညွန့်တွင် ဓနီးမောင်နှံ ရာသက်ပန် ဓာတ်တည်ရိုက်ထားပါ။

ပုလင်း(၅+၄)တွင် သဲစိမ်း(၆+၃) ၉ နဝင်းဓာတ်တည်ပါ။ ဓနီးမောင်နှံရာသက်ပန် စွယ်တော်နှစ်လွှာတစ်ရွက်ကို အောင်သပြေညွန့်၌ နဝင်း (၂+၇) ချည်ထားပြီး မတ်မတ်စိုက်သွင်း ထောင်ထားခြင်းဖြင့် လင်နှင့်မယား မကွဲမကွာ ရာသက်ပန်နေနိုင်သည့် ချစ်မေတ္တာဓာတ်နဝင်းအစီအရင်ဖြစ်ပါသည်။ စီရင်စဉ် မေတ္တာသုတ်ရွတ်ဆိုပူဇော်ခြင်းဖြင့် ဓနီးမောင်နှံ ရာသက်ပန် ချစ်ချစ်ခင်ခင်နေနိုင်သော ဓာတ်အစီအရင်ဖြစ်ကြောင်း တပည့်ဆရာတို့အား ကူးယူစေကာ ရှင်းပြရပါတော့သတည်း။

*ဓနီးမောင်နှံ ရာသက်ပန် ပေါင်းဖော်နိုင်ကြပြီး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။*

---

**ဂမ္ဘီရဆရာကြီးဇာဂရ**

---



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အိမ်ထောင်ဘက် ခြေလှမ်းပျက်သော်

## ဆရာခေါင်ထွဋ်မြင့်

ပြောရရင်ဖြင့် ကိုယ့်ပေါင်ကိုယ် လှန်ထောင်းရာ ကျလိမ့်မည်ထင်သည်။ ကိုယ့်တူမ မိကြူသည် အနေရှိုး သလောက် အ,သည့်နေရာတွင်လည်း တကယ့်ကို ထိပ်ခေါင်တင်ပါပေ။ အိမ်ထောင်ကျ၍ ကလေးတစ်ယောက်သာ ရသေးသည့်တိုင် သူ့ပုံက ဘယ်အခါကြည့်ကြည့် အဘွားကြီးအို ပုံစံမျိုး။ ပြင်ဆင်ခြယ်သမှု အလျဉ်းမရှိ။ သပ်သပ်ခပ်ခပ်ကလေး ဝတ်မည်စားမည်ဟုလည်း စိတ်ကူးထည့်ထားဟန် မရှိ။ သူမ၏ သဘောက အိမ်ထောင်ရှင် ဖြစ်လာပြီပဲ။ အပျိုမှ မဟုတ်တော့တာ၊ ဘာဖြစ်လို့ များ အပျိုသဖွယ် အလှအပတွေ မှုန်းခြယ်နေရမှာတဲ့နည်း။ သည်လိုမျိုး စိတ်သာရှိဟန်တူသည်။

မိမိကတော့ သူတစ်ပါးအိမ်ထောင်ရေးကြား ဝင်ပါနေစရာ အကြောင်းမရှိပါ။ အားလုံး သူ့အိုးနှင့်သူ့ဆန် ထိုက်တန်၍ ညားနေကြသည်ဖြစ်လျှင် အိမ်ထောင်ရေးပြဿနာ မီးမမွေးဘဲ ရိုးမြေကျ သစ္စာရှိရှိပေါင်းသင်း သွားကြစေဖို့ပင် မျှော်လင့်ထားပါသည်။ သို့ရာတွင် လောကီလူ့ဘောင်ကား ကိစ္စဝိစ္စတွေ များမြောင်လှပါဘိတော့။

စင်စစ် ကိုယ့်တူမ မိကြူ၏ ခင်ပွန်းသည် မောင်ဝမျိုးမှာ တကယ့်ရည် ရည်မွန်မွန် အမျိုးကောင်းသားလေး ဖြစ်သည်နှင့်အမျှ ပညာအရည်အချင်းလည်း ထိုက်သင့်အားလျော်စွာဖြင့် အလုပ်အကိုင်ရှိသူလည်း ဖြစ်သည်။ မိကြူကို ကြိုက်နှစ်သက်၍ လူကြီးမိဘစုံလင်စွာဖြင့် ကန်တော့ပွဲရွက် လာရောက်တောင်းရမ်းသောအခါ မိမိတို့ဘက်မှ ဘာမှငြူစူမှုမရှိဘဲ ကြည်ဖြူစွာဖြင့်ပင် ကာယကံရှင် မိကြူ၏သဘောထားကို မေးမြန်းပြီး ခွင့်ပြုချက်ရလေသည်နှင့် သဘောတူကာ ပေးစားခဲ့ခြင်း ဖြစ်လေသည်၊ မိကြူသည် မိဘတွေ သိမ်းထုတ်သေချာသော အိမ်ထောင်ရှင့်မကောင်း တစ်ယောက်ဆိုလျှင် မမှား။ လင်ယောကျ်ား အပ်လာသမျှ ဥစ္စာငွေကြေးတို့ကို လျော့ပါးခြင်း မရှိရလေအောင် "စီးတဲ့ရေ ဆည်တဲ့ကန်သင်း"လုပ်တတ်သည်။ ဒါဆိုလျှင် သည်အိမ်ထောင်၌ ဘာမျှ အခက်အခဲတွေ့စရာ ရှိနိုင်ပါသေးသနည်း။

တစ်ခါတစ်ရံ၌ လူ့အဖြစ်သနစ် သည် အံ့ဩဖွယ်ကောင်းပေစွ။

"ကျွန်မတော့ လုံးဝကို ထင်မှတ်မထားခဲ့ပါ

ဦးကြီးရယ်၊ ကျွန်မ ကိုဝမျိုးကို ဒီလိုမျိုး ဖောက်လာလိမ့်မယ်လို့ မထင်ဘူး။ တစ်ပတ်မှာ တစ်ရက်နှစ်ရက်လောက် အိမ်ကို ပြန်မလာတတ်ဘူး။ ကနဦးတော့ အလုပ်တွေများနေတာကြောင့်လို့ ထင်ထားတာ။ နောက်တော့ ဘယ်ဟုတ်ပါ့မလဲ။ သူတို့ရုံးနားမှာဖွင့်တဲ့ ထမင်းဆိုင်က ကောင်မလေးတစ်ယောက်နဲ့က ဘာလိုလိုတဲ့ ဦးကြီးရဲ့ . . .

ကျွန်မလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိလောက်အောင် ရှူးချင်တာပါပဲရှင်။ သားကလေးမျက်နှာရှိနေလို့သာပေါ့။ နို့မဟုတ်လို့က မိကြူရဲ့စိတ်ဓာတ်နဲ့ တွေ့သွားမယ်"

"နေစမ်းပါဦး မိကြူရယ်။ သည်လိုကိစ္စမျိုးဆိုတာ စိတ်ထင်တိုင်း ရှေ့နောက်မတွေးဆဘဲ လုပ်ရတာ မဟုတ်ဘူး။ ပြီးတော့ ညည်းက မိန်းကလေး။ ယောကျ်ားလေးက ပြဿနာမရှိဘူး။ ကိုင်း . . အမှန်ပြောစမ်း။ ညည်း မောင်ဝမျိုးအပေါ် မေတ္တာမပြယ်ဘူး မဟုတ်လား"

"ဒါကတော့ ဦးကြီးရယ်။ တစ် ယောက်နဲ့တစ်ယောက် မေတ္တာအရင်းခံ လာတာဆိုတော့"

"ကိုင်း ဒီလောက်ဆို လုံလောက်ပြီ။ ကဲ . . . ငါ့စကားနားထောင်လို့ ငါပြောတဲ့အတိုင်းသာ လုပ်မယ်ဆိုရင် နဂိုပုံစံအတိုင်း ပြန်ဖြစ်ဖို့ ငါတာဝန်ယူမယ်"

မိကြူ၏မျက်နှာကလေး ဝင်းလက်တောက်ပသွားလေတော့ မိမိအဖို့ ရာ မကြည်နူးဘဲ ဘယ်နေနိုင်ပါတော့မည်နည်း။

* * *

ခုတော့လည်း မောင်ဝမျိုးနှင့် မိကြူတို့၏ အိမ်ထောင်ရေးမှာ ပုံမှန်ပြန်ဖြစ်သွားခဲ့ပါပြီ။ မောင်ဝမျိုး တစ်ယောက် အလုပ်မှဆင်းသည်နှင့် အိမ်သို့တန်းပြန်လာကာ အလုပ်ပိတ်ရက်များမှာပင် အိမ်၌မြဲလျက် မိကြူ၏ အိမ်ထောင်အလုပ်များကို ကူညီညာလုပ်ကိုင်ပေးနေပါသည်။ မိကြူကို ကြည့်လိုက်တော့လည်း ခါတိုင်းလို ပစ္စုဒွေးရမဟုတ်တော့။ သပ်သပ်ရပ်ရပ် ကြည်ကြည်လင်လင်၊ ဖြိုးဖြိုးလိမ်းလိမ်း ပြင်ပြင်ဆင်ဆင်။


"မိကြူတို့ အိမ်ထောင်ရေးက အားကျစရာပဲနော်။ လင်နဲ့မယား တကယ့်ကို ကြင်ကြင်နာနာနဲ့ အလိုက်တသိ ရှိလှပါဘိ။ တစ်ခါက ကွဲမလိုလိုဖြစ်တာ၊ ခုကျတော့ လည်း မြဲလို့။ ဘယ်ဆေးများ တွေ့သွားသလဲ မသိဘူး"

သိလိုသူတို့က မေးကြမြန်းကြသည်။ မိမိအဖို့ ခြွင်းချန်ထားစရာ အကြောင်းမရှိပါ။ အကယ်တန္တ အိမ်ထောင်တစ်ခု၌ ခင်ပွန်းဖြစ်သူ ခြေလှမ်းပျက်လာပြီဆိုပါက တနင်္ဂနွေသမီးအဖို့ သောကြာနေ့နံနက် ၆း၄၅ နာရီတွင်လည်းကောင်း၊ တနင်္လာသမီးအဖို့ ဗုဒ္ဓဟူးနေ့ နံနက် ၆း၄၅ နာရီတွင်လည်းကောင်း၊ အင်္ဂါသမီးအဖို့ ကြာသပတေးနေ့နံနက် ၆း၄၅ နာရီတွင်လည်းကောင်း၊ ဗုဒ္ဓဟူးသမီးအဖို့ စနေနေ့နံနက် ၆း၄၅ နာရီတွင်လည်း ကောင်း၊ ကြာသပတေးသမီးအဖို့ အင်္ဂါနေ့နံနက် ၆း၄၅ နာရီတွင်လည်းကောင်း၊ သောကြာသမီးအဖို့ စနေနေ့ နံနက် ၆း၄၅ နာရီတွင်လည်းကောင်း၊ စနေသမီးအဖို့ ဗုဒ္ဓဟူးနေ့နံနက် ၆း၄၅ နာရီတွင်လည်းကောင်း လင်ပန်း တစ်ခုအတွင်း ရေသန့်သန့်ထည့်ကာ ထိုရေအထဲ နားကပ်နှင့် လင်းနေရွက်ကို ထည့်စိမ်ပါ။ သနပ်ခါး အနည်းငယ်ထည့်ပါ။ ထို့နောက် လင်ဖြစ်သူမသိအောင် တိုက်ပါ။ ထိုသို့ တိုက်တော့မည်ဆိုလျှင် "(. . .) နဋ္ဌာတော၊ ဗုဒ္ဓမေဝ၊ ဓဇဂ္ဂံ၊ အရဟန္တံ့ ပူရိသကောန့်၊ ဝိနာ သန္တုရ"ဟူ၍ ခုနစ်ခေါက် ရွတ်ဆိုပြီးမှ တိုက်ပါ။

ထိုဆေးဝင်သွားပြီးသည့်နောက် ခြေလှမ်းပျက်နေသော အိမ်ထောင်ရှင် ပုရိသများအနေဖြင့် မူလဘူတ ဇနီးသည်ထံမှ အနားမှာပင် တစ်ဖဝါးမှပင် မခွဲချင်ဆိုသည့်ကိန်း ဆိုက်ရောက်လိမ့်မည်ကို ကိုယ်တွေ့နှင့်ယှဉ်သော အဖြစ်မှန်ကလေးတစ်ခုအား မှတ်တည်လျက် ရေးသားလိုက်ရပါတော့သည်။

ဆရာခေါင်ထွဋ်မြင့်

www.burmeseclassic.com



# သစ္စာတရား ကိန်းဝပ်နေသော

# လက်ထပ်လက်စွပ်

အောင်ဘုန်းမြင့်-ကချင်မြေ

## လက်စွပ်သမိုင်း

ရှေးကျမ်းများအဆိုအရ လက်စွပ်ဝတ်ဆင်ကြခြင်းသည် တန်ခိုးအာဏာ ပိုင်စိုးသူတို့၏ အမှတ်တံဆိပ်တစ်ခုဖြစ်ခဲ့သည်ဟုဆိုသည်။ သို့ဖြစ်၍ လက်စွပ်သည် အာဏာပိုင်စိုးသူတို့၏ တံဆိပ်သင်္ကေတအဖြစ်လည်းကောင်း ရာထူးအမိန့်အာဏာလွှဲအပ်ပေးသည့် အမှတ်တံဆိပ်အဖြစ်လည်းကောင်း မင်းအာဏာ စာချွန်တော်များတွင် ခတ်နှိပ်ရန် တံဆိပ်တော်အဖြစ်လည်းကောင်း ကြီးမားသော ကတိတာဝန်များအတွက် လဲလှယ်ဝတ်ဆင်ကြရာ၌လည်းကောင်း သုံးစွဲခဲ့သော အာဏာစက်ပစ္စည်းဖြစ်ခဲ့သည်။

လက်ထပ်လက်စွပ် လဲလှယ်ဝတ်ဆင်သည့် ဓလေ့သည် ရှေးနှစ်ပေါင်းများစွာ နတ်ကိုးကွယ်သည့် ခေတ်ကာလကတည်းက စတင်ထွန်းကားခဲ့သော ဓလေ့ဖြစ်သည်ဟု ဆိုသည်။ ရှေးက အီဂျစ်ဖာရောဘုရင်များသည် မိမိတို့အပေါ် သစ္စာခံ၍ အမှုတော်ကို ကျေပွန်စွာထမ်းဆောင်ပေးသည့် လူယုံတော်များကို မိမိတို့၏ လက်စွပ်ကို ပေးသနားတော်မူ၍ မိမိတို့ပိုင် ကျေးတော်မျိုး၊ ကျွန်တော်မျိုး အခိုင်းအစေများကို ထိုလူယုံတော်များ၏ အမိန့်စကားနာခံစေခဲ့သည်ဟု ဆိုသည်။

ယခုခေတ်အခါ၌လည်း လက်စွပ်များကို အဖိုးတန်

www.burmeseclassic.com

လက်ဝတ်ရတနာပစ္စည်း၊ အလှအပ ဒီဖိုင်းဖက်ရှင်ပစ္စည်း၊ အထိမ်းအမှတ်ပစ္စည်း၊ တန်ခိုးကျော့်ပါဒ် အစွမ်းထက်မြက်သော ဝိဇ္ဇာအဆောင် လက်ဖွဲ့ပစ္စည်းနှင့် မေတ္တာကတိလက်စွပ်များအဖြစ် အမျိုးမျိုးအဖုံဖုံ ယုံကြည်ဝတ်ဆင်လျက်ရှိကြသည်။ လက်စွပ်သည် ယုံကြည်မှုအဓိဋ္ဌာန်ကို ခိုင်မြဲစေနိုင်ပါသည်။

လက်စွပ်သည် လူမျိုးဘာသာမရွေး ဆွဲကြိုးနိမ့်မြင့် လူသားအားလုံးတို့က မိမိတို့၏ထုံးတမ်းစဉ်လာ ဓလေ့ဆန္ဒနှင့်အညီ ဝတ်ဆင်ကြရသော ရတနာပစ္စည်းတစ်ပါးဖြစ်သည်။ ထိုမှတဆင့် လူသားတိုင်းက ယုံကြည်လက်ခံလာရသော ယဉ်ကျေးမှုအစဉ်အလာတစ်ရပ် ဖြစ်လာခဲ့ခြင်း ဖြစ်လေ၏။ ထို့အပြင် လူတစ်ဦးတစ်ယောက်၏ သစ္စာရှိသောအဖော်မွန်ကောင်းလည်းဖြစ်သည်ဟူ၍ ယုံကြည်ကြပါသည်။

## လက်စွပ်ဝတ်ဆင်ခြင်း

ရှေးလူများသည် လက်စွပ်ကို အများအားဖြင့် ဘယ်ဘက်လက်သူကြွယ် (သို့) လက်ခလယ်တွင် ဝတ်ဆင်လေ့ရှိကြ၏။ နောက်ပိုင်းတွင် နက္ခတ်ယတြာ ကိန်းခန်းအယူအဆနှင့် နေ့နံရာသီစက်များအရ အကျိုးကောင်းဖြစ်စေမည့် လက်ချောင်းများတွင် ရွေးချယ်ဝတ်ဆင်ကြသည်။ ရှေးက ဂရိနှင့်ရောမ ခန္ဓာဗေဒဆိုင်ရာ ပညာရှင်တို့သည် လူ့နှလုံးသားနှင့်သက်ဆိုင်သော အကြောင်းကြီးများကို လက်သူကြွယ်နှင့် ထိတွေ့ဆောင်ရွက်ပေးတာတ်သည် ဟူ၏။ သို့ဖြစ်၍ ချစ်ခြင်းမေတ္တာနှင့် နှလုံးသားရေးရာ၏ သင်္ကေတအထိမ်းအမှတ်တစ်ခုဖြစ်သော လက်စွပ်ကို လက်သူကြွယ်တွင် ဝတ်ဆင်ကြရခြင်းဖြစ်သည်ဟူ၍ ဖြစ်လေ၏။

လက်သူကြွယ်သည် လှုပ်ရှားမှု အနည်းဆုံးဖြစ်ပြီး လွတ်လပ်စွာဖြန့်ကားရန် မလွယ်သဖြင့် အဖိုးတန်ရတနာလက်စွပ်များနှင့် ဘဝအတွက်အရေးပါသော ပစ္စည်းဖြစ်သည့် လက်ထပ်လက်စွပ်ကို ဝတ်ဆင်ခြင်းဖြင့် အလွယ်တကူ ပျက်စီးပျောက်ဆုံးခြင်းတို့မှ ကင်းဝေးနိုင်ပြီး ချစ်ခြင်းမေတ္တာနှင့် နှ လုံးသားကို ဆက်သွယ်ပေးနိုင်သော ကြောင့် လက်သူကြွယ်တွင် ဝတ်ဆင် ကြခြင်းဖြစ်သည်။



စေ့စပ်ပွဲနှင့် ထိမ်းမြားမင်္ဂလာ လက်ထပ်လက်စွပ်ကို သတိုးသမီး၏ ဘယ်ဘက်လက်သူကြွယ်တွင် ဝတ်ဆင်ပေးခြင်းသည် တစ်စုံတစ်ဦး၏ ပိုင်ဆိုင်မှုကို ညွှန်ပြသက်သေပြုနေပြီး သတို့သား၏ ညာဘက်လက်သူကြွယ်တွင် လက်ထပ်လက်စွပ် ဝတ်ဆင်ပေးခြင်းမှာ တန်ခိုးအာဏာဩဇာတိက္ကမနှင့် အရှင်သခင်ဖြစ်ကြောင်း ဖော်ပြနေသည်ဟု ယုံကြည်ကြသည်။

ထို့ကြောင့် လက်စွပ်ဝတ်ဆင်ခြင်းသည် လူသားတို့၏ ယုံကြည်အောင်မြင်မှုနှင့် လူ့အလွှာ အဆင့်အတန်းများကို လှစ်ပြခြင်းဖြစ်ပြီး ဓလေ့အစွဲအလမ်းကို တစ်စုံတစ်ခုသောအတိုင်းအတာအထိ လွှမ်းမိုးထားသော ဝိညာဉ်ပစ္စည်းတစ်ပါးအဖြစ် ဖော်ပြနေလေ၏။ လူသားတိုင်းသည် ဘဝတွင် လက်စွပ်တစ်မျိုးမျိုးကို ရွေးချယ်ဝတ်ဆင်ခဲ့သူများချည်း ဖြစ်ကြပါသည်။

## လက်စွပ်၏ သတ္တိစွမ်းအား

ရွှေလက်စွပ်ကို ဝတ်ဆင်ထားလျှင် ခန္ဓာကိုယ်ရှိ မကောင်းသော သွေးသားများကို သန့်စင်စေပြီး ကျန်းမာနုပျိုစေနိုင်သည်။ ငွေလက်စွပ်ကို ဝတ်ဆင်ထားပါက ကပ်ရောဂါဘယ အမျိုးမျိုးတို့မှ ကင်းစေနိုင်ပြီး အရွယ်တင်နုပျိုစေနိုင်၏။ ကြေးလက်စွပ်ကို ဝတ်ဆင်ထားမည်ဆိုလျှင် တစ်ပါးသူများ၏ အိပ်ငွေ့ချခြင်း၊ ပြုစားခြင်းတို့မှ ကင်းလွတ်စေနိုင်ပြီး မကောင်းသော အောက်လမ်းစုန်းကဝေ၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗအပေါင်းတို့၏ အနှောင့်အယှက်များမှ ကင်းပစေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သံလက်စွပ်ကို ဝတ်ဆင်ထားခြင်းဖြင့် လျော့ပါးသွားသော ခွန်အားစွမ်းအားများကို ပြန်လည်ပြည့်ဖြိုးစေနိုင်ပြီး အနာရောဂါများကိုလည်း လျင်မြန်စွာ ပျောက်ကင်းစေ၏။ သတ္တုများဖြင့် စုပေါင်းပြုလုပ်ထားသော လက်စွပ်များကို ဝတ်ဆင်ထားကြမည်ဆိုလျှင် စိတ်နှလုံးကို တည်ငြိမ်အေးချမ်းစေပြီး ကိုယ်ခန္ဓာဓာတ်လေးပါး လည်ပတ်မှုများကို အကျိုးသက်ရောက်စေနိုင်ပါသည်။

အစွမ်းထက်သော ဓာတ်လုံးလက်စွပ်၊ သိဒ္ဓိစွမ်းအားအမျိုးမျိုးနှင့် ပြည့်စုံသော အင်းလက်စွပ်၊ စမလက်စွပ်၊ ဂါထာလက်စွပ်၊ မန္တန်လက်စွပ်များကို စီရင်ဝတ်ဆင်ကြမည်ဆိုပါက မလိုသော ဆိုးကျိုးအန္တရာယ်များကို ကင်းပျောက်စေနိုင်ပြီး လိုသောကောင်းကျိုးချမ်းသာများနှင့် ပြည့်စုံစေနိုင်၏။ နာနာဘာဝ ဝိနာဘာဝရန်အပေါင်းတို့မှ ကင်းငြိမ်းချမ်းသာရစေနိုင်ပါသည်။

မိမိတို့၏ နေ့နံနက္ခတ်နှင့် အကျိုးဖြစ်ထွန်းစေမည့် ကျောက်မျက်ရတနာ တစ်မျိုးမျိုးဖြင့် လက်စွပ်စီမံပြုလုပ်၍ ယုံယုံကြည်ကြည် ဝတ်ဆင်ဆောင်ထားကြမည်ဆိုပါက ဘေးရန်ကာဆီး ကောင်းခြင်းမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံစေ၍ အရာရာတိုင်း၌ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေကာ သုတိချမ်းသာအဖြာဖြာတို့ဖြင့် အထပ်ထပ် ပြည့်ဝလာစေမည် ဖြစ်ပါသည်။ သို့ဖြစ်၍ လူသားတို့သည် မည်သည့်ခေတ်ကာလမျိုးသို့ ရောက်ရှိသွားကြသည်ဖြစ်စေ ယုံကြည်မှုတစ်ခုခုကြောင့် လက်စွပ်ဝတ်ဆင်သော ဓလေ့ကို စွန့်လွှတ်နိုင်ကြမည် မဟုတ်ပါ။

## လက်ထပ်လက်စွပ်

ကြင်စဦး ဇနီးမောင်နှံတို့၏ အလွန်အရေးပါသည့် ပစ္စည်းတစ်ခုဖြစ်သည့် လက်ထပ်လက်စွပ် လဲလှယ်ဝတ်ဆင်သော ယုံကြည်မှုသည် လူ့ယဉ်ကျေးမှု၏ ခေတ်ရေစီးကြောင်းနှင့်အတူ ပေါ်ထွန်းကျယ်ပြန့် အဓွန့်ရှည်လာသော ဓလေ့ထုံးစံဖြစ်လေ၏။ ခရစ်ယန်ဘုန်းတော်ကြီးကျောင်းများတွင် လက်ထပ်လက်စွပ် အသုံးပြုခြင်းကို အေဒီ ၉ ရာစုခေတ်ကတည်းက စတင်ခဲ့သည်ဟု ဆိုသည်။ လက်ထပ်လက်စွပ် လဲလှယ်ဝတ်ဆင်သော အရင်းမူလဌာနသည် အရှေ့ဖြစ်သော်လည်း အနောက်တိုင်းနိုင်ငံများသို့ ကူးစက်ပြန့်နှံ့သွားပြီး နောင်အခါ ဂရိနှင့်ရောမတို့၏ ဩဇာယဉ်ကျေးမှုမှတစ်ဆင့် ကမ္ဘာ့လူမျိုးဘာသာစုံတို့၏ ယဉ်ကျေးမှုထုံးစံတစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

လက်ထပ်လက်စွပ်ကို လဲလှယ်ဝတ်ဆင်ရခြင်းကြောင့် လက်ထပ်လက်စွပ်ထံ ကိန်းဝပ်နေသော အချစ်မေတ္တာ၏ စွမ်းအားဝိညာဉ်များသည် ချစ်သူတို့ကို ဒုက္ခဆင်းရဲ ပြဿနာအခက်အခဲအပေါင်းတို့မှ ကင်းဝေးပျောက်စေပြီး မကောင်းဆိုးဝါး အဖျက်အမှောက်များကို နှင်ထုတ်ဖယ်ရှားပေး၍ သာယာချမ်းမြေ့ဖွယ် အိမ်ထောင်ရေးကို တည်ဆောက်ပေးနိုင်ပါလိမ့်မည်။ အထူးသဖြင့် လက်ထပ်လက်စွပ်သည် မေတ္တာအချစ်ရေးကို ခိုင်မြဲစေပြီး အိမ်ထောင်ရေး၌ ဇနီးမောင်နှံနှစ်ဦးကို သာယာအဓွန့်ရှည်နိုင်သည်။ ထို့ပြင် သွေးသောက်ရဲဘော်များကြားတွင် ကတိသစ္စာ တည်မြဲစေနိုင်ပါသည်။

လက်စွပ်အနက် ကောက်ရာတွင် ဗိုင်းစက်နေသော ပုံသဏ္ဍာန်သည် အဝိဒ္ဒာနက်ကတိပြုကြသူများ၌ ကတိကား

ဗိုင်းစက်နေသော မင်္ဂလာလက်စွပ်ကို
လဲလှယ်ဝတ်ဆင်၍
ထိမ်းမြားလက်ထပ်
အဓိဋ္ဌာန်ပြုကြခြင်းဖြင့်
မင်္ဂလာဇနီးမောင်နှံတစ်ဦးနှင့်တစ်ဦး
တစ်စိတ်တစ်ကိုယ် တစ်သွေးတည်း၊
တစ်သားတည်းဖြစ်အောင်
ဝိညာဉ်လိပ်ပြာနှစ်ခုကို
ပေါင်းစည်းချည်နှောင်ပေးပြီး
အိမ်ထောင်ရေးကို တည်မြဲခိုင်မြဲ
အဓွန့်ရှည်စေနိုင်မည် ဖြစ်ပါသည်။


www.burmeseclassic.com

များ အစဉ်ထာဝရတည်စေနိုင်သော စွမ်းအားသတ္တိကို ရရှိစေနိုင်သဖြင့် ကြာရှည်ခိုင်မြဲစေလိုသော အကြောင်းကိစ္စများအတွက် လက်စွပ်သက်သေပြု၍ အဓိဋ္ဌာန်ပြုကြခြင်းသည် မှန်သောသစ္စာတရားဖြစ်သည်ဟု ယုံကြည်လက်ခံကြသည်။

သို့ဖြစ်သောကြောင့် ဝိုင်းစက်နေသော မင်္ဂလာလက်စွပ်ကို လဲလှယ်ဝတ်ဆင်၍ ထိမ်းမြားလက်ထပ် အဓိဋ္ဌာန်ပြုကြခြင်းဖြင့် မင်္ဂလာဇနီးမောင်နှံတစ်ဦးနှင့်တစ်ဦး တစ်စိတ်တစ်ကိုယ် တစ်သွေးတည်း၊ တစ်သားတည်းဖြစ်အောင် ဝိညာဉ်လိပ်ပြာနှစ်ခုကို ပေါင်းစည်းချည်နှောင်ပေးပြီး အိမ်ထောင်ရေးကို တည်မြဲခိုင်မြဲ အဓွန့်ရှည်စေနိုင်မည် ဖြစ်ပါသည်။

ရှေးအခါက သွေးသောက်ရဲဘော်ရဲဘက်များသည် အချင်းချင်း တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲခြင်း၊ ကတိမတည်ခြင်း၊ ကံကြမ္မာလွဲလွဲချော်ချော်ဖြစ်ခြင်း၊ ကြံတိုင်းမဖြစ် ဆောင်တိုင်း အထမမြောက်ဖြစ်ရခြင်း၊ အတွင်းရန်၏ သစ္စာဖောက်ခံရခြင်း၊ မကြာခဏ လမ်းခွဲချွတ်ချော် ကျော နိုင်းမှုများ ပေါ်ပေါက်ခြင်းကို သစ္စာအဓိဋ္ဌာန်လက်စွပ် ဝတ်ဆင်ကတိပြု၍ ဖယ်ရှားကြပြီး ခိုင်မာသော ယုံကြည်မှုများကို တည်ဆောက်ခဲ့ကြသည်ဟု ဆိုသည်။

လောကီဆက်ဆံရေးနှင့် လူမှုရေးကိစ္စများတွင် ကံကောင်းကံမြင့် ကံတက်စေရန်၊ ဂုဏ်ရှိန်ထွန်းတောက် မျက်နှာပန်းလှစေရန်၊ တန်ခိုးသြဇာအာဏာ ကြီးမားခိုင်မြဲနေစေရန်နှင့် အန္တရာယ်ဘေးဘယာကင်းဝေး၍ ရန်သူမှန်သမျှကို ချေမှုန်းအနိုင်ယူ အောင်မြင်စေနိုင်စေရန် စိန်လက်စွပ်ကို ဂုဏ်ဆင်ခဲ့ကြသည်။ ထို့ပြင် ချစ်သူများအချင်းချင်း (သို့) ခင်မင်သူအချင်းချင်း ကတိစကား၊ သစ္စာတရားများ အစဉ်ခိုင် မြဲနေစေရန် ကတိလက်စွပ် လဲလှယ်ဝတ်ဆင်သော ဓလေ့မျိုး ထွန်းကားခဲ့ဖူးပါသည်။



## အထိမ်းအမှတ်လက်စွပ်

အသက်မက ချစ်ကြင်ကြသော ချစ်သူတို့သည် တစ်ဦးနှင့်တစ်ဦး အချင်းချင်း အပ်နှံဖလှယ်ကြသည့်အခါ မေတ္တာကိုယ်စား ဝိုင်းဝိုင်းစက်စက် စီမံပြုလုပ်ထားသော လက်စွပ်ကို လဲလှယ်ဝတ်ဆင်ကြခြင်းဖြင့် တစ်ဦး၏ ကိုယ်စားလိပ်ပြာကို တစ်ဦးက အစဉ်ချည်နှောင် ဆွဲဆောင်ထားနိုင်ပြီး အချစ်ပေါင်းကူးလိပ်ပြာ ရွှေမျှင်ကြိုးက ချစ်သူတို့နှစ်ဦးကို အစဉ်ထာဝရ ဆက်သွယ်ပေးထားနိုင်ပါလိမ့်မည်။ အောက်မေ့သတိရစေနိုင်ပါလိမ့်မည်ဟူ၏။

ဝိဝါဟနှင့် အာဝါဟပြုစဉ်တုန်းက ဇနီးခင်ပွန်းလောင်းများ တစ်ဦးနှင့်တစ်ဦး ဘဝသက်ဆုံးတိုင်အတွက် မေတ္တာ အပ်နှင်းဖလှယ်ခဲ့သည့် အထိမ်းအမှတ်ပစ္စည်းဖြစ်သော မင်္ဂလာလက်ထပ်လက်စွပ်ကို မပျောက်မရှ အမြဲယုံကြည်ဝတ်ဆင်ထားပါလျှင် ဇနီးမောင်နှံနှစ်ဦးသည် တစ်ဦးအပေါ်တစ်ဦး မေတ္တာကတိစကား တည်မြဲကြပြီး အိမ်ထောင်ရေး အဓွန့်ကြာရှည်ခိုင်မြဲနိုင်မည်။ ကြည်နူးဖွယ်ရာ သာယာလှပသော မေတ္တာစောင်းကြိုးကို အတူတီးခတ်နိုင်ကြပြီး ပန်းခင်းသောအိမ်ထောင်ရေး အချစ်ခရီးလမ်းအပေါ် စိတ်တူကိုယ်တူ လျှောက်လှမ်းနိုင်ကြပါလိမ့်မည်။

သို့ဖြစ်၍ ခုနစ်ရက်သားသမီးများသည် မေတ္တာစွမ်းအား ဝိညာဉ်လိပ်ပြာနှင့် သစ္စာတရား ထိမ်းမြားမင်္ဂလာလက်ထပ်လက်စွပ်ကို အဆောင်လက်ဖွဲ့ပမာ ယုံကြည်တန်ဖိုးထားကာ ဝတ်ဆင်ကြခြင်းဖြင့် အောင်မြင်သော မေတ္တာရေးနှင့် နွေးထွေးသော အိမ်ထောင်ရေးကို တည်ဆောက်ရရှိနိုင်ကြမည် ဖြစ်ပါသည်။

*ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ . . .။*

**အောင်ဘုန်းမြင့်–ကချင်မြေ**



www.burmeseclassic.com

www.burmeseclassic.com



# ထိမ်းမြားမင်္ဂလာ ပြုလုပ်ပါလျှင်

ကိုမောင်သန်းဝင်း

လူတို့ သိနားလည်ကြသော ဂယာဝိနယ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်နှင့်အညီ လောကီမင်္ဂလာအဖြာဖြာတို့တွင် လောကီမင်္ဂလာ တစ်ဆယ့်နှစ်ပါး၊ ဘိသိက်တစ်ဆယ့်နှစ်ပါး၊ ကောတုဟာလမင်္ဂလာ ဆယ်ပါး၊ ထိမ်းမြားမင်္ဂလာဆယ်ပါး၊ ကင်ပွန်းတပ်မင်္ဂလာ ရှစ်ပါး၊ ရှင်ပြုနားထွင်းမင်္ဂလာခြောက်ပါးဟူ၍ ရှိသည်။

လောကီမင်္ဂလာ တစ်ဆယ့်နှစ်ပါးလာ အာဝါဟ ဝိဝါဟမင်္ဂလာနှင့် စပ်လျဉ်း၍ ဆောင်သင့်၊ ရှောင်သင့်ဖွယ်တို့ကို ဖော်ပြလိုပါသည်။

အာဝါဟမင်္ဂလာသည် အမျိုးသမီးကို အမျိုးသားထံသို့ ပို့ဆောင်ခြင်းဖြစ်၍ ဝိဝါဟမင်္ဂလာသည် အမျိုးသမီးထံသို့ သွားရောက်တောင်းယူခြင်းပင် ဖြစ်သည်။

မင်္ဂလာအခမ်းအနားသည် မင်္ဂလာနှင့် ညီညွတ်စွာ ပြုလုပ်ရန်သာ ဖြစ်သည်။ ဂယာဝါသ ဗဟုကိစ္စအဝဝတို့၌ ဇာ့ထုံးကို မပယ်သင့်ဆိုစကားအရ မိမိအကြိုက်ကို မလိုက်သင့်ဘဲ အကျိုးကိုသာ ကြည့်သင့်ပေသည်။

သတို့သား၊ သတို့သမီးတို့ ဇနီးမောင်နှံလောင်းတို့သည် နားဖောက်ခြင်း (ဝါ) စေ့စပ်ကြောင်းလမ်းခြင်းပြုပြီးမှ မင်္ဂလာရှိစွာ ပြောဆိုခြင်း၊ နေထိုင်ခြင်း၊ ကျင့်သုံးခြင်းအမှုတို့ကို ပြုသင့်တော့၏။ မိမိတို့ ဆောင်နှင်းသမှုပြုကြမည့် မင်္ဂလာ၊ အခါ၊ နေ့ရက်တို့ကိုလည်း ကောင်းစွာ စိစစ်ရတော့၏။

"အချိန်ကောင်းစွ၊ အခါရမူ၊ သီဟာဗျဂ္ဃာ၊ ကေသရာကို၊ ရေမှာပျော်မြူး၊ ဖားနိုင်ဖူး၏"ဟု အင်္ဂဝိဇ္ဇာအချိန်အခါအရ သဗ္ဗကိစ္စနီ-ခပ်သိမ်းကုန်သော အမှုကိစ္စတို့သည် ဇယန္တိ-အောင်နိုင်ကုန်၏။ ထို့ကြောင့် ကောင်းမြတ်သော အချိန်အခါ ပြုလုပ်သင့်သောကာလ၊ ရာသီတို့ကို ရွေးချယ်သင့်လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်တို့အဆိုအရ ထိမ်းမြားသင့်သောကာလ၊ မထိမ်းမြားသင့်သောလ ဟူ၍ရှိသည်။ ထိမ်းမြားသင့်သောလများမှာ တန်ခူး၊ ကဆုန်၊ နယုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့တွဲ စသည့်ခြောက်လ ဖြစ်သည်။

"တန်ခူး၊ ကဆုန်၊ ထိမ်းမြားတုံသော်၊ ပြည့်စုံကြွယ်ဝ၊ ချမ်းသာရ၏။ နယုန်လကား၊ နှစ်ပါးချစ်စွာ၊ ကြင်နာရှိလတ်၊ သီတင်းကျွတ်လေ၊ ရွှေငွေစပါး၊ သမီးသားမွန်၊ ပြည့်စုံလွန်ဆုံး၊ တန်ဆောင်မုန်းဆောင်၊ အိမ်ဆောင်ခမ်းနား၊ သုံးဆောင်များမြ၊ တပို့တွဲကား၊ ပုလဲသန္တာ၊ ရတနာပုံ၊ လွန်ပြည့်စုံသည်၊ ဆောင်ကုန်ခြောက်လ အကောင်းတည်း"

မထိမ်းမြားသင့်သောလများမှာ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ နတ်တော်၊ ပြာသို၊ တပေါင်း စသည် ခြောက်လ ဖြစ်သည်။ "ဝါခေါင်လအား၊ ပေးထိမ်းမြားမူ၊ နာဖျားသေပျောက်၊ ဘေးကြီးရောက်အံ့၊ ထို့နောက်ဝါခေါင်၊ ပူလောင်ရှိန်ပြင်း၊ တော်သလင်းလ၊ နတ်တော်လမှာ၊ ရောဂါလည်းပွား၊ သေပျောက်များဆို၊ လပြာသို၌၊ ယွင်းယိုဥစ္စာ၊ မကြာပျက်စီး၊ ဒုက္ခကြီးကြောင်း၊ လတပေါင်းလျှင်၊ သေကင်းရှင်ကွာ၊ ဖြစ်တတ်ရာသည်၊ ရှောင်ပါခြောက်လ အဆိုတည်း။"

ထိမ်းမြားမင်္ဂလာပြုကြသည့်အခါ၌ ဆရာခေါ်၍ တခမ်းတနားပြုလုပ်လေ့ရှိကြသည်။ မင်္ဂလာအခမ်းအနားနှင့် ပတ်သက်၍ ဆရာလေးမျိုး ရှိသည်။ ယင်းတို့မှာ -

(၁) **ဆုပေးဆရာ** - မင်္ဂလာအကြောင်းနှင့် ဘိသိက်အကြောင်းကို နားမလည်သူ။

(၂) **မင်္ဂလာဆရာ** - မင်္ဂလာအကြောင်းသာ နားလည်၍ ဘိသိက်အကြောင်း နားမလည်သူ။

(၃) **ဘိသိက်ဆရာ** - မင်္ဂလာအကြောင်းနှင့် ဘိသိက်သွန်းလောင်းခြင်း အကြောင်းအရာကို ကောင်းစွာကျွမ်းကျင်တတ်မြောက်သူ။

(၄) **သုခမိန်** - လောကီ၊ လောကုတ်၊ ကျမ်းဂန်နှင့် တက္က နက္ခတ်၊ ဗေဒင်၊ ရာဇဝင်၊ မဟာဝင်၊ ရာဇသတ်၊ ဓမ္မသတ်တို့ကို ကောင်းစွာကျွမ်းကျင်တတ်မြောက်သူ ဟူ၍ ဖြစ်ကြသည်။

ထိမ်းမြားမင်္ဂလာပြုရာတွင် မင်္ဂလာနှင့် ဘိသိက်သွန်းလောင်းတတ်သူ၊ လောကီလောကုတ် နှစ်ဖြာကျွမ်းကျင်သူဆရာတို့ကိုသာ လေ့လာ၍ ရှာဖွေပြုလုပ်သင့်ပေသည်။

မင်္ဂလာပွဲတွင် ဆရာမလိမ္မာလျှင် မင်္ဂလာသတို့သား၊ သတို့သမီးတို့၌ ဒဏ် ၁၀ ပါး၊ အပြစ် ၈ ပါး၊ ဘေး ၂၅ ပါး သင့်တတ်၊ ခိုက်တတ်သည်ဟူ၏။

ဒဏ် ၁၀ ပါး ခိုက်သည်ဟူရာဝယ် "နိပ္ပရာ၏၊ ဒေါသမထင်၊ အပြစ်ဝင်မူ၊ အကြင်သူအား၊ ပြစ်မှားလေ့ပြု၊ ဒဏ်ပေးမှုကြောင့်၊ ယခုလက်ငင်း၊ ခဏချင်းလျှင်၊ ပြင်းပြရောဂါ၊ ဥစ္စာကုန်ကြား၊ ပျက်ပြားခြေလက်၊ ရိုးစွပ်သူခိုး၊ ဆွေမျိုးပြုန်းတီး၊ ပစ္စည်းသုံးဆောင်၊ မီးလောင်အိမ်ရာ၊ ဒဏ်ဆယ်ဖြာ၊ သေကာငရဲကျရောက်မြဲ"

အပြစ်ဆိုသည်မှာ "ဒေါသအညစ်၊ အပြစ်ရှစ်ပါး၊ တစ်ဖန်ကြားလိမ့်၊ မှတ်သားလူဗိုလ်၊ မြေမျိုပျက်စီး၊ လောင်မီးမိုးကြိုး၊ လက်နက်မိုးနှင့်၊ မင်းဆိုးဘေးဒဏ်၊ သင့်ပြန်တစ်ချက်၊ နိပ်စက်ရောဂါ၊ ဝေဒနာဆန်း၊ မျက်စိကန်းနှင့်၊ နားကန်းဆွံ့အ၊ အဋ္ဌဒေါသာ၊ မဟာအပြစ်၊ ကိုယ်ဝယ်ဖြစ်၏၊ စင်စစ်ရှေးရှုဆေးကုဆရာ၊ မလိမ္မာသော်၊ လူနာခံမြဲ၊ အမုန်စွဲလော၊ မလဲပမာ၊ ထို့တူသာလျှင်၊ မင်္ဂလာဆရာ၊ မလိမ္မာသော်၊ မင်္ဂလာခံ၊ အမှန်ပျက်စီး၊ ပြစ်ကြီးရှစ်ပါး၊ သင့်လာပြားမူ၊ သိကြားသော်မှ ကုမရသည်၊ ဘဝညွန့်တုံး၏တည်း။" ထို့ကြောင့် ထိမ်းခြားခြင်းအရာတို့၌ ဆရာတို့သည်လည်း မမှားမယွင်းရန် ဂရုစိုက်ပြုရပေမည်။

"အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး၊ ချက်မပိုင်လျှင် နောင်ပြင်နိုင်ခဲသည့်အမျိုး၊ အေးစေဖို့တရားနာ၊ ပူဆာဆာအကျိုး၊ ဆင်ခြင်လျှင် ဉာဏ်မကိုးနှင့်၊ ငါးရိုးမြက်လက်တို့၊ မတော်လျှင် အကော်ခက်နိုင်သပ၊ ပမာပျားနှတ်ချိုသလို၊ အဟုတ်ကို ထင်မှားလို့၊ ယင်နားသည့် ပင့်ကူအုံ၊ ကွင်းထောက်ချောက်ကြံ့၊ ဣတ္ထိယ (ဝါ) ပုရိသကလိမ်ချုံကို နှောင်ယှံ့ရန် ခက်လွန်းတော့လေး"

ဟူ၍ စလေဦးပုညက ယရာဝါသ အိမ်ထောင်မှု (ဝါ) ထိမ်းမြားမင်္ဂလာပြုမှုကြရာဝယ် အလွယ်မလုပ်သင့်ကြောင်း စာစီကုံးခဲ့သည်။

ဤသို့ဆိုလျှင်...။

ကိုမောင်သုန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com




# ဒါဖတ်ပြီးမှ ထီထိုးကြ

တသုန်ဟိန်းထက်

**ပထမဆုံး မြန်မာ့ထီသမိုင်း**

သီပေါမင်းလက်ထက် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ ပြည်သူတို့၏ စီးပွားရေးအခြေအနေသည် မင်းတုန်းမင်းလက်ထက်က အခြေအနေထက် နိမ့်ကျလာခဲ့သည်။ လူမှုရေးအခြေအနေလည်း နိမ့်ကျလာသည်။ စုဖုရားကြီး၊ စုဖုရားလတ်နှင့် သူ၏အပေါင်းအပါများသည် ရွှေတိုက်တော်အတွင်းမှ ပြည်သူတို့၏ အခွန်ငွေများကို မိမိပိုင်ပစ္စည်းကဲ့သို့ သုံးစွဲကြသည်။ သီပေါမင်းကိုယ်တိုင်လည်း သုံးစွဲခဲ့သည်။ သီပေါမင်းနှင့် စုဖုရားလတ်တို့ သားငယ်လေး ပခက်တင်အခမ်းအနား ကျင်းပရာတွင် ငွေပေါင်း နှစ်ကုဋေကျော် ကုန်ကျလေသည်။ ဘဏ္ဍာရေးအခြေအနေ ကျပ်တည်းလာခဲ့သည်။ ထိုသို့ ချွတ်ခြုံကျ၍ လွဲမှားသော ထီဖွင့်လှစ်ခြင်းကို ၁၈၇၉ ခုနှစ်၊ မတ်လလောက်တွင် ထီဖွင့်လှစ်ခဲ့သည်။ တစ်လတစ်ခါဖွင့်ရာ တစ်လလျှင် အခွန်ငွေ ဘဏ္ဍာပေါင်း နှစ်သိန်းခန့် ရခဲ့သည်။ (ယနေ့ မန္တလေးဈေးချိုကြီး မြောက်ဘက်ရှိ ရုံတော်ကြီးသည် ထီရုံတော်ကြီး ဖြစ်သည်။) တိုင်းသူပြည်သားများလည်း စီးပွားရေး ဟန်မကျ၍ ထီကိုသာ မဲထိုးလာသဖြင့် ရာဇဝတ်မှုများ တိုးပွားလာခဲ့သည်။ ထို့ကြောင့် ၁၈၈၁ ခုနှစ်တွင် ထီဖွင့်မှုကို ရပ်စဲလိုက်သည်။

မြန်မာထီလုပ်ငန်းကို ကိုလိုနီအင်္ဂလိပ်ခေတ်၌ အဓိပတိ ဒေါက်တာဘမော်အုပ်ချုပ်စဉ် ၁၉၃၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ဆင်းရဲတွင်းနက်နေသော ပြည်သူလူထုအတွက် ထွက်ပေါက်ရစေရန်အတွက် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ မြန်မာ့ထီလုပ်ငန်း ပေါ်ပေါက်လာခြင်း၏ အကျိုးဆက်အဖြစ် ပြည်သူလူထုကို ဖိစီးနေသော "သဿမေအခွန်တော်"နှင့် "လူခွန်"ကောက်ယူခြင်းကို ဖျက်သိမ်းပေးခဲ့၍ ဖြစ်ပါသည်။

စတင်စဉ်က ထီတစ်စောင် နှစ်ကျပ်နှုန်းဖြစ်ပြီး သုံးလတစ်ကြိမ် ဖွင့်ပွဲကျင်းပခဲ့၏။ မူလစတင်ဖွင့်လှစ်ရန် ကမ်းနားလမ်း စာတိုက်ကြီးတွင် စီစဉ်ခဲ့သော်လည်း အခြေအနေ၊ အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့ ၃၂ လမ်းရှိ တိုက်အမှတ်(၉၃)တွင်သာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပထမဆုံး စတင်ဖွင့်လှစ်သောနေ့မှာ ၁၉၃၈၊ ဇွန်လ ၁၃ ရက် ဖြစ်၏။

ထိုဖွင့်ပွဲအခမ်းအနားသို့ နန်းရင်းဝန် အဓိပတိ ဒေါက်တာဘမော်၊ ဝန်ကြီးချုပ်များ၊ အထက်လွှတ်တော်၊ အောက်လွှတ်တော်အမတ်များ၊ အစိုးရအရာရှိကြီးများ တက်ရောက်အားပေး ဖွင့်လှစ်ခဲ့ပါသည်။ ဘဏ္ဍာရေးဝန်ကြီးချုပ် ဦးထွန်းအောင်ကျော်က ထီအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး အဓိပတိဒေါက်တာဘမော်က သစ်သားအန်စာတုံးများကို စည်ရှစ်လုံးထဲသို့ ထည့်ပေးခဲ့သည်ဟု သိရသည်။

ပထမအကြိမ် ထီဆုချီးမြှင့်ပွဲ၌ ဆုမဲပေါင်း ၄၂၈ မဲ ချီးမြှင့်ခဲ့ပြီး ပထမအများဆုံး ဆုငွေမှာ "တစ်သိန်းကျပ်" ဖြစ်၏။ ဆဋ္ဌမအနည်းဆုံး ဆုငွေမှာ "ကျပ်ငါးရာ"ဖြစ်ပါသည်။

ပထမအကြိမ် မြန်မာထီဖွင့်ပွဲမှစ၍ ထီရောင်းရငွေ၏ တစ်ဝက်ဖြစ်သော ငါးဆယ်ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သတ်မှတ်၍ ကျန်တစ်ဝက် ငါးဆယ်ရာခိုင်နှုန်းကို ထီပေါက်မဲဆုကြေးအဖြစ် သတ်မှတ်ချီးမြှင့်ခဲ့သည်။ ထိုအတွက် မကျေနပ်ကြ၍ ပိုင်းဝန်းဝေဖန်မှုများလာ၍ နောက်ပိုင်းတွင် အခွန်ငွေ ဆယ်ရာခိုင်နှုန်းလျှော့ချ၍ လေးဆယ်ရာခိုင်နှုန်းကိုသာ အစိုးရက ယူခဲ့၏။

ဗဟုသုတမှတ်သားဖွယ်ရာအဖြစ် တင်ပြလိုသည်မှာ ပထမဆုံး မြန်မာ့သိန်းဆုကံထူးရှင်မှာ မွန်ပြည်နယ်၊ ဇင်းကျိုက်မြို့နယ်မှ "ဦးနဲ"ဆိုသူ ဖြစ်ပြီး၊ ပေါက်မဲလက်မှတ်မှာ (အေ-ဝ၆၁၂၇၉) ဖြစ်ပြီး အတိတ်မှာ "ဆယ်သန်း"ဟူ၍ဖြစ်သည်။

သုံးသောင်းကျပ်ဆုမဲရှင် ဒုတိယကံထူးရှင်နှစ်ဦးမှာ ပဲခူးတိုင်း၊ စစ်ကွင်းမှ တစ်ယောက်ဖြစ်ပြီး၊ နောက်တစ်ယောက်မှာ ရေဝတီတိုင်း၊ ကျိုက်လတ်မှဖြစ်၏။ စစ်ကွင်းမှ ဒုတိယဆုရှင်၏ အတိတ်မှာ "ရွှေဥသြ"ဖြစ်ပြီး၊ ရေဝတီတိုင်းမှ ဒုတိယဆုရှင်၏ အတိတ်မှာ "ယူတော့မည်၊ ကျောင်းဆောက်ရန်"ဟူ၍ ဖြစ်ကြောင်း မှတ်တမ်းများအရ သိရပါသည်။

ဤထီမှရသော အခွန်ကြောင့်သာလျှင် ပြည်သူလူထုကို ဖိစီးနေသော အခွန်များ ဖျက်သိမ်းပေးခဲ့၍ ကောင်းသောအချက်ဟု ဆိုနိုင်ပါသည်။

ဤကား စာဖတ်သူတို့ ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ရသော မြန်မာ့ထီနိဒါန်းအစပင် ဖြစ်ပါတော့သည်။

⇨●⇨●⇨●

## ကံကို ဉာဏ်ကူ၍ ထီထိုးပါ

ယနေ့အချိန်အခါသည် အောင်ဘာလေသိန်းထီကြီး၏ ရွှေခေတ်ကို ရောက်နေပါပြီ။ နိုင်ငံတော်အစိုးရမှလည်း မဟာကံထူးရှင်တို့အတွက် ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးနေသလို ပုဂ္ဂလိက ထီဆိုင်ကြီးများကလည်း ကံထူးရှင်တို့ကို စိတ်ကြီးဝင်လာအောင် ခမ်းခမ်းနားနား ကျင်းပမြှောက်စားနေသည်မှာလည်း တစ်နိုင်ငံလုံးအသိပင် ဖြစ်၏။

လူတိုင်းက ထီဆုကြီးပေါက်ချင်ကြပါလိမ့်မည်။ သို့သော် ထိုကိစ္စက ထင်သလောက်မလွယ်။ အတိတ်မှ ဒါနကံ ကြီးကြီးမားမား ပါလာရန်လည်း လိုအပ်၏။ ဤနေရာတွင် "ထိုက်"နှင့်ပတ်သက်၍ အမှတ်မှားမည်စိုး၍ အနည်းငယ်မျှ တင်ပြလိုပါသည်။

ဒါနပြုရာတွင် မိမိတတ်နိုင်သလောက် အလှူအတန်း ပြုလုပ်နိုင်သော်လည်း ဘာသာရေးနယ်ပယ်မှ ပုဂ္ဂိုလ်ထူးများ အဆိုအရ ထီပေါက်ရန် လိုအပ်သော အတိတ်ကံမှာ "ပံ့သကူအလှူ"ရှိရန် အရေးကြီးလှကြောင်း လေ့လာမှတ်သားခဲ့ရသည်။

ပံ့သကူအလှူသည် ငွေအစုလိုက်၊ အပြုံလိုက် ဝင်ကိန်းအတွက် များစွာအထောက်အကူပြုကြောင်း လျှို့ဝှက်ချက်တစ်ခုအဖြစ် သိလာခဲ့ရသည်။ "ပံ့သကူ"ဟူသည် အရာဝတ္ထု၊ ငွေကြေး အသုံးအဆောင် စသည် တစ်ခုခုကို "ထိုက်သူရစေ"ဟူသော ရည်ရွယ်ချက်ဖြင့် အလွယ်တကူ မမြင်နိုင်သော နေရာတွင် စွန့်လှူထားရှိပေးသော အလှူဖြစ်၏။ ဤသို့



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်မပါသော (အတ္တကင်းသော) အလှူမျိုးဖြစ်ပေသည်။

ဤသို့သော သဘောသဘာဝကို သိထားရန် လိုပါသည်။ ထိုဟူသည် "ကံ"ဟု ကံချည်းသက်သက် ပုံမချရန် ဉာဏ်ကူတတ်ရန် ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးတင်ပြသွားပါမည်။

ငှက်အုပ်တစ်အုပ်ထဲသို့ လေးခွနှင့်ပစ်သလို ထိချင်တဲ့အကောင် ထိဟူသော သဘောနှင့် ပစ်နေမည့်အစား လွဲကာမှလွဲရော၊ ပစ်မှတ်ထား၍ စနစ်တကျပစ်ခတ်ရန် လိုပါသည်။ မိမိကံမြင့်နေသောအချိန် အကျိုးပေးဂဏန်း၊ ထောက်ပံ့ပေးရမည့် ကံမြင့်ကံတက်အစီအရင် နည်းနာများသည်လည်း လိုအပ်ကြောင်း သတိပေးတင်ပြလိုက်ရပါသည်။

## ကံပွင့်၊ လာဘ်ပွင့် ဂဏန်း ဂုဏ်တော် ဘုရားရှိခိုး

နှမရော်လော်ကျီ သဘောအရ ကျွန်ုပ်တို့ ကမ္ဘာကြီးနှင့် စကြဝဠာကြီးကို ကိန်းဂဏန်းများဖြင့် လွှမ်းမိုးထားပေသည်။ ထိုသည်လည်း ကိန်းဂဏန်းအကွက်ရာများကို ကိုယ်စားပြုပေရာ အမှန်တကယ် ထက်သန်သော စိတ်ရှိပြီး ထိုဆုကြီးပေါက်လိုသူများသည် ကိန်းဂဏန်းများကို မရိုမသေ မထီမဲ့မြင် မပြုသင့်။

ကိန်းဂဏန်းတိုင်း၌ စွမ်းအားရပ်များ၊ တန်ခိုးသတ္တိများနှင့် လျှို့ဝှက်အကြောင်းအရာများ ကိန်းအောင်းနေတတ်သည်။ ထို့ကြောင့် အဆိုပါ ကိန်းဂဏန်းများအပေါ် အလေးအမြတ်တန်ဖိုးထားရာ ရောက်စေမည့် ဂါထာထူးတစ်ပုဒ်ကို တင်ပြလိုပါသည်။

"ကံပွင့်၊ လာဘ်ပွင့် ဂဏန်းဂုဏ်တော် ဘုရားရှိခိုး" ဟု လူသိများသည့် ကိန်းဂဏန်းတစ်ခုချင်းစီဖြင့် ဘုရားရှင်အား ပူဇော်ထားသော ဂါထာတော်ဖြစ်ပေသည်။ အကျိုးလိုလားသော ပရိသတ်အတွက် အောက်တွင်ဖော်ပြအပ်ပါသည်။

## ကံပွင့်၊ လာဘ်ပွင့် ဂဏန်းဂုဏ်တော် ဘုရားရှိခိုး

### (၁) ဂဏန်း ဖြစ်တော်မူသော

မြတ်စွာဘုရားအဆူဆူတို့သည် တစ်ပါးချင်းစီ၌ မတူထူးခြား အတုမရှိဂုဏ်တော်များဖြင့် ပွင့်ထွန်းဖူးပွင့်တော်မူကြပါသည်ဘုရား။ ဤသို့လျှင် အတုမရှိ မြတ်ဘုရား တစ်ပါးချင်းစီအား ရည်မှန်း၍ ရှိသေစွာ ရှိခိုးကန်တော့ပါသည် ဘုရား။

### (၂) ဂဏန်း ဖြစ်တော်မူသော

ရုပ်တရား၊ နာမ်တရား ဤတရားနှစ်ပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူကြကုန်သော မြတ်စွာဘုရားအဆူဆူနှင့်တကွ ပစ္စေကဗုဒ္ဓါများ၊ ရဟန္တာများ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ အရိယာသာဝကတို့အား စိတ်ဝယ်ရည်မှန်း၍ ရှိခိုးကန်တော့ပါသည် ဘုရား။

### (၃) ဂဏန်း ဖြစ်တော်မူသော

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါးကိုလည်းကောင်း၊ မြတ်စွာဘုရားအဆူဆူ ချမှတ်ခဲ့သော ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာကိုလည်းကောင်း၊ သီလ, သမာဓိ,ပညာတည်းဟူသော သိက္ခာသုံးရပ်၊ ပိဋကတ်သုံးပုံတို့အား စိတ်ဝယ်မျှော်မှန်း၍ ရှိသေစွာ ရှိခိုးကန်တော့ပါသည် ဘုရား။

### (၄) ဂဏန်း ဖြစ်တော်မူသော

သစ္စာတရား လေးပါး၊ သတိပဋ္ဌာန်တရားလေးပါး၊ သမ္မပ္ပဓာန်တရားလေးပါး၊ ဣဒ္ဓိပါဒ်တရားလေးပါး၊ မဂ်လေးပါး၊ ဖိုလ်လေးပါးတည်းဟူသော မြင့်မြတ်သည့် တရားတော်များနှင့်တကွ မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက်တည်းဟူသော အရိယာသံဃာတော်များအားလည်း ရှိသေမြတ်နိုးစွာ ရှိခိုးကန်တော့ပါသည် ဘုရား။

### (၅) ဂဏန်း ဖြစ်တော်မူသော

ငါးပါးသော လူတို့ကျင့်ရာ သီလတရားတော်မြတ်ကိုလည်းကောင်း၊ နီဝရဏငါးဖြာအား ပယ်ချိုးတွန်းလှန်နေသော ဖိုလ်ငါးပါးကိုလည်းကောင်း၊ ဘုရား,တရား,သံဃာ,မိဘ,ဆရာတည်းဟူသော အနန္တငါးဖြာအား ရှိသေစွာ ရှိခိုးကန်တော့ပါသည် ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

**(၆) ဂဏန်း ဖြစ်တော်မူသော**

ဘုန်းတော်ခြောက်ပါး ဉာဏ်တော်ခြောက်ပါး ရောင်ခြည်တော်ခြောက်ပါးပိုင်ရှင် သဗ္ဗညုတမြတ်စွာဘုရားရှင်အား ရှိသေစွာ ရှိခိုးကန်တော့ပါသည် ဘုရား။

**(၇) ဂဏန်း ဖြစ်တော်မူသော**

သူတော်ကောင်းတရား ခုနစ်ပါး၊ ဗောဇ္ဈင်တရား ခုနစ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်အား ရှိသေစွာ ရှိခိုးကန်တော့ပါသည် ဘုရား။

**(၈) ဂဏန်း ဖြစ်တော်မူသော**

မဂ္ဂင်ရှစ်ပါး တရားတော်မြတ်၊ ရှစ်ပါးသော အရိယာသံဃာတော်များနှင့်တကွ လူတို့ကျင့်ရာ ရှစ်ပါးသီလဟူသော အကျင့်မြတ်တို့ကို ရှိသေစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

**(၉) ဂဏန်း ဖြစ်တော်မူသော**

မြတ်ဘုရားရှင်၏ အနှိုင်းမဲ့ဂုဏ်တော် ကိုးပါး၊ စောင့်ထိန်းရာ အကျင့်မြတ်ဖြစ်သော ကိုးပါးသောသီလ၏ ဂုဏ်အင်တို့ကိုလည်းကောင်း ရှိသေစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

**(၁၀) ဂဏန်း ဖြစ်တော်မူသော**

ပါရမီဆယ်ပါးပိုင်ရှင် သုံးလောကထွတ်ထား မြတ်ဘုရားရှင်နှင့် သုမင်္ဂလာတရား ဆယ်ပါး၊ သုစရိုက်တရား ဆယ်ပါး၊ ခင်ပွန်းကြီး ဆယ်ပါးနှင့် အကျင့်မြတ်ဖြစ်သော ၁၀ ပါးသီလ၏ ဂုဏ်အင်တို့ကို ရှိသေစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

[ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇယံ ဂဏန်] သုံးကြိမ်ရွတ်ဆိုပါ။

ဤမှန်သော သစ္စာစကားများကို ရွတ်ဆို၍ (၁) ဂဏန်းမှ (၁၀)ဂဏန်းအထိ ပိုင်ရှင်မြတ်စွာဘုရားရှင်များအားလုံးကို ရှိခိုးရသော ကောင်းမှုကံစေတနာတို့ကြောင့် ဘုရားတပည့်တော်အား ဂဏန်းနံပါတ်များနှင့် ပတ်သက်၍ အောင်မြင်ခြင်း မင်္ဂလာအဖြာဖြာတို့အား စင်စစ်မသွေ ရရှိပိုင်ဆိုင်ခွင့် ရပါလို၏ အရှင်ဘုရား။ ဘုရားတပည့်တော်၏ လက်ဝယ်တွင်ရှိသော ဤအောင်ဘာလေထီ လက်မှတ်သည်လည်း သိန်းထီဆုကြီးများ ရရှိပိုင်ဆိုင်စေမည့် အောင်လက်မှတ် မလွဲမသွေ ဖြစ်ရပါလို၏ အရှင်ဘုရား

(မိမိဆန္ဒအလျောက် နှစ်သက်ရာတောင်းဆုများလည်း ဆုတောင်းသမ္မ ပြုနိုင်ပါသည်။)

## နေ့နံသားသမီးများ လအလိုက်ထီထိုးနည်းလမ်းညွှန်

ခုနစ်နေ့ ခုနစ်နံ နေ့နံသားသမီးများအနေဖြင့် ကံကို ဉာဏ်ကူ၍ စနစ်တကျ ထီကံစမ်းနိုင်ရန်အတွက် အထောက်အကူပြုနည်းစနစ်များကို တင်ပြလိုက်ရပါသည်။

ဤဖော်ပြချက်များသည် ၂၀၁၄ ခုနှစ်၊ မေလ မှစတင်၍ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအထိ အကျုံးဝင်ပါသည်။ ခြွင်းချက်အနေဖြင့် ရာဟုဖွားများသည်လည်း ဗုဒ္ဓဟူးနေ့နံရှင်အဖြစ် သတ်မှတ်လုပ်ဆောင်ရန် ဖြစ်သည်။

### တနင်္ဂနွေသားသမီးများ

**မေလအတွက်**

| | | |
|---|---|---|
| အကျိုးပေးအက္ခရာ | ။ | မ-ပ-ဖ-ဘ |
| အကျိုးပေးဂဏန်း | ။ | ၂-၅-၉ |
| ထီထိုးသင့်သည့်နေ့ | ။ | တနင်္ဂနွေ ကြာသပတေး |
| ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် | ။ | မီးခိုးရောင်၊ နက်ပြာရောင် |

**ဇွန်လအတွက်**

| | | |
|---|---|---|
| အကျိုးပေးအက္ခရာ | ။ | အ-တ-ထ-ဒ-ဓ-န |
| အကျိုးပေးဂဏန်း | ။ | ၀-၁-၇-၉ |
| ထီထိုးသင့်သည့်နေ့ | ။ | အင်္ဂါ သောကြာ |
| ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် | ။ | အစိမ်းနု၊ အဝါနု၊ အဖြူ |

**ဇူလိုင်လအတွက်**

| | | |
|---|---|---|
| အကျိုးပေးအက္ခရာ | ။ | က-ခ-ဂ-ဃ-င |
| အကျိုးပေးဂဏန်း | ။ | ၂-၃-၆-၇ |



www.burmeseclassic.com

www.burmeseclassic.com

ထီထိုးသင့်သည့်နေ့ ။ ကြာသပတေး၊ သောကြာ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အနီရောင်

**ဩဂုတ်လအတွက်**
အကျိုးပေးအက္ခရာ ။ စ-ဆ-ဇ-မ-အ
အကျိုးပေးဂဏန်း ။ ၃-၇-၀
ထီထိုးသင့်သည့်နေ့ ။ ဗုဒ္ဓဟူး၊ စနေ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အပြာရောင်၊ ပန်းရောင်၊ လိမ္မော်ရောင်

**စက်တင်ဘာလအတွက်**
အကျိုးပေးအက္ခရာ ။ ယ-ရ-လ-ဝ
အကျိုးပေးဂဏန်း ။ ၁-၃-၄-၇-၉
ထီထိုးသင့်သည့်နေ့ ။ တနင်္ဂနွေ၊ တနင်္လာ၊ သောကြာ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ ကြက်သွေးရောင်၊ အညိုရောင်

**အောက်တိုဘာလအတွက်**
အကျိုးပေးအက္ခရာ ။ သ-ဟ-အ-န-ဏ
အကျိုးပေးဂဏန်း ။ ၂-၀-၉
ထီထိုးသင့်သည့်နေ့ ။ အင်္ဂါ၊ ဗုဒ္ဓဟူး
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အစိမ်း၊ အပြာ၊ အနက်

**နိုဝင်ဘာလအတွက်**
အကျိုးပေးအက္ခရာ ။ က-ခ-စ-ဆ-ဒ-တ
အကျိုးပေးဂဏန်း ။ ဝ-၃-၅-၀
ထီထိုးသင့်သည့်နေ့ ။ စနေ၊ တနင်္ဂနွေ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူ၊ အဝါ၊ ပန်းရောင်

**ဒီဇင်ဘာလအတွက်**
အကျိုးပေးအက္ခရာ ။ ဈ-ည-ဋ-ဌ-ပ
အကျိုးပေးဂဏန်း ။ ၂-၃-ဝ (အပူးများ)
ထီထိုးသင့်သည့်နေ့ ။ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အနီ၊ ကြက်သွေးရောင်၊ တောက်ပသော အရောင်များ

⇨●⇨●⇨●

## တနင်္လာသားသမီးများ

**မေလအတွက်**
အကျိုးပေးအက္ခရာ ။ တ-ထ-ဒ-ဓ-န-ယ-ဏ
အကျိုးပေးဂဏန်း ။ ၆-၇-၀
ထီထိုးသင့်သည့်နေ့ ။ တနင်္လာ၊ အင်္ဂါ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အနက်ရောင်၊ ကာကီရောင်၊ ယောဂီရောင်

**ဇွန်လအတွက်**
အကျိုးပေးအက္ခရာ ။ ဗ-ဘ-မ-ဟ-သ-ဝ
အကျိုးပေးဂဏန်း ။ ၁-၀-၉
ထီထိုးသင့်သည့်နေ့ ။ ကြာသပတေး၊ သောကြာ၊ စနေ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူ

**ဇူလိုင်လအတွက်**
အကျိုးပေးအက္ခရာ ။ အ-ဋ္ဌ-ဋ-ဏ
အကျိုးပေးဂဏန်း ။ ၆ အစ ၆ အဆုံး
ထီထိုးသင့်သည့်နေ့ ။ ဗုဒ္ဓဟူး
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အပြာတောက်တောက်၊ အဝါတောက်တောက်

**ဩဂုတ်လအတွက်**
အကျိုးပေးအက္ခရာ ။ ဇ-ဈ-တ-ထ-ဝ
အကျိုးပေးဂဏန်း ။ ၇-၀-၉
ထီထိုးသင့်သည့်နေ့ ။ သောကြာ၊ စနေ၊ တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ မီးခိုးရောင်၊ ကာကီရောင်

### စက်တင်ဘာလအတွက်

အကျိုးပေးအက္ခရာ ။ အ-သ-ဟ

အကျိုးပေးဂဏန်း ။ ၁-၄-၇-ဂ

ထီထိုးသင့်သည့်နေ့ ။ သောကြာ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အနီရောင်၊ အနက်ရောင်

### အောက်တိုဘာလအတွက်

အကျိုးပေးအက္ခရာ ။ ဗ-ဘ-ယ-ရ-လ-ဝ

အကျိုးပေးဂဏန်း ။ ၇ နောက်ပိတ်

ထီထိုးသင့်သည့်နေ့ ။ တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အရောင်နှော (ရောင်စုံ)

### နိုဝင်ဘာလအတွက်

အကျိုးပေးအက္ခရာ ။ မ-ခ-ပ-ငှ

အကျိုးပေးဂဏန်း ။ ၉ ဂဏန်း များနိုင်သလောက် များများပါရန်

ထီထိုးသင့်သည့်နေ့ ။ စနေ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အစိမ်းရောင်၊ ရေညှိရောင်၊ ကြံရည်ရောင်

### ဒီဇင်ဘာလအတွက်

အကျိုးပေးအက္ခရာ ။ စ-ဆ-ဇ-ဈ-ည-ယ-ရ-လ-ဝ

အကျိုးပေးဂဏန်း ။ (၀)အစ၊ (၀)အလယ်၊ (၀)နောက်ပိတ်

ထီထိုးသင့်သည့်နေ့ ။ တနင်္ဂနွေ၊ ကြာသပတေး

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အသားရောင်၊ အရောင်ဖျော့များ

⇨ ● ⇨ ● ⇨ ●

## အင်္ဂါသားသမီးများ

### မေလအတွက်

အကျိုးပေးအက္ခရာ ။ စ-ဆ-ဗ-ဘ-မ

အကျိုးပေးဂဏန်း ။ ၆-ဂ-၂

ထီထိုးသင့်သည့်နေ့ ။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အစိမ်းနု၊ အပြာနု

### ဇွန်လအတွက်

အကျိုးပေးအက္ခရာ ။ သ-ဟ-အ

အကျိုးပေးဂဏန်း ။ အနည်းဆုံး (၀)သုံးလုံးပါရန်

ထီထိုးသင့်သည့်နေ့ ။ စနေ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အနီရောင်၊ ကြက်သွေးရောင်

### ဇူလိုင်လအတွက်

အကျိုးပေးအက္ခရာ ။ လ-ယ-ဝ-ဏ-ဠ

အကျိုးပေးဂဏန်း ။ ၄-၅-ဂ

ထီထိုးသင့်သည့်နေ့ ။ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဝါ၊ လိမ္မော်၊ အဖြူ

### ဩဂုတ်လအတွက်

အကျိုးပေးအက္ခရာ ။ ဘ-မ-က-ခ-ဂ-ဃ-င

အကျိုးပေးဂဏန်း ။ ၂-၃-၄-၅-၉

ထီထိုးသင့်သည့်နေ့ ။ ကြာသပတေး

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ မီးခိုးရောင်၊ အရောင်မှိုင်းမှိုင်းများ

### စက်တင်ဘာလအတွက်

အကျိုးပေးအက္ခရာ ။ ထိုးမည့်နေ့၌ ပထမဆုံးတွေ့သော ကားနံပါတ်

အကျိုးပေးဂဏန်း ။ ထိုးမည့်နေ့၌ ပထမဆုံးတွေ့သော ကားနံပါတ်



www.burmeseclassic.com

www.burmeseclassic.com

ထီထိုးသင့်သည့်နေ့ ။ အင်္ဂါ၊ ကြာသပတေး
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်

**အောက်တိုဘာလအတွက်**

အကျိုးပေးအက္ခရာ ။ န-ဏ-စ-ခ-ဗ-ဝ
အကျိုးပေးဂဏန်း ။ ၉ အများဆုံးပါရန်
ထီထိုးသင့်သည့်နေ့ ။ စနေ၊ တနင်္ဂနွေ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူ၊ အရောင်နုများ

**နိုဝင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ စ-ဆ-ဇ-သ-ဟ
အကျိုးပေးဂဏန်း ။ ၆-၄-၃
ထီထိုးသင့်သည့်နေ့ ။ တနင်္ဂနွေ၊ တနင်္လာ၊ သောကြာ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ ကြက်သွေးရောင်၊ အညိုရောင်

**ဒီဇင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ ယ-ရ-လ-ဝ-တ-ထ
အကျိုးပေးဂဏန်း ။ ၄-၅-၇-၉
ထီထိုးသင့်သည့်နေ့ ။ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အနက်ရောင်၊ မီးခိုးရောင်

⇨ ● ⇨ ● ⇨ ●

## ဗုဒ္ဓဟူးသားသမီးများ

**မေလအတွက်**

အကျိုးပေးအက္ခရာ ။ အ-စ-ဆ-ဇ-ဈ-ည
အကျိုးပေးဂဏန်း ။ ၁-၃-၅
ထီထိုးသင့်သည့်နေ့ ။ ကြာသပတေး၊ စနေ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အပြာတောက်တောက်၊ အစိမ်းရောင်တောက်တောက်

**ဇွန်လအတွက်**

အကျိုးပေးအက္ခရာ ။ တ-ထ-ဒ-ဓ-န
အကျိုးပေးဂဏန်း ။ ၂-၃-၇-၉
ထီထိုးသင့်သည့်နေ့ ။ တနင်္ဂနွေ၊ အင်္ဂါ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အရောင်နှောများ (အရောင်စုံ)

**ဇူလိုင်လအတွက်**

အကျိုးပေးအက္ခရာ ။ ဘ-မ-ဗ-ဏ-လ
အကျိုးပေးဂဏန်း ။ ဝ-၅-၄
ထီထိုးသင့်သည့်နေ့ ။ စနေ၊ ဗုဒ္ဓဟူး
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ လိမ္မော်ရောင်၊ အဝါရောင်

**ဩဂုတ်လအတွက်**

အကျိုးပေးအက္ခရာ ။ ယ-ရ-န-ဏ-သ-ဟ
အကျိုးပေးဂဏန်း ။ ၄-၂-၆-၃
ထီထိုးသင့်သည့်နေ့ ။ ဗုဒ္ဓဟူး၊ သောကြာ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အပြာ၊ အစိမ်း၊ အနက်

**စက်တင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ ထီထိုးမည့်နေ့၌ ပထမဆုံးတွေ့သော နိမိတ်
အကျိုးပေးဂဏန်း ။ ၅ အများဆုံးပါရန်၊ ၅ အပူးဖြစ်ရန်
ထီထိုးသင့်သည့်နေ့ ။ ကြာသပတေး၊ တနင်္ဂနွေ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူရောင်

**အောက်တိုဘာလအတွက်**

အကျိုးပေးအက္ခရာ ။ ဒ-က-ခ-ရ-ယ
အကျိုးပေးဂဏန်း ။ ၁-၂-၄
ထီထိုးသင့်သည့်နေ့ ။ စနေ၊ အင်္ဂါ၊ သောကြာ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ ပန်းရောင်၊ အနီဖျော့ဖျော့



www.burmeseclassic.com

www.burmeseclassic.com

**နိဝင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ ဘ-မ-ဟ-ဌ-ဏ-ဃ

အကျိုးပေးဂဏန်း ။ ၉ အစ ၇ အဆုံး

ထီဆိုးသင့်သည့်နေ့ ။ စနေ၊ သောကြာ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အသားရောင်၊ ကာကီရောင်

**ဒီဇင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ စ-ဆ-ဇ-ဋ-ဌ-ပ

အကျိုးပေးဂဏန်း ။ ၃-၄-၇-၀

ထီထိုးသင့်သည့်နေ့ ။ အင်္ဂါ၊ ဗုဒ္ဓဟူး(ညနေ)

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ ကြက်သွေးရောင်၊ အညိုရောင်

➪●➪●➪●

## ကြာသပတေးသားသမီးများ

**မေလအတွက်**

အကျိုးပေးအက္ခရာ ။ အ-ပ-ဖ-ဘ-တ-ထ-ဒ

အကျိုးပေးဂဏန်း ။ ၀-၁-၅-၇

ထီထိုးသင့်သည့်နေ့ ။ တနင်္လာ၊ ကြာသပတေး

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူရောင်

**ဇွန်လအတွက်**

အကျိုးပေးအက္ခရာ ။ စ-ဆ-ဋ-ဏ-စ

အကျိုးပေးဂဏန်း ။ ၅-၃-၄-၆

ထီထိုးသင့်သည့်နေ့ ။ ကြာသပတေး၊ သောကြာ၊ စနေ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ မရမ်းစေ့ရောင်၊ ကြက်သွေးရောင်၊ မီးခိုးရောင်

**ဇူလိုင်လအတွက်**

အကျိုးပေးအက္ခရာ ။ ပ-ဖ-ဈ-ည-လ-ဝ

အကျိုးပေးဂဏန်း ။ ၃-၅-၄-၇

ထီထိုးသင့်သည့်နေ့ ။ သောကြာ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အနီရောင်

**ဩဂုတ်လအတွက်**

အကျိုးပေးအက္ခရာ ။ ယ-ရ-လ-ဝ-သ-ဟ

အကျိုးပေးဂဏန်း ။ (၀) အပူးများ

ထီထိုးသင့်သည့်နေ့ ။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဝါရောင်၊ ငွေရောင်၊ ရွှေရောင်

**စက်တင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ န-ဏ-ဃ-ဌ

အကျိုးပေးဂဏန်း ။ မိသားစုမှ အငယ်ဆုံးလူကိုမေးရန်

ထီထိုးသင့်သည့်နေ့ ။ သောကြာ၊ စနေ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူရောင်၊ ယောဂီရောင်

**အောက်တိုဘာလအတွက်**

အကျိုးပေးအက္ခရာ ။ မ-ဗ-ဘ-ဈ-ည

အကျိုးပေးဂဏန်း ။ ၀-၂-၄

ထီထိုးသင့်သည့်နေ့ ။ ကြာသပတေး၊ တနင်္လာ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အစိမ်းရောင်၊ အပြာရောင်

**နိုဝင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ ဒ-ဓ-ပ-ဟ-အ

အကျိုးပေးဂဏန်း ။ ၀-၇-၈-၉

ထီထိုးသင့်သည့်နေ့ ။ စနေ (ညနေ)

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူနှင့်အနက် တွဲလျက်

**ဒီဇင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ ယ-ရ-လ-မ-ဘ

အကျိုးပေးဂဏန်း ။ ၁-၃-၆-၉



www.burmeseclassic.com

www.burmeseclassic.com

ထီထိုးသင့်သည့်နေ့ ။ တနင်္ဂနွေ၊ အင်္ဂါ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အနီရောင်၊ ရှားရောင်၊ လိမ္မော်ရောင်

⇨ ● ⇨ ● ⇨ ●

## သောကြာသားသမီးများ

### မေလအတွက်
အကျိုးပေးအက္ခရာ ။ ထီထိုးမည့်နေ့၌ ပထမဆုံးတွေ့သော ပန်းနိမိတ်ကို ယူပါ။
အကျိုးပေးဂဏန်း ။ ၁-၅-၇-၉
ထီထိုးသင့်သည့်နေ့ ။ တနင်္ဂနွေ၊ ကြာသပတေး
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူရောင်၊ အပြာအနု-ဘရင့်၊ မီးခိုးရောင်

### ဇွန်လအတွက်
အကျိုးပေးအက္ခရာ ။ သ-ဟ-အ
အကျိုးပေးဂဏန်း ။ ၆-၇-၉
ထီထိုးသင့်သည့်နေ့ ။ သောကြာ၊ စနေ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အစိမ်းရောင်၊ အဝါရောင်

### ဇူလိုင်လအတွက်
အကျိုးပေးအက္ခရာ ။ မ-ဗ-ဘ-ယ-ရ
အကျိုးပေးဂဏန်း ။ ၃-၆-၈-၀
ထီထိုးသင့်သည့်နေ့ ။ အင်္ဂါ၊ သောကြာ(ညနေ)
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အနက်၊ နက်ပြာ၊ အရောင်မှိုင်းများ

### ဩဂုတ်လအတွက်
အကျိုးပေးအက္ခရာ ။ ဒ-ဓ-န-ဏ-တ-ထ
အကျိုးပေးဂဏန်း ။ ၁ အစ ၃ အဆုံး
ထီထိုးသင့်သည့်နေ့ ။ ဗုဒ္ဓဟူး၊ ကြာသပတေး
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ ရွှေရောင်၊ အဝါရောင်၊ လိမ္မာရောင်

### စက်တင်ဘာလအတွက်
အကျိုးပေးအက္ခရာ ။ တ-ထ-ဋ္ဌ-ဓ-ဏ
အကျိုးပေးဂဏန်း ။ ၇ အစ၊ ၇ အလယ်၊ ၇ အဆုံး
ထီထိုးသင့်သည့်နေ့ ။ သောကြာ၊ စနေနေ့
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အပြာနှင့် အနက် တွဲစပ်အရောင်

### အောက်တိုဘာလအတွက်
အကျိုးပေးအက္ခရာ ။ ဟ-ဋ္ဌ-အ-ဓ
အကျိုးပေးဂဏန်း ။ ၆ အများဆုံးပါရန်
ထီထိုးသင့်သည့်နေ့ ။ စနေ၊ တနင်္ဂနွေ (မနက်ပိုင်း)
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူရောင်

### နိုဝင်ဘာလအတွက်
အကျိုးပေးအက္ခရာ ။ န-ဈ-ဋ-ပ-ဝ
အကျိုးပေးဂဏန်း ။ ၃-၆-၈-၉
ထီထိုးသင့်သည့်နေ့ ။ အင်္ဂါ (ညနေ)
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အစိမ်းပုပ်ရောင်၊ နက်ပြာရောင်

### ဒီဇင်ဘာလအတွက်
အကျိုးပေးအက္ခရာ ။ က-ခ-ဂ-ဃ-င-သ-ဟ
အကျိုးပေးဂဏန်း ။ ၂-၃-၆-၈
ထီထိုးသင့်သည့်နေ့ ။ တနင်္လာ၊ အင်္ဂါ၊ သောကြာ
ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အပြာရောင်၊ အနီရောင်

⇨ ● ⇨ ● ⇨ ●

## စနေသားသမီးများ

### မေလအတွက်
အကျိုးပေးအက္ခရာ ။ မ-ဘ-တ-ထ-ဒ-ဓ
အကျိုးပေးဂဏန်း ။ ၃-၅-၇-၉



www.burmeseclassic.com

www.burmeseclassic.com

ထီထိုးသင့်သည့်နေ့ ။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ (မနက်ပိုင်း)

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ ရွှေရောင်၊ ငွေရောင်၊ ပန်းရောင်

**ဇွန်လအတွက်**

အကျိုးပေးအက္ခရာ ။ စ-ဆ-ဇ-ဈ-ည

အကျိုးပေးဂဏန်း ။ ၂ အစ ၈ အဆုံး

ထီထိုးသင့်သည့်နေ့ ။ တနင်္လာ(ညနေ)၊ သောကြာ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူနှင့် အနီ တွဲစပ်အရောင်

**ဇူလိုင်လအတွက်**

အကျိုးပေးအက္ခရာ ။ အ-ဟ-ဒ-ဓ

အကျိုးပေးဂဏန်း ။ ၄ အပူးပါရန်

ထီထိုးသင့်သည့်နေ့ ။ ကြာသပတေး၊ အင်္ဂါ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အစိမ်းရောင်၊ အဝါရောင်

**ဩဂုတ်လအတွက်**

အကျိုးပေးအက္ခရာ ။ ယ-ရ-လ-ဝ-စ-ဆ

အကျိုးပေးဂဏန်း ။ ၅-၆-၁

ထီထိုးသင့်သည့်နေ့ ။ စနေ၊ တနင်္ဂနွေ၊ အင်္ဂါ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အပြာရောင်

**စက်တင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ လမ်းပေါ်မှ နိမိတ်ကိုရှာပါ။

အကျိုးပေးဂဏန်း ။ ၃ သုံးလုံးပါဝင်ရန်

ထီထိုးသင့်သည့်နေ့ ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ ကာကီရောင်၊ အနက်ရောင်၊ ကြက်သွေးရောင်

**အောက်တိုဘာလအတွက်**

အကျိုးပေးအက္ခရာ ။ ည-ယ-ဗ-ပ-ငှ

အကျိုးပေးဂဏန်း ။ ၄-၂-၅-၉

ထီထိုးသင့်သည့်နေ့ ။ အင်္ဂါ (နေဝင်ပြီးအချိန်)

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အဖြူရောင်

**နိုဝင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ မ-ဗ-ယ-ဟ

အကျိုးပေးဂဏန်း ။ ၃-၁-၆-၈

ထီထိုးသင့်သည့်နေ့ ။ သောကြာ၊ စနေ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ အစိမ်းရောင်၊ အပြာနုရောင်

**ဒီဇင်ဘာလအတွက်**

အကျိုးပေးအက္ခရာ ။ ဆ-ဇ-ဈ-ည-ဏ

အကျိုးပေးဂဏန်း ။ ၂ ထိပ်၊ ၅ အလယ်၊ ၆ နောက်ပိတ်

ထီထိုးသင့်သည့်နေ့ ။ စနေ၊ သောကြာ

ထီထိုးစဉ်ဝတ်ဆင်ရန်အရောင် ။ ပန်းရောင်၊ အဝါနု အပြာနု

ဤသို့လျှင် ကံကို ဉာဏ်ကူ၍ လက်တွေ့အသုံးချနိုင်စေရန် စနစ်တကျ တွက်ချက်စီစစ်၍ တင်ပြလိုက်ရပါသည်။

"မလုပ်တတ်လျှင် ထီထိုးပါ"ဟူသော စကားအတိုင်း အောင်ဘာလေထီသည် မိမိတို့ ကံကို စမ်းသပ်ရန် အကောင်းဆုံးအခွင့်အလမ်း ဖြစ်နေပါသည်။ "မရှိလို့ မလုပ်၊ မလုပ်လို့ မရှိ" မဖြစ်စေရန်၊ ဒုက္ခတွင်းမှ လွတ်စေရန် အထက်ဖော်ပြပါ အချက်များကို သေချာစွာလေ့လာ၍ စနစ်တကျ ထီကံစမ်းကြည့်ကြပါ။

အောင်ဘာလေထီရွှေထီခေတ်၌ သင်သည်လည်း မဟာကံထူးရှင်တစ်ယောက်ဖြစ်ရန် အခွင့်အလမ်းအပြည့်ရှိပါကြောင်း နှိုးဆော်တိုက်တွန်း ဖော်ပြလိုက်ရပါသည်။

**ဝသုန်ဟိန်းထက်**



www.burmeseclassic.com

www.burmeseclassic.com

# ထီဆုကြီးများပေါက်စေနိုင်သော ဂဏန်းဂုဏ်တော်ဘုရားရှိခိုး

မင်းသိင်္ခ

လူအတော်များများသည် စား, ဝတ်, နေရေး မြင့်သည်ထက်မြင့်၍ တင့်တယ်နိုင်ရန်နှင့် ဒါနကုသိုလ် အမျိုးမျိုး ပြုလုပ်ကုသိုလ် ယူနိုင်ရန် အတွက် နိုင်ငံတော်အစိုးရ၏ "အောင်ဘာလေထီ"ကို အားကိုးလာကြသည်။ တချို့က အလွန်အကျွံ အားကိုးကြသည်၊ တချို့က သင့်တင့်ရုံ အားကိုးကြသည်။ ဤသို့ ထီကိုအားကိုးသည်နှင့်အမျှ ထီပေါက်ရန်နည်းလမ်းများ ရှာကြံလာကြသည်။

ထီပေါက်ခြင်းသည် ရှေးဘဝ၏ ကုသိုလ်ကံကြောင့်ဖြစ်သည်။ ရှေးဘဝကလှူဒါန်းခဲ့သော ကုသိုလ်ကောင်းမှု ဒါနအစုစုတို့ကြောင့် ဖြစ်သည်ဟု လူအတော်များများက ယူဆကြသည်။ ဤနေရာတွင် ကျွန်ုပ်၏ အယူအဆကို တင်ပြလိုပါသည်။

ရှေးဘဝဆိုသည်မှာ ဤဘဝမရောက်မီ ဘဝတစ်ခုခုဖြစ်နိုင်သလို၊ ယခုထီမထိုးမီအချိန် (ထီမထိုးမီဘဝ) (တစ်နည်း) ထီထိုးပြီး ထီဆုကြီးများ မကြေညာမီဘဝက ပြုလုပ်သော ကောင်းမှုကုသိုလ်လည်း ဖြစ်နိုင်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်ဆက်လက်ဖော်ပြမည့် "ထီပေါက်စေနိုင်သော ဘုရားရှိခိုး"အား ယုံယုံကြည်ကြည်ဖြင့် ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ် စသည်ဖြင့် စွဲစွဲမြဲမြဲ ပြုလုပ်ကုသိုလ်ယူကြည့်ပါ။ လောကီ,လောကုတ္တရာ နှစ်ဖြာအကျိုး မလွဲကေန်အမှန်ရမည် ဖြစ်ပါသည်။ မည်ကဲ့သို့ ပြုလုပ်ကုသိုလ်ယူရမည်ကို ဆက်လက် ရေးသားဖော်ပြပါမည်။

ပြုလုပ်ရမည့်အကြိမ်သည် တစ်နေ့လျှင် အနည်းဆုံးနှစ်ကြိမ်ဖြစ်ပါသည်။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် (တစ်နေ့နှစ်ကြိမ်) ပြုလုပ်ကုသိုလ်ယူရပါမည်။ အချိန်ရပါက နေ့လယ်တွင်တစ်ကြိမ် (တစ်နေ့သုံးကြိမ်) ပြုလုပ်ကုသိုလ်ယူနိုင်က ပို၍ကောင်းပါသည်။

ရှေးဦးစွာ . . . ဘုရား, တရား, သံဃာ, မိဘ, ဆရာ(အနန္တငါးပါး)ကို ထိခြင်းငါးပါးဖြင့် ဦးချရှိခိုးကန်တော့ပါ။ (နောက်ပိုင်းတွင်ပါရှိမည့် ဦးချကန်တော့ခြင်းအားလုံးကို ထိခြင်းငါးပါးဖြင့်သာ ဦးချရှိခိုးကန်တော့ပါလေ။) ပြီးလျှင် မြတ်စွာဘုရားကို မဟာကာရုဏိကောဂါထာဖြင့် မိမိ၏နဖူးဦးခေါင်းပေါ်သို့ ပင့်ပါ။ ပါဠိသုံးကြိမ်၊ မြန်မာပြန် တစ်ကြိမ် ရွတ်ဆိုပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဘုရားပင့်

**မဟာကာရုဏိကော နာထော ဗုဒ္ဓေါ မေ ဠာတု သီသကေ။**

**မဟာကာရုဏိကော** - လူ, နတ်, ဗြဟ္မာ, သတ္တဝါများတို့အား သား 'ရာဟုလာ"ကဲ့ ပမာသို့ လွန်စွာကြီးမားသနားခြင်းကရုဏာလည်း ရှိတော်မူပေထသော။

**နာထော** - လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူပေထသော။

**ဗုဒ္ဓေါ** - ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးသစ္စာကို ဆရာမကူ၊ သယမ္ဘူ ဉာဏ် မြတ်ဖြင့်ပိုင်းခြားထင်ထင်သိမြင်တော်မူသောမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။

**မေ** - ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းရမည် စိတ်၌ရည်၍ ကြံစည်အားထုတ် နာမ်ရုပ် အစုမျှဖြစ်သော ဘုရားတပည့်တော်၏/ ဘုရားတပည့်တော်မ၏ **သီသကေ** - ကိုယ်ဖြပ်တွင် အမြတ်ထင်သည့် ဥတ္တမင်္ဂ ဦးသီသ(နဖူး ဦးခေါင်း)ပေါ်၌။

**ဌာတု** - ဤသတ္တဝါ ဆင်းရဲစွဲကို "ငါကယ် ချွတ်မည်" စိတ်၌ရည်၍ တည်နေတန့်ရပ်တော်မူပါ့ နေတန္တန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

ထို့နောက် ဩကာသဖြင့် ရှိခိုးကန်တော့၍ ငါးပါးသီလကို မြတ်စွာဘုရားထံတော်၌ ခံယူဆောက်တည်ပါ။ မြတ်စွာဘုရားထံတော်တွင် သီလခံယူဆောက်တည်ခြင်းသည် မိမိသတ်မှတ်သော အချိန်အခါ၊ မိမိအားသော အချိန်အခါတို့၌ ဝတ်မပျက် သီလခံယူဆောက်တည်နိုင်ပါသည်။ (ရဟန်းသံဃာတော်များနှင့် အသက်အရွယ်၊ သိက္ခာ၊ သီလ၊ မိမိထက်ကြီးသူများထံ၌လည်း သီလခံယူနိုင်ပါသည်။ ရှစ်ပါးသီလ, ကိုးပါးသီလ ယူလိုလည်းယူနိုင်ပါသည်။ ပိုကောင်းပါသည်။)

ငါးပါးသီလ ခံယူဆောက်တည်ပြီးလျှင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးငှ်တကွ မိမိ၏ ရုပ်နာမ်ဓမ္မ သခါရ (ခန္ဓာကိုယ်စိတ်)တို့ကို မြတ်စွာဘုရားအား လှူဒါန်းပါ။ ပြီးလျှင် ထိပေါက်စေနိုင်သော ဘုရားရှိခိုး(ဂဏန်းဂုဏ်တော်ဘုရားရှိခိုး)ဖြင့် စိတ်ကို တည်ငြိမ်စွာထား၍ (သမာဓိကို ထူထောင်၍၊ အာရုံစူးစိုက်၍) ဘုရားရှိခိုးပါ။

ဤကဲ့သို့ ဂဏန်းဂုဏ်တော်ဖြင့် ဘုရားရှိခိုးပြီးလျှင် သစ္စာဆိုကာ၊ တစ်ခုတည်းသောဆုကိုတောင်းရပါမည်။

နောက်ဆုံးအစီအစဉ်ဖြင့် ၃၁ ဘုံရှိ သုခိတ, ဒုက္ခိတ ဝေနေယျ အနန္တ သတ္တဝါအနန္တတို့ကို မေတ္တာပို့ပါ။ ကုသိုလ်ကောင်းမှု အစုစုတို့ကို အမျှပေးဝေပါ။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု(ပါဠိ) သုံးကြိမ်, မြန်မာပြန် တစ်ကြိမ်ရွတ်ဆို ဆုတောင်း၍ ဘုရားရှိခိုးခြင်းကို နိဂုံးချုပ်ပါ။

နိုင်ငံတော်အစိုးရ၏ အောင်ဘာလေထီသည် ဂဏန်းနံပါတ်များဖြင့် စီမံပြုလုပ်ထားပါသည်။ မိမိထိုးထားသော ဂဏန်းနံပါတ်များနှင့် ထီဆုကြီးများပေါက်သော ဂဏန်းနံပါတ်များ တိုက်ဆိုင်မှုဖြစ်စေရန် အထိရောက်ဆုံးသော ဘုရားရှိခိုးသည် "ဂဏန်းဂုဏ်တော်ဘုရားရှိခိုး" ပင်ဖြစ်ပေသည်။

### ဂဏန်းဂုဏ်တော်ဘုရားရှိခိုး

(၁) ဂဏန်းဖြစ်တော်မူသော - မြတ်စွာဘုရားအဆူဆူတို့သည် တစ်ဆူချင်း၊ တစ်ပါးချင်းသာ အတုမရှိ၊ အတူမရှိ၊ ပွင့်ထွန်း၊ ဖူးပွင့်တော်မူကြပါသည်ဘုရား။ ဤကဲ့သို့ အတုမရှိ၊ အတူမရှိ၊ တစ်ဆူချင်း၊ တစ်ပါး

www.burmeseclassic.com

## ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

**ဗုဒ္ဓသာသနံ** - သုံးလောကထွဋ်ထား၊ သဗ္ဗညုမြတ်စွာဘုရား၏ အဆုံးအမဖြစ်တော်မူပေထသော ပရိယတ္တိ သာသနာ, ပဋိပတ္တိ သာသနာ, ပဋိဝေဓသာသနာဟု ဆိုအပ်သော သဒ္ဓမ္မသုံးဖြာ၊ သာသနာ တော်သုံးရပ်၊ အကျင့်မြတ်သည်။

**စိရံ** - အနှစ်ငါးထောင် မကကြာအောင် အခေါင်အမြင့် ရှည်ကြာတင့်၍ ကမ္ဘာနှင့် သတ္တဝါ နှစ်ဖြာမကွဲ ဒွန်တွဲရှိနေသမျှ ကာလပတ်လုံး။

**တိဋ္ဌတု** - ဟောသူ၊ ပြောသူတွေကလည်း တည့်ည့်၊ နာခံသူတွေကလည်း တသဲသဲ၊ ကျင့်ကြံအားထုတ်သူတွေ မစဲဘဲ၊ အစဉ်အမြဲတည်တံ့ပါစေသတည်း။

ချင်းသာ ပွင့်ထွန်းဖူးပွင့်တော်မူကြတုန်သော ဂေါတမမြတ်စွာဘုရားနှင့် တကွ ကဿပမြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကကုသန်မြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရား(တည်းဟူသော ခုနစ်ဆူကုန်သော မြတ်စွာဘုရားများ)၊ နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားများ၊ တစ်သောင်း နှစ်ထောင်ကုန်သော မြတ်စွာဘုရားများ၊ ငါးသိန်းကုန်သော မြတ်စွာဘုရားများ၊ ဂင်္ဂါဝါဠုသဲစုမက ပွင့်ထွန်းတော်မူကြသော မြတ်စွာဘုရားအဆူဆူကို ဘုရားတပည့်တော်သည် ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။ (ဦးချရှိခိုးပါ။)

(၂) ဂုဏ်ထန်းဖြစ်တော်မူသော- ရုပ်တရား, နာမ်တရား ဤတရားနှစ်ပါးကိုပိုင်းခြား ထင်ထင်သိမြင်တော်မူကြကုန်သော မြတ်စွာဘုရားအဆူဆူနှင့်တကွ၊ အရှင်ပစ္စေကဗုဒ္ဓများ၊ ရဟန္တာများ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ အရိယာသာဝကများတို့အား ဘုရားတပည့်တော်သည် ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား (ဦးချရှိခိုးပါ)

(၃) ဂုဏ်ထန်းဖြစ်တော်မူသော - ဘုရားအမြတ်ဆုံးရတနာ၊ တရားအမြတ်ဆုံးရတနာ၊ သံဃာအမြတ်ဆုံးရတနာတည်းဟူသော ရတနာမြတ်သုံးပါး၊ မြတ်စွာဘုရားအဆူဆူချမှတ်ခဲ့သော ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ, တည်းဟူသော သဒ္ဓမ္မသုံးဖြာ, သာသနာသုံးရပ်၊ သီလ,သမာဓိ, ပညာ, တည်းဟူသော သိက္ခာသုံးရပ်နှင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ သုတ်, ဝိနည်း, အဘိဓမ္မာ, ပဋ္ဌာန်း, နိကာယ်ငါးရပ် အထပ်ထပ်ထုံးအပ်သော ပိဋကတ်သုံးပုံတို့အား ဘုရားတပည့်တော်သည် ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။ (ဦးချရှိခိုးပါ။)

(၄) ဂုဏ်ထန်းဖြစ်တော်မူသော - သစ္စာတရား လေးပါး၊ သတိပဋ္ဌာန်တရား လေးပါး၊ သမ္မပ္ပဓာန်တရား လေးပါး၊ ဣဒ္ဓိပါဒ်တရား လေးပါး၊ မဂ်လေးပါး၊ ဖိုလ်လေးပါးတည်းဟူသော တရားတော်များနှင့် မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်သော၊ အရိယာသံဃာတော်မြတ်များအား ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား (ဦးချရှိခိုးပါ)

(၅) ဂုဏ်ထန်းဖြစ်တော်မူသော - ငါးပါးသီလတရားတော်မြတ်၊ ဗိုလ်ငါးပါး တရားတော်မြတ်နှင့် ဘုရား, တရား, သံဃာ, မိဘ, ဆရာ,တည်း



www.burmeseclassic.com

ဟူသော အနန္တငါးပါးတို့အား ဘုရား တပည့်တော်သည် ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ (ဦးချရှိခိုးပါ။)

(၆) ဂဏန်းဖြစ်တော်မူသော - ဘုန်းတော် ခြောက်ပါး၊ ရောင်ခြည်တော်ခြောက်ပါးပိုင်ရှင် သဗ္ဗညုတ မြတ်စွာဘုရားရှင်တော်မြတ်နှင့် ခြောက်ပါးဂုဏ်တော်တရားတော်မြတ်များအား ဘုရားတပည့်တော်သည် ကာယကံ, ဝစီကံ, မနောကံ,တို့ဖြင့် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။ (ဦးချရှိခိုးပါ) နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ပုဂ္ဂိုလ်အပေါင်းအား ဘုရားတပည့်တော်သည် ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ (ဦးချရှိခိုးပါ။)

(၇) ဂဏန်းဖြစ်တော်မူသော - သူတော်ကောင်းတရား ခုနစ်ပါး, ဗောဇ္ဈင်တရားခုနစ်ပါး, တရားတော်မြတ်များနှင့် ဘုရားတပည့်တော်ထက် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, မြင့်မြတ်ကြသော တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး, ကြာသပတေး, သောကြာ, စနေတည်းဟူသော ခုနစ်နေ့သား၊ ခုနစ်နေ့သမီးအပေါင်းအား ဘုရားတပည့်တော်သည် ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ (ဦးချရှိခိုးပါ။)

(၈) ဂဏန်းဖြစ်တော်မူသော - မဂ္ဂင်ရှစ်ပါးတရားတော်မြတ်၊ ရှစ်ပါးသီလတရားတော်မြတ်နှင့် မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သော အရိယာသံဃာတော်မြတ်တို့အား ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ (ဦးချရှိခိုးပါ။)

(၉) ဂဏန်းဖြစ်တော်မူသော - ဂုဏ်တော်ကိုးပါးပိုင်ရှင် မြတ်စွာဘုရားရှင်နှင့်တကွ ရှစ်ပါးသီလတရားတော်မြတ်တို့ကို ဘုရားတပည့်တော်သည် ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ (ဦးချရှိခိုးပါ။)

(၁၀) ဂဏန်းဖြစ်တော်မူသော - ပါရမီ ၁၀ ပါးပိုင်ရှင် မြတ်စွာဘုရားရှင်နှင့် မဂ်လေးပါး+ဖိုလ်လေးပါး+ နိဗ္ဗာန်+ပရိယတ် ၁၀ ပါးသော တရားတော်မြတ်၊ ၁၀ ပါးသီလ တရားတော်မြတ်၊ သုမင်္ဂလာတရား ၁၀ ပါး၊ သုစရိုက်တရား ၁၀ ပါး၊ တရားတော်မြတ်များနှင့် ခင်ပွန်းကြီး ၁၀ ပါးတို့ကို ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။ (ဦးချရှိခိုးပါ။)

**စေတနာ သစ္စဝဍ္ဍေန ယောဂတု မေ ဧယံ ဂဏန်း။**

(သုံးကြိမ်ဆိုပါ)

စေတနာ သစ္စဝဍ္ဍေန - ဤမှန်ကန်သော သစ္စာစကားများကို ရွတ်ဆို၍ (၁) ဂဏန်းမှ (၁၀) ဂဏန်းအထိ ပိုင်ရှင်များအားလုံးကို ရှိခိုးရသော ကောင်းမှုကံ စေတနာတို့ကြောင့်၊ မေ-ဘုရားတပည့်တော်အား၊ ဧယံ ဂဏန်း - ဂဏန်းနံပါတ်များနှင့်ပတ်သက်သော အောင်မြင်ခြင်း မင်္ဂလာအဖြာဖြာတို့သည်၊ ယောဂတု - စင်စစ်မသွေဖြစ်ရပါလို၏ အရှင်ဘုရား။ (ဝါ) အောင်ဘာလေထီဆုကြီးများ ပေါက်ရပါလို၏ အရှင်ဘုရား။ (ဝါ) ဘုရားတပည့်တော်, တပည့်တော်မ ယခုထိုးထားသော အောင်ဘာလေထီလက်မှတ်မှ ဂဏန်းနံပါတ်များနှင့် ထီဆုကြီးများမှ ဂဏန်းနံပါတ်များသည် တစ်ထပ်တည်းတူညီ၍ ထီဆုကြီးများ ပေါက်ရပါလို၏ အရှင်ဘုရား။ (လိုရာကို ဆုတောင်းပါ၊ လိုသလို ဆုတောင်းပါ)။

ဂဏန်းဂုဏ်တော်ဘုရားရှိခိုး ရှိခိုးသူများ အားလုံး အောင်ဘာလေထီဆုကြီးများပေါက်၍ ဘဝတစ်လျှောက်လုံး ရွှင်လန်းချမ်းမြေ့ကြပြီးလျှင် လောကီ, လောကုတ္တရာ, နှစ်ဖြာအကျိုးစီးပွားများ တိုးတက်ဆောင်ရွက်နိုင်သော သာသနာပြုပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေ။

(မင်းသိဒ္ဓိ)



www.burmeseclassic.com

www.burmeseclassic.com

# ကိုစိုးအောင်

# ဤသို့ ငွေကြေးအဆင်ပြေခဲ့ပါသည်

ဘုန်းပွင့်စာရာ

တစ်ညသ၌ ကိုစိုးအောင်သည် ကျွန်ုပ်၏အိမ်သို့ ကူးလာခဲ့လေ၏။ ကိုစိုးအောင်ရောက်လာသောအချိန်မှာ ဘုရားဝတ်တက်ပြီးစအချိန် ဖြစ်၏။ ၇ နာရီနီးပါးခန့် ရှိလိမ့်မည်ဟု ထင်၏။ ကျွန်ုပ်၏အိမ်နှင့် ကိုစိုးအောင်၏အိမ်မှာ လမ်းတစ်လမ်းတည်း၌ နေသူများဖြစ်ကြပြီး အိမ်အရေအတွက်အားဖြင့် ခြောက်အိမ်ကွာမှာ နေထိုင်သူဖြစ်၏။ အိမ်နီးချင်းမဟုတ်သော်လည်း အိမ်ချင်းက သိပ်မဝေးလှသောကြောင့် ရင်းနှီးကြသူများဖြစ်၏။ အများအားဖြင့် သူ့အိမ်ကိုယ်လည်ပတ်ခြင်း၊ ကိုယ့်အိမ်သူလည်ပတ်ခြင်းကား မရှိကြပေ။ ယနေ့ညမှာ ကိုစိုးအောင် အိမ်သို့အလည်လာသောကြောင့် ထူးခြားမှုရှိလိမ့်မည်ဟု ထင်မိလေ၏။

ကိုစိုးအောင်၏အကြောင်းကို ပြောရမည်ဆိုလျှင် ဆိုင်ကားနင်းပြီး မိန်းမက ခေါင်းရွက်ဗျပ်ထိုး ဈေးရောင်းသူ ဖြစ်၏။ အရက်လည်းသောက်၏။ အရက်ကြောင့် ရောဂါရကာ အတော်ကုလိုက်ရ၏။ နောက်ပိုင်း ဆိုက်ကားမနင်းနိုင်တော့ပေ။ ထို့ကြောင့် စားဝတ်နေရေး အဆင်မပြေ။ ကျပ်တည်းရလေ၏။ ငွေကြေးအဆင်မပြေသောကြောင့် အိမ်တွင်းရေးလည်း မတည်မငြိမ်ဖြစ်ကာ မိန်းမနှင့် မကြာခဏ ရန်ဖြစ်ရလေ၏။ မိန်းမက အိမ်မှဆင်းသွားတတ်၍ မကြာခဏ ပြန်လိုက်ခေါ်ရလေ၏။

ကြံရာမရ၍ ချုံနှစ်လုံးထီကို ရောင်းပြန်သောအခါ ပထမပိုင်း ဟုတ်သလိုရှိ၏။ နောက်ပိုင်း ဖမ်းခံထိကာ ချဲထီလောင်းကစားမှုနှင့် ထောင်ကျသွားခဲ့၏။ ထောင်မှထွက်လာသောအခါ အတော်ခြေငြိမ်နေ၏။ အရက်လည်း မသောက်တော့ပေ။ သွားသွားလာလာလည်း လူမြင်ကွင်းမှာ သိပ်မတွေ့ရတော့ပေ။ ဤသို့ရှိနေရာမှ အခုတလော အတော်လေး အဆင်ပြေနေပုံရပြီး လူမြင်ကွင်းမှာ ပြန်တွေ့လာရ၏။ ယခင်အိမ်ကိုလည်း ပြန်ပြုပြင်ထား၏။ အိမ်မှာ တီဗွီအောက်စက်များ၊ ဆောင်းဗောက်များနှင့် ဖြစ်လာပြီး အိမ်တွင်းရေးလည်း တည်ငြိမ်သာယာလျက်ရှိနေသည်ကို သတိပြုမိ၏။

"ကိုစိုးအောင်ပါလား။ လာလေ…ကိစ္စရှိလို့လား"

ကိုစိုးအောင်မှာ ကျွန်ုပ်၏အိမ်ကို မလာစဖူး လာသောကြောင့် ရှုံ့တွံ့တွံ့ဖြစ်နေဟန်တူ၍ ကျွန်ုပ်က ကြိုဆိုပင့်သန္ဓာရစကား ပြောလိုက်၏။ ကိုစိုးအောင်မှာ ကြမ်းပြင်မှာထိုင်ချလိုက်၍ ကုလားထိုင်မှာထိုင်ရန် ပြောလိုက်မှပင် ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်လိုက်လေ၏။

"ကျွန်တော် ဆရာ့အိမ်ကို လာချင်နေတာ ကြာပြီ။ ဒီညတော့ ကျွန်တော့်ရဲ့ ဆရာ့ဆီလာချင်တဲ့စိတ်တွေ မတားနိုင်တော့လို့ လာခဲ့တာ။ ကျွန်တော်က ထောင်ထွက်တစ်ဦးဆိုတော့ ဆရာက အထင်သေးမှာပဲ"

"အထင်မသေးပါဘူးဗျာ။ ရာဇဝတ်မှုနဲ့ကျတာမှ မဟုတ်ဘဲ။ လောင်းကစားမှု မဟုတ်လား။ ထောင်ကထွက်ပြီးတဲ့နောက် ကိုစိုးအောင် အေးအေးဆေးဆေးနေတာကို တွေ့ရတာပဲ။ အရပ်ထဲမှာ ဟော့ဟော့ရမ်းရမ်းနေတာမှ မဟုတ်တာ။ ရပါတယ်။ အိမ်ကိုလာလည်နိုင်ပါတယ်။ အခု ကိုစိုးအောင်တို့မိသားစုကို ကြည့်ရတာ အဆင်ပြေနေပုံရတယ်။ အရင်ကလို အိမ်မှာ အော်ကြီးဟစ်ကျယ် ရန်ဖြစ်သံတွေလည်း မကြားရတော့ဘူး။ မူးပြီးရမ်းတာတွေလည်း မရှိတော့ဘူး"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော် အဲဒီအကြောင်းကို ပြောပြမလို့ပါ။ ဆရာက စာရေးတဲ့သူဆိုတော့ ကျွန်တော် အဆင်မပြေရာကနေ အဆင်ပြေလာသလို အခြားအဆင် မပြေကြတဲ့သူတွေလည်း အဆင်ပြေလာစေချင်လို့ ကျွန်တော့်အကြောင်း

www.burmeseclassic.com

လေး ဆရာရေးနိုင်အောင် ပြောပြမလို့ပါ"

"ကောင်းတာပေါ့။ ဒါမျိုးက ရေးသင့်တာပဲ။ ပြောပါဦး ဘယ်လိုအဆင်ပြေလာသလဲဆိုတဲ့ ကိုစိုးအောင်ရဲ့အကြောင်းကို"

ကိုစိုးအောင်မှာ ထောင်ကျပြီးနောက် ရဲဘက်စခန်းတစ်ခုသို့ ရောက်ရှိခဲ့ရသည့်အကြောင်းမှ ထောင်မှထွက်ပြီး အဆင်ပြေလာသည့်အထိ အကြောင်းများကို စီကာပတ်ကုံးဖြင့် ပြောပြပြီးနောက် ပြန်သွားသောအချိန်မှာ ည ၁၀ နာရီခန့် ရှိနေပေပြီ။ စကားဆက်ပြောလိုသေးသော်လည်း ကျွန်တော့်ကို အားနာ၍ ပြန်သွားခြင်းဖြစ်ကြောင်း၊ ညအိပ်ရာဝင်ချိန်သို့လည်း ရောက်နေပြီဖြစ်သောကြောင့်လည်းကောင်း ပြန်သွားခြင်းဖြစ်သည်ကို ကျွန်ုပ်သိလေ၏။

ကိုစိုးအောင်၏ ရဲဘက်စခန်း အတွေ့အကြုံများ၊ ရဲဘက်စခန်းတွင် တွေ့ကြုံခဲ့ရသော ရဲဘက်အကျဉ်းသားများအကြောင်းမှာ စိတ်ဝင်စားစရာ ကောင်းလှသော်လည်း ထည့်ရေးရန် အကြောင်းမသင့်လျော်၍ မရေးတော့ပေ။ စည်းကမ်းရှိခြင်း၊ အလုပ်ကြိုးစားခြင်းကြောင့် လျှော့ရက်များရကာ အပြစ်ဒဏ် အပြည့်မခံစားရဘဲ လွတ်လာခဲ့၏။ ရဲဘက်စခန်းထဲမှ အကျဉ်းကျရဲဘက်တစ်ဦးက သူ့အား ဂါထာတစ်ပုဒ်ပေးခဲ့လေ၏။ ထိုဂါထာကြောင့်ပင် ထောင်မှထွက်ပြီးနောက်ပိုင်း အစစအဆင်ပြေလာကြောင်း ပြောပြ၏။

ကျွန်ုပ်က အကျဉ်းကျနေတဲ့သူတွေထဲမှာလည်း ဂါထာ ယုံကြည်တဲ့သူတွေ ရှိသေးလားဟုမေးရာ "ရှိတာပေါ့ ဆရာ။ ပုတီးစိပ်၊ တရားထိုင်တဲ့ အကျဉ်းသားတွေတောင် ရှိသေးတယ်" ဟု ပြန်ပြောခဲ့လေ၏။ နောက်ဆုံးတွင် အကျဉ်းစခန်းမှ ရရှိလာသော ဂါထာကို ကျွန်ုပ်အားပေးခဲ့လေ၏။ ဤဂါထာကို တစ်နေ့နေ့မှာ ရေးမည်ဟု ကြံစည်ထားပေရာ ယခုမှပင် ရေးဖြစ်လေတော့သည်။

ဤဂါထာမှာ အကျဉ်းအကျပ်အားလုံးကို ပြေလည်စေ၍ စီးပွားရေးအဆင်ပြေပြီး ငွေရှင်လာဘ်ဝင်စေသော ဂါထာတစ်ပုဒ် ဖြစ်လေ၏။ လူတိုင်းမှာပင် တစ်စုံတစ်ခုသော အကျပ်အတည်း ရှိတတ်ပါ၏။ ငွေရေးကြေးရေးအကျပ်အတည်း၊ လူမှုရေးအကျပ်အတည်းများ ဖြစ်ကြလေ၏။ အဆင်မပြေမှုများ အဆင်ပြေလာကြရလေအောင် ကိုစိုးအောင်ပေးသော ဂါထာကို ရွတ်ကြည့်ကြပါကုန်။

**ငွေကြေးအဆင်ပြေ၍ ထီပေါက်စေပြီး**
**အကျပ်အတည်းမှ ကင်းဝေးပြေလည်စေသော ဂါထာ**

၁။ ဣန္ဒိဝိသယညာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဣန္ဒိဝိသယညာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဣန္ဒိဝိသယညာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဒိဗ္ဗစက္ခုညာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒိဗ္ဗစက္ခုညာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒိဗ္ဗစက္ခုညာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ ဒိဗ္ဗသောတညာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒိဗ္ဗသောတညာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒိဗ္ဗသောတညာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

၄။ မနောမယိဒ္ဓိညာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
မနောမယိဒ္ဓိညာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
မနောမယိဒ္ဓိညာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

၅။ ပုဗ္ဗေနိဝါသညာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ပုဗ္ဗေနိဝါသညာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ပုဗ္ဗေနိဝါသညာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

၆။ အာသဝက္ခယညာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အာသဝက္ခယညာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အာသဝက္ခယညာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

ယင်းဂါထာမှာ ညာဏ်တော်ခြောက်ပါးနှင့် သရဏဂုံ သုံးပါး တွဲစပ်ထားသော ဂါထာဖြစ်သည်ကို တွေ့ရှိရလေ၏။

**ဂါထာရွတ်ပွားပုံ**

ကိုစိုးအောင်၏ ပြောစကားအရဆိုပါက ရှေးဦးစွာ ဂါထာမရွတ်မီ ဘုရားရှိခိုးကန်တော့ရပါမည်။ သီလခံယူရပါမည်။ အနည်းဆုံး ထိုဂါထာကို တစ်နေ့ကိုးခေါက် ရွတ်ပြီးနောက် အမျှဝေရပါမည်။ အဓိဋ္ဌာန်ဖြင့် ရက်သတ်မှတ်ကာ ကိုးလုံးပုတီးဖြင့် ကိုးပတ်သော်လည်းကောင်း၊ ၂၇ လုံးပုတီးဖြင့် သုံးပတ်သော်လည်းကောင်း စိပ်ရပါမည်။ တစ်မှ ခြောက်အထိ ဂါထာတစ်ပုဒ် လုံးပြီးမှ ပုတီးတစ်လုံးချရပါမည်။ အဓိဋ္ဌာန်ဖြင့်စိပ်ပါက ပို၍ လျင်မြန်စွာ အကျိုးပေးကြောင်း သိရှိရပါသည်။ ထီပေါက် ငွေရစေသော ဂါထာဟုလည်း ခေါ်ပါသည်။

ဤဆောင်းပါးအတွက် ဂါထာနှင့် အကြောင်းအရာပေးသူ ကိုစိုးအောင်အား ကျေးဇူးတင်ပါသည်။

■ ဘုန်းမြင့်တေဇာ



www.burmeseclassic.com

www.burmeseclassic.com

# ယုံလွယ်သူများ သတိထား

**မာလာရုံ**

ကျွန်မသည် ဖြစ်ရပ်မှန်များကို အခြေခံပြီး ဂမ္ဘီရ ဆန်ဆန် အကြောင်းအရာများကို ရောင်ပြန်မဂ္ဂဇင်းကြီး၏ကျေးဇူးဖြင့် ရေးသားဖော်ပြခွင့် ရရှိနေသော စာရေးသူ တစ်ယောက် ဖြစ်ပါသည်။ ယခုလည်း ရောင်ပြန်မဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များနှင့် ဗုဒ္ဓဘာသာဝင်တိုင်း သင်ခန်းစာရယူဖွယ် ဖြစ်ရပ်မှန်တစ်ခုကို ရေးသားတင်ပြပါဦးမည်။

ကျွန်မတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် ဘိုးဘွားစဉ်ဆက် ကိုးကွယ်လာခဲ့၍ တို့လည်း ကိုးကွယ်ရတာပါဆိုသော မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓဘုရားရှင်၏ စကားတော်များ၊ တရားတော်များကို အမှန်တကယ် သိရှိလိုက်နာ ကျင့်ကြံအားထုတ်နေသော ဗုဒ္ဓဘာသာဝင်ဟူ၍ ရှိကြရာ ဗုဒ္ဓကို မည်သည့်နည်းနှင့်ပင် သက်ဝင် ယုံကြည်ပါစေ။ ဗုဒ္ဓဘာသာဝင်ဆိုသည်နှင့် ရာနှုန်းပြည့်နီးပါးတို့သည် ပင်ကိုစိတ်ထား နူးညံ့သိမ်မွေ့ကြပါသည်။ ယုံလွယ်တတ်ကြပါသည်။ ဘာသာရေးနှင့် ပတ်သက်လျှင် အစွမ်းကုန် လှူချင်တန်းချင်တတ်ကြပါသည်။ ထိုအထဲမှာမှ ပထမတစ်မျိုးဖြစ်သော မိရိုးဖလာ ဗုဒ္ဓဘာသာ အတော်များများတို့သည် မိမိဘိုးဘွားများ ကိုးကွယ်ယုံကြည်သလို ဘာသာရေးကို အလွန်ယုံကြည်ရိုသေကြည်ညို ကိုင်းရှိုင်း၍ အမျ...ဘကာလှူသလို လိုက်လှူကြပါသော်လည်း ဘာသာရေးကို တကယ် ထဲထဲဝင်ဝင်မသိကြပါ၍ ဘာသာနှင့် ခြိမ်းခြောက်အကြောင်းပြ ယုံကြည်အောင်ပြောဆို အလှူခံသမျှ မဆိုင်းမတွ လှူဒါန်း(ပေးကမ်း)လိုက်ကြသည်ကို ကျွန်မညီမလေးတစ်ယောက်လို ချစ်ရသော 'မစန္ဒာ'၏ အဖြစ်အပျက်မှာ သက်သေပြလိုက်ပါပြီ။

၂၀၁၃၊ အောက်တိုဘာလလယ်၏ ရက်တစ်ရက်။ ညနေ ၅ နာရီလောက် ကျွန်မအိပ်ခန်းထဲသို့ မစန္ဒာနှင့် တူမလေး လှိုင်လှိုင်တို့ ရောက်လာကြပါသည်။ နှစ်ယောက်စလုံး မျက်စိမျက်နှာ မကောင်းစွာဖြင့် ကျွန်မနားလာထိုင်ကြပါသည်။ ကျွန်မက –

"ဟဲ့ . . . စန္ဒာ ညီမလေး ဘာဖြစ်လာတာလဲ။ မျက်နှာလည်း မကောင်းပါလား"

ပြောလို့မှမဆုံးခင် ညီမလုပ်သူ ငိုချလိုက်ပါတော့သည်။

"ဟဲ့ . . ငိုနေလို့မပြီးသေးဘူး။ အကျိုးအကြောင်း ပြောပြမှပေါ့"

ထိုအခါမှာပင် တူမလုပ်သူ ၁၀ တန်း ကျောင်းသူ လှိုင်လှိုင်က –

"မကြီး အလိမ်ခံရလို့ အန်တီလေးရေ"

"ဟင် . . . ဘာအလိမ်ခံရတာလဲ။ မြန်မြန်ပြောပါ။ ငါရင်တုန်လာပြီ"

"ဟီး . . အဟင့် . . အဟင့် . . ဟုတ်ကဲ့မမ။ ညီမလေးဆီကို မနေ့က လူတစ်ယောက်ဖုန်းဆက်လာတယ်။ သူ့ကိုယ်သူ (---)ထီဆိုင်က ကိုယ်စားလှယ် မန်နေဂျာ ဦးကျော်ဦးပါလို့ ပြောတယ်။ ညီမလေး ဟိုတစ်လောက ဗိုလ်တထောင်ဘုရားသွားရင်း လက်ပွေ့ထီသည်ဆီမှာ ထိုးခဲ့တဲ့ ၂၉၇ ကြိမ်မြောက် အောင်ဘာလေထီလက်မှတ်က ညီမလေးနာမည်နဲ့ ရေခဲသေတ္တာ မဲပေါက်တယ်။ အဲဒါ ပေါက်မဲလာထုတ်ပါလို့ ပြောတယ်။ ညီမလေးလည်း ဝမ်းသာသွားပြီး လာထုတ်မယ်ပေါ့။ ဘယ်ကိုလာထုတ်ရ...လဲလို့မေးတော့ အဝေးပြေးကားဂိတ်နားက ဒုတိယ ရွှေတိဂုံဘုရားဆိုတာ ရှိတယ်။ အဲဒီ

www.burmeseclassic.com

ဘုရားကိုလာခဲ့၊ ပေါက်မဲထုတ်ပေးမယ်။ တစ်လက်စ တည်း ကံထူးရှင်အတွက် ပိုပြီးကံထူးသွားအောင် သီတဂူ ဆရာတော်ဘုရားကြီးက ရွှေစေတီ၊ ငွေစေတီ တည်နေ တယ်။ ခုနစ်ရက်သားသမီးတွေရဲ့ အလှူငွေတွေနဲ့ တစ် ကမ္ဘာလုံး အေးချမ်းအောင်ကိုးနဝင်းကျေ ငွေကိုးသိန်း ကိုးသောင်းကိုးထောင်ကို ခဏစိုက်ပြီး ထည့်ဝင်လှူဒါန်း ထားဖို့အတွက် ယူလာခဲ့ပါ။ သီတဂူဆရာတော်ကြီးရဲ့ လက်ထောက်ဆရာတော်တစ်ပါးနဲ့ အန်ကယ်ကိုယ်တိုင် လာခဲ့မယ်။ အလှူဒါန လုပ်တယ်ဆိုရင် အဖျက်အဆီး ပေါ်တတ်တယ်။ ဒါကြောင့် သူစိမ်းတစ်ယောက်မှ ခေါ် မလာပါနဲ့။ ဘယ်သူ့ကိုမှလည်း မပြောပါနဲ့။ သားသမီး တွေ ခေါ်လာချင်ရင်တော့ ခေါ်လာလို့ရတယ်။ မနက် ဖြန် ၉ နာရီ အရောက်လာခဲ့ပါ။ အဲဒီငွေတွေကို ဆရာ တော်ဘုရားကြီး သိဒ္ဓိတင်ပြီးတာနဲ့ နောက်တစ်နေ့မှာ ပေးထားတဲ့ ငွေကိုးသိန်းကိုးသောင်းကိုးထောင်ကို ကျောက် တော်ကြီးဘုရားမှာ လာယူလို့ရပါပြီလို့ ဖုန်းထဲမှာ ပြော တယ်။ အဲဒါနဲ့ ညီမလေးလည်း ဘယ်သူ့မှမပြောဘဲ သမီးကိုခေါ်ပြီး သူချိန်းတဲ့ဘုရားကို သွားလိုက်တယ်။ ညီမလေးရော၊ သမီးရော ရွှေငွေလက်ဝတ်လက်စား တော်တော်များများ ဝတ်သွားလိုက်မိတယ်။ စိတ်ထဲမှာ လည်း သူပြောတာကို အရမ်းယုံကြည်နေတယ်။ ဒါနဲ့ သားအမိနှစ်ယောက် တက်စီငှားပြီး သွားလိုက်ကြတာ။ ဟိုရောက်တော့ ကော်လာကတုံး အဖြူလက်ရှည် ဝတ် ထားပြီး ပိုးပုဆိုးအညိုရောင်၊ ခေါင်းတုံးဆံတောက်နဲ့ အသက် ၅၀ အရွယ် လူတစ်ယောက်ကို တွေ့တယ်။ သူက 'မစန္ဒာတို့လား'လို့မေးတော့ ညီမလေးက 'ဟုတ်ပါ တယ်။ (---)ထီဆိုင်က ဦးကျော်ဦးလား။ ဆရာတော်ကြီး ရဲ့ လက်ထောက်ဆရာတော်ရောလို့မေးတော့ မနက်ဖြန် ငွေတွေပြန်ပေးမှ ပါလာမယ်။ အခု ဒီငွေတွေကို ကျွန် တော့်ကိုပဲ ယုံကြည်စွာပေးလိုက်နိုင်ပါတယ်။ ဒါ ကျွန် တော့်ဖုန်းနံပါတ်၊ ဒါက (---)ထီဆိုင်က ဖုန်းနံပါတ်ဆိုပြီး ညီမလေးတို့ကို ပေးတယ်။ ပြီးတော့ သူ့မှာပါလာတဲ့ ငွေ ကလပ်ထဲကို ပါလာတဲ့ငွေတွေ ထည့်ခိုင်းတယ်။ ညီမ လေးလည်း ဘာမှမစဉ်းစားတော့ဘဲ ထည့်ပေးလိုက် တယ်။ သူက လက်အုပ်ချီခိုင်းပြီး အတော်ကြာကြာ ပါဠိ လိုတွေ ရွတ်ဖတ်နေတယ်။ ပြီးတော့ 'ကဲ . . . သမီးတို့ အလှူ အောင်မြင်ပါပြီ။ ဒီငွေတွေကလည်း ဆရာတော် ကြီး သိဒ္ဓိတင်ပေးပြီးရင် မနက်ဖြန် ပြန်ရတာနဲ့ နှစ်ဆ ပွားလာမယ့် ငွေတွေပါ။ ရော့ . . . ဒါလေးက ရေခဲ သေတ္တာပေါက်မဲပါတဲ့ နံပါတ်နဲ့ နောက်တစ်ပတ်ထွက် မယ့် ၂၉၈ ကြိမ်မြောက် ထီလက်မှတ်တွေပါ။ အားလုံး ဆယ်စောင်တွဲ ၁၀ အုပ်ပါတယ်။ ဆရာတော်ကြီးရဲ့ မေတ္တာလက်ဆောင်အဖြစ် သိဒ္ဓိတင်ပေးထားတာပါ'လို့ ပြောတယ်။ ညီမလေးကြည့်လိုက်တော့ ပါကင်ပေပါ အလုံထုပ်ထားတဲ့ အထုပ်ကြီးပေါ်မှာ တိပ်အကြည်ရောင်နဲ့ ထီနံပါတ်ကလေးပဲ ပေါ်နေတဲ့ ထီလက်မှတ်ကို တွေ့ တယ်။ သူက ဆက်ပြောတယ်။ 'ဒီထီစာအုပ်တွေကို ဘုရားကျောင်းဆောင်ပေါ်မှာ ငွေဖလားထဲ ပဝါပတ်ပြီး တင်ထားပါ။ ဖွင့်လည်း မကြည့်ပါ နဲ့။ ဘယ်သူ့မှလည်း မပြောပါနဲ့'လို့ ပြောပြီး 'မနက်ဖြန်မနက် ၉ နာရီကို ကျောက်တော်ကြီးဘုရားမှာ ပြန်တွေ့မယ်'ဆိုပြီး လမ်း ခွဲခဲ့ပါတယ်။

ညီမလေးလည်း အိမ်ပြန်ရောက်တာနဲ့ ပါကင် ထုပ်အထုပ်ကြီးကို ငွေဖလားထဲထည့်၊ ပဝါပတ်၊ အမွှေး နံ့သာဖျန်း၊ ထီပေါက်ပါစေ ဆုတောင်းပြီး ဘုရားကျောင်း ဆောင်ပေါ် တင်ထားလိုက်ပါတယ်။ ပြီးတော့ အိပ်ရာဝင် လိုက်ကြပါတယ်။

ဒီနေ့မနက် ၇ နာရီလောက် ညီမလေး အိပ်ရာနိုး နိုးချင်း အဲဒီလူဆီက ဖုန်းထပ်လာပါတယ်။ 'သမီးရေ ငွေစေတီအတွက် သိဒ္ဓိတင်ပေးပြီးပြီ။ ရွှေစေတီအတွက် ရွှေရတနာငါးမျိုး လိုသေးတယ်။ အဲဒါတွေပါယူပြီး ချိန်း ထားတဲ့ ဒီမနက် ၉ နာရီအရောက် ကျောက်တော်ကြီး ဘုရားကို လာခဲ့ပါ။ ဘုရားပေါ်ရောက်တော့မှ လှူပ်ရမှာ တွေဆက်ပြီး ပြောပြမယ်'လို့ ပြောပါတယ်။ ညီမလေး စိတ်ထဲမှာ နည်းနည်းတော့ ထင့်သွားပေမယ့် မနက်ပိုင်း T.V ကလာတဲ့ သီတဂူဆရာတော်ကြီး တရားဒေသနာ



www.burmeseclassic.com

www.burmeseclassic.com

တော့ ဆက်ပြီးယုံကြည်နေဆဲပါပဲ။ အို . . . ဘာဖြစ်လဲ ငါ့ပါရမီထူးလို့ ဆရာတော်ကြီးရဲ့ အလှူဒါနမှာ ပါရမီဖြည့်ပေးရတာပဲ။ နောက်ပြီး ရွှေရော၊ ငွေရော ဆရာတော်ကြီးရဲ့လက်နဲ့ သိဒ္ဓိတင်ပေးထားတဲ့အတွက် နှစ်ဆတိုးပြီး ငါစိတ်ရှိတိုင်း လှူဒါန်းနိုင်မှာပေါ့။ ပြန်ရမယ့် ကိစ္စပဲဆိုတဲ့ လောဘစိတ်ကလေးကလည်း ဝင်မိလိုက်တယ် မမရယ်။ ဒါ အမှန်အတိုင်းဝန်ခံတာပါ။ ဒါနဲ့ပဲ ညီမလေး လက်စွပ်ရယ်၊ သားနဲ့ သမီးရဲ့ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ် ပစ္စည်းစုံငါးမျိုးပြည့်အောင်ဖြည့်ပြီး သူချိန်းတဲ့ ကျောက်တော်ကြီးဘုရားကို သားနဲ့သမီးခေါ်ပြီး မနက် ၉ နာရီအရောက် သွားလိုက်ကြတယ်။ ဟိုရောက်တော့ မနေ့ကလူနဲ့ ဘုန်းကြီးတစ်ပါးကိုတွေ့လိုက်ရတယ်။ သူက 'ဒါ ဆရာတော်ကြီးရဲ့ လက်ထောက်ဦးဇင်းပါ'လို့ မိတ်ဆက်ပေးတယ်။ ပြီးတော့ အဲဒီဦးဇင်းရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ ရွှေကလပ်ထဲကို ညီမလေးတို့ရဲ့ ရွှေရတနာ ပစ္စည်းငါးမျိုးကို ထည့်ခိုင်းပြီး ဆုတောင်းခိုင်းပါတယ်။ သူတို့ပါးစပ်ကလည်း ပါဠိလိုတွေရော၊ ဘုရားစာတွေရော ဘာတွေမှန်းလဲ မသိဘူး။ ၁၅ မိနစ်လောက် ရွတ်ဖတ်ပေးပြီး 'ဒီလိုခေတ်ကာလမှာ ဒီလိုထူးတဲ့ အလှူဒါနမျိုး၊ ရွှေငွေ နှစ်ဆပွားမယ့် အရာမျိုးက ဆရာတော်ကြီးနဲ့ ပဋ္ဌာန်းဆက်ပါမှ ရေစက်ပါမှ ကြုံရတာမျိုးဖြစ်တဲ့အတွက် အင်မတန်မှ ကံကောင်းလှပါတယ်'လို့ ပြောပြီးတာနဲ့ 'ကဲ . . . ဒီနေ့ညနေ ၅ နာရီမှာ သမီးသေး မစန္ဒာတို့ရဲ့ အိမ်တော်မင်္ဂလာရွှေ့အရောက် ဒီရွှေ ဒီငွေတွေကို မင်္ဂလာရှိစွာ လာပြန်အပ်ပြီးတဲ့အချိန်ကစပြီး ဘဝတစ်လျှောက်လုံး ရွှေမရှား၊ ငွေမရှား အလှူရေစက် လက်နဲ့မကွာ လှူဒါန်းနိုင်တော့မယ်။ ညနေ ၅ နာရီတိတိ အိမ်ရှေ့မှာ အောင်သပြေ အမွှေးနံ့သာဖျန်းပြီး ကြိုဆိုနေပါ'လို့ပြောပြီး လမ်းခွဲခဲ့ပါတယ်။ ဩော် . . မေ့လို့၊ သူ့ဆီက မနေ့ကလိုပဲ ထီနံပါတ်ကလေးပဲ ဖော်ထားပြီး ပါကင်အလုံပိတ်ထားတဲ့ ထီစာအုပ်အထူကြီးတစ်အုပ်ကိုလည်း ဒါက ရွှေစေတီအတွက် မေတ္တာလက်ဆောင်လို့ပြောပြီး ပေးလိုက်ပါသေးတယ်။ မနေ့ကလိုပဲ ဘုရားကျောင်းဆောင်ပေါ် တင်ထားပေါ့။

ညီမလေးတို့ သားအမိတွေ အိမ်ပြန်ရောက်၊ ရေမိုးချိုး၊ ထမင်းစားပြီး ညနေ ၅ နာရီထိုးခါနီးတာနဲ့ သပြေတွေ အမွှေးနံ့သာတွေနဲ့ ဘယ်သူ့ကိုမှလည်းမပြောရဘူးဆိုတော့ သားအမိသုံးယောက်တည်း အိမ်ရှေ့မှာ တမျှော်မျှော်နဲ့ပေါ့။ ၅ နာရီလည်း ပေါ်မလာ၊ ၆ နာရီလည်း ပေါ်မလာ၊ ၈ နာရီလည်း ပေါ်မလာတာနဲ့ သူ့ကို ဖုန်းဆက်လိုက်တယ်။ ဖုန်းမကိုင်ဘူး။ စက်ပိတ်ထားတယ်တဲ့။ သူ့ထီဆိုင်ဖုန်းကို ဆက်ကြည့်တော့ အဲဒီလူ နာမည်နဲ့လည်း မရှိပါဘူး။ ဒီလိုကိစ္စမျိုးတွေလည်း တစ်ခါမှ မလုပ်ခဲ့ပါဘူး။ စုံစမ်းနိုင်ပါတယ်လို့ပြောတော့ ညီမလေးလည်း ငယ်ထိပ်မြွေပေါက်သလို ခံစားရပြီး မမဆီ ပြေးလာတာ။ အားလုံး ငွေရော ရွှေရော ၂၅ သိန်းဖိုးလောက် ပါသွားပြီမမရဲ့"

လို့ ပြောပြီး ကြုံကြုံပါအောင် ငိုပါတော့သည်။

"ကဲ . . ကဲ . . ထပါတော့။ ငိုမနေပါနဲ့တော့ ငနုံငအ မလေးရယ်။ ညည်းအိမ်သွားပြီး ဘုရားကျောင်းဆောင်ပေါ်က အထုပ်နှစ်ထုပ်ကို ဖွင့်ကြည့်ပြီးတော့မှ ဘာလုပ်ရမယ်ဆိုတာ ငါပြောပါ့မယ်"

ကျွန်မ စိတ်ညစ်လှစွာဖြင့် သူ့အိမ်လိုက်သွားပြီး ဘုရားကျောင်းဆောင်ပေါ်က အထုပ်နှစ်ထုပ်ကို ဖြေကြည့်လိုက်တော့မှ ကျွန်မထင်ထားသည့်အတိုင်း ထိပ်ဆုံးမှာ တိပ်အကြည်သားနဲ့ နံပါတ်ကလေးသာဖော်ထားတဲ့ ထီလက်မှတ်တစ်စောင်သာပါပြီး ကျန်တာတွေကတော့ ဗလာစာအုပ် တစ်ဒါဇင်ဆီပါတဲ့ အထုပ်နှစ်ထုပ်ဖြစ်နေပါတော့တယ်ရှင်။

ကဲ . . . အားလုံးလည်း ရှင်းသွားပါပြီ။ မနေ့ကတည်းကသာ ဒီအထုပ်တွေကို ဖြေကြည့်ခဲ့လျှင် ဒီနေ့ ဒီရွှေတွေ ထပ်ပါသွားမှာ မဟုတ်တော့ပါ။ သူတို့သားအမိတွေ ဝတ်သွားသော ရွှေငွေရတနာများကိုကြည့်ပြီး နံ့လွန်း၊ အလွန်း၊ ရိုးလွန်းသော ညီမလေးဆီမှ ရွှေတွေ ထပ်ပေးဖို့ သွေးတိုးစမ်း အကွက်ချထားသည့် အထဲကို တန်းခနဲဝင်သွားသော ညီမလေးကိုသာ ကရုဏာဒေါသ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပါသည်။ သူတို့သားအမိကို သတ်ပြီး ပစ္စည်းတွေ အကုန်လုံး ယူမသွားတာဘဲ ကျေးဇူးတင်ရဦးမည်။

"ကဲ . . . စန္ဒာရေ၊ ညည်းယောကျ်ားကိုလည်း အားလုံးပြောပြလိုက်တော့။ ဘာမှမရှက်နဲ့။ မကြောက်နဲ့တော့။ ညည်းလိုအဖြစ်မျိုး မဖြစ်ရအောင်လည်း ရပ်ကွက်ထဲကလူတွေကိုလည်း ပြောပြလိုက်။ သီတဂူဆရာတော်ကြီးဆိုတာ ဘယ်သူ့ဆီမှ ဘယ်သူ့ကိုမှ လွှတ်ပြီး အလှူမခံပါဘူးကွယ်။ တိုင်းသိပြည်သိပါ။ လှူချင်ရင် ဆရာတော်ကြီးကျောင်းမှာ သွားလှူလို့ ရပါတယ်။ ဗဟုသုတနည်းလိုက်တဲ့ ငါ့ ညီမလေးရယ်"

"အခုခေတ်ကြီးမှာ ယုံရမယ့်လူအချင်းချင်း စာချုပ်စာတန်းနဲ့ ချေးကြငှားကြတာတောင် ပြန်မရတော့လို့ တရားတဘောင်တွေဖြစ်ကြ၊ အမှုအခင်းတွေဖြစ်ကြနဲ့ ညည်းကတော့ တစ်ခါမှ မမြင်ဖူး၊ မသိဖူးတဲ့ လူတစ်ယောက်ကို ရွှေငွေ ၂၅ သိန်းဖိုးလောက် ယုံယုံကြည်ကြည်နဲ့ ချက်ချင်းပေးလိုက်နိုင်တဲ့ ညည်းစိတ်တွေကို ဘယ်လိုအကြောင်းတရားတွေက စိုးမိုးထားတာလဲ။ တို့ဆေးဆိုတာလည်း ကိုယ်တိုင်မကြုံဖူးလို့ မယုံချင်ပေမယ့်လည်း ငါလည်း ဘာမှမပြောတတ်တော့ဘူးအေ။ ပါသွားတာတွေကို နှမြောလို့ ငိုနေရင် နှစ်ခါရှုံးမယ်။ ညီမလေး စဉ်းစားကြည့်။ ပထမ ယုံကြည်မှု၊ ဒုတိယသဒ္ဓါ၊ နောက် ကြောက်ရွံ့စိုးရိမ်မှု(မလှူမိ မပေးမိလျှင် ဘာဖြစ်မှာလဲဆိုတဲ့စိတ်)၊ နောက်ဆုံးတော့ ရေခဲသေတ္တာပေါက်မဲဆိုတဲ့ လောဘနဲ့ ပိတ်လိုက်တဲ့ ဒီအမှုကို ဘယ်သူမှလည်း တိုင်မနေနဲ့တော့။ ရန်ကုန်လိုမြို့ကြီးမှာနေပြီး ဒီလိုပုံစံ၊ ဒီလိုအဖြစ်မျိုးကို မဂ္ဂဇင်းပေါင်းစုံ၊ ဂျာနယ်ပေါင်းစုံ၊ လက်လှမ်းမီရာ လူတိုင်းဆီက ညည်းမကြားမိ၊ မဖတ်မိဘူးလား။ ဆင်ခြင်တုံတရားနည်းလွန်းတဲ့ ကိုယ့်ကိုကိုယ်သာ အပြစ်တင်လိုက်တော့ ညီမလေးရေ။ နောက် ညီမလေး ဖြေသာဖို့ မပြောမယ်။ ညီမလေးက ဆရာတော်ဘုရားကြီးရဲ့အလှူကို ရည်စူးပြီး မလှူခင်ရယ်၊ လှူနေတုန်းရယ်၊ လှူပြီးတော့ ခံစားရတဲ့ ပီတိတွေကို ပုဗ္ဗ၊ မုဉ္စ၊ အပရ စေတနာလို့ခေါ်တယ်။ အဲဒီစေတနာသုံးတန် ပြတ်သားသွားအောင် မနက်ဖြန် ဒီရပ်ကွက်ထဲက ဆရာတော်တစ်ပါးပင့်ပြီး တို့တွေ ဒီအလှူကို ရေစက်ချ အမျှအတန်းဝေလိုက်ကြရအောင်နော်"

"ညီမလေးရေ . . . ဒါကို သင်ခန်းစာယူပြီး ကိုယ့်ရဲ့ ကိုယ်ပိုင်ဦးနှောက်ကလေးနဲ့ ဖြစ်နိုင်လား မဖြစ်နိုင်ဘူးလား၊ ယုံသင့်လား၊ မယုံသင့်ဘူးလား ဆိုတာကို စဉ်းစားဆင်ခြင် ဆုံးဖြတ်ပါ။ ကိုယ့်ထက်သိတဲ့၊ တတ်တဲ့၊ ဗဟုသုတရှိတဲ့သူတွေနဲ့ တိုင်ပင်ပါနော်"

လို့ပဲ ကျွန်မ ပြောနိုင်ပါတော့သည်။

လိမ်သည့်သူများသည် ငရဲမကြောက်၊ သံသရာမကြောက်၊ ဝဋ်ကြွေးမကြောက်၊ ထောင်တန်းမကြောက် ဘာကိုမှ မကြောက်သည့် သူများသာတည်း။ အထူးသဖြင့် ဘာသာရေးကို ခုတုံးလုပ်၊ အမြတ်ထုတ်ကြသည့် သူများသည် ကျွန်မညီမလေးလို ဘုရား၊ တရားနှင့် ဘာသာရေးကို ကိုးကွယ်ယုံကြည်ရမည်၊ အလှူလာခံလျှင် လှူနိုင်သမျှ လှူလိုက်မည်လို့သာသိပြီး ဘာမှ မစဉ်းစားတတ်သူများကို အထူးအကွက်ချယုံကြည်အောင် ပြောဆိုပြီး ယုတ်မာအမြတ်ထုတ်သွားသူများ ဤလောကကြီးမှာ ယခင်ကရော၊ ယခုရော၊ နောင်ရော ရှိနေဦးမည်သာတည်း။

လုံးဝ ဂရုစိုက်သတိထားရမည်မှာ ထီဝါသနာပါသူများသည် ဆိုင်နှင့် ကနားနှင့် စည်းကမ်းတကျ ရောင်းချနေသည့် ထီဆိုင်များမှလွဲ၍ ဟိုနေရာ၊ ဒီနေရာ လိုက်ရောင်းနေသော မိုးကျရွှေကိုယ် လက်ပွေ့ထီသည်များ (အားလုံးကို မဆိုလိုပါ)ကို အထူးသတိထားပြီး လမ်းကြုံ၍ ထီထိုးမိခဲ့လျှင်လည်း မိမိနာမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ စသည်တို့ကို မပေးမိပါစေနှင့်ဟု ကိုယ်ချင်းစာတရားများစွာထားပြီး ရေးသား အသိပေးလိုက်ရပါသည်ရှင် . . .။

**မာလာရုံ**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးမင်းသိင်္ခက ဦးမောင်မောင်မြင့်အေးကို ပေးသော ပညာရပ်များ

## ဣစ္ဆာသယဆွမ်းကပ်နည်း

"အလို ကိုမောင်မောင်မြင့်အေးရေ နေပူကြီးထဲမှာ ချိုင့်ကြီးဆွဲပြီးလာရတာ ထင်ပန်းပါတယ်ကွာ၊ မင်းကြည့်ရတာ မျက်နှာလဲ သိပ်မကောင်းတော့ အလုပ်တွေ ဘာတွေကော အဆင်ပြေရဲ့လား"

ဆရာကြီးက ခရီးရောက်မစိုက်ပြောလိုက်ရာ ကျွန်တော်လည်း ငိုချင်းလျက် ထက်တို့ ဆိုသည့်အတိုင်း ထမင်းချိုင့်ကြီးချလိုက်ပြီး ဆရာကြီးကို ဦးချပြီးသည်နှင့်...

" ဒီလို ဆရာကြီးရေ အခု ကျွန်တော်ထုတ်နေတဲ့ ရောင်ပြန်တို့၊ ပြင်မှုတို့၊ မနုစာရီတို့ကတော့ သူ့စောင်ရေနဲ့သူ အဆင်ပြေပါတယ်။

ဒါပေမယ့် ဆရာကြီးရေ မြရည်သီတာတို့၊ မြန်မာရုပ်ရှင်တို့ကတော့ ထင်သလောက်မဟုတ်ဘူး။ အဲဒီတော့ တဖက်က မြတ်တာ တစ်ဖက်ထည့်နေရတယ်၊ အကြွေးကလည်း တင်တာပေါ့လေ"

ဟုပြောလိုက်ရာ ဆရာကြီးက

"ဒါကတော့ စာပေလုပ်ငန်းဆိုတာ ချက်ချင်း သူဌေးဖြစ်တာမှ မဟုတ်တာ

www.burmeseclassic.com

အခြေခံကိုကြည့်ရင် တာအုပ်ရောင်းတဲ့ ဈေးသည်ပဲ မဟုတ်လား၊ မပူပါနဲ့ကွာ ငါတတ်နိုင်သလောက် လုပ်ပေးပါမယ်၊ ဒီနေ့ ဘာဟင်းလဲ ထမင်းစားတော့မှာလေ" ဟု ပြောလိုက်ရာ ကျွန်တော်က -

"ဝက်သားနဲ့ သရက်သီးသနပ် ဆီပြန်ချက်တာရယ်၊ ပန်းဂေါ်ဖီနဲ့ ကြက်ဥကြော်ရယ်၊ ပုဇွန်ဆီပြန်ရယ်၊ ဘူးသီးဟင်း ခါးရယ်၊ ဒါလောက်ဆို အဆင်ပြေတယ် မဟုတ်လား" ဟုပြောလိုက်ရာ ဆရာကြီးက . . .

"ပြေပါတယ်ခင်ဗျာ၊ ပြေပါတယ်၊ ကလေးတွေ ထမင်းပွဲပြင်ပော့" ဟု ပြောပြီး ထမင်းပွဲပြင်ပြီးသည် နှင့် အားရပါးရစားတော့၏၊ ဝက်သားတုံးကြီးကိုဖဲ့ လိုက်၊ ဘူးသီးဟင်းခါးကို တရှူးရှူးနှင့်သောက်လိုက်၊ ပန်းဂေါ်ဖီကြော်ကို တစ်ဇွန်းပြီး တစ်ဇွန်းခပ် လိုက်နှင့်နောက်ဆုံး ရေခဲရေ ပတ်ခွက်ကြီးတစ်ခွက် သောက်ပြီး . . .

"အကောင်းဆုံးကတော့ ရေခဲရေပါပဲကွာလို့ ပြောလိုက်လေတော့၏။

ထို့နောက် ဆရာကြီးသည် စီးကရက် တစ်လိပ်ကို ဖွာလိုက်ပြီး -

"ပုဂံပြည်ရဲ့ တတိယပင်းဆက်ဖြစ်တဲ့ ပျူစောထီးမှာ ဆရာရသေ့တစ်ပါးရှိတယ်ကွ၊ အဲဒီဆရာ ရသေ့က ပျူစောထီးကို မင်းဖြစ်မယ်လို့ ပျူစောထီး ၇ နှစ်သားကတည်းက ဟောခဲ့တာ အဲဒီရသေ့ဟာ ရူပနိကယ်၊ သဒ္ဒနိကယ် အစွေစွေ အထွေထွေ လောကီဗေဒင်ပညာတွေကို ကျွမ်းကျင်တတ်သိ နားလည်သူဖြစ်တယ်၊ အဲဒီကတည်းက ဆရာရသေ့ဟာ ပျူစောထီးမင်းကို အစီအရင်တွေ ဆောင်ရွက်ပေးခဲ့တဲ့ နည်းတစ်နည်းရှိတယ်"

ဟု ဆရာကြီးက ပြောပြောဆိုဆိုနှင့် စီးကရက်ဖွာနေ၏။

ကျွန်တော်က . . .

"ဘုရင်ကို ပေးတယ်ဆိုတဲ့ ယတြာက စွပ်းတယ်ဆိုတာတော့ ကျွန်တော်ယုံပါတယ်၊ တကယ်လို့ မစွမ်းရင် ဘုရင်က သဘ်မှာကိုး ဒါပေမယ့် ဘုရင်တွေလုပ်တဲ့ ယတြာတွေကြည့်ရင် သာမန်လူတွေ မလုပ်နိုင်ဘူး၊ ကျွန်တော့်အနေနဲ့ ကတော့ စွမ်းမှန်းသိပေမယ့် ခဲရာခက်ဆစ်ဆိုရင်တော့လည်း ဖြစ်မယ်မထင်ဘူး" ဟု ပြောလိုက်ရာ ဆရာကြီးက . . .

"နီး နီး နီး အဲဒီလိုထင်ရင်တော့ မင်းမှားမယ်၊ ငါလည်း အဲဒီလိုဟာမျိုးတွေဆို အချိန်အကုန်ခံပြီး မှတ်မနေဘူးဟေ့၊ ဆွမ်းတော် ကပ်ရုံဘာင်လေး ဆွမ်းပွဲမှာမည်ကကို ကပ်ချင်ရာ ဣန္ဒာသယ ဆွမ်းတော်ပွဲတဲ့ကွ" ဟု ပြောရင်း စီးကရက်ဖွာနေရာ ကျွန် တော်က

"ဒါဆိုတော့ လုပ်ကြည့်ရတာပေါ့ ဆရာကြီးရယ် အဲဒီလိုလုပ်လို့ဖြစ်တယ်ဆိုမှတော့ ကျွန်တော်တို့ကတော့ တစ်ရက်တည်းပလုပ်ဘူး၊ တစ်သက်လုံး လုပ်ပစ်လိုက်မှာ" ဟု ပြောလိုက်ရာ ဆရာကြီးက

"တစ်သက်လုံးပဲလုပ်လုပ် - မင်းမိန်းမကပဲလုပ်လုပ် ငါကတော့ ပေးရမယ့်ဝတ္တရားအရပေးမှာ လွယ်လွယ်လေးပါကွာ။

ပန်းကန်ပြား ၉ ချပ်ကို လင်ပန်းထဲထည့်ပြီး ပန်းကန်ပြားပေါ်မှာ ငှက်ပျောဖက်ခင်းပြီး ဆွမ်းပုံရမယ်၊ အဲဒီပေါ်မှာ အုန်းသီးစိပ်၊ ထန်းလျက်၊ ငှက်ပျောသီးနဲ့ ဆီစိမ်လက်ဖက်ထည့်၊ သောက်တော်ရေ ၉ ခွက်၊ ဖယောင်းတိုင် ၉ တိုင်နဲ့ ပူဇော်ပေတော့၊ ပူဇော်ဆိုတော့လဲ ဘာကိုပူဇော်ရမလဲလို့ မင်းမေးလိမ့်မယ်၊ မြတ်စွာဘုရားရယ်၊ သိကြားမင်းရယ်၊ သာသနာစောင့်နတ်မင်းကြီး ၄ - ပါးရယ်ပေါ့ကွာ သူတို့ကိုတိုင်တည်ပြီး ဆုတောင်းပေတော့၊ ကပ်ရမယ့်နေ့က တနင်္ဂနွေ သောကြာ၊ ကပ်ရမယ့် အချိန်က နံနက် ၆း၄၅ ကဲရပြီမဟုတ်လား" ဟု ပြောပြောဆိုဆိုနှင့် အနားတွင်ရှိသော ခေါင်းအုံးပေါ် လှဲချလိုက်လေတော့၏၊

## ဣန္ဒာသယ ဆွမ်းတော်ပွဲ ကပ်လှူနည်း

၁။ လက်ဖက်ဆီစိမ် ၁၀ သား
၂။ ထန်းလျက်
၃။ အုန်းသီး ၁ လုံး
၄။ ငှက်ပျော ၁ ဖီး
၅။ ပန်းကန် ၉ ချပ်
၆။ လင်ပန်း ၂ ချပ်
၇။ သောက်တော်ရေ ၉ ခွက်

လင်ပန်း ၁ ချပ်ထဲတွင် ပန်းကန် ၅ ပန်းကန် နှင့် သောက်တော်ရေ ၅ ခွက်၊

နောက်တစ်ချပ်တွင် ပန်းကန် ၄ ပန်းကန်နှင့် သောက်တော်ရေ ၄ ခွက်၊

လင်ပန်း ၁ ချပ်တွင် ပန်းကန် ၉ ပန်းကန် မဆန့်သဖြင့် နှစ်ချပ်ခွဲလုပ်ရပါ။

နံနက်စောစော ဆန် ၄ လုံးချက်ပြီး ဆွမ်းပုံပုံပေါ်တွင် လက်ဖက်ဆီစိမ်၊ ငှက်ပျော ၁ လုံး၊ ထန်းလျက် ၁ ခဲ၊ အုန်းသီး ၁ စိပ်စီ ထည့်လှူပါ။

ဤနည်းကို ဆရာကြီးမင်းသိခ်ကို ကတိပေးသည့်အတိုင်း ကျွန်တော်တို့ အိမ်တွင် တစ်သက်လုံး ယခုကပ်လှူနေပါသည်။

ထို့ကြောင့် ယခုထက်တိုင် အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ခဲ့ပါသည်။

ဝိသနာပါ၍ ယုံကြည်လျှင်
ဖုန်းနံပါတ် - ၆၄၃၀၃၀ သို့
ဣန္ဒာသယဆွမ်းပြင်နည်းကိုမေးပါ။
အိမ်တွင်နေသော မည်သူမဆို
ဖြေကြားနိုင်ပါသည်။

www.burmeseclassic.com

# ထူးခြားစွာအကျိုးပေးသော

# ကိန်းဂဏန်းဂုဏ်တော်ဘုရားရှိခိုး

**အောင်ကောင်းမြ(သာကေတ)**

တစ်နေ့ နံနက်ပိုင်း ၁၁ နာရီ ကျော်လောက်တွင် ကျွန်ုပ်၏နေအိမ်သို့ ဦးပဥ္စင်းကြီးတစ်ပါးနှင့် လူငယ်တစ်ဦး ရောက်ရှိလာပါသည်။ ထိုဦးပဥ္စင်းကြီးသည် ခြောက်ထပ်ကြီး ဘုရားအနီးတွင် သီတင်းသုံးပြီး ကျောက်ပန်းတောင်းမြို့ ဇာတိဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်လည်း ဦးပဥ္စင်းကြီးအား ဖျော်ရည်တစ်ခွက် ဝလင်း ဝယ်၍ ကပ်ပါသည်။ ထို့နောက် ဦးပဥ္စင်းကြီးမှ နေလဂ္ဂနယ်ကို အပတ်စဉ်ဖတ်ကြောင်း၊ အခြားဂမ္ဘီရနှင့် ဆိုင်သော မဂ္ဂဇင်းများကိုလည်း စိတ်ဝင်စားစွာဖတ်ကြောင်း၊ ကျွန်ုပ်စာရေးသူ၏ ဆောင်းပါးများကိုလည်း စိတ်ဝင်စားစွာဖတ်ကြောင်း ပွင့်လင်းစွာ ပြောဆိုပါသည်။ ယခုလာရခြင်း အဓိကအကြောင်းရင်းမှာ ကိန်းဂဏန်း ဘုရားရှိခိုးကို ယူလို၍ဖြစ်ကြောင်း ရှင်းပြပါသည်။ နေလဂျာနယ်တွင် အက္ခရာ 'ဗျည်း ၃၃ လုံး ဘုရားရှိခိုး' ဂါထာကို ကူးယူပြီး ကျက်မှတ်ရှိခိုးခဲ့ကြောင်း ကိန်းဂဏန်းနှင့် တွဲ၍ ရှိခိုးရမည်ဟု ဖော်ပြထားတာကို တွေ့ရှိခဲ့ရသည်ဟု ဆိုပါသည်။

ကိန်းဂဏန်း ဘုရားရှိခိုးနှင့် ပတ်သက်၍ ဆရာကြီး ဦးလှမင်း(ရန်ကင်း) စာအုပ်မှ ဂဏန်းကို ဂျာနယ်တွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုဂဏန်းဘုရားရှိခိုးကို စာအုပ်မှ မိတ္တူကူး၍ ကပ်လိုက်ပါသည်။ ထို့အပြင် လောကီပညာနှင့်သာမက လောကစံရှစ်ပါးနှင့် မဂ္ဂင်ရှစ်ပါး ပါရှိသော ဆရာကြီး ဦးကြီးမြင့်၏ မဟာဘုတ်နိဒါန်း စာအုပ်ကိုလည်း ကပ်လှူခဲ့ပါသည်။ ထို့နောက် ဦးပဥ္စင်းကြီးနှင့် လူငယ်တို့အား ကား ဂိတ်သို့ လိုက်ပို့လိုက်ပါသည်။ ဦးပဥ္စင်းကြီးသည် လောကီပညာကို ဝါသနာပါသော တောထွက်ရဟန်းကြီး ဖြစ်ဟန်တူပါသည်။ သက်တော် ၆၀ ကျော်လောက်ရှိမည်ဟု ခန့်မှန်းရပါသည်။

တစ်လခန့်ကြာသောအခါ ပဲခူးမြို့သို့ ရောက်ရှိခဲ့ပါသည်။ ဘာဝနာဆရာတော်မှ စာအုပ်တစ်အုပ်စွန့်၏။ ထိုစာအုပ်မျက်နှာဖုံးတွင် ဂဏန်းဂုဏ်တော် ဘုရားရှိခိုး ပါရှိပါသည်။ မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေထီဆိုင်မှ ဒါနပြုထားခြင်း ဖြစ်ပါသည်။ ထိုဂဏန်းဘုရားရှိခိုးမှာ ယခင်တွေ့ရသော ဂဏန်းဘုရားရှိခိုးနှင့် ကွဲပြားပါသည်။ ပို၍အကျယ်ချဲ့ထားတာ တွေ့ရ၏။ အနက်အဓိပ္ပာယ် ပိုပြည့်စုံပါသည်။

ကျွန်ုပ်အနေဖြင့် ထိုဂဏန်းဘုရားရှိခိုးကို နေ့စဉ်ရှိခိုး အဓိဋ္ဌာန်ကြည့်၍ ကိန်းဂဏန်းနှင့် ပတ်သက်၍ ထူးခြားစွာ အောင်မြင်ခဲ့ပါသည်။ မိတ်ဆွေအချို့ကိုလည်း ကူးယူပေးခဲ့ပါသည်။ အကျိုးထူးကြောင်း လာရောက်ပြောဆိုကြ၏။ ကျောင်းဆရာမတစ်ဦး အောင်ဘာလေထီ တဲ့ မပေါက်သေးသော်လည်း ပထမအကြိမ်စထိုးတာ ရှေ့သုံးလုံးတူ တွတ်ဂဏန်းဆုငွေရခဲ့သည်ဟု လာပြောပါသည်။

ယခု ထိုဂဏန်းဂုဏ်တော်ဘုရားရှိခိုးကို ဦးပဥ္စင်းများနှင့်တကွ ခုနစ်နေ့သားသမီး စာဖတ်ပရိသတ်များ သိရှိစေရန် ရေးသားဖော်ပြလိုက်ပါသည်။ သိပြီးသူများလည်း နေ့စဉ်အဓိဋ္ဌာန်မပျက် ရှိခိုးပူဇော်ပါ။ ကိန်းဂဏန်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး အဆင်ပြေပါစေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁) ဂဏန်းဖြစ်တော်မူသော


မြတ်စွာဘုရား အဆူဆူတို့သည် တစ်ဆူချင်း၊ တစ်ပါးချင်းသော အတုမရှိ၊ အတုမရှိ ပွင့်ထွန်းဖူးပွင့်တော်မူကြပါသည် ဘုရားမှု ဤကဲ့သို့ အတုမရှိ၊ အတုမရှိ တစ်ဆူချင်း၊ တစ်ပါးချင်းသော ပွင့်ထွန်းဖူးပွင့်တော်မူကြကုန်သော ဂေါတမမြတ်စွာဘုရားနှင့်တကွ ကဿပမြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကကုသန်မြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ သီခိမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရားတည်းဟူသော ခုနစ်ဆူကုန်သော မြတ်စွာဘုရား များ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားများ၊ တစ်သောင်းနှစ်ထောင်ကုန်သော မြတ်စွာဘုရားများ၊ ငါးသိန်းကုန်သော ဘုရားများ၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်ထွန်းတော်မူကြသော မြတ်ဘုရားအဆူဆူတို့ကို ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ (ဦးချရှိခိုးပါ။)

(၂) ဂဏန်းဖြစ်တော်မူသော

ရုပ်တရား၊ နာမ်တရား၊ ဤတရား နှစ်ပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူကြကုန်သော မြတ်စွာဘုရား အဆူဆူနှင့်တကွ ပစ္စေကဗုဒ္ဓါများ၊ ရဟန္တာများ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ အရိယာသာဝကများတို့အား ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။(ဦးချကန်တော့ပါ။)

(၃) ဂဏန်းဖြစ်တော်မူသော

ဘုရားအမြတ်ဆုံး ရတနာ၊ တရားအမြတ်ဆုံး ရတနာ၊ သံဃာအမြတ်ဆုံး ရတနာတည်းဟူသော ရတနာမြတ်သုံးပါး၊ မြတ်စွာဘုရားအဆူဆူ ချမှတ်ခဲ့သော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ တည်းဟူသော သဒ္ဓမ္မ သုံးဖြာ၊ သာသနာ သုံးရပ်၊ သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးရပ်နှင့် ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊




ပဌာန်း၊ နိကာယ်ငါးပုံတို့အား ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။(ဦးချကန်တော့ပါ။)

(၄) ဂဏန်းဖြစ်တော်မူသော

သစ္စာတရား လေးပါး၊ သတိပဋ္ဌာန်တရား လေးပါး၊ သမ္မပ္ပဓာန်တရား လေးပါး၊ ဣဒ္ဓိပါဒ်တရား လေးပါး၊ ဗိုလ်လေးပါးတည်းဟူသော မြတ်တရားတော်များနှင့် မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက်သော အရိယာသံဃာတော်များအား ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။(ဦးချကန်တော့ပါ။)

(၅) ဂဏန်းဖြစ်တော်မူသော

ငါးပါးသီလ တရားတော်မြတ်၊ ဗိုလ်ငါးပါး တရား



www.burmeseclassic.com

www.burmeseclassic.com

တော်မြတ်နှင့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတည်းဟူသော အနန္တောအနန္တ ငါးပါးတို့အား ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။(ဦးချကန်တော့ပါ။)

(၆) ဂဏန်းဖြစ်တော်မူသော

ဘုန်းတော် ခြောက်ပါး၊ ဉာဏ်တော် ခြောက်ပါးပိုင်ရှင် သဗ္ဗညုမြတ်စွာဘုရားရှင်တော်မြတ်အား ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ (ဦးချကန်တော့ပါ။) နာယကဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ပုဂ္ဂိုလ်အပေါင်းအား ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။(ဦးချကန်တော့ပါ။)

(၇) ဂဏန်းဖြစ်တော်မူသော

သူတော်ကောင်းတရား ခုနစ်ပါး၊ ဗောဇ္ဈင်တရား ခုနစ်ပါး တရားတော်မြတ်များနှင့် ဘုရားတပည့်တော်ထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် မြင့်မြတ်ကြသော တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေတည်းဟူသော ခုနစ်နေ့သား၊ ခုနစ်နေ့သမီး အပေါင်းအား ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။(ဦးချကန်တော့ပါ။)

(၈) ဂဏန်းဖြစ်တော်မူသော

မဂ္ဂင်ရှစ်ပါး တရားတော်မြတ်၊ ရှစ်ပါးသီလ တရားတော်မြတ်နှင့် မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သော အရိယာသံဃာတော်မြတ်တို့အား ဘုရားတပည့် တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ (ဦးချကန်တော့ပါ။)

(၉) ဂဏန်းဖြစ်တော်မူသော

ဂုဏ်တော် ကိုးပါးပိုင်ရှင် မြတ်စွာဘုရားနှင့်တကွ ကိုးပါးသီလ တရားတော်မြတ်ကို ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ (ဦးချကန်တော့ပါ။)

(၁၀) ဂဏန်းဖြစ်တော်မူသော

ပါရမီ ဆယ်ပါးပိုင်ရှင် မြတ်စွာဘုရားရှင်နှင့် မဂ်လေးပါး+ဖိုလ်လေးပါး+နိဗ္ဗာန်+ပရိယတ် ဆယ်ပါးသော တရားတော်မြတ်၊ ဆယ်ပါးသော သီလတရားတော်မြတ်၊ သုမင်္ဂလာတရား ဆယ်ပါး၊ သုစရိုက်တရား ဆယ်ပါး တရားတော်မြတ်များနှင့် ခင်ပွန်းကြီးဆယ်ပါးတို့ကို ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ (ဦးချကန်တော့ပါ။)

**ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇယဂဏန်**
(သုံးကြိမ်ရွတ်ဆိုပါ။)

ဧတေန သစ္စဝဇ္ဇေန-ဤကဲ့သို့ မှန်ကန်သော သစ္စာစကားများကို ရွတ်ဆို၍ (၁)ဂဏန်းမှ (၁၀)ဂဏန်းအထိ ပိုင်ရှင်များအားလုံးကို ရှိခိုးရသော ကောင်းမှုကံစေတနာတို့ကြောင့်၊ မေ-ဘုရားတပည့်တော်အား၊ ဇယဂဏန်-ဂဏန်းနံပါတ်များနှင့် ပတ်သက်သော အောင်မြင်ခြင်းမင်္ဂလာအဖြာဖြာတို့သည်၊ ဟောတု- စင်စစ်မသွေ ဖြစ်ရပါလို၏ အရှင်ဘုရား (ဝါ) အောင်ဘာလေထီဆုကြီးများ ပေါက်ရပါလို၏ အရှင်ဘုရား။ (ကိန်းဂဏန်းနှင့်ပတ်သက်၍ လိုရာဆုတောင်းပါ။ လိုသလို ဆုတောင်းပါ။)

**မှတ်ချက်** ။ ။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပုံမှန်ရွတ်ဆို ရှိခိုးကြည့်ပါ။ ထူးခြားတာ ကြုံတွေ့ရမည်။

*အောင်ဘာလေ ထီဆုကြီးများ ပေါက်ကြပါစေ။*

**အောင်ကောင်းမြ(သာကေတ)**



www.burmeseclassic.com

www.burmeseclassic.com

# ထီနိုင်လောဘ်ကြွယ် ရန်ဘေးဖယ်

# ကံဆယ်ဂါထာတော်

## မော်တင်သိန်းဇော်ဇ

### ဆယ်တော်မူဘုရား ဂါထာတော်မြတ်

ကကုသန္ဒော၊ ကောဏာဂမနော၊ ကဿပေါ၊ ဂေါတမော၊
မုနိဆယ်ထား၊ ဆယ်တော်မူမြတ်စွာဘုရား။
မေတ္တေယျော၊ ပဒ္ဓုမုဒ္ဒေါတော၊ သီသေမေသဒ္ဓ၊ သဗ္ဗဒါ၊
ဧတော၊ အာနုဘာဝေန၊ ရက္ခဒေဝါ၊ မဟိဒ္ဓိကာ။
သဗ္ဗေသုခိတာ၊ ဟောန္တုမေတ္တ၊ သဟာယကာ။

ကျေးဇူးကြီးအပ်သော ဓမ္မဒါနကုသိုလ်ရှင်များ၏ ကျေးဇူးကြောင့် ထင်၏။ "ဆယ်တော်မူဘုရား ဂါထာတော်မြတ်"ကို မမျှော်လင့်ဘဲ ရုတ်တရက် အမှတ်မထင်မျှ ရရှိခဲ့ပါသည်။

မူလ ဓမ္မဒါနကုသိုလ်စာလွှာပါအရ အဆိုပါ "ဆယ်တော်မူဘုရား ဂါထာတော်မြတ်"ကို ရွတ်ဖတ်ခြင်းအားဖြင့် အကျိုးစွာပွား ရလဒ်ထူး ငါးမျိုးကို ရရှိခံစားရတတ်သည်ဟု တွေ့ရှိလေ့လာ မှတ်သားရပါသည်။

ရွတ်ဖတ်ရခြင်းအတွက် ရရှိခံစားရတတ်သည့် အကျိုးစီးပွား ငါးပါးတို့မှာ -

(၁) လူချစ်လူခင် ပေါများခြင်း၊
(၂) အခက်အခဲများမှ ကံဆယ်တော်မူခြင်း၊
(၃) ကျန်းမာ၊ ချမ်းသာခြင်း၊
(၄) ရန်သူမျိုးငါးပါးမှ ကင်းဝေးခြင်း၊
(၅) ပြောဆိုစကား အောင်မြင်ခြင်း၊
(၆) လာဘ်လာဘ ပေါများခြင်း၊
(၇) ထီပေါက်ခြင်းတို့ပင် ဖြစ်သည်။

တကူးတက သက်စေ့ နဝင်းအရေအတွက် အဓိဋ္ဌာန်စဉ်တို့ မဟုတ်ပါဘဲ လက်ဝယ်ရရချင်း၌ အမှတ်မထင် မသိကျိုးကျွန် သဘောနှင့် ယင်းဂါထာကို ရွတ်ဖတ်ကြည့်မိ၏။ တစ်ဖန် ဂါထာမန္တန်ကောင်းများကို စုဆောင်းတောင်းခံတတ်သူတို့အား တစ်ဆင့်လက်လွှဲ ပြန်၍ ဓမ္မဒါနထပ်ကာပြုသည့် သဘောအနေနှင့် လက်ဆင့်ကမ်းပြီး ဓမ္မမိတ်ဆွေ သုံးလေးဦးတို့အား ပေးအပ်စဉ်၌ ရွတ်ဖတ်ပြခြင်း၊ အခါမလပ် ရွတ်ဖတ်ပြမိခြင်းတို့ကို စာရေးသူအနေနှင့် ယင်းဂါထာတော်မြတ်ကို လက်ခံရရှိပြီးနောက်ပိုင်း၌ ပြုမူလုပဆောင်မိခဲ့ရာတွင် စာရေးသူအနေနှင့် ဓမ္မဒါနမူရင်းပါ ဩဝါဒများအတိုင်းပင် အတော်ပင် အကျိုးထူးပါ၍ အကျိုးမျှော်၍ ထပ်ဆင့်၍ လက်ဆင့်ကမ်း တင်ပြရခြင်း ဖြစ်ပါသည်။


ကိုယ်တွေ့အရ အနည်းဆုံး တစ်ခါကို ငါးကြိမ်ခန့်မျှ ရွတ်က ထူးကဲလှပါသည်။

မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com




# ထီပေါက်စေရန်
# နည်းလမ်းများ

စာရေးသူဟာ ထီနှင့်ပတ်သက်ပြီး အထူးသုတေသန များ ပြုလုပ်ခဲ့ပါသည်။ အများပြည်သူအကျိုးအလို့ငှာ ဖော်ပြ တင်ဆက်ချင်လို့ပါ။ ဒီနေရာမှာ စာတည်းမှူးချုပ် ဦးမောင် မောင်မြင့်အေး၏ အာဘော်အဆိုအရ "ထမင်းတစ်လုတ် အတွက် အထူးထုတ် ထုတ်ခြင်းမဟုတ်ပါ"ဆိုသလို စာတစ်ပုဒ် အတွက် ပြည်သူကို မလိမ်ညာဝံ့ပါ။ အမှန်အတိုင်း ဖြစ်ရပ် မှန်တွေကိုသာ ရဲရဲကြီးတင်ပြချင်လို့ပါ။

၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်မှ ၉ ရက်အတွင်း နိုင်ငံတော်အောင်ဘာလေထီ သန်းဆုများကို ဆွတ်ခူးရရှိခဲ့တဲ့ ဓမ္မမိတ်ဆွေတစ်ဦးရဲ့ ကျင့်ကြံမှု အမိဋ္ဌာန်ကျင့်စဉ်များပါ။ ထိုပုဂ္ဂိုလ်မှ စာရေးသူအပါအဝင် ဓမ္မမိတ်ဆွေ ကိုးဦးတို့အား မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားကြီး သို့ ၁၀-၁၁-၂၀၀၀မှ ၁၄-၁၁-၂၀၀၁ နေ့ထိ ငါးရက်တိုင် တိုင် လမ်းစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ်များအပါအဝင် ဓမ္မဘုရားဖူးခရီး ပို့ဆောင်ခဲ့ပါသည်။

ထီသန်းကြွယ်ဆုများ ဆွတ်ခူးသူ ကာယကံရှင်မှ ၎င်း၏ အမည်၊ လိပ်စာ စသည်တို့အား လျှို့ဝှက်ထားစေလို သော ဆန္ဒကို ဖော်ထုတ်ခဲ့ပါသည်။ ယခုအခါ ထိုလူငယ်

**အောင်မြင်စိုး(လူမှုထူးချွန်ဂုဏ်ထူးဆောင်)**



www.burmeseclassic.com

www.burmeseclassic.com

သည် အမေရိကန်ပြည်ထောင်စုသို့ ကံစမ်းမဲ DV ပေါက်ကာ သွားရောက် အလုပ်လုပ်ကိုင်နေခဲ့ပြီ ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်ကျင့်စဉ်များကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

## ထီပေါက်စေကြောင်း နည်းလမ်းကောင်းများ

(၁) သင့်တင့်လျောက်ပတ်သော ရေအိုးတစ်လုံးအား (မိမိ၏ ဘုရားကျောင်းဆောင်တွင် ထားရှိရန်၊ သင့်တော်မည့်အရွယ်) ရေအပြည့်ဖြည့်ကာ

(က) အင်္ဂါနေ့ နံနက်/ည ၆း၁ဝ နာရီမှ ၇း၂ဝ နာရီအတွင်း ဖြစ်စေ၊

(ခ) စနေနေ့ နံနက်/ည ၉း၁ဝ နာရီမှ ၁ဝး၂ဝ နာရီအတွင်းတို့အနက် သင့်တင့်လျောက်ပတ်ရာ အချိန်၌ မိမိတို့နေထိုင်ရာ အိမ်ဂေဟာ၏ မြတ်စွာဘုရားကျောင်းတော်ကြီးမှာ မြတ်စွာဘုရား၊ ရဟန္တာပုဂ္ဂိုလ်အပေါင်းတို့အား ရည်စူး၍ ရေအိုးဟု အမည်ပေးလှူပါ။ ရေစင်ဟုဆိုလျက် ပြန်စွန့်သောက်သုံးပေးပါ။ ခုနစ်ရက်တစ်ခါဖြစ်စေ၊ ရေကုန်လျှင်ဖြစ်စေ ပြန်လှူပေးပါ။ (ထီဓာတ်ဖွင့်သော အစီအရင်ဖြစ်ပါ၏။) မိသားစုဝင်များ၊ မွေးမိတ်ဆွေများကိုလည်း အထက်ပါ ရေအိုးမှ ရေစင်သောက်သုံးခွင့်ပြုပါဟု ခွင့်တောင်းလျက် သောက်သုံးနိုင်ပါသည်။

(၂) ၁ဝ၈ လုံး ပိတောက်သားပုတီးနဲ့ ဘုရားဂုဏ်တော်ကိုးပါးအနက် အမှတ်(၈)ဂုဏ်တော်ဖြစ်သော ဗုဒ္ဓေါ ဂုဏ်တော် ၁၉ ပတ်ကို ကြာသပတေးနေ့နံနက် ကျိုးမနိုးမီ ၅ နာရီအချိန်မှ စတင်ပြီး ဆက်တိုက် ၂၉ ရက်တိတိ မပျက်မကွက် အဓိဋ္ဌာန်ဝင် ပုတီးစိပ်ပေးပါ။ (၁ဝ၈ လုံးပါဝင်သော ပိတောက်သားပုတီးကုံး ဖြစ်ရပါမည်။)

(၃) အင်္ဂုတ္တရနိကာယ၊ ကေကနိပါတ၊ တေဒဂ္ဂဝဂ္ဂ စာမျက်နှာ ၂၅ ပါ အောက်ပါထီပေါက်စေတတ်သော ပါဠိတော်အား စွမ်းနိုင်သမျှ ရွတ်ဖတ်ပူဇော် သရဇ္ဈာယ်ပေးပါ။(အနက်ကို အာရုံပြုထားရန်သာ ဖြစ်ပါသည်)

## ထီပေါက်စေသော ပါဠိတော်

**ဧတဒဂ္ဂံဘိက္ခဝေ မမသာဝကာနံ ဘိက္ခုနံ။**
**ပထမံ သလာကံ ဂဏှန္တာနံ ယဒိဒံ ကုဏ္ဍဓာနော။**
**ဧတေန သစ္စဝဇ္ဇေန၊ တထာ မေ ဟောတု သဗ္ဗဒါ။**

## အနက်ဆင်ခြင်ရန်

ရဟန်းတို့ . . . ငါဘုရား၏ တပည့်သာဝကဖြစ်ကုန်သော ပထမတန်း စာရေးတံကို ယူကုန်သော (ဝါ) ပေါက်ကုန်သော ရဟန်းတို့တွင် အကြင်ကုဏ္ဍဓာနရဟန်းသည် ရှိ၏။ ထိုကုဏ္ဍဓာနရဟန်းတော်မြတ်သည် ငါဘုရား၏ တပည့်သားသာဝက ဖြစ်ကုန်သော၊ ပထမတန်းစာရေးတံကို ယူကုန်သော ရဟန်းတို့ထက် အမြတ်ဆုံးရဟန်းတည်း။ ဤသစ္စာစကားကြောင့် ထို့အတူ ငါ့အား အခါခပ်သိမ်း ဖြစ်ပါစေသတည်း။

(အင်္ဂဝိဇ္ဇာ အချိန်ကာလတိုင်းအရ မိမိတို့၏ မွေးနံတိုင်ထိပ် ရောက်ရှိသောအချိန် ဖြစ်ပါ၏။)

**မှတ်ချက်** ။ အချိန်ကာလရွေးပေးခြင်းမှာ မည်သည့်နေ့ မည်သည့်အချိန်မဆို ရွတ်ပွားနိုင်သော်လည်း တုတ်ဖြင့်ခေါင်းကို ရိုက်ခြင်းနှင့် တင်ပါးရိုက်ခြင်း ခံစားရပုံ မတူညီသောကြောင့် သီးသန့်အချိန်များ ထုတ်နုတ်ပေးခြင်း ဖြစ်ပါသည်။

သို့ပါ၍ ကိုယ်တွေ့များစွာ ဖြစ်ရပ်မှန်တို့အား စာရှုသူများထံ အရောက်ပို့ဆောင် တပ်ဆင်လိုက်ရသော ပီတိခံစားမှုအဟုန်သည် မည်သည့်အရသာနှင့်မျှ မတူပါဟု ဆိုရပါလျှင်။

**အောင်မြင်စိုး(လူမှုထူးချွန်ဂုဏ်ထူးဆောင်)**



www.burmeseclassic.com

www.burmeseclassic.com




# ထီပေါက်မည့်ကိန်း

## ရှိ မရှိ အဟောလက်ဖြင့်တွက်ကြည့်

တစ်နေ့သ၌ ကျွန်တော်သည် ဥယျာဉ်ခြံ၏ နောက်ပိုင်း၌ ပေါက်ပြားဖြင့် မြေသားများကို ပေါက်ဆွ၍ ရာသီပေါ်သီးနှံများ စိုက်ပျိုးရန် ပြင်ဆင်နေမိသည်။ ယခု ကျွန်တော်နေထိုင်သော ခြံသည် ယခင်အခါက ချုံနွယ်ပိတ်ပေါင်းများဖြင့် ရှုပ်ထွေးနေသော ခြံရိုင်းကြီးဖြစ်သည်။

ကျွန်တော်သည် စာနယ်ဇင်းလောကတွင် နာမည်ရအလောင်းတစ်ချောင်းဖြစ်အောင် ကြိုးစားမည်ဟူသော ရည်ရွယ်ချက်ဖြင့် မိတနစ်ပါးကိုခွင့်ပန်ကာ ရန်ကုန်မြို့ကြီးသို့ ထွက်လာခဲ့သည်။ ဆွေမျိုးသားချင်းများစွာ၏အိမ်တွင် တည်းခိုနေခဲ့ရသည်။ အိမ်လခပေးပြီး နေထိုင်ခဲ့ရသည်။ ဒုက္ခပေါင်းများစွာကို ရင်ဆိုင်ရသည်။ မိမိစာရေးပြီး ရှာဖွေရသမျှထဲမှ ငွေအချို့ကို အိမ်လခပေးရသည်ကို နှမြောလာမိသည်။ နောက်ဆုံးတော့ ရပ်ကွက်တစ်ခုထဲမှ ခြံတစ်ခြံကိုဝယ်လိုက်သည်။ တစ်ပတ်တစ်ရက်သွားပြီး ခြံရှင်းလင်းသည်။ သည်တော့မှ ကျယ်ဝန်းလိုက်သည့် ခြံကြီးပါလားဟု သိလာရသည်။ ရာသီပေါ်သီးနှံများ စိုက်ပျိုးသည်။ ညဘက်တွင် စာရေးသည်။ စိတ်ချမ်းမြေ့စရာကောင်းသော ဘဝတစ်ခုကို ပိုင်ဆိုင်သူတစ်ဦးဖြစ်သွားရပါသည်။ ကျွန်တော့် ခြံပတ်ဝန်းကျင်မှ လူများသည် ဘာအလုပ်မှ မည်မည်ရရ မလုပ်ကြပါ။ သီးစားပင်စိုက်ပျိုးစားသောက်လျှင် ဝင်ငွေရမည်ကိုသိလျက်နှင့် ထိုင်

www.burmeseclassic.com

နကြသူများ ဖြစ်သည်။ ကျွန်တော်စိုက်ပျိုးထားသဖြင့် အဖီး ချားစွာထွက်နေသော ငှက်ပျောခိုင်များကိုကြည့်ပြီး အားကျ နေကြသည်။ ကိုယ်တိုင်စိုက်ပျိုးကြဖို့တော့ စိတ်မကူး။

ကျွန်တော့်ခြံထဲသို့ လှာရောက်ကြည့်ရှုပြီး ဝေဖန်မှု ကိုတော့ ပြုတတ်ကြသည်။ ကျွန်တော်က လူအမျိုးမျိုး စိတ် အထွေထွေပဲဟုသာ သဘောထားသည်။ ကျွန်တော့်ခြံအနီး တွင် ကျွန်တော့်ထံမှ မဂ္ဂဇင်းစာအုပ်များ လာရောက်ငှားရမ်း ဖတ်ရှုလေ့ရှိသော ဦးလေးတစ်ဦးရှိသည်။ ဦးပေစိဟု အမည် ရပါသည်။ ဦးပေစိသည် ကျန်းမာရေးမကောင်းသဖြင့် စီးပွား မရှာနိုင်။ ဇနီးသည်က အရပ်ထဲတွင် လှည့်လည်ပြီး ဈေး ရောင်းသည်။

ဦးပေစိက ကုသိုလ်ကံကိုတော့ အားကိုးသည်။ လစဉ်လတိုင်း အောင်ဘာလေသိန်းထီဆုကို ထိုးပြီး ကံစမ်း သည်။ တစ်နေ့တွင် ဦးပေစိက ကျွန်တော့်အိမ်သို့ အလည် လာသည်။ သူ၏ ကျန်းမာရေးအခြေအနေကို ပြောပြသည်။ ကျွန်တော်၏အဖေနှင့်အဘိုးက တိုင်းရင်းဆေးဆရာကြီး များဖြစ်၍ ကျွန်တော်က ဆေးဖက်ဝင်အပင်၊ အပွင့်၊ အသီး၊ အခေါက်၊ အမြစ်တို့၏ အာနိသင်ကို ပြောပြပြီး လမ်းညွှန် ရသည်။ ဦးပေစိက ကျွန်တော် ဗေဒင်ပညာတတ်ကျွမ်းနေ သည်ကိုလည်း သိနေသဖြင့် သူအောင်ဘာလေထီ ပေါက် မပေါက် တွက်ကြည့်ပေးပါဟု တောင်းဆိုလာသည်။

ကျွန်တော်က အဘိုးဖြစ်သူ ဗေဒင်ဆရာကြီး အင်ဝိဇ္ဇာ ဆရာသိန်း သင်ပေးထားသော **"ထီပေါက်မည့် ကိန်းရှိမရှိ အဟောလင်္ကာဖြင့် တွက်ကြည့်"** ဆိုသော ဟောကိန်း လင်္ကာကို ရွတ်ဆိုပြမိသည်။

"မွေလကိုတည်လို့၊ နံဂြိုဟ်သက်နှောပါ။ တီဗေဒ ဘုဠာကြွင်း သေသမပျက်၊ ရောက်သက်နှင့် နှောပြန်၊ ၇ တန်စား၊ သော့တစ်ချက်။

ထီပေါက်ကိန်း သုဋ္ဌေ၊ သုံးသေသမပျက်၊ ယုံကြည် ကြည် တေဒင်္ဂ၊ သွေမကွက်ဟောပါ။ ငါးပဉ္စာ အမုန်ယွင်းရင် ဖြင့်၊ မဲထီခြင်းပေါက်လိမ့်မှန်စွာ၊ ကြွင်းသုည မြင်ပြန်လျှင် မလွတ်သာဝင်မဲပ၊ မလွဲတော့မြန်မြန်၊ ထိုးတော့ကေန်၊ တကယ်လွဲလို့၊ ပေါက်မဲကုန်လျှင် လျှာလိုးခံမည်၊ စာချုပ်ပါ တော့လေ။

ရှေးဗေဒကဝိတွေက ဉာဏ်ကစားပြီး ထားခဲ့တဲ့ ဗေဒင် ပညာရပ်တစ်ခုပါပဲ။ မွေးသက္ကရာဇ်ကိုတည်၊ ထီထိုးမယ့်သူရဲ့ နံဂြိုဟ်သက်နဲ့ပေါင်း။ ပေါင်းလို့ရတာကို ၄၃ ခုနဲ့စား။ အကြွင်း ကို ထီထိုးတဲ့နှစ် မိမိရောက်သက်နဲ့ ပေါင်း။ ၇ ခုနဲ့စား။

၅ ခုကြွင်းရင် သူတစ်ပါးနဲ့ မစပ်ဘဲထိုး။
သုညကြွင်းရင် အခြားသူနဲ့ပေါင်း စပ်တူထိုး။

ဥပမာ -

| | |
|---|---|
| ဦးပေစိ မွေးသက္ကရာဇ် | ၁၃၁၃ |
| ဦးပေစိ တနင်္ဂနွေသားနံဂြိုဟ်သက် | + ၆ |
| | ၁၃၁၉ |

နှစ်ခုပေါင်း ၁၃၁၉ ကို ၄၃ ခုနဲ့စားတော့···

```
၄၃ | ၁၃၁၉ | ၃၀
   | ၁၂၉
   -------
       ၂၉
        ၀
အကြွင်း = ၂၉
```

အကြွင်း ၂၉ ကို ယခုထီထိုးတဲ့နှစ် ၁၃၆၈ ခုနဲ့ ပေါင်းတော့··· ၁၃၉၇ ကို ၇ နဲ့စား။

```
၇ | ၁၃၉၇ | ၁၉၉
  | ၇
  ------
    ၆၉
    ၆၃
   -----
     ၆၇
     ၆၃
   -----
အကြွင်း = ၄
```

"အင်း···ဒီတော့ လာမယ့်နှစ်ကျရင်တော့ ဦးပေစိ ထီပေါက်ကိန်းရှိတယ်ဗျ"

"ဟင်···"

ဦးပေစိသည် ဝမ်းသာပီတိဖြစ်ပြီး ကျွန်တော့်အိမ်မှ ပြန်သွားပါတော့သတည်း။

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com



# တစေ့တစောင်း 'ထီ' အကြောင်း

## မောင်ကောင်းယဉ်

ယခုကာလတွင် ကံစမ်းမဲ (Lucky Draw)ဆိုသည့် ဓလေ့ဝါဟာရက အတော်တွင်ကျယ်လျက်ရှိသည်။ ကံကောင်းထောက်မစွာဖြင့် အကျိုးအမြတ်တစ်ခုခု ရရှိခြင်းအတွက် မျှော်လင့်တကြီး ဆောင်ရွက်မှုတွေ ဖြစ်လေသည်။ နယ်ပယ်စုံ နေရာစုံ၌ တွေ့ရပေရာ ကောင်းကျိုးဆိုးပြစ်တွေက အများအပြားဟု ဆိုနိုင်၏။

ထိုအတူ "နှစ်ကျပ်ဖိုးနဲ့ သိန်းထီထိုး"သည့်ခေတ်ကို ဖြတ်သန်းခဲ့သူများသည် တစ်ချိန်က "တစ်မျိုးတည်း"သော ထီကိုသာ နားလည်ကြသည်။ ယခုဆိုလျှင် စုံလင်သော ထီတွေ ပျံ့နှံ့နေပေပြီ။ တွင်ကျယ်လာသည်ဟု ဆိုချင်ပါ၏။

တကယ်တော့ "ထီ"ဆိုသည့် ဝေါဟာရသည် ပြည်တွင်းဖြစ်ပစ္စည်း ဝေါဟာရမဟုတ်ဟု အနိုင်အမာ ပြောလိုပါသည်။ သို့ရာတွင် မြန်မာအဘိဓာန်အထိ ထိုးဖောက်ဝင်ရောက်လာပေပြီ။ အမှတ်စဉ် ရေးထိုးထားသော ကံစမ်းမဲတစ်မျိုးကို "ထီ"ဟု ဖွင့်ဆိုပါသည်။

ထီထိုးခြင်းသည် ကံစမ်းရန် ထီလက်မှတ်ဝယ်ခြင်း။ ကံစမ်းခြင်း ဖြစ်ပါ၏။ ထီပေါက်ခြင်းဆိုသည်မှာ ပေါက်မဲနှင့် ထီလက်မှတ် ကိုက်ညီခြင်း မမျှော်လင့်ဘဲ အကျိုးခံစားရခြင်း ဖြစ်ပါ၏။ ထီပေါက်စဉ်သည် ထီပေါက်ဂဏန်းစဉ် စာရင်းဖြစ်ပြီး ထီဖွင့်ခြင်းသည် ထီထိုးသူတို့အတွက် ကံစမ်းမဲနှိုက်ပွဲပြုလုပ်မှုဖြစ်ပါ၏။ ထီဝေါဟာရနှင့် စပ်လျဉ်းသမျှ ဖြစ်လေသည်။

"ထီ" တကယ်တော့ ထီဆိုသည့် ဝေါဟာရသည် အင်္ဂလိပ်ဘာသာစကား(Lottery) မှ လာသည်ဟု ဆိုပါသည်။ အက္ခရာဖလှယ်စကား "လော်ထရီ"မှ "လော်ထီ"၊ ယင်းမှ "ထီ"ဟု ရွေ့လျောလာသည်ဟု ကောက်ချက်ချကြသည်။ ခရစ်နှစ် ၁ဂ၈၅ ခုနှစ်တွင် ပြုစုပြီးစီးသော ယုဒသန်အဘိဓာန်တွင် "ထည်"ဟု ညသတ်ဖြင့်ရေးပြီး ၃၆ ကောင်ထီဟု ဖော်ပြထားရာ တရုတ်စကားမှ ရွေ့လျားလာသည်ဟု ကောက်ချက်ဆွဲသူတို့လည်း ရှိသည်။

"ထီ"နှင့် ပတ်သက်၍ ခြေရာကောက်မှုများ ရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပညာရှင်တို့ ရှာဖွေစေ့ငု သုတေသနပြုမှု ဆောင်ကြဉ်း ရာ၌ ဘုန်းဘောင်ခေတ်နှောင်းပိုင်း သီပေါဘုရင် မတိုင်မီ အထိ "ထီ"အသုံးအနှုန်းမရှိဘဲ သီပေါဘုရင်လက်ထက်မှ စတင်ပေါ်ထွန်းခဲ့သည်ဟု မှတ်ယူကြသည်။ သို့ရာတွင် ထီ၏ သဘောသဘာဝကို ဘိုးတော်ဘုရားလက်ထက်ကပင် မြန်မာ တို့ သိမှတ်ခဲ့ကြပေပြီ။ သို့ရာတွင် "ထီ"ဖွင့် ကံစမ်းသည့် သဘာဝမရှိသေးပေ။ ထိုအချိန်က "ပြင်ကူ"ဆိုသော ဝေါဟာရ ရှိခဲ့ကြောင်း၊ ဒပ်ချ်လူမျိုးတို့ စကားဖြစ်ပြီး အငြင်းပွားနေသော ကုန်၏တန်ဖိုးကို ခွဲဝေပေးသော စနစ်ဖြစ်ကြောင်း ရေစကြို ခံတော်ဖြတ်ထုံးတွင် တွေ့ရပေသည်။

မြန်မာတို့၏ ဝေါဟာရစစ်စစ်မှာ "စာရေးတံမဲချခြင်း" ဖြစ်၏။ ဝါခေါင်လတွင် ကျင်းပသည့်ပွဲကို ပျော်ပါးစွာ ကျင်းပ ကြောင်း တွေ့ရ၏။ ရေနံပိုင် ဦးရှင်ကြီး "စာရေးတံမဲ"ချကာ ရေသို့ အချခံရသည့်အကြောင်းသည် ယခုခေတ် အသုံးအနှုန်း "ထီ"နှင့် သဘောချင်းမျှသည်ဟု ဆိုနိုင်ပေမည်။

မြန်မာဘုရင်များသည် "ထီ"၏ သဘောသဘာဝကို နားလည်ကြမည်ဟု ယူဆရသည်။ သို့ရာတွင် ဆင်းရဲသားများ အဖို့ အကျိုးယုတ်ဖွယ်သာ များသောကြောင့် အသုံးမပြု သလောဟု စဉ်းစားဖွယ် ဖြစ်ရပြန်သည်။

သီပေါမင်းလက်ထက်တွင်မူ အင်္ဂလိပ်တို့ စိုးပိုင်ထား သော နယ်ပယ်များ၌ အတော်ပင်ခေတ်စားကြောင်း တွေ့ရ ပေသည်။ အောက်မြန်မာနိုင်ငံမှ အထက်မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းလာသူတို့သည် အင်္ဂလိပ်တို့ သူဌေးရွှေးနည်းဖြစ် သော "ထီ"စနစ်ကို ဖြန့်ဖြူးကြဟန် ရှိသည်။ ထိုစဉ်က အင်္ဂလိပ်တို့၏ သဿမေဓ အခွန်ကောက်ခံမှုက စနစ်ကျနေ ပေပြီ။ ထို့ကြောင့် နိုင်ငံ့အကြီးအကဲ မှူးမတ်တို့က သဿမေဓ အခွန်တော်ကို အတင်းအကျပ် ကောက်ခံခြင်းထက် ထီဖွင့် ၍ ရာခိုင်နှုန်းဖြင့် ကောက်ခံခြင်းက ပို၍သဘာဝကျ အကျိုး ကျေးဇူးဖြစ်ထွန်းမည်ဟု ဘုရင်ကို လျှောက်တင်ကြသည်။ ယောအတွင်းဝန် ဦးဘိုးလှိုင်က အတော်ပင် ကန့်ကွက်ပါသေး ၏။ သို့ရာတွင် မလွန်ဆန်နိုင်သည့် အကြောင်းအရာတွေ ရှိနေပြန်၏။ သီပေါမင်းကိုယ်တိုင်က ထီစနစ်သည် အခွန် ဘဏ္ဍာရရှိစေမှုတွင် အလွန်ပင် သင့်မြတ်သည်ဟု ထင်မှတ် ခဲ့ဟန် ရှိခဲ့၏။ ခွင့်ပြုခဲ့၏။ သို့ရာတွင် နောက်ပိုင်းတွင် ထီရုံ တော်များကို ပိတ်ရသည်အထိ ဖြစ်လာပေသည်။

သီပေါမင်း နန်းတက်ချိန် မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ် တပေါင်းလပြည့်ကာစ၍ ထီသဘောပါသော "အကွက် ခြောက်ဆယ်"ခုံကို တီထွင်၏။ ဂဏန်း ၆၀ ထဲမှ နှစ်သက် ရာဂဏန်းကို အကန့်အသတ်မရှိ ထိုးနိုင်ပေသည်။ ဂဏန်း တစ်မျိုးလျှင် တစ်ကျပ်နှုန်းဖြင့် လက်မှတ်ရောင်းသည်။ လက် မှတ်ရောင်းရငွေမှ အခွန်တော် ၂၀ ရာခိုင်နှုန်းနုတ်ကာ အောင်ဘာလေဖွင့်ပေသည်။

အောင်ဘာလေ ဖွင့်ပုံမှာ ပေသီးအလုံး ၆၀ ပေါ်တွင် ဂဏန်းအလုံး ၆၀ ကို အစဉ်အတိုင်း နံပါတ်ရေးထိုး၍ ငွေအိုးတွင်ထည့်ထားသည်။ ထို့နောက် တစ်ဖက်သော ငွေအိုး တစ်လုံးတွင် ဗလာပေသီး ၅၉ လုံးနှင့် ရွှေပေသီး တစ်လုံး ထည့်သည်။ ပြီးလျှင် သူငယ်နှစ်ယောက်တို့က အိုးထဲမှ ပေသီးတစ်လုံးစီကို နှိုက်ယူစေသည်။ ရွှေပေသီးနှင့်တွဲ၍ ထွက်လာသော ဂဏန်းသည် ပေါက်ဂဏန်းဖြစ်၏။ ထိုဂဏန်း ကို ထိုးထားသော ဦးရေအလိုက် ညီမျှစွာ ခွဲပေးသည်။

နောင်အခါ ထီခုံစနစ်သည် ညစ်ပတ်မှုတွေ ရှိလာ သည်။ ရတနာပုံ ထီရုံတော်ကြီးအနီး မလတ်ဆိုသူ အပျို ကြီး၏ ညာနှပ်စားမှုကြောင့် လူလုံးမလှ ဖြစ်ရပုံ ကဗျာမျိုးပင် ပေါ်ခဲ့၏။

"ထွက်ခြောက်ကွယ်၊ ကွက်ခြောက်ဆယ်ခုံထိုင်လို့ မနိုင်ပေါင် အိမ်ပြန်ခက်တယ်၊ တက်တက်ပြောင်ရှုံး၊ ခွေးလို မိုက်၊ ဇထိုက်တင်ကာ၊ ကြိတ်ချင်လှ ဖင်ပိတ်ကာ အကုန်ပြေး ကြရှာ၊ လေးယောက်မှိုင်ထုံး"

ဟူ၍ ဖြစ်သည်။ ကွက်ခြောက်ဆယ်ခုံတွင် ထီထိုးကြ ရာ ကိုယ်အဝတ်ပါမကျန် တက်တက်ပြောင်အောင် ရှုံးရ သည့်အဖြစ်ဟု ဆိုပေသည်။

ထိုသို့ ထီရုံအုပ်ချုပ်သူတို့၏ ညစ်ပတ်မှုကြောင့် ကွက် ခြောက်ဆယ်ခုံ နာမည်ပျက်လာသောအခါ သီပေါမင်းက အင်္ဂလိပ်တို့အသုံးပြုသည့် (Lottery) စနစ်ကို သုံးစွဲရာမှ "ထီ"ဝေါဟာရ တွင်ကျယ်လာသည်။ ၁၂၄၁ ခုနှစ်၊ သီတင်း ကျွတ်လပြည့်ကျော် ၁ ရက်တွင် ပေါက်ဂဏန်းအောင်ဘာ လေကို တစ်ခုတည်းထားကာ ဂဏန်း ၁၂၀၀၀ ရှိသည့် လက်မှတ်များကို လက်မှတ်တစ်စောင်လျှင် ၅ ကျပ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ရောင်းချ၏။ ငွေ ၆၀၀၀၀ ကျပ် ရသည်။ ၎င်းမှ အခွန်တော်အတွက် ၁၀၀၀ ကျပ်နုတ်၏။ ကျန်ငွေ ၅၀၀၀၀ ကျပ်ကို အောင်ဘာလေဖွင့်၏။ ရွှေမြို့တော် အနောက်ပြင်ကိုးခန်းအုတ်တိုက်ကြီးကို ထီရုံပြုလုပ်ကာ လက်မှတ်ရောင်းချပြီး ၁၂၄၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ထီဖွင့်သည်။

ပထမဆုံး ထီပေါက်သူမှာ ကွမ်းရောင်းရပ်နေ စာရေးမောင်ဦး၏သမီး မယ်အုံဖြစ်၏။ ငွေငါးသောင်း ချီးမြှင့်လိုက်ရသည်။ ဤစနစ်ကို သီပေါမင်း အတော်ပင်သဘောကျသဖြင့် ထီရုံ ၁၀ ရုံဖွင့်၏။ ဂဏန်း ၆၀၀၀ ထား၍ နှစ်ကျပ်နှုန်းဖြင့် လက်မှတ်ရောင်းသည်။ ထီတစ်ရုံလျှင် ၂၀၀၀ ကျပ်စီ နုတ်၏။ တစ်လလျှင် ၁၀ ကြိမ် ထီဖွင့်စေရာ ထီတော်မှ အခွန်တော်နှစ်သိန်း ရပေသည်။

သို့ဖြင့် ထီနောက်သို့ အာရုံရောက်ကာ မွဲတေလာကြသည်။ သူခိုးသူဝှက်တွေ ရှိလာသည်။ "ထီ"၏ အပြစ်များ ဖော်ထုတ်လာပြီး ဆရာတော်များက မေတ္တာရပ်ခံကြသဖြင့် ထီရုံများ ပိတ်လိုက်ရပေသည်။ ရုပ်သိမ်းသည့်အမိန့်ကို ထုတ်ပြန်ရလေသည်။

ထိုစဉ်က ထီရုံများကို များသောအားဖြင့် တရုတ်လူမျိုးတို့က စီမံအုပ်ချုပ်ပြီး အခွန်တော်လည်း မှန်မှန်ဆက်ကြသည်။ တရုတ်လူမျိုးများကပင် သဲသဲမဲမဲ ထိုးကြသည်။

ထီပေါက်သူတို့ကို ဆင်တော်နှင့် ငွေဒင်္ဂါးတစ်သောင်းအိတ်များကို တင်ဆောင်ကာ အိမ်တိုင်ရာရောက် ပေးကြသည်။ ထီပေါက်သူသည် မြန်မာဘုရင် ဒင်္ဂါးလုပ်စက်ရုံတော်ဖြစ် ဒေါင်းဒင်္ဂါးအသစ်များကို အိမ်ရှေ့ထွက်ကာ ဒူးတုပ်လက်ခံရသည်။ ထီပေါက်သူ၏ အိမ်ရှေ့သို့ ဆင်တော်ရောက်လာသည့်အခါ ထီရုံဝန်က ထီပေါက်သူ၏ အမည်နာမကို ခေါ်လိုက်ပါက ဒူးတုပ်ခစားရသည်။ သေချာမှန်ကန်စွာ စစ်ဆေးပြီးမှ ဒင်္ဂါးအိတ်ကို ဆင်တော်မှ ချပေးသည်။

သီပေါမင်းလက်ထက် ထီဖွင့်ပုံစနစ်အကြောင်း မှတ်တမ်းတင်စာကို ဖော်ပြလိုပါ၏။ ထီလက်မှတ်များကို ရတနာပုံသတင်းစာတိုက်က ပုံနှိပ်ပြီး ထိုလက်မှတ်ပေါ်တွင် ထီရုံစာရေးက ထီထိုးသူ၏ အမည်၊ နေရပ် အပြည့်အစုံ ရေးပေးသည်။ ကျရာနံပါတ် ဖြစ်သည်။ နံပါတ်ကို ခဲတံ၊ မင်တံတို့ဖြင့် ထီထိုးပြီးမှ ထည့်သွင်းရေးပေးသည်။ မိမိထိုးလိုသည့် နံပါတ်ကို ထိုး၍မရပေ။ ထီဖွင့်သည့်နေရာတွင် စင်မြင့်ပေါ်၌ ရွှေရေးသေတ္တာကြီးတစ်ခုတွင် အပေါက် လက်နှိုက်ရုံသာ အပေါက်ဖောက်ထား၏။ လက်မှတ်အားလုံးကို မွှေနောက်ထည့်ထားသည်။

တစ်ဖက်တွင် အောင်ဘာလေရွှေသီးနှင့်တကွ ဗလာပေသီး ဆေးဖြူသုတ် ၉၉ လုံး၊ ပေါင်း ၁၀၀ ထည့်ထားသည့် သေတ္တာကို စက်ခလုတ်တပ်ဆင်ထားသည်။ ရွှေရေးသေတ္တာတွင်းမှ သူငယ်တစ်ယောက်က နှိုက်ကာ ထီစာရွက်တစ်ရွက် ယူပေးသည်။ တစ်ဖက်သေတ္တာမှ ပေသီးများကို စက်ခလုတ်ဖြင့် မွှေနောက်ပေးသည်။ ထို့နောက် သေတ္တာအောက်ခြေရှိ အပေါက်ဝကို ပိတ်ထားသော အဖုံးကို ဆွဲချလိုက်ပါက ပေသီးတစ်လုံး အောက်သို့ အလိုအလျောက် ကျလာသည်။ ဗလာပေသီးကျသွားပါက ဘာမျှမပေါ်တွက်ဘဲ စက်ခလုတ်အသံတိတ်သွားသည်။ ရွှေပေသီးကျလာလျှင် သေတ္တာ၏ ရှေ့ပိုင်းသို့ သေတ္တာတွင်းရှိ အပေါက်ဝမှ ရှင်ဘုရင်နှင့် မိဖုရားရုပ်ကလေးနှစ်ခု ပေါ်လာသည်။ ယင်းအရုပ်နှစ်ရုပ် ထွက်လာလျှင် အောင်ဘာလေ ရွှေပေသီးကျပြီဖြစ်ကြောင်း နားလည်ကြပြီဖြစ်၏။ ကြိုတင်လက်ခုပ်တီးကြသည်။ ကျလာသော ရွှေပေသီးကိုလည်း အပေါက်ဝမှ အရုပ်ကလေးများ၏ ရှေ့က ကျလာသည်ဟု ဆိုကြသည်။

"ထီ"ပေါက်ခြင်းသည် ကံကောင်းခြင်းလက်ဆောင်ဖြစ်၏။ ဖော်ပြခဲ့သည့် အကြောင်းအရာများသည် ခေတ်ဦးကံစမ်းမဲ အောင်ဘာလေထီအကြောင်း တစေ့တစောင်း ဖြစ်လေသည်။

ယခုသော် အမည်နာမမျိုးစုံသော ထီတွေကို ယဉ်ပါးကြသည်။ ကျေးဇူးရှိမှု မရှိမှု လက်တွေ့ကျင့်သုံးမှုတို့ကား တသီတတန်း တွေးတောစရာ ဖြစ်ရပေသည်။

စိတ်ဝင်စားစရာလည်း ကောင်း၏။

ထွေပြားမှုတွေလည်း ရှိ၏။


ပြီးတော့...ဆင်ခြင်စရာတွေလည်း ရှိသည်ဟု ထင်မိ၏။

**မောင်ကောင်းယဉ်**



www.burmeseclassic.com

www.burmeseclassic.com



# ငွေ တွေမြုပ်သော် သည်လိုဖော်

**တင့်ဝေညီ**

စာရေးသူသည် အင်္ဂဝိဇ္ဇာဗေဒင်ပညာရပ်ကို စိတ်ဝင်စားသူ ဖြစ်ပါသည်။ စိတ်ဝင်စားသည့်အလျောက် ဆရာသမားများထံ ချဉ်းကပ်၍လည်းကောင်း။ ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်း၊ ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တို့ကို လေ့လာဖတ်ရှု၍လည်းကောင်း၊ ကျွမ်းကျင်တတ်မြောက်သူတို့၏ လက်တွေ့ဟောကွက်များ၊ ယတြာပေးပုံပေးနည်းများကိုလည်းကောင်း ဖန်ခါမလပ်ဆိုသလို ဆည်းပူးခဲ့ပါ၏။ ထိုမှ မိမိလေ့လာသိရှိသမျှတို့ကို အခက်အခဲကြုံ၍ လာရောက်အကူအညီတောင်းခံလာခဲ့လျှင်လည်း ပေးအပ်ခဲ့စမြဲ ရှိပါသည်။ လွဲချော်သည်များရှိသလို၊ အပ်စပ်အဆင်ပြေသွားသည်တို့နှင့်လည်း ကြုံခဲ့ဖူးပါသည်။

အတွေ့အကြုံတစ်ရပ်ကို တင်ပြလိုပါသည်။

ဗေဒင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသော ဆရာသမားတစ်ဦး၏ ဟောခန်းသို့ လေ့လာဖို့ရာ ရောက်ရှိခဲ့ပါသည်။ ဆရာသမားသည် ခြောက်၍လည်း မပြော၊ မြှောက်၍လည်း မဟောပါ။ စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် ဟောပြောခဲ့ပါသည်။ ငွေကုန်ကြေးကျ သက်သာလှသော ယတြာတို့ကို ပေးပါသည်။ ဟောပြောခသာယူ၍ ယတြာကြေးကို မတောင်းခံပါ။ သည့်အတွက် ဆရာ၏ဟောခန်းသည် အမြဲလိုပင် စည်ကားနေတတ်ပါသည်။

တစ်နေ့တွင် ကြေးရတတ်ပုံစံပေါက်သော မိန်းမကြီးတစ်ဦး ဆရာ့ဟောခန်းရှေ့သို့ ၎င်း၏အဖိုးတန်ကားကြီးကို ထိုးဆိုက်ကာ ဝင်လာပါသည်။ ထို့နောက် ဆရာနှင့် စကားစမြည်ပြောဆိုကြပါသည်။

"ဆရာ့ရဲ့ပညာက အံ့မခန်းပါပဲ။ ပထမ ဟုတ်မှ ဟုတ်ပါ့မလားတောင် ထင်မိတာ။ နောက်တော့ စိတ်ကိုနှိုးနှိုးချလို့ ယုံယုံကြည်ကြည်နဲ့ ဆရာခိုင်းတဲ့အတိုင်း ယတြာချေလိုက်တာ ကျွန်မလုပ်ငန်းမှာ မြုပ်နေတဲ့ငွေတွေ အကုန်ပြန်ရပြီဆရာ။ အဲသည်အတွက် ဆရာ့ပညာကို လာကန်တော့တာ လက်ခံပါဆရာ"

ဟူ၍ ပြောဆိုပြီး အထုပ်တစ်ထုပ် (ငွေထုပ်ဖြစ်ဟန်တူပါသည်) ပေးခဲ့ပါသည်။ မိန်းမကြီး ပြန်သွားမှ ဆရာက မြုပ်နေသောငွေများ အမြန်ပေါ်စေသည့် ထူးခြားဆန်းပြားလှသော ယတြာကို ပြောပြပါသည်။ ထိုယတြာကား သနပ်ဖက်ဆေးပေါ့လိပ် ခုနစ်လိပ်ကို ဖက်ဖြင့်ပတ်လျက် မီးဖိုခေါင်၌ တွဲလောင်းချည်ထားစေခြင်း ဖြစ်ပါသည်။


မည်သို့သော ဓာတ်သဘောရှိသည်ကို မသိရသော်ငြား မြုပ်နေသောငွေများ အမြန်ပေါ်လာစေသည်က စာရေးသူ၏ "မျက်တွေ့"ဖြစ်သဖြင့် ထိုသို့သော အဖြစ်နှင့် ကြုံရသူတို့ လုပ်ကိုင်ကြည့်နိုင်ကြစေရန် တင်ပြလိုက်ပါကြောင်း။

**တင့်ဝေညီ**



www.burmeseclassic.com

www.burmeseclassic.com




# ထီးယတြာ

## သုတေသီမြင့်ထွန်း

တစ်နေ့သ၌ အကျွန်ုပ်၏နေအိမ်သို့ ကျေးဇူးရှင်ဆရာကြီး ဦးသက္က ကြွရောက်လာသည်။ ဆရာကြီးဦးသက္ကအား အာဟာရဒါနများပြုပြီး ထန်းလျက်၊ လက်ဖက်တို့ဖြင့် ဧည့်ဝတ်ပြုကာ စကားစမြည် ပြောဆိုကြ၏။

ဇာတ်သမားပြန်လျှင် မှတ်သားစရာ ကျန်သကဲ့သို့ ဆရာကြီးဦးသက္ကနှင့် တွေ့လာလျှင် မှတ်သားစရာ အသိပညာတစ်ခုခု ကျန်ရစ်နေတတ်၍ အကျွန်ုပ်ကပင် စပြီး··

အကျွန်ုပ် ။ "ဆရာကြီး။ ယတြာဆိုတာ ဘာလဲ"

ဦးသက္က ။ "ကံဇာတာ ညံ့နေခိုက်မှာ ကြုံတွေ့ရမယ့် မလိုလားအပ်ဖွယ်တွေ ပပျောက်စေဖို့၊ ဒါမှမဟုတ် မိမိလိုအပ်ရာတွေ ပြည့်ဝစေဖို့ ဗေဒင်ကိန်းအရ ပြုလုပ်တဲ့ အဆောင်အရွက်ကို ခေါ်တယ်"

အကျွန်ုပ် ။ "ယတြာချေတယ်ဆိုတာကော ဆရာကြီး"

ဦးသက္က ။ "ဆိုက်ရောက်လာမယ်လို့ ယုံကြည်ထားတဲ့ မကောင်းကျိုးတွေ ပြယ်စေဖို့၊ ဒါမှမဟုတ် မိမိရဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝစေဖို့ ဗေဒင်ပညာအရ လိုက်နာပြုလုပ်တာကို ခေါ်တယ်။

အကျွန်ုပ် ။ "လူတွေဟာ ဗေဒင်ယတြာကို ယုံကြည်သလား"

ဦးသက္က ။ "ယုံကြည်တဲ့လူတွေ ရှိတယ်။ မယုံကြည်တဲ့လူတွေလည်း ရှိတယ်။ လူ့သဘာဝက စီးပွားရေး ပညာရေးတွေ အဆင်ပြေတဲ့အခါမှာ ငါတော်လို့၊ ငါတတ်လို့လို့ ထင်မှတ်နေတတ်ကြတယ်။ အဲ···အခက်အခဲတွေနဲ့ ကြုံတွေ့လာတဲ့အခါမှာ ခလုတ်ထိ အမိတ ဆိုသလို ဗေဒင်ယတြာကို သတိရပြီး အားကိုးရှာတတ်တယ်လေ"

အကျွန်ုပ် ။ "ဒါထက် ကျွန်တော်မသိလို့ မေးပါရစေ။ ယတြာဆိုတာ ငွေကုန်ကြေးကျ များများကုန်မှ အစွမ်းထက်မြက်သလား ဆရာကြီး"

ဦးသက္က ။ "ယတြာဆိုတာ ငွေကုန်ကြေးကျများတိုင်းလည်း အစွမ်းထက်မြက်တာ မဟုတ်ဘူး။ အရေးကြီးတာက ယတြာပေးတဲ့ပုဂ္ဂိုလ်ရဲ့ သီလ၊ သမာဓိ၊ သစ္စာဆိုတာ ရှိဖို့လိုသလို၊ လက်ခံကျင့်သုံးတဲ့ ပုဂ္ဂိုလ်ရဲ့ ယုံကြည်မှု၊ သဒ္ဓါနဲ့ သီလ၊ သမာဓိ၊ သစ္စာရှိဖို့ကလည်း လိုပြန်သေးတယ်"

အကျွန်ုပ် ။ "ဒီကနေ့ လူအများစု စိတ်ဝင်စားနေတာက ထီပဲ။ ထီပေါက်အောင် ပြုလုပ်တဲ့ ဗေဒင်ယတြာဆိုတာ ရှိပါသလား ဆရာကြီး"

ဦးသက္က ။ "ဗေဒင်ဟာ ဝေဒပဲ။ ဝေဒဆိုတာက ဝေဒဂူပါ။ ဝေဒဂူဟာ သိခြင်းအထူးလို့ ဆိုထားပါတယ်။ ဗေဒင်ပညာက လောကီသုံးကိစ္စမို့ အခု မောင်ရင်မေးတဲ့ ထီပေါက်အောင်ပြုလုပ်တဲ့ ဗေဒင်ယတြာကို မသိလို့သာ ရှိရမယ်၊ မရှိလို့ မဟုတ်ပါဘူး"

အကျွန်ုပ် ။ "ရှိရင် အမိန့်ရှိပါဦး"

ဦးသက္က ။ "မောင်ရင်က သုတေသီဆိုတော့ သေသေချာချာ မှတ်ထား။ ကျုပ်ပြောပြခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

အကျွန်ုပ် ။ "ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးသက္က ။ "ဘယ်နေ့သားသမီးမဆို မိမိမွေးနေ့ရဲ့ နံနက် ၉ နာရီတိတိအချိန်မှာ မိမိအိမ်ရဲ့ ဘုရားမှာ စတင်ပြီး ဆောင်ရွက်ရမယ်။ ပထမ ၉ ရက်၊ ဒုတိယ ၉ ရက်၊ တတိယ ၉ ရက်၊ စုစုပေါင်း ၂၇ ရက် တစ်ကြိမ်ပြီးဆုံးပြီး နောက်ထပ် ယတြာဆက်လက်ဆောင်ရွက်မယ်ဆိုရင် မိမိမွေးနေ့က ပြန်စရမယ်"

အကျွန်ုပ် ။ "ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးသက္က ။ "စတင်ဆောင်ရွက်တဲ့နေ့မှာ ဆီမီး ၉ တိုင်၊ ရေ ၉ ခွက်၊ ဆွမ်း ၉ ပွဲ ကပ်လှူပူဇော်ပါ။ ဆောင်ရွက်နေတဲ့ ၂၇ ရက်အတွင်းမှာ ဂုဏ်တော် ၉ ပါး ပုတီးစိပ်ပါ။ မေတ္တသုတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ"

အကျွန်ုပ် ။ "ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးသက္က ။ "တနင်္လာနေ့ သားသမီးကို နမူနာထားပြီး စတင်ဆောင်ရွက်ပုံကို ပြောပြပါ့မယ်။ ပထမ ၉ ရက် လှူရန်။ တနင်္လာနေ့ နံနက် ၉ နာရီ တိတိ အချိန်တွင် မိမိအိမ်ရဲ့ ဘုရားမှာ ထိန်ရွက် (သို့) ဒေါနညွန့် (သို့) ဒန်းညွန့် သက်စေ့ကို ကော်မတ်ခွက်ထဲမှာထည့်ပြီး လှူပါ။ ၉ ရက်ထား ၉ ရက်ပြည့်ပြီး နောက်တစ်နေ့နံနက် ၆ နာရီအချိန်မှာ မိမိအိမ်ရဲ့ တောင်ဘက်စူးစူးအရပ်မှာ စွန့်လိုက်ပါ။ စွန့်တဲ့အခါမှာ 'ကျွန်တော်/မ တနင်္လာသားသမီးဟာ မကောင်းတဲ့ဘေး၊ မကောင်းတဲ့ရန်၊ မကောင်းတဲ့ ကြမ္မာ၊ မကောင်းတဲ့ ဂြိုဟ်စီးဂြိုဟ်နင်းများ၊ မကောင်းတဲ့ အတိတ်နိမိတ်များအားလုံး ပပျောက်ပါစေ'လို့ စွန့်ရမယ်။ ၉ ရက်ပြည့်ပြီး နောက်တစ်နေ့မှာဆိုရင် တနင်္လာနေ့ကစပြီး လက်ချိုးကာ ရေတွက်ကြည့်ရင် ရက်သတ္တ တစ်ပတ်ကျော် အင်္ဂါနေ့ နံနက် ၆ နာရီ အချိန်မှာ စွန့်ရမယ်"

အကျွန်ုပ် ။ "ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးသက္က ။ "ဒုတိယ ၉ ရက် လှူရန်။ တစ်ဆက်တည်း စွန့်လိုက်တဲ့ အင်္ဂါနေ့ နံနက် ၉ နာရီတိတိအချိန်မှာ ဒန်းညွန့်သက်စေ့ကို ကော်မတ်ခွက်ထဲမှာထည့်၊ မိမိအိမ်က ဘုရားမှာ လှူပါ။ ၉ ရက်ထား ၉ ရက်ပြည့်ပြီးတဲ့ နောက်တစ်နေ့ နံနက် ၆ နာရီအချိန်မှာ မိမိအိမ်ရဲ့ အနောက်တောင်ထောင့်အရပ်မှာ စွန့်လိုက်ပါ။ စွန့်တဲ့အခါ 'ကျွန်တော်/မ တနင်္လာနေ့သားသမီးကို အရပ်လေးမျက်နှာ၊ အရပ်ဆယ်မျက်နှာက ခုနစ်ရက်သားသမီးအပေါင်း၊ ဒေဝီဝိဇ္ဇာအပေါင်းတို့က ကျွန်တော်/မအား ရင်ဝယ်သားသမီးကဲ့သို့ ချစ်ခင်မြတ်နိုး ကူညီစောင့်ရှောက်ကြပါစေ'လို့ဆိုပြီး စွန့်ရမယ်။ ၉ ရက်ပြည့်ပြီး နောက်တစ်နေ့ဟာ အင်္ဂါနေ့ကစပြီး လက်ချိုးရေတွက်ရင် ရက်သတ္တတစ်ပတ်ကျော် ကြာသပတေးနေ့ နံနက် ၆ နာရီ အချိန်မှာ စွန့်ရမယ်"

အကျွန်ုပ် ။ "ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးသက္က ။ "တတိယ ၉ ရက် လှူရန်။ တစ်ဆက်တည်း စွန့်လိုက်တဲ့ ကြာသပတေးနေ့ နံနက် ၉ နာရီ တိတိအချိန်မှာ ကံ့ကော်ညွန့်သက်စေ့ကို ကော်မတ်ခွက်ထဲမှာထည့်၊ မိမိအိမ်ကဘုရားမှာ လှူပါ။ ၉ ရက်ထား ၉ ရက်ပြည့်ပြီးတဲ့ နောက်တစ်နေ့ နံနက် ၆ နာရီအချိန်မှာ မိမိအိမ်ရဲ့ အနောက်စူးစူးအရပ်မှာ စွန့်လိုက်ပါ။ စွန့်တဲ့အခါမှာ 'ကျွန်တော်/မ တနင်္လာနေ့သားသမီးဟာ ဩဇာထက်မြက်ပြီး ဘုန်းတန်ခိုးကြီးမြင့်ရပါလို၏' ဆိုပြီး စွန့်ရမယ်။ ၉ ရက်ပြည့်ပြီး နောက်တစ်နေ့ဟာ အင်္ဂါနေ့ကစပြီး လက်ချိုးရေတွက်ရင် ရက်သတ္တတစ်ပတ်ကျော် စနေနေ့ နံနက် ၆ နာရီ အချိန်မှာ စွန့်ရမယ်"

အကျွန်ုပ် ။ "ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးသက္က ။ "ကျန်တဲ့သားသမီးတွေ နည်းယူလိုက်နာ ဆောင်ရွက်နိုင်ကြဖို့ အညွှန့်၊ အရွက်နဲ့ စွန့်ရမယ့် အရပ်မျက်နှာ၊ နေ့အလိုက် ဇယားကို မောင်နိုင်ပဲ ယူထားလိုက်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောပြီး ဆရာကြီးဦးသက္ကသည် ခုနစ်ရက်သားသမီးများ ကပ်လှူရန် အညွန့်အရွက်နှင့် စွန့်ရမယ့် အရပ်မျက်နှာများကို ညွှန်ပြသည့် ဇယားစာရွက်ကို အကျွန်ုပ်အားပေး၏။

အကျွန်ုပ်က ထိုဇယားစာရွက်ကို ကြည့်ပြီး…

အကျွန်ုပ် ။ "ဒီအစီအရင် ပြုလုပ်ရင် ထီပေါက်…"

ဦးသက္က ။ "ခုပြောတဲ့ ထီအတွက် ယတြာပြုလုပ်ရင် ထီပေါက်ကိန်း ရာနိုင်နှုန်း အတော်များတယ်။ ဆုကြီး ဆုသေးကတော့ ကံတရားအတိုင်းပဲပေါ့။ မောင်ရင် မယုံရင် ခုပြောတဲ့ ထီအတွက် ယတြာကို ပြုလုပ်ပြီး ကြည့်ပါလား။ ဖြစ်မှ ယုံပေါ့"

အကျွန်ုပ် ။ "ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာကြီး"

***အားလုံးသတ္တဝါ ချမ်းသာပါစေ။***

**သုတေသီ မြင့်ထွန်း**

**ခုနစ်ရက်သားသမီးများ ကပ်လှူရန် အညွန့်၊ အရွက်နှင့် စွန့်ရမည့် အရပ်မျက်နှာများကို ညွှန်ပြသည့်ဇယား**

| နေ့ သားသမီးများ | ပထမ(၉)ရက် | | ဒုတိယ(၉)ရက် | | တတိယ(၉)ရက် | |
|---|---|---|---|---|---|---|
| | အညွန့်/ အရွက် | စွန့်ရမည့်အရပ် | အညွန့်/ အရွက် | စွန့်ရမည့်အရပ် | အညွန့်/ အရွက် | စွန့်ရမည့်အရပ် |
| တနင်္ဂနွေ | ထိန်ရွက်(သို့) ဒေါနညွန့်(သို့) ဒန်းညွန့် | တောင်စူးစူး | အုန်းညွန့် | အနောက်တောင် | ကံ့ကော်ညွန့် | အနောက်စူးစူး |
| တနင်္လာ | အုန်းညွန့် | အနောက်တောင် | ကံ့ကော်ညွန့် | အနောက်စူးစူး | ဆီးညွန့် | အနောက်မြောက် |
| အင်္ဂါ | ကံ့ကော်ညွန့် | အနောက်စူးစူး | ဆီးညွန့် | အနောက်မြောက် | ရွက်လှ | မြောက်စူးစူး |
| ဗုဒ္ဓဟူး | ဆီးညွန့် | အနောက်မြောက် | ရွက်လှ | မြောက်စူးစူး | ပျဉ်းမရွက် (သို့) ပေါက်ရွက် | မြောက်စူးစူး |
| ကြာသပတေး | ရွက်လှရွက် | အရှေ့မြောက် | ပျဉ်းမရွက် (သို့) ပေါက်ရွက် | အရှေ့စူးစူး | သီဟိုဠ်ရွက် | အရှေ့တောင် |
| သောကြာ | ပျဉ်းမရွက် (သို့) ပေါက်ရွက် | အရှေ့တောင် | သီဟိုဠ်ရွက် | တောင်စူးစူး | ထိန်ရွက်(သို့) ဒေါနညွန့်(သို့) ဒန်းညွန့် | အနောက်တောင် |
| စနေ | သီဟိုဠ်ရွက် | မြောက်စူးစူး | ထိန်ရွက်(သို့) ဒေါနညွန့်(သို့) ဒန်းညွန့် | အရှေ့မြောက် | အုန်းညွန့် | အရှေ့စူးစူး |



www.burmeseclassic.com

www.burmeseclassic.com

# ကံရှိသူတိုင်း ထီပေါက်နည်း

အောင်ဘုန်းမြင့်(ကချင်မြေ)

**ထီသတင်း၊ ထီအကြောင်း**

လောကဌ် ပုထုဇဉ်လူသားမှန်သမျှသည် ရယူလိုသော လောဘရှိသည်ဖြစ်စေ၊ ရောင့်ရဲတင်းတိမ်နိုင်သည်ဖြစ်စေ အောင်မြင်လိုမှုနှင့် ငွေကြေးဥစ္စာ၊ ဓနပစ္စည်း ပြည့်စုံချမ်းသာ ကြွယ်ဝလိုမှုသည် တူညီကြလေ၏။ နိမ့်ပါးခြင်းကို ကျော်လွှားစွန့်လွှတ်၍ ပြည့်စုံမြင့်မားသည်ကို ရှာဖွေခြင်း၊ နည်းသည်ကို အရင်းတည်၍ များပြားခြင်းကို ရယူပိုင်ဆိုင်လိုခြင်း၊ ရေးဘဝကံ၊ ယခုဘဝကံများကို အားကိုးအားထားပြု၍ ကံစမ်းကြီးပွားလိုခြင်းများသည် လူသားတိုင်း၏ သဘာဝဖြစ်ပေ၏။

သို့ဖြစ်၍ လူသားတိုင်းသည် အောင်မြင်ပြည့်စုံရေး ရာထူးဂုဏ်သိမ် ကြီးမားရေးနှင့် ငွေကြေးဓနရရှိရေးများကို နည်းလမ်းပေါင်းစုံဖြင့် ရှာကြံအားထုတ်ကြရင်း ဘဝကို ရှန်းကန်အားထုတ် ကုန်ဆုံးစေခဲ့ကြသည်သာ ဖြစ်၏။ အဆုံး၌ အရင်းနည်းပြီး အမြတ်များသော ထီထိုးခြင်းကို အားထုတ်စာတ်ကြ၏။ ထီဟူသော ဝေါဟာရစကားလုံးသည် အင်္ဂလိပ် ဘာသာဖြင့် LOTTERY လော့ထရီခိုသော အသံထွက်မှ အဖျားဆွတ်ပြီး "ထရီ" ကို "ထီ"ဟု တွင်ကျယ်လာခြင်း ဖြစ်သည်ဟူ၍ ရှေးမီနှော့ကိပ် ပုဂ္ဂိုလ်များက ဆိုကြသည်။

ထီလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ လူအများက အလွန်စိတ်ဝင်စားသော စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်လေ၏။ ထီကျွမ်းကျင်သူ ပညာရှင်များအဆိုအရ အင်္ဂလန်နိုင်ငံမှ စတင်ခဲ့ခြင်းဖြစ်သည်ဟူ၏။ ထီလုပ်ငန်းကို တစ်နည်းအားဖြင့် ကံစမ်းမဲလုပ်ငန်းဟုလည်း ခေါ်ကြလေ၏။ လူတိုင်းက ကံစမ်းလိုကြ၏။ ကံကောင်းထီပေါက်လိုကြ၏။ ဒါပေသည့် ထီပေါက်နိုင်ရန်ကာ ခက်သည်ဆိုသော စကားထက် ပိုခက်ဘိ၏။ အလွန်ကံထိုက်မှ ပေါက်နိုင်သော ကံအကျိုးပေးလုပ်ငန်းမျိုးဖြစ်လေ၏။ ကုသိုလ်ကောင်းမှုပြု ထီထိုးကြသူများရှိသလို အတွက်အချက်နည်းလမ်းပေါင်းစုံဖြင့် အားကိုးထီထိုးကြသူများလည်း ရှိကြသည်။

**ထီကံတည်ဆောက်ခြင်း**

ထီပေါက်နိုင်ရန် ထီကံကို အရင်တည်ဆောက်ကြရမည်ဖြစ်သည်။ ထီကံတည်ဆောက်နည်းနိဿယ အမျိုးမျိုးအဖုံဖုံရှိသည့်အနက် ထီမကြာခဏ ပေါက်တတ်ကြသူများ၏ လိုက်နာအတုယူသင့်သော နည်းလမ်းအချို့ကို အလျင်တင်ပြရလျှင် (၁) သင့်ဘဝတွင် သစ္စာဆိုနိုင်လောက်သော ကောင်းမှုတစ်ခုခု ပြုလုပ်နေကြရမည်၊ (၂) ဘုရားတရား အနန္တောအနန္တငါးပါးကို မပြစ်မှားဘဲ ကံဆောင်ဆည်းကပ် ကိုးကွယ်သွားရမည်၊ (၃) မေတ္တာပို့ခြင်း၊ ခံယူခြင်း၌ အပြန်အလှန် ခံယူတတ်ရမည်၊ (၄) အများသတ္တဝါအပေါင်းတို့ကို မညှဉ်းဆဲဘဲ ကိုယ်ချင်းစာနာနိုင်ရမည်၊ (၅) နေ့စဉ်အရပ် ရှစ်မျက်နှာသို့ ဖြူစင်မေတ္တာပို့ အမျှဝေကြရမည်၊ (၆) အတိတ်နိမိတ်ကောင်းအောင် ကောင်းစွာကျင့်ကြံပြောဆို အားထုတ်နေထိုင်သွားရမည်။

(၇) တစ်ပါးသူများ ဒုက္ခရောက်ပြီး မျက်ရည်ပေါက်ကြီးငယ်ကျမည့်အလုပ်မျိုးကို ရှောင်ကြဉ်ရမည်၊ (၈) လောဘ, ဒေါသ,မောဟ မဖက်သော သမ္မာအာဇီဝလုပ်ငန်းမျိုးဖြင့် တင်းတိမ်နိုင်ရမည်၊ (၉) နေ့စဉ် ကုသိုလ်ကောင်းမှုတစ်ခုခုကို အမြဲဆောင်ရွက်ပေးနိုင်ရမည်၊ (၁၀) သတ္တဝါအပေါင်းတို့ကို တတ်အားသရွေ့ ကယ်ဆယ်ကူညီပေးရမည်၊ (၁၁) မိမိတို့၏ အိမ်ပရဝုဏ်အတွင်းအပြင်များ၌ ကျက်သရေမင်္ဂလာရှိအောင် မွမ်းမံ



www.burmeseclassic.com

www.burmeseclassic.com

မြပြင်နေထိုင်ရမည်၊ (၁၂) ထီပေါက်ရမည်ဟု လေးလေးနက်နက် ယုံကြည်ဆုတောင်းနေရမည်။

သို့မှသာလျှင် ကောင်းသောကံကို တည်ဆောက်နိုင်ပြီး ထီပေါက်ကံပွင့်သွားပါလိမ့်မည်။ ထို့ပြင် မည်သူမဆို မိမိတို့အတွက်ဖြစ်စေ၊ သူတစ်ပါးတို့အတွက်ဖြစ်စေ၊ အများအကျိုးအတွက်ဖြစ်စေ၊ သတ္တဝါအားလုံးအတွက်ဖြစ်စေ၊ ဖြူစင်သော စေတနာစိတ်ဖြင့် ကောင်းကျိုးပြုနေခြင်းသည် ကောင်းသော ယတြာမည်ပေ၏။ ဖြူစင်သန့်ရှင်းသောစိတ်ဖြင့်ပြုသော ငွေတစ်ကျပ်ကောင်းမှုအလှူသည် ဂုဏ်ပုဏ္ဏာသကိုအခြေခံ၍ လှူဒါန်းသော ငွေတစ်သိန်းထက် အတိုင်းအဆမရှိ သာလွန်ပွားစီးစေနိုင်ပါသည်။

## ယတြာဖြင့် ထီကံပြုခြင်း

အကျိုးစီးပွားကိုလို၍ ရည်မှန်းချက်အကြံအစည်များ အောင်မြင်စေသော ခပ်သိမ်းသော အလိုဆန္ဒအဝဝ ပြည့်ဝအောင်မြင်စေခြင်းအကျိုးငှာ အမြစ်ကို ရေသပ္ပာယ်၊ နံ့ပင်ကို ရွှေချပန်းခင်း၊ အညွန့်ပန်းတင် ယတြာကောင်းဆင်ပေးရမည်ဟူ၍ ဖြစ်လေ၏။ ရှင်းအံ့ - အမြစ်ရေသပ္ပာယ်ဆိုသည်မှာ မိမိတို့၏ အမြစ်ဂြိုဟ်တိုင်ထောင့်ဘုရားတွင် ရေသက်စေ့ သပ္ပာယ်ရမည်။ နံ့ပင်ကို ရွှေချပန်းခင်းမည်ဆိုသည်မှာ မိမိတို့မွေးနံ့ဂြိုဟ်တိုင်ထောင့်ဘုရားတွင် ရွှေဆိုင်းချပေးပြီး ဘုရားပလ္လင်ပေါ်၌ ပန်းသက်စေ့၊ ပန်းမွေ့ရာခင်း ပူဇော်ပေးရမည်။ အညွန့်ပန်းတင်ဆိုရာ၌ မိမိတို့၏အညွှန့်ဂြိုဟ်တိုင်ထောင့် ဘုရားတွင် ဂြိုဟ်နှစ်သက်စေ့ အညွှန့်ပန်းများကို လှူဒါန်းပူဇော်ပေးရမည်ဟူ၍ ဖြစ်သည်။

ဥပမာ - တနင်္ဂနွေသားသမီး အကျိုးစီးပွားယတြာ ပြုလုပ်ကြမည်ဆိုပါက တနင်္ဂနွေ၏အမြစ် ဂြိုဟ်တိုင်ထောင့်ဖြစ်သော စနေထောင့်ဘုရားတွင် ရေသက်စေ့ သပ္ပာယ်ပေးရမည်။ တနင်္ဂနွေသားသမီးများ၏ မွေးနံ့ထောင့်ဘုရားဖြစ်သော တနင်္ဂနွေထောင့်ဘုရားတွင် ရွှေချပေးပြီး ပန်းခင်းပေးရမည်။အညွှန့်ပန်းတင်မှာ တနင်္ဂနွေ၏အညွှန့် ဂြိုဟ်တိုင်ထောင့်ဘုရားဖြစ်သော တနင်္လာထောင့်ဘုရားတွင် အညွှန့်တနင်္လာနံ့ပန်းဖြစ်သည့် ကံ့ကော်ပန်း၊ ခရေပန်း၊ ငွေပန်း၊ ကြာပန်းတစ်မျိုးမျိုးကို ကပ်လှူပူဇော်ပေးရမည်ဟူ၍ ဖြစ်လေသည်။ ပန်းလှူသည့်အခါ ဂြိုဟ်သက်ကိုယူ၍ လှူရမည်။ တနင်္လာဂြိုဟ်သက်သည် ၁၅ နှစ်ဖြစ်သောကြောင့် ပန်း ၁၅ ပွင့်၊ (သို့) အညွှန့် ၁၅ ညွှန့် တင်လှူပေးရပါမည်။ ထို့အတူ အခြားနေ့ သားသမီးများလည်း မိမိတို့မွေးနေ့ကို မှတည်၍ အထက်ပါ နည်းလမ်းအစဉ်အလာအတိုင်း နမူနာယူပြီး ဆောင်ရွက်ကြခြင်းဖြင့် လိုရာအကျိုး ပြည့်စုံစေနိုင်ပါလိမ့်မည်။ တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်၊ တနင်္လာ ၁၅ နှစ်၊ အင်္ဂါ ၈ နှစ်၊ ဗုဒ္ဓဟူး ၁၇ နှစ်၊ စနေ ၁၀ နှစ်၊ ကြာသပတေး ၁၉ နှစ်၊ ရာဟု ၁၂ နှစ်၊ သောကြာ ၂၁ နှစ် အသီးသီး ဂြိုဟ်သက်ရှိကြသည်၊ သိကြပါကုန်။

ဤသို့ ယတြာဆောင်ရွက်ပေးခြင်းဖြင့် ခုနစ်ရက်သားသမီးများ၌ လာဘ်ပိတ်နေလျှင် လာဘ်ပွင့်စေနိုင်၏။ ကံနိမ့်စန်းကျနေလျှင် ကံကောင်းစန်းတက်စေနိုင်၏။ ကျန်းမာရေး ညံ့ဖျင်းနေလျှင် ကျန်းမာအသက်ရှည်စေနိုင်၏။ ဘေးအန္တရာယ် အမှုအခင်း တွေ့ကြုံရင်ဆိုင်နေရလျှင် လွတ်ငြိမ်းချမ်းသာရစေနိုင်ပြီး ထီထိုးသူများအတွက်လည်း ထီကံကောင်းစေနိုင်ပါသည်။

## ထီနှင့် အဓိဋ္ဌာန်ဆုတောင်း

ထီကံကောင်းစေရန် နေ့စဉ် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများကို ကပ်လှူပူဇော်၍ ဘုရားရှိခိုး၊ ဆုတောင်း မေတ္တာ ပို့ပေးရမည်။ ထို့နောက် အလိုတော်ပြည့်ဘုရား၊ လိုတရဘုရား၊ ဆုတောင်းပြည့်ဘုရား တစ်ဆူဆူ၏ ဘုရားဆင်းတုတော် (သို့) ဘုရားပုံတော်ရှေ့တွင် ရွှေမိုးငွေမိုး ရွာသွန်းပြီးစေနိုင်သော ရှင်သီဝလိဆယ်ဂါထာတော်ကိုဖြစ်စေ၊ ရှင်ဥပဂုတ္တဂါထာတော်ကိုဖြစ်စေ၊ သူရဿတီဂါထာမြတ်ကို ဖြစ်စေ (သို့) လာဘ်ကြီးမန္တန်ဖြစ်သည့် ဝေဒဗ္ဗမန္တန်တော်ကိုဖြစ်စေ မိမိတို့နှစ်သက်ရာ ဂါထာမန္တန်တစ်ပုဒ်ပုဒ်ကို နေ့စဉ် အချိန်မှန် ပုတီးကိုးပတ်စိပ်၍ ထီဆုကြီးပေါက်ပါစေဟူ၍ လေးလေးနက်နက် ယုံယုံကြည်ကြည်ဖြင့် အဓိဋ္ဌာန်ပြု၍ ဆုတောင်းပေးရပါမည်။

နေ့ပိုင်းတွင် မိမိတို့တတ်နိုင်သမျှ ကောင်းမှုများကို ဆောင်ရွက်ကြပြီး ညအိပ်ရာမဝင်မီ ဘုရားရှိခိုး မေတ္တာပို့၊ အမျှအတန်းဝေပြီး ဆုတောင်းရမည်။ စိတ်ကို ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းထားပြီးမှ အိပ်ရာဝင်သည့်အခါ ထီပေါက်လျှင် မိမိပြုလုပ်မည့် ကောင်းမှုကုသိုလ်များ၊ အလှူအတန်းများနှင့် အကျိုးပြုလုပ်ငန်းများကို အာရုံပြုရင်း အိပ်စက်အနားယူရပါမည်။

## ထီဂဏန်းရွေးနည်း

ဂဏန်းများသည် လွန်စွာစွမ်းအားကြီးမားသော ကိန်း



www.burmeseclassic.com

www.burmeseclassic.com

ရှင်များဖြစ်လေ၏။ ထီပေါက်ရန် ဂဏန်းရွေးနည်း အမျိုးမျိုး အထွေထွေ ကျယ်ပြန့်စွာရှိလေ၏။ မှတ်သားလောက်သော အယူအဆများကိုတင်ပြရလျှင် ထီဖွင့်မည့်အကြိမ်သည် (၂၀၂) ကြိမ်မြောက်ဖြစ်ပါက (၂)ဂဏန်းနှင့် (၄)ဂဏန်းသည် ဦးစားပေး ဂဏန်းဖြစ်သည်။ ၂ + ၀ + ၂ = ၄ ရသောကြောင့် ဖြစ်သည်။

အကယ်၍ (၂၀၃)ကြိမ်မြောက် ဖြစ်မည်ဆိုပါက (၂) ဂဏန်းနှင့် (၃)ဂဏန်းသည် ပထမဦးစားပေးဖြစ်လာပြီး (၅) ဂဏန်းသည် ဒုတိယဦးစားပေးဂဏန်း ဖြစ်လာသည်။ အကြောင်းမှာ ၂ + ၀ + ၃ = ၅ ဂဏန်းဖြစ်သောကြောင့် ဖြစ်ပါသည်။

အထူးသဖြင့် ထီဂဏန်းအဖွင့်အပိတ်များတွင် အဆိုပါဂဏန်းကို ဦးစားပေးအသုံးပြုရမည်။ ထီဖွင့်ရက်ကို ယူသောနည်း။ ဥပမာ ထီဖွင့်မည့်ရက်သည် ၂၈.၂.၂၀၀၆ ရက်နေ့ဖြစ်လျှင် ၂+၈+၂+၂+၀+၀+၆ = ၂၀ ရသည်၊ ဆက်ပေါင်းရလဒ်သည် ၂ + ၀ = ၂ ဂဏန်းဖြစ်သည်။ (၂)ဂဏန်းသည် ၂၈.၂.၂၀၀၆ ရက်နေ့အတွက် နဝင်းဂဏန်းသည် (၂)ဂဏန်း ဖြစ်လာသည်။ ထို့ကြောင့် ၂၈.၂.၂၀၀၆ ရက်နေ့တွင် ထီထိုးကြမည်ဆိုလျှင် (၂)ဂဏန်းသည် အခရာဂဏန်းဖြစ်သောကြောင့် (၂)ဂဏန်းကိုပါအောင် အဓိကထားဦးစားပေး ရွေးချယ်ပြီး ထီထိုးကြရမည် ဖြစ်သည်။

## ဗျည်းအက္ခရာရွေးနည်း

လောကဓာတ်ပညာ၌ဖြစ်စေ၊ သဘာဝသိပ္ပံပညာရပ်အရဖြစ်စေ၊ ဂန္ဓာရီ ဂမ္ဘီရပညာများနှင့် သက်ဆိုင်၍ဖြစ်စေ ကိန်းဂဏန်းများနှင့် ဗျည်းအက္ခရာများသည် ထူးထူးခြားခြား ဖလှယ်စိုးမိုးနေသည်ဟု ယုံကြည်ထားကြ၏။ ထို့ကြောင့် တနင်္ဂနွေနေ့ ထီထိုးလျှင် (အ)အက္ခရာကို၊ တနင်္လာနေ့ (က၊ ခ၊ ဂ၊ ဃ၊ င)အက္ခရာများကို၊ အင်္ဂါနေ့ (စ၊ ဆ၊ ဇ၊ ဈ၊ ည) အက္ခရာများကို၊ ဗုဒ္ဓဟူးနေ့ (ယ၊ ရ၊ လ၊ ဝ၊ ဠ)အက္ခရာများကို၊ ကြာသပတေးနေ့ (ပ၊ ဖ၊ ဗ၊ ဘ၊ မ)အက္ခရာများကို၊ သောကြာနေ့ (သ၊ ဟ)အက္ခရာတို့ကို၊ စနေနေ့ (ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ)နှင့် (တ၊ ထ၊ ဒ၊ ဓ၊ န)အက္ခရာများကို ပါအောင်တွဲထိုးရမည်။

သူ့နေ့နှင့်သူ့ နေ့နံအလိုက် ဗျည်းအက္ခရာများကို ပါအောင် တွဲဖက်အတိတ်ယူ၍ ထီထိုးလျှင် ပေါက်ရန် နီးစပ်နိုင်လိမ့်မည်။ ဥပမာ-တနင်္လာသားသမီး တနင်္လာနေ့ထီထိုးမည်ဆိုလျှင် (က၊ ခ၊ ဂ၊ ဃ၊ င)ဗျည်းအက္ခရာများထိုးလျှင် ထီပေါက်နိုင်သည်ဟူ၍ ဖြစ်လေသည်။

## နေ့အလိုက် ဂဏန်းစိုးမိုးခြင်း

ထီထိုးသူများနှင့် ထီဝါသနာပါသူများအတွက် နေ့နံများနှင့် ဂဏန်းတွဲများ၏ စွမ်းအားများကို ထိထိမိမိ သိရှိကြ၍ တွဲဖက်အသုံးပြုနိုင်ရန် တင်ပြပါသည်။ စိုးမိုးဂဏန်းများမှာ တနင်္ဂနွေနေ့တွင် (၁၊ ၂၊ ၄၊ ၅) ဂဏန်းများ ကြီးစိုးသည်။ တနင်္လာနေ့တွင် (၂၊ ၁၊ ၄၊ ၇)ဂဏန်းများ စိုးမိုးထားသည်။ အင်္ဂါနေ့တွင် (၃၊ ၅၊ ၆၊ ၈) ဂဏန်းများ လွှမ်းမိုးသည်။ ဗုဒ္ဓဟူးနေ့တွင် (၄၊ ၅၊ ၆၊ ၇)ဂဏန်းများက ဩဇာညောင်းသည်။ ကြာသပတေးနေ့တွင် (၅၊ ၁၊ ၂၊ ၃)ဂဏန်းများ အားကောင်းသည်။ သောကြာနေ့တွင် (၆၊ ၃၊ ၄၊ ၉)ဂဏန်းများ တန်ခိုးစွမ်းအား ထက်မြက်သည်။ စနေနေ့တွင် (၇၊ ၁၊ ၃၊ ၄၊ ၀)ဂဏန်းများက ပိုင်စိုးသက်ရောက် အကျိုးသက်ရောက်စေနိုင်သည်။ သို့ဖြစ်၍ တနင်္ဂနွေနေ့တွင် ထီထိုးလျှင် တနင်္ဂနွေ အက္ခရာဖြစ်သော (အ)ဗျည်းအက္ခရာနှင့် တနင်္ဂနွေနေ့၏ စိုးမိုးဂဏန်းများဖြစ်သော (၁၊ ၂၊ ၄၊ ၅)ဂဏန်းများကို ဉာဏ်ရှိသရွေ့ တွဲဖက်ပေါင်းစပ်အသုံးပြုသွားခြင်းဖြင့် ထီကံကောင်းစေနိုင်သည်။ အထူးသဖြင့် ရှေ့ဆုံးဂဏန်းကိုပါအောင် ထည့်သွင်းအသုံးပြုပြီး ကျန်နောက်ဂဏန်းသုံးလုံးကို နှစ်သက်သလိုထား၍ အသုံးပြုနိုင်သည်။ အဓိဋ္ဌာန်ကျင့်စဉ်မှန်၊ ဗျည်းအက္ခရာမှန်၊ ဂဏန်းအနေအထား အထုံမှန်၍ နေ့နံအခါနှင့် ညီညွတ်လျှင် ထီပေါက်နိုင်ပါလိမ့်မည်။

အကြင်သူတို့သည် လာဘ်ပွင့်ကံကောင်း၍ ထီပေါက်လိုလျှင် အထက်ပါ လုပ်နည်း၊ တွဲနည်းများကို နည်းနာခံယူကြ၍ ဆောင်ရွက်ကြမည်ဆိုလျှင် ကံကောင်းကံတက် လာဘ်အောင်လာဘ်ပွင့်၍ ငွေအလုံးအရင်းနှင့် ဝင်ကိန်းကြုံရမည်။ ကံဆုံကံကြုံလာလျှင် ထီဆုကြီးပေါက်၍ ချမ်းသာအောင်မြင်သူ ဖြစ်လာနိုင်ပါသည်ဟူ၍...။

*ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ။*

**အောင်ဘုန်းမြင့်(ကချင်ပြည်)**



www.burmeseclassic.com

www.burmeseclassic.com



# သရဏဂုံ

## ရန်ကုန်မြင့်ဆွေ

ဗုဒ္ဓဘာသာမှန်လျှင် 'သရဏဂုံ' ဆောက်တည်နိုင်ရမည်။ ဘုရား၊ တရား၊ သံဃာ ရတနာတော်မြတ်သုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်ရမည်။

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** – ဗုဒ္ဓံ = မြတ်စွာဘုရားကို၊ သရဏံ = ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ= ဆည်းကပ်ပါ၏။

**ဓမ္မံ သရဏံ ဂစ္ဆာမိ** – ဓမ္မံ = တရားတော်မြတ်ကို၊ သရဏံ = ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ = ဆည်းကပ်ပါ၏။

**သံဃံ သရဏံ ဂစ္ဆာမိ** – သံဃံ = သံဃာတော်မြတ်ကို၊ သရဏံ = ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ = ဆည်းကပ်ပါ၏။

ယင်းကဲ့သို့ 'သရဏဂုံ' သုံးပါးကို မပျက်စေရအောင် ဆောက်တည်ပူဇော်နိုင်မှသာလျှင် ဗုဒ္ဓဘာသာအစစ် မှန်ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အဆုံးအမများကိုလည်း လိုက်နာကျင့်သုံးရမည်။

ကျွန်ုပ်၏ မိဘနှစ်ပါးသည် ဗုဒ္ဓဘာသာ အစစ်အမှန်များ ဖြစ်ကြပါသည်။ ကျွန်ုပ်အား ငယ်စဉ်အခါကပင် လက်အုပ်ချီပုံအစ၊ ဘုရားရှိခိုးနှင့် ငါးပါးသီလခံယူဆောက်တည်ပုံ၊ ဆွမ်း၊ ရေ ချမ်း၊ ပန်း၊ ဆီမီးကပ်လှူပုံများနှင့် သရဏဂုံဆောက်တည်ပုံများကို သင်ကြားပြသ ညွှန်ကြားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကျွန်ုပ်သည် ယခုအသက်အရွယ်ရောက်သည့်တိုင်အောင် နေ့စဉ်မပျက် ဘုရားရှိခိုးခြင်းနှင့် အိပ်ရာဝင်၊ အိပ်ရာထများ၌ သရဏဂုံသုံးပါးကို ဆောက်တည်ရွတ်ဆို ပူဇော်ခဲ့ပါသည်။

·ငါးပါးသီလကိုလည်း တတ်နိုင်သမျှ လုံခြုံအောင် စောင့်ထိန်းခဲ့ပါသည်။

သရဏဂုံ ဆောက်တည်ပူဇော်ခြင်း၏ အကျိုးဖူးကြောင့် ကျွန်ုပ်သည် ငယ်စဉ်ဘဝမှ ယနေ့အသက် ၅၀ ပြည့်သည့်တိုင်အောင် အနေဆင်းရဲ၊ အစားဆင်းရဲ၊ ပင်ပန်းဆင်းရဲခြင်း၊ နာတာရှည်ရောဂါဝေဒနာများ ခံစားရခြင်းများ ကင်းရှင်းရုံမျှမက ကြုံတွေ့ခဲ့ရသော ပြဿနာအရှုပ်အရှင်း အခက်အခဲဟူသမျှကို လွယ်လင့်တကူ ဖြေရှင်းကျော်ဖြတ် အောင်နိုင်ခဲ့ပေသည်။ ကူညီဆောင်မသောသူများလည်း တွေ့ရှိခဲ့ရပါသည်။

ကျွန်ုပ်လိုချင် တမ်းတသော ဆန္ဒများသည် အနေးနှင့်အမြန်ဆိုသလို ရရှိခံစားခဲ့ရသည်။ (ခြွင်းချက် – လောဘရမ္မက်ကြီးစွာဖြင့် မဖြစ်နိုင်သောအရာများကို လိုချင်တမ်းတသည့် စိတ်ဆန္ဒများတော့ မဖြစ်နိုင်ပါ။ တန်ရာတန်ကြေးဖြစ်နိုင်သော လိုချင်တမ်းတစိတ်ဆန္ဒများကိုသာ ဆိုလိုပါသည်။)

ဥပမာ – လေယာဉ်ပျံကြီးကို လိုချင်တမ်းတသည့် စိတ်ဆန္ဒမှာ မဖြစ်နိုင်၍ မရနိုင်ပါ။ ကျွန်ုပ်သည် ကိုယ်ပိုင်မော်တော်ကားစီးချင်လိုသော တမ်းတစိတ်ဆန္ဒ ဖြစ်ပေါ်လာပြီး သုံးလအကြာမှာ ကိုယ်ပိုင်မော်တော်ကားကို သိန်းနှစ်ရာ့တစ်ဆယ်ဖြင့် ဝယ်ယူစီးနိုင်ခဲ့ပါသည်။

ကျွန်ုပ်သည် 'သရဏဂုံ'ကို အပျက်မခံဘဲ ယုံယုံကြည်ကြည်ဖြင့် ကိုးကွယ်ဆည်းကပ်ပူဇော်ခဲ့သဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ဖွင့်လှစ်သော ၂၀၄ ကြိမ်မြောက် ထီဆုငွေ သိန်းသုံးရာ့သုံးဆယ် (မင်္ဂလာစုံတွဲ)ပေါက်ခဲ့ပါသည်။

ထိုသိန်းဆုပေါက်သည့် ဆုငွေများမှာလည်း ယနေ့တိုင် ကုန်ခန်းခြင်းမရှိပါ။

ထို့ပြင် ကျွန်ုပ်၏နေအိမ်၌ ရွှေထည်ပစ္စည်းများနှင့် ငွေသားများစုစုပေါင်း သိန်းလေးဆယ်ကျော်ဖိုး အခိုးခံခဲ့ရသည်။ (ဤဖြစ်ရပ်အသေးစိတ်ကို ၂၀၁၄ ခု၊ ဇွန်လထုတ် 'ပြစ်မှု'မဂ္ဂဇင်းတွင် 'အသံကြောင့်ဖားသေ'ဖြစ်ရပ်မှန် အခန်းဆက်ဝတ္ထု၌ ရေးသားဖော်ပြခဲ့ပါသည်။)

ကျွန်ုပ်တို့ ဇနီးမောင်နှံသည် 'သရဏဂုံ'မပျက်အောင် ဆောက်တည်ကိုးကွယ်ဆည်းကပ်ခြင်း၏ အကျိုးကျေးဇူးကြောင့် ကျွန်ုပ်တို့ပျောက်ဆုံးသွားသော ရွှေထည်များနှင့် ငွေသားများကို အပြည့်အဝအားလုံး ပြန်လည်ရရှိခဲ့ပါသည်။

ပစ္စည်းများခိုးယူသွားသည့် တရားခံကိုလည်း အမြန်ဆုံး ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

ယခုလည်း ကျွန်ုပ်ပိုင်ဆိုင်သော ပေ ၄၀ × ပေ ၆၀ ခြံဝင်းထဲ၌ သုံးပင်ပျဉ်ထောင်အိမ်ဖြင့် နေရသည်ကို နေချင်စိတ်မရှိတော့ဘဲ ပျဉ်ထောင်အိမ်နှင့် နေနေရခြင်းအား စိတ်ကုန်ခန်းလာပါသည်။

သစ်ဈေးဂုဏ်ကြီးသဖြင့် ပြန်လည်ပြုပြင်ရမည့်တာဝန်မှာ အလွန်ကြီးလေးလှပါသည်။ သို့ပါ၍ ကျွန်ုပ်၏စိတ်ဆန္ဒ၌ တိုက်အိမ်ကြီးဖြင့်နေလိုချင်စိတ် ပေါ်ပေါက်လာခဲ့ပါသည်။

'သရဏဂုံ'ကိုမပျက်အောင် ထိန်းသိမ်းကိုးကွယ်ဆည်းကပ်ခြင်းဖြင့် ကျွန်ုပ်၏လိုချင်တမ်းတမှုကြောင့် ကျွန်ုပ်ပိုင်မြေကွက် (ပေ ၄၀ × ပေ ၆၀) ပေါ်ရှိ ပျဉ်ထောင်အိမ်မှာ တိုက်အိမ်ကြီးဖြစ်ရပါတော့မည်။

ယင်းတိုက်အိမ်အား ကျွန်ုပ်ကိုယ်ပိုင်ငွေဖြင့် ဆောက်နိုင်ခြင်းမဟုတ်ပါ။ ကျွန်ုပ်ပိုင်ဆိုင်သောမြေကွက်ပေါ်၌ ကန်ထရိုက်တိုက်ဆောက်ရန်အတွက် 'ရွှေမိုးသီး' ဆောက်လုပ်ရေးကုမ္ပဏီက ကမ်းလှမ်းလာခြင်းကို လက်ခံလိုက်ခြင်းကြောင့် ဖြစ်ပါသည်။

ဤကဲ့သို့ အကျိုးကျေးဇူးများ ရရှိနိုင်ခဲ့ခြင်းမှာ 'သရဏဂုံ' (၃၀) (၉၀) မန္တန်တော်ကြီးကို ပုတီးစိပ်ခြင်း၊ ရွတ်ဆိုပူဇော် ကိုးကွယ်ဆည်းကပ်ခြင်းတို့ကြောင့် ဖြစ်ပါသည်ဟု ခြွင်းချက်မရှိ ကျွန်ုပ်ယုံကြည်မိပါသည်။

ထို့ကြောင့် စာဖတ်ပရိသတ်အား ကျွန်ုပ်ကဲ့သို့ အကျိုးကျေးဇူးများ ရရှိခံစားစံစားနိုင်စေရန်အတွက် ကျွန်ုပ်ရွတ်ဆိုပူဇော်သော 'သရဏဂုံ'(၃၀) (၉၀) မန္တန်တော်ကြီးကို ဆင့်ပွားဖော်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## သရဏဂုံ (၃၀) (၉၀) မန္တန်တော်ကြီး

၁။ ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဘောဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဘောဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၄။ ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။

၅။ မရဏပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မရဏပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၆။ မရဏ ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မရဏ ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏ ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၇။ အရဟတ္တမဂ္ဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၈။ အရဟတ္တမဂ္ဂကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၉။ နိဗ္ဗာနပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၀။ နိဗ္ဗာန ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

## ရွတ်ဆိုပူဇော်ရန်နှင့် ပုတီးစိပ်ရန်

တစ်ပုဒ်လျှင် ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ ပွား၍ သရဏဂုံ ၃၀ ဖြစ်၏။ ပုတီးစိပ်သောအခါ ဗုဒ္ဓံ တစ်လုံး၊ ဓမ္မံ တစ်လုံး၊ သံဃံ တစ်လုံး စိပ်သဖြင့် ၁၀ ပုဒ်မှာ ၃၀ ဖြစ်လာသည်။

ဒုတိယမ္ပိ စိပ်လျှင် ၃၀၊ တတိယမ္ပိစိပ်လျှင် ၃၀ စိပ်သော် သရဏဂုံ ၉၀ ရရှိလာ၏။

ပုတီးစိပ်ခြင်း၊ ရွတ်ဆိုပူဇော်ခြင်းပြုသည့်အခါ စိတ်တည်ငြိမ်စွာထား၍ ဂုဏ်တော်သုံးပါး၏ အနက်အဓိပ္ပာယ်ကို သိမြင်ပြီး စိပ်နိုင်၊ ရွတ်ဆိုနိုင်လျှင် အကျိုးထူးကြီးများ ရရှိခံစားနိုင်သည်ဟု ယုံကြည်ရှိသေစွာ ပူဇော်နိုင်ကြပါက အောက်ပါအတိုင်း အကျိုးများရရှိနိုင်မည် ဖြစ်ပါသည်။

သရဏဂုံ ၃၀၊ ၉၀ မန္တန်တော်ကြီးကို ပုတီးစိပ်ခြင်း၊ ရွတ်ဆိုပူဇော်ခြင်းအားဖြင့် အန္တရာယ်ကင်း၊ ကပ်ကြီးသုံးပါး ကျော်နိုင်ပြီး၊ လာဘ်လာဘပစ္စည်းဥစ္စာ ရတနာရွှေငွေများ တိုးတက်ပွားများခြင်း၊ ကြံတိုင်းအောင်၍ ပြောသမျှ အောင်မြင်နိုင်၏။

လူနတ်ပုဂ္ဂိုလ်အပေါင်းတို့ ချစ်ခင်ဆောင်မခြင်းတို့ကို ရရှိနိုင်သည်။ ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်မတွေ့မဆုံရခြင်း၊ ဘေးရန်အပေါင်းတို့ မကျရောက်နိုင်သည့်အပြင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်၏။

ဝိပတ္တိကပ်ဆိုးလည်း မထိုက်၊ ပျက်စီးခြင်းဗျသနလည်း မဆိုက်၊ ရန်သူလည်း မကပ်၊ အသက်ရှည်ရောဂါကင်းနိုင်ကြောင်းနှင့် သာသနာတော်ကြီး အစွန့်ရှည်တည်တံ့၍ နေရောင်မကာ ထွန်းလင်းတောက်ပနိုင်ပါသတည်း။

ရန်ကုန်မြင့်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူတို့ ရှင်ကွဲမကွဲရေး

# 'ရှင်မကွဲ' ဘုရားတွင် ဆုတောင်းပါ

သူရိန်ဇော်

ခုတလော ကျော်မောင်တို့ သူငယ်ချင်းတစ်စု အကြိတ်အနယ် ခေါင်းချင်းဆိုင်နေရသည်။ ထိုကဲ့သို့ မဆိုင်၍လည်း မဖြစ်။

အဘယ်ကြောင့်ဆိုသော် ထိုကိစ္စကား ကျော်မောင်နှင့် မေနှင်းတို့၏ နှလုံးသားရေးကိစ္စ။ အထူးသဖြင့် ၎င်းတို့နှစ်ဦးစလုံး တက္ကသိုလ်ဒုတိယနှစ်ကတည်းက သိပ်ချစ်ခဲ့ကြသည့် ချစ်သူတွေ။ ထိုကဲ့သို့ တစ်ဦးအပေါ် တစ်ဦး သိပ်ချစ်ခဲ့ခြင်းကြောင့်လည်း နှစ်ယောက်တစ်ဘဝ တည်ဆောက်ရန်အတွက် ဆုံးဖြတ်ခဲ့ကြသည်။

သို့ရာတွင် မေနှင်းမိဘများဘက်က ကျော်မောင်နှင့် လုံးဝသဘောမတူ၍ ယခုကဲ့သို့ သူငယ်ချင်းတွေဆုံကာ ထိုကိစ္စကို အကြိတ်အနယ် ခေါင်းချင်းဆိုင်ခဲ့ကြခြင်းဆိုလျှင် မမှား။

မေနှင်း၏ မိဘများက ကျော်မောင်နှင့် မေနှင်းကို လုံးဝသဘောမတူမည်ဆိုလည်း သူတို့ဘက်က ကြည့်လျှင် မလွန်။

မေနှင်းမိဘများကား မြို့ထဲတွင် ကုမ္ပဏီလုပ်ငန်းအပြင် အခြားပွဲရုံလုပ်ငန်းများလည်း ပိုင်ဆိုင်ကြသည်။ ကျော်မောင့်မိဘများကတော့ ဆိုက်ကားနင်းစားရသော ဘဝအခြေအနေ။ ထို့ကြောင့် အထက်ပါကဲ့သို့ ဆိုလိုက်ရခြင်း ဖြစ်ပေသည်။

"မင်း ဒီကိစ္စကို ဘယ်လိုလုပ်မလဲ။ ဘယ်လိုစဉ်းစားထားလဲ ကျော်မောင်"

ကိုဦးက စိတ်မကောင်းသောပုံစံဖြင့် ပြောပြီး အကြမ်းတစ်ခွက် သောက်လိုက်သည်။ ရုတ်တရက် ကျော်မောင် ဘာမျှမဖြေနိုင်။ မေနှင်းမျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်၏။ မေနှင်းလည်း မျက်နှာညှိုးနေသည်။ အတန်ကြာလျှင် ကျော်မောင်က -

"အင်း . . . ဒီကိစ္စဖြေရှင်းဖို့ နည်းလမ်းမရှိတော့လောက်အောင်ပဲ။ နောက်ဆုံး ရှုးရှူးမိုက်မိုက်ပုံစံမျိုးနဲ့ သူတို့သဘောမတူလည်း ခိုးပြေးကြဖို့ဆိုတာ ဘယ်လိုမှ မစဉ်းစားဝံ့တဲ့ကိစ္စပဲ။ နှစ်ဦးနှစ်ဖက် စိတ်သောကရောက်ရမယ့်ကိစ္စတွေ၊ မေနှင်းအတွက် သူ့အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်ကြားမှာ အမည်းစက်ဖြစ်ရမယ့်ကိစ္စကြီး"

ပြောပြီး ကျော်မောင်က သက်ပြင်းချလိုက်၏။

"ဒါဆိုရင် မေနှင်းတို့နှစ်ဦး ဒီအတိုင်းပဲ ရှင်ကွဲကွဲရတော့မှာလား"

မေနှင်းက ကြေကွဲစွာဆိုလာ၏။

လတ်တလော ကျော်မောင်ရော၊ ကိုဦးပါ အဖြေမပေးနိုင်ကြ။ သက်ပြင်းကိုယ်စီသာ ချလိုက်ကြပြန်သည်။ မည်သည့်နည်းလမ်းကိုမျှ ၎င်းတို့ မရှာနိုင်လေပြီ။ ဒါဆို ၎င်းနှင့် မေနှင်းဝေးဖို့၊ ရှင်ကွဲ ကွဲရဖို့က သေချာပြီ။

"ဟာ . . . ကျော်မောင်၊ ဟင် . . မေနှင်းလည်း ဒီမှာရောက်နေတယ်။ နင်တို့နှစ်ယောက်လုံး ဒီမှာတွေ့ရတာ အတော်ပဲ။ နင်တို့အတွက် အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့ တစ်မနက်လုံး လိုက်ရှာနေတာ"


၎င်းတို့ရှိရာ လက်ဖက်ရည်ဆိုင်ထဲသို့ သူငယ်ချင်း အေးအေးအောင် ရောက်လာပြီး ဝမ်းသာအားရ ပြောလိုက်လေ၏။ ထိုအခါ ၎င်းတို့သုံးဦးစလုံး တအံ့တဩနှင့် မိတ်ဝင်တစား ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com





“ဘာကိစ္စများလဲဟ”

ကျော်မောင်က မေးလိုက်ခြင်းဖြစ်သည်။

“ဘာကိစ္စရမှာလဲ။ နင်တို့နှစ်ယောက်ကို သဘောမတူတဲ့ကိစ္စ။ အဒီကိစ္စကို ဖြေရှင်းနိုင်ဖို့အတွက် နည်းလမ်းရပြီ။ နင်တို့ ဘယ်တော့မှ ခင်တွဲမကွဲရတော့ဘူးမှတ်”

“ဟင် . . . ဟုတ်လား”

“အို . . . ဝမ်းသာလိုက်တာ”

“နည်းလမ်းရပြီဆိုရင် မြန်မြန် ပြောစမ်းပါဟာ”

မေနှင်းနှင့် ကိုဦးတို့ ဝမ်းသာသွားသည်ထက် ကျော်မောင့်ဝမ်းသာမှုက ပို၍ ပို၍ အလောတကြီး [ဆ]ောင်ဖြစ်သွားရသည့် အခြေအနေ။

“ပြောမှာပေါ့ဟ နင်တို့ကလဲ။ ဒါပေမယ့် နင်တို့ကိစ္စ ငါကိုယ်တိုင် ဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူး”

“ဟင် . . နင့်ဟာကလဲ ဘယ်လိုကြီးတုံးဟ”

ကျော်မောင်ကပင် အားပျက်စွာ မေးလိုက်ခြင်းဖြစ်သည်။

“ငါပြောမယ့်စကား သေသေချာချာ နားထောင်ကြဦး။ ငါမကူညီနိုင်ပေမယ့် ငါ့အသိတစ်ယောက်ရဲ့ ဦးလေးတစ်ဦးက အကူအညီပေးလိမ့်မယ်။ သူ့နာမည်က ဦးမြင့်ဟိန်းတဲ့။ ဗေဒင်ဆရာတစ်ဦးပေါ့ဟာ။ ဘယ့်နှယ်လဲ . . . နင်တို့လိုက်မယ် မဟုတ်လား”

အေးအေးအောင်က မေးလိုက်သဖြင့် ကျော်မောင်နှင့် မေနှင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

သည်အခြေအနေ၊ သည်အရေးကြုံနေမှတော့ ၎င်းတို့မလိုက်လည်း ဖြစ်မည်မဟုတ်တော့။ ဘာပဲဖြစ်ဖြစ် ၎င်းတို့အတွက် တစ်စုံတစ်ရာအကြောင်းထူးတစ်ခုခုတော့ ရနိုင်ကောင်းလိမ့်မည်။ သည်အတိုင်း စိတ်ပျက်ပြီး ထိုင်နေလျှင်လည်း ဘာမှ ပိုထူးလာမည်မဟုတ်။ ထို့ကြောင့် ကျော်မောင်ရော၊ မေနှင်းပါ သဘောတူ လက်ခံလိုက်ကြ၏။

“ကောင်းပြီလေ။ နင်ပြောတဲ့အတိုင်း ငါတို့ လိုက်ခဲ့မယ်”

ကျော်မောင်စကားအဆုံး



www.burmeseclassic.com

www.burmeseclassic.com

ကျသင့်တဲ့ငွေရှင်းကာ အားလုံး လက်ဖက်ရည်ဆိုင်ထဲကနေ ထွက်ခဲ့ကြသည်။

♥ ♥ ♥

"ကဲ .. လာကြ၊ လာကြ ငါ့တူကြီးတို့၊ တူမကြီးတို့။ အေးအေးအောင် ကြိုပြောပြထားလို့ အခြေအနေအားလုံး ဆရာသိပြီးနေပြီ"

ဟူ၍ ခရီးရောက်မဆိုက်ပင် အေးအေးအောင်၏ အသိဦးလေးဖြစ်သူ ဗေဒင်ဆရာဦးမြင့်ဟိန်းက ရင်းနှီးဖော်ရွေစွာ ဖိတ်ခေါ်သမှု ပြုလေ၏။

၎င်းတို့ လေးဦးသား ညွှန်ပြသောနေရာထိုင်ခင်းမှာ အသီးသီး ဝင်ထိုင်လိုက်ကြသည်။

"ကဲ .. ငါ့တူကြီးတို့၊ တူမကြီးတို့။ ဘယ်လိုကိစ္စအကြောင်းကြောင်းကြောင့် ဖြစ်တယ်ဆိုတာ ရှင်းပြစရာ မလိုတော့ဘူး။ အဓိက ဆရာပြောပြ အကြံပေးချင်တဲ့အချက်က ငါ့တူကြီးနဲ့ တူမကြီးကို မိဘတွေ လုံးဝ သဘောမတူတဲ့ ကိစ္စ၊ ရှင်ကွဲမကွဲရဖို့ ကိစ္စ လုံးဝပြေလည်သွားဖို့ပဲ မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ် ဆရာ"

"ကူညီနိုင်ရင် ကူညီပေးပါ ဆရာ၊ ကျွန်မတို့ ဆရာ့ကျေးဇူးကို မမေ့ပါဘူး"

ကျော်မောင်နှင့် မေနှင်း၏ ဝမ်းသာအားရ အားကိုးတကြီးစကား အဆုံးမှာ ဦးမြင့်ဟိန်းက ပြုံးလိုက်ပြီး

"အိမ်း . . . ဒီလောက်လည်း ကျေးဇူးတင်စရာ မလိုအပ်ပါဘူးကွယ်။ ငါ့တူကြီးတို့၊ တူမကြီးတို့ကိစ္စ အေးအေးညောင်းညောင်း အဆင်ပြေရင်ပဲ ဆရာ့အနေနဲ့ ဝမ်းသာလှပါပြီ။ ကဲ . . ကဲ၊ ငါ့တူကြီးတို့၊ တူမကြီးတို့အတွက် ဆရာအကြံပေးလိုက်မယ်။ သေသေချာချာ မှတ်ထား၊ ဟုတ်ပြီလား"

ကျော်မောင်နှင့် မေနှင်း ခေါင်းညိတ်လိုက်ကြသည်။

"ဘယ်လိုအကြံမျိုးလဲ ဆိုတော့ တစ်နည်းအားဖြင့် ကိုယ့်အတွက်လည်း အကျိုးရှိနိုင်မယ်၊ လတ်တလော ကုသိုလ်ကောင်းမှုအားဖြင့်လည်း ရနိုင်မယ့် နည်းလမ်းမျိုးပဲ။ အဲဒါ ဘာလဲဆိုတော့ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ အင်္ဂါထောင့်မှာရှိတဲ့ ရှင်မကွဲဘုရားထံမှောက်သွားပြီး လိုရာဆုကို တောင်းဖို့ပဲ။ အရင်ဆုံး စိတ်စင်ကြယ်အောင် ငါးပါးသီလခံယူပြီး ခုနစ်ရက်သားသမီးအပေါင်းတို့ကို မေတ္တာပို့ အမျှဝေပါ။ ပြီးတော့ ကိုယ်တတ်နိုင်သလောက် ဂုဏ်တော်ကိုးပါး ပုတီးစိပ်ပြီးတဲ့အခါ ဆုတောင်းရမယ်"

"ဘုရားတပည့်တော်တို့နှစ်ဦးသည် တစ်ဦးအပေါ်တစ်ဦး ခိုင်မာသော ချစ်ခြင်းမေတ္တာဖြင့် ချစ်ခဲ့ကြသည့်အတွက် ဒီဘဝမှာ ဘယ်လို အတားအဆီး၊ အနှောင့်အယှက်မျိုးမဆို ကင်းစင်ပပျောက်၍ ဘယ်သူဖျက်ဖျက် ဘုရားတပည့်တော်တို့ ချစ်သူနှစ်ဦး ရှင်ကွဲမကွဲရဘဲ အတူပေါင်းဆုံရပါလို၏လို့ ဆုတောင်းလိုက်ပါ။ အားလုံးအဆင်ပြေသွားပါလိမ့်မယ်"

ဟူ၍ ပြောဆိုအကြံနည်းလမ်းများ ပေးခဲ့လေ၏။

ထို့နောက် ၎င်းတို့သည် ဗေဒင်ဆရာ ဦးမြင့်ဟိန်းအား လွန်စွာမှ ကျေးဇူးတင်ကြောင်း ပြောပြီး နှုတ်ဆက်ကာ ပြန်လာခဲ့ကြ၏။

နောက်တစ်နေ့တွင် ဗေဒင်ဆရာဦးမြင့်ဟိန်း အကြံနည်းလမ်းများ ပေးလိုက်သည့်အတိုင်း ကျော်မောင်နှင့် မေနှင်းတို့ ချစ်သူနှစ်ဦး ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ အင်္ဂါထောင့်ရှိ အဆိုပါ 'ရှင်မကွဲဘုရား'တွင် အထက်ပါ အကြံပေးသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ပြီး ရက်သတ္တပတ်၊ နှစ်ပတ်မြောက်မှာပင် ကျော်မောင်နှင့် မေနှင်းတို့ ချစ်သူနှစ်ဦးကို နှစ်ဖက်လူကြီးမိဘများကိုယ်တိုင် လက်ထပ်မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ပေးခဲ့ပါလေတော့သတည်း။

(ချစ်သူတိုင်း၊ အိမ်ထောင်ရှင်တိုင်း ရှင်ကွဲမကွဲရေး 'ရှင်မကွဲ'ဘုရားတွင် ဆုတောင်းဖို့ မမေ့သင့်ကြောင်း တိုက်တွန်းရင်း . . .)

သူရိန်အောင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မြစိန်တောင်သိုက်ရဲ့လက်ဆောင်

သမုတိ(စိတ်ပညာ)

ဆရာတော်ရှင်ပညာဆန္ဒနှင့် ကျွန်တော်တို့ မြစိန်တောင်သိုက်က သိုက်ချုပ်ဘိုးဘိုးကြီး လူ့ဘဝက ကျွန်တော်နဲ့ညီအစ်ကိုဝမ်းကွဲတော်တဲ့ရွှေအရွှေအရဲ့ဘဝဟောင်းညီအစ်မတွေဖြစ်တဲ့ မြစိမ်းတို့ဦးအစ်မခြောက်ယောက်တို့လှူလိုက်တဲ့ မောင်နှံ ခုနစ်ဖော် ရွှေလက်ကောက် ခုနစ်ကွင်း၊ စုစုပေါင်း အလေးချိန် ၂၁-ကျပ်သားတိတိကို ပြည်ရွှေဆံတော်ဘုရားမှာ လှူဒါန်းအပြီး၊ ရှစ်လလောက်အကြာမှာ ကျွန်တော်တစ်ယောက်၊ ရွာက အဖွဲ့တွေနဲ့အတူ၊ ပြည်စွယ်တော် ဘုရားပွဲကို သွားလည် ဖြစ်ကြတယ်။ ပြည်စွယ်တော်ဘုရားပွဲက တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့မှ လပြည့်နေ့အထိ ပွဲတော်ကို နှစ်စဉ်ကျင်းပကြပါသည်။

သုံးနှစ်ကိုတစ်ကြိမ် ဘုရားပွဲကို တစ်မြို့လုံးအနှံ့ စည်ကားသိုက်မြိုက်စွာ လှည့်လည်ကြပါတယ်။ ကျွန်တော်တို့ ဘုရားပွဲကို တန်ဆောင် မုန်းလပြည့်နေ့မှာ သွားရောက်ကြပါသည်။ ကျွန်တော်တို့ ရွာမှ ယောကျ်ားလေး၊ မိန်းကလေး အဖွဲ့ ၁၅ ယောက်လောက်ရှိပါသည်။ ကျွန်တော်တို့ အစီအစဉ်မှာ လပြည့်နေ့ ညနေ၊ ကျွန်တော်တို့ရွာမှ စာပို့မီးရထားစီး၊ ပြည်မြို့ကို ညနေခြောက်နာရီ ခွဲလောက်မှာ ရောက်ပါသည်။ ကျွန်တော်တို့ရွာမှာ ထိုအချိန်က စာပို့ရထား တစ်စီးပဲ ရပ်ပါတယ်။ ယခုအခါ စာပို့၊ ကားရထား၊ အမြန် ရထားများ ရပ်နေပါသည်။

ပြည်မြို့ကို ၆ နာရီခွဲလောက်ရောက်ရင်ပွဲဈေးတန်းကို လျှောက်လည်၊ ည ၈ နာရီကျော်ကျော်မှာ၊ ဘုရားပေါ်တက် ဘုရားဖူး၊ ည(၁၀) နာရီ ထိုးခါနီးရင် ဘုရားပေါ်က ဆင်းပြီး၊ "ပြည့်သူ့မုန်တိုင်း" ဇာတ်အဖွဲ့ကိုကြည့်၊ မိုးလင်း နံနက် ၆ နာရီစာပို့ရထားပြန်စီး၊ ရွာကိုပြန်မယ် ဆိုပြီး၊ အစီအစဉ် ဆွဲထားပါသည်။ ထိုခေတ်အခါက ဇာတ်ပွဲများမှာ မန္တလေး သိန်းဇော်၊ မိုးဝင်း၊ ရွှေမြိုင်ဆန်းဝင်းကြည်၊ ပုလင်းစိန်၊ ဖန်ခွက်စိန်၊ အမြည်းစိန် ဦးစိန်အောင်မင်းနှင့်သားများ အောင်ကိုမင်း၊ အောင်ကိုဝင်း၊ ဦးမောင်မောင် "ဆပ်က"၊ ပြည်သူ့မုန်တိုင်း" ဇာတ်အဖွဲ့များမှာ နာမည်အကြီးဆုံးဖြစ်ပါသည်။

ထိုအချိန်က "ပြည့်သူ့မုန်တိုင်း" ဇာတ်အဖွဲ့မှာ အလွန်နာမည်ကြီးပါသည်။ မင်းသားက သဘာဝဒို့တင်ဌေး၊ မင်းသမီးက ပန်တြာ တင်တင်မြင့် (အငြိမ့်)၊ လူရွှင်တော်က ဟာသ ကြေးမုံတို့အဖွဲ့ဖြစ်ပါသည်။ ဇာတ်ပိုင်ရှင်က သရေခေတ္တရာ ဦးကျော်စိုး ဖြစ်ပါသည်။ ဦးကျော်စိုးနဲ့ ပန်တြာ တင်တင်မြင့်က လင်မယား ဖြစ်ပါသည်။ ဦးကျော်စိုးက အလွန်စည်ကမ်းကြီးပါသည်။ ညရှစ်နာရီအတိမှာ ဇာတ်အဖွဲ့သားအားလုံး၊ ဇာတ်ရုံထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာလှူစုံရပါတယ်။ ညကိုး နာရီကျော်ရင် ဇာတ်ကမည့် မင်းသား၊ မင်းသမီး၊ လူရွှင်တော်၊ ယိမ်းသမအားလုံး၊ မိတ်ကပ်လိမ်းပြီးသား အစဉ်သင့် ဖြစ်နေရပါသည်။

ည ၁၀ နာရီတိမှာ ဇာတ်ပွဲကို စပြီးကပြကြရပါသည်။ ဇာတ်ကနေရင်း ကိုယ့်အခန်းမရောက်သေးလို့ ဇာတ်ရုံထဲကို မဝင်သေးဘဲ အပြင်လျှောက်လည်နေတဲ့ လူရွှင်တော်၊ လူကြမ်း၊ ဆိုင်းသမားများကို စည်းကမ်းမရှိဆိုပြီး ပါးရိုက်တတ်ပါတယ်။ညကြေးလည်း ဆိုညအဖို့ မပေးတော့ပါ။ ဇာတ် "စ"တာ နဲ့ ဘုရား ကန်တော့၊ နတ်ပင့်ပြီး၊ အော်ပဒါစထွက်ပါသည်။ပြီးရင် ဟာသတစ်ခန်းရပ် ကြေးမုံ၏"ပေါက်စီနှင့်ပေါင်မုန့်" တစ်ခန်းရပ် ပြဇာတ်မှာ လူကြိုက် အများဆုံး ဟာသတစ်ခန်းရပ် ဖြစ်ပါသည်။ ဟာသပြီးရင် ပြဇာတ်ထွက်၊ ပြဇာတ်ပြီးရင် ခဏအားလပ်ချိန် ပေးပါသည်။ အားလပ်ချိန်ပြီးရင် တင်တင်မြင့်ရဲ့ အငြိမ့် ကပါတယ်၊ မိုးလင်းခါနီးရင် ဇာတ်ပွဲကို သိမ်းပါတယ်။ ပြည်သူ့မုန်တိုင်း ဇာတ်ဖွဲ့မှာ နောက်ပိုင်းဇာတ်တော်ကြီးများကို မကပြပါဘူး။ ဇာတ်ဆရာဦးကျော်စိုးက အဖွဲ့သားများကို ခပ်တင်းတင်း၊ ခပ်ထန်ထန် အုပ်ချုပ်တတ်လို့ မုန်တိုင်းဇာတ်အဖွဲ့လို့အမည် မှည့်ထားတာနဲ့ လိုက်ဖက်လှပါတယ်။

ဒါပေမယ့် ဦးကျော်စိုးရဲ့ ဘဝဇာတ်သိမ်းက မကောင်းလှပါဘူး။ ရွှေစက်တော်ဘုရားဇာတ်ပွဲကပြီးအပြန်၊ မင်းဘူးဇက်ဆိပ်မှာ"ဇက်"ပေါ်ကို ကားတင်ဖို့ ကားများကိုအလှည့်ကျတင်ကြရပါသည်။ ကား အကြီးများကို ဇက်အပေါ် အရင်တင်ပြီးမှ ကားအသေးလေးများကို နောက်ဆုံးတင်ရပါသည်။ (ထိုအချိန်က ဧရာဝတီ မြစ်ကူးတံတားများ မဆောက်ရသေးပါ။) ဦးကျော်စိုးက သူ့ကိုယ်ပိုင် တိုယိုကာပစ်ကပ် ကားလေးကို ဇက်တောင်ကုန်းပေါ်မှာ သူ့ကားအလှည့် မရောက်သေးလို့ ဂီယာထိုးပြီး ရပ်ထားပါသည်။ မော်တော်ကား စက်ကိုလည်း ရပ်ထားပါသည်။ ပြီးမှ သူ့တပည့်တွေနဲ့ ကားပေါ်မှ ဆင်းပြီး စကားပြောနေကြပါသည်။ ၁၀- မိနစ်လောက် အကြာမှာ တောင်ကုန်းလေးပေါ်မှာ ရပ်ထားသော သူ့မော်တော်ကားလေးက လူမရှိဘဲ တလိမ့်ခြင်းဆင်းလာပါသည်။

ဇာတ်အဖွဲ့သားများနဲ့ ဆိပ်ကမ်းက လူအများက အလန့်တကြားနဲ့ အော်ကြပါသည်။ ထိုအချိန်မှာပဲ ဦးကျော်စိုးက တောင်ကုန်းပေါ်က ဇက်ဆိပ်ကမ်းကို လိမ့်ဆင်းလာတဲ့ သူ့ကိုယ်ပိုင်မော်တော်ကားလေးကို သူတစ်ယောက်တည်းရှေ့ကလက်နဲ့သွားတွန်းတာ ကားက သူ့ကိုတက်ကြိတ်သွားပါသည်။ ထိုဒဏ်ရာနဲ့ပဲ မကွေးဆေးရုံကြီးမှာ ကွယ်လွန်ခဲ့ပါသည်။ လူမရှိတဲ့ ကားက ရပ်ထားအပြီး ၁၀- မိနစ်လောက်အကြာမှ ဘာကြောင့်တိုက်ရသလဲဆိုတော့ ဦးကျော်စိုးက ညဘက်ကြီး "အပေါ့" ဆင်းသွားပါတယ်။ သူအပေါ့သွားတဲ့နေရာက၊ မင်းဘူးနယ်က ရွာလေးတစ် ရွာထိပ်မှာရှိတဲ့ အလွန်နတ်ကြီးတဲ့ နတ်စင်အနီးမှာ ဖြစ်ပါသည်။ နတ်မကြိုက်တဲ့ ကိစ္စဖြစ်လို့ ဦးကျော်စိုးကားတိုက် ခံရတာလို့ ဇာတ်အဖွဲ့သားများနဲ့ ထိုဒေသကလူတွေကတော့ ပြောကြပါသည်။

တိုက်ဆိုင်မှုပဲ ဆိုဆို၊ ဦးကျော်စိုးရဲ့ ဘဝကတော့ မုန်တိုင်းတစ်ခုလို ထန်ပြီးရင်။ လွင့်ပြယ်သွားရတာ သင်္ခါရတရားတွေပဲပေါ့။ ကျွန်တော့်အဒေါ်တစ်ယောက်"ဒီလှိုင်း" ဆိုတဲ့ နာမည်နဲ့ စားသောက်ဆိုင်ဖွင့်ပါသေးတယ်။ ဆိုင်ဖွင့်ပြီး နှစ်နှစ်သုံးနှစ်လောက်အထိ အရမ်းရောင်းကောင်းခဲ့ပါသည်။ နောက်တော့ ဒီရေရဲ့ သဘောအရ တက်ပြီးရင်ကျပါတယ်။ဒါကြောင့် နောက်သုံးနှစ်လောက်ကြာတော့ ဆိုင်ပါ ပြုတ်သွားပါသည်။ ဒီအကြောင်းတွေကို ကျွန်တော်က ဘာကြောင့် ရေးပြနေရသလဲဆိုရင် ပေါင်းတည်မြို့မှာရှိတဲ့ ကျွန်တော်သူငယ်ချင်းဘကြီးက ပြည်သူ့မုန်တိုင်းဇာတ်အဖွဲ့ကို ဦးဆုံး မတည်ပေးလိုက်တာပါ။ ကျွန်တော့်သူ ငယ်ချင်းဘကြီးရဲ့ နာမည်က "ရွှေတည် ဦးတင်ကြီး" ဖြစ်ပါသည်။ ဦးကျော်စိုးရဲ့ ကျေးဇူးရှင်လည်းဖြစ်ပါသည်၊ မွေး စားအဖေလည်း ဖြစ်ပါသည်။ ရွှေတည် ဦးတင်ကြီးကလည်း သူ့မွေးစားသား ဦးကျော်စိုးရဲ့ မုန်တိုင်းဇာတ်အဖွဲ့ အောင်မြင်တော့သူလည်း"ပြည်သူ့မုန်တိုင်း အမှတ်(၂)" ဆိုပြီး ရေဒီယိုမန်းကျော်၊ မင်းသမီး ဝိတောက်တို့နဲ့ တည်ထောင်ခဲ့ပါသေးတယ်။ ဒါပေမယ့်မအောင်မြင်ခဲ့ပါဘူး။ ဂမ္ဘီရ သဘောအရ မုန်တိုင်းတို့ဒီလှိုင်းတို့ဆိုတာ ဝုန်းခနဲ ထန်ပြီး တဖြည်းဖြည်း လွင့်ပြယ်ပျောက်ကွယ်သွားရတာ ဓမ္မတာပါပဲ။ (ဘဦးတင်ကြီး၊ ဘဦးကျော်စိုးနှင့် မုန်တိုင်း အဖွဲ့သားများသို့ အမှတ်တရ)

ကျွန်တော်တို့ရွာက အဖွဲ့တွေ ညနေ ၆-နာရီခွဲလောက်မှာ ပြည်မြို့ကိုရောက်ပါတယ်။ ကျွန်တော်တို့လည်းပွဲဈေးတန်းတစ်လျှောက်လည်ကြပါသည်။ ည ၈ - နာရီခွဲလောက်မှာ ရွှေဆံတော်ဘုရားပေါ်ကိုတက်ကြပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့ညမို့ ဘုရားဖူးများနဲ့ ဘုရား ရင်ပြင်တော်ပေါ်မှာ အထူးပဲ စည်ကားလှပါတယ်။ ကျွန်တော်တို့အဖွဲ့ စွယ်တော်တိုက်ထဲ ဝင်ဖူးအပြီးမှာ ဆံပင်တင်ပါးအထိ ရှည်လျားပြီး အစိမ်းရောင်ဝမ်းဆက် ဝတ်ညီအစ်မနှစ်ယောက်ကို တွေ့လိုက်ရပါသည်။

ကျွန်တော့်စိတ်ထဲမှာ ထူးခြားသလိုရှိပြီး နှာခေါင်းဝမှာလည်း ညမွှေးပန်းအနံ့တွေ

www.burmeseclassic.com

www.burmeseclassic.com

လှိုင်သွားပါသည်။ ကျွန်တော် တစ်ယောက်တည်း ထိုညီအစ်မနှစ်ယောက်ကို လိုက်ကြည့်နေစဉ်မှာပဲ သူတို့က ရွှေဆံတော်စေတီရဲ့ . . . . . ထောင့်မှာရှိတဲ့ စေတီရန်လေးစီကို ဦးတည်သွားနေပါသည်။ ကျွန်တော်လည်း သူငယ်ချင်းတွေကို ထားပြီး သူတို့နောက် မလှမ်းမကမ်းက လိုက်သွားပါတယ်။ ထိုစေတီလေးတွင် ဆရာတော်ရှင်ပညာဆန္ဒနှင့် ကျွန်တော်တို့ ကမ္ဗည်းထိုးထားတဲ့ မြစိန်တောင်သိုက်ကမ္ဗည်းစာရှိပါသည်။ သူတို့ညီအစ်မနှစ်ယောက်မှာ စေတီလေးရှေ့တွင် ဖယောင်းတိုင်ခုနစ်တိုင်နဲ့ အမွှေးတိုင်များ ပူဇော်ပြီး ဘုရားဝတ်ပြုနေပါသည်။

ကျွန်တော်လည်း သူတို့နောက် မလှမ်းမကမ်းနားထိုင်ပြီး ဘုရားဝတ်ပြုနေပါတယ်။ ကျွန်တော်ဘုရားဝတ်ပြုနေတုန်း ဘေးနား သမ်တလင်းပေါ်ကို "ချွတ်"ဆိုပြီးပစ္စည်းတစ်ခုခုကျတဲ့ အသံကြားလို့ ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်တော့ မြလည်ဆွဲလေးတစ်ခု အရောင် တလက်လက်နဲ့ ကြိုးပြတ်လျက်သားတွေ့လိုက်ရပါသည်။ ကျွန်တော်လည်း ဘေးဘီကို ကြည့်လိုက်တော့ အစိမ်းရောင်ဝတ်ညီအစ်မနှစ်ယောက်မှာ စွယ်တော်တိုက်ခေါင်းရင်ဘက်ရှိ နဂါးနှစ်ကောင်အုတ်လှေကားအဝမှာ အောက်ဘက်ကိုဆင်းဖို့ ဟန်ပြင်နေပြီဖြစ်ပါသည်။

ကျွန်တော့်မှာသာ မြလည်ဆွဲလေး အမြန်ကောက်ပြီး သူတို့ နောက်လိုက်ကာ "အစ်မ၊ အစ်မလေးတို့၊ ခဏ၊ ခဏ" ကျွန်တော့် အသံ ကြား၍ သူတို့ ညီအစ်မနှစ်ယောက် လှေကားထိပ်မှာ ရပ်စောင့်နေပါသည်။ ကျွန်တော်က "ဒီမှာ၊ အစ်မလေးတို့ လည်ဆွဲလေး ပြုတ်ကျနေတာ၊ ကျွန်တော် တွေ့လို့ လာပေးတာ" လို့ပြောလိုက်ပါသည်။ထိုအခါ ညီအစ်မနှစ်ယောက်မှ အကြီးမ ဖြစ်ဟန်တူသူက "ဟယ်၊ ဟုတ်ပါရဲ့ မြစိမ်းရယ်၊ နင့်လည်ဆွဲလေးက ဒီမောင်လေး အနားမှာ ပြုတ်ကျကျန်ခဲ့တာကိုး" လို့ ဆိုပြီး ကျွန်တော့်ကို ညီအစ်မနှစ်ယောက်သား ပြုံးပြီး ကြည့်နေပါတယ်။ ထိုအချိန်မှာပဲ ကျွန်တော့်ရွာက အပေါင်းအသင်းတစ်အုပ်ကြီး၊ ကျွန်တော်တို့အနား ရောက်လာပါတော့သည်။ ကျွန်တော့်ကိုရွာက သူငယ်ချင်းတွေက"ဟေ့ကောင် ကိုမင်း မင်းဘယ်ထွက်သွားနေတာလဲကွာ။ ဒီမှာ ဇာတ်ပွဲက အချိန်နီးနေပြီ။ မုန်တိုင်းဇာတ်က ည ၁၀-နာရီအတိဆိုကမှာကွ။ မင်းကိုလိုက်ရှာရဂာမောနေတာပဲ။ ကဲ၊ လာ ဘုရားပေါ်က ဆင်းကြမယ်"

ထိုအခါမှ ကျွန်တော့်အနားမှာ ရပ်နေသော မြစိမ်းဆိုသော မိန်းကလေးမှ 'ကျေးဇူးတင်ပါတယ် မောင်လေးရယ်၊ မင်းလိုစိတ်ကောင်းရှိတဲ့ သူနဲ့တွေ့လို့ အစ်မလည်ဆွဲလေးပြန်ရတာ၊ မင်းကျေးဇူးကို အစ်မတို့စိတ်ထဲမှာ မှတ်ထားလိုက်ပါတယ်။ နောက်များမှ ဆုံတာပေါ့" ဆိုပြီး နဂါးနှစ်ကောင်ရှိတဲ့ အုတ်လှေကားအတိုင်း ဆင်းသွားပါတော့သည်။ (ထိုမြစိမ်းဆိုသော မိန်းကလေးမှာ မြစိန်တောင်သိုက်က ညီမအငယ်ဆုံး ဖြစ်ပါသည်။)။ ထိုအခါမှ ရွာမှသူငယ်ချင်းများက "ဟေ့ကောင် ကိုမင်း၊ မင်းဘယ်သူတွေနဲ့ စကားပြောနေတာလဲကွ" ကျွန်တော်က "ငါဟို စေတီလေးမှာ ဘုရားဝတ်ပြုနေတုန်း မြလည်ဆွဲလေး ကောက်ရလို့ ပိုင်ရှင်ညီအစ်မကို ပြန်ပေးနေတာကွ"

"[illegible]၊ မင်းသိပ်ညံ့တဲ့ကောင်ပဲကွာ၊ ဘုရားပွဲတော်ရက်ကြီး လည်ဆွဲကောက်ရတာ ထောရောကွာ။ ခုတော့ နှမြော ,စရာ-တောက်"

ကျွန်တော့် သူငယ်ချင်းတွေ ဘာပြောပြော၊ သူတို့ စကားသံများကို ကျွန်တော့် နားဝမှာ မကြားနိုင်ဘဲ၊ ကျွန်တော့်အတွေးထဲမှာတော့ မြစိမ်းတို့ ညီအစ်မနှစ်ယောက်ထဲမှာသာ၊ စိတ်က တဝဲလည်လည် ဖြစ်လျက်၊ စိတ်မပါဘဲ သူငယ်ချင်းများနဲ့ ဘုရားပေါ်က ဆင်းပြီး ဇာတ်ပွဲဆီကို ပါသွားပါတော့သည်။

ပြည်စွယ်တော်ပွဲ အပြီး ခြောက်လလောက်ကြာတော့၊ ကျွန်တော်တစ်ယောက် အိမ်ထောင်ကျပါသည်။ ကျွန်တော်နဲ့ လူငယ်သဘာဝကြိုက်ပြီး ညားတာပါ။ အမျိုးသမီးမှာ ကျွန်တော့်ရွာနဲ့ သုံးမိုင်လောက်ဝေးတဲ့ ကြို့ပင်သာရွာကပါ။ ထိုအချိန်က ကျွန်တော့်မှာ စီးပွားရေးကိုယ်ပိုင်လုပ်ငန်း မရှိသေးပါ။ ဒါကြောင့် ပြည်မြို့က ချမ်းသာတဲ့ အဒေါ်ဆီက ပိုက်ဆံခြောက်သောင်းကို သုံးကျပ်တိုးနဲ့ သွားချေးရပါသည်။

ထိုအချိန်က မင်္ဂလာပွဲကိစ္စတင် လေးသောင်းခွဲလောက် ကုန်ပါသည်။ ပိုတဲ့ တစ်သောင်းခွဲကို အထည်ဟောင်းတွေကို ဈေးမှာရောင်းချပြီး၊ စီးပွားရေးကို လင်မယားနှစ်ယောက်သား ရှုန်းကန်လှုပ်ရှားရပါသည်။နောင်တစ်နှစ်လောက်အကြာမှာ ကျွန်တော်တို့မှာ သမီးလေးတစ်ယောက် မွေးပါသည်။ ထိုအချိန်များတွင် ကျွန်တော့်မှာ စားဝတ်နေရေးအတွက်တစ်မျိုး၊ အကြွေးများအတွက် လစဉ်အတိုးပေးဖို့ ကိစ္စများအတွက်တစ်ဖုံ၊ စီးပွားရေးမှာ အတော်ကျပ်တည်းနေပါတော့သည်။ ထိုအချိန်က ရွှေတစ်ကျပ်သားကို သုံးသောင်းဈေးပဲ ရှိပါသည်။

ထို အ တော အတွင်း ဆရာတော် ရှင်ပညာဆန္ဒ၊ ကျွန်တော်တို့ရွာကို ၁၀ ရက်တရားစခန်းကိစ္စအတွက်နောက်တစ်ခေါက်ရောက်လာပါတော့သည်။ ကျွန်တော့်မှာလည်း ဆရာတော် ရောက်လာသည့်အတွက် မနေသာဘဲ မြို့ဦးကျောင်းကို ပြေးရပါတော့ပါသည်။ကျောင်းကိုရောက်[illegible]ဆိုရင်ပဲ ဆရာတော်က -



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အဆီကျ အကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက(စာနယ်ဇင်း)၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက် တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်က ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ် မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ခာတ်ကြီးငါးပါး ညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေး မဟုတ်သလို ဝမ်းမှန်ရုံ သက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ် ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသော အဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေး မဟုတ်လို့ နေ့စဉ်မှန်မှန် သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ ဖော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးဇနပါပြီ။

ပင်ရင်း - မုံရွာ - ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ် - ၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၀၆၆၃၂
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ(၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ(၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

# စပ္ပါယ်ဖူး ဆေးတိုက်မှ အစွမ်းထက်လိမ်းဆေးများ




၀၄၀၈ (Y) ၀၇၄၆၅

## အရိုးကြီးပေါင်းလိမ်းဆေး

ဤဆေးကို သက်ရင်းကြီး၊ ပညာလက်ာအပါအဝင် ထူးခြားအစွမ်းထက်သော တိုင်းရင်းဆေးစစ်ဆေးမှန်များဖြင့် စီမံဖော်စပ်ထားသော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။


လည်ပင်းကျီးပေါင်း၊ ခါးဆစ်ကျီးပေါင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ခါးကိုက်ခါးနာ၊ လေးဘက်နာဖြစ်ခြင်းကြောင့် အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲခြင်း၊ ဇက်လေးခြင်း၊ ဇက်ကြောတက်ခြင်း၊ ကြောပြင်တစ်ဝိုက် နာကျင်ကိုက်ခဲခြင်း၊ ခတ်ကြောနာကျင်ခြင်း၊ ဇက်ကြောထိုးခြင်း၊ ခေါင်းတစ်ခြမ်း ခေါင်းကိုက်ဝေဒနာများ၊ ခြေလက်ထုံကျင်ခြင်း၊ လက်မောင်းကြောရိုး၊ တင်ပဆုံနှင့် ပေါင်ကိုက်ခြင်း၊ ရင်သားနှင့် ရင်ဘတ်အောင့်ခြင်းနှင့် **'လေဖြတ်ဝေဒနာ'**များအတွက် ထိရောက်လျင်မြန်စွာ ပျောက်စေသည့်အပြင် တရားမထိုင်မီနှင့် အားကစားမလုပ်မီ ကြိုတင်လိမ်းထားခြင်းဖြင့် အကြောများလျော့၍ပျော့ပျောင်းစေပါသည်။ ဤဆေးကို တိုင်းရင်းပညာ **'အအေးနည်း'** ဖြင့် ဖော်စပ်ထားပါသည်။

## ခွဲသလိပ်ကြေ ရင်လူးဆေး

ဤခွဲသလိပ်ကြေ ရင်လူးဆေးသည် လူကြီး၊ ကလေး အသက်အရွယ်မရွေး အသုံးပြုနိုင်သည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

ချွဲထ၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ သလိပ်ပုပ်ထ၊ ကြက်ညှာချောင်းဆိုး၊ ချွဲပူထ၊ လည်ချောင်းယား၊ ချွဲသံကြား၊ အစာမကြေ ပျို့အန်၊ ရင်ပြည့်၊ ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိခြင်း၊ ဝမ်းဖောဝမ်းရောင်၊ ဗိုက်အောင့်၊ ဗိုက်ပူနံကား၊ လေပြင်နာ၊ လေဆန်နာ၊ လေထိုးလေအောင့်၊ လေဝလေထ၊ လေနှင့်ဝမ်း မကွဲသော ရောဂါများအတွက် အထူးလိမ်းဆေးဖြစ်ပါသည်။ ထိုဆေးကို လည်ပင်းမှ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးပါက ရောဂါကို ယူပစ်သလို ပျောက်ကင်းနိုင်ပါသည်။


၀၄၀၈ (Y) ၀၇၄၆၄




ဗဟိုရင်းဌာန – "စပ္ပါယ်ဖူးဆေးတိုက်"၊ အမှတ်(၆၄)၊ သရဖီလမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံ။
ဖုန်းနံပါတ်များမှာ - ၀၉-၅၁၃၇၅၅၈၊ ၀၉-၅၁၉၇၈၇၇ တို့ ဖြစ်ပါသည်။ ဤဆေးကို ရွှေဘုံသာလမ်းရှိ တိုင်းရင်းဆေးဆိုင်များမှာ ရရှိနိုင်ပါသည်။ အရိုးကျီးပေါင်းနှင့် လေဖြတ်ဝေဒနာရှင်များ ရောဂါအမြစ်ဖြတ်လိုလျှင် "အကယ်ထူးတဲ့ စပ္ပါယ်ဖူးဆေးတိုက်" သို့ လာရောက် ဆွေးနွေးကုသနိုင်ပါသည်။
ဆေးခန်းဖွင့်ချိန် - "နံနက်(၉ - ၁၁)နာရီ၊ ညနေ(၄ - ၈)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဗလိတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)
ကလောင်ခွဲ – ကာလီဒါ့ချ် (မြန်မာပြည်)

- ယတြာ မတ်ရိုက်စာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေ့ဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၅၄၀၇၂၀၊ ၀၉-၃၁၀၂၂၈



# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျွဲ၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက် ။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝ မပျောက်ကင်းပါ

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၊ ၀၉-၉၇၂၄၂၉၄၂၂
၃၃-၃၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅

www.burmeseclassic.com

# သည်လများအတွက် ကံဇာတာ

## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

ဖခင်နှင့်ပတ်သက်၍ ငွေကြေးများရရှိမည်။ အောင်ဘာလေထီ ပေါက်တတ်သည်။ အဖိုးတန်ပစ္စည်းများ ရရှိမည်။ အလှူဒါနပြုရတတ်သည်။ သားသမီးများအတွက် ခရီးသွားရတတ်သည်။ စီးပွားရေးလုပ်ငန်းများ အောင်မြင်မည်။ တိုင်းရင်းသားများနှင့် အလုပ်လုပ်ရတတ်သည်။ လစာ၊ ရထား၊ လုပ်ပိုင်ခွင့်များ တိုးတက်မည်။ မျက်စိ၊ မျက်နှာတို့တွင် ဒဏ်ရာအနာတရ ဖြစ်တတ်သည်။ ပစ္စည်းများ အခိုးခံရတတ်၏။ ခရီးသွားမည်ဆိုပါက ရေလမ်းခရီးကို ရှောင်ကြဉ်သင့်၏။

ဆေးဝါး၊ အဝတ်အထည်၊ ရတနာပစ္စည်းများ ဝင်မည်။ မိဘများအတွက် ကောင်းသောကိစ္စများ ဆောင်ရွက်ရတတ်သည်။ အလုပ်ကိစ္စအတွက် ခရီးသွားရတတ်သည်။ လူမျိုးခြားတို့၏ မစမှုကို ခံရလိမ့်မည်။ အစွပ်အစွဲခံရကိန်းရှိသည်။ လုပ်သမျှကိုင်သမျှ အပေါက်လမ်းမတည့်ဘဲ လွဲချော်နေတတ်သည်။ လူလိမ်ခံရကိန်းရှိသည်။ ရပ်ဝေးသို့ ပြောင်းရွှေ့နေထိုင်ရတတ်သည်။ မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ မိဘအုပ်ထိန်းသူတို့နှင့် တိုင်ပင်ပြီးမှသာ လုပ်ကိုင်သင့်၏။ ငွေ၊ ပစ္စည်းများ အပ်နှံခြင်းကို လက်မခံသင့်ပါ။ ရင်းနှီးခင်မင်သူသည် ရန်သူဖြစ်လာတတ်၏။

နိုင်ငံရပ်ခြားမှ ငွေကြေး၊ ပစ္စည်းများ ရောက်လာတတ်သည်။ အချစ်ရေးကိစ္စများတွင် ပြေလည်မှုရရှိမည်။ ချစ်သူများ အပျော်အပါးများခြင်း၊ အလည်လွန်ခြင်းတို့ကြောင့် ဒုက္ခတွေ့ရတတ်သည်။ အမျိုးသမီး မိန်းမလည်များကြောင့် အမှုအခင်းဖြစ်ရတတ်သည်။ သွေးထွက်သံယိုမှု ဖြစ်တတ်သည်။ အလုပ်အကိုင်သစ်များ ရရှိမည်။ လက်အောက်ငယ်သား‌များ၏ ကျေးဇူးကန်းခြင်းကိုလည်း ခံရမည်။ လူငယ်လူရွယ်များအတွက် ပညာရေးကောင်းမွန်ပါလိမ့်မည်။ အိမ်ထောင်ဖက်နှင့်ပတ်သက်၍ သတင်းကောင်းများ ကြားရတတ်သည်။ ဥစ္စာငွေကြေးများ ရရှိမည်။ လူမျိုးခြားဧည့်သည်တို့ ရောက်ရှိလာတတ်၏။ အလုပ်ကိစ္စအတွက် စကားအပြောအဆိုရှိမည်။ အစာအိမ်နှင့်ပတ်သက်၍ ဝေဒနာခံစားရတတ်သည်။ တစ်ပါးသူ၏ ကိစ္စအတွက် အာမခံခြင်းမျိုးကို မပြုလုပ်သင့်ပါ။ တစ်ပါးသူ၏ ပြဿနာမှာ ကိုယ့်ပြဿနာ ဖြစ်လာတတ်သည်။

ပို့ဆောင်ရေးလုပ်ငန်း၊ ကောက်ပဲသီးနှံလုပ်ငန်း၊ စားသုံးဆီလုပ်ငန်းတို့မှ ငွေကြေးအကျိုးအမြတ်များ ရရှိလိမ့်မည်။ မြေကိစ္စ၊ အိမ်ကိစ္စများအတွက် အမှုအခင်းဖြစ်ရတတ်၏။ ရုံးရောက်၊ ဂါတ်ရောက် ဖြစ်မည်။ စက်မှုလက်မှုလုပ်ငန်းများ၊ ရတနာရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်တတ်ပါသည်။ လက်ရှိအခြေအနေမှ မြင့်မားတိုးတက်သော ဘဝအခြေအနေသို့ ရောက်မည်။ မိသားစုအတွက် သောကရောက်ရတတ်သည်။ ငွေကြေးအခက်အခဲရှိပါက ကူညီမည့်သူများ ပေါ်လာတတ်၏။ လူမျိုးခြားတို့၏ ကူညီမှုများ ကြုံရတတ်၏။

လက်ရှိနေအိမ်၊ နေရာ၊ အလုပ်အကိုင်တို့မှ ပြောင်းလဲမှုကြုံမည်။ ရဟန်း၊ သံဃာများကို လှူဒါန်းခွင့်ကြုံမည်။ ဘာသာရေးစာအုပ်စာတမ်းများ လှူရတတ်သည်။ အကြီးအကဲများ၏ မစချီးမြှင့်ခြင်းကို ခံရတတ်သည်။ အိမ်ထောင်ရေး အချစ်ရေး အဆင်ပြေမည်။ ဘုရားဖူးခရီး သွားရတတ်သည်။ ငွေကြေးကိစ္စ အဆင်ပြေမည်။ အိမ်၊ ခြံ၊ မြေ၊ ရွှေထည်များ ပိုင်ဆိုင်ခြင်းကြုံရလိမ့်မည်။

*ယတြာပြုလုပ်လိုပါက* - မေမြို့ပန်းကို ဘုရားလှူပါ။ အညံ့အနိုက်များ ပြေပျောက်သွားပါလိမ့်မည်။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ

# သညီလေးမှာ

## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်

■ တောကကိုရှင်

မိမိတို့ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဒီဇင်ဘာလ (၁)၊ (၂)၊ (၉)၊ (၁၀)၊ (၁၇)၊ (၂၅)၊ (၂၆)၊ (၂၉)၊ (၃၁) ကျရောက်သောရက်များ၌ အပွင့်၊ အသီး အနှံ၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ ဒီဇင်ဘာလ (၇)၊ (၈)၊ (၁၀)၊ (၁၈)၊ (၂၄)၊ (၂၇)၊ (၃၀)၊ (၃၁) စသော ရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ ဒီဇင်ဘာလ (၈)၊ (၉)၊ (၁၇)၊ (၁၈)၊ (၂၃)၊ (၂၈)၊ (၂၉)၊ (၃၀)၊ (၃၁) ကျရောက်သောရက်များ၌ လယ်မြေ ယာမြေ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်,ချုံနွယ်,အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ,အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ ဒီဇင်ဘာလ (၁)၊ (၂)၊ (၃)၊ (၇)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၇)၊ (၃၀) ကျရောက်သောရက်များ၌ သီးနှံမျိုးစေ့တို့ကို ကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

● တောကကိုရှင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ ဒီဇင်ဘာလ (၇)၊ (၁၃)၊ (၈)၊ (၂၃)၊ (၂၇) စသောရက်များသည် "နန္ဒာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ အုရားတည်ခြင်း၊ ဂူ,ကျောင်း,ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ စာတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

၂။ ဒီဇင်ဘာလ (၃)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၂၈) စသောရက်များသည် "ဘဒြာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဒီဇင်ဘာလ (၄)၊ (၉)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် "ဇယာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ [illegible]ခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဒီဇင်ဘာလ (၁)၊ (၅)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၃၀) စသောရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်,ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ [illegible]တင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကား[illegible]င်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ ဒီဇင်ဘာလ (၂)၊ (၆)၊ (၁၂)၊ (၁၇)၊ (၁၂)၊ (၂၆)၊ (၃၁) စသောရက် များသည် "ပုဏ္ဏာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဋ္ဌင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဒီဇင်ဘာလ (၁၄)၊ (၂၈) ရက်တို့သည် "အမြိတ္တစုတ်"တွင် ကျရောက်လေရာ မည်သည့် အနှောင့်အယှက် အခက်အခဲတို့နှင့် ကြုံတွေ့စေရကာမူ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ကြပါသည်။

၇။ ဒီဇင်ဘာလ (၃)၊ (၅)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၅)၊ (၂၇) စသော ရက်များသည် "ရက်ရာဇာ" တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်လ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိ မြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းအမှုများကို ဆောင်ရွက်နိုင်ပါကြောင်း။

နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်

■ မဟိဒ္ဓိကျော်ခေါ်

၁။ တနင်္ဂနွေသားသမီးများအဖို့

ဒီဇင်ဘာလ (၂)၊ (၄)၊ (၉)၊ (၁၀)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၃)၊ (၂၅)၊ (၂၇) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၂။ တနင်္လာသားသမီးများအဖို့

ဒီဇင်ဘာလ (၁)၊ (၃)၊ (၆)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၂)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၃။ အင်္ဂါသားသမီးများအဖို့

ဒီဇင်ဘာလ (၂)၊ (၅)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၄။ ဗုဒ္ဓဟူးသားသမီးများအဖို့

ဒီဇင်ဘာလ (၁)၊ (၄)၊ (၅)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၂၀)၊ (၂၂)၊ (၂၇)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၅။ ကြာသပတေးသားသမီးများအဖို့

ဒီဇင်ဘာလ (၃)၊ (၄)၊ (၅)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၈)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများ ဖြစ်ကြ၏။

၆။ သောကြာသားသမီးများအဖို့

ဒီဇင်ဘာလ (၃)၊ (၄)၊ (၅)၊ (၁၀)၊ (၁၃)၊ (၁
(၁၇)၊ (၁၈)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၇)၊ (၂၉) စသော
ရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကော
များဖြစ်ကြ၏။

၇။ စနေသားသမီးများအဖို့

ဒီဇင်ဘာလ (၁)၊ (၄)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁
(၂၂)၊ (၂၇)၊ (၂၉) စသောရက်များသည် အလုပ်အ
အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

၈။ ရာဟုသားသမီးများအဖို့

ဒီဇင်ဘာလ (၁)၊ (၄)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁
(၂၂)၊ (၂၇)၊ (၂၉) စသောရက်များသည် အလုပ်အ
အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်

နွယ်သာကီအောင်

နှင်းရည်စိုလူးသည့် ဆောင်းဟေမာန်ကာလသို့ ရောက်ရှိခဲ့လေပြီ။

ပင်မြင့်စံ သဇင်ပန်းတို့သည် နှင်းရည်တို့ ဆွတ်မြလျက် လယ်ယာပြင်တစ်လွှားရှိ အနှစ်ပြည့်ဝလှသော ကောက်နှံတို့အား ကြည်သာစွာ ခွန်းဆက်လိုက်လေ၏။ စိုထိုင်းမှုတွေကို ခဝါချလျက် နှင်မြူမှုန် အအေးဓာတ်ဖြင့် ဆောင်းရတုက မိမိတို့ မှီတင်းနေထိုင်ကြသော ကမ္ဘာမြေအား ထွေးပတ်ခဲ့ပေပြီ။

တစ်နှစ်တစ်နှစ်တာ ကာလသည် ဘာမျှတော့ မကြာလိုက်။

၂၀၁၄ ဟူသော ကာလသည် နိဂုံးကမ္ပတ်အဆုံးသတ်ဖို့ရာ ဟန်ပြင်နေပေပြီ။ မကြာခင်မှာ လှပသစ်လွင်သော နှစ်တစ်နှစ် လာဦးမည်ဖြစ်ရာ ကာလအသစ်၊ ကာလတစ်နှစ်အား မင်္ဂလာပါဟု ခွန်းဆင့်ကြိုဆိုရင်း...

### ၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

ဒီဇင်ဘာလ (၂)၊ (၇)၊ (၁၀)၊ (၁၂)၊ (၂၇) စသော ရက်များသည် နေအိမ်တိုက်တာများဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

ဒီဇင်ဘာလ (၁၇)၊ (၂၅) စသော ရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ ရေနေသတ္တဝါ ဖမ်းဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၂)၊ (၁၀)၊ (၁၉)၊ (၂၇)၊ (၂၈) စသော ရက်များသည် ရေနေသတ္တဝါများဖြစ်ကြသည့် ငါး၊ ပုစွန် အစရှိသည်တို့ကို ဖမ်းယူဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၂)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၈) စသောရက်များသည် ရွှေတွင်းများ၊ ကျောက်တွင်းများ တူးဖော်ထုတ်လုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

ဒီဇင်ဘာလ (၁)၊ (၂)၊ (၇)၊ (၁၀)၊ (၁၇)၊ (၂၇)၊ (၃၀) စသော ရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၆။ လက်ထပ်မင်္ဂလာ ကျင်းပရာ -

ဒီဇင်ဘာလ (၁)၊ (၂)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၂၈) စသော ရက်များသည် လက်ထပ်မင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ ခရီးဝေးနီး ထွက်ဖို့ရာ

ဒီဇင်ဘာလ (၁) (၂)၊ (၃)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၇)၊ (၃၀) စသောရက်များသည် ရပ်ဝေးရပ်နီး ခရီး ထွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ လယ်ထွန်မင်္ဂလာပြုဖို့ရာ

ဒီဇင်ဘာလ (၁) (၂)၊ (၃)၊ (၇)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၇)၊ (၃၀) စသောရက်များသည် လယ်ထွန် မင်္ဂလာပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

၉။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ

ဒီဇင်ဘာလ (၃)၊ (၄)၊ (၁၀)၊ (၁၅)၊ (၂၂)၊ (၃၀) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများနှင့် စပ်လျဉ်း၍ အဆင်ပြေအောင် ဆောင်ရွက်နိုင်သည့် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၁၀။ ကျောင်း/အိမ်ဆောက်ဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၂)၊ (၃)၊ (၇)၊ (၁၀)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၁၉)၊ (၂၅)၊ (၂၈)၊ (၃၀) စသော ရက် များသည် ကျောင်းများ၊ လူနေအဆောက်အအုံများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။

၁၁။ အရောင်းအဝယ်ပြုဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၂)၊ (၃)၊ (၇)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၇)၊ (၃၀) စသောရက်များသည် ကုန်ရောင်းကုန် ဝယ်ပြုလိုသည့် ကိစ္စရပ်များဆောင်ရွက်ရန် အကောင်း ဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ သီးနှံမျိုးစေ့ကြဲဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၂)၊ (၃)၊ (၇)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၇)၊ (၃၀) စသောရက်များသည် သီးနှံမျိုးစေ့ များကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ ရေတွင်းရေကန် တူးဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၂)၊ (၃)၊ (၅)၊ (၇)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၇)၊ (၃၀) စသောရက်များသည် ရေတွင်း ရေကန်များ တူးဖော်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ အတတ်ပညာ သင်ဖို့ရာ

ဒီဇင်ဘာလ (၇)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၂၃)၊ (၃၀) စသောရက်များသည် အတတ်ပညာများ သင်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ ရှင်ပြုနားသ ကျင်းပဖို့ရာ

ဒီဇင်ဘာလ (၂)၊ (၅)၊ (၁၀)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၂)၊ (၂၈)၊ (၃၀) စသော ရက်များသည် ရှင်ပြုနားသ မင်္ဂလာပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

၁၆။ နေအိမ်ပြောင်းရွှေ့လိုလျှင်

ဒီဇင်ဘာလ (၁)၊ (၂)၊ (၇)၊ (၁၄)၊ (၁၉)၊ (၂၈) စသော ရက်များသည် နေအိမ်ပြောင်းရွှေ့ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ အောင်ဘာလေထီ ထိုးဖို့ရာ

ဒီဇင်ဘာလ (၃)၊ (၂၂)၊ (၂၄)၊ (၂၈) စသော ရက်များသည် အောင်ဘာလေထီထိုးရန် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၁၈။ မင်္ဂလာအခါပေးဖို့ရာ


ဒီဇင်ဘာလ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၃၁) စသော ရက်များသည် မင်္ဂလာ အခါပေးသင့်သည့် ရက်ကောင်းများ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com



# ထိုင်းနိုင်ငံ
# နက္ခတ္တဗေဒဆရာကြီး မိုဒူးပိုက်ဆံ ၏
# လအလိုက်အဟော

## နိုဝင်ဘာလ

(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ရှုပါ။)

■ ဦးတိုး(တက္ကသိုလ)

**မကာရ ရာသီဖွား (ဆိတ်ရုပ်)**
**ဇန်နဝါရီလ ၁၄ မှ ဖေဖော်ဝါရီလ ၁၂**

ယခုလတွင် သင်ကံကောင်းနေပါမည်။ ယခင်ခုံးရှုံးခဲ့မှုကို ပြန်လည်ရယူနိုင်မည်။ ခေါင်းရာသီမကုန်ခင်မီ သင်၏ ဘဝ စိုပြည်တောက်ပနေကာ အချစ်ရေးမှာလည်း ချိုမြိန်ထူးကဲရှိနေပါလိမ့်မည်။

**ကုံရာသီဖွား (ရေထမ်းယောကျ်ားရုပ်)**
**ဖေဖော်ဝါရီလ ၁၃ မှ မတ်လ ၁၄**

သင်သည် အလုပ်ကို ပင်ပန်းစွာ လုပ်ကိုင်နေရမည်။ နိုဝင်ဘာလ ၁ ရက်မှ ၁၄ ရက်အတွင်း ငင်းလုပ်ငန်းမှ အကျိုးအမြတ်များ ပေးပါလိမ့်မည်။ ငွေရေးကြေးရေးနှင့် ရှုပ်ရှေးပြဿနာများကြောင့် သင်မောပန်းနေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## မိန်ရာသီဖွား (ငါးနစ်ကောင်ရုပ်)

## မတ်လ ၁၅ မှ မတ်လ ၁၂

အခက်အခဲ အတားအဆီးအားလုံးကို ထိုးဖောက်နိုင်ရန် သင်အလုပ်ကို ပင်ပန်းကြီးစွာ လုပ်ကိုင်နေရပါမည်။ အကယ်၍ သင်သည် နစ်ကြိမ်ခန့် ကြိုးပမ်းအားထုတ်လိုက်လျှင် အလုပ်တစ်ခုကိုသော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းသော်လည်းကောင်း သဘောတူညီမှုရရန် အောင်မြင်စွာ ဆောင်ရွက်နိုင်ပါလိမ့်မည်။ အချစ်ရေးနှင့် ကျန်းမာရေးကိစ္စများတွင် မကြာခဏ ငွေကုန်နေရပါလိမ့်မည်။

## မိဿရာသီဖွား (သိုးထီးရုပ်)

## ဧပြီလ ၁၃ မှ မေလ ၁၃

ဤလစတင်သည့်အချိန်မှ သင်၏ကံကြမ္မာ ကောင်းနေပါသည်။ သင်၏ဘဝသည် လန်းဆန်းနေမည်။ သို့သော်ငြားလည်း နိုဝင်ဘာလ ၁၄ မှ ၃၀ ရက်နေ့အကြား၌ သင်၏ဘဝတွင် အလှည့်အပြောင်းတစ်ခုနှင့် ကြုံလိုက်ရမည်။ သင်သည် စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် ကြုံရတတ်သည်။



## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)

## မေလ ၁၄ မှ ဇွန်လ ၁၄

ဤဆောင်းရာသီတွင် ပင်ပင်ပန်းပန်း လုပ်ကိုင်နေရ မည်။ နိုဝင်ဘာလ ၁ ရက်မှ ၁၄ ရက်အကြား အရောင်း ဦးတည်ချက်၊ အပေးအယူလုပ်ခြင်း၊ ဈေးနှုန်းသတ်မှတ်ခြင်း ဘဏ်ငွေချေးယူနိုင်ရေး တိုးချဲ့ရန်၊ သို့မဟုတ် အလုပ်သစ် ပြောင်းလဲလုပ်ကိုင်ခြင်းတို့တွင် ရလဒ်ကောင်းရရန် အောင်မြင် စွာ ဆောင်ရွက်နိုင်မည်။ ယခုလတွင် သင်ကံကောင်းနေပါ မည်။ နိုဝင်ဘာလ ၁၅ ရက်မှ ၃၀ ရက်ကာလအကြား၌ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုမှနေ၍ ငွေဒလဟော ဝင်လာ ရန် မျှော်လင့်နိုင်သည်။ အစုပေါ် အမြတ်ငွေရရှိပြီး သင်၏ အချစ်ရေးမှာလည်း ချိုမြိန်နေပါလိမ့်မည်။

## မေထုန်ရာသီဖွား (အမြွှာရုပ်)

## ဇွန်လ ၁၅ မှ ဇူလိုင်လ ၁၅

အောက်တိုဘာလ ၁ ရက်မှ ၂၁ ရက်အကြား သင်၏ လုပ်ငန်းခွင်တွင် အမှားကိုင်တွယ်မိ၍ ပြစ်တင်ဝေဖန်ခြင်းခံရ သောအခါ တည်ငြိမ်စွာရှိနေပါစေ။ အောက်တိုဘာလ ၂၁ ရက်မှ နိုဝင်ဘာလ ၁၄ ရက်အကြားတွင် ပျောက်ဆုံးနေသော ပစ္စည်းများကို ပြန်လည်ရရှိပါလိမ့်မည်။ ဆောက်လုပ်ရေးစီမံ ချက်တစ်ခုကို စတင်ရပြီး မြေတစ်ကွက်ရောင်းချလိုက်ရမည်။ နိုဝင်ဘာလ ၁၅ ရက်မှ ဒီဇင်ဘာလ ၈ ရက်အကြား ဆောင်း ရာသီအတွင်း စီးပွားရေးလုပ်ငန်းများ လည်ပတ်မှုကောင်းမွန် လျက်ရှိပါနေကာ အရောင်းဦးတည်ချက်တစ်ရပ်မှာလည်း ပြည့်မီသွားပါလိမ့်မည်။ ငွေအမြောက်အမြားဝင်မည်။ မတော် တဆမှုဖြစ်တတ်၍ သတိထားပါ။ ဒီဇင်ဘာလ ၉ ရက်မှ ၃၁ ရက်အကြားတွင် သင်၏ဘဝနှင့် ချစ်မေတ္တာရေးတို့၌ ကံကောင်းမှုများဖြင့် ဝိုင်းရံနေပါလိမ့်မည်။

## ကရကဋ်ရာသီဖွား .(ပုစွန်လုံးရုပ်)

## ဇူလိုင်လ ၁၆ မှ ဩဂုတ်လ ၁၆

ယခုလတွင် သင့်အားစိုးမိုးထားသော ဂြိုဟ်သည်



www.burmeseclassic.com

www.burmeseclassic.com

တောက်ပနေပါသည်။ အလုပ်အကိုင်၊ စီးပွားရေးလုပ်ငန်း သဘောတူညီမှု အချစ်ရေးနှင့် ငွေရေးကြေးရေးတို့တွင် အလားအလာကောင်းနေပါမည်။

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
## ဩဂုတ်လ ၁၇ မှ စက်တင်ဘာလ ၁၆

သင်၏ အစီအစဉ်ကို ဆက်လက်ရှေ့တိုး၍ ဆောင်ရွက်ရန် ဆုံးဖြတ်မလား၊ သို့တည်းမဟုတ် ၎င်းကို ဖျက်သိမ်းပစ်လိုက်ရမလားဟု စဉ်းစားရန် အချိန်ကျရောက်နေပါပြီ။ အလုပ်အကိုင်တစ်ခုသို့ ပြောင်းလဲလုပ်ကိုင်ရန် (သို့) သဘောတူညီမှုအတွက် ဆုံးဖြတ်ချက်ချရန် လိုအပ်နေပြီ ဖြစ်သည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၇ မှ အောက်တိုဘာလ ၁၆

သင်၏ကံကြမ္မာ တောက်ပနေပုံရပါသည်။ ယှဉ်ပြိုင်ရမှုတစ်ခုတွင် အနိုင်ရပြီး အရောင်းဦးတည်ချက်တစ်ခု အောင်မြင်ပြီးမြောက်သွားမည်။ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုမှ ငွေဒလဟော ဝင်လာနိုင်သည်။ ကျန်းမာရေးမကောင်းသဖြင့် ဆေးရုံတက်ရတတ်သည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ မှ နိုဝင်ဘာလ ၁၆

သင့်အနေဖြင့် ပင်ပင်ပန်းပန်းလုပ်ကိုင်ထားသမျှ အလုပ်အားလုံး ဝင်ငွေကောင်းမည်။ လူ့ဒါန်းရေးတစ်ခုတွင် သင်ပါဝင်ဆောင်ရွက်ရပါလိမ့်မည်။ သင်၏အလုပ်အကိုင်မှ ငွေပိုမိုဝင်လာစေပြီး သင်၏ချစ်မေတ္တာရေးမှာလည်း နွေးထွေး၍ ပျော်ရွှင်နေရပါမည်။

## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၇ မှ ဒီဇင်ဘာလ ၁၅

သင်၏ရုံးတွင် သင့်အားပေးထားသောတာဝန် ပြောင်းလဲ၍ လုပ်ကိုင်နေရမည်။ ယခုလတွင် ပြောင်းရွှေ့ခံရဖွယ်ရှိပြီး



စိတ်ဓာတ်ကျနေပေလိမ့်မည်။ သို့သော်ငြားလည်း အရောင်းဦးတည်ချက်တစ်ခု အောင်မြင်ပြီး စီးပွားရေးလုပ်ငန်း ထည့်ဝင်ထားသည် ... 

## မနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
## ဒီဇင်ဘာလ ၁၆ မှ ဇန်နဝါရီလ ၁၃

ငွေကြေးမတည်ရေးကိစ္စရပ်များနှင့် ညှိနှိုင်းရန် ရုတ်တရက်ခရီးထွက်ခွာသွားရတတ်သည်။ သို့တည်းမဟုတ် အရေးပေါ်အစည်းအဝေးတစ်ခုသို့ တက်ရောက်ရပါမည်။ ဒွိဟဖြစ်စေသော ကိစ္စရပ်များတွင် တစ်ဦးတည်း မဆုံးဖြတ်သင့်ပေ။ သင့်အနေဖြင့် တစ်စုံတစ်ရာကိုသော်လည်းကောင်း၊ တစ်စုံတစ်ဦးကိုသော်လည်းကောင်း ဆုံးရှုံးသွားလိမ့်မည်။ ဤသည်က သင့်အား အကြီးအကျယ် ဝမ်းနည်းကြေကွဲစေပေလိမ့်မည်။

**ဦးတိုး(တက္ကသိုလ)**

***Reference:***

The Bangkok Post's LIFE
Year of the HORSE
Your month-by-month
horoscope for 2014
By MOHDU PAISARN

www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၄ ခုနှစ် ၊ ဒီဇင်ဘာလ

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

**ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စိတ်ဓာတ်မကျပါနှင့်။ ဇွဲလုံ့လနှင့် ကြိုးစားလုပ်ကိုင်ပါ။ သူတော်ကောင်း မစမည်။ ကယ်သူ၊ ကူညီသူ ပေါ်မည်။ လုပ်ငန်းအတားအဆီး၊ အခက်အခဲဟူသမျှကို ကျော်လွှားနိုင်ပြီး အကြံအစည်ထမြောက်အောင်မြင်မည်။ စီးပွားရေးလုပ်ငန်းအသစ် တည်ထောင်လျှင် အကျိုးပေးမည်။ ရင်းနှီးမြှုပ်နှံပါ။

### ရှောင်ကြဉ်ရန်အချက်များ

အခွင့်ကောင်းကို လက်မလွှတ်ပါစေနှင့်။ တွေးနေ၊ ဝေးနေလျှင် အခွင့်ကောင်း ဆုံးရှုံးတတ်၏။ ချစ်သူဝိုင်းဝိုင်းလည်နေမည်။ အကောင်းဆုံးတစ်ယောက်ယောက်ကို အမြန်ရွေးချယ်ပါ။ အရွေးချယ်မမှားပါစေနှင့်။ အိမ်ထောင်ကျကိန်းရှိသည်။ ခရီးဝေးရှောင်ပါ။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဖြိုဟ်ဆိုး(ကံဆိုး)ဘဝမှ လွတ်ကျွတ်တော့မည်။ စီးပွားရေးလုပ်ငန်း တည်ထောင်ရန် ပြင်ဆင်ထားနိုင်ပါပြီ။ ရင်းနှီးမြှုပ်နှံပါ။ အကျိုးထူးမည်။ လုပ်ငန်းအကြံအစည် အောင်မြင်မည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း လက်ထပ်ခြင်းကို ခဏ ခေတ္တ ရွှေ့ဆိုင်းထားပါဦး။ မရွှေ့ဆိုင်းနိုင်လျှင် အကျိုးယုတ် တတ်ပါသည်။ ရေကြောင်းခရီးကို ရှောင်ပါ။ အိမ်မပြင်ပါနှင့် ဦး။ ခိုက်တတ်၏။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကောင်းနေရာ၏။ ကူညီမစမည့်သူများ ပေါ်ပေါက် လာလိမ့်မည်။ အခွင့်ကောင်းကို လက်မလွှတ်ပါစေနှင့်။ လုပ်ငန်းအကြံအစည် အောင်မြင်မည်။ ဝင်ငွေကိန်းရှိသည်။ အထည်ချုပ်လုပ်ငန်းလုပ်ပါ။ အကျိုးပေးမည်။

### ရှောင်ကြဉ်ရန်အချက်များ

ချစ်သူပေါ်မည်။ အရွေးချယ်မမှားပါစေနှင့်။ တတိယ ကြားလူ ဝင်တတ်၏။ နားမယောင်ပါနှင့်။ တို့မီးရှို့မီး သတိထားပါ။ ခရီးဝေးရှောင်ပါ။ လက်ထပ်ရန် မသင့်သေး ပါ။ အိမ်မပြင်နှင့်၊ ခိုက်တတ်၏။

### ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရုံးဝန်ထမ်းများ အလုပ်ကို ကြိုးစားလုပ်ကိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အထက်လူကြီးများ ကြိုက်အောင် လုပ်ကိုင်နေထိုင်တတ်ပါစေ။ မကြာမီ ရာထူးတိုးခြင်း ခံရပါမည်။ စီးပွားရေးလုပ်ငန်းများ၊ အခက်အခဲများတို့ကို ထိုးဖောက်နိုင်ပြီး အောင်မြင်မှုရရှိပါမည်။

## ရှောင်ကြဉ်ရန်အချက်များ

စက်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း မလုပ်သင့်။ အကျိုးပေးမည် မဟုတ်ပါ။ မီးဖိုချောင်မပြင်ရ။ ရေတွင်း၊ ရေကန်မတူးဖော်ရ၊ ရေမြောင်းမဖောက်ရ။ ရေကြောင်းခရီး ရှောင်ပါ။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းကိုလည်း ရှောင်ရပါမည်။ အလုပ်ပင်ပင်ပန်းပန်း လုပ်ကိုင်ခြင်း မပြုရ။ နာမကျန်းဖြစ်တတ်ပါသည်။ ခေါင်းကိုက်မည်။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံဆိုးကံကောင်း ဒွန်တွဲနေတတ်၏။ စီးပွားရေးလည်းလုပ်၊ ကုသိုလ်ကောင်းမှုလည်း လုပ်ပါ။ အလှူအတန်းလုပ်ပေးပါ။ ပိုမိုကံကောင်း စန်းပွင့်လာပါလိမ့်မည်။ စေ့စပ်နိုင်၏။ ခရီးထွက်လျှင် အကျိုးထူးမည်။

## ရှောင်ကြဉ်ရန်အချက်များ

သုံးပွင့်ဆိုင်အချစ်ပြဿနာ ကြုံတွေ့မည်။ ခေါင်းအေးအေးထား ဆုံးဖြတ်ပါ။ စေ့စပ်နိုင်ပါသော်လည်း လက်ထပ်သင့်သေး။ ခဏခေတ္တရွှေ့ဆိုင်းထားပါဦး။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။



## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ကိုင်ပါ။ အခက်အခဲများကို ကျော်လွှား၍ အောင်မြင်မှုရရှိမည်။ မိုးရွာတုန်းရေခံပါ။ ငွေရတုန်း စုဆောင်းထားပါ။ နောင်အခါ ငွေကြေးပြတ်လပ်မှုအား ကြိုတင်ကာကွယ်ထားပါ။

## ရှောင်ကြဉ်ရန်အချက်များ

ကြားလူ၊ ကြားစကားကို မယုံပါနှင့်။ နားမယောင်နှင့်။ သူတစ်ပါးအား ပုံမအပ်ရ။ လွယ်လွယ်နှင့် ယုံကြည်အပ်နှံခဲ့ပါလျှင် ပျက်စီးဆုံးရှုံးတတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။ ငွေအရမ်းထုတ်မချေးနှင့်။ အလိမ်ခံရမည်။ ပြန်ရမည်မဟုတ်ပါ။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း အစပိုင်းတွင် အဆင်ပြေချောမွေ့ပါသော်လည်း နောက်ပိုင်း၌ အဖျားရှူးတတ်ပါသည်။ အရောင်းအဝယ်စာချုပ် ချုပ်ဖြစ်မည်။ သေသေချာချာ စေ့စေ့စပ်စပ် သဘောပေါက်အောင် ဖတ်ရှုပြီးမှ လက်မှတ်ရေးထိုးပါ။ နားလည်မှုလွဲတတ်၊ မှားတတ်၏။ သတိထားပါ။

## ရှောင်ကြဉ်ရန်အချက်များ

ကြားလူ၊ တတိယလူ၏ တို့မီးရှို့မီးစကားကြောင့် စိတ်ပမ်းကွဲတတ်သည်။ ခေါင်းအေးအေးထားပါ။ ဆင်ခြင်ပါ။ ခရီးဝေးရှောင်ပါ။ စေ့စပ်နိုင်ပါသော်လည်း လက်ထပ်ခြင်း ခဏရွှေ့ဆိုင်းထားသင့်၏။ အကျိုးမဲ့ဖြစ်တတ်၏။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးပြိုင်ဘက်အား ကြိုတင်ကာကွယ်ပါ။ ထိုးနှက်မှုခံရတတ်၏။ ခံစစ်ကို လုံခြုံစွာ ပြင်ဆင်ပြုလုပ်ထားပါ။ ကံကြမ္မာညှို့နေသေးသဖြင့် ဘာသာရေး၊ ကုသိုလ်ကောင်းမှု၊ အလှူအတန်းများများ လုပ်ပေးပါ။ မကြာမီ ကံကောင်းသောပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

### ရှောင်ကြဉ်ရန်အချက်များ

လောင်းကစားမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကံစမ်းမှု၊ ထီထိုးခြင်း လုံးဝရှောင်ကြဉ်ပါ။ အကျိုးမဲ့ အချည်းနှီးဖြစ်တတ်၏။ စီးပွားရေးလုပ်ငန်း မတိုးချဲ့သင့်သေး။ အရှုံးပေါ်တတ်ပါသည်။ စေ့စပ်နိုင်ပါသော်လည်း လက်မထပ်သင့်သေး။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆွေ၊ သူတော်ကောင်း ကူညီမစမည်။ စိတ်အားမငယ်ပါနှင့်။ ကြိုးစားလုပ်ကိုင်ပါ။ တိုးတက်အောင်မြင်မှုရှိပါမည်။ တောင်သူလယ်သမားများ ပြည့်ဝစွာ ရိတ်သိမ်းခွင့်ရရှိမည်။ ကုန်သည်များ ဖောက်သည်အသစ်တိုးပွားမည်။ ဈေးရောင်းကောင်းမည်။ နှုတ်ချိုပါ။ သွက်သွက်လက်လက်ရှိပါ။

### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းဝင်လာတတ်၏။ လုံးဝလက်မခံသင့်။ လင်မယား၊ သားသမီးပြဿနာကြောင့် သဘောကွဲတတ်သည်။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ ရေကြောင်းခရီးရှောင်ပါ။ လက်မထပ်သင့်သေး။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်းလုပ်ကိုင်လျှင် စိတ်ရှည်သည်းခံ၊ ဇွဲလုံ့လစိုက်၍ လုပ်သင့်၏။ ဇွတ်မလုပ်ရ။ ဇွတ်လုပ်လျှင် ပျက်စီးဆုံးရှုံးတတ်ပါသည်။ ကုမ္ပဏီအသစ်တည်ထောင်လျှင် လူအင်အားအပြည့်၊ အရည်အသွေးရှိသူကို ဦးစားပေး ရွေးချယ်လုပ်ကိုင်ပါ။ လူအရွေးမမှားသင့်။ ဆုံးရှုံးတတ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ငွေအရမ်းထုတ်ချေးခြင်းမပြုရ။ အလိမ်ခံရတတ်၏။ ပြန်ရမည်မဟုတ်ပါ။ အိမ်ထောင်ရှင်များအဖို့ အချစ်သစ်ကြောင့် အချင်းများတတ်၏။ ခေါင်းအေးအေးထား ဆုံးဖြတ်ပါ။ ဆင်ခြင်ပါ။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာညှိုးနွမ်းနေတတ်၏။ စီးပွားရေးလုပ်ငန်း ခဏရပ်နားထားပြီး ဘာသာရေးလုပ်ငန်း၊ ကုသိုလ်ကောင်းမှု၊ အလှူအတန်းများများ လုပ်ပေးသင့်ပါသည်။ မကြာမီ လာဘ်ပွင့်လာပါလိမ့်မည်။ စန်းပွင့်လာပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

မီးဖိုချောင်နှင့်အိမ် မပြင်ကောင်း။ ခဏခဏတွေ့ ဆိုင်းထားသင့်၏။ ပြင်ပသွားလာမှု သတိထားပါ။ မတော်တဆ ခြေလက်ထိခိုက်မှု ဖြစ်တတ်၏။ ရေကြောင်းခရီးကို ရှောင်ပါ။ လက်မထပ်သင့်သေး။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အရောင်းအဝယ်စာချုပ် ချုပ်ဆိုဖြစ်တတ်သည်။ စာချုပ်ကို သေသေချာချာသဘောပေါက်အောင် ဖတ်ရှုပြီးခါမှ လက်မှတ်ရေးထိုးပါ။ နားလည်မှုလွဲတတ်၊ မှားတတ်ပါသည်။ ဆုံးရှုံးနစ်နာမှု ပေါ်တတ်၏။ ငွေကြေးစနစ်တကျ သုံးစွဲပါ။ ငွေကြေးပြတ်လပ်မှုအား ကြိုတင်ကာကွယ်ထားပါ။

### ရှောင်ကြဉ်ရန်အချက်များ

အိမ်ထောင်ရှင်အဖို့ အချစ်သစ်တွေ့တတ်၏။ ခေါင်းအေးအေးထားပါ။ စိတ်ထိန်းပါ။ သစ္စာရှိပါ။ အနက်ရောင် အဝတ်မဝတ်သင့်။ ရှောင်ပါ။ မီးဖိုချောင်ဝင်လျှင် သတိထားပါ။ ရေနွေးပူ၊ ဆီပူလောင်တတ်သည်။ ဆင်ခြင်ပါ။ မျက်စိထိခိုက်တတ်၏။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊
၂၀၁၄ ခုနှစ်၊
တရုတ်သုတစွယ်စုံကျမ်း။



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

# ဗုဒ္ဓအမွေနှစ်များ ဦးခိုက်ပူဇော်

မောင်စိုးထိုက်(သုံးဆယ်)



မြန်မာ့မှတ်တမ်းဝင် ပြင်ဦးလွင်မြို့တော်ဆီသို့

ယနေ့(၁၆-၄-၂၀၁၄) နံနက်(၆း၀၀)နာရီ စိန်ကမ္ဘာ ဟိုတယ်မှ လားရှိုးသို့ ပြန်လည်ထွက်ခွာမည်ဆို၍ ဗိုလ်တဲမှ နံနက်(၅း၀၀)နာရီ ထွက်နိုင်ရန် ကိုသိန်းဇော် (ရွှေလီဦး)က တုတ်တုတ်ကြိုတင်မှာကြားပြီး စိန်ကမ္ဘာ ဟိုတယ်သို့ ပို့ဆောင်ပေးသည်။ လားရှိုး-ပြင်ဦးလွင်ခရီးကို နံနက်(၆း၀၀)နာရီတွင် စတင်ထွက်ဖြစ်ကြသည်။

လူသားတို့၏ သဘာဝအတိုင်း သံစုံကြားရတော့သည်။ တစ်ဖက်နိုင်ငံ ရွှေလီ၊ ဝမ်တိမ်၊ မန်စီ ကြယ်ခေါင် ခရီးစဉ် မချောမမွေ့မှုများ၊ စိန်ကမ္ဘာဟိုတယ်တွင် သတ်မှတ်ဈေးပေး တည်းခိုသော်လည်း နံနက်ခင်းစာ မကျွေးသဖြင့် ရှာဖွေဝယ်စားကြရမှုများ၊ ဘုရားဖူးလုပ်ငန်းအဖွဲ့၏ (နေ့လည်စာ+ညစာ) ကျွေးမွေးမှုကို စားပွဲ၊ ကုလားထိုင် ကြမ်းပြင်မဲ့ (အဆင်ပြေသလို စားသုံးရမှုများ)ဟူသည် သံစုံဖြစ်ပါသည်။ စာရေးသူမိသားစုက နယ်ခြားဒေသ လေ့လာရေးဒုက္ခသာ ခံခဲ့ရသည်။

ယနေ့ခရီးစဉ်ကို (၆း၀၀)နာရီ စထွက်နိုင်ခဲ့သော်လည်း၊ နံနက်ခင်းစာအတွက် ရပ်ပေးသော နေရာကား ဝယ်စားရန်ပင် အစားအစာဆိုင်မရှိ မည်သည့်စိတ်ကူးနှင့် ရပ်နားပေးသည်ကိုပင် နားမလည်အောင် ဖြစ်ရပါသည်။ စာရေးသူတို့မိသားစုက ဒေသကုန်စုံဆိုင်ထဲမှ စားလို့ရသည့်မုန့်၊ အချိုရည်၊ ရေသန့်ဝယ်ပြီး ဖြည့်တင်းလိုက်သည်။ သိပ်မကြာပါ ရှေ့ခရီးဆက်ထွက်ဖြစ်ကြပါသည်။

လားရှိုးမြို့ မာန်ဆူမြန်မာဘုန်းကြီးကျောင်းသို့ နံနက်(၁၁း၀၀)နာရီဝန်းကျင် ရောက်ဖြစ်သည်။ စာရေးဆရာမ မမ(တရားရေး)နှင့်အဖွဲ့က ကြိုဆိုနှုတ်ဆက်ပါသည်။ ဆရာမက ဧည့်ဝတ်ပြုလိုကြောင်း၊ သူ့အိမ်ကို လိုက်လည်စေချင်ကြောင်း တဖွဖွပြောရှာပါသည်။ စာပေစိတ်ဖြင့် လာရောက်သူည့် ဆရာမ သကြိန်တွင်းလည်းဖြစ်၊ ဆရာမ၏ ပင်ကိုယ်ကျန်းမာရေးကလည်း အစားအသောက် အနေအထိုင်၊ ဂရုစိုက်နေရသူမို့ ကျေးဇူးတင်စကားပြောပြီး ပြန်ခိုင်းရပါသည်။

ယနေ့ နေ့လည်စာကို ရွှေကြေးစည်အဖွဲ့အနေနှင့် ကြိုတင်ချက်လာသည့် ထမင်းဟင်းဖြင့် ရောက်ပြီးမကြာခင် ကျွေးမွေးဖို့ စီစဉ်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ မကျွေးမီ မန်ဆူကျောင်းအတွင်း ရဟန်းခံရှင်ပြု ရှိနေသဖြင့် အလှူရှင်များက ဘုရားဖူးများကိုပါ လိုလိုလားလား ဖိတ်ကြားဧည့်ခံကြသည်။

ဧည့်ခံကျွေးမွေးသည့် ခန်းမတွင်း မလာရောက်ဘဲ သစ်ရိပ်၊ ကျောင်းဝင်းရိပ်တွင် အဆင်ပြေသလို နားနေကြသော ဘုရားဖူးများကိုပင် ဟင်းမျိုးစုံ၊ အကြော်၊ အသုတ်၊ လိုက်လံဖြည့်ဆည်း ဒါနပြုပေးကြပါသည်။ သာဓုခေါ်မိပါသည်။

လားရှိုးမြို့မှ ခရီးစဉ်ဆက်ထွက်ခဲ့ကြသည်။ လမ်းခရီးဒေသထွက်ကုန် လက်ဆောင်ပစ္စည်းရောင်းသည့် ကားရပ်နားစခန်းတွင် လက်ဆောင်ပစ္စည်းဒေသထွက်ကုန် ဝယ်ကြပြီး ခရီးဆက်ခဲ့ရာ နောင်ချိုမြို့နယ်အဖြစ် ဘုရားဖူး Guide ခေါင်းဆောင် သုခမိန်လေးက -

"ဘုရာဖူးဓားပြ မိတ်ဆွေများကို အသိပေးလိုပါတယ်။ ယနေ့ ညဥ့်ဦးပိုင်းလောက် ပြင်ဦးလွင် ခဲလယ်ကျောင်း ရောက်ပါတော့မယ်။ ခရီးစဉ်အရ ပြင်ဦးလွင်မှာ တစ်ညအိပ် ဆိုပေမယ့် မန္တလေးမှာ နေပူ ဖုတ်ထူ ခြင်ကိုက်တာမို့ ပြင်ဦးလွင်မှာ (၂)ည အိပ်ပါ့မယ်။ အဲဒီလိုအိပ်ပေမယ့် မန္တလေးဘုရားစုံ စာရင်းပါအတိုင်း တစ်ခုမကျန် ပို့ပေးပါ့မယ်။ တကယ်တော့ ကျွန်တော်တို့က စေတနာထား ပို့ပေမယ့် ဘုရားဖူးတွေမှာ ဗဟုသုတ အားနည်းတာတွေ မှတ်ဉာဏ်နည်းတာ တွေ့ရတတ်ပါတယ်။

ကျွန်တော့်ပြောတာ ဟုတ်,မဟုတ် ဉာဏ်စမ်းချင်ပါတယ်။"

"ရောက်ရှိပြီး ယခုခရီးစဉ် အစအဆုံး ပြောနိုင်တဲ့သူရှိရင် ထပြောပါ"

"ရွှေဘိုမြို့ဟာ ငါးမည်ရဆိုသလို ပြင်ဦးလွင်လည်း ငါးမည်ရပါ ဖြေနိုင်ရင် ဖြေပါ"

"ကားတစ်စီးလုံး ငြိမ်သက်နေပါလား"

ဟု ဆိုပြန်ပါသည်။ မဖြေနိုင်ကြ၍ မဟုတ်နိုင်။ ပြောပုံ မေးပုံ မယဉ်ကျေး၍ ဖြစ်မည်ထင်ပါသည်။ စာရေးသူသည် မြန်မာပြည်အနှံ့ စာပေတာဝန်၊ သာသနာပြုတာဝန်ဖြင့် အကြိမ်များစွာ ရောက်ဖူးသလို ယာဉ်ပေါ်ပါ ဓမ္မမိတ်ဆွေဘုရားဖူးများမှာ မိမိထက် နှံ့စပ်သူများ ပါဝင်နေသည်ကို ခရီးဖော်ချင်း သိခွင့်ရထားပါသည်။ ဤကလေးပြောပုံ နှုတ်ဝသီ မသိမ်မွေ့ပါလားဟု တွေးမိလိုက်သည်။

သီချင်းနှစ်သက်သူ အခြေခံပညာ အလယ်တန်း/အထက်တန်း အဆင့်ရှိသူတိုင်း မြန်မာပြည်ဖွား ဗုဒ္ဓဘာသာဝင် လူကြီး ကလေးတိုင်း၊ နားယဉ်ပြီး စွဲနေတယ်သည်က-

(၁) ငါးပါးသီလ၊

(၂) အဖေ ၊ အမေ

(၃) နိုင်ငံတော်သီချင်း

(၄) ရန်ကြီးအောင် ကုန်းဘောင်ခေတ်၊ နာသိယ်မုဆိုးဖို၊ ငါးမည်ရ-ပြည်ရွှေဘို

(၅) ပြင်ဦးလွင် (သို့) မေမြို့ ၊ ပန်းကမ္ဘာမျှော်စင်(ပန်းမြို့တော်)၊ မြွေလိမ်မြွေကောက်လမ်းကလေးများ (တောင်လှေကားမြို့)နှင့် နှင်းမှုန်မြို့တော်တို့ ဖြစ်ပါသည်။

စာပေဖွံ့ဖြိုးရေး အလှူရှင် ပခုက္ကူဦးအုံးဖေ (ကွယ်လွန်)က သူအမှားသူ ဖော်ထုတ်ဝန်ခံရေးသားသည့် ဆောင်းပါးတစ်ပုဒ် စာနယ်ဇင်းများတွင် ဖော်ပြပါရှိသဖြင့် ဖတ်ဖူးသည်။ စာပါအကြောင်းအရာ မဖတ်မီ ခေါင်းစဉ်ကို ဖတ်မိကတည်းက ကိုယ့်အပြစ် ကိုယ်သိစိတ်ဖြင့် ဖွင့်ဆိုရေးသားမည့်စာဟု သဘောပိုက်မိသည်။ သူ့ခေါင်းစဉ်က-

**"ကျွန်တော် ဘောင်ဘင်ခတ်သည်"** ဖြစ်ပါသည်။ စာရေးသူတို့ ဘုရားဖူး Guide လေးက သူ့ကိုယ်သူ မပြည့်အိုးဟုမထင်၊ ပြည့်လျှံနေသူဟု ဆိုနေပါသည်။ အဲ့ဖွယ်ကလေးပါဝင် -

ပြင်ဦးလွင် ခဲလယ်ကျောင်းသို့ ညဥ့်ဦးပိုင်းတွင် ရောက်ရှိခဲ့ကြသည်။

အမှန်တော့ ငါးမည်ရပြည်ရွှေဘိုသည် သမိုင်းဝင် မော်ကွန်းတင်အမည်များ ဖြစ်ပါသည်။ ငါးမည်ရ ပြင်ဦးလွင် (မေမြို့)အဖြစ် သမိုင်းမဝင်၊ စာမတင်ခဲ့ပါ။ မူရင်းအမည်သည် ပြင်ဦးလွင်(ခေါ်)ရှမ်းရွာလေး ဖြစ်ပါသည်။ (ငါးမည်ဟုထင်မှတ်မှားနေသည်မှာ) စာပေအနုပညာရှင်တို့၏ တင်စားဖွဲ့ဆိုမှု စွမ်းရည်ကောင်းကြောင့်ဟုသာ ဖြစ်ပါသည်ဟု သာဓကအဖြစ် တင်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com

မေမြို့ ။ ။ မေမြို့၏ အင်္ဂလိပ်နယ်ချဲ့များကို ခုခံတွန်းလှန်ရာတွင် ရှမ်းပြည်နယ်မှ တိုင်းရင်းသား သွေးချင်းသားချင်းတို့သည် မြန်မာတို့နှင့် သွေးစည်းကြရန် နောက်ဆုံးလာရောက်စုဝေးခဲ့ကြသည့် ပြင်ဦးလွင်(ခေါ်)ရှမ်းရွာတလေး ဖြစ်ပါသည်။

ခရစ်နှစ် ၁၈၈၆ ခုနှစ်တွင် ဘင်္ဂလား ခြေလျင်တပ်မှ ဗိုလ်မှူးကြီးမေသည် ပြင်ဦးလွင်တွင် တပ်စွဲခဲ့သည်။ ယင်းဗိုလ်မှူးကြီးမေကို အစွဲပြု၍ မေမြို့ဟု တွင်လာလေသည်၊ ရှေးအခါက မေမြို့မှာ မနုလူမျိုးများ နေထိုင်ရာအရပ်ဖြစ်၏။ ယခုမူကား အင်္ဂလိပ်၊ တရုတ်၊ အိန္ဒိယနှင့် ရှမ်းမြန်မာအမျိုးသားပေါင်းစုံ နေထိုင်ရာအရပ် ဖြစ်သည်။

မေမြို့သည် မန္တလေး၊ ရှမ်းပြည်နယ်နှင့် ရှေးအခါက တရုတ်ပြည် အနောက်ဘက်မှ ကုန်သည်များ စုဝေးရာဌာနဖြစ်၏။ မေမြို့တွင် ၅ ရက် တစ်ဈေးရှိသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက တိုင်းပြည်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲပြီး မည်သည့်ခေတ်အချိန်ကာလနှင့်မျှ မတူသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ မေမြို့မှ မူလအမည်ဖြစ်သော ပြင်ဦးလွင်ဟု ပြောင်းလဲခြင်းဖြစ်သည်။ အဖိုးတန် အမှတ်တရ ပြောင်းလဲမှုဟု သမိုင်းတင်စေပါသည်။

□

လူငယ်လေးများ ဖြစ်သဖြင့် စကားပြောပင် မပြေပြစ်။ ရှေ့ပိုင်းမှာ တင်ပြရေးခဲ့သလို ခရီးစဉ်တွင် အလွှာမျိုးစုံပါနေပါလျက်. . .

"ဘုရားဖူးမားပြမိတ်ဆွေများခင်ဗျား" ဟု အစချီစကားနိဒါန်းပျိုး ပြောလေ့ရှိခြင်းသည် အဂါ၀ရ ဖြစ်လှပါသည်၊ လောကနီတိ အဆိုအရ-

**'နှုတ်ကြမ်းလျှင် အမိယုတ်၊ ကိုယ်ကြမ်းလျှင် အဖယုတ်'** မို့ ဤကလေး အပြုအမူ အပြောအဆိုသည် တိုယ့်မိဘကိုပင် ထိခိုက်စေပါသည်။

တစ်ယောက်တည်း ကားသုံးစီး လူ(၁၂၀)ဝန်းကျင်ကို ဦးဆောင်ရသူမို့ ဟိုကားပြေး၊ ဒီကားပြေး စီမံခန့်ခွဲနေရတော့ ယဉ်ကျေးတဲ့စကားလုံးတွေ ရှာမတွေ့တာလည်း ဖြစ်နိုင်ပါသည်။ (သို့မဟုတ်) မွေးရာပါ အကျင့်ဆိုးလည်း ဖြစ်နိုင်ပါသည်။ ပြောလိုက်ပုံက -

"ကား(၃)စီး မပြောနဲ့၊ (၁၂) စီးအထိ၊ နိုင်အောင်ထိန်းလာတာ ဘုရားဖူးမားပြမိတ်ဆွေများ မကျေနပ်တာရှိရင် ပြောနိုင်တယ်၊ ကျွန်တော်တို့က အတွေ့အကြုံ များနေပြီ၊ ပြောပါ၊ ဒီဘက်နားက နားထောင်ပေးမယ်၊ ဟောဒီဘက်နားက ထုတ်ပစ်လိုက်မှာပဲ"

ကြောက်စရာစကားပါလား၊ ပထမအရွယ်စာရင်းဝင် လူငယ်လေး ပြောတဲ့စကားက သိမ်မွေ့ယဉ်ကျေးညင်သာမှုများ မပါ။ ဧကနိပါတ် ဇာတ်တော်လာကို ဖတ်မှတ်သင့်ပါသည်။

နွားလိမ္မာလေးက ကျေးဇူးရှိတဲ့ သခင်ပုဏ္ဏားကို ကျေးဇူးဆပ်ချင်လို့ အသပြာတစ်ထောင်ရစေချင်လို့-

**"ငါ၏နွားသည် ဇမ္ဗူဒိပ်၌ အားအကြီးဆုံးတည်း၊ တစ်စပ်တည်း ဖွဲ့အပ်သော လှည်းတစ်ရာကို တစ်ကောင်တည်း ဆွဲနိုင်၏"**

**လို့ ပြောပြီး မြို့က သူဌေးတို့နဲ့ လောင်းကြေးထပ်၊ လောင်းလေလို့ ပြောပေမယ့် သခင်ပုဏ္ဏားက တကယ့် 'အား' ပြပွဲနေ့မှာ နွားလိမ္မာ၏ စိတ်ရင်းအမှန်ကို မမြင်၊ အပြစ်မြင်ဝါဒဖြင့် နှင်တံကို ကိုင်မြှောက်ပြီး -**

**"ဟဲ့ ကောက်ကျစ်သောနွား သွားလော့၊ ဟဲ့ ကောက်ကျစ်သောနွား ဝန်ကိုဆောင်လော့" လို့ ကြိမ်းမောင်းပြစ်တင် ပြောဆိုမောင်းနှင်လို့ နွားလိမ္မာသည်ပင် ကြမ်းတမ်းသောစကားကို မနှစ်လိုသဖြင့် ဝန်ကိုလည်း မဆောင်၊ နှင်တံလည်း မမှုဘဲ ပေကပ်နေသဖြင့် သည်ပုဏ္ဏား အသပြာတစ်ထောင် မရသည့်အပြင် အသပြာတစ်ထောင် ဆုံးရှုံးခဲ့ရသည့် သာဓကကို သတိရစေချင်ပါသည်။**

ရွှေကြေးစည်အဖွဲ့ကို ရွေးချယ်အားပေး ကျေးဇူးပြုချင်သော ဘုရားဖူးမမှမိတ်ဆွေများကို Guide ဆရာလေးများအနေဖြင့် ကြမ်းတမ်းသောလေသံနှင့် စကားလုံးများ မသုံးသင့်ပေ။ ကြမ်းတမ်းစကားဆိုသူတိုင်း တစ်နေ့မဟုတ်တစ်နေ့ အမှားတွေ့ပေလိမ့်မည်၊ စာရေးသူမိသားစုအနေဖြင့် မရောက်ဖူးသေးသော(ကယား၊ ချင်း၊ တနင်္သာရီ) ခရီးစဉ်ရှိလျှင် ရွှေကြေးစည်ဘုရားဖူးလုပ်ငန်းအဖွဲ့ဖြင့် လိုက်ဦးမည် ဖြစ်ပါသည်။ ရောက်ဖူးပြီး ခရီးများတိုလည်း



www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်တစ်ကြိမ် ခရီးစဉ်အဖြစ် ထွက်ဖြစ်လျှင်လည်း လိုက်ဦးမည် ဖြစ်ပါမည်။

□

သို့သော် "အမိမြတ်သား၊ အဖမြတ်သား" Guide ဆရာများနှင့် ဆုံဆည်းခွင့်ရပါစေဟု ဆုတောင်းနေပါသည်။

စာရေးသူမိသားစုနှင့် ဗုဒ္ဓဂယာ ဘုရားဖူးခရီးဖော် မစစ်မိုးထွေး(မိုးမိုး)က ခဲလယ်ကျောင်းတွင် ကြိုတင်ရောက်ရှိ ကြိုဆိုနေပါသည်။ မမိုးမိုးက အိမ်ရှင်မ၊ သမီးနှင့် သား ငယ်တို့ကို သူ့အိမ်ခေါ်သွားပြီး၊ ရေချိုးအနားယူ ထမင်းကျွေးပြီး ည(၉း၀၀)နာရီခန့် ပြန်ပို့ပေးသည်။ စာရေးသူနှင့် သားလတ်က ခဲလယ်ကျောင်းတွင် နေခဲ့သည်။

ပြင်ဦးလွင်မြို့မှ စာပေပညာရှင် (သက်ကြီးကန်တော့ခံ ဆရာကြီး)မေမြို့ချစ်ဆွေထံ ပေးပို့ရန်များကို မမိုးမိုးကို တာဝန်ပေး အပ်နှံခဲ့ရသည်။

အမှန်တော့ ဆရာကြီးထံ စာရေးသူကိုယ်တိုင် သွားရမည့်ကိစ္စ ဖြစ်ပါသည်။ သကြၤန်ရေဒဏ်လည်း ကြောက်နေမိသည်။ ခါးအဆစ်အနာများကလည်း ရပ်/ထိုင်/သွား သတိထားနေရသည်မို့ ဆရာကြီးထံ မရောက်နိုင်တော့ပါ။ ထို့ကြောင့်လည်း မစစ်မိုးထွေး (မိုးမိုး)ကို အကူအညီတောင်းခဲ့ရခြင်း ဖြစ်ပါသည်။ မိုးမိုးက ဆရာကြီးထံ စာရွက်စာတမ်းများ ပို့ပြီးကြောင်း ဖုန်းသတင်းပို့ပါသည်။ ဆရာကြီးကိုယ်တိုင် ဖုန်းလွှဲကိုင်ပါသည်။ သူ့တည်းခိုခန်းတွင် မိသားစု(၅)ဦးအတွက် တည်းခိုရန် နေရာချန်ထားတာ မလာလို့ စိတ်မကောင်းဖြစ်နေကြောင်း ပြောပါသည်။ မိမိကျန်းမာရေးအခြေအနေကို အကျိုးအကြောင်း တင်ပြပြီး တောင်းပန်လိုက်ရပါသည်။

□

## ပန်းမြို့တော်အနှံ့ ဘုရားလည်းဖူး အပမ်းလည်းဖြေ

ယနေ့ (၁၇-၄-၂၀၁၄) နှစ်ဆန်းတစ်ရက် နံန (၇း၀၀)နာရီတွင် ခဲလယ်ကျောင်းမှ စတင်ထွက်ခွာ ပြင်ဦးလွင်မြို့ပေါ် ဘုရားဖူးရန်နှင့် လေ့လာရေး ထွက်ခဲ့ကြသည်။

ဦးစွာ စုပေါင်းစားသောက်ဆိုင်တွင် မိမိအ အစဉ်ဖြင့် နံနက်ခင်းစာ စားသောက်ရသည်။ မြန်မာ ရှမ်းစာ၊ အအေးစုံ၊ အမယ်စုံရသည်။ ဘုရားဖူးများ ကို ငွေနှင့်ကိုယ် စိတ်တိုင်းကျ စားသုံးခွင့်ရသဖြင့် စုပေါ စားသောက်ဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်းများကို ကျေးဇူးတင် ကြသည်။

စားသောက်ပြီး ဆုတောင်းပြည့် မဟာအံ့ထ ကံသာ ဘုရားကြီးသို့ ပို့ပေးသည်။ ဘုရားဖူးအချိ (၁း၀၀)နာရီ ပေးထားသည်။ လုံလောက်ပါသည်။ နံန (၁၁း၀၀)နာရီ ရွှေ့ခရီးဆက်ရန်ဖြစ်သည်။

သို့သော် လက်တွေ့တွင်တော့ 'တစ်ယောက် စောင့်ရင်း (၁၁း၃၀) နာရီကျော်ကြာသည့်တိုင် ကားမထွ နိုင်သေး၊ ကားပေါ်ရောက်နေသူများ၏ အသံစုံ ထွက်လာကြပြီ၊ မလိုအပ်ဘဲ အချိန်ကုန်နေသည်ကို နှမြ နေပုံရသည်။ ဤလိုသာဆို ဘုရားဖူးခရီးစဉ် အားလုံ ရောက်ဖို့ မလွယ်ကူနိုင်၊ Guide တွေလည်း ဘာလုပ် လုပ်ရမှန်းမသိ ဖြစ်နေသည်။

တော်သေးသည်က ပျောက်နေသူမှာ အမျိုးသာ ဖြစ်နေသည်။ အပိုချိန် မိနစ်(၄၀)ခန့်အကြာ 'တစ်ယော လို' အမျိုးသားဆိုင်ကယ်ဖြင့် ရောက်လာသည် မဟာအံ့ထူးကံသာ ဘုရားကြီးမုခ်ပေါက် မှားဆင်းသွ ရာက အဝေးပြေးလမ်းမကြီးဘက် ရောက်သွားပြ မျက်စိလည်နေ၍ ဆိုင်ကယ်ငှားပြန်လာရကြောင်း သိ သည်။ မြန်မာတို့က စိတ်ဆိုးတစ်ခဏမို့ အားလုံးစိတ် မကောင်းပင် ဖြစ်သွားကြသည်။

ရွှေ့ခရီးက ပွဲကောက်ရေတံခွန် လေ့လာ အပန်းဖြေခရီးဖြစ်သည်။ ဝင်ပေါက်မရောက်မီ တစ်မိုင်



www.burmeseclassic.com

www.burmeseclassic.com

ဘွာလောက်ကတည်းက ကားကြီးများကို ပေးမဝင်တော့သဖြင့် ခြေလျင်လျှောက်ဝင်ရသည်။ အငှားဆိုင်ကယ်တစ်ယောက် ၅၀၀ိ ဖြင့် နှစ်ယောက်စီး ၁၀၀၀ိ/-နှုန်းဖြင့် ဂိတ်ဝထိသွားနိုင်/ပြန်နိုင်သည်။ ဂိတ်ဝင်ကြေး ၂၀၀ိ/-ပေးရသည်။

စာရေးသူက အကြိမ်ပေါင်းများ ရောက်ဖူးသည့်အတစ်ကြောင်း၊ ခြေချော်လဲပြီး ခါးနာ၍လည်းကောင်း၊ ဂိတ်ပေါက်အဝင် ဥယျာဉ်အတွင်းရှိ အသင့်ဖျော်လက်ဖက်ရည်၊ ကော်ဖီနှင့် အခြားဖျော်ယမကာ အရောင်းဆိုင်လေးတွင် မိသားစုကို ထိုင်စောင့်ပေးသည်။ အပန်းဖြေချိန် (၂)နာရီ ပေးထားသည်။

ကားပေါ် လူစုံပြန်တက်ပြီးသည်နှင့် ခဲလယ်ကျောင်းပြန် နေ့လည်စာ စားကြသည်။ ခေတ္တနားပြီး ညနေ(၃)နာရီ ပြန်ထွက်၊ ဘုံကျောင်း လေ့လာကြသည်။ ဘုံကျောင်းရှေ့ ပန်းပင်ပျိုးပင်မျိုးစုံ ဈေးတန်းမှ သစ်ပင်စိုက်ပျိုးပင်များ၊ ပန်းမျိုးစုံ လက်ဆောင်အဖြစ် ဝယ်ကြပြန်သည်။

ရှေ့ခရီးအဖြစ် ကန်တော်ကြီး၊ ရုက္ခဗေဒဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာတို့တွင် (၂)နာရီ လည်ပတ်ခွင့်ပေးပြန်သည်။ တကယ်တမ်းကျတော့ (၃)နာရီမျှ ကြာမှလူစုံသည်။ နှီးဘုရားကိုရောက်တော့ နေဝင်စပြုနေပြီဖြစ်သည်။

နှစ်ဆန်းတစ်ရက်နေ့ သင်္ကြန်ရေပွဲတော်က နှီးဘုရားဝင်ပေါက် မရောက်ခင်ကတည်းက ကား+လူတို့ပိတ်ဆို့နေသည်။ မုခ်ဦးအပြင်မှ နှီးဘုရားကျောင်းတော်ရောက်အောင် (၁၅)မိနစ် (၂၀)ခန့်ကြာအောင် တိုးဝှေ့သွားရသည်။ ဘုရားကန်တော့ လှူဒါန်းပြီး ကားရှိရာပြန်ရသည်။

အသွားအပြန် (၁)နာရီလောက် ကြာသည်မို့ မှောင်စပျိုးနေပြီ။

လူစုံ ကားထွက်တော့ မှောင်ချေပြီ၊ လာလမ်းကမှတ်မရ၊ ရွာလမ်းထဲမှ လမ်းပြအကူအညီဖြင့် ခက်ခက်ခဲခဲ ထွက်ရသည်။ အလင်းရောင်၊ လရောင်မရှိ ဆီမီးရောင်မရှိ မှောင်နှင့်မည်းမည်းထဲ၊ ဘယ်နှင့် ညာတွင် ချောက်၊ မြောင်းနှုတ်ခမ်း ဘီးတစ်ခြမ်း စီနင်းပြီး ထွက်ခဲ့ရသည်။ အကောင်းထောက်မ၍ စိုးရိမ်စိတ်မြောက်များဖြင့် ထွက်လမ်းပေါ်ရောက်မှ သက်မချနိုင်သည်။

ခဲလယ်ကျောင်း ပြန်ရောက်မှ ရေချိုး၊ ညစာစား၊ နားရန် ဖြစ်ပါသည်။ ခဲလယ်ကျောင်းသည် ဘုရားဖူးခရီးသည် များစွာဆန့်သော ကျောင်းကြီးဖြစ်ပါသည်။ ပရိသတ်မည်မျှများများ လွတ်လပ်စွာ နားနေနိုင်သည်။

အမောဖြေကြ၊ ရေချိုးကြ၊ ကျွေးတဲ့ထမင်း၊ ဟင်းအဆင်မပြေသော်လည်း ဗိုက်ပြည့်ရေး စားဝင်နိုင်သမျှ စားကြသည်။ ငါးခြောက်နှင့်ချက်တဲ့ ကုလားဟင်းထဲ ဘယ်လိုကနေ ဘယ်လို ဝက်သားဖတ် ပါလာသည်မသိ ဝက်မစားသူအတွက် အခက်တွေ့ရပြန်သည်။ စတီးပန်းကန်၊ ပုံစံခွက်တွေ သန့်သန့်ရှင်းရှင်း မဟုတ် ချောကျိချောကျိ ဖြစ်နေသည်။

ဖြစ်စဉ်က ထမင်းချက် လုပ်သားတစ်ဦး ရေနွေးပူလောင် ဒဏ်ရာရသဖြင့် လုပ်နေကျ မဟုတ်သူများက ကူညီဝန်ဆောင်ကြ၍ဟု သိရသည်။

ပြန်လာခါနီးမှ စိတ်မကောင်းစရာများ ထပ်မံကြုံရကြားရသည်။ အတော့်ကို အဆင်မပြေလှပါ။ ဘုရားဖူး ဓမ္မတွေကများ ဝန်ဆောင်မှုကမနိုင် ဖြစ်ရတော့သည်။

ဟန်းဆက်ပျောက်သူတွေပျောက်၊ ပိုက်ဆံအိတ်ပျောက်သူပျောက်ဆိုသည့် 'အသံတွေလည်း ကြားရပြန်သည်။

ဖိနပ်များတာ ပျောက်တာလည်း ပါရဲ့။

ရွှေကြေးစည်အဖွဲ့ ထမင်းချက်လုပ်အားရှင်လေး၏ အကောင်းစားဟန်းဆက်လည်း ပျောက်ဆုံးမှု စာရင်းဝင်ဟု ကြားရသည်။ အချို့က ဟန်းဆက်ပျောက်သော်လည်း ဆင်းကတ်ပြန်ရသည်။ ဖုန်းဆက်ကြည့်တော့ ဖုန်းကိုင်ပြီး စကားပြန်မပြော ဖြစ်နေသည်ဟုဆိုသည်။ အဖြေက ဆုံးပြီဖြစ်ပါသည်။

ခရီးစဉ်အရ မန္တလေးသည် နေပူ၊ ဖုန်ထူ ခြင်ကိုက်သည်ဆိုကာ မန္တလေးတွင် ညအိပ်ရမည့်အစား ပြင်ဦးလွင်တွင် တစ်ညပိုအိပ်သည်ကို အပြစ်မဆိုသာသော်လည်း တစ်ရက်ပိုအိပ်သည့်ညတွင် ပစ္စည်းပျောက်၊ ငွေပျောက်ကြသဖြင့် စိတ်မကောင်း ဖြစ်ရသည်။

မန္တလေးမဟာမြတ်မုနိ ရုပ်ပွားတော်ကြီး အရှင်တော်မဖူးဘူးသော ဘုရားဖူးအတွက် အစားထိုးမရနိုင်



www.burmeseclassic.com

www.burmeseclassic.com

သော ဆုံးရှုံးမှုဖြစ်သည်ကို တာဝန်ခံ Guide များကတော့ မသိမဖြစ် သိမည်ဖြစ်ပါသည်။ စာရေးသူသည် မန္တလေးကို အကြိမ်ကြိမ် အထပ်ထပ်ရောက်သူဖြစ်သည်။ ဘယ်နှကြိမ်ရောက်ရောက် အရုဏ်တော်ဖူးဖြစ်အောင် ဖူးရမှု ကျေနပ်ခဲ့သည်။

မည်သို့ပင်ဆိုစေ၊ ခါလယ်ကျောင်းတွင် တစ်ညတာ ထပ်မံအိပ်စက်ကြရမည်။

□

## အပူချိန် 40°C ကို အံတု မဟာမြတ်မုနိ ဘုရားကြီးကို မာရသွန်ဖူး

ယနေ့ (၁၈-၄-၂၀၁၄)သောကြာနေ့၊ နံနက် (၆း၀၀)နာရီ ကားထွက်ဟု ဆိုထားသည်။ မန္တလေးဘုရားစုံဖူးပြီး မိမိအရပ် မိမိအိမ် ပြန်ကြရမည်မို့လားမသိ၊ (၆း၀၀)နာရီတိတိ ကားပေါ်တွင် အသင့်ရောက်နေကြပြီဖြစ်သည်။ စုပေါင်းစားသောက်ဆိုင်တွင် နံနက်ခင်းစာဝင်ရောက်စားကြပြီး မန္တလေးကို ခရီးဆက်ခဲ့ကြသည်။

မန္တလေးမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး မုခ်ဦးရှေ့သို့ နံနက်(၉း၀၀)နာရီ ဝန်းကျင်ရောက်သည်။ ဘုရားဖူးချိန် (၁)နာရီ ပေးထားသည်။

မြန်မာနှစ်ဆန်း (၂)ရက်နေ့ ပိတ်ရက်ဖြစ်၍လားမသိ။ စောင်းတန်းတစ်လျှောက် ဘုရားဖူးများပြည့်နေသည်။ မျက်နှာတော်ရှေ့ရောက်အောင် တိုးဝှေ့ဝင်ရသည်။ အမြန်ဖူးကြ၊ လှူဒါန်းကြ ပြန်ထွက်ကြနှင့် စိတ်အရှက်တွေ ပျံ့လွင့်နေကြမည် ထင်ပါသည်။ ရွှေကြေးစည်လမ်းညွှန်လက်ကမ်းစာအရ စာရေးသူနှင့် မန္တလေးမှ စာပေသမားများ သာသနာ(၂၅၀၀)ကျောင်းတွင် ညဘက်တွေ့ရန် ချိန်းဆိုထားမိသည်။ သို့သော် ပြင်ဦးလွင်တွင် (၂)ည အိပ်သဖြင့် ချိန်းဆိုထားမှုတွေ လွဲချော်သွားသည်။ သို့သော် ဆရာမကြီး ဒေါ်ခင်ခင်ဝင်း(ပညာရေး)၊ ဆရာမခင်လေးငယ်တို့ကို ဖုန်းဆက်အသိပေးလိုက်သဖြင့် ဘုရားကြီး ရွှေဆိုင်းအရောင်းဌာနရှေ့မှ စောင့်ကြိုနေကြပါသည်။ စာပေကိစ္စများ အမြန်ပြောဖြစ်ကြပါသည်။



စာရေးသူ အမှန်ဆိုပါရစေ။ ယနေ့ ဘုရားကြီ ဖူးမြော်ပူဇော်လှူဒါန်းရခြင်းသည် အရုဏ်တော်ဖူးရသည် လောက် ကြည်နူးမှု နှလုံးစိတ်ချမ်းမြေ့မှု မပေါ်ဖါ။ မဟာ မုနိဘုရားကြီးကို ဖူးခွင့်ရချိန်သည် နေထွက်ချိန်ဖြစ်သော ကြောင့် အပူဒဏ်ကကြမ်း ရွှေမန္တလေးရှိ ဒေသခံများ ခရီးသွားဘုရားဖူးများ များပြားသဖြင့် စောင်းတန်းတစ် လုံး လူငွေ့ကပူ သဘာဝပူဖြင့် တိုးဝှေ့ဖူးရသည်။ မန္တလေး ကို ရောက်ဖူးသော်လည်း ဘုရားကြီး အရုဏ်တော် မဖူး ဘူးသူများ မရောက်ဖူးသေးသူများကို ဘုရားကြီး အရုဏ် တော် ပီတိကို ခမ္ဘဒါန ဖြန့်ဝေလိုက်ပါသည်။

□

## မဟာမြတ်မုနိ အရုဏ်တော်ဖူးမြော်ခြင်း

မန္တလာမြေသို့ ရောက်ဖူးသူများလည်း ရှိကြ သည်။ မရောက်ဖူးသူများလည်း ရှိနိုင်ပါသည်။ ရောက်ဖူး သူဖြစ်စေ၊ မရောက်ဖူးသူဖြစ်စေ၊ ဘုရားကြီး(မဟာမြတ် မုနိ) အရုဏ်တော်အား မဖူးတွေဖူးပါလျှင် ခွဲ့ကြည်ညို စိတ်တိုးစေရန် မျှဝေတင်ပြပါသည်။

www.burmeseclassic.com

၁၉၉၀ ပြည့်နှစ် နိဗ္ဗာန်ဆော် ဦးကျော်မြင့်(ခေတ်ရွှေဆောင်)၏ စီစဉ်ပေးမှု စနစ်ကျသောကြောင့် ဘုရားကြီး၏ အရုဏ်တော်မြင်ကွင်းကို ပထမအကြိမ်အဖြစ် ဖူးတွေ့ရခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။ ဘုရားကြီး မုခ်(၄)မုခ်တွင် နံနက် (၄)နာရီထိုးသည်နှင့် ဆွမ်းဦး၊ ဆီမီးဦး၊ ပန်းဦး၊ ရေကြည်တော်ဦး ကပ်လိုသူတို့ အလုအယက် နေရာယူထားကြသည်မှာ တိုးမပေါက်ပေ။ တိုးမပေါက်ဟု ဆိုသော်လည်း နံနက်(၅)နာရီမှ တံခါး(ဘာဂျာတံခါး) (၃)ထပ်ဖွင့်မည်ဖြစ်သည်။ တိုးဝှေ့နေရာယူရသော နေရာများမှာ စောင်းတန်း၏ ပထမဆုံးတံခါးဝတွင် ဖြစ်ပါသည်။ တိုက်(၂၀၀)လောက်အကွာမှ လှမ်းမြင်တွေ့နေရသော ဘုရားကြီးအား တံခါးဖွင့်သည်နှင့် သူ့ထက်ငါဦးအောင် လှူလိုသူတို့၊ ကြည်ညိုလိုသူတို့မှာ စိတ်စော စိတ်မောလျက် ရှိပေသည်။

ဘုရားကြီး၏ တံခါးများ၊ တံဆောင်းများမှ သတ်မှတ်ထားသော အချိန်စေ့ရောက်သည်နှင့် တာဝန်ရှိများမှ ဖွင့်လှစ်ပေးကြသည်။ ဘုရားကြီးအရုဏ်တော် လှူခွင့်ရကြပြီဖြစ်သည်။

ထိုသည်မှာ ပီတိမဖြစ်သေးပါ။ သာမန် လှူရိုးလှူစဉ်မျှသာဖြစ်မည်။

ထိုထက်ကြည်ညိုဖွယ်မှာ မျက်နှာတော်သစ်ခြင်းဖြစ်သည်။

ဂေါပကအဖွဲ့နှင့် နာယကဆရာတော်ကြီးမှ မျက်နှာတော်သစ်ပေးနေသည်မှာ ရင်ထဲ၌ ဖော်ပြမရနိုင်သော ခံစားမှုကို ကြည်ညိုဖွယ်အဖြစ် ခံယူလိုက်ရပါသည်။

စည်တော်ကြီး၏ အသံသည်လည်း ဘုရားဖူးများရင်ထဲ သာဓုအနုမောဒနာ ခေါ်မဆုံး ပီတိများ ပွံ့လွင့်တုန်ပါတော့သည်။

မျက်နှာတော်သစ်ခြင်း၊ မျက်နှာတော်သုတ်ခြင်း၊ သက်န်းတော် လွှမ်းခြုံခြင်းများမှာ သက်ရှိထင်ရှားရှိနေသော ဗုဒ္ဓမြတ်စွာဟုပင် ထင်မှတ်မိပါတော့သည်။

ဘုရားကြီး အရုဏ်တော်တွင် ကြည်ညိုနေကြသော ဘုရားဖူးများသည် ညောင်းညာရမှန်း သတိမရနိုင်တော့ပါ။ အချိန်မည်မျှ ကြာသွားသည်ပင် ကြည့်မနေကြတော့ပါ။ ဘုရားကြီးရှေ့မှ နေရာဖယ်ပေးရမှာ၊ ထသွားရမှာကို နှမြောနေကြမည် ထင်ပါသည်။ မကြုံဖူးသေး၍ဟု ဆိုချင်က ဆိုနိုင်ပါသည်။ သို့သော် ကြုံနေကြ၊ ဆုံနေကြ ရွှေမန်းသူ/သားများပင် ထိုခံစားချက်ရှိနေသဖြင့် ဘုရားကြီးအရုဏ်တော်အား အမီလာရောက် ပူဇော်သည်မှာ ဝတ်မပျက် ဖြစ်ပါသည်။ စာရေးသူအနေဖြင့် မိမိတစ်ထိုင်စာ နေရာလေးမှထရန် ဝန်လေးခဲ့သော်လည်း နံနက်(၅ နာရီ ၃၀ မိနစ်)တွင် ခရီးဆက်ရမည်ဖြစ်၍ နေရာဖယ်ပေးလိုက်ရသည်ကို မိမိပိုင်ငွေကြေး သိန်းချီဆုံးရှုံးသွားသကဲ့သို့ ခံစားလိုက်မိပါသည်။ မြန်မာပြည် အရပ်ရပ်ရှိ ပြည်သူပြည်သားများကို မဟာမြတ်မုနိ အရုဏ်တော်အား ဖူးတွေ့မှု မကြုံဖူးသေးဟုဆိုလျှင် ဖူးတွေ့ဖြစ်အောင် ဖူးတွေ့ကြပါဟု စေတနာကောင်းဖြင့် နှိုးဆော်အပ်ပါသည်။ ဘုရားရှေ့မှောက်ရောက်အောင် ကြိုးစားကြပါရန်လည်း တိုက်တွန်းအပ်ပါသည်။ ဗုဒ္ဓသာသနာ ယဉ်ကျေးမှုများစွာ ထွန်းကားရာအရပ် မန္တလာမြို့ကိုရောက်ရန် ဆုမွန်ကောင်းများ တောင်းစေချင်ပါသည်။

□

ခရီးစဉ်အရ မန္တလေးတောင်ပေါ် ပို့ဆောင်ပေးသည်။ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရားဝင်းနားမှ တောင်တက်ကားဖြင့် တက်ကြသည်။ အတက် ခေတ်မီစက်လှေခါးဖြင့် တက်ကြသည်။ အဆင်းအချို့ ဓာတ်လှေခါး၊ အချို့တောင်ဆင်းဖြတ်လမ်းဖြင့် ခြေလျှင်ဆင်းကြသည်။ ခေတ်မီလာသဖြင့် အချိန်တိုအတွင်း မန္တလေးတောင်ပေါ် ခရီး ပြီးသွားသည်။

မန္တလေးတောင် ဘွဲ့သီချင်းများကို ကြားဖူးသုံ့ကြားဖူးလျှင် ယခင်ခြေလျှင်ခရီးအရသာ မြင်ကွင်းများလည်း မတွေ့ပါလားဟု အတွေးများနိုင်ပါသည်။ မန္တလေးတောင်တော်ခရီး ယခင်တောင်တက်ခြေလျှင်ခရီး ယနေ့တိုင် သွားနိုင်ပါသည်။ စာရေးသူကိုယ်တိုင် ရောက်ဖူးသမျှ ခမ္ဘဒါန တင်ပြပါဦးမည်။

**"အသက်ကလေးရယ်တဲ့ရှည်စေလို မန်းတောင်ရိပ်ခို"** စာဆိုနှင့်ညီလှသော ရွှေမန်းတောင်ပင် ဖြစ်ပါသည်။ တရားဘာဝနာ အားထုတ်လိုသူများအတွက်



www.burmeseclassic.com

www.burmeseclassic.com

အထူးသင့်လျော်သော တောင်တော်ဖြစ်ပါသည်။ တောင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးတွေ့ရသည်မှာ စိတ်ကြည်နူးဖွယ် ဖြစ်ပါသည်။ မြွေကြီးနှစ်ကောင်အထိ တက်ရောက်ဖူးမြော်ခွင့်ရပါသည်။ မြွေကြီးနှစ်ကောင်ကို ကျော်ပြီး အနည်းငယ် တက်လိုက်မိသည်နှင့် မန္တလေးတောင်တော်ပေါ် ရောက်ပြီး ဖြစ်ပါသည်။

တောင်တက်ခရီး ရှည်လျားသော်လည်း ဘုရားဈေးသည်များ၏ လမ်းညွှန်ချက်ကြောင့် တစ်ကွေ့တစ်ကွေ့နှင့် တက်ရောက်ကြည်ညိုရင်း တောင်တက်ခရီး ရှည်လျားခဲ့သည်ကိုပင် သတိမရနိုင်တော့ပါ။ မန်းတောင်ရိပ်၏ အေးငြိမ်းမှုများမှာလည်း မကြာခဏ ရောက်လိုသောဆန္ဒ ဖြစ်ပေါ်စေပါသည်။ မန္တလေးတောင်ပေါ်မှ မန္တလေးမြို့သို့ စီးကြည့်ရသည်မှာ မန္တလေးမြို့ ပန်းချီကားကြီးတစ်ချပ်အား ကြည့်ရသည့်နှယ် ထူးလှပါသည်။ ရှေးမြန်မာမင်းများ စိုးစံခဲ့သော နန်းမြို့ရိုးအားလည်း ရွှေမန်းတောင်ပေါ်မှ ရှုမြင်ခဲ့ရပါသည်။ ခေတ်မီသည်က အချိန်မလုံလောက်သူများအတွက် ကျန်းမာရေး မကောင်းသူများအတွက် အကောင်းဆုံး ဖြစ်ပါသည်။ ဗဟုသုတ ရလိုသူ၊ အချိန်ပေးနိုင်သူအတွက် သဘာဝအရသာကို ခံစားသင့်ပါသည်။

❐

မန္တလေးတောင်ခြေကနေ စုရပ်ရောက်အောင်ပြန်၊ စုရပ်ကနေ ရွှေကြေးစည်ကားကြီးနှင့် သာသနာ(၂၅၀၀) ဘုန်းတော်ကြီးကျောင်းသို့ ခရီးဆက် မွန်းလွဲ(၁း၀၀)နာရီခန့် နေ့လယ်စာစား ဓမ္မာရုံကြီးထဲတွင် အဆင်ပြေသလို နားနေရန် ဖြစ်ပါသည်။

ညနေ(၃း၀၀)နာရီ၊ ဦးပိန်တံတားသို့ ပို့မည်ဆိုပါသည်။ ဓမ္မာရုံကြီးထဲတွင် နားနားနေနေ နေရန် အချိန်များစွာပေးထားသည်။

မန္တလေး နေပူဒဏ်က သာသနာ(၂၅၀၀)ဓမ္မာရုံကြီးထဲတွင် ရှိနေသော ဓမ္မမိတ်တွေအပေါင်းမှာ ဘွိုင်လာအိုးခန်းထဲ ရောက်နေရသည့်သဖွယ် လူတိုင်း ချွေးဒီးဒီးကျနေရတော့သည်။ အချို့မူးဝေကုန်သည်၊ ချွေးထွက်လွန်သူ လွန်ကုန်ကျသည်။

မည်သို့မျှ မနေနိုင်တော့သဖြင့် ရွှေကြေးစည် ယာဉ်မောင်းများကို ကားထဲမှ အဲယားကွန်း ဖွင့်ခိုင်းပြီး ကားပေါ် တက်နေခွင့်တောင်းကြသည်။

ညနေ(၃)နာရီအစား (၂း၀၀)နာရီတွင် ဦးပိန်တံတားလေ့လာရေး ဆက်ကြသည်။ ရေပြင်က ဖြတ်ထွက်လာသည့် လေသည်ပင် အပူအားတွေပါနေသည်။ ညနေ(၅)နာရီ ရန်ကုန်ခရီး ပြန်ထွက်မည်ဟု မှာကြားပါသည်။

❐

## တောင်သမန်နှင့် ဦးပိန်တံတား

မန္တလေးရွှေမြို့တော်၏ တောင်ဘက်အရပ် ရှစ်မိုင်အကွာတွင် အမရပူရ မြို့ဟောင်းမြို့ကွက်နေရာ ယနေ့အခေါ် "တောင်မြို့" ရှိပါသည်။ အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီး မြို့နန်းတည်ရခြင်းအကြောင်းမှာ ဘုရားရှင်၏ ဗျာဒိတ်တော်အရ နတ်ဘီလူးညီနောင် လေးဦးတို့၏ ရှေးသမိုင်းအစဉ်အဆက်ကြောင့် ဖြစ်ပါသည်။ ထိုညီနောင် လေးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည့် နတ်ဘီလူး "ငတောင်သမန်" နေထိုင်ရာအရပ်တွင် တောင်သမန်ရွာ ရှိ၏။ ထိုတောင်သမန်ရွာနှင့်ကပ်လျက် တောင်သမန်အင်းကြီးရှိ၏။ **(ယနေ့တောင်သမန်ကန်ဟု ခေါ်ကြ၏)**

တောင်သမန်ရွာ၏အလယ်တွင် ရတနာဝုံ တက္ကသိုလ် တည်ရှိသည်။ တောင်သမန်ရွာအတွင်း၌ တန်ခိုးကြီးဘုရားများ ဖူးတွေ့နိုင်သည်။ တောင်သမန် ကျောက်တော်ကြီးဘုရားမှာ အထင်ရှားဆုံးဖြစ်၏။ သာယာဝတီမင်းနှင့် ပုဂံမင်းလက်ထက်တော်က အင်းဝမှ တစ်ဆင့် အမရပူရအရပ်ဆီသို့ ပင့်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

တောင်သမန်အင်း၏ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် အမရပူရမြို့(တောင်မြို့)ရှိပြီး အမရပူရဘက်ကမ်း မယ်ဇင်ပင်တန်းမှ တောင်သမန်ရွာဘက် ကမ်းအထိ ကျွန်းလုံးတိုင်ရှည်ကြီးများကို အင်္ဂါဖြတ် တံတားအဖြစ် တစ်ဆစ်ချိုး တည်ဆောက်ထားသည်

www.burmeseclassic.com

"ဦးပိန်တံတားကြီး" ရှိပါသည်။ ၎င်းတံတားကြီးကို ပုံဂံမင်း လက်ထက် မြို့ဝန်မင်း ဘိုင်ဆပ်၏ စာရေးကြီးဖြစ်သူ ဦးပိန်က တည်ဆောက်ခဲ့၍ ဦးပိန်တံတားဟု အမည် ကျော်ကြားသည်။ အင်းဝ နန်းတော်ဟောင်းကို ဖျက်၍ တောင်သမန်အင်းတွင် တံတားထိုးခြင်းဖြစ်သည်။ တံတား ပေအရှည် (၃၉၆၇)ပေရှိပြီး တိုင်လုံးပေါင်း (၁၀၈၆) အခန်းပေါင်း (၄၀၂)၊ ဇရပ်ပေါင်း(၄)ခု ပါဝင်သည်။ ပြည်တွင်းပြည်ပ လေ့လာသူများနှင့် ဘုရားဖူး ဧည့်သည် များအပြင် လေညင်းခံလာရောက်သည့် မြို့သူမြို့သားတို့ ဖြင့် နေ့ညမပြတ် စည်ကားလှပါသည်။

အမရပူရဘက်ကမ်း မယ်ဇယ်ပင်တန်းအနီးတွင် ကြီးလေးကြီး အပါအဝင် တောင်မင်းကြီးဘုရားရှိ၏။ တောင်သမန်အင်းစောင်း အနောက်တောင်ဘက်တွင် အခြားကြီးလေးကြီး အပါအဝင်ဖြစ်သည့် ပုထိုးတော်ကြီး ဘုရားနှင့် ကြေးခေါင်းလောင်းတော်ကြီးကို လေ့လာဖူး တွေ့နိုင်ပါသည်။ ထိုမယ်ဇင်ပင်တန်းနှင့် လင်းဇင်းကုန်း သုဿန်အနီးတွင် သာယာဝတီမင်း၏ အနောက် နန်းမတော် မမြကလေးကို ကွပ်မျက်ရာနေရာလည်း သမိုင်းဝင် တည်ရှိပါသည်။

ရှေးက မြန်မာမင်းများသည် အမရပူရခေတ် တစ်လျှောက်လုံး တောင်သမန်အင်းစောင်းတွင် နိုင်ငံ ဘာကူ သံရုံးများ ထားရှိခဲ့ပါသည်။

❐

ညနေ(၅း၀၀)နာရီတိတိ ဦးပိန်တံတား လေ့လာ ပြီး ရွှေ့ခရီးဆက်ရင်း လမ်းဘုရားအဖြစ် ပုလိပ်မြွေဘုရား ဖူးနိုင်ရန် ကားပေါ်ပြန်တက်ပြီးချိန်မှာပင် ရွှေကြေးစည် Guide ခေါင်းဆောင်က -

"မကြာခင် ရန်ကုန်ပြန်ခရီးစတင်မှာ ဖြစ်ပါတယ်၊ ပုလိပ်မြွေဘုရားကို ဝင်ပို့ပေးပါ့မယ်" ဟု နိဒါန်းစကား ပြောပြီး. . .

ခရီးစဉ်တွင်း အစစအရာရာ အဖုအထစ်လေး ကို ခွင့်လွှတ်ဖို့ တောင်းပန်စကား ဆိုလာပါသည်။

ကြုံတွေ့ခဲ့သည့် အဖုအထစ်များ ကြေအေး၊ ပြေ အေးပေးဖို့အတွက် မဟုတ်ဘဲ ရွှေကြေးစည် ဘုရားဖူး အဖွဲ့၏ ဝန်ဆောင်နေကျအတိုင်း ကားတစ်စီးလျှင် ကံစမ်း မဲ(၂)စောင် နှိုက်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ပထမဆုအဖြင့် ညာဏ်တော် ၉ လက်မခန့်ရှိ ပန်းပေါင်းပန်းပု မဟာမြတ်မုနိ ရုပ်ပွားတော်တစ်ဆူ၊ ဒုတိယဆုအဖြစ် စာရေးသူ၏ စာပေ ထုတ်ဝေပုံနှိပ် ဓာတ်ပုံလုပ်ငန်းသဘာဝအရ (၁၀ လက်မ× ၁၅ လက်မ)ဆိုဒ် ဆုတောင်းပြည့် မဟာကံထူးကံသာ ရုပ်ပွားတော်မြတ်ကြီး ပုံတော်ကို မှန်ဘောင်သွင်းပုံတော် တစ်ခုကို ဘုရားဖူးခရီးသည်အားလုံး မနှိုက်မနေ နှိုက်ရပ် မယ်။ မဲပေါက်လျှင် ကျေးဇူးတင်စကား ထွက်ပြောရမည် ပြောရဲရဲ့လား၊ မပြောတတ်လဲ၊ မပြောရဲလဲ ပြောရမယ်ပ ဆိုပြန်ပါသည်။ သည်ကလေး စကားပြောပညာ၊ စကား ပြောနည်း၊ ဟောနည်းပြောနည်း နှုတ်ထွက်စကားဖြ လူတွေကိုချစ်အောင် စွမ်းဆောင်နိုင်မှု လိုအပ်နေဆဲ ဖြ သည်ကို ပြန်ခါနီးအထိ ကြားနေရဆဲ ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ မြန်မာဗုဒ္ဓဘာသာဝင် ေ မိတ်ဆွေများသည် ဗုဒ္ဓနှင့် ပတ်သက်၍ စာရွက်၊ ဓာတ် ပုံတော်ဖြစ်စေ၊ ရုပ်ထုပန်းပုဖြစ်စေ၊ ဘုရားဂုဏ်တော် အရုဏ်ပြုပြီး၊ မဟာဒုတ်ကံထူးရှင် ဖြစ်ခွင့်ရမည်ဆိုပါ ဂုဏ်ယူဝမ်းမြောက်နေကြမည် ထင်ကြပါသည်။

မည်သူပေါက်ပေါက် ဝမ်းမြောက်ဝမ်းသာ သ ခေါ်ပေးကြမည် ထင်ပါသည်။

စာရေးသူမိသားစုသည်၊ ဘုရားကျောင်း‹ သိမ်ဇရပ် အလှူများနှင့် ရဟန်း(၂၃)ပါး၊ ရှင်(၂၄၅ သီလရှင်(၇၈)ပါးတို့ကို မိသားစုအလှူအဖြစ် လှူဒါန်းနိုင် သည့်အပြင် စာပေလုပ်ငန်း နှစ်(၃၀)အတွင်း ပြည်တ ပြည်ပ ဗုဒ္ဓရုပ်ပွားတော်နှင့် ဓာတ်ပုံပိုစတာ၊ (၈၄၀၀၀ လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။

ယခု Guide ဆရာလေးက ကံစမ်းမဲအ ဖောက်ပေးမည်ဟု ကြေငြာပါသည်။ အကယ်၍ စာ သူမိသားစု မဟာဒုတ်မဲပေါက်ခဲ့သော် မိမိနေအိမ် နှစ်စဉ် အလှူတစ်ခု လှူနေကြမို့ ယခုနှစ် (၂၀၁၄)၊ အောက်တိုဘာလ ၂၆/၂၇ ရက် ကျင်းပမည့် ေ သွံသာရ ရုပ်ရှင်တော်မြတ်ကြီး (၃၁)ကြိမ်မြောက် ‹ ကဇာတင်ပွဲတွင် တစ်ပေါင်းတည်း အနေကဇာတ‹ ဟု အရုဏ်ပြုမိလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆယ်ရာစု အကြီးမြတ်ဆုံး သိပ္ပံပညာရှင် ဒေါက်တာအဲဘတ်အိုင်စတိုင်းက ၁၉၃၉ ခုနှစ်၊ မေလ (၁၉)ရက်နေ့၊ အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်၊ မရင်စတန်တက္ကသိုလ်

**"နောင်တစ်ချိန်မှာ စကြဝဠာကြီးတစ်ခုလုံး ဘာသာတရားတစ်ခုတည်းကိုသာ ကိုးကွယ်ကြလိမ့်မည်"** ဟု မှတ်ချက်ပြုခဲ့သည်။

**(၁) အဲဒီဘာသာတရားဟာ ထာဝရ ဘုရား အယူအဆကို လွှမ်းမိုးသွားလိမ့်မယ်**

**(၂) တစ်ယူသန်ဝါဒမဟုတ်**

**(၃) တရားသေဝါဒမဟုတ်**

**(၄) သဘာဝတရားနဲ့လည်းကိုက်ညီမယ်**

**(၅) ရုပ်နာမ်နှစ်ပါးကို ကိုယ်တွေ့ခံစားနိုင်မယ်**

**(၆) အဓိပ္ပာယ်ပြည့်ဝတဲ့ ပေါင်းစည်းညီညွတ်မှု ပေါ်မှာ အခြေခံလိမ့်မယ်**

**(၇) သိပ္ပံနည်းကျလည်း မှတ်ကျောက်အတင်ခံ လိမ့်မယ်**

**ထိုအချက်များနှင့် ပြည့်စုံပြီး နောင်တစ်ချိန်မှာ စကြဝဠာတစ်ခုလုံး ကိုးကွယ်တဲ့ ဘာသာတရားက ဗုဒ္ဓ ဘာသာပဲ ဖြစ်လိမ့်မယ်**ဟု ကြိုတင်ဟောပြောခဲ့သည့် မှတ်တမ်းများလည်း ရှိနေပါသည်။

စာရေးသူတို့အနေနှင့် မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်၍ ကိုးကွယ်ခွင့်ရသည်မှာ အနာဂတ်ကမ္ဘာကြီးရဲ့ တစ်ခုတည်းသော ကိုးကွယ်ရာဘာသာဖြစ်မည့် ဗုဒ္ဓဘာသာကို လက်ရှိဘဝမှာကတည်းက ကိုးကွယ်ခွင့်ရသည့်အပြင် ယနေ့ ဗုဒ္ဓရုပ်ပွား ရုပ်တုတော်နှင့် ရုပ်ပုံတော် မဟာဒုတ် ဘုရားမဲ ဖောက်ခြင်းကို ဓမ္မမိတ်ဆွေအားလုံး ကိုယ်တိုင် နှိုက်ယူ ကံစမ်းပြီး ပေါက်မဲရှင်က ကိုယ်တိုင်ကြေငြာ ပါသည်။

မဟာဒုတ်မဲ ပေါက်မဲအဖြေထွက်လာတော့-

*- ယာဉ်တစ်စီးတည်း အတူပါ ဘုရားဖူး ဓမ္မမိတ်ဆွေ ကြင်စဦးမောင်နှံ (၂)ဦးအနက် ဇနီးဖြစ်သူ ညီမငယ်က ပန်းပေါင်းရုပ်တု မဟာမြတ်မုနိ ရုပ်ပွားတော် (ပထမ)ဆု*

*- စာရေးသူ၏ သားငယ်မောင်မောင်နန်းနွယ်က ဆုတောင်းပြည့် မဟာအံ့ထူးကံသာ ပြည်ချစ်ဘုရားကြီး ပုံတော်(ဒုတိယ)ဆုအဖြစ် ဗုဒ္ဓဆု၊ ဗုဒ္ဓအမွေခံ ကံထူးရှင် ဖြစ်ကြပါသည်။*

ကျေးဇူးတင်စကားကို ပထမဆုပေါက်သည့် ဓမ္မ မိတ်ဆွေ ညီမငယ်နှင့် ဒုတိယဆုပေါက်သည့် စာရေးသူ၏ သားငယ်တို့က ပြောပါသည်။ ကျေးဇူးစကားဆိုကြသည့် ဓမ္မမိတ်ဆွေညီမနှင့် စာရေးသူ၏ သားငယ်တို့သည် အသက်(၃၀)ဝန်းကျင်သာ ရှိကြသည်။

သူတို့လေးတွေ ကျေးဇူးစကားပြောသည့် (ဓေ သန္ဓေ၊ ရုပ်)တို့က ချမ်းမြေ့ဖွယ်ကောင်းလှပါသည်။

ခရီးသွား Guide ခေါင်းဆောင်ထက် အသက် ငယ်ကြသူများ ဖြစ်ပါသည်။

သို့သော် သူတို့လေးတွေ ဆိုစကားတွေက လေယူလေသိမ်း၊ အသံအနိမ့်အမြင့်၊ ဝမ်းမြောက်စကား ပြောကြားပုံ ပါးနပ်မှု၊ ကိုယ်နှုတ်အမူအရာ သိမ်မွေ့မှုတ ပညာတတ်လေးများပီပီ အမိအဖတို့ကိုပင် ဂုဏ်တက်စေ သည့်အပြင် အနာဂတ်မျိုးဆက် သားကောင်း သမီး ကောင်းလေးများကို မွေးထုတ်နိုင်ကြမည့် ဗုဒ္ဓအမွေခံ ကံထူးရှင်လေးများဟု စာရေးသူ အသိထဲ ဝင်လာပါသည်။

ကလေးများ ပြောသွားသည့် ကျေးဇူးတင်စကား ဆုံးသည်နှင့် **(ကမ္ဘာအဆက်ဆက်၊ သံသရာအဆက်ဆက် တ တစ်ကြောင်းကြောင်းနှင့် ပါရမီခံ၊ ပဋ္ဌာန်းဆက်ခံ ဆုံ ဆည်းမှုဖြင့်)** ဘုရားဖူး ဓမ္မမိတ်ဆွေများထံမှ တူညီသော ဂုဏ်ပြုသံများအဖြစ် ကောင်းချီးပေးကြသည်မှာ-

သာဓု. . . သာဓု. . . သာဓု

ကောင်းလေစွ. . ကောင်းလေစွ. . ကောင်းလေစွ

*မဟာဒုတ်ဘုရားနှိုက်ပြီးသည် ရန်ကုန်ပြန် ခရီး စတင်ကြပါသည်။ ဌာနေပြန်လမ်းတွင် ပုလိပ်မြွေဘုရား ခေတ္တဖူးခွင့်ရပါသည်။ ရန်ကုန်ရွှေမြို့တော်သို့(၁၉-၄-၂၀၁၄) ်နံနက်(၀၃း၀၀)နာရီ ဆိုက်ရောက်ပါသည်။*


သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ

မောင်စိုးထိုက်(သုံးခွယ်)



www.burmeseclassic.com

www.burmeseclassic.com



# မြေးကလေးဇက်ဗို့

မောင်ကောင်းမြင့်

အမေရိကန်အဲယားလိုင်း
၂၄ နိုဝင်ဘာလ၊ ၂၀၁၃။
မြေးကလေး၊ မောင်ကောင်းထိုက်အောင်သို့ ...

သည်စာကို စရေးနေတဲ့အချိန်ဟာ ၂၄-၁၁-၂၀၁၃ နံနက်ပိုင်း AA လေကြောင်းလိုင်းပေါ်မှာ ဖြစ်တယ်။ နံနက် စောစော ၇ နာရီသာသာ San Fracisco က ထွက်လာခဲ့တယ်။ မနေ့ညက ဆန်ဖရန်စစ္စကို Fremont city က Loscerritos Community Center မှာ စာပေဟောပြောပွဲကို ညပိုင်းမှာဟောခဲ့ပြီး Hay Ward city က ဆရာ အရှင်ဉာဏိကာဘိဝံသရဲ့ "မုဒိတာရွှေကျောင်း"မှာ ညအိပ်ခဲ့တယ်။ ယခုစာကို ဆန်ဖရန်စစ္စကိုအကြောင်းဖြင့် စလိုက်ပေမယ့် နိုဝင်ဘာ ၂၂ ရက်တွင် နယူးယောက်မှ ဆန်ဖရန်စစ္စကိုသို့ စတင်ထွက်ခဲ့တဲ့အကြောင်းကလေး နည်းနည်း ပြောချင်တယ်။ ပြောစရာကလေးရှိလို့။

မြေးကလေးရေ ...

၂၂-၁၁-၂၀၁၃ ရက်နေ့ဟာ အမေရိကန်သမိုင်းမှာ "အမည်းမှတ်"ထင်ထင်တစ်ခု ဖြစ်ခဲ့တယ်။ လွန်ခဲ့သောအနှစ် ၅၀ သည်အချိန် ၂၂ နိုဝင်ဘာလ၊ ၁၉၆၃ မှာ အမေရိကန်ပြည်ထောင်စုရဲ့ ၃၅ ဦးမြောက် သမ္မတ John F. Kennedy ဟာ Texas ပြည်နယ် Dalls မြို့ Dealey Plaza အနီးမှာ ယာဉ်တန်းဖြတ်ကျော်နေစဉ် လုပ်ကြံခံရပြီး ကွယ်လွန်ခဲ့ရှာတယ်။ အသက် ၄၆ နှစ် အရွယ်ကောင်းဆဲ ကာလမှာဖြစ်တယ်။ မှတ်တမ်းများအရ Lee Harvey Oswald ဆိုသူက ရိုင်ဖယ်သေနတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ချောင်းမြောင်းပစ်ခတ်လို့ ဖြစ်တယ်။ အဲဒီ အော့ဝဲလ်ဒ် ဆိုသူကိုလည်း လုပ်ကြံမှုကြီး ရုံးမတင်မီ Jask Ruby ဆိုသူက ထပ်မံပစ်ခတ်လို့ သေဆုံးသွားတယ်။ အမှုကြီးဟာ ယနေ့အထိ ပြောကြဆိုကြတုန်းပဲ။ အဆိုပါ အမှုအကြောင်း သည်လောက်နှင့်ပဲရပ်မယ်။ သူတို့နိုင်ငံသားတွေကိုယ်တိုင် Warren Commission အစီရင်ခံစာကြီးအရ ရှုပ်ထွေးသော ကြံစည်မှုအဖြစ် ဆိုကြဆဲမို့ပဲ။ ပြောချင်တာက အနှစ်ငါးဆယ်မြောက်နေ့မှာ TV ရုပ်သံလိုင်းများစွာက ၁၉၆၃–၁၉၆၄ မှစပြီး အစီရင်ခံစာဖြန့်ဝေတဲ့ ၁၉၇၈ အထိ ဖြစ်ရပ်နှင့်ဆိုင်သော သတင်း၊ ဓာတ်ပုံများစွာကို ဆက်တိုက် ထုတ်လွှင့်နေတာကို နယူးယောက်မှာ ဆန်ဖရန်စစ္စကိုသို့ အလာ Jet Blue လေယာဉ်ပေါ်မှာ တစ်လျှောက်လုံးနီးပါး ကြည့်ခဲ့ရတယ်။ အမှတ်တရ လွမ်းသူပန်းခွေချပွဲကိုလည်း တိုက်ရိုက် ထုတ်လွှင့်ပေးခဲ့တယ်။

ယခုအချိန်မှာ အနှစ် ၅၀ ဆိုတော့ မျိုးဆက်နှစ်ဆက်ပင် ကျော်ခဲ့ပေပြီပဲ။ သို့သော်လည်း ပြည့်စုံသော မှတ်တမ်းများ ပြန်ကြည့်ရတာဟာ သမိုင်းသင်ခန်းစာ ယူစရာပေပဲ။

အမေရိကန် လေယာဉ်ကွင်းထဲမှာ ထင်ရှားကြီးကျယ်တဲ့ နိုင်ငံတကာ လေဆိပ်ကြီးတစ်ခုဖြစ်တဲ့ နယူးယောက်မြို့က JFK Airport (သမ္မတကြီးကို ဂုဏ်ပြုထားတဲ့) လေဆိပ်ဟာ သမ္မတကနေဒီကို သတိရနေစေတဲ့ အမှတ်အသားပဲဖြစ်တယ်။ သည်လေဆိပ်ကြီးဟာ ခရီးသည် ၄၉ သန်းကျော် ယမန်နှစ်က ဝင်ထွက်သွားလာခဲ့ပြီး ကမ္ဘာပေါ်မှာ ၁၇၃ မြောက် အမေရိကန်မှာ ၆ ခု မြောက် သွားလာမှုအများဆုံး စံချိန်တင်ခဲ့တယ် ဆိုပါတယ်။

မြေးကလေးရေ ...

နယူးယောက်က အမေရိကန်ပြည်ထောင်စုရဲ့ အရှေ့ဖျားမှာရှိပြီး ဆန်ဖရန်စစ္စကိုက အနောက်ဖျားမှာရှိတယ်။ နယူးယောက်က နယူးယောက်ပြည်နယ်ရဲ့ စီးပွားရေးအချက်အချာမြို့ဖြစ်တယ်။ (ပြည်နယ်ရဲ့မြို့တော်က Albany ဖြစ်ပါတယ်။) ဆန်ဖရန်စစ္စကိုက ကာလီဖိုးနီးယားပြည်နယ်ရဲ့ စီးပွားရေးနှင့်ယဉ်ကျေးမှု အချက်အချာမြို့ဖြစ်တယ်။ (ပြည်နယ်ရဲ့မြို့တော်က Sacramenta ဖြစ်တယ်။) လတ္တီတွဒ်မျဉ်းတစ်တန်းတန်းလိုလိုမှာ ကျရောက်တည်ရှိနေတယ်။

နယူးယောက်နှင့် ဆန်ဖရန်စစ္စကိုဟာ လေယာဉ် လိုင်း ၂၅၈၂ မိုင်၊ ကားလမ်းဖြင့် မိုင် ၂၉၀၆ မိုင် တယ်။ လေယာဉ်ဖြင့် ၆ နာရီခန့် ပျံသန်းရတယ်။ စံတော်ချိန် သုံးနာရီ ကွာခြားတယ်။ (ဥပမာ – နယူးယောက်မှာ နံနက် ၇ နာရီဆိုလျှင် ဆန်ဖရန်မှာ နံ ၄ နာရီ). ကားဖြင့်သွားလျှင် ၄၂ နာရီကြာတယ်။

ဆန်ဖရန်စစ္စကိုဟာ ကမ္ဘာမှာ ထင်ရှားလှ Golden Gate တံတားကြီးကြောင့် ပိုပြီးနာမည်ကျော်ကြ တယ်။ ၁၉၃၃ ခုနှစ်က စတင်ဆောက်ခဲ့တယ်။ အစအဆုံး အရှည် ၈၉၈၁ ပေ (၂၇၃၇ မီတာ) ရှိတယ်။ တံတား အလယ် တိုင်နှစ်တိုင်အကြား အရှည် ၄၂၀၀ (၁၂ မီတာ)ရှိတယ်။ အနံ လမ်းအကျယ်ပေ ၉၀ (၂၇. ၄ မီတာ) ရှိတယ်။ ဆန်ဆရန်စစ္စကိုပင်လယ်အော်နှင့် ပစိဖိတ် သမုဒ္ဒရာအကြားမှာ ရှိတယ်။ ၁၉၃၇ ခုနှစ်၊ မေလ ၂ ရက်မှာ တရားဝင်ဖွင့်လှစ်လိုက်တယ်။ ကမ္ဘာကျော်တံတား ကြီးကို ဆောက်လုပ်ခဲ့တဲ့ အင်ဂျင်နီယာချုပ် Josep P.Strauss ကိုယ်တိုင် တံတားကြီးအကြောင်း ကဗျာသုံး ဖွဲ့ဆိုခဲ့တယ်လို့ ဆိုပါတယ်။ The Mighty Task is Done The Golden Gate Bridge, The Red Woods တို့ဖြစ်တယ် ဒါကြောင့် အင်ဂျင်နီယာကြီးဟာ ကဗျာဆရာအဖြစ် ထင်ရှားခဲ့ပေတယ်။

မြေးကလေးရေ ...

ကိုယ်တွေ့ ဆန်ဖရန်နှင့် ရွှေတံတားအကြောင်း ပြောတော့မယ်။

ဆန်ဖရန်ကိုရောက်တော့ နေ့လယ်ပိုင်းပဲ ဖြစ်နေ တော့တယ်။ (၆ နာရီခွဲပျံသန်းချိန် + ထွက်ချိန် ၉း၀၀ နာရီ am = ၁၅ နာရီ ၃၀ မိနစ်၊ ကွာခြားချိန် ၃ နာရီ မွန်းလွဲ ၁၂း၃၀ ဖြစ်တယ်။) သည်တော့ လာရောက်ကြိုဆို သူ BADA = Burma American Demacracy Alliance အဖွဲ့ဥက္ကဋ္ဌ ဦးညွန့်သန်းက နေ့လယ်စာစားဖို့ Larkan လမ်း က Burma Kitchen ဆိုတဲ့ဆိုင်ကို ခေါ်သွားတယ်။

ဩော် ... ပြောဖို့ တစ်ခုကျန်သွားတယ်။

ဆန်ဖရန်ကို သွားရတာက စာပေဟောပြောဖို့ပါ အထက်ကဆိုတဲ့ အဖွဲ့က နှစ်စဉ် မြန်မာစာပေဟောပြောပွဲ ကျင်းပခဲ့တာ ၁၄ နှစ်ရှိခဲ့ပါပြီ။ နှစ်စဉ် နိုဝင်ဘာလနောက်မှာ ကျင်းပပါတယ်။ ယခုနှစ်မှာ မီရှီဂန်ပြည်နယ်မှာ လွန်ခဲ့တဲ့

www.burmeseclassic.com

ဘလောက်က ရောက်နေတဲ့ စာရေးဆရာ ဆောင်းဝင်း ...၊ အင်ဒီယာနားပြည်နယ် ဖို့ဒ်ဝိန်းမြို့က ကဗျာဆရာ ...ောင်စိုးချိန်နှင့် နယူးယောက်မြို့က ဘိုးဘိုးကြီး ...ောင်ကောင်းမြင့်)တို့ကို ဖိတ်ခဲ့ပါတယ်။ ပွဲအတွက် စာရေး ...ာစုဆောင်းစီစဉ်ပေးတဲ့သူက ဆ်ရာမောင်စွမ်းရည်ဖြစ် ...ယ်၊ နှစ်တိုင်းလိုလို မောင်စွမ်းရည်က စာရေးဆရာများ ... အလှည့်ကျစီစဉ်ပေးခဲ့ပါတယ်။

လေဆိပ်မှာ စာရေးဆရာများ ဆုံကြပါတယ်။ တစ် ...စီက လာပြီးစုဝေးကြတယ်။ လေဆိပ်မှာ အလုပ်လုပ် ...တဲ့ မြန်မာနိုင်ငံသူ မဝါဝါလွင်ဆိုတဲ့ မိန်းကလေးနှင့် ...ာစကားပြောမိကြရင်း မမျှော်လင့်ဘဲ) ဆုံတွေ့ကြ ...ယ်၊ ဝမ်းသာစရာပါ။ စကားပြန်ဆက်ကြရအောင်။ ...ောက်ဆိုင်ပိုင်ရှင်က မြန်မာနိုင်ငံက အင်ဂျင်နီယာဘွဲ့ ...စိန်းနိုင်ဆိုသူ ဖြစ်ပါတယ်။ သူက ညှော်ခံကျွေးမွေးရုံ ... ဟောပြောပွဲအတွက် အလှူငွေပါ ထည့်ဝင်လိုက်ပါ ...တယ်။

စာရေးဆရာအဖွဲ့ကို ကိုညွန့်သန်းက လိုက်လံပြသ ...ယ်၊ ဆန်ဖရန်ဟာ တစ်ချိန်တုန်းက ငါးဖမ်းသင်္ဘော ...ာဖြင့် စည်ကားခဲ့တာမို့ ဆိပ်ကမ်းပေါင်းများစွာဖြင့် ...ယ်အော်ကမ်း တစ်လျှောက်လုံး သာယာလှပတဲ့ Pier ...ာ ဆက်နေတာပါပဲ။ ကမ်းနားတစ်လျှောက်လုံး ...ာများစွာ ရပ်နားထားတာမို့ ဆိပ်ကမ်းဟာ ကြည့်လို ...င်းလှတယ်။ Pier ၃၉ ကစပြီး မော်တော်ကားကို ...မ်းနားလမ်း မောင်းလာခဲ့တယ်။ ပင်လယ်စာ စား ...ာ်ဆိုင်တွေက အပြည့်ပဲ။ အလွန်စည်ကားလှတယ်။ ...ည့်ခရီးသွားတွေဟာ သည်နေရာမှာလည်း တွေ့နေ ...ယ်၊ Oakland Bay Bridge ကလည်း ကြည့်လို့ကောင်း ...ယ်၊ ပင်လယ်အော် ပတ်ရံထားတဲ့ မြို့ကလေးပေပဲ။ ... စကားပြောကြရင်း အလယ်က ကျွန်းကလေး ...ျွန်းကို တွေ့တယ်။ ဆိပ်ခံတံတားမှာ Alcatvaz ... ကျွန်းဆီသို့ဆိုတဲ့ စာတန်းကို တွေ့ရတယ်။ သည် ...ကိုဆောင်းဝင်းလတ်က "သည်ကျွန်းကို အခြေခံပြီး ... Cage နှင့် Sean Connery တို့ ပါဝင်တဲ့ The ...ဆိုတဲ့ ရုပ်ရှင်ကားကို သတိရတယ်"ဟု ဆိုတယ်။ ... ဇာတ်ကားက Alcatvaz ကျွန်းရှိ အကျဉ်းစခန်း ...ကြီးတစ်ဦးအဖြစ် Sean Connery ကပါဝင်ပြီး သရုပ်ဆောင်ခဲ့ပုံကို ပြောပြခဲ့တယ်။ ယခုတော့ သည် အကျဉ်းစခန်းဟာ ပြတိုက်ဖြစ်နေပြီဟု ကိုညွန့်သန်းက ပြောပြတယ်။ ကိုကိုးကျွန်းက အကျဉ်းစခန်းကို လွန်ခဲ့တဲ့ လေးနှစ်လောက်က အလည်ရောက်ခဲ့ဖူးတာ သတိရတယ်။ ကိုကိုးကျွန်းအကျဉ်းစခန်းဟာ မရှိတော့ပါ။ ပြတိုက်လုပ်ထားရင်ကောင်းမှာပဲလို့ တွေးမိတယ်။

ကားမောင်းလာရင်း ဓာတ်ရထားတွေကို တွေ့ရတယ်။ ကောင်းကင်က လျှပ်စစ်ကြိုးနှင့်ဆက်ပြီး လမ်းမှာ ရထားလမ်းဖောက်ထားတာမို့ ကြည့်ရတာ တစ်ချိန်က ရန်ကုန်က RET ဆိုတဲ့ ရထားများကို မိမိတို့ရန်ကုန်ရောက်စ ၁၉၆၀ ပြည့်လွန်နှစ်များအထိ တွေ့နေရတယ်။ (ယခုတော့ မရှိတော့ပါ)၊ နှိုင်းယှဉ်ကြည့်စရာတွေက များလှပါကလား။

မြေးကလေးရေ ...

ပြောပြစရာကလေးတစ်ခု ကျန်နေတယ်။ ကားမောင်းလာရင်း လမ်းရဲ့ဝဲဘက်က ဆိုင်တန်းတွေက Ripley's believe it or not ဆိုတဲ့ ပြခန်းတစ်ခုမှာ မြန်မာနိုင်ငံက ကယားပြည်နယ်မှ ပဒေါင်းတိုင်းရင်းသားတစ်ဦး (လည်ပင်းမှာ ကြေးခွေများ စွပ်ထားတဲ့ပုံစံနှင့်) ရုပ်လုံးကနေဟန်နှင့် ဘေးက ဂီတတီးနေသူ (အနောက်တိုင်းဝတ်စုံနှင့် အမျိုးသားတစ်ဦး)တို့ရဲ့ ဆိုကဟန် ပြထားတာတွေ့ရတယ်။ မြန်မာနိုင်ငံက ထင်ရှားတဲ့လူမျိုးတစ်မျိုးဖြစ်တာမို့ ယခု ဆန်ဖရန်မှာတွေ့ရသလို ထိုင်းနိုင်ငံဘက်မှာလည်း ခရီးသွားတို့အတွက် ဆွဲဆောင်မှုတစ်ခုဖြစ်တယ်လို့ သတင်းဓာတ်ပုံ တွေ့ရဖူးတယ်။

*ဆန်ဖရန်စစ္စကိုဟာ ကမ္ဘာမှာ ထင်ရှားလှတဲ့ Golden Gate တံတားကြီးကြောင့် ပိုပြီးနာမည်ကျော်ကြားတယ်။ ၁၉၃၃ ခုနှစ်က စတင်ဆောက်ခဲ့တယ်။ အစအဆုံးအရှည် ၈၉၈၁ ပေ (၂၇၃၇ မီတာ) ရှိတယ်။*



www.burmeseclassic.com

www.burmeseclassic.com

ကားမောင်းလာရင် နောက်တွေ့ရတဲ့ ထူးခြားချက်ကတော့ အနောက်နိုင်ငံ အက်ရှင်ကားတွေထဲမှာ ကားမောင်းလာရင်း ဇာတ်လိုက်နှင့်လူဆိုး လိုက်ကြပြေးကြတဲ့ နိမ့်လိုက်မြင့်လိုက်ဖြင့် (ပျောက်လိုက်ပေါ်လိုက် ကားလမ်းမျိုး)လမ်းကို ယခု ဆန်ဖရန်မှာ ကိုယ်တွေ့ကြုံရတယ်။

Pier တံတားတွေက ဖြတ်လာရင်း အဝေးကပဲ Golden Gate ရွှေတံတားကြီးကို မြင်ရတယ်။ အနီညိုရင့်ရင့် အရောင်ကို မိုးပြာရောင်နောက်ခံမှာ တွေ့နေရတယ်။ ပင်မ တံတား Spanning ရဲ့ သံမဏိကြိုးများဆိုင်းရာ သံဘောင်ကြီးနှစ်ခုဟာ မြင့်မားလှပေတယ်။ တံတားရဲ့ တစ်ဖက်ထိပ်ကိုရောက်တော့ ညနေရီမှာ ကမ္ဘာလှည့်ခရီးသည်တွေဟာ ကားမျိုးစုံနှင့် ရောက်လာနေကြတယ်။ လှပတဲ့ ရှုခင်းကို ကြည့်ကြရင်း ဓာတ်ပုံတွေရိုက်ကြတယ်။

တံတားကြီးကိုဆိုင်းထားတဲ့ သံမဏိကြိုးလုံးပိုင်းဖြတ်ကြီး တစ်ခုဘေးမှာ ဓာတ်ပုံရိုက်သူတွေ ပြည့်နေတယ်။ သံမဏိကြိုးလုံးကြီးဟာ အချင်း ၃၆ လက်မခွဲရှိပြီး သံမဏိကြိုးမျှင်ကလေးပေါင်း ၂၇,၅၇၂ ရှိတယ်။ အားလုံး အရှည်ဆန့်ထုတ်လိုက်ရင် မိုင်ပေါင်း ၈၀,၀၀၀ ရှိတယ်လို့ မှတ်တမ်းတင်ထားတယ်။ အမှတ်တရ လက်ဆောင်တွေရောင်းတဲ့ ဆိုင်ရဲ့ဘေးက ကြေးကမ္ပည်းမှတ်တမ်းကြီး ဘေးမှာလည်း ဓာတ်ပုံရိုက်ကြတယ်။ ပန်းခြံကလေးထဲမှာ အင်ဂျင်နီယာချုပ် ဂျိုးဇက်ပီစထရပ်စ်ရဲ့ ကြေးရုပ်တုကြီးရှေ့မှာ စာရေးဆရာများအဖွဲ့ အမှတ်တရ ဓာတ်ပုံတွေရိုက်ကြပြန်တယ်။

တံတားကြီးဟာ နည်းမည်ကျော်သလောက်လည်း ဝန်းကျင်က ပံ့ပိုးပေးထားတာမို့ လှပတဲ့ပန်းချီကားကြီးတစ်ချပ်လိုပါပဲ။ ကောင်းကင်ပြာပြာ၊ ရေပြာပြာနှင့် ကျွန်းကလေးတွေရယ်၊ ဆန်ဖရန်မြို့ဘက်ကမ်းရယ်၊ အခြားတစ်ဖက်ကမ်းက Golden Gate National Recreation Area က အလှအပရယ်နှင့် ဝန်းရံထားတယ်။ တစ်ဖက်ကမ်းမှာ နားပြီး ကြည့်ပြီးပြီ။

တံတားကြီးက ကားဖြတ်မောင်းလာတယ်။ ကားတွေက ဥဒဟို၊ လူသွားလမ်းမှာက လူတွေက လမ်းလျှောက်ကြ ပြေးကြနှင့် ဩော် ... ညနေရီမှာ အလှအပကို ခံစားကြည်နူးနိုင်ကြပေတယ်။ တစ်သက်တစ်ခါဆိုသလို ရောက်ဖို့က ခက်လှပေတာကိုး။ စာတွေထဲမှာ ခံစားရတဲ့ အလှအပနှင့် ခမ်းနားမှုကို မျက်ဝါးထင်ထင် တွေ့မြင်ရတော့ ကျေနပ်ဝမ်းသာဖြစ်မိကြမှာ အမှန်ပါပဲ။ (တံတားဖြတ် မပေးရပါဘူး။)

တစ်ဖက်ကမ်းက ပန်းခြံထဲမှာ သဘော်သားရုပ် တစ်ခု ရှိတယ်။ တံတားကြီးနှင့် ပင်လယ်ပြင်ကို လှမ်း နေတဲ့ ပုံစံပါပဲ။ အဲဒီမှာ ပင်လယ်ကို သွားဖူးတဲ့စာရေးဆ ဆောင်းဝင်းလတ်က "သဘော်သားရဲ့အမှတ်အသား တဲ့ Kee bag အိတ်နှင့် သဘော်ာ ကြိုးချည်တဲ့ ငုတ်တိုင် တာဟာ ပိုပြီးပြည့်စုံတယ်"လို့ ဆိုတယ်။ ပန်းခြံထဲမှာ ပြောင်းတွေရှိတယ်။ ဆင့် ၅၀ (တစ်ဒေါ်လာအောက်) ထ ပြီး ကြည့်လို့ရတယ်။ တံတိုင်းဘောင်ပေါ်မှာ ဓာတ်ပုံရိုက် ပြန်တယ်။ တံတားအောက်ခြေက ဖွဲ့စည်းပုံကို အနီးက တွေ့ရပြန်တယ်။ ညနေရီက နေဝင်တော့မယ်။ အအေး အေးလာပြီ။

ရွှေတံတားကြီးကို နှုတ်ဆက်ပြီး ပြန်ခဲ့တယ် ဆန်ဖရန်ဟာ မြို့နယ်ကလေးများစွာနှင့် ဖွဲ့စည်းထားတယ် အပြန်မှာ Rich mond, Barkely, Oakland တို့မှဖြတ် Hayward (မုဒိတာရွှေကျောင်းရှိရာ)ကို ပြန်ခဲ့တယ်။ ည အတော်မှောင်နေပြီ။ ကားတွေဟာ လမ်းတစ်လျှော ပြည့်နှက်နေတယ်။ လမ်းကျပ်တာနှင့်ကြုံနေတာမို့ အတော နောက်ကျပြီးမှ ညှော်ခံတဲ့စားသောက်ဆိုင်သို့ ရောက်တယ် ညစာကို ဟောပြောပွဲကျင်းပရေးကော်မတီက ဦးမော မောင်လတ်တို့တစ်တွေနှင့် စားကြပါတယ်။

မြေးကလေးရေ ...

မုဒိတာရွှေကျောင်းဆရာတော် အရှင်ဉာဏ ဘိဝံသက နောက်တစ်နေ့နံနက်မှာ နန်းကြီးသုပ်နှင့် ဒါ ပါတယ်။ ဆရာတော်ကျောင်းဟာ တစ်ထပ်တိုက်လေး ပြီး စားသောက်ဆောင်က သီးခြားရှိပါတယ်။ ကျော ဝင်းက အတော်ကလေးကျယ်ပါတယ်။ ဘေးပတ်လည် လျှောက် သစ်ပင်တွေ၊ ပန်းပင်တွေစိုက်ထားတာ အတေ လှပပါတယ်။ ပန်းခြံထဲက နှင်းဆီတွေ၊ ဒေလီယာ တွေဟာ အပွင့်အချင်း ၇ လက်မ – ၉ လက်မ လော တယ်။ အရောင်အသွေးကလည်း စိုပြည်နုဖပ်နေတ မြေနှင့်ရာသီဥတုကြောင့် ဖြစ်တယ်။ ကျောင်းရှေ့မှာလ တောင်တန်းကြီးနှင့် တောအုပ်ကို တွေ့ရတယ်။ တ ခြမ်းမှာ အိမ်တွေမရှိတာမို့ သဘာဝအလှအပကို မြင် တယ်။ ဆရာတော်ကျောင်းဝန်းကျင်က ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

*အဲဒီမှာ ထူးခြားတာတစ်ခု သတိပြုမိပါတယ်။ ကလေးတွေရဲ့ နာမည်ကလေးတွေပဲ။ ကြည့်လိုက်စမ်းပါ။ ဘယ်လောက် မြန်မာဆန်ပြီး လှပလိုက်ပါသလဲ။ ရှေးမြန်မာ 'ရွှေအိမ်သည်'ဆိုတဲ့ ပုဂံခေတ်နာမည်ရဲ့ အငွေ့အသက်ကို တောင် တွေ့ရပါတယ်။*

■■■■■■■■■■■■■■■■■■■■■

'ကလော'မြို့ကလေးကို သတိရတယ်။ တောတွေတောင်တွေနှင့် အုံ့ဆိုင်းနေတယ်။

ဆန်ဖရန်စစ္စကိုမြို့သယ်ထဲမှအပ ကျန်နေရာများစွာမှာ တိုက်တာအမြင့်ကြီးတွေမရှိဘဲ တစ်ထပ်တိုက်ကလေးတွေ၊ ပန်းနှင့်ခြံတွေများတယ်။ အများစုနေတဲ့ apartment ကလေးတွေကလည်း အမြင့်ကြီးတွေမဟုတ်ဘဲ နှစ်ထပ်တိုက်ကလေးတွေဖြစ်တယ်။ သတိ ပြုမိတာကတော့ ဝရန်တာပါတာပဲ။ (နယူးယောက်က တိုက်တွေက အိမ်ရှေ့က အပိတ်ပဲ။ ဝရန်တာမရှိဘူး။) ဝရန်တာမှာ ကလေ းတွေ ကစားနေတာ တွေ့ရတယ်။ ဆန်ဖရန်ရဲ့ ရာသီဥတုက ပျမ်းမျှ ၅၀ - ၄၀ F အကြားမှာရှိတယ်လို့ ဆိုတယ်။ နေကိုလည်း မြင်ရတယ်။ တစ်နှစ်လုံး ရာသီဥတုမျှတတယ်။ (မြန်မာအများစုဟာ ဆန်ဖရန်နှင့် ကာလီဖိုးနီးယားက ရာသီဥတုကို နေထိုင်လို့ကောင်းတာမို့ ကြိုက်ကြတယ်။)

ဆရာတော်နှင့် စကားစမြည်ပြောရင်း ကျောင်းရှေ့မှာ နေပူစာလှုံရင်း ဓာတ်ပုံရိုက်ကြတယ်။ ကလောမြို့ကလေးအကြောင်း ပြောမိပြန်တယ်။ ဆရာတော်က ရှေဦးဇာတိဖြစ်တယ်။ သက်တော် ၅၇၊ ဝါတော် ၃၇ ရှိပြီ။ 'အတွေးအမြင်'မှာ 'ဉာဏ်ဦးမောင်' ကလောင်အမည်နှင့် စာတွေရေးခဲ့တာမို့ ပိုပြီးစကားပြောရင်း ရင်းနှီးသွားတယ်။ ကျောင်းက စာကြည့်တိုက်မှာ စာအုပ်အတော်စုံတယ်။ စနစ်တကျ (ဖွင့်စင်နှင့်ထားတယ်။ ဗီရိုတွေထဲမှာပိတ်ပြီး မထားဘူး။) စာတန်းကလေးတွေ ကပ်ထားတယ်။ စည်းကမ်းတကျ လွတ်လပ်စွာဖတ်ရှုခွင့် ပေးထားပါတယ်။ တစ်နေရာမှာ စာအုပ်ငှားစာရင်း စာရွက်ကလေးတွေ့ရတယ်။ စာအုပ်မပျောက်အောင်လို့ပါ။

နံနက်ပိုင်းမှာတော့ ဦးမောင်မောင်လတ်နှင့် ကိုဇော်တို့က လာခေါ်ပြီး နံနက်စာကျွေးမွေးကာ မြို့ကလေးတွေကဲ လိုက်ပြပါတယ်။ ဒီတစ်ခါတော့ ဆန်ဖရန်ကိုလာလျှင် လေယာဉ်ပေါ်က တွေ့ရတဲ့ အရှည်ဆုံးတံတားက San Matco Hayward Bridge ကိုလိုက်ပြပါတယ်။ သူတို့ကတော့ အတိုကောက် Matco တံတားလို့ပဲ ခေါ်ကြတယ်။ အဲဒီတံတားဟာ Foster City နှင့် Hay Ward City အကြားမှာ ဆက်သွယ်ထားတာပါ။

ဆန်ဖရန် ကျွန်းဆွယ်နှင့် အရှေ့ပင်လယ်အော်ကို ဆက်ပေးထားတယ်။ ဆန်ဖရန်ဘေး ဧရိယာမှာတော့ အရှည်ဆုံးပဲ။ ကမ္ဘာပေါ်တွင် ၂၅ ခုမြောက် အရှည်ဆုံးတံတား စာရင်းဝင်ပါတယ်။ တံတားအရှည်က ၁၁၂၆၅ မီတာ (၃၆ ၉၆၀ ပေ) ရှိတယ်။ ခြောက်လမ်းသွား ဖြစ်ပြီး ၄၁ မီတာ (၁၃၅ ပေ) ကျယ်တယ်။ ၁၉၆၇ ခုနှစ်ကတည်းက ဖွင့်လှစ်ခဲ့ပါတယ်။ နေ့စဉ် ကားစင်းရေ ၉၃၀၀၀ ဝန်းကျင် ဖြတ်တယ်လို့ ဆိုပါတယ်။ (Golden Gate တံတားက နေ့စဉ် ယာဉ်စီးရေ ၁၁၀၀၀၀ ဝန်းကျင် ဖြတ်သန်းနေတယ်လို့ ဆိုပါတယ်။)

တံတားကြီးကိုဖြတ်တော့ နာရီကြည့်ကြတာ အမှတ်အသားအရ ၆ မိနစ်ခန့် ဖြတ်မောင်းရပါတယ်။ ကားမောင်းတဲ့ကိုဇော်က တံတားကိုဖြတ်နေစဉ် တစ်နာရီမိုင် ၇၀ နှုန်း မောင်းတာဆိုတော့ တွက်ကြည့်ရင်း တံတားအရှည် ၇ မိုင်ခန့်ရှိတာမို့ (မှတ်တမ်းနှင့် ဖော်ပြထားတဲ့ ၃၆၊ ၉၆၀ ပေ) ဆိုတာ အတိအကျနီးပါး ထွက်ပါတယ်။ (၆၀ မိနစ် ÷ ၆ မိနစ် = ၁၀ ။ ၇၀ မိုင် ÷ ၁၀ = ၇ မိုင် = ၃၆,၉၆၀ ပေ)

တံတားကြီးဟာ ရှင်းသန့်လှပပါတယ်။ ပင်လယ်အော်ကြီးက ရေပြင်ဟာ ငြိမ်သက်ပြီး စိမ်းပြာလဲ့လဲ့နှင့် ကြည့်လို့အလွန်ကောင်းပါတယ်။ ဖြတ်သန်းနေစဉ်မှာ တံတားကြီးရဲ့ မသိမသာ တစ်ဆစ်ချိုးအကွေ့ကလေးက ကြည့်လျှင် တံတားတည်နေပုံကို သေသေချာချာ မြင်တွေ့နေရတယ်။ Hayward မှ San Matco ဘက်ရောက်တော့ မြန်မာများနေပြီး ကိုယ်ပိုင်အိမ်ရာ မြို့ကလေးဖြစ်တဲ့ Daly



www.burmeseclassic.com

www.burmeseclassic.com

City ကို လိုက်ပြပါတယ်။ အလွန်လှတဲ့ မြို့ကလေးပါ။ အိမ်တွေဟာ ညီညီညာညာ စီရရီနှင့် တိုက်ပုကလေးတွေ ဖြစ်ပါတယ်။ အဲဒီအိမ်ရာမှာ မြန်မာဆရာဝန်တွေ၊ အင်ဂျင်နီယာတွေနှင့် ဝင်ငွေကောင်းတဲ့ မြန်မာတွေ ရှိကြတယ်လို့ သိရပါတယ်။ (နံနက်ပိုင်းတုန်းက မုဒိတာကျောင်းကို ရောက်လာတဲ့ ဒေါက်တာရီရီထွေး မိသားစုလည်း ဒီအိမ်ရာမှာ နေပါတယ်။ သူက ကိုဆောင်းဝင်းလတ်နှင့် လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်ကတည်းက ရင်းနှီးခင်မင်ခဲ့တာပါ။ ပန်းချီလည်းဆွဲ၊ စာလည်းရေးတဲ့သူပါ။ သူ့လက်ရာအချို့ကို ညပိုင်းစာပေဟောပြောပွဲမှာ လာပြတတ်ပါတယ်။ အနုပညာဆန်တဲ့ မိသားစုပါ။ သမီးက ဆရာဝန်ဖြစ်ပါပြီ။ သားက ကျောင်းတက်နေဆဲပါ။

ကိုဇော်က Treasure Island ဖက် လိုက်ပို့ချင်ပါတယ်။ ဒါပေမယ့် ကားကျပ်နေတော့ အချိန်တွက်ကြည့်ရင်း ညနေ ပွဲနောက်ကျမှာစိုးတာကြောင့် လမ်းတစ်ဝက်ကပဲ လာလမ်းအတိုင်း ပြန်ခဲ့ပါတော့တယ်။

မြေးကလေးရေ ...

ညပိုင်းမှာ စာပေဟောပြောပွဲ ကျင်းပပါတယ်။ Fremant City က Los Carritas Community Center မှာပါ။ မြန်မာမိသားစုများ တက်ရောက်ကြပါတယ်။ မှတ်မိသိကျွမ်းခဲ့တဲ့အထဲက မန္တလေးဇာတိ ဆရာဝန်ကြီး ဒေါက်တာအောင်ခင်က အသက်အကြီးဆုံးဖြစ်ပါလိမ့်မယ်။ အနီးဝန်းကျင်မြို့တွေက ဆရာတော်များလည်း ကြွလာကြပါတယ်။ စာပေဟောပြောပွဲမတိုင်မီ မြန်မာမိသားစု ကလေးငယ်များ၏ မြန်မာကဗျာရွတ်ဆိုပွဲကို ကျင်းပပါတယ်။ 'သူ့မှတ်တမ်း'၊ 'ပျဉ်းမငုတ်တို'စတဲ့ ကဗျာများနှင့် 'မင်္ဂလာ' ကဗျာများလည်း ပါပါတယ်။ စာစီစာကုံးပြိုင်ပွဲက ကြိုပြီး ကျင်းပထားပါတယ်။ ကဗျာရွတ်ဆိုပြိုင်ပွဲမှာ ပထမ မောင်ရဲသန်း၊ ဒုတိယ မယဉ်မွန်မွန်စိုး၊ တတိယ မအိမ်စည်လင်းနှင့် စာစီစာကုံးပြိုင်ပွဲမှာ မဆွေကြည်ထွေးတို့က ဆုရကြပါတယ်။ အဲဒီမှာ ထူးခြားတာတစ်ခု သတိပြုမိပါတယ်။ ကလေးတွေရဲ့ နာမည်ကလေးတွေပဲ။ ကြည့်လိုက်စမ်းပါ။ ဘယ်လောက်မြန်မာဆန်ပြီး လှပလိုက်ပါသလဲ။ ရှေးမြန်မာ 'ရွှေအိမ်သည်'ဆိုတဲ့ ပုဂံခေတ်နာမည်ရဲ့ အငွေ့အသက်ကို တောင် တွေ့ရပါတယ်။ ဒါ့အပြင် ရဲရင့်တဲ့၊ ထက်မြက်တဲ့ အမည်တွေဖြစ်သလို ယဉ်ကျေးတဲ့၊ ငြိမ်းအေးတဲ့ အမည်လေးတွေဖြစ်နေတာမို့ 'မြန်မာ့ယဉ်ကျေးမှု အငွေ့အသ… အမျိုးသားလက္ခဏာကို ခံစားလို့ရနိုင်တာကို အမှတ်… မိပါတယ်။

စာပေဟောပြောပွဲမှာ စာရေးဆရာ ဆောင်း… လတ်က 'စာရေးဆရာနဲ့ ဘဝအတွေ့အကြုံ'၊ မောင်ကော… မြင့်က 'စာရေးဆရာ၏အမြင်'၊ မောင်စိုးချိန်က 'ခေတ်… ကဗျာ'စတဲ့ ခေါင်းစဉ်တွေနှင့် ဟောပြောကြပါတယ်။ … ရောက်နားထောင်သူတွေက စိတ်ဝင်တစား အလေး… တစ်နာရီ–နှစ်နာရီ ခရီးဝေးမှ ကားမောင်းလာရတော့ … ပြောရတာ အားရပါတယ်။ ည ၁၁ နာရီကျော်မှာ ပွဲသိမ်း… တယ်။ ဆုချီးမြှင့်ပြီးတော့ ဆုရကလေးတွေနှင့် လာရော… အားပေးတဲ့ မြန်မာမိသားစုများနှင့် အမှတ်တရ ဓာတ်ပုံရိုက်… ကြပါတယ်။

မြန်မာမိသားစုနှင့် ရပ်ဝေးမြေခြားမှ အခုလိုရင်းနှီး… တွေ့ဆုံရခြင်းဟာ တကယ့်ကြုံတောင့်ကြုံခဲပါ။ ခရီး… လည်း မိုင် ၂၅၀၀ ကျော်ဝေးပြီး တကူးတကသွားမှ ရော… ရတဲ့နေရာမှာ တစ်စုတစ်ဝေးတည်း သိုက်မြိုက်ရင်းနှီး… တွေ့ဖို့ဆိုတာ အလွန်ရခဲတဲ့ အခွင့်အလမ်းတစ်ခုပါ။ မြန်… စာပေ၊ မြန်မာယဉ်ကျေးမှု၊ မြန်မာအမျိုးသားရေးလက္ခဏာ… ကို ဖော်ထုတ်နိုင်တဲ့ပွဲမို့ အမှတ်ရစရာပေပဲ။

မြေးကလေးရေ ...

ဒါ့ကြောင့်လည်း အဲဒီဟောပြောပွဲတွင် လွန်ခဲ့… လေးတန်းကျောင်းသားဘဝ 'ကမ္ဘာတစ်ခွင် ခရီးစဉ်'ထဲ… စတင်ကြားဖူးခဲ့သော 'ဆန်ဖရန်စစ္စကို'ဆိုတဲ့ မြို့နာမည်… ကလေးကို နှစ်ပေါင်း ၅၅ နှစ်လောက်မက်ခဲ့တဲ့ အိပ်မက်… တစ်ခုပမာ အမြဲသတိရနေပုံကို 'မာတင်လူသာကင်း'… I have a dream စကားကလေး ငှားသုံးပြီး ဟောပြောခဲ့… တယ်။

ဩော် ... အိပ်မက်တစ်ခု(စိတ်ကူးတစ်ခု) လ… တွေ့ဖြစ်လာဖို့ဆိုတာ အနှစ်ငါးဆယ်ကျော် ကြာတတ်… ကလားလို့ တွေးမိရင်း အမှတ်တရစာကို နိဂုံးချုပ်လိုက်… တယ်။

***ချမ်းမြေ့ကြပါစေ ...။***

● မောင်ကောင်းမြင့်…

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့်ဘဝအစ သတင်းစာက

✦ တက္ကသိုလ်သိန်

၁၉၆၁-၆၂ ခုနှစ်က ဖြစ်သည်။ ကျွန်တော့်မွေးဇာတိ မော်လမြိုင်တွင် နေ့စဉ်ထုတ်သတင်းစာ နှစ်စောင်ပေါ်လာသည်။ တစ်စောင်းမှာ "တနင်္သာရီ"သတင်းစာဖြစ်ပြီး ကျန်တစ်စောင်မှာ "မော်လမြိုင်"သတင်းစာ ဖြစ်သည်။ ထိုခေတ် ငွေကြေးတန်ဖိုးအရ သတင်းစာတစ်စောင်မှာ ၁၀ ပြားသာ ပေးရ၏။

တနင်္သာရီနေ့စဉ်သတင်းစာ၏ အယ်ဒီတာချုပ်မှာ ကြေးမုံသတင်းစာ ဝါရင့်သတင်းထောက်ကြီး ဦးမောင်မောင်ကြည် ဖြစ်သည်။ ထို့အတူ မော်လမြိုင်နေ့စဉ်သတင်းစာ၏ အယ်ဒီတာချုပ်မှာလည်း ဝါရင့်သတင်းထောက်ကြီး ဦးမျိုးမြင့် ဖြစ်သည်။

မော်လမြိုင်မြို့ထုတ် နေ့စဉ်သတင်းစာနှစ်စောင်တွင် ကျွန်တော် သတင်းနှင့် ဆောင်းပါးရေးသည်။ မော်လမြိုင်နေ့စဉ်တွင်မူ တစ်ခါတစ်ရံ ဝတ္ထုများလည်း ရေးသည်။ စာမူခမရပါ။ စေတနာ့ဝန်ထမ်းသဘောမျိုးသာ ဖြစ်သည်။ တစ်နည်းဆိုရလျှင် ကလောင်လက်သင်ခြင်းလည်း ဖြစ်ပါ၏။

၁၉၆၄ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင် ပုဂ္ဂလိကပိုင်လုပ်ငန်းများကို ပြည်သူပိုင်လုပ်လိုက်သဖြင့် မော်လမြိုင်မြို့ထုတ် သတင်းစာနှစ်စောင်သည် အလိုလိုရပ်ဆိုင်းသွားတော့သည်။

ထိုအတူပင် ရန်ကုန်မြို့မှထုတ်ဝေလျက်ရှိသည့် မြကြေးမုံ



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တထောင်နှင့် မြန်မာ့အလင်းသတင်းစာတို့သည်လည်း ပြည်သူပိုင်သိမ်းခံရသည်။ ယင်းနောက် အဆိုပါ သတင်းစာများ နာမည်မပြောင်းဘဲ မူဝါဒပြောင်း၍ ဆက်လက်ထုတ်ဝေခဲ့ကြသည်။ တော်လှန်ရေးကောင်စီလက်ထက်တွင် အသစ်ထုတ်ဝေသည့် သတင်းစာမှာ "လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ"ဖြစ်သည်။ အယ်ဒီတာချုပ်မှာ ဆရာကြီးရွှေဥဒေါင်း ဖြစ်သည်။

ထိုအချိန်က ကျွန်တော်သည် သံဖြူဇရပ်မြို့နယ် ပါတီယူနစ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ သံဖြူဇရပ်မြို့မှနေ၍ ရန်ကုန်မြို့မှ ထုတ်ဝေလျက်ရှိသော ဗိုလ်တထောင်သတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများသို့ ဆောင်းပါးများ ရေးသားပေးပို့ခဲ့ရာ ဖော်ပြခြင်းခံရသည်။

ထိုစဉ်က ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်မှာ အဘဦးထိန်ဝင်း (လက်ရှိစာရေးဆရာအသင်း ကန်တော့ခံပုဂ္ဂိုလ်)ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ်မှာ ဦးစိုးမောင်(သာဂရစိုး) ဖြစ်သည်။

၁၉၇၄ ခုနှစ်၊ အောက်တိုဘာလတွင် ကျွန်တော် သံဖြူဇရပ်မြို့နယ်ပါတီယူနစ်မှ ရန်ကုန်မြို့ရှိ လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။

ထိုအချိန်မှစ၍ ရန်ကုန်မြို့မှ ထုတ်ဝေလျက်ရှိသည့် ကြေးမုံ၊ မြန်မာ့အလင်း၊ ဗိုလ်တထောင်နှင့် လုပ်သားပြည်သူ့


## ပုဂ္ဂိုလ်ခင်မှ တရားမင်ဟူသော စကားကဲ့သို့ ရင်းနှီးမှုကြောင့်ဟုဆိုရမည်၊ ကျွန်တော့်ဆောင်းပါးများကို ယင်းသတင်းစာလေးစောင်စလုံးက မကြာခဏ ဖော်ပြလေ့ရှိကြသည်။ တစ်ခါတစ်ရံ တစ်နေ့တည်း သတင်းစာလေးစောင်စလုံးတွင် ကျွန်တော့်ဆောင်းပါးဖော်ပြခံရသည်။


နေ့စဉ် သတင်းစာများတွင် ဆောင်းပါးများရေးသားရန် အခွ
အလမ်းကောင်းခဲ့သည်။

ကြေးမုံသတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် ခုတိ
ဗိုလ်မှူးကြီးစိုးညွှန့်(ဒေါက်တာတီလာစစ်သူ)ကလည်းကောင်း
မြန်မာ့အလင်းသတင်းစာအယ်ဒီတာချုပ်အဖြစ် ဆရာဦးစိုးမော
(သာဂရစိုး)ကလည်းကောင်း၊ ဗိုလ်တထောင်သတင်း
အယ်ဒီတာချုပ်အဖြစ် အဘဦးထိန်လင်းကလည်းကော
လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အယ်ဒီတာချုပ်အဖြစ် ဆ
ဦးလှမြိုင်(ကိုဆောင်း)ကလည်းကောင်း တာဝန်ယူလျက်
ကြသည်။

ပြင်ပမှ ပေးပို့လာသော ဆောင်းပါးစာမူများကို စိစ
တည်းဖြတ်ရသော အယ်ဒီတာများမှာ ကြေးမုံဦးစိန်ထွန်းအော
မြန်မာ့အလင်း ဆရာဦးကြည်ညွှန့်(ချစ်ကြည်ရေးကြည်ညွှ
ဗိုလ်တထောင်ဆရာဦးသန်းမြင့်၊ လုပ်သားပြည်သူ့နေ့စဉ် ဆရ
ဦးစိန်အေးတို့ ဖြစ်ကြသည်။

ကျွန်တော်သည် မကြာခဏဆိုသလို ယင်းသတင်း
တိုက်များသို့ ဝင်ထွက်သွားလာသဖြင့် အယ်ဒီတာချုပ်မျ
အယ်ဒီတာများနှင့် ရင်းနှီးခင်မင်မှု ရှိလာသည်။ ပုဂ္ဂိုလ်ခ
တရားမင် ဟူသော စကားကဲ့သို့ ရင်းနှီးမှုကြောင့်ဟု ဆိုရမ
ကျွန်တော့်ဆောင်းပါးများကို ယင်းသတင်းစာလေးစောင်စ
က မကြာခဏ ဖော်ပြလေ့ရှိကြသည်။ တစ်ခါတစ်ရံ တစ်
တည်း သတင်းစာလေးစောင်စလုံးတွင် ကျွန်တော့်ဆောင်း
ဖော်ပြခံရသည်။ ဤသည်နှင့်ပတ်သက်၍ ထိုစဉ်က သတင်း
နှင့် စာနယ်ဇင်းကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူးဖြ
သူ ဗိုလ်မှူးကြီးခင်မောင်အေး(ဆရာခင်မောင်အေး-မန္တလေး
က ကျွန်တော့်အား သတင်းစာများတွင် "ဘော်ချက်"နေ
ဟု စကားဆိုသည်ကို ကျွန်တော် တစ်ဆင့်စကား ပြန်ကြ
ရသည်။

ဤသို့ဖြင့် တစ်နေ့ မင်္ဂလာတောင်ညွန့်မြို့နယ် တ
လုပ်သားအဖွဲ့ နှစ်ပတ်လည်အခမ်းအနားတွင် ဆရာခင်မော
အေး(မန္တလေး)နှင့် တွေ့သဖြင့် ကျွန်တော်သွားရောက်ဂါရ
နှုတ်ဆက်၍ ခင်မင်မှုရရှိခဲ့သည့်နောက်ပိုင်းတွင် ဆရာခင်မော
အေး(မန္တလေး)သည် ကျွန်တော့်အပေါ် နားလည်မှု၊
ထောက်ထားမှုတို့ဖြင့် တစ်ဦးနှင့်တစ်ဦး ပို၍ရင်းနှီးခင်မ
ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီအစည်းအဝေးများတွင် ဆရာနှင့် ကျွန်တော် အလုပ်သဘောအရ တွေ့ခုံဆက်ဆံကြရပြန်သဖြင့် တစ်ဦးသဘောတစ်ဦး နားလည်ကာ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည်။ ယခုအခါ ဆရာသည် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ကန်တော့ခံပုဂ္ဂိုလ်ဖြစ်နေလေပြီ။

လမ်းစဉ်ပါတီဌာနချုပ်မှ လူကြီးများက ဗိုလ်တထောင်နေ့စဉ်သတင်းစာကို "ပါတီအာဘော်သတင်းစာ"အဖြစ် သတ်မှတ်၍ ထုတ်ဝေခဲ့ရာ၊ အယ်ဒီတာချုပ်မှာ ဦးသိန်း(ဆရာဇာတိပ္ပိုလ်)ဖြစ်သည်။ လမ်းစဉ်ပါတီဌာနချုပ်တွင် အပတ်စဉ်ပြုလုပ်သည့် ပါတီအာဘော်သတင်းစာကြီးကြပ်ရေးကော်မတီအစည်းအဝေးသို့ ကျွန်တော်တက်ရောက်ခွင့်ရရှိပြီး လူကြီးများအား ဆောင်းပါးစာမူများကို ဖတ်ကြားတင်ပြရခြင်း၊ အကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ရသည်။

ဆရာဇာတိပ္ပိုလ်မောင်သိန်း အနားယူသွားပြီးနောက် ဗိုလ်တထောင်သတင်းစာအယ်ဒီတာချုပ်မှာ ဗိုလ်မှူးမြသိန်း(မြသိန်း)ဖြစ်လာသည်။ ဗိုလ်မှူးမြသိန်းနှင့် ကျွန်တော်သည် ၁၉၈၆ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးသွားရောက်ရာတွင် အတူပါဝင်ခဲ့ကြသဖြင့် ယခင်ကထက် ရင်းနှီးခင်မင်မှု ရှိလာသည်။

ကျွန်တော် လမ်းစဉ်ပါတီဌာနချုပ်၊ ပညာပြန့်ပွားလှုံ့ဆော်ရေးဌာနခွဲတွင် ဌာနခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်နိုင်တွင် လူကြီးများ၏ တာဝန်ပေးချက်အရ သတင်းပြန်ကြားရေးကိစ္စကို တာဝန်ယူဆောင်ရွက်ရသည်။ လမ်းစဉ်ပါတီဌာနချုပ်က ဦးစီးကျင်းပသည့် ညီလာခံများ၊ ဗဟိုကော်မတီအစည်းအဝေးများနှင့် အခမ်းအနားများနှင့် ပတ်သက်သည့် သတင်းများကို ကိုယ်တိုင်ရေးသားအတည်ပြုချက်ရယူကာ မြန်မာ့အသံရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများမှ အချိန်မီထုတ်ပြန်နိုင်ရန် တာဝန်ယူဆောင်ရွက်ရသည်။ သို့အတွက်ပင် သတင်းစာနှင့် စာနယ်ဇင်းကော်ပိုရေးရှင်းမှ ညွှန်ကြားရေးမှူး(သတင်း)ဦးလှထွန်း၊ မြန်မာ့သတင်းစဉ်မှ ဦးမောင်မောင်ညို(နောင် ဒုညွှန်ကြားရေးမှူး)တို့နှင့် ဆက်သွယ်ဆောင်ရွက်ရ၍ ပုဂ္ဂိုလ်ခင်မင်မှုများလည်း ရရှိခဲ့ပါ၏။

၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံကျင်းပသည့်အခါ ကျွန်တော်သည် ပြန်ကြားရေးဆပ်ကော်မတီရုံးအဖွဲ့မှူးအဖြစ် ဆောင်ရွက်ရပြီး ဆရာဦးလှထွန်းမှာ ယင်းဆပ်ကော်မတီအတွင်းရေးမှူးအဖြစ် တာဝန်ယူရသည်။ အမျိုးသားညီလာခံနှင့်ပတ်သက်သည့် သတင်းများကို မြန်မာ့သတင်းစဉ်မှ သတင်းထောက်မှူး ဦးမြင့်လွင်နှင့် ညိုနှိုင်းကာ နေ့စဉ်ထုတ်ပြန်ရသည်။ ထို့အပြင် နေ့စဉ်သတင်းလွှာကိုလည်း ဦးစီးထုတ်ဝေရသည်။

ထို့နောက် ၁၉၉၉ ခုနှစ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးချုပ်သို့ စာတည်းမှူးအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခဲ့ရသည်။ ယင်းဌာနတွင် ကျွန်တော်သည် တာဝန်အရ စာစောင်များထုတ်ဝေရခြင်း၊ လက်ကမ်းစာရွက်များ ပြုစုရခြင်း၊ တစ်ခါတစ်ရံ မဂ္ဂဇင်းများ၊ မြန်မာနိုင်ငံအကြောင်း သိကောင်းစရာစာအုပ်များကို ထုတ်ဝေရသည်။

ကျွန်တော် ဌာနမှ အငြိမ်းစားမယူမီ ခြောက်လခန့်အလိုတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ကျွန်တော်၏တာဝန်မှာ "သုတေသနနှင့်စာတမ်းပြုစုရေး"ဖြစ်သည်။ ကျွန်တော်နှင့်အတူ ဦးညွှန့်ဟံ(ညွှန့်ဟံ-ကြူတော)၊ ဦးကြည်ဝင်း(ကြည်ဝင်း-ညွှန့်)နှင့် ဦးစံမြို့ဇေတို့ ပါဝင်ကြသည်။ ယင်းတို့ ပြောင်းသွားပြီးနောက် ဦးသန်းဝင်း(မင်းယဉ်စု)၊ ဦးခင်မောင်မြင့်(ကိုရင်သာဓုတ်)တို့ ရောက်လာကြသည်။ တပ်မတော်မှ အရာရှိများလည်း ရောက်လာပါသည်။

ကျွန်တော် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ပြီး အလုပ်မှ အနားယူခဲ့သည်။

ကျွန်တော်၏ ဘဝတစ်လျှောက်တွင် အသက်မွေးဝမ်းကျောင်းအရပဲပြောပြော၊ ဝါသနာဘာဂီ ဆက်တိုင်းမီသည်ဟုပဲဆိုဆို "သတင်း"နှင့်လည်းကောင်း "စာပေ"နှင့်လည်းကောင်း မကင်းမကွာ ရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ပါ၏။

လောကတွင် မိမိဝါသနာပါသော လုပ်ငန်းတစ်ရပ်ကိုလုပ်ကိုင်နေရလျှင် မည်မျှပင်ပန်းစေကာမူ နှစ်သက်ကြည်ဖြူစွာ ယင်းတာဝန်(ဝါ)အလုပ်ကို ထမ်းဆောင်နေမည်သာ ဖြစ်ပါကြောင်း…။

တက္ကသိုလ်သဒ်



www.burmeseclassic.com

www.burmeseclassic.com

# ရေတွင်းပျက်၊ ရေတွင်းဟောင်းများ

## သန့်ရှင်းရေးအတွက်

# တူးဖော်ဆယ်ယူတော့မည်ဆိုလျှင်

**ဆောင်းဟောမာန်-မြတ်ကြေးမုံ**

BURMESE CLASSIC

၂၀၁၂ နှစ်ကူးခါသမယ ကူးလာပြီးသည်နှင့် ယနေ့ ၂၀၁၂ ခုနှစ်မေ၊ ဇွန်လအထိတိုင် အောက်မြန်မာပြည်အနှံ့ ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းကြောင့် သောက်ရေသုံးရေပြတ်လပ်မှု၊ ဆင်းရဲခြင်းအကြောင်းများအား နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်စာစောင်များတွင် တွေ့မြင်ဖတ်ရှုခဲ့ရ၍ စိတ်မကောင်းခြင်းများစွာ ဖြစ်ခဲ့ရသည်။

ထိုနည်းအလားတူစွာ စာရေးသူတို့နေထိုင်ရာအရပ် ရခိုင်ပြည်နယ်တစ်ဝှမ်း သံတွဲမြို့ကျေးရွာ၊ ရပ်ကွက်ဒေသခံများ၌ ရေဆင်းရဲဒုက္ခသောကပင်လယ်ဝေနေခဲ့ရပါသည်။

နေပူရှိန်ပြင်းထန်မှုကြောင့် မိမိကျေးရွာ၊ ရပ်ကွက်အတွင်းရှိ ရေတွင်းပျက်၊ ရေတွင်းဟောင်းများကို တူးဖော်ဆယ်ယူခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ရေတွင်းရေကန်ဟောင်းများအား တူးဖော်ဆယ်ယူသန့်စင်ရာတွင် အသိပညာ တတ်သိကျွမ်းကျင် နားလည်မှုမရှိခြင်းကြောင့် အသက်ပင် ဆုံးရှုံးသေဆုံးရကြောင်း စိတ်မကောင်းစွာ ထပ်မံ၍ ကြားသိရပြန်သည်။ ထိုကဲ့သို့ သေဆုံးရခြင်း၏ အကြောင်းရင်းမှာ ရေတွင်းဟောင်းများ၌ အောက်စီဂျင်ဓာတ် ပြတ်လပ်မှုရှိခြင်းကြောင့် ဟိုက်ထရိုဂျင်ဓာတ်ငွေ့များပြားမှုကြောင့် သတိပညာအမှတ်တမဲ့ကင်းစွာ လုပ်ဆောင်မိခြင်းကြောင့် ယခုကဲ့သို့ အသက်များ သေဆုံးရခြင်း ဖြစ်သည်။ အကြောင်းအရင်းမှာ ရေတွင်းမှာ လွန်စွာနက်ခြင်း၊ ရေပုပ်ရေဆိုးနံ့ အမှိုက်သရိုက်များရှိနေခြင်း၊ လေအဝင်အထွက်နည်း၍ အောက်ဆီဂျင်ပြတ်လပ်ခြင်း အကြောင်းရင်းဖြစ်သည်။ ထိုသို့သော အကြောင်းတရားအရင်းခံကို ခြေခြေမြစ်မြစ်မသိခြင်းကြောင့် အသက်ဖြင့် ပေးဆပ်ခဲ့ရသည်။

အကယ်၍ ရေတွင်းဟောင်း ရေတွင်းပျက်တို့အား ပြန်လည်ပြုပြင်တော့မည်ဆိုက ရေတွင်း၏အတိမ်အနက် ပမာဏအပေါ် မူတည်၍ အောက်ဆီဂျင်ပြတ်လပ်မှု၊ ဟိုက်ဒရိုဂျင် များပြားမှု ရှိမရှိ သိရှိစေနိုင်ရန် သံပုံး(သွပ်ပုံး)အတွင်း၌ ဆီမီးတိုင်အကြီးအား မီးညှိ၍ တွင်းပေါ်မှ ကြိုးရှည်ဖြင့် ဖြည်းညင်းစွာ ချပေးလိုက်ပါ။ ရေတွင်း၏ အတိမ်အနက်၊ အောက်ဆီဂျင်ပြတ်လပ်မှုမှာ ဆီမီးတိုင်ကိုကြည့်၍ အဖြေသိရှိနိုင်ပါသည်။ အကယ်၍ ရေတွင်း၏ အလယ်အလတ်ပိုင်း ဆီမီးတိုင်မီးငြိမ်းသွားပါက ထိုနေရာမှစ၍ အောက်ဆီဂျင် ပြတ်လပ်မှုရှိကြောင်း သိသာထင်ရှားစေပါသည်။

ထိုသို့ အောက်ဆီဂျင်ပြတ်လပ်ကြောင်းသိလျှင် သစ်ရွက်ထူထပ်စွာရှိသည့် သစ်ကိုင်းတစ်ကိုင်းကို ကြိုးဖြင့်ချည်နှောင်၍ ရေတွင်း၏ အတွင်းအပြင်ထက်အောက် ကြိမ်ဖန်များစွာ မလိုက်၊ ချလိုက် ပြုလုပ်ပြီးခါမှ နောက်ထပ်တစ်ဖန် ဆီမီးတိုင်ဖြင့်စမ်းသပ်၍ မီးမငြိမ်းတော့ဘူးဆိုကာမှ ရေတွင်းဟောင်း၊ ရေတွင်းပျက်တို့အား တူးဖော်ဆယ်ယူသင့်ပါကြောင်း . . .

**ဆောင်းဟောမာန်-မြတ်ကြေးမုံ**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သူတို့ သာဓုခေါ်ကြမည်

**မနုဿကျော်ဝင်း**(အမျိုးသားစာပေဆုရ)

သူတို့နှစ်ဦး၏ ဖြစ်ရပ်ဇာတ်လမ်းက ဒဏ္ဍာရီဆန်လွန်းသည်။ သို့ရာတွင် ဒဏ္ဍာရီသက်သက်မျှသာ ဖြစ်သည်ဟု အလျဉ်းပြော၍မရ။ အကြောင်းကား လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ခန့်တုန်းက သူတို့တည်ထောင်အုပ်ချုပ်စိုးစံသွားခဲ့ကြသော မြို့တော်ဟောင်းများက သည်ကနေ့တိုင်အောင် ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိနေကြသောကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် ဤဖြစ်ရပ်ဇာတ်လမ်းကို ဒဏ္ဍာရီဆိုသည်ထက် ပါးစပ်ရာဇဝင်ဟုဆိုလျှင် ပိုပြီးဆီလျော်မည် ထင်သည်။

ဤပါးစပ်ရာဇဝင်ကို ကျွန်တော်တို့ ငယ်ရွယ်စဉ် မူလတန်းကျောင်းသားဘဝကတည်းက ကြားဖူးခဲ့ရ၏။ သိဒ္ဓိရှင်ဒွတ္တဘောင်မင်းကို စိတ်ဝမ်းပါးအားကျမိခဲ့သလို၊ ကံခေသူ ပန်ထွာဘုရင်မကို သနားကရုဏာသက်မိခဲ့ရသည်။ တက္ကသိုလ်ကျောင်းသားဘဝသို့ ရောက်လာသောအခါ မိမိအထူးလေ့လာလိုက်စားသည့် မနုဿဗေဒဘာသာရပ်အတွက် သူတို့၏မြို့တော်ဟောင်းနေရာများဆီသို့ ကွင်းဆင်းသုတေသနပြုခဲ့ရသည်။ ဘွဲ့ရပြီးအလုပ်ထဲဝင်ပြန်တော့လည်း ထိုမြို့တော်ဟောင်းများနှင့် ဆက်စပ်ဆက်နွယ်သည့် လုပ်ငန်းမျိုးတွေကို ဆောင်ရွက်ခဲ့ရသည်။ ဌာနအကြီးအကဲဘဝဖြင့် သက်ပြည့်အငြိမ်းစားယူချိန်အထိပင် ဖြစ်၏။

ထိုမင်း၏အမည်က ဒွတ္တဘောင် ဖြစ်သည်။ ပျူလူမျိုးဖြစ်ပြီး သရေခေတ္တရာပြည်ကြီးကို တည်ထောင်အုပ်ချုပ် စိုးစံခဲ့သည်။ ဒွတ္တဘောင်မင်းသည် အလွန်ပင် ဘုန်းတန်ခိုးကြီး၏။ နဖူးတွင် မဲ့ရှင်တစ်လုံးရှိရာ ထိုမဲ့ရှင်၏ တန်ခိုးကြောင့် သူသည် သိဒ္ဓိရှင် ဖြစ်နေရခြင်းဟု ဆို၏။ ထို့ပြင် အစွမ်းထက်လှသော လှံပျံတစ်ချောင်းကိုလည်း ပိုင်ဆိုင်ထား၏။ သူသည် အခြားမင်းများထံသို့ လှံပျံကိုစေလွှတ်ပြီး အခွန်ပဏ္ဏာ ဆက်သရန် တောင်းခံစေခဲ့သည်ဟုဆို၏။ လှံပျံက လေထဲမှ ပျံဝဲရောက်ရှိလာပြီး ခြိမ်းခြောက်သောကြောင့် အခြားမင်းများက မနေဝံ့ဘဲ မပျက်မကွက် အခွန်ပဏ္ဏာပေးဆက်ခဲ့ကြရသည် ဆို၏။

သို့ရာတွင် ထိုလှံပျံကို လုံးဝမကြောက်ရွံ့ခဲ့သူတစ်ဦး ရှိ၏။ သူ၏အမည်က ပန်ထွာဘုရင်မ။ သူတည်ထောင်အုပ်စိုးနေသော မြို့တော်အမည်က ဗိဿနိုး။ သရေခေတ္တရာပြည်ကြီးနှင့် သိပ်ပြီးအလှမ်းမကွာဝေးသောအရပ်၌ တည်ရှိနေသည်။ အခွန်ပဏ္ဏာမပေးဆက်၍ အမျက်တော်ရှနေသူ ဒွတ္တဘောင်မင်းက မိမိ၏စစ်တပ်ကို ဗိဿနိုးမြို့တော်ဆီသို့ ချီတက်တိုက်ခိုက်စေခဲ့၏။ ပန်ထွာဘုရင်မထံတွင် ထူးဆန်းပြီး တန်ခိုးကြွဒ္ဓိပါတ်ရှိသော စည်တော်ကြီးတစ်လုံးရှိ၏။ ထိုစည်တော်ကိုတီးခတ်လိုက်လျှင် ဗိဿနိုးမြို့တော်ကို ကျုံးသဖွယ် ဝိုင်းပတ်ရံ၍ စီးဆင်းလျက်ရှိသော ရန်ပယ်ချောင်းထဲမှ ရေတွေက လျှံတက်ပြီး အရှိန်ပြင်းစွာ စီးဆင်းကြ၏။ ဒွတ္တဘောင်မင်း၏ ရဲမက်ဗိုလ်ပါများ ထိုရေအလျဉ်ဖြင့် မျောပါကုန်ကြ၏။ သို့ဖြင့် စစ်ရေးမလှ ဖြစ်ခဲ့ရ၏။ နောက်ထပ်စစ်တပ်တွေ စေလွှတ်ပြန်တော့လည်း သည်လိုပဲ အရေးနိမ့်ခဲ့ရ၏။ သည်တော့ ဒွတ္တဘောင်မင်းက ကောက်ကျစ်စဉ်းလဲစွာ အစီအစဉ်တစ်ခု ပြုလုပ်ရလေတော့၏။

တစ်ရက်သ၌ ဗိဿနိုးမြို့တော်သို့ အာဂန္တုရဟန်းတစ်ပါး ကြွရောက်လာသည်။ ထိုရဟန်း၏ ဥပဓိရုပ်က အလွန်ပင်ကြည်ညိုဖွယ်ရာ ကောင်းလှ၏။ အချုပ်အားဖြင့်ဆိုရသော် ထိုရဟန်းသည် ပန်ထွာဘုရင်မနှင့် ရက်ပိုင်းအတွင်းမှာပင် ဆရာ၊ ဒကာ ဖြစ်သွားခဲ့ရ၏။ နန်းဦးဘုရားဆောင်တွင် သီတင်းသုံးခွင့်ရသည်။ ထိုရဟန်းက ဘုရင်မကြီး၏ စည်တော်ကို ပို၍အစွမ်းထက်လာစေရန် သိဒ္ဓိတင်ပေးမည်ဟု စကားကမ်းလှမ်းလာ၏။ သိဒ္ဓိ

www.burmeseclassic.com

တင်ပေးနိုင်ရန်အတွက် စည်တော်၏ သားရေကို အသစ်ပြန်ကျက်ရမည်ဟု ဆိုသည်။ ထိုရဟန်းကို အလွန်ပင် စိတ်ချယုံကြည်နေသူ ပန်ထွာဘုရင်မ က မဆိုင်းမတွပင် ခွင့်ပြုလိုက်၏။ တန်ခိုးရှိသော စည်တော်ကြီးကို ထို ရဟန်း၏လက်သို့ ဝကွက်အပ်လိုက် သည်။ ရဟန်းက ထိုစည်တော်ကို လျှို့ဝှက်သည့်နေရာတစ်ခုသို့ ယာယီ ရွှေ့ပြောင်းပြီး မိမိတစ်ပါးတည်း စိတ် ကြိုက်စီရင်သည်။ အစီအရင်ကိစ္စများ ပြီးစီးသည့်ခါ ယင်းစည်တော်ကို မူလ နေရာ၌ ပြန်လည်နေရာချထားပေးပြီး ရဟန်းသည် ဗိဿနိုးမြို့တော်မှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့ လေသည်။

ရက်များမကြာမီတွင် ဒွတ္တ ဘောင်မင်း၏ စစ်တပ်ကြီးက ဗိဿနိုး မြို့တော်ဆီသို့ ချီတက်လာသည်။ ထို စစ်တပ်ကြီး ရန်ပယ်ချောင်းကို ဖြတ် ကူးနေစဉ် ပန်ထွာဘုရင်မက စည် တော်ကြီးကို တီးခတ်စေသည်။ သို့ရာ တွင် စည်တော်ကြီးမှ ဘာသံမျှမထွက် ပေါ်လာတော့။ သေသေချာချာ စစ် ဆေးကြည့်ရှုတော့ စည်တော်ကြီး ပေါက်နေသည်ကို တွေ့ရှိကြရ၏။ ဒွတ္တဘောင်မင်းစေလွှတ်လိုက်သော သူလျှိုဥပါယ်ရဟန်းတုက စည်တော် ကြီး၏ မျက်နှာပြင်ကို ထိုးဖောက်ထား ခဲ့ခြင်းကြောင့်ပင် ဖြစ်၏။

ဗိဿနိုးမြို့တော် ရန်သူ့လက်သို့ ကျရောက်ခဲ့ရပြီး ထိုမြို့တော်ကို ရန်သူ တို့က မီးတိုက်ဖျက်ဆီးခဲ့ကြသည်။ ပန်ထွာဘုရင်မကိုလည်း စစ်သုံ့ပန်း အဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဒွတ္တဘောင်မင်းထံ ဆက်သခဲ့ကြ သည်။ သို့ဖြင့် ပန်ထွာဘုရင်မသည် မိမိလုံးဝမချစ်မနှစ်သက်သူ၏ မိဖုရား ဖြစ်လာခဲ့ရသည်။ နေ့စဉ်နှင့်အမျှ စိတ် ဆင်းရဲခဲ့ရသည်။ ဒွတ္တဘောင်မင်းကို အလွန်စိတ်နာနေသူ ပန်ထွာဘုရင်မ သည် တစ်ရက်သ၌ မိမိ၏ ဝတ်လဲ တော် ထဘီအဟောင်းတစ်ထည်ကို မျက်နှာသုတ်ပဝါအဖြစ် သေသပ်ပိရိ စွာ ဖန်တီးပြုလုပ်ပြီး ဥပါယ်တံမျဉ်ဖြင့် ဒွတ္တဘောင်မင်းကို ဆက်သသည်။ ထိုပဝါဖြင့် ဒွတ္တဘောင်မင်းမျက်နှာ သုတ်မိသောအခါ ယုတ်ညံ့သနပြီး နဖူးပေါ်မှ သိဒ္ဓိမှဲ့ရှင် ပျောက်ကွယ်သွား ခဲ့ရလေတော့၏။ သို့ဖြင့် ဒွတ္တဘောင် မင်း ဘုန်းတန်ခိုးမှေးမှိန်လာခဲ့ရသည်။

စိတ်လက်မကြည်ရှင်သူ ပန်ထွာ ဘုရင်မသည်လည်း တစ်စတစ်စနှင့် ကျန်းမာရေးချို့ယွင်းကာ မကြာမီပင် ကံတော်ကုန်ရရှာလေ၏။ သူမ၏ ရုပ် အလောင်းကို ပျူတို့၏ ထုံးစံအတိုင်း မီးသင်္ဂြိုဟ်ကာ အရိုးပြာကို ကျောက် အိုးကြီးတွင် ထည့်၍ မြေမြှုပ်ခဲ့ကြ သည်။ ထိုသင်္ချိုင်းနေရာ ကုန်းမြေကို ဗိဿနိုးမိဖုရားသင်္ချိုင်းဟု ခေါ်ဝေါ်ခဲ့ကြ ရာ မျက်မှောက်ခေတ်တိုင်အောင်ပင် ဖြစ်တော့သည်။

ပျူမြို့တော်ဟောင်းများ ဖြစ်ကြ သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေ ခေတ္တရာတို့သည် လွန်ခဲ့သောနှစ် ပေါင်း ၂၀၀၀ ခန့်ကတည်းက မြန်မာ ပြည်တွင် အစောဆုံး မြို့ပြယဉ်ကျေးမှု (The Earliest Civilization) ထွန်း ကားခဲ့သည့် အချက်အချာနေရာများ ဖြစ်ကြသည်။ ထိုမြို့တော်များသည် ရန်သူတို့၏ ဖျက်ဆီးခြင်းကို ခံခဲ့ကြရ ပြီးနောက် နေထိုင်သူကင်းမဲ့ကာ နှစ် ပေါင်းများစွာ တစ္ဆေမြို့တော်(Ghost Town) တွေလို ဖြစ်နေခဲ့ရ၏။

နှစ်ကာလ ကြာမြင့်လာသည်နှင့် အမျှ မြူမှုန်၊ ဖုန်မှုန်များ ကွယ်အုပ် ဖုံးလွှမ်းခြင်း၊ နှင်းရေ၊ မိုးရေတို့နှင့် ထိတွေ့သောအခါ ယင်းဖုန်မှုန်၊ မြူ တို့က မြေသားများအဖြစ် ပြောင်းလဲ လာခြင်း၊ ရေညှိရေမှော်များ ကပ်ငြိ ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းများ၊ သစ်ပင် များ ပေါက်ရောက်လာခြင်းတို့ကြောင့် နောက်ဆုံးတွင် တောင်ကုန်းတောင် ပို့များအသွင် ဖြစ်ပေါ်လာခဲ့ရသည်။

> ဒွတ္တဘောင်မင်းကို အလွန်စိတ်နာနေသူ ပန်ထွာဘုရင်မသည် တစ်ရက်သ၌ မိမိ၏ဝတ်လဲတော် ထဘီ အဟောင်းတစ်ထည်ကို မျက်နှာသုတ်ပဝါအဖြစ် သေသပ်ပိရိစွာ ဖန်တီးပြုလုပ်ပြီး ဥပါယ်တံမျဉ်ဖြင့် ဒွတ္တဘောင်မင်းကို ဆက်သသည်။

www.burmeseclassic.com

မူလအဆောက်အအုံတို့မှာ မြေသားထုနှင့် သစ်ပင်ချုံနွယ်ပိတ်ပေါင်းတို့၏ ဖုံးအုပ်ခံထားရမှုကြောင့် ပကတိအတိုင်းမြင်တွေ့နိုင်ရန် မလွယ်ကူတော့။

နှစ်ပေါင်း ၂၀၀၀ ခန့် ကြာမြင့်လာပြီး သည်မှာဘက်ခေတ်တွင် ယင်းအရပ်ဒေသတို့၌ နေထိုင်ကြသူများက အဆိုပါ ရှေးဟောင်း တောင်ကုန်းတောင်ပို့များကို ဘာမှန်းမသိကြတော့။ ထိုတောင်ကုန်းတောင်ပို့တို့၏ အခြေတစ်ဝိုက်တွင်ရှိသော မြေပြန့်နေရာများ၌ ရာသီအလိုက် သီးနှံများကို စိုက်ပျိုးကြသည်။ တစ်စတစ်စနှင့် သူတို့၏ ယာမြေ၊ လယ်မြေများ ဖြစ်လာခဲ့ရသည်။

မျက်မှောက်ခေတ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ရှေးဟောင်းသုတေသနဦးစီးဌာနက ပျူမြို့တော်ဟောင်းနေရာများ၌ ရေရှည်စီမံကိန်းဖြင့် စနစ်တကျ တူးဖော်သုတေသနပြုသောအခါ မြို့ရိုး၊ မြို့ဝင်ပေါက်၊ နန်းတော်ရာ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံနှင့် လူနေအဆောက်အအုံ အကြွင်းအကျန်များ၊ ပန္နက်ကွက်များ ပေါ်ထွက်လာခဲ့ရ၏။ မူလတန်းတုန်းက ဘာမှန်းမသိခဲ့ရသော တောင်ကုန်း၊ တောင်ပို့များထဲမှ ယင်းကဲ့သို့ ရှေးဟောင်းအဆောက်အအုံ အကြွင်းအကျန်များ ပေါ်ထွက်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ ဒေသခံယာသမား၊ လယ်သမားများနှင့် ပြည်သူများအဖို့ အံ့သြ၍မဆုံးကြတော့။ လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ထောင် ပျူခေတ်မှ ဘိုးဘွားတို့ ချန်ထားရစ်ခဲ့သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မိမိတို့မြေတွင် ကျန်ရှိနေကြောင်း တွေ့မြင်သိရှိရသဖြင့် ဒေသခံတို့ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ကြရသည်။

ဗိဿနိုးမြို့ဟောင်းရှိ အမှတ်(၂) ကုန်းကို တူးဖော်သုတေသနပြုရာမှ ပေါ်ထွက်လာသော အုတ်အဆောက်အအုံသည် နှစ်ထပ်အဆောက်အအုံဖြစ်၏။ အပေါ်ထပ်မှာ ပျူခေတ်ကပင် မီးလောင်ပြိုကျခဲ့ဟန်တူ၏။ ယင်းအထပ်အလွှာမှ အုတ်အပိုင်းအစများသာ ကျန်ရစ်တော့၏။ ထိုအပေါ်ထပ်သို့ တက်ရောက်ရန်အတွက် ပြုလုပ်ခဲ့သော လှေကား၏ အောက်ခြေအုတ်ခုံမှာမူ ယခုအထိပင် ထင်ထင်ရှားရှား ခိုင်ခိုင်မာမာ ရှိနေသေး၏။ ဤအဆောက်အအုံ၏ မြေညီထပ်တွင် ခန်းမရှည်ကြီးတစ်ခုနှင့် အခန်းငယ်ရှစ်ခန်းကို တွေ့ရှိရသည်။ ဆင်ဝင်ပါရှိသော အဆောက်အအုံဖြစ်သည်။ အဝင်အထွက်ပြုလုပ်သည့် တံခါးမကြီးကို ဆုံလည်းစနစ်ဖြင့် အဖွင့်အပိတ်ပြုလုပ်နိုင်ရန် စီမံပြုလုပ်ခဲ့ကြကြောင်း ဒ ထောက်အထားများ တွေ့ရှိရသည်။ တံခါးရွက်ကို သစ်သားဖြင့် ပြုလုပ်ခဲ့ပြီး ယင်းသစ်သားတံခါးရွက်ပေါ်တွင် သံမှိုပွင့်ကြီး ြား ကပ်၍ အလှဆင်ခဲ့ကြကြောင်း တွေ့ရှိရသည်။ ခြေနင်းခုံကိုမူ ကျောက်ကွက်(Mosaic) စီ၍ တန်ဆာဆင်ခဲ့ကြ၏။ ယင်းအဆောက်အအုံ၏ အောက်ဘက်မြေလွှာအတွင်းမှ 'သံဃသိရိ'ဟူသော စာသားပါ တံဆိပ်ခတ်နှိပ်ထားသည့် ရွှံ့ပြားအပိုင်းငယ်တစ်ခုကို တွေ့ရှိခဲ့ရ၏။ ထိုမြေလွှာ၌ အရိုးမီးသွေး အပိုင်းအစများကို တွေ့ရှိခဲ့ရလေရာ အမေရိကန်နိုင်ငံသို့ ပေးပို့၍ ရေဒီယိုကာဘွန်(၁၄)နည်းဖြင့် ခေတ်ခွဲစမ်းသပ်စေသောအခါ သက်တမ်း နှစ်ပေါင်း ၂၀၀၀ ရှိပြီဖြစ်ကြောင်း သိရှိရ၏။ ဤအဆောက်အအုံသည် ပျူခေတ်ကာလတုန်းက ဘုန်းကြီးကျောင်းတစ်ကျောင်း ဖြစ်ခဲ့မည်ဟု ပညာရှင်တို့က ခန့်မှန်းကောက်ချက်ချခဲ့ကြ၏။

ဤဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့တို့ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးဖို့ မြန်မာနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနက ယူနက်စကိုအဖွဲ့ချုပ်သို့ ၂၀၁၂ ခုနှစ်တွင် အဆိုပြုလွှာ တင်သွင်းခဲ့သည်။ ထိုအဆိုပြုလွှာကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များ ပူးပေါင်းပြီး နှစ်နှစ်တာမျှ အချိန်ယူ၍ ရေးသားပြုစုခဲ့ကြရခြင်း ဖြစ်၏။ အဆိုပြုခြင်းခံရသည့် ဤပျူမြို့ဟောင်းသုံးမြို့နှင့် ပတ်သက်သည့် နောက်ခံသမိုင်း၊ ယင်းမြို့တော်တို့၏ ထူးခြားချက်များ၊ တူးဖော်သုတေသနပြုခဲ့ရာ၌ တွေ့ရှိရချက်များအပါအဝင် မြေပုံ၊ ဓာတ်ပုံမှတ်တမ်းများ၊ ထိန်းသိမ်းစောင့်ရှောက်ေးအတွက် ချမှတ်ထားသော မဟာစီမံချက်နှင့် စီမံကွပ်ကဲမှုဆိုင်ရာ စီမံချက်များအပါအဝင် လိုအပ်သော အကြောင်းအချက် အသေးစိတ်အပြည့်အစုတို့ကို ပြုစုတင်ပြရသည့် အဆိုပြုလွှာ ကျမ်းစာအုပ်ကြီးဖြစ်ရာ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ် အရွယ်မက ထူထဲလှ၏။

ယူနက်စကိုအဖွဲ့ချုပ်က ထိုအဆိုပြုလွှာကို စိစစ်လက်ခံပြီးနောက် ၂၀၁၃ ခုနှစ်အတွင်း စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများဆီသို့ ထိုအဖွဲ့က စေ့စေ့စပ်စပ် ကွင်းဆင်းစစ်ဆေးခဲ့ကြ၏။ တူးဖော်သုတေသနပြုရာမှ ပေါ်ထွက်လာသော ရှေးဟောင်းအဆောက်အအုံများ၊ ယင်းတို့ကို မည်သို့ထိန်းသိမ်းစောင့်ရှောက်ထားပုံ၊ အမျိုးသားပြတိုက်အပြင် တူးဖော်ရေးစခန်းပြတိုက်များ၌ ပျူခေတ် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို မည်သို့ခင်းကျင်းပြသထားပုံ၊ စုဆောင်းထိန်းသိမ်းထားပုံတို့ကိုလည်း ကြည့်ရှုလေ့လာစစ်ဆေးခဲ့ကြသည်။

စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာ ဒေသများသို့ ကွင်းဆင်းစစ်ဆေးစဉ် ဒေသခံပြည်သူများနှင့်လည်း တရင်းတနှီး တွေ့ဆုံဆွေးနွေးမှု၊ မေးမြန်းမှုများ ပြုလုပ်ခဲ့ကြသည်။ ဒေသခံတို့ ပြောပြသော ဗုဒ္ဓဘောင်မင်းကြီးနှင့် ပန်ထွာဘုရင်မတို့အကြောင်း ပါးစပ်ရာဇဝင်ကိုလည်း စိတ်ဝင်တစားနားထောင်ခဲ့ကြသည်။ ဒဏ္ဍာရီဆန်သော ဤပါးစပ်ရာဇဝင်မျိုးကို ကြားရ၍ စစ်ဆေးသူများ အထင်အမြင်သေးသွားလေမလားဟု ကျွန်တော်က စိုးရိမ်မိခဲ့ရသေး၏။ သို့ရာတွင် စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဆူဇန် ဆိုသူက –

“ဒီလို ပါးစပ်ရာဇဝင်မျိုးကို သူတို့တစ်တွေ သားစဉ်မြေးဆက် ပြောဆိုလာခဲ့ကြတာဟာ သိပ်ပြီးအားရကျေနပ်စရာကောင်းတဲ့ အချက်ဖြစ်ပါတယ်။ ယုတ္တိတန်တာ၊ မတန်တာ၊ ဒဏ္ဍာရီဆန်တာ၊ မဆန်တာက အရေးမကြီးပါဘူး။ ဒီပါးစပ်ရာဇဝင်ကို အကြောင်းပြုပြီး ဒေသခံတွေအနေနဲ့ အဲဒီမြို့ဟောင်းတွေကို စိတ်ဝင်စားနေကြတာ၊ တန်ဖိုးထားနေကြတာက ပိုပြီးအရေးကြီးပါတယ်။ စိတ်ဝင်စားမှ တန်ဖိုးထားစောင့်ရှောက်ကြမှာမဟုတ်လား”ဟု ရှင်းပြခဲ့၏။ ကောင်းလေစွ၊ ကောင်းလေစွ ...။

အခက်အခဲအမျိုးမျိုးကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ နောက်ဆုံးတွင် မြန်မာနိုင်ငံ အောင်ပွဲဆင်နိုင်ခဲ့ရသည်။ ကာတာနိုင်ငံ၌ ကျင်းပပြုလုပ်သော ယူနက်စကိုအဖွဲ့ချုပ်၏ အစည်းအဝေးကြီး၌ မြန်မာနိုင်ငံ၏ ပျူရှေးဟောင်းမြို့တော်များဖြစ်ကြသော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ မြို့ဟောင်းတို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဒေသများအဖြစ် လက်ခံသတ်မှတ်ကြောင်း ၂၂-၆-၂၀၁၄ နေ့တွင် ဆုံးဖြတ်ကြေညာခဲ့၏။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်၊ အေဒီ(၁)ရာစုကတည်းက ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ မြို့ဟောင်းတို့တွင် မြို့ပြယဉ်ကျေးမှု (Civilization) စတင်ထွန်းကားခဲ့သည်။ ဗုဒ္ဓဘာသာ စတင်ထွန်းကားခဲ့သည်။ ယင်းသို့ ထွန်းကားခဲ့သော ဗုဒ္ဓဘာသာသည် မြန်မာ့သမိုင်းစဉ် ခေတ်အဆက်ဆက် ရှင်သန်ခဲ့ပြီး အရှေ့တောင်အာရှ ဒေသအထိ ပြန့်ပွားထွန်းကားစေနိုင်ခဲ့ရ၏။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ က သရေခေတ္တရာတွင် တည်ထားခဲ့သော မြန်မာ့အစောဆုံးစေတီ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာတို့အပြင်၊ လေးမျက်နှာ၊ ဘဲဘဲ၊ အရှေ့ဇေးဂူ၊ ရဟန္တာဂူ စသည့် ဂူဘုရားများသည် မျက်မှောက်ခေတ်တိုင်အောင်ပင် ထင်ထင်ရှားရှား၊ ခိုင်ခိုင်မာမာ ရပ်တည်နေကြသော ရှေးဟောင်းသာသနိက အဆောက်အအုံများ ဖြစ်ကြ၏။ ယင်းဘုရားပုထိုးများကို ဗုဒ္ဓဘာသာဝင်တွေက ရှိခိုးပူဇော်နေကြဆဲ ဖြစ်၏။ တစ်နည်းဆိုရလျှင် ယင်းရှေးဟောင်းသာသနိကအဆောက်အအုံတို့သည် ရှင်သန်နေဆဲဖြစ်သည့် အဆောက်အအုံ (Living Monuments) များ ဖြစ်ကြ၏။ ယင်းအချက်တွေက ယူနက်စကိုအဖွဲ့ချုပ်မှ သတ်မှတ်ထားသော အဓိကစံကြီးတစ်ချက်တွင် ဘောင်ဝင်သွားကာ မြန်မာနိုင်ငံ အောင်ပွဲဆင်နိုင်ခဲ့ရခြင်း ဖြစ်၏။

ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ ရှေးဟောင်းပျူမြို့တော်များက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရကြောင့် ယင်းဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ယူနက်စကိုအဖွဲ့ချုပ်မှ ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးလာတော့မည် ဖြစ်သည်။ ပြည်ပနိုင်ငံများမှ စိတ်ဝင်စားလာကြပြီဖြစ်၍ ကမ္ဘာလှည့်ခရီးသည်များ၊ သုတေသီများ အမြောက်အမြား လာရောက်ကြတော့မည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတွေ ပို၍ပွင့်လန်းလာတော့မည် ဖြစ်သည်။ ယင်းမြို့တော်များကို တည်ထောင်ခဲ့ကြသည့် ဗုဒ္ဓဘောင်မင်းနှင့် ပန်ထွာဘုရင်မတို့ တမလွန်ဘဝမှနေ၍ ပီတိပွားပြီး သာဓုအနုမောဒနာ ခေါ်နိုင်ကြပါစေ။

**မနသဃကျော်ဝင်း**(အမျိုးသားစာပေဆု)

www.burmeseclassic.com


# မင်းအဆက်ဆက်တို့၏ ဘုန်းသမ္ဘာတောက်စေရန်

# အစီအမံများ

ယခင်လမှအဆက်

**မြန်မာဟိန်းကျော်**

## ဝန်ကြီးချုပ်ဦးနု၏ သဲပုံစေတီ (၆၀၀၀၀)
## ခြောက်သောင်း ယတြာချေခြင်း



ဝန်ကြီးချုပ်ဦးနု ညွှန်ကြားချက်အရ တပြည်လုံး၌ သဲပုံစေတီ
(၆၀၀၀၀) တည်ခဲ့ရာ မန္တလေးမြို့ ဘုရားကြီး (၄၅) တာအတွင်း
၁၃၂၃ ခု၊ နတ်တော်လဆန်း (၈) ရက် စနေနေ့ နံနက်က တည်ခဲ့သော သဲပုံစေတီ

www.burmeseclassic.com

www.burmeseclassic.com

၆၀၀၀၀ မျှ အရေအတွက်ရှိသော သဲပုံစေတီများကို ၁၃၂၃-ခု၊ နတ်တော်လဆန်း (၂)ရက်နေ့ နံနက် (စနေနေ့)က မကြုံစဖူး ထူးကဲလှစွာ မြို့ရွာအနှံ့အပြား တပြည်လုံးတွင် ဝန်ကြီးချုပ်ဦးနု၏ ညွှန်ကြားချက် ဆန္ဒအရပေါ်ည်ခဲ့သည့် (သဲ)ယတြာနှင့်ပတ်သက်၍ လောကီပညာရှင်များ သတင်းစာဆရာများနှင့် တိုင်းရေးပြည်ရေးကို စိတ်ဝင်စားကြကုန်သော ပုဂ္ဂိုလ်များက နေ့စဉ်နှင့်အမျှ စုံစမ်းမေးမြန်းကြခြင်းများအား လောကီပညာများကို အခြေခံ၍ ဒေါင်းစကြာလုလင်သည် ၁၉၆၂-ခု၊ ဒီဇင်ဘာလ (၂၆)ရက်နေ့က အောက်ပါအတိုင်း ထုတ်ဖော် ဟောကြားလိုက်လေသည်။

ဒေါင်းစကြာလုလင် ဖြေကြားဟောဆိုသည်မှာ ယတြာပြုလုပ် ခြင်းသည် မိမိတို့၏ အကျိုးအတွက်ဖြစ်စေ၊ တိုင်းပြည်အကျိုးအတွက်ဖြစ်စေ နည်းလမ်းမှန်ကန်သော ယတြာဖြစ်လျှင် အကျိုးများ၍ မိမိတို့လိုရာရည်ရွယ်ချက် အောင်မြင်ရမည်ဖြစ်သည်။ လွန်ခဲ့သော အတိတ်ရာဇဝင်များကို ပြန်လှန်သုံးသပ်လျှင် ရှေးမင်းများသည် ပညာရှိများနှင့်တိုင်ပင်၍ မိမိတို့လိုရာအတွက် ယတြာများပြုလုပ်သည်ကိုတွေ့နိုင်သည်။

သက္ကရာဇ်(၇၄၅)ခုနှစ်တွင် ရှင်ဆရာတော်ကြီးသည် မသူတော်စိတ်ဖြင့် ညွှန်ကြားချက်အရ မင်းကြီးစွာစော်ကဲအား ယတြာပြုလုပ်စေရာ ထိခိုက်သော ယတြာဖြစ်သဖြင့် ထိုယတြာပြုလုပ်ရန် နေရာရှင်းလင်းစဉ်တွင်ပင် တိုင်းပြည်မြို့ရွာ ချောက်ချားခဲ့ရသည်ကို တွေ့ခဲ့ရသည်။ ယခု ဦးနု၏ သဲပုံစေတီ (၆၀၀၀၀)ခြောက်သောင်းယတြာကို မိမိ၏အမြင်ဆန္ဒာဂတိမလိုက်ဘဲ ဓမ္မဓိဋ္ဌာန်အမှန်အတိုင်း ဝေဖန်ဟောဆိုရပါမူ ဦးနုသည် စနေသားဖြစ်ခြင်းကြောင့် (သဲ)သောကြာနံသည်(ဘုမ္မိ)ဖြစ်သဖြင့် ထိုသဲပုံစေတီယတြာထက်ဆိုးဝါးထိခိုက်သည့် ယတြာမရှိ၊ ဦးနုသည် အံ့ဘွယ်ရာ မပြောင်းလဲသင့်သောအကြောင်းများ ပေါ်ပေါက်လာသည့်ဘေးအဏ်များကို ရင်ဆိုင်ခံရလိမ့်မည်။

ယင်းသို့ မှားယွင်းထိခိုက် နစ်မွန်းစေနိုင်သည့် သဲပုံစေတီယတြာကြောင့် နတ်ကွန်းတည်ဆောက်ခြင်း၊ ဗလိနတ်စာကျွေးခြင်းများဖြင့်လည်း တိုင်းပြည်တည်ငြိမ်ပြီး တိုးတက်စည်ပင်လာမည်မဟုတ်၊ နန်းသက်လည်းပို၍ရှည်မလာနိုင်၊ ထိုမှားယွင်းသောယတြာကို ကုစား၍လည်း ရလိမ့်မည်မဟုတ်ဟု ပြောဆိုပြီးအောက်ပါအတိုင်းဟောဆိုလိုက်ကြောင်း။

(၁) ဦးနုသည် ၁၉၆၄-ခုနှစ် ပါလီမန်တွင် ဝင်ရောက်အရွေးမခံတော့ ဟု အတိအလင်း ကျေညာထား၏။ အမှန်မှာ— သူဝင်ရောက်အရွေးခံလျှင်လည်းဖြစ်လိမ့်မည် မဟုတ်သည့်အပြင် ယခုလက်ရှိပါလီမန်သက်တမ်း မကုန်မီ ဦးနု သည် ရာထူးလက်လွှတ် ဩဇာအာဏာကျဆုံးမည့်သူ ဖြစ်သည်။

(၂) ယခုလက်ရှိ (ပထစ)ဗိုလ်လုပွဲတွင် ဦးဗိုလ်နိုင်သည်ဖြစ်စေ၊ သခင်နိုင်သည်ဖြစ်စေ၊ တိုင်းပြည်အတွက် အကျိုးမများ အချည်းနှီးပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တိုင်းပြည်တွင် မျက်မှောက်ဖြစ်ပေါ်နေသော အရေးအခင်းပြဿနာများကိုပြေလည်အောင် ဖြေရှင်းမပေးနိုင်သည့်အပြင် အချင်းချင်းဗိုလ်လုပြီး (၆၂)ခုနှစ်အတွင်း၌ပြိုလဲပိုင်ကွဲမည့်အဖွဲ့ဖြစ်သည်။

(၃) တိုင်းပြည်တွင် ဖြစ်ပေါ်နေသည့် အရေးအခင်းများကို တည်ငြိမ်အောင်(ထိန်းသိမ်း)ပြီး မပြေမလည်ဖြစ်ပေါ်နေသော အရေးအခင်းများကို ဖြေရှင်းပေးရန်နှင့် ကျရောက်လတ္တံ့သော ဘေးဒုက္ခအန္တရာယ်များကိုကာကွယ်ပြီး တိုင်းပြည် စည်ပင်သာယာ တိုးတက်စေရန်အတွက် တတိယအင်အားစုသည် မလွှဲမသွေ ကေန်အမှန် မုချပေါ်ပေါက်ရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုတတိယ အင်အားစုမပေါ်ပေါက်ရန် ယကြာချေသောအားဖြင့် အစိုးရအဖွဲ့ကို (၆၂) ခုနှစ်အတွင်း၌ အခြားနိုင်ငံရေးအဖွဲ့နှင့် ပူးပေါင်း၍ (ညွန့်ပေါင်း)အစိုးရအဖြစ် ပြောင်းလွဲ၍ ဖွဲ့စည်းသော်လည်းကျောန်အမှန်ပင်ထိုတတိယ အင်အားစုသည် တိုင်းပြည်အတွက်ပေါ်ပေါက်ရမည်ဖြစ်သည်ဟု ဒေါင်းစကြာလုလင်က ထုတ်ဖော် ဟောကြားလိုက်သည်။

ဒေါင်းစကြာ

ဤဟောကိန်းသည် ဂါဒီယန်းသတင်းစာ ရန်ကုန်ရက်စွဲ (၂၇-၁၂-၆၁)နေ့ထုတ် မျက်နှာဖုံးတွင်လည်းကောင်း၊(၂၇-၁၂-၆၁)နေ့ထုတ် မြန်မာ့အလင်းစဉ် စာမျက်နှာ (၄)တွင်လည်းကောင်း၊ဟံသာဝတီသတင်းစာ(၂၉-၁၂-၆၁)နေ့စွဲပါ စာမျက်နှာ (၈)တွင်လည်းကောင်း၊ (၂၉-၁၂-၆၁) နေ့စွဲပါ ဗိုလ်တထောင်သတင်းစာ စာမျက်နှာ (၇)တွင်လည်းကောင်း ဟောကိန်းပြည့်စုံစွာပါရှိပြီး (၂၈-၁၂-၆၁)နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၇)တွင်လည်းကောင်းတစိတ်တဒေသ ပါရှိခဲ့လေသည်။

ဆက်ပါဦးမည်...

မြန်မာ့ဟိန်းကျော်

(၁၀၀၀၀)ဟောကိန်းကို သတင်းစာများက ဤသို့ဖော်ပြခဲ့၏။







www.burmeseclassic.com

# ဝန်ကြီးချုပ်ဦးနု
# ဒေဝတာဗလိပူဇော်ပွဲ

ဥပုသ်ဆောင်ကအထွက်
ဒေဝတာဗလိ ပူဇော်နေစဉ်



ဦးနု
ပုပ္ပားတောင်ခြေအရောက်တွင်
ဘုရားဝတ်ပြု ဆွမ်း၊ ရေချမ်း
ကပ်လှူနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဦးနု၏ ဇနီးကလည်း ပုပ္ပါးမယ်တော်ကြီးကို ဗလိနတ်စာပူဇော်နေစဉ်

ကြေးမုံသတင်းစာမှာ လုပ်နေတုန်းက ရန်ကုန်သတင်းစာ တိုက်က ဖုန်းလာပါတယ်။ တယ်လီဖုန်း ကောက်ကိုင်လိုက်တော့ အယ်ဒီတာချုပ် ဦးခင်မောင်ရီ ဖြစ်နေတယ်။ ပုပ္ပါးတောင်မကြီးပေါ်မှာ ဝန်ကြီးချုပ်ဦးနု ၄၅ - ရက် အဓိဋ္ဌာန်ဝင်နေတာ သဘက်ခါဆိုရင် အဓိဋ္ဌာန်က ထွက်လိမ့်မယ်၊ အဓိဋ္ဌာန်ဝင်တဲ့ သတင်းကတော့ သိပ်မထူးခြားပါဘူး။ ဒါပေမယ့် သတင်းကတော့ ထူးခြားတယ်။ အဲဒီ သတင်းရအောင် မနက်ဖြန်ကားထားပြီး ပုပ္ပါးကို လိုက်သွားပါ။ သတင်းမှန်ရအောင် ဝန်ကြီးချုပ်ကို တိုက်ရိုက်မေးမြန်းပါ။ ဝန်ကြီးချုပ်က ဝေဝိုက်နေရင် ပတ်ဝန်းကျင်ကို လေ့လာပါလို့ ညွှန်ကြားပါတယ်။

အယ်ဒီတာချုပ်ညွှန်ကြားတဲ့အတိုင်း နောက်နေ့ ကားငှားပြီး ပုပ္ပါးကို ခရီးထွက်ခဲ့ရတယ်။ ပုပ္ပါးရောက်တော့ ဦးပရမဝဏ္ဏသိဒ္ဓိ ဆရာတော်ကျောင်းမှာ တည်းပြီး ဆရာတော်ထံ အကူအညီတောင်းရတယ်။ နောက်တစ်နေ့ နံနက် ၃ နာရီမှာ ပုပ္ပါးတောင်မကြီး ပေါ်တက်တော့ လမ်းပြဖို့ ကိုရင်သုံးပါး ထည့်ပေးလိုက်တယ်။

လရောင်မှိန်လဲ့လဲ့အရောင်နဲ့ လှေခါးထစ်ရှိတဲ့ နေရာရော၊ လှေခါးထစ်မရှိတဲ့နေရာရော ကျောက်ဆောင် ကျောက်ခက်တွေပေါ်က ဖြတ်ကျော်ရတဲ့ နေရာရော ခက်ခက်ခဲခဲ တ[illegible]ခဲ့ကြရတယ်။ မောတော့ မောတယ်၊ ဒါပေမယ့် သတင်းထူးကြီးရမှာမို့ မမောဘူး၊ နှင်းမှုန်လေးတွေက မျက်နှာပေါ်က[illegible]သာတော့ အေးမြမြအရသာ။

ပုပ္ပါးတောင်မကြီးရဲ့ ထိပ်မှာ သံဆူးကြိုးတွေ ကာရံထားတဲ့ တိုက်ပုကလေး၊ အဲဒီတိုက်နားရောက်တော့ လမ်းအရှေ့ဘက်က အသူရာချောက်ကြီး။ အဲဒါက မီးတောင်ပေါက်ကွဲထွက်သွားလို့ တောင်တစ်ခြမ်းပဲ့ပြီး ချောက်ကြီးဖြစ်နေတာတဲ့။ အဲဒီချောက်ထဲမှာ ရေထွက်နေတဲ့ ရေထွက်ပေါက်ရှိသတဲ့။ ရေများများလိုရင်တော့ အဲဒီ ရေထွက်ကို ဆင်းခပ်ရတယ်။ သုံးလောက်ရုံဆိုရင်တော့ သစ်ပင်မှာ ရေသရောက်လုပ်ထားပြီး နှင်းရည်ခံလိုက်ရင် ရေသုံးလောက်အောင်ရတယ်လို့ ဆိုပါတယ်။

အဆောက်အအုံနားမှာ ပထမဆုံးတွေ့ရတာကတော့ ဝန်ကြီးချုပ်ရဲ့ ကိုယ်ရံတော် ကိုလှမြင့်၊ သူက တအံ့တသြကြည့်နေရာမှ အနားရောက်သွားတော့ ကျွန်တော်မှန်းသဲသဲကွဲကွဲ သိသားပုံရပါတယ်။ ပြေးထွက်လာပြီး ခရီးဦးကြိုပြုရင်းက ဘာအရေးကြီးလို့ ဒီအထိလိုက်လာတာလဲလို့ မေးပါတယ်။ အရေးကြီးတဲ့ သတင်းရမှာမို့ လိုက်လာတာပေါ့လို့ဖြေလိုက်တယ်။ သူသိပ်သဘောမပေါက်၊ ပြောရင်းဆိုရင်း အဆောက်အအုံထဲ ရောက်သွားကြတယ်။ စားပွဲမှာ ဝန်ကြီးချုပ်နဲ့ မန္တလေးတိုင်းမင်းကြီး ဦးကြည်တို့ ထမင်းကြော်စားနေကြတယ်။ သူတို့နဲ့အတူ ထမင်းကြော်စားဖို့ ဖိတ်ခေါ်ပါတယ်။

ထမင်းကြော်စားရင်း၊ မာကြောင်းသာကြောင်း ပြောဆိုမေးမြန်းရင်း ဝန်ကြီးချုပ်ကို အကဲခတ်နေမိတယ်။ သူကလည်း အဓိဋ္ဌာန်ဝင်တဲ့ သတင်းလောက်နဲ့ ခုလို လိုက်မလာတန်ကောင်းဘူးဆိုပြီး ကျွန်တော့်ကို အစ်အောက်နေတယ်။ ကျွန်တော် သိလိုတဲ့သတင်းက လူအများရှေ့ မေးလို့မဖြစ်၊ ဒီတော့ လူလစ်တဲ့အချိန်ကို ချောင်းရတော့မယ်။

စားသောက်ပြီး ဝန်ကြီးချုပ်က ဘုရားဝင် ကန်တော့တယ်။ ကျွန်တော်ကလည်း လိုရမယ်ရ ဓာတ်ပုံဝင်ရိုက်တယ်ပြီးလို့ တောင်အောက် ဆင်းမယ်လုပ်တော့ ဝန်ကြီးချုပ်က ရှမ်းဘောင်းဘီဝတ်လို့၊ လမ်းမှာတော့ ဓာတ်ပုံမရိုက်ပါနဲ့ဗျာ၊ လူ[illegible] တော်မှာ စိုးလို့ဆိုပြီး တောင်းပန်[illegible]တယ်။ အဲဒီ

www.burmeseclassic.com




ဒေဝတာ ဗလိပူဇော်ပွဲမှ အထွက်

လိုတောင်း ပန်တော့မှ လက်က ယားလာတယ်၊ အဆင်းတစ်ခု ဆင်းလိုက် ကင်မရာမှန်ဘီလူး အပေါက်က ပွင့်သွားလိုက် ပြန်ပိတ်လိုက်၊ အကွေ့တစ်ကွေ့ ရောက်တိုင်း မှန်ဘီလူးပေါက်က ပွင့်သွားလိုက် ပြန်ပိတ် လိုက်နဲ့ ကင်မရာထဲမှာရှမ်းဘောင်းဘီ ပွပွကြီးနဲ့ ဝန်ကြီးချုပ်ပုံကို သိမ်းပြီးဆည်းပြီးဖြစ်နေပါတော့တယ်။

တောင်အောက်ရောက်တော့ နတ်နန်းမှာ ဗလိနတ်စာ ကျွေးဖို့ပြင်ဆင်ထားတာတွေ့ရပါတယ်။ အဲဒီနေရာမှာ ဝန်ကြီးချုပ် ကတော်ရောက်နေတာကိုတွေ့ရပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင် ဗလိနတ်စာကျွေးပြီး ဆရာတော်များဆွမ်းကပ်မယ့် အဆောင် ကိုသွားကြရပါတယ်။ ခုအချိန်ထိ လူတွေဟာ များသထက် များလာနေလို့ ဝန်ကြီးချုပ်ကိုမေးရမယ့် သတင်းတောင်မမေး ဖြစ်သေး။ ဘယ်လိုနေရာမှာမေးရမှန်းမသိ အကြံအိုက်နေပါ တော့တယ်။ ဝန်ကြီးချုပ်နဲ့အဖွဲ့က ဆရာတော်၊ သံဃာတော် များကို ဆွမ်းဆက်ကပ်နေကြတယ်။ ဆရာတော်များဆွမ်းဘုဉ်း ပေးနေစဉ်မှာတော့ ဆွမ်း၊ ဆွမ်းဟင်း လိုက်နေသူကလွဲလို့ လူစဲသွားပြီး အဝေးတစ်နေရာမှာ သွားစုနေကြတယ်။

ဝန်ကြီးချုပ်တစ်ယောက်တည်းသာ ဆရာတော်များ ကြား နေရာလွတ်မှာ ကြုံ့ကြုံ့လေးထိုင်ပြီး ကြည်ညိုနေတယ်။ အချိန်ကောင်းကို အသုံးချလိုက်တယ်။ ခပ်သုပ်သုပ်ကလေး ဝန်ကြီးချုပ်အနားကိုရောက်အောင်သွားလိုက်တယ်၊ ဝန်ကြီးချုပ် နားရောက်တော့ ခရီးရောက်မဆိုက် မိမိသိလိုတဲ့ သတင်းနှင့် ပတ်သက်လို့ မေးလိုက်တယ်။

ကျွန်တော့်အမေးစကားကြောင့် ဝန်ကြီးချုပ်လည်း ဆောက်တည်ရာမရ ပြာပြာသလဲဖြစ်သွားတယ်။ ပါးစပ် ကလည်း "ပေးချင်တဲ့သစ္စာပေးပါဗျာ၊ မဟုတ်ရပါဘူး။ ဒါဘယ်က ကြားလာတာလဲ၊ တကယ်မဟုတ်တာပါ။ ခုလို တကူးတက လိုက်လာမှာတော့ ဟုတ်ရင်ပြောလိုက်မှာပါ။ တကယ်မဟုတ်လို့ပါ" ပြောတယ်။ ကျွန်တော်ကလည်း သတင်းအတိအကျရလို့လာကြောင်းပြောရင်း သတင်းထောက် တို့တာတ်အပ်သော အတ္တာရသများကို အသုံးချပြီး ဖျားကြည့် တယ်၊ ဘယ်လိုမှ အစအန ထွက်မလာ။

ကျွန်တော်ပုပ္ပါးကို တကူးတကလိုက်လာပြီး ဝန်ကြီးချုပ်နဲ့ တွေ့ဆုံရယူရတဲ့ သတင်းက တစ်ခြားမဟုတ်ပါ။ ဝန်ကြီးချုပ် ပုပ္ပါးတောင်မကြီးပေါ်မှာ ၄၅ ရက်တိတိ အဓိဋ္ဌာန်ဝင်နေချိန်မှာ တောတွင်းလက်နက်ကိုင်တွေနဲ့ တွေ့ဆုံဆွေးနွေးတယ်ဆိုသည့် သတင်းပင်ဖြစ်ပါတယ်။

ဆက်ပါဦးမည် . . .

မြန်မာဟိန်းထျဉ်

www.burmeseclassic.com



နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီလမ်းမကြီး လက်လုပ်တောင်တောရ
ထူးထွေ ဆန်းကြယ် အံ့မှုယ်ဘနန်း လွန်ထူးဆန်းသည့်
မြန်မာ့နိုင်ငံရေး၊ မြန်မာ့ငြိမ်းချမ်းရေး၊ မြန်မာ့လွတ်မြောက်ရေးဘုရား
ရှေးဟောင်း သမိုင်းဝင် ရွှေနန်းသွင်း စေတီတော်မြတ်ကြီး

ဟံသာဝတီ-ဦးအုန်းကြိုင်

ထိုသိုက်ဆရာကြီးများကလည်း ဆေးကြိမ်လုံးနှင့် ရိုက်လိုက်ရာ တောင်ကြီး ပျောက်ကွယ်သွားပြီး တိုက်ကြီးများ ပေါ်ထွက်လာ၏။ တိုက်တံခါးလည်း ပွင့်လာ၏။ အားလုံး ဝင်ရောက်သွားကြ၏။

အလယ်ဗဟို ခန်းမဆောင်ကြီးသို့ အရောက်တွင် အလွန်လှပသေသပ် လက်ရာမြောက်လှသော မှန်စီရွှေချ အိုးစည် တစ်လုံးကို တွေ့ကြရ၏။ သိုက်ဆရာက

"ထိုအိုးစည်ကို ထိလည်းမထိနဲ့၊ ကိုင်လဲ မကိုင်နဲ့၊ တီးလဲ မတီးနဲ့"

ဟု အကြိမ်ကြိမ်မှာထား၏။



www.burmeseclassic.com

www.burmeseclassic.com

'ဒကာကြီးတို့၊ အခု ဒကာကြီးတို့ တွေ့ မြင် နေကြတဲ့ ဒီပစ္စည်းတွေဟာ
နောင်တွင်ပွင့်တော်မူမယ့်
အရိမေတ္တေယျ မြတ်စွာဘုရားရှင်ကို ရွှေကျောင်းဆောင်ကြီး ဆောက်လုပ်
လှူဒါန်းမယ့် သစ္စာအဓိဋ္ဌာန်ပြုထားတဲ့ ပစ္စည်းတွေဖြစ်တယ်။
နဲနဲမှ မယူကောင်းဘူး ....'

သိုက်ဆရာတို့နှင့်အတူ လိုက်ပါလာသော တပည့်တစ်ယောက်က မထိမကိုင် မနေနိုင်ဘဲ ထိုအိုးစည်ကို တစ်ချက် တီးခတ်မိလိုက်ရာ ဝေါကနဲမြည်ဟီး သွားသော အသံကြီးနှင့်အတူ တိုက်ကြီးတောင်ကြီးများလည်း ပျောက်ကွယ်သွားပြီး၊ မြေပြင်အားလုံး ရေပြင်ကြီးအတိဖြစ်သွားလေ၏။ သိုက်ဆရာကြီး နှစ်ယောက်နှင့်တကွ ပါလာသူအားလုံးတို့ အသက်လု၍ ရေကူးနေကြလေ၏။

ထိုသည့်အခိုက်၌ ကံကောင်းထောက်မစွာ ထိုနေရာမှ ဖြတ်သန်းသွားကြသော ဝါးခုတ်သမားတစ်စုတို့နှင့်တွေ့မှ ...

"ခင်ဗျားတို့၊ ဘာဖြစ်လို့ မြေကြီးပေါ်မှာ ဝမ်းလျားမှောက်ပြီး သွားနေကြရတာလဲ"

ဟု မေးမှ သတိရကြပြီး လူးလဲထကာ အသက်ဘေးမှ ချမ်းသာရာ ရခဲ့ကြလေ၏။

ထိုမှ နောက်နှစ် အနည်းငယ်အကြာတွင် သပြေတန်းရွာသို့ ကိုရင် (ရှင်သာမဏေ) ကလေးတစ်ပါး ဆိုက်ရောက်လာပြန်လေ၏။ ထုံးစံအတိုင်း ဆိုသလိုရွာမှ ကာလသားခေါင်း ဦးလူတုတ်၊ ဦးထွန်းဦးတို့နှင့် တွေ့ပြန်၏။ လက်လုပ်တောင်သို့ သွားကြပြန်၏။ ကောက်ညှင်းစပါးကို ဖောက်လုပ်ထားသော ပေါက်ပေါက်ပွင့်များကိုလည်း ယူဆောင်သွားကြ၏။

လက်လုပ်တောင်ပေါ်သို့ ရောက်ကြသောအခါ အဆိုပါ ကိုရင်လေးက ဂါထာမန္တန်များစုပ်ပြီး ပေါက်ပေါက်ပွင့်များဖြင့် တောင်ပြေပေါ်သို့ပေါက်လိုက်ရာ တောင်ကြီးပျောက်ကွယ်သွားပြီး၊ တိုက်ကြီးလေးတိုက်စလုံး ပေါ်ထွက်လာလေ၏။ တိုက်ဂံခါးများလည်းပွင့်လာကုန်သဖြင့် အတွင်းသို့ဝင်ရော သွားကြလေ၏။ ရွှေ ငွေ ကျောက်သံပတ္တမြား စသ အဖိုးတန် ရတနာပစ္စည်းများကို တွေ့ကြရ၏။

ထိုအခါတွင် ကိုရင်လေးက ဦးလူတုတ်နှင့် ဦးထွန်းဦး နှစ်ဦးကို ဤသို့ပြောကြားလေ၏။

"ဒကာကြီးတို့၊ အခု ဒကာကြီးတို့ တွေ့မြင်နေကြ ဒီပစ္စည်းတွေဟာ နောင်တွင်ပွင့်တော်မူမယ့်အရိမေတ္တေ မြတ်စွာဘုရားရှင်ကို ရွှေကျောင်းဆောင်ကြီး ဆောက် လှူဒါန်းမယ့် သစ္စာအဓိဋ္ဌာန်ပြုထားတဲ့ ပစ္စည်းတွေဖြစ်တ နဲနဲမှ မယူကောင်းဘူး . . ."

ထို့နောက် အခန်းတစ်ခန်းသို့ ရောက်သွားကြသည့်အ ငွေစင် ငွေသား ငွေတုံးတွေအများအပြားတို့ကို အစုလို အပုံလိုက်တွေ့ကြရပြန်၏။ ထိုအခါ ကိုရင်လေးက ပြောပြန်

"ဒကာကြီးတို့ သိုက်တူးကြတယ်ဆိုတာ လောဘမ ကြရဘူး။ လောဘကြီးရင် ဘေးတွေ့ပြီး ဆုံးရှုံးကြရတယ် ဒကာကြီးတို့က ဆင်းရဲကြတော့ သုံးဘို့စွဲဘို့လောက် နဲနဲပါ လောက် သာယူကြပါ။ ဘေးမရှိပါဘူး။ ဒကာကြီးတ တစ်ယောက်ယောက်ကို ငွေစင်ငွေသားသုံးရာ (သုံးပိဿာ) စီသာယူကြပါ။ ပိုမယူပါနဲ့"

ဦးလူတုတ်၊ ဦးထွန်းဦးတို့နှင့် ကိုရင်ကလေးနှင့် လိုက် လာသော အဖော်နှစ်ဦးတို့သည် ၎င်း ငွေစင်ငွေသား ယ်စီသာ ယူဆောင်ခဲ့ကြသည် ဟုဆိုပါသည်။

၎င်းသိုက်သမိုင်း မှတ်တမ်းရေး ကူးထားသူ သပြေတ

www.burmeseclassic.com

www.burmeseclassic.com

ရွာသား ဦးအောင်ကြည်က ၎င်းရေးမှတ်ထားသော လက်ရေးမူ သိုက်မှတ်တမ်းစာနှင့် အတူ ဦးလူတုတ်ထံမှ ကျန်ရှိခဲ့သော ဒင်း ငွေစင်ငွေသားအတုံး သုံးတုံးကို ထုတ်ယူပြသသဖြင့် စာရေးသူကိုယ်တိုင် ကြည့်ရှုခဲ့ရပါသည်။ (စကားချပ်)

ထိုစဉ်က ၎င်းလက်လုပ်တောင် သိုက်ကြီးအတွင်းသို့ ဝင်ရောက်ခဲ့သော ကိုရင်ကလေးသည် ရွှေငွေကျောက်သံ ပတ္တမြားနှင့်လက်ဝတ်ရတနာများကို မတို့မထိ မကိုင်တွယ်ဘဲ၊ သိုက်စောင့် ရွှေနဂါးရုပ်ကြီးရှိရာသို့သာ ရှေ့ရှုသွားရောက်ပြီး နောက် ယင်းသိုက်စောင့် ရွှေနဂါးကြီး၏ လက်ဝဲဖက်မျက်လုံး အဖြစ် တပ်ဆင်ထားသော ပြဒါးရှင်လုံးကို လက်တစ်ဖက်ဖြင့် သပ်ချလိုက်ရာ အောက်မှခံထားသော လက်ဖဝါးထဲသို့ ထိုပြဒါးရှင်လုံး ကျရောက်သွားလေ၏။ သိုက်စောင့် ရွှေနဂါး ကြီး၏ လက်ဝဲဘက် ဣန္ဒြာသယ ပြဒါးရှင်လုံးသည် ကိုရင်ကလေး၏ လက်အတွင်းသို့ ရောက်ရှိသွားသည်နှင့် တပြိုင်နက် ကိုရင်ကလေးသည်လည်း ထိုနေရာမှလုံးဝပျောက် ကွယ်သွားလေတော့၏။

ထိုအချိန်မှစ၍ လက်လုပ်တောင်ရှိ သိုက်စောင့်ရွှေနဂါး ကြီးတွင် လက်ျာဖက် ပြဒါးမျက်ရှင် တစ်လုံးတည်းသာ ရှိနေ လေတော့သည်။ ထိုသမိုင်းမှတ်တမ်းကို လက်လုပ်တောင်တွင် သိုက်သုံးကြိမ်တူးရာ၌ လိုက်ပါခဲ့ဖူးသော သပြေတန်းရွာ ကာလသား ဦးလူတုတ်နှင့် ဦးထွန်းဦး တို့က ကူးယူရေး မှတ်နိုင်းသဖြင့် ထိုစဉ်အခါက အသက် ၁၄ နှစ်၊ ၁၅ နှစ်သား အရွယ်သာရှိသေးသော ဦးအောင်ကြည် က ကူးယူမှတ်သား ခဲ့ပြီး ထိုမှတ်တမ်းကို နှစ်ပေါင်း ၅၀ ကျော်မျှ သိမ်းဆည်း ထားခဲ့၏။

၎င်းသပြေတန်းရွာသား ဦးအောင်ကြည်သည် ငယ်ရွယ် သည့်အချိန်ကစ၍ အဆိုပါလက်လုပ်တောင်သို့ ကြွရောက် သီတင်းသုံးတော်မူလာကြကုန်သော ရဟန်း သံဃာတော်ကြီး များကို ထိုသမိုင်းမှတ်တမ်းပါ စာညွှန်းများနှင့် တိုက်ဆိုင် စစ်ဆေး ကြည့်ရှုနေမိခဲ့သည် ဟု ဆိုပါသည်။

ထိုစဉ်အချိန်က လက်လုပ်တောင်သို့ ကြွရောက် သီတင်းသုံးတော်မူကြသော ရဟန်း သံဃာတော် တို့သည် ဤတောင်တွင် တစ်ရက်နှစ်ရက် ထက်ပို မနေကြဘဲ ပြန်ကြွ သွားကြသည်ချည်းဖြစ်သည်ဆို၏။ ထိုအချိန်က လက်လုပ် တောင်သို့ကြွလာကြသော ရဟန်းသံဃာတော်များမှာ ၁၅-ပါး မကရှိသည်ကိုလည်း ဦးအောင်ကြည်က နေ့ လ ရက်စွဲ များနှင့်တကွ မှတ်သားထား၏။ ဦးအောင်ကြည် သည် လက်လုပ် တောင်သို့ကြွလာသမျှ ရဟန်း သံဃာတို့ကို ၎င်း၏ သိုက်သမိုင်းမှတ်တမ်းဖြင့် ကိုက်မကိုက် အမြဲတိုက်စစ် ကြည့်လေ၏။

၁၃၂၆ ခုနှစ်အတွင်းက ဆရာတော် ဦးမာလာ ဘွဲ့တော်ရှိ ဆရာတော်တစ်ပါး လက်လုပ်တောင်သို့ ကြွရောက်သီးတင်း သုံးနေထိုင်တော်မူ၏။ ဦးအောင်ကြည် က သူ၏ လက်တွင်းရှိ သမိုင်းစာနှင့် တိုက်ဆိုင်စစ်ဆေးကြည့်၏။ သိုက်စာနှင့် မကိုက်သေးဟုဆို၏။ ယင်းဆရာတော် ဦးမာလာသည် လည်း ၁၃၂၇ ခုနှစ် ဆန်းသည်ဆိုသည်နှင့် ထို လက်လုပ်တောင်၏ တောင်ဖက်တွင်ရှိသည့် ငွေလျှံ ကုန်းရွာကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးနေတော်မူ၏။

ဆရာတော် ဦးမာလာ ကိုယ်တိုင်ပြောကြားသည်မှာ ၎င်းသီချင်းသီတင်းသုံးနေထိုင်ရာကျောင်းကို ကျွဲလောက် ရှိသည့် အကောင်မဲမဲကြီး လေးကောင်တို့က လေးဘက် လေးတန်ရှိ ကျောင်းတိုင်များကို ခေါင်းနှင့် ပြေးပြေးဆောင့် ကြသည်ကို တွေ့မြင်နေရသည်ဆို၏။ ထိုသို့ ပြုမူဖြစ်ပျက် နေသည်မှာ တစ်ညလည်းမဟုတ်၊ နှစ်ညလည်း မဟုတ်၊ ညတိုင်းလိုလိုဖြစ်နေသည့်အတွက် သူတို့က ငါ့ကိုမနေ စေချင်ကြလို့သာ ဒီလိုပြုမူနေကြတာပဲဟု မှတ်ချက်ပြုပြီး၊ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်ဟု ဆိုလေ၏။

အပိုင်း (၃)

**မဟာဗောဓိမြိုင် ဆရာတော်ကြီးနှင့် လက်လုပ်တောင်**

သာစည် ရွှေကျောင်းကုန်းတောင်မှ ဆရာတော်တစ်ပါး လက်လုပ်တောင်သို့ ကြွလာမည်။ သီတင်းသုံးဖို့ကျောင်း လည်း ဆောက်နေပြီဟူသော သတင်းစကားများ စတင် ကြားလိုက်ရသည့်အခါတွင် သပြေတန်းရွာမှ ဦးအောင်ကြည် က ဟုတ်မဟုတ် မှန်မမှန် လေ့လာခြင်း၏။ တကယ်အမှန် ကြွလာမှာဖြစ်၍ ကျောင်းဆောက်နေကြခြင်းဖြစ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

ရွာထဲက လူတွေက ပြောကြ၏။ ယခုကြွလာမည့် ဆရာတော်က မြန်မာပြည် အရပ်ရပ်မှာ ထော ဆောက်တည်နေတဲ့ ဆရာတော် ဖြစ်တယ်။ ဓုတင် အကျင့်များလည်း ကျင့်တယ်။ ဝိပဿနာ ဘာဝနာ တရားလည်း ပွားများအားထုတ်တယ် စသည်အားဖြင့် တစ်ဆင့်စကား တစ်ဆင့်ကြားနေရသည်။

ဦးအောင်ကြည်ကား သူ၏ လက်တွင်းရှိ သိုက်သမိုင်းစာညွှန်းများထဲက ဇေယျပတ္တ မင်းသား ရဟန်းတော်များ ဖြစ်နေမလားဟု တွေးတောနေမ လေသည်။

**“ဆရာတော်ကြွလာတော့မည်။ ပျဉ်းမနားရောက်လျှင် မြို့ပေါ်မှ ဆရာတော်ကြီးများကို ကန်တော့မည်။ ဆွမ်းစားပြီးမှ လက်လုပ်တောင် သို့ကြွမည်”**

စသည့်စကားများ ကြားလိုက်ရသောအခါ ဤ ဆရာတော်သည်လည်း မိမိလက်တွင်းရှိ သိုက်သမိုင်း စာညွှန်း မှတ်တမ်းထဲက ဆရာတော်မဟုတ်သေးဘူး

သမိုင်းထဲက ရဟန်းက လက်လုပ်တောင် တောရ သို့ အရင်ကြွမည်။ ဆွမ်းခံမည်ဟု ဆိုလေသော ကြောင့် ယခုပြောဆိုနေကြသော ဆရာတော် ဟုတ်ဟန်မတူသေးဟုထင်၍ ဦးအောင်ကြည်က ယခု ကြွလာမည့် ဆရာတော်နှင့်ပတ်သက်၍ မမေးလို မပြောလိုတော့ ဟုဆို၏။ သူ့အရင် ရှေးကကြွလာကြတဲ့ ဆရာတော် တွေလိုပဲ ဒီမှာနေ ကြာလှတစ်လပေါ့ ဟု တွေးဆကာ ဖာသိဖာသာ နေလိုက်လေတော့၏။

ထို့နောက် မကြာမီ သတင်းတစ်ခု ကြားလာ ရပြန်၏။

“၁၃၅၃ ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်နေ့တွင် ဆရာတော်ကြွလာမည်။ လက်လုပ်တောင်သို့ အရင် ကြွမည်။ နောက်ရက်များကျမှ မြို့ပေါ်က ဆရာတော် ကြီးများကို ကန်တော့မည်။ လက်လုပ်တောင်ပေါ်သို့ ကြွဖို့ အရှေ့မြောက် အရပ်ကနေတက်မည်။ တောင် ပေါ်ရောက်လျှင် ဆွမ်းခံကြွမည်” စသည်ဖြင့် ကြား လိုက်ရသောအခါ ဦးအောင်ကြည်ခမျာ ခေါင်းနပန်း

www.burmeseclassic.com

www.burmeseclassic.com

ကြီးသွားပြီး • • • •တဟင်ဟင်နဲ့ အံ့ဩနေရတော့တယ်။

ဦးအောင်ကြည် သည် သူ သိုဝှက်သိမ်းဆည်းထားသော သိုက်သမိုင်းစာညွှန်းမှတ်စာမ်းစာကို ထုတ်၍ ဖတ်ကြည့်ပြန်သည်။

ဟင်•••တော်တော်ကို တူညီ နေပါပေါ့လား။ ဒီသိုက်စာ ကလည်း ငါတစ်ယောက်ထဲပဲသိတာ၊ ငါ့လက်ထဲမှာပဲရှိတာ။ ဘယ်သူကများ သွားလျှောက်လို့ ဒီလောက် ကိုက်ညီနေရတာပါလဲ။ ဒါဆိုရင် ငါကိုယ်တိုင် အကောင်းဆုံး ကုသိုလ်ယူမှ ဖြစ်မယ်ဟု တွေးပြီး ဇီးပင်အောက်မှာ ဇီးသားထင်း၊ ဇီးသား ယောက်မတို့နဲ့ ဆွမ်းချက်ပြီး ငါသွားလောင်း မည်ဟု ဆုံးဖြတ်ချက်ချကာ စီမံနေလေ၏။

ဤကဲ့သို့ ထူးခြားစွာ စီမံချက်လုပ်သော ဆွမ်းတစ်အိုး ကိုချက်ရန် စဉ်းစားနေရင်းဖြင့် "ဒီလို အရှေ့မြောက်အရပ် ကနေ တောင်ပေါ်သို့ဝင်မည်၊ ဆွမ်းခံမည်။ နောက်ရက်တွေ ကျမှ မြို့တက်မည်လို့ အစီအစဉ် ပြောင်းသွားရတာဟာ ဘယ်သူ့ လက်ချက်လဲ။ တောင်စောင့် မင်းသမီးကလေး တွေများ သွားပြီး ပင့်လျှောက် ကြတယ်နဲ့တူတယ်။"

"နောက်ပြီးတော့ ကြို့ပင်သာရွာက ကိုသန်းအောင် ရဲ့ သမီးငယ်ငယ် ကလေးကလည်း ကျန်ခဲ့တဲ့တစ်လ ကျော်က ဒီ ထန်းပင်အဖျားပေါ်မှာ ဘုန်းကြီးတစ်ပါး ကြွလာတယ်လို့ အော်ဟစ်ခဲ့သေးတယ်။

ဒီကောဋ္ဌာဟလ ကလည်း လူတိုင်း သိနေတာပဲ။ ပြီးတော့ တစ်ကြိမ်တစ်ခါမှ မကြွရောက်ဘူးသေးတဲ့ ဆရာတော်က ကျောင်းဆောက်ကြရင် ဇေးဗိပင်ကို ခေါင်း အားပြုံးဆောက်လို့ မိန့်သံကိုလည်း ကြားကြရတယ်။ ဒါတော့ ထူးခြားတဲ့ ရဟန်းပဲလေ။ ကြည့်တော့ ကြည့်ရ သေးတာပေါ့"

ကဆုန်လဆန်း (၁၀)ရက်နေ့သို့ ရောက်ပြီဖြစ်၍ ဦးအောင်ကြည် ခပ်စောစောကပင် လက်လုပ်တောင်ပေါ်သို့ ရောက်နှင့်နေ၏။ ဆွမ်းချက်ပို့ရန်အတွက်ကိုလည်း ဇီးပင် အောက်တွင် ပြင်ဆင်နေ၏။လူတွေလည်း တောင်ပေါ်ရောက် နေကြတာ မနဲပါလား။ ဘယ်သူကများ ဖိတ်လို့လာကြတာလဲ မသိဘူး။ လူတွေက အများကြီးပဲ။

လူတချို့ကလည်း ဦးအောင်ကြည်ကို မေးကြ၏။

"ဘာလုပ်တာလဲ" တဲ့။

"ငါလဲ ငါ့အဓိဋ္ဌာန်နဲ့ငါ ဆွမ်းလောင်းပြီး ကုသိုလ်ယူ မလို့ပေါ့"

ဟူ၍သာ ဦးအောင်ကြည်က ဖြေခဲ့တယ်။

ဆရာတော်ကြွလာမည့်အချိန် နီးလာလေ ဆွမ်းလောင်း ကြမည့် လူတန်းကြီးက ရှည်လျားလေ လေဖြစ်၏။ လက်လုပ် တောင်၏ အရှေ့မြောက်အရပ်မှ ဆရာတော် သီတင်းသုံး တော်မူမည့် ဇောဓိမဏ္ဍိုင်ကျောင်းအထိ လူအုပ်က စီတန်း လျက် စောင့်မျှော်နေကြပေ၏။

"ဒီလူတန်းကြီးထဲမှာ တစ်ခါမှ မမြင်ဖူးတဲ့ မျက်နှာစိမ်း တွေလဲများလှတယ်။ ဇေယျပဏ္ဍမင်းသား ရဟန်းဘဝနဲ့ ပြန်ကြွလာတာမှန်ရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် သူ့နမတော် မင်းသမီးတွေ ထွက်ပြီး ဆွမ်းလောင်းကြမှာပဲ"

ဟု ဦးအောင်ကြည် က တွေးကာ လူတွေ၏ မျက်နှာ တွေကို လိုက်ကြည့်နေလေ၏။

"အကယ်၍ မင်းသမီးတွေ ဆွမ်းထွက်လောင်းကြမယ် ဆိုရင် လူရိပ်ထင်မှာမဟုတ်ဘူး"

ဟုလည်း တွေးကာ မြင်မြင်သမျှ လူတွေကို အရိပ် ထင်မထင် လိုက်ကြည့်နေမိလေ၏။

နံနက် ၁၀ နာရီခန့်တွင် ဆရာတော်ကြွလာတော် မူလေပြီ။ လက်လုပ်တောင်၏ အရှေ့မြောက်အရပ်မှ မော်တော်ကားဖြင့် ကြွလာခြင်းဖြစ်၏။ တောင်ခြေအနီး ရောက်မှ ကားပေါ်မှဆင်း၍ ဆွမ်း အလှူခံတော်မူရင်း တောင်ပေါ်သို့ကြွ၏။

ထိုမှ သီတင်းသုံးတော်မူမည့် ဇောဓိမဏ္ဍိုင်ကျောင်းသို့ ကြွတော်မူ၏။ ဆရာတော်အား ဖူးမဝရှုမဝ ဖြစ်နေကြသော ပရိသတ်များမှာလည်း သဒ္ဓါထက်သန်စွာဖြင့် ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်း အမျိုးမျိုးဖြင့် လောင်းလှူနေကြ၏။

ဦးအောင်ကြည်သည်လည်း ၎င်းဇီးသားဖြင့် စီမံချက် လုပ်ထားသောဆွမ်းကို လောင်းလှူလေ၏။

ထိုကဲ့သို့ လောင်းလှူနေကြသော ပရိသတ်လူတန်းကြီး အဆုံးနားလောက်တွင်ကား ရုပ်ဆင်းရူပကာယ အင်္ဂါ မှာ



www.burmeseclassic.com

www.burmeseclassic.com

ချောမောလှပကြသော အမျိုးသမီးကလေး တစ်သိုက်တို့ သစ်သီးဆွမ်းများကို ဝမ်းသာအားရစွာဖြင့် လောင်းလှူနေကြ၏။

ဆရာတော်သည် ဒကာ၊ ဒကာမအားလုံးတို့ အား မေတ္တာပို့လွှတ်တော်မူရင်း ဆွမ်းခံခြင်းပြုတော် မူနေလေရာ ဆွမ်းဇလုံကြီး (၁၁)လုံးစာမျှ ဆွမ်းများရရှိ၏။ အခြားအရံ ဝတ္ထုဇစ္စည်းများလည်း အမြောက်အမြား ရရှိတော်မူ၏။ ဦးအောင်ကြည်အဖို့အရာ ဆရာတော်အား ဘယ်သူဘယ်ဝါတွေ ဆွမ်းလောင်းကြပါသလဲဟု အကဲခတ်၍ စောင့်ကြည့်လေလာ ရန်ကြံစည်ထားသည်များ ပျောက်ဆုံးကုန်ပြီ။ ဆရာတော်အား ဖူးမြော်ရကြည့်နေရတာသည်ပင် ဖူးမဝ ရှုမဝ ဦးအကြိမ်ကြိမ်သာ ချမိနေလေ၏။

ဆရာတော်သည် တစ်ချိန်က ဧယျပတ္တမင်း သားဖြစ်ခဲ့ပြီး ယခုပြန်ကြွလာခြင်း ဟုတ်မဟုတ်ကတော့ မသိနိုင်တော့ပြီ။ သို့သော် ဦးအောင်ကြည် နစ်ပေါင်းငါးဆယ်ကျော် ရေးမှတ် ထိန်းသိမ်းထားခဲ့သော သမိုင်းမှတ်တမ်းထဲက ပြန်ကြွလာပုံမျိုး ဖော်ပြထားချက်တို့နှင့်တော့ ကိုက်ညီနေလေ၏။

- အရှေ့မြောက်ထောင့်အရပ်မှ ကြွလာတော်မူခြင်း။
- စကြာယာဉ်စီးလာမည်ဆိုရာ၌ မော်တော်ယာဉ်ဖြင့် ကြွလာခြင်း။
- တောင်ပေါ်ရောက်ရောက်ခြင်း ဆွမ်းခံခြင်း တို့နှင့် လုံးဝ ကိုက်ညီနေပေတော့သည်။

*** *** ***

**မွေ့ချင်ရာမွေ့ သေချင်ရာသေ သေစွာ ဒေသနာထား၍လိုက်မည်**

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မဟာဗောဓိမြိုင်ဆရာတော်သည် ပျဉ်းမနား လက်လုပ်တောင်သို့ ကြွရောက်လာခဲ့ပေပြီ။ ဤသို့ကြွရောက် မလာခင်က ...

"ပျဉ်းမနားရောက်လျှင် မင်းသေမှာပဲ"

ဟူသည့် အိပ်မက်ပေးစကားကို နားထဲစွဲထင်ကျန်နေခဲ့သည်။ တကယ်တော့ ရဟန်းဘစ်ပါး ကမ္မဋ္ဌာန်းတရားပွားများ နေတာဖြစ်တော့၊ သေခြင်းတရားဆိုတာ နေ့တိုင်းပွား များနေတဲ့ တရားပဲ၊ ဘာမှုမထူးမဆန်း။ သေမှာထ မကြောက်။ သေမှာမကြောက်ပေမယ့် ဒေသနာနဲ့ မွေ့နေ ကြည့်မိလေတော့၊ ဆရာတော် စဉ်းစားမိသည်မှာကား င သေစရာဆိုလို့ သုံးမျိုး သုံးစားသာရှိချေရာ၏။ ယင်းသုံ သုံးစား တို့ကား -

(၁) ငါ့ခန္ဓာရှိ အသက်ကုန်ဆုံးသွားခြင်းတည်း ဟူသော
  **- ဇီဝမရဏ။**

(၂) ငါ့ခန္ဓာမှ ကိလေသာ ကုန်ဆုံးသွားခြင်းတည်း ဟူသေ
  **- ကိလေသာမရဏ။**

(၃) ငါ့စိတ်ရှိ အကျင့် ပျက်ဆုံးသွားခြင်းတည်း ဟူသော
  **- စရဏာမရဏ။**

ထိုသုံးမျိုးသုံးတွေ မည်သည့်သွားခြင်းမျိုးနဲ့ သေသေ ငါရှာဖွေထားရှိခဲ့သမျှသော တရားအမွေကိုကား ငါနှ ဆက်စပ်နေတဲ့ ဝေနေယျတွေကို ငါပေးဖြစ်အောင် ပေးသွ မည်ဟု ယတိပြတ်ဆုံး ဖြတ်လိုက်လေသည်။

**လာခဲ့ပါစေ။ မွေ့ချင်ရာမွေ့၊ သေချင်ရာသေ၊ ငါကား အနေ ချည်းတည်း။**

ဤသို့ဖြင့် "မင်းသေမှာပဲ" ဟူသော စကားလုံး ကြုံးဝါး၍ ဝါဆိုလပြည့်နေ့မှစ၍ ဝိပဿနာ နှင့် စပ်ဆိုင် ဘာသာစကား ဓမ္မတရားတို့ကို ဖုံးကွယ်မထား လူတိုင် လူတိုင်း ရှင်းရှင်းလင်းလင်း နားလည်နိုင်အောင် ရေးသားေ တော့၏။

မိမိခန္ဓာမှပြသော သူ့သဘာဝ သူ့အလေ့ကျ သဘော များကို တခဏချင်း ထိုးထွင်းရိပ်မိလာစေရမည်။

* စကားနှင့်တခြား စာသားထဲမှ စာသားမျှကို မိမိခန္ ကြားမှပင် ဘွားခနဲပေါ်လွင်အောင် သိတတ်လာ ရမည်။

* မလိုချင်မှုရ မကြည့်တော့မှုပြ၊ အမှတ်ရနေရုံလေး သူ့အရေး သူ့ဖော်လာအောင် ကြည့်တတ်လာစေရမည်

စသည်တို့ကိုရည်ရွယ်၍အစတွင် "ပဋိဘာန ပဋိသ ဒိပတ္တကထာ" ဟူ၍ ကျမ်းစာ၏အမည်ကိုတပ်ခဲ့သေ သို့သော်လည်း ကြီးကျယ်လွန်းလှသည်ထင်၍ကျမ်းစာ ကို"ပဋိဘာနဉာဏဒေသနကထာ"ဟူ၍အမည်ပြောင်းခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com

ထို "ပဋ္ဌာန ဉာဏ ဒေသနကထာ" ကျမ်းစာသည် ...အရှိကို တင်းတင်းနှင့်ပြင်းပြင်းကြည့်ရှုရာမှ ပေါ်ထွက်...သော ပြချက်များကို ချက်ချင်းရိပ်မိ ဉာဏ်အသိ ဉာဏ်...မြင်သန်စေခြင်းကို အားပေးထောက်ကူစေမည်ဖြစ်သည်။ ...ယ်တွေ့ဖြင့် ရင်းပြီးသော် တင်းတင်းတွေး၍ တင်းတင်းပင် ...ချင်းပြောတတ် တွေးတတ် အဲဖြေပေး တတ်စေမည် ...သည်။ အာဝဇ္ဇန်းဉာဏ်၊ တခဏပ္ပတ္တိဉာဏ် ခေါ် ဆင်ချင်မှု ...ဆန်ခြင်း၊ တစ်ခဏအတွင်း အဖြေမှန် ဖြစ်ပေါ်စေခြင်းများ ...တွားစေမည်ဖြစ်သည်။ ၎င်း "ပဋ္ဌာန ဉာဏ ဒေသန...ထာ" ကျမ်းစာသည် တော်သလင်းလပြည့်နေ့တွင် ပြီးစီး...၏။ နှစ်လတိတိရေးသားရပြီး စာမျက်နှာ (၅၀၀)မျှရှိ၏။ ...ရာတော်သည် နောင်အခါတွင် တိပိဋက ဓမ္မရက္ခိတ ...ဆင်းသို့ သာသနာပြုနိုင်ကြရန်အတွက် ရည်ရွယ်၍ လျှုဒါန်း ...ိုက်လေ၏။ ထိုသို့ဖြင့် ဆရာတော်သည် ၁၃၅၃ ခုနှစ် ...က်တော် ၅၀ နှစ်ပြည့်ချိန်မှစ၍ တရားကျင့်ရင်းဖြင့်ပင် ...မ်းစာရေးသား သည့်ဘက်သို့ သာသနာပြု ခရီးတိုးခဲ့လိုက် ...သည်။ ထို့နောက် သမထနှင့် ဝိပဿနာရေးသော "...ဃာ ဒါသ ကထာ" စသည့် ကျမ်းစာများကို ရေးသားပြုစု ...ဖြစ်လေသည်။

- နွေ-တပေါင်းရောက်လျှင် သာစည်ရွှေကျောင်းကုန်း တောင်-သုံးလ။
- မိုး - နယုန်ရောက်သော် ပျဉ်းမနားလက်လုပ် တောင် - ကိုးလ။

ဤသို့ဖြင့် ၁၃၅၄-၅၅ ခုနှစ် နွေကာလသို့ ရောက်ခဲ့ ...လေသည်။ ရွှေကျောင်းကုန်းတောင်သည် ဆည်တော် ...ကြီးလည်း အဆင့်သုံးဆင့် မဟာရာမ် တံတိုင်းမှသည် ရေစစ် ...န်၊ ရေလှောင်မြောင်းတို့ အထိ အပြီးသတ်ခဲ့လေပြီ။

၁၃၅၅ ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက်နေ့ အားလုံး ...ပြီးစီးလေသည်။ သို့တစေလည်း ပရိသတ်ရှင်းသော ကဆုန် ...ပြည့်ကျော် (၈)ရက်နေ့တွင် ဆည်တော်အပ်ပွဲ၊ ရေစက်ချပွဲ၊ ...ပေးပွဲများ ကျင်းပပေးပြီး နယုန်လဆန်း (၆)ရက်နေ့တွင် ...ရာတော်သည် ရွှေကျောင်းကုန်းတောင်မှ စခန်းသိမ်းပြီး ...က်လုပ်တောင်သို့ ပြန်ကြွလာခဲ့လေသည်။

**ရှာနိပုံသတင်း ပျံ့နှံ့ခြင်းကြောင့်**

၁၃၅၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇-ရက်နေ့တွင် ပျဉ်းမနား မြို့ပေါ်နှင့် တောပါမကျန် "လက်လုပ်တောင် ဆရာတော် ရှာနိပုံသည်" ဟူသောသတင်းများ တမုဟုတ်ချင်း အပျံ့အနှံ့ ထွက်ပေါ်လာကြလေသည်။

ပျဉ်းမနားမြို့ထဲက ကုလားထမင်းဆိုင်မှာ ဆွမ်းခံရာတွင် ဆိုင်ရှင်ကုလား ဆွမ်းလောင်းအပြီးမှာ ဆရာတော်သည် သပိတ်ပိုက်လျက် ကောင်းကင်ပျံတက် လက်လုပ်တောင် ဘက်သို့ ပျံကြွသွားသည်။ ၎င်းဆိုင်ရှင်ကုလားက နောက် ယောင်ခံလိုက်ကြည့်ရာ လက်လုပ်တောင်အရောက်တွင် ဆရာတော်နှင့်တွေ့သည့်အခါ မျက်နှာတော်၊ နားခေါင်းတော်၊ သက်နှင်းတော်၊ အရပ်အမောင်းကအစ အားလုံးအတူတူဖြစ် နေသည်ကို တွေ့ရှိရသဖြင့် ထမင်းဆိုင် ရှင်ကုလားက• • •

"ဒီဆရာတော်မှ ဒီဆရာတော်ပါပဲ"

ဟု အော်ဟစ်ပြောဆိုသည် ဆိုသောသတင်း

"လက်လုပ်တောင်ဆရာတော် ဆွမ်းခံကြွတာ မြေကြီးပေါ် ခြေမထိဘူး။ မြင်သူအားလုံး မျက်မြင်ကိုယ်တွေ့" ဟူသော သတင်း• • •

"ဆရာတော် ဆွမ်းခံကြွတဲ့အခါ တဘက်ခင်းပြီး ယင်း တဘက်အောက်မှာ ဆေးပေါ့လိပ်တွေ၊ မုန့်ကြွပ်တွေ၊ ဘီစကွက် မုန့်တွေ ချပေးထားတာမှာ တည့်တည့်ကြီးနင်းသွားပေမယ့် အောက်က ဆေးပေါ့လိပ်တွေ၊ မုန့်ကြွပ်တွေ၊ ဘီစကွက်တွေ ဘာမှမဖြစ်ဘူး၊ မကျိုးမကြေဘူး" ဆိုသောသတင်း• • •

စသည် စသည် ရှာနိပုံသည့်သတင်းများ ထွက်ပေါ်ခဲ့ ပေရာ ရပ်နီးရပ်ဝေးရှိ ပရိသတ်များ စုဝေးလာရောက်ကြ သောကြောင့် အထူးစည်ကား များပြားခဲ့လေ၏။

ထိုသတင်းများကို တစ်ဆင့်စကားတစ်ဆင့်နား ကြားလာ ကြရာ မှ ဒကာတစ်ယောက်က မဟာဗောဓိမြိုင်ဆရာတော် အား• • •

"ဆရာတော်ဘုရား။ လက်လုပ်တောင် ဆရာတော် ရှာနိပုံသည် ဆိုသော သတင်းအတိုင်း ဟုတ်ပါသလား"

ဟု လျှောက်ထားလေရာ• • •

"အဲဒါ ငါတို့နှင့်မဆိုင်၊ ငါတို့လည်းမသိ၊ ငါတို့ရဲ့ ကိစ္စလည်း မဟုတ်ဘူး"

ဟု အတိအလင်း ငြင်းပယ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ ဆရာတော်ကိုယ်တိုင်က ငြင်းပယ် နေလင့်ကစား။ ထိုတန်ဆောင်မုန်းလပြည့်နေ့မှ တပို့တွဲလပြည့်နေ့အထိ တစ်နေ့ တစ်နေ့ လူသူပရိသတ်သုံးထောင်မှ ငါးထောင်၊ ခြောက်ထောင်မျှအထိ အများအပြား လာမစဲဖြစ်နေလေ၏။ ကားကြီးကားငယ် အမယ်စုံတို့ဖြင့် ရုပ်ဝေးရပ်နီး အစုံရောက်လာကြကုန်၏။

ထိုအခါ . . .

* သတင်းအပေါက်ကြမ်း ထောက်လှမ်းရေး ဝင်ပြီ၊

* သတင်း အကွက်ဆန်းစမ်းလိုသူတွေလည်း ပေါ်လာပြီ၊

ဒီအထဲတွင် . . .

- ယုံကြည်၍ ရောက်လာသူများ၊
- လေ့လာလို၍ ရောက်လာသူများ၊
- ဝေဖန်လို၍ ရောက်လာသူများ၊
- အခြေအနေ အမှန်သိလို၍ ရောက်လာသူများ စသည်ဖြင့်

နေ့စဉ်နှင့်အမျှ သွားသူ၊ ပြန်သူ၊ လာသူ၊ နေသူတို့ကား စည်ကားလွန်းလှ၏။

ဒီအခါမှာတော့ စိတ်အလုပ်သမား စိတ်ရှုပ် အလုပ်ပျက်တော့၏။ စိတ်ချမ်းသာမှ စိတ်တည် ငြိမ်မှုကိုရစေ၏။ စိတ်ချမ်းသာမှုကို ရယူလိုလိုလျှင် စိတ်စင်ကြယ်မှသာ တက်နိုင်ရာ၏။ စိတ်စင် ကြယ်လိုလျှင်ကား တရားအာရုံမှတစ်ပါး အခြားအာရုံ အတိုက်ကြား စိတ်မထားတတ်မှ ရနိုင်ရာ၏။ ဘုခြားအာရုံနှင့် ပတ်သက်လာလျှင်ကား။ စကား အရာမျှပင် မကြားလိုတော့ပြီ။

* မကြိုက်၍ ဖျက်သော၊ မသဒ္ဓါကား တစ်ကြိမ်သာပျက်၊ နောက်မထွက်တော့ပြီ

* ကြိုက်၍ ဖျက်သော၊ သဒ္ဓါကား နှစ်သက် တိုင်းချ အားမရ၊ တစ်ဘဝမျှပင် မပြီးတတ်။

လက်လုပ်တောင်ဆရာတော်ကို ဖူးမြော်ရန်လာကြသော ပရိသတ်မှန်သမျှ ကြည်ညို၍လာ သည်ကားမှန်၏။ သို့သော်လည်း ထိုကြည်ညိုမှုကပင် တစ်ဖက်အကျင့်ကို မကြည့် ကိုယ့်အလိုကျမျှ ကိုသာသိပြီး၊ အချိန်-ကာလ-ဒေသ မသုံးသပ်ဘဲ၊ အတင်းဝင် အတင်းထွက် လေသောအခါ အနှောင့်အယှက်အဖြစ်သို့ ဝင်သွားတတ်၏။ ပျက်စီးသော ကျင့်ဆဲမှန်သမျှ သဒ္ဓါခံတို့ တဏှာလုန်ပေးကြသောကြောင့် တည်း။

ဆရာတော်သည် လက်လုပ်တောင်ဂေါပက (သာသန ဟိတကာရီ)အဖွဲ့ကို ဖွဲ့စည်းပေးလိုက်သည်။ ပျဉ်းမနားမြို့ပေါ်မှ ဒါယကာနှင့်အပေါင်းပါ (၅)ဦး၊ လက်လုပ်တောင်ဂေါစရဂါမ်များမှ တစ်ရွာလျှင်(၁)ဦးကျစီ ရွေးချယ်ပြီး ဖွဲ့စည်းပေး သည်။ ထိုဂေါပကအဖွဲ့အား ဆရာတော်က အောက်ပါအတိုင်း ပန်ကြားထားခဲ့၏။

* ငါတို့ကား ဘယ်သွားသွား ပရိသတ်က ကစား... ကြီး အမျှရှိနေပါသည်။ သို့ပါ၍ ဘယ်မှ မသွား...

* ဤလက်လုပ်တောင်၌ နောက်ထပ်သုံးနှစ် ထိ... ကိုယ့်အတွက် ကိုယ်ကိစ္စ စိတ်ချရသည်အ... အားထုတ်ပါရစေ။

* ငါတို့ ငြီးငွေ့ခဲ့ရသည်ဖြစ်၍ ပရိသတ်ကို ထိန်းသိ... ပေးပါ။

* ဝါတွင်းမှာ နှစ်စဉ် ဓုတင်ဆောင်သည့် အတိုင်း... အပြည့်အဝပြုကျင့်ပါရစေဟူ၍ ပန်ကြားထား၏။

ထိုသို့ ဂေါပကအဖွဲ့အား ပန်ကြားထား၏။ ပန်ကြားသည့်အတိုင်း တသွေမတိမ်းလိုက်နာပါမည်ဟု လျှောက်ထားခဲ့ကြ... ပါ၏။ သို့တစေလည်း ထို ၁၃၅၅ ခုနှစ်၊ ဝါတွင်းကာလတွင်... ကား ထိန်းမနိုင် သိမ်းမရအောင်ရတော့၏။ ဓုတင်မှ ဆန်ကျ... သော ဆွမ်းလောင်းခြင်းများကလည်း အတင်းရော အဓမ္မ... ဖြစ်ပွားလာချေပြီ။ ဌာနေရွာများမှလည်း လောင်းခွင့်မပြုသဖြင့် စိတ်ဆိုးပြီး ပြန်သွားကြရပြီ။ ရွာများထဲတွင် သဒ္ဓါတတ်ခံ... ဘေးရန်အထိ ရန်ပွဲ ဖြစ်မည်အထိ ရောက်လာချေတော့၏။

ထို့ကြောင့်ပင် ၁၃၅၅ ခုနှစ်၊ ဝါခေါင်လပြည့် ကျော်(၈)... ရက်နေ့တွင် ဆရာတော်ကြီးသည် မိမိ ဆောင်ထားသော ဓုတင်များကို ပယ်ဖျက်ပေးလိုက်တော့၏။

"အဆင်ပြေသလို၊ စိတ်ချမ်းသာကြသလို သာလောင်းကြ... ပေတော့"

ငါသည်လည်း ဤပျဉ်းမနား လက်လုပ်တောင်မှ ဝါကျွတ်... လျှင် ထွက်ခွာတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ရတော့၏။

သိတင်းကျွတ်သည်နှင့် အဝေးမှ ဒကာများကလည်း လက်ဝါးဖြန့်က ပြန့်ထွက်လာကြ၏။

* သံဃာ ပေးသော လက်နှစ်ဖက်ကား သီလ နှင့်... မေတ္တာ ဘယ်နှင့် ညာ။

* ဒကာ ဒကာမများက ယူသောလက်နှစ်ဖက်ကား... သဒ္ဓါနှင့် စေတနာ ဘယ်နှင့်ညာ၊

www.burmeseclassic.com

www.burmeseclassic.com

ထိုစကားများကို နားကွဲလောက်အောင် အကြိမ်ကြိမ် အထပ်ထပ်ဟောထားဖူးသော်လည်း ရှာန်ပျံသတင်းများကြောင့် တောင်းဆိုမှုတွေ ပေါ်လာရကုန်ပြီ။

ထိုအခါ ဆရာတော်သည် . . .

"ကဲ . . . ငါတို့ ပေးနိုင်တဲ့ သိဒ္ဓိ မဟိဒ္ဓိကား သည်တစ်ခါ နောက်ဆုံးဖြစ်ပစေ၊ နောက်မလာကြနဲ့တော့" ဟူ၍ မိန့်ကာ ခရီးထွက်ဖို့ရာ စီစဉ်လေတော့သည်။

ဆရာတော်ပေးလိုက်သည့် သိဒ္ဓိ မဟိဒ္ဓိ ဆိုသည်ကား စိတ်ရှိတိုင်း ခရီးဆက်ဟူ၍ ဖြစ်ပါတော့၏။

**အနီးကပ်ဒကာရင်းများကိုယ်တိုင် ထူးလို့ ထူးမှန်း မသိခဲ့ကြ**

မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးသည် ပျဉ်းမနား လက်လုပ်တောင်တွင် သီတင်းသုံးနေတော်မူစဉ် ကာလ အတွင်းဝယ် အနီးနေ အနီးကပ် ဒကာရင်းများကို မိန့်ဆိုချက် အထူးများရှိခဲ့ပေသည်။ သို့သော် အနီးနေ ဒကာများမှာ ဆရာတော်၏ မိန့်ဆိုချက်များကို ထူး၍ထူးမှန်း မသိရှိခဲ့ကြပေ။

"ဒကာကြီးတို့၊ ဒီနေရာဟာ၊ တစ်ချိန်ကျရင် မြို့လယ်ခေါင် ဖြစ်လာလိမ့်မယ်။ ခင်ဗျားတို့လဲ မမြင်ဘူးတာတွေ မြင်ကြရလိမ့်မယ်။ မကြားဖူးတာတွေ ကြားရပါလိမ့်မယ်။ မစားဖူးတာတွေ စားရပါလိမ့်မယ်။ တစ်သက်နဲ့တစ်ကိုယ် မကြုံဘူးတာတွေလဲ ကြုံကြတွေ့ကြရပါလိမ့်မယ်"

ထိုစဉ်အခါက ဆရာတော်ကြီး ထိုသို့မိန့်တော်မူစဉ် ကြားနားခဲ့ကြရသူ ဒကာကြီးတွေထဲက တစ်ချို့က ဟုတ်ချင် ဟုတ်မယ်။ ပျဉ်းမနားမြို့ချဲ့ရင်း ချဲ့ရင်းနဲ့ ဒီနေရာမြို့လယ်ခေါင် ဖြစ်လာနိုင်တယ်။

တချို့ ဒကာတွေကလည်း ဒီစကား ဆရာတော်မိန့် သို့သာကြားရတယ်။ တို့ကတော့ တယ်မထင်ပါဘူး။ တကယ် သို့ဖြစ်မယ်ဆိုရင်လဲ တို့သက်တမ်းအတွင်း ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး စသည် စသည်ဖြင့် တွေးတောကြံဆကာ အမျိုးမျိုးဝေဖန် ပြောဆိုနေကြလေ၏။

တစ်ခါမှာလဲ ဆရာတော်ကြီးက . . .

"ဒကာကြီးတို့၊ ဒီနေရာဟာ ကမ္ဘာ့သာသနာပြု ဖို့ရာ မဏ္ဍိုင်ကြီးဖြစ်လာလိမ့်မယ်။ သာသနာ့မဏ္ဍိုင်၊ ကမ္ဘာ့မဏ္ဍိုင်၊ မြန်မာ့မဏ္ဍိုင်ကြီး ဖြစ်လာလိမ့်မယ်"

ထိုကဲ့သို့ ထူးထူးခြားခြား မိန့်ကြားတော်မူကာ၊ မြန်မာ့ သာသနာထွန်းကားစေရန်ရည်၍ လက်လုပ်တောင်ဘုရားကို ဖြုံ့ဖြိုး ဘုရားအသစ်တည်ရန် ပန္နက်တော်ရိုက်တော်မူခဲ့၏။

ယခင်အခါများက ဤလက်လုပ်တောင်ရှိ စေတီတော်ကို လက်လုပ်တောင်စေတီ၊ ရန်ကင်းစေတီ ဟု ခေါ်ဆိုခဲ့ကြသည် ကိုသည်း ဆရာတော်ကြီးသည် မင်းတုန်းမင်းတရားကြီး ခေါ်ဝေါ်ခဲ့သည့်အတိုင်း "နန်းသွင်းစေတီတော်ကြီး" ဟု ဘွဲ့မည် တော်အသစ်ဖြင့် ပူဇော်သမုတ်တော်မူခဲ့သည်။

စေတီရင်ပြင်တော်ရှိ အာရုံခံ တန်ဆောင်းကိုလည်း "မဂ္ဂင်နန်းဦးတန်ဆောင်း" ဟူ၍လည်းကောင်း၊ တိုက်ကျောင်း ဂေလေးကိုလည်း "ဇမ္ဗူမဏ္ဍိုင်" ဟု ကမ္ပည်းစိုက်ထူပေးအပ် တော်မူခဲ့လေသည်။

ထို့ပြင် လက်လုပ်တောင်ကုန်းပေါ်ရှိ ကျောင်း တန်ဆောင် များလည်း "ဗောဓိမဏ္ဍိုင်" "ဓမ္မမဏ္ဍိုင်" "သာသနာ့မဏ္ဍိုင်" ဟု ကမ္ပည်း စိုက်ထူပေးအပ်တော်မူ ခဲ့လေသည်။

အထက်ဖော်ပြပါအတိုင်း ဆရာတော်ဘုရားကြီး နိမိတ် စကားမိန့်ကြားတော်မူခဲ့ပြီးသည့် နောက်(၁၄)နှစ်ခန့်အကြာတွင် ပျဉ်းမနားမြို့ဝန်းကျင် "နေပြည်တော်" ဟူ၍ မြန်မာတို့၏ ဗဟိုဒချုပ်အခြာ "ဗဟိုဌာနချုပ်" "မြန်မာ့မဏ္ဍိုင်" ဖြစ်လာ သလို ဉပါတသန္တိစေတီတော်ကြီး တည်းဟူသော သာသနာ့ မဏ္ဍိုင်ကြီးလည်း လက်လုပ်တောင်၏ အရှေ့ဘက်အနီးတွင် ထင်ထင်ရှားရှား ပေါ်ထွ[illegible]းလာခဲ့လေပြီဖြစ်သည်။

ဆက်ပါဦးမည် . . .


ဟံသာဝတီ

**ဦးအုန်းကြိုင်**



www.burmeseclassic.com

www.burmeseclassic.com



# အသက်သခင်ကျေးဇူးရှင်ကို ပြစ်မှားမိ က နိဂုံးမလှဖြစ်ကြရ

■ ခင်မောင်အေး(မန္တလေး)

မင်းမသိ ဗြဟ္မဒတ်၊ ပြည်မသိ ဗာရာဏသီဟု ဆိုကြသည်။ ယခုလည်း ငါးရာ့ငါးဆယ်လာ ဇာတ်တော်တစ်ခု တင်ပြပါရစေ။ ရှေးအတိတ် လွန်လေပြီးသောအခါသမယ တစ်ခုသောကာလတွင် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံလျက်ရှိသည်။ ထိုမင်းကြီးတွင် သားတော်တစ်ပါးရှိ၏။ သားတော်ကား အမျက်စောင်းမာန်ကြီးမားသည်။ ရန်ရှင်းကြမ်းတမ်းသည်။ အဆဲတစ်ခွန်းမပါလျှင် စကားမပြောတတ်။ အမည်ကိုပင် ကြည့်။ ဒုဋ္ဌကုမာရ…တဲ့။ သင်း၏စရိုက်က ဆိုးလွန်းလှသဖြင့် လူအပေါင်းက အော့ကြောလန်သည်။ ချစ်သူမရှိ၊ မုန်းသူတွေက များလှပါသည်။ မင်းသား၏ နှုတ်ကကြမ်းသဖြင့် အနီးသို့ပင် မကပ်ကြ။ အလိုတော်ရိ သာပေါင်းညာစားတွေသာ ခစားသည်။ တစ်နေ့ မင်းသားမြစ်ဆိပ်သို့ရောက်လာကာ ရေကစားသည်။ ထိုအခိုက်မှာပင် ညကောင်းကင်အလုံး ထစ်ချုန်းရိုက်ပြီး မိုးကြီးသည်း

www.burmeseclassic.com

ထန်စွာ ရှာလေသည်။ မင်းမှုထမ်းများနှင့် အခြွေအရံများက မင်းသားအား မြစ်တွင်းမှ တက်လာရန် သတိပေးသည်။ မင်းသားကာ မနာခံ၊ သည့်အပြင် သူ့ကို မြစ်လယ်သို့ပို့ပေးရန် အမိန့်ပေးသည်။ အခြွေအရံထဲမှ မင်းသားကို အမြင်ကတ်သူတစ်ဦးက “အယုတ်တမာကောင် သွားလေရော့ . . . အစိစိ”ဟု စိတ်ထဲမှ ကျိန်ဆဲလျက် ရေလယ်သို့ တွန်းလွှတ်လိုက်လေသည်။

မင်းမှုထမ်းများနှင့် အခြွေအရံများ နန်းတော်သို့ မင်းသားမပါဘဲ ပြန်လည်ရောက်ရှိလာကြရာတွင် မင်းကြီးက အမေးတော်ပြု၏။ အကြောင်းစုံတင်လျှောက်ကြသော် မင်းကြီးက ညတွင်းချင်းပင် မင်းမှုထမ်းများအား လိုက်လံရှာဖွေစေလေသည်။ သို့တစေ မိုးကကြီးလှသည်။ မည်သို့မှ ရှာဖွေ၍မရချေတော့။ သို့ဖြစ်၍ ရှာဖွေရေးအစီအစဉ်ကို လက်လျှော့လိုက်ရ၏။ ထိုအချိန်တွင် မင်းသားကား ရေစီးတွင် ကံအားလျော်စွာ မျောပါလာသော ထင်းတုံးတစ်တုံးပေါ်တွင် ခိုစီး၏ ရေစီးကြောင်းတစ်လျှောက် မျောပါသွားလေသည်။ ထင်းတုံးပေါ်တွင် သူ့လိုဒုက္ခသည်များ ဖြစ်ကြသည့် ကြွက်တစ်ကောင်၊ မြွေတစ်ကောင်နှင့် ကျေးသားတစ်ကောင်တို့လည်း ထင်းတုံးကို ခိုစီးလိုက်ပါလာလေသည်။

ထိုစဉ်အခါက ဘုရားလောင်းရှင်ရသေ့သည် မြစ်ကွေ့တစ်ခု၌ သစ်ရွက်မိုး၊ သစ်ရွက်ကာ တောကျောင်းကလေးတစ်ခုတွင် သီတင်းသုံးနေထိုင်နေလေသည်။ ရေစီးတွင် မျောပါလာသည့် ထင်းတုံးပေါ်မှ မင်းသားငယ်၏ ကယ်ပါယူပါ တစာစာ အော်ဟစ်ငိုကြွေးသံကို ကြားလိုက်ရသည့်အခါ စင်္ကြံလျှောက်နေရာမှ ရပ်တန့်လျက် လှမ်းမျှော်ကြည့်ရှုလိုက်၏။ ထင်းတုံးနှင့် ဒုက္ခသည်များကို တွေ့မြင်ရသဖြင့် ရေသို့ဆင်းသက်၍ ဆယ်ယူလာခဲ့၏။ ကမ်းစပ်သို့ရောက်သည့်အခါ မင်းသားအား ချီပွေ့ပြီး မြွေ၊ ကြွက်နှင့် ကျေးသားတို့ကို အစာ်လက်ချီပွေ့၍ပင် ချထား၏။ ထို့နောက် မီးပုံကြီးတစ်ပုံ ပြုလုပ်ကာ အားနည်းနေကြသည့် မြွေ၊ ကြွက်နှင့် ကျေးသားတို့အား ဦးစွာ မီးလှုံစေသည်။ ထို့နောက်မှ မင်းသားအား မီးလှုံစေလေသည်။ ငှက်ပျောသီး၊ ပိန္နဲသီးနှင့် အစားအစာများကိုလည်း မြွေ၊ ကြွက်နှင့် ကျေးသားတို့အား ဦးစွာစားသောက်စေသည်။ အဘယ်ကြောင့်ဟူမူ တိရစ္ဆာန်တို့က အားအင်ကုန်ခန်းနေကြ၍ပင်။ ထို့နောက်မှ မင်းသားကို အစားအစာများ စားသောက်စေလေသည်။ ယင်းသို့ဖြစ်ရကား မင်းသားသည် ကျေနပ်မှုမရှိဘဲ “ဤရသေ့သည် ကောက်ကျစ်သည်။ ငါကဲ့သို့သော မင်းသားအား ဂရုမစိုက်၊ တိရစ္ဆာန်များကိုသာ ဦးစားပေးသည်”ဟု စိတ်တွင်းက အတေးအမှတ်ထားလိုက်လေသည်။ ရသေ့သည် ဒုက္ခသည်တစ်စုအား ကျောင်းသခ်မ်းတွင် သုံးရက်ထိအောင်ထားလျက် ပြုစုလေသည်။

အခြေအနေ ပုံမှန်အတိုင်း ပြန်လည်ကောင်းမွန် တည်ငြိမ်လာသောအခါ ပြန်ကြရတော့မည်ရှိသော် တိရစ္ဆာန်တို့အနက် မြွေက သူ့ထံတွင် ကုဋေလေးဆယ်ခန့်ရှိ တန်ဖိုးရှိသည့် ဥစ္စာပစ္စည်းများရှိပြီး လုံခြုံသည့်တစ်နေရာမှာ မြှုပ်နှံထားကြောင်း၊ လိုအပ်ပါက သူယူဆောင်လာပေးပါမည်ဟု ပြောပြသည်။ ကြွက်ကလည်း သူ့ထံတွင် ကုဋေသုံးဆယ်မျှ ထိုက်တန်သည့် ရွှေအိုးများရှိကြောင်း၊ လာရောက်အလှူခံပါလျှင် ပေးလှူရန် အသင့်ရှိနေပါကြောင်း ပြောကြားပြန်လေသည်။ ကျေးသားကမူ သူ့ထံတွင် ဥစ္စာရတနာမရှိပါ။ လိုအပ်ပါလျှင် သလေးဆန်များ စုဆောင်းထားသမျှ လှည်းတစ်စီးတိုက်ခန့်ရှိသဖြင့် ရှင်ရသေ့က လာရောက်အလှူခံပါရန် ပြောကြားပြန်ပါသည်။ ထို့နောက် တိရစ္ဆာန်များသည် အသီးသီးနေရပ်သို့ ပြန်သွားခဲ့ကြလေသည်။ တိရစ္ဆာန်တို့

မင်းသားသည်လည်း နှုတ်မဆက်ဘဲ
ပြန်လိုသော်လည်း မကောင်းတတ်၍ ရသေ့ကြီးကို
“အကျွန်ုပ် မင်းဖြစ်သောအချိန် အရောက်လာခဲ့ပါ။
ပစ္စည်းလေးပါး ဒါယကာအဖြစ် သတ်မှတ်လျက်
အလှူခံတော်မူပါ”ဟု ဝတ်ကျေတန်းကျေ
ပင့်ဖိတ်လျက် ပြန်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အနက် မြွေသည် သူကြွယ်ကြီး၊ ကြွက်သည် သူဌေးကြီးများ ဖြစ်ခဲ့ကြကာ ကွယ်လွန်သည့်အချိန်တွင် ဥစ္စာပစ္စည်းများအား စွဲလမ်းသောစိတ်ဖြင့် သေဆုံးခဲ့ကြသည်ဖြစ်၍ မိမိတို့၏ ဥစ္စာပစ္စည်းရှိနေရာ နေရာ၌ပင် တိရစ္ဆာန်များ ပြန်ဖြစ်ကြပြီး ဥစ္စာစောင့်များ ဖြစ်နေကြခြင်းပင်

မင်းသားသည်လည်း နှုတ်မဆက်ဘဲ ပြန်လိုသော်လည်း မကောင်းတတ်၍ ရသေ့ကြီးကို "အကျွန်ုပ် မင်းဖြစ်သောအချိန် အရောက်လာခဲ့ပါ။ ပစ္စည်းလေးပါး ဒါယကာအဖြစ် သတ်မှတ်လျက် အလှူခံတော်မူပါ" ဟု ဝတ်ကျေတန်းကျေမျှ ပင့်ဖိတ်လျက် ပြန်သွားခဲ့လေသည်။ အချိန်တို့ တစ်စထက်တစ်စ ကြာမြင့်ခဲ့ပါပြီ။ ဥတုရာသီလည်း တစ်ပတ်လည်ခဲ့ပြီ။ ရသေ့ကြီးသည် သူကတစ်ချိန်တစ်ခါက ကယ်ဆယ်ထားခဲ့သော သူများ၏ စိတ်နေစိတ်ထားကို စမ်းသပ်လိုသောကြောင့်တစ်ကြောင်း၊ မြို့ရွာ၌ ချဉ်ဆားအလှူခံလိုသောကြောင့်တစ်ကြောင်း ကျောင်းသင်္ခမ်းမှ ထွက်ခွာလာခဲ့၏။ ကနဦးမှာ မြွေ၊ ထို့နောက် ကြွက်၊ ပြီးသော် ကျေးသား။ အစဉ်အတိုင်းပင် ဝင်လာခဲ့သည်။ တိရစ္ဆာန်များက ကတိစကားအတိုင်း ဥစ္စာပစ္စည်းများကို လှူဒါန်းကြသည်။ သို့သော် ရသေ့ကြီးက ငြင်းပယ်ခဲ့ပြီး နောက်နောင်လိုအပ်ပါက လာရောက်အလှူခံပါမည်ဟု ပြောကြားခဲ့ပြီး ဗာရာဏသီပြည်ကြီးဆီသို့ ခရီးဆက်လက် ထွက်ခွာလာလေသည်။ ရသေ့ကြီးသည် ဗာရာဏသီသို့ ရောက်ရှိလာသည့်အခါ မင်းကြီး၏ ဥယျာဉ်

**ရသေ့ကြီးသည်**
**တစ်ချက်ကလေးမျှ**
**မညည်းညူ။**
**အမလေး အဘလေး မတ။**
**စကားလုံးအချို့ကိုသာ**
**ဓမ္မတေးတစ်ပုဒ်လို**
**ညည်းလာလေသည်။**
**မင်းမှုထမ်းများ**
**ရိုက်နှက်ကြသည့်အခါတိုင်း**
**ဤစကားများကိုသာ**
**ညည်းညူ**
**ရေရွတ်လာသည်။**

တော်တွင် ခေတ္တခဏ တည်းခိုကာ မြို့တွင်းသို့ ဆွမ်းခံဝင်ရောက်လာခဲ့သည်။ ထိုအချိန်နှင့် တစ်ပြေးညီစွာ ဗာရာဏသီပြည့်ရှင်မင်းကြီးသည်လည်း မြို့တွင်းသို့ မင်္ဂလာဆင်တော်ကို စီး၍ လှည့်လည်ဇယာနိုက် ခပ်လှမ်းလှမ်းမှပင် ရသေ့ကြီးကို မြင်တွေ့လိုက်ရလေသည်။

မင်းကြီးသည် ရသေ့ကြီးကို မြင်တွေ့လိုက်သည့်အခါ ရုတ်တရက်ချက်ချင်း မှတ်မိသွား၏။ နှုတ်မှလည်း စကားလုံးတချို့ ထွက်လာလေသည်။ "ဟောရသေ့ကောက်ကျစ်ပါကလား။ လာတွေ့နေရပြန်ပါပြီကော။ ဘာများအလှူခံမယ်လို့လဲ မပြောတတ်ဘူး။ ငါ့အပေါ် သူက ကျေးဇူးပြုခဲ့ဖူးတာတွေ လျှောက်မပြောခင် နှုတ်ပိတ်ပစ်မှ"

ယင်းစိတ်ကူးနှင့် ရုတ်ခြည်းပင် မင်းမှုထမ်းများကို ခေါ်ယူလျက် -

"အမှုတော်ထမ်းတွေ၊ ဟောဟိုက လာနေတဲ့ ရသေ့ယောင်ကို ဖမ်းကြစမ်း။ လက်ပြန်ကြိုးနိုင်နိုင်တုပ်၊ မြို့တွင်းက လမ်းဆုံလမ်းခွတိုင်းမှာရပ်၊ ပြီးတော့ နာနာရိုက်ပစ်ကြစမ်း။ အဲ . . . ပြီးရင်တော့ သာသာနက်ကိုထုတ်၊ ခေါင်းနဲ့ကိုယ် အိုးစားကွဲအောင် ဓားထက်ထက်နဲ့ ပိုင်းဖြတ်သတ်ပစ်လိုက်ကြစမ်း။ အမိန့်တော် . . ."

ဘုရင့်အမိန့်ဖြစ်၍ မင်းမှုထမ်းများက ချက်ချင်းဆောင်ရွက်ခဲ့ကြ၏။ လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်တိုင်း ရိုက်ပုတ်ခြင်းကို ခံရ၏။ သို့သော် ရသေ့ကြီးသည် တစ်ချက်ကလေးမျှ မညည်းညူ။ အမလေး အဘလေး မတ။ စကားလုံးအချို့ကိုသာ ဓမ္မတေးတစ်ပုဒ်လို ညည်းလာလေသည်။ မင်းမှုထမ်းများ ရိုက်နှက်ကြသည့်အခါတိုင်း ဤစကားများကိုသာ ညည်းညူရေရွတ်လာသည်။ ရသေ့ကြီး ရေရွတ်လာသော စကားများကား . . .

"မြစ်ရေကြောမှာ မျောလာလျှင်၊ ထင်းတုံးကိုသာ ဆယ်ပါသင်၊ စိတ်တွင်းမှာအစဉ်မှတ်၊ အဲဒါကမှမြတ်။

ယောက်ျားယုတ်ကို ဆယ်မိက၊ အရှုံးနှင့်သာ ရင်ဆိုင်ရ။

ပညာရှိတို့ဆိုစကား။ စဉ်အမြဲပင်မှန်သည်တကား"

မင်းမှုထမ်းများက ရိုက်တိုင်း ဤစကားများကိုသာ ရသေ့ကြီးက ညည်းညူရေရွတ်လာသည်။ သို့ဖြစ်၍ ရာထမ်းတစ်ဦးက ရသေ့ကြီးအား အမေး



www.burmeseclassic.com

www.burmeseclassic.com

**ပြည်သူအများ ရတ်ရတ်သဲသဲ လှုပ်ရှားအုံကြွကာ မင်းကြီးကို ဆင်ထက်မှဆွဲချလျက် လူအပေါင်း ဝိုင်းဝန်းရိုက်ပုတ် သုတ်သင်သတ်ဖြတ်ပစ် လိုက်ကြလေသည်။**

ပြု၏။

"အသင်ရသေ့ကြီး၊ သင်သည် ငါတို့၏ ဘုရင်မင်းမြတ်နှင့် တစ်စုံတစ်ရာ ပတ်သက်ခဲ့ဖူးပါသလား။ ကျေးဇူးတစ်ခုခုကော ပြုခဲ့ဖူးပါသလား။ အဘယ်သို့သော ကျေးဇူးတွေများ ပြုခဲ့ဖူးပါသလဲ"

ဤအခါ ရသေ့ကြီးက တစ်ကြိမ်သောအခါမှာ မြစ်ရေကြောမှာ မျောပါလာသော ဒုက္ခသည်များအား သူကယ်ဆယ် ဆယ်ယူခဲ့သည့် ဖြစ်ရပ်ဖြစ်စဉ်များကို ခရေစေ့တွင်းကျ ပြောပြလိုက်လေသည်။ မင်းသားမှလွဲ၍ တိရစ္ဆာန်များသည်ပင် ကျေးဇူးတရားကို နားလည်ကြပေသေး၏။ ယခု မင်းကြီးကမူ ကျေးဇူးတရားသိဖို့ မဆိုထားဘိ၊ သေဒဏ်ပင်ပေးလျက် ကျေးဇူးဆပ်နေပြီလေဟု ဖြစ်ကြောင်းကုန်စင် စုံစုံလင်လင် ပြောပြလိုက်ရာတွင်ကား…။

ရသေ့ကြီးပြောပြသော ဖြစ်ရပ်ဖြစ်စဉ်များကို သိကြားကြရသော အရာထမ်းနှင့်တကွ ဗာရာဏသီပြည်သူပြည်သားအပေါင်းတို့သည် ရင်နှင့်ကြေကွဲစွာဖြင့် ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် -

"ငါတို့အား အုပ်ချုပ်မင်းလုပ်နေသော မင်းကား ကျေးဇူးရှင်ကိုပင် ကျေးစွပ်သော မင်းပါကလား။ ကိုယ့်အသက်ကို ကယ်ဆယ်ခဲ့ဖူးသော အသက်သခင်ကိုပင် ကျေးဇူးတရားကို မထောက်ထားယုတ်မာလှချည်လား။ သည်မင်းဆိုးမင်းယုတ် အုပ်ချုပ်မင်းလုပ်နေသမျှ ကာလပတ်လုံး ပြည်သူတွေ ဘယ့်နှယ်လုပ်ပြီး အေးချမ်းပါ့မလဲ၊ စီးပွားဥစ္စာတိုးတက်ပါ့မလဲ၊ ငြိမ်းချမ်းသာယာ ဘယ်လိုလုပ်ပြီး ရှိနိုင်ပါ့မလဲ။ ဒီမင်းဆိုးမင်းယုတ်ကို အသေဖြတ်ပစ်ကြ။ အရှင်မထားနဲ့။ ဖမ်းကြ၊ သတ်ကြ၊ သုတ်သင်ကြဟေ့"

ပြည်သူအများ ရတ်ရတ်သဲသဲ လှုပ်ရှားအုံကြွကာ မင်းကြီးကို ဆင်ထက်မှ ဆွဲချလျက် လူအပေါင်း ဝိုင်းဝန်းရိုက်ပုတ် သုတ်သင်သတ်ဖြတ်ပစ်လိုက်ကြလေသည်။

ယင်းနောက် မှူးမတ်များနှင့် ပြည်သူအများ တညီတညာတည်းသဘောမျှကြသဖြင့် ရသေ့ကြီးအား မင်းအဖြစ်သို့ ဝိုင်းဝန်းတင်မြှောက်လိုက်ကြ၏။ ရသေ့ကြီးသည် ရာဇာဘိသေကခံယူကာ မင်းအဖြစ်သို့ ရောက်ရှိခဲ့ပြီးသည့်နောက် မြွေ၊ ကြွက်နှင့် ကျေးသားတို့ထံသို့ သွားရောက်ခဲ့လေသည်။ တိရစ္ဆာန်တို့ကား စိတ်သဘောထားမပြောင်းဘဲ သူတို့၏ ဥစ္စာပစ္စည်းများကို ပေးအပ်ခဲ့ကြပါသည်။ မင်းကြီးလည်း မြွေ၊ ကြွက်တို့၏ ကုဋေခုနစ်ဆယ်မျှ တန်ဖိုးရှိသည့် ဥစ္စာရတနာများကို သယ်ယူလာခဲ့၏။ ယင်းနောက် မြွေ၊ ကြွက်နှင့် ကျေးသားတို့ကို ရွှေနန်းတော်သို့ ခေါ်ဆောင်လာလေသည်။ ရွှေနန်းတော်သို့ ရောက်သည်တွင် မြွေကို ရွှေဖြင့်ပြီးသော ကျည်တောက်တွင်လည်းကောင်း၊ ကြွက်ကို သလင်းကျောက်စီလိုဏ်ဖြင့်လည်းကောင်း၊ ကျေးသားကိုကား ရတနာရွှေချိုင့်ဖြင့်လည်းကောင်း အသီးသီး ထည့်သွင်းနေထိုင်စေပါသည်။ နေ့စဉ်နေ့တိုင်းလည်း အစာကျွေးရာတွင် ရတနာရွှေခွက်ဖြင့် အစာကို သန့်ရှင်းသပ်ရပ်စွာထည့်ပြီး အကောင်းဆုံးကိုမှ ရွေးလျက် စားစေရ၏။

အကျင့်သီလနှင့် ပြည့်စုံသည့် မင်းကြီးအုပ်ချုပ်သော ဗာရာဏသီပြည်ကြီးသည်လည်း စပါးဆန်ရေ ပေါ်ကြွယ်ဝကာ တိုင်းသူပြည်သား လူအများလည်း နှလုံးစိတ်ဝမ်း အေးချမ်းသာယာရှိကြပေသည်။

**ခင်မောင်အေး(မန္တလေး)**

**စာကိုး**

သစ္စံကိရဇာတ်၊

ကျေးဇူးကန်းသော မင်းယုတ်။

ဇာတ်ပေါင်းသော် ဒုဋ္ဌကုမာရမင်းသည် ဒေဝဒတ်၊ မြွေသည် အရှင်သာရိပုတ္တရာ၊ ကြွက်သည် အရှင်မဟာမောဂ္ဂလာန်၊ ကျေးသားသည် အရှင်အာနန္ဒာ၊ တရားမင်းကြီးသည် ရှင်ဗုဒ္ဓ။



www.burmeseclassic.com

# တိုင်တန်းနစ်ဒဏ္ဍာရီထဲက တယော


## လှမိုး(ပညာရေး)

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ တတိယရက်သတ္တပတ်အတွင်း ဖြန့်ဝေခဲ့သော အေအက်(ဖ်)ပီသတင်းနှင့် ရိုက်တာသတင်းများကို ကိုးကား၍ ဖော် ပြခဲ့သော အင်တာနက်သတင်းစာမျက်နှာများတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ် သတင်းခေါင်းစဉ်ဖြင့် ဖော်ပြထားသော တိုင်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ချိန်တွင် အခြားခရီးသည်များ၊ သင်္ဘောကြီးမှ တာဝန်ရှိသူများ၊ မိမိအသက်အတွက် ကိုယ်လွတ်ရုန်း၍ သင်္ဘောကြီးအား စွန့်ခွာသွားချိန်တွင် သင်္ဘောကြီးအား စွန့်ခွာသွားခြင်း မရှိဘဲ ခရီးသည်များအား နှစ်သိမ့်ဖြေဖျော်သည့် သူရဲကောင်းတေးဂီတအဖွဲ့အကြောင်း ကျွန်တော်များဖတ်ရှုခဲ့ရသည်

"တယောပညာရှင် ဝေါလေ့ဟာတ်လီ၏ တယော
အား လေလံတင်ရောင်းချမည်"

*လန်ဒန်-အောက်တိုဘာလ ၁၉*

*၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၄ နေ့ နံနက် ၂ နာရီ မိနစ် ၂၀ တိတိတွင် ဝိုက်စတားသင်္ဘောလိုင်း၏ ခရီးသည်တင် မဟာသင်္ဘောကြီး တိုင်တန်းနစ်သည် ပထမဆုံး ခရီးစဉ်အဖြစ် ထွက်ခွာလာစဉ် မြောက်အတ္တလန္တိတ် ရေပြင်တွင် စုန်းစုန်းမြုပ်၍ နစ်မြုပ်ခဲ့ရသည်။ ဤဖြစ်ရပ် တစ်ခုတည်းမှာပင် လူပေါင်း ၁၅၀၀ ကျော် အသက်ဆုံး*



www.burmeseclassic.com




တူရိယာအဖွဲ့ဝင်များ

နှစ်ပြီး ကမ္ဘာ့ရေကြောင်းသွားလာရေးသမိုင်းတွင် အကြီးမားဆုံးသော အဖြစ်ဆိုးအဖြစ် သမိုင်းတင်ကျန်ရစ်ခဲ့သည်။

ထိုသင်္ဘောကြီး နစ်မြုပ်နေဆဲတွင် တေးဂီတဝိုင်းခေါင်းဆောင် တယောဆရာ ဝေါလေ့ဟတ်လီခေါင်းဆောင်သော တေးဂီတဝိုင်းတော်သား ရှစ်ယောက်တို့သည် စိတ်သောကဝေဒနာအဖြာဖြာနှင့် တွေ့နေရသော ခရီးသည်များအား နှစ်သိမ့်ရန် တယောထိုး၍ ဖျော်ဖြေခဲ့ကြသည်။ သူတို့သည် ခရီးသည်များ၊ သင်္ဘောသားများ သင်္ဘောကြီးကို စွန့်ခွာခဲ့ကြသည့် အချိန်တွင် "ဘုရားသခင်နှင့် နီးရာသို့"ဟူသော ဓမ္မတေးသီချင်းကို တီးမှုတ်ဖျော်ဖြေရင်း အသက်စွန့်လွှတ်ခဲ့ကြရ၏။

မှတ်တမ်းများအရ ယင်းမတော်တဆဖြစ်မှုကြီးသည် ခရီးသည် ၁၅၀၂ ဦး သေဆုံးခဲ့ရသည်။ ကံကောင်းသော ခရီးသည် ၇၀၅ ဦးတို့အား ကယ်ဆယ်နိုင်ခဲ့သည်ဟု ဆိုသည်။ သေဆုံးသူများ၊ သို့မဟုတ် ပျောက်ဆုံးနေသူများအားလည်းကောင်း၊ သေဆုံးသူများ၏ အလောင်းများအားလည်းကောင်း ရှာဖွေရန် အမေရိကန်ပြည်ထောင်စု ဟေးလီဖက်မှ သင်္ဘောသုံးစင်း၊ ကနေဒါနိုင်ငံရေကြောင်းသွားအဖွဲ့မှ သင်္ဘောနှစ်စင်းဖြင့် သေဆုံးသူအလောင်းများကို ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြရာ အလောင်း ၃၂၈ လောင်းအား ဆယ်ယူရရှိခဲ့ကြသည်။ ထိုဆယ်ယူရသော အလောင်းများအနက် ၁၂၄ ဦးအား သမုဒ္ဒရာအတွင်းမှာပင် မြှုပ်နှံခဲ့ပြီး ကျန်အလောင်းများကိုမူ အမေရိကန်ပြည်ထောင်စုတွင်ပင် မြှုပ်နှံခဲ့သည်။ ထိုစဉ်က မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖြတ်သန်းသွားလာသော လူစီးကုန်တင်သင်္ဘောတစ်စီးကမူ အလောင်း ငါးလောင်းအား ဆယ်ယူခဲ့ရာတွင် တိုင်တန်းနစ်မှ တီးဝိုင်းခေါင်းဆောင် ဝေါ့လေ့ဟတ်လီအလောင်းနှင့် သူ့တယောကလေးအား ဆယ်ယူနိုင်ခဲ့သည်။ သို့သော်လည်း ယင်းပြန်လည်ဆယ်ယူရခဲ့သော တယောမှာ အကြောင်းကြောင်းကြောင့် ပျောက်ဆုံးသွားခဲ့ရသည်ဟု အများက ယုံကြည်ထားခဲ့သည်။

ယင်းပျောက်ဆုံး သွားပြီဟု နှစ်ပေါင်း ၁၀၀ နီးပါး ယုံကြည်ထားခဲ့သော ထိုတယောကလေးကို ၂၀၀၆ ခုနှစ်က ယော့ရှိုင်းယာပြည်နယ်ရှိ နေအိမ်တစ်လုံး၏ ထပ်ခိုးပေါ်တွင် တွေ့ရှိခဲ့ပြီးနောက် ယခုအခါ ဝဲရှိုင်းယားပြည်နယ် လေလံပွဲတစ်ခုတွင် လေလံတင်ရောင်းချမည်ဟု သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့ကြ၏။ ထိုတယောကလေးကို လက်ရှိပိုင်ဆိုင်ထားသူက ဗြိတိသျှသုံး ပေါင်စတာလင် သုံးသိန်းခန့်ရရှိမည်ဟု မျှော်လင့်ထားသည်။ ဝေါလေ့ဟတ်လီနှင့် သူ့ချစ်သူ သတို့သမီးလောင်း မရီယာရော်ဘင်ဆင်တို့၏ ၁၉၁၀ တွင် ကျင်းပသော စေ့စပ်ပွဲအထိမ်းအမှတ် စာသားများ ထွင်းထုထားခဲ့သည်။ ထိုစာသားမှာ "ကျွန်မတို့ စေ့စပ်ပွဲမှာ ဝေါလေ့


www.burmeseclassic.com

အတွက် အမှတ်တရ"ဟု ရေးသားထားသည်။

မစ္စစ်ဟာရီယားရော်လင်ဆင်မှာ အိမ်ထောင်ပြုခဲ့ခြင်း မရှိခဲ့။ ၁၉၃၉ ခုနှစ်တွင် သူတို့အမှတ်တရ တယောကလေးအား သိမ်းထားခဲ့သူ မစ္စစ်မာရီယာရော်ဘင်ဆင်ကွယ်လွန်ခဲ့ရာ ညီမဖြစ်သူက ခရစ်ယာန်ကယ်တင်ရေးတပ် ဓမ္မတီးဝိုင်းအား လှူဒါန်းခဲ့သည်ဟု သိရ၏။ ယင်းတီးဝိုင်းခေါင်းဆောင် ဆရာဝန်တစ်ဦးက အမှတ်တရအဖြစ် သိမ်းထား၍ မနတွေ့ရှိခဲ့ခြင်းဖြစ်၏။

အထက်ဖော်ပြပါ သတင်းအား ကျွန်တော်တို့မြန်မာနိုင်ငံမှ ထုတ်ဝေသော ဂျာနယ်များ၊ သတင်းစာများတွင်လည်းကောင်း၊ ဘီဘီစီ ရုပ်သံလွှင့်အစီအစဉ်နှင့် စီအင်အင် ရုပ်သံလွှင့်အစီအစဉ်များကလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ကြေငြာခဲ့သဖြင့် လူအများ စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ရသည်။ ဂျပန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့တွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ဖွဲ့စည်းတည်ထောင်ခဲ့သော တိုင်တန်းနစ်ချစ်သူများ အသင်းများက ထုတ်ဝေသော သုတေသနဂျာနယ်များတွင်လည်း အထက်ဖော်ပြပါ တယောအကြောင်း ရေးသားဖော်ပြခဲ့သဖြင့် အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရသည်။

၂၀၁၃ ခုနှစ်သည် တိုင်တန်းနစ်ဟု ကင်ပွန်းတပ်လောက်အောင် တိုင်တန်းနစ်သင်္ဘောနှင့် ပတ်သက်သော သတင်းများသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထုတ်ဝေသော သတင်းစာကြီးများ၏ မျက်နှာဖုံးတွင် နေရာယူခဲ့သည်သာမက နိုင်ငံတကာမှ ထုတ်လွှင့်သော ရုပ်သံလွှင့်အစီအစဉ်များတွင် ထိုသင်္ဘောကြီးနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ အမှတ်တရဖြစ်စဉ်များကို ထုတ်လွှင့်သွားခဲ့ပြီး အင်္ဂလန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့တွင် တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ခဲ့သည်။ ရာပြည့်ပွဲတော်များ ကျင်းပခဲ့ကြသည်။ ထိုနှစ် ဧပြီလတွင် အမေရိကန်ပြည်ထောင်စု၊ မင်နီဆိုတာပြည်နယ်၊ စိန်ပေါလ်မြို့တွင် "တိုင်တန်းနစ် အနုပညာလက်ရာများပြပွဲ"ကို ကျင်းပပြုလုပ်ခဲ့ရာ လာရောက်ကြည့်ရှုသူ ဧည့်သည်ပေါင်း သိန်းချီ၍


The World

REAT TITANIC SINKS; MORE THAN 1,500 LOST;

66 WOMEN AND CHILDREN KNOWN TO BE SAVE

SCORES OF NOTABLES NOT ACCOUNTED F

White Star Official ... the Greatest D... Marine History ... Astor ... Bride ... Olympic's ... Message ... Received.

ST OF THE KNOWN SAVED

ရှိခဲ့သည်။ ထိုပြပွဲတွင် တိုင်တန်းနစ်သင်္ဘောကြီးကို လည်ဆယ်ယူရာတွင် တွေ့ရှိခဲ့ရသော လက်မှုပစ္စည်း ပါဝင်သည်ဟု သိရ၏။

၂၀၁၃ ခုနှစ်၊ ဧပြီလအတွင်းမှာပင် တိုင်တန် သင်္ဘောကြီးမှ ပစ္စည်းများအား တရားဝင်ဆယ်ယူ ရရှိခဲ့သော R.M.S တိုင်တန်းနစ်ကုမ္ပဏီကြီးက တင်ရောင်းချခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က မှတ်တမ်း ဆယ်ယူရရှိသော ပစ္စည်းအမျိုးပေါင်းများစွာကို တင်ရောင်းချခဲ့ရာ ဒေါ်လာ ၁၈၉ သန်း ရရှိခဲ့သည် သတင်းများက ဖော်ပြခဲ့၏။

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှ အင်း(ဂ်)လို့စာ ထုတ်ဝေရေးကုမ္ပဏီကြီးကလည်း ရာပြည့်တိုင်တန် မှ အမှတ်တရများ [The Titanic-The Memorab Collection]များ အမည်ဖြင့် မှတ်တမ်းစာအုပ် မှုံနှိပ်ထုတ်ဝေခဲ့ရာ သောက်သောက်လဲ ရောင်း အရောင်းရစံချိန်တင် စာအုပ်တစ်အုပ် ဖြစ်ခဲ့သ သမိုင်းအဆက်ဆက် ရုပ်ရှင်ကုမ္ပဏီများက ရိုက်

www.burmeseclassic.com

သခဲ့သော တိုင်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ရမှုကို အခြေခံရိုက်ကူးသော ရုပ်ရှင်ကားကြီးများသည်လည်း နိုင်ငံတကာတွင် ပြန်လည်ဆန်းသစ် ပြသခဲ့ကြသည်။

ရာကျော်ခဲ့ပြီဖြစ်သော တိုင်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ခဲ့ရမှုဖြစ်စဉ်သည် နိုင်ငံတကာမှ လူထုစိတ်ဝင်စားမှုအား နိဂုံးချုပ်စေခဲ့ခြင်းမရှိကြောင်း ပြသခဲ့သည်ဟု ဆိုရပေတော့မည်။ မှန်ပါသည်။ တိုင်တန်းနစ်သင်္ဘောကြီး ပထမဆုံးခရီးစဉ်တွင် နစ်မြုပ်ခဲ့ရသည့်အကြောင်းကို လက်ဆစ်ချိုး၍ ရေတွက်၍မရသော ဝတ္ထုများ၊ ဖြစ်ရပ်မှန်ဝတ္ထုများ၊ ရာပေါင်းများစွာသော ဆောင်းပါးများ၊ ဗြိတိသျှကုန်သွယ်ရေးအဖွဲ့ကြီး [Board of Trade]၏ စာမျက်နှာ ၁၀၀၀ ကျော်ရှိသည့် အစီရင်ခံစာ စာအုပ်ကြီးအပါအဝင် တိုင်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ရာမှ ကံအားလျော်စွာ အသက်မသေ လွတ်မြောက်လာသူများ ရေးသားသည့် ကိုယ်တွေ့ဖြစ်ရပ်မှန် စာအုပ်များ၊ ဆောင်းပါးများလည်း ဒုနှင့်ဒေး ထွက်ခဲ့ပြီဖြစ်ပါသည်။

ထို့အတူ နိုင်ငံတကာမှ ရုပ်ရှင်ကုမ္ပဏီကြီးတလည်း တိုင်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ရမှုကို ဇာတ်သိမ်းဆင်၍ ရုပ်ရှင်ကားပေါင်းများစွာလည်း ရိုက်ကူးတင်ပြခဲ့ပြီးဖြစ်သည်ဟု သိရ၏။ ကျွန်တော် မှတ်မိသလောက် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေစဉ် နာဇီဂျာမဏီနိုင်ငံမှ "တိုင်တန်းနစ်"အမည်ဖြင့် ရုပ်ရှင်ကားကြီးတစ်ကား ရိုက်ကူးတင်ဆက်ပြသခဲ့ရာ အတော်အသင့် အောင်မြင်ခဲ့သော ရုပ်ရှင်ကားကြီးတစ်ကား ဖြစ်ခဲ့သည်။ ၁၉၅၃ ခုနှစ်ခန့်ကလည်း ၂၀ ရာစုမြေခွေး ရုပ်ရှင်ကုမ္ပဏီကြီးမှ ဒါရိုက်တာ ဂျင်နီကလိုလိုက "တိုင်တန်းနစ်"အမည်ဖြင့် ရိုက်ကူးပြသခဲ့သော်လည်း ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်မှုမရှိဟု သတင်းများက ဖော်ပြခဲ့သည်။

ထိုနှစ်မှာပင် နာမည်ကျော်စာရေးဆရာကြီး ဝေါလတာလော့(ဒ်) ရေးသားသည့် A night to Remember (မမေ့နိုင်သောည)စာအုပ်တစ်အုပ် ထွက်လာသည်။ အောင်မြင်ပေါက်ရောက်သော ဝတ္ထုတစ်အုပ်ဖြစ်ပြီး ထိုစဉ်က အရောင်းရစံချိန်တင်နိုင်ခဲ့သော စာအုပ်တစ်အုပ်ဖြစ်ရာ ယနေ့ထိ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေပြီး ထုတ်နေဆဲဖြစ်၏။ ထိုစာအုပ်ကိုပင် ဗြိတိသျှရုပ်ရှင်ကုမ္ပဏီကြီး (ဂျေအာသာရင့်ဟု ထင်ပါသည်။ ကောင်းစွာမမှတ်မိတော့)တစ်ခုက ရုပ်ရှင်အဖြစ် ရိုက်ကူးပြသခဲ့ရာ ဝင်ငွေစီးပိုးပိုးရခဲ့ပြီး နိုင်ငံတကာမှ ရုပ်ရှင်အကဲဖြတ်သူများအားလုံးကပင် အောင်မြင်သည့်ရုပ်ရှင်ကားတစ်ကားဟု ဝေဖန်ခဲ့ကြသည်။ ယင်းရုပ်ရှင်ကားကြီးအား လွန်ခဲ့သော အနှစ် ၅၀ ခန့်က ရန်ကုန်မြို့လယ်ရှိ ရုပ်ရှင်ရုံကြီးတစ်ရုံတွင် ပြသခဲ့ရာ သောက်သောက်လဲ ဝင်ငွေရရှိခဲ့သော ရုပ်ရှင်ကားကြီးဖြစ်သည်။ ထိုရုပ်ရှင်ကို ကျွန်တော်တို့ ကြည့်ရှုခဲ့ရသည်။ သင်္ဘောကြီးနစ်မြုပ်ခန်းမှာ ဒါရိုက်တာဂျိမ်းကင်မရွန်း ရိုက်ကူးသည့် တိုင်တန်းနစ် ရုပ်ရှင်ကားကြီးမှ သင်္ဘောကြီးနစ်မြုပ်ခန်းထက် စိတ်တုန်လှုပ်ဖွယ်ရာ၊ စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်းပေသည်။

ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် ရုပ်ရှင်ကြည့်ပရိသတ်များအဖို့ အထက်ဖော်ပြပါ ရုပ်ရှင်ကားကြီးများ ဆောင်းပါးများ၊ ဝတ္ထုများကို ဖန်တရာတေအောင် ကြည့်ရှုကြပြီး ဖြစ်မည်ဟု ယူဆမိသည်။ နှစ်ပေါင်း ၁၀၀ ကျော်လာသော်လည်း တိုင်တန်းနစ်သင်္ဘော နစ်မြုပ်ရခြင်းနှင့် ပတ်သက်၍ အငြင်းပွားမှုများသည် နှစ်ပေါင်း ၁၀၀ ကျော်သော်လည်း ဇာတ်မသိမ်းနိုင် ဖြစ်ရသဖြင့် တိုင်တန်းနစ်သင်္ဘောအကြောင်း ပြောရမည်ဆိုလျှင် တုတ်ထမ်းပြောရမည်ဟု ဆိုသည်။ သို့ဖြစ်၍ တိုင်တန်းနစ်သင်္ဘောအကြောင်းသည် အမေဘုတ်၏ ချည်ခင်ထက် ရှုပ်ထွေးသည်ဟု သုတေသီများက ဆိုကြ၏။

မှန်ပါသည်။ "မည်သည့်အခါမှ မနစ်မြုပ်နိုင်ဟု တာဝန်ရှိသူများက သတင်းမီဒီယာများကို ထုတ်ဖော်ပြောခဲ့သော မဟာသင်္ဘောကြီးသည် မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ရေခဲတုံးကြီးတစ်တုံးနှင့် တိုက်မိရာမှ နာရီပိုင်းအတွင်း နစ်မြုပ်ခဲ့ရ၏။ ဤတွင် တိုင်တန်းနစ်သင်္ဘော နစ်မြုပ်ရမှု "သီအိုရီ"ဟုဆိုကာ သုတေသီများအတွင်း အငြင်းပွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

မဟာသင်္ဘောကြီးနှင့် လိုက်ပါခဲ့သော ခရီးသည် စာရင်းနှင့် သေဆုံးရသူစာရင်း၊ ကယ်ဆယ်ရရှိသော ခရီးသည်များ စာရင်းများမှာလည်း အလွဲလွဲဖြစ်ခဲ့ရသဖြင့် စုံစမ်းစစ်ဆေးသူများအတွင်း သဘောထားကွဲလွဲခဲ့ခြင်းများ အငြင်းပွားခြင်းများ ရှိခဲ့သည်။

အခြားအငြင်းပွားမှုတစ်မှုမှာ တိုင်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ခဲ့စဉ် သင်္ဘောသားအများသည် ခရီးသည်များကိုကယ်တင်ရာတွင် လူတန်းစား အသားအရောင်ခွဲခြား၍ ကယ်တင်ခဲ့ကြသည်ဟု အသက်မသေကြွင်းကျန်ရစ်သူများက ထုတ်ဖော်ပြောခဲ့သည်။ ပထမတန်း ခရီးသည်အများစုသည် ချမ်းသာကြွယ်ဝသည့် သန်းကြွယ်သူဌေးကြီးများ၊ လုပ်ငန်းရှင်ကြီးများ ဖြစ်ကြရာ သင်္ဘောကြီးနစ်မြုပ်စပြုနေသောအခါ ထိုသူများကို ဦးစားပေး၍ သက်ကယ်လှေများပေါ်သို့ တက်စေခဲ့သည်ဟု ဆိုသည်။ ဤအချက်မှာလည်း တာဝန်ရှိသူများအတွင်း အငြင်းပွားစေခဲ့၏။

တိုင်တန်းနစ်သင်္ဘောကြီးပေါ်တွင် ပိုင်ရှင်များအားခိုက်သည်ဟုဆိုသော ရတနာကြီးပါလာသည်ဟူ၍လည်းကောင်း၊ ကျိန်စာပါသည့် အီဂျစ်ဘုရင်တစ်ပါး၏ ခေါင်းတလားကြီးပါလာသည်ဟူသော သူပြောကိုယ်ပြော ပါးစပ်ပြော ဂေဇက်ဒဏ္ဍာရီများလည်း ရှိခဲ့သည်။ ယခု နောက်ဆုံးအငြင်းပွားရမှုမှာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော တယောပညာရှင် တီးဝိုင်းခေါင်းဆောင် ဝေါလေ့ဟတ်လီ တီးဝိုင်းနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ် ဖြစ်ပါသည်။

ထိုတီးဝိုင်းနှင့် ပတ်သက်၍ အငြင်းပွားရမှုမှာ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ခဲ့ရ၏။ သူတို့သည် အချိန်မည်မျှကြာကြာ တီးမှုတ်ခဲ့ကြသနည်း၊ တီးမှုတ်စဉ် မည်သည့်သီချင်းများကို တီးမှုတ်ခဲ့ကြသနည်း . . စသည်တို့မှာ ရာစုနှစ်အဆက်ဆက် အငြင်းပွားခဲ့ကြရသည်။ တီးဝိုင်းအဖွဲ့သားအားလုံး(ရှစ်ဦး) အသက်ဆုံးရှုံးခဲ့ရသဖြင့် တိတိကျကျပြောပြနိုင်သူမရှိခဲ့။ သက်သေအနည်းငယ်သာရှိခဲ့သဖြင့် ထိုတီးဝိုင်းဖြစ်စဉ်မှာ ဒဏ္ဍာရီတစ်ပုဒ်သဖွယ် ဖြစ်ခဲ့ရသည်။

သင်္ဘောကြီးနစ်မြုပ်နေစဉ် ယင်းတီးဝိုင်းသည် မည်သည့်နေရာတွင် ဖျော်ဖြေခဲ့သည် ဆိုသည်မှာလည်း အငြင်းပွားခဲ့ရပြီး သူတို့သည် ဒူးဆစ်များ ရေမြုပ်သည်အထိ ဖျော်ဖြေခဲ့ကြသည်ဟု ဆိုသည်။ အသက်မသေကြွင်းကျန်ရစ်သူ ခရီးသည်အချို့ကမူ ထိုတီးဝိုင်းသည် "Nearer My God to Thee" ထာဝရဘုရားသခင်နှင့် နီးရာသို့ဟူသော ဓမ္မသီချင်းကို တီးမှုတ်နေစဉ် သင်္ဘောကြီးနစ်မြုပ်သွားခဲ့သည်ဟု ဆိုကြသည်။

တီးဝိုင်းခေါင်းဆောင် တယောပညာရှင် ဟတ်လီမှ ဘာသာတရားကိုင်းရှိုင်းသော မိသားစုမှ မွေးဖွားလာသူဖြစ်သည်။ နှစ်ခြင်း ခရစ်ယာန်ဘာသာဝင်တစ်ဦးလည်း ဖြစ်၏။ သူ့ဖခင်ဖြစ်သူမှာ ကိုနီ Colne မြို့ကလေး၏ နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ဓမ္မတေးဂီတအဖွဲ့ခေါင်းဆောင်အဖြစ် နှစ်ပေါင်း ၃၀ ကျော် အမှုထမ်းခဲ့သူဖြစ်ရာ ဟတ်လီတို့မိသားစုမှာ ဘာသာရေးကို တစိုက်မတ်မတ် ခိုင်ခိုင်မာမာ ယုံကြည်ခဲ့သူများဖြစ်၏။ ဟတ်လီမှာလည်း အထက်ဖော်ပြပါ ဓမ္မတေးဂီတဝိုင်းတွင် ငယ်စဉ်ကျောင်းသားဘဝကပင် ဝင်ရောက်တီးမှုတ်ဖျော်ဖြေခဲ့သူ တစ်ဦးဖြစ်ရာ သင်္ဘောကြီးနစ်မြုပ်စဉ် ဓမ္မတေးများကိုသာ ဦးစားပေး၍ တီးမှုတ်သွားသည်မှာ သေချာပေသည်။

အငြင်းပွားပြီး ပွားဆဲ ဖြစ်ခဲ့သော တီးဝိုင်းသည် သင်္ဘောနစ်မြုပ်စဉ် မည်သည့်တေးသီချင်းများကို တီးမှုတ်ခဲ့သနည်းဟူသော ပြဿနာဖြေရှင်းနေစဉ်မှာပင် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော 'တယော'သည် တေးဂီတခေါင်းဆောင် ဝေါလေ့ဟတ်လီ၏ 'တယော' အစစ်အမှန် ဖြစ်ခဲ့လေသလောဟု အငြင်းပွားခဲ့ရပြန်သည်။ သုတေသီအများကမူ ယင်းတယောအား သိပ္ပံနည်းကျ စစ်ဆေးခဲ့ကြပြီး ဝေါလေ့ဟတ်လီ၏ တယောအစစ်အမှန် ဖြစ်သည်ဟု ဆိုကြပါကြောင်း။

**လှမိုး(ပညာရေး)**


ကျမ်းကိုး ။ ။ ***A Treasury of Titanic Tale***

www.burmeseclassic.com

www.burmeseclassic.com

# အိုးစီးမာတွန်ပြီလေသော် မကွေးသူ့စိမ့်


(ဇာတ်သိမ်းပိုင်း)



ပန်းချီ စံလွင်မောင်

www.burmeseclassic.com

www.burmeseclassic.com



(၉)

"ဒုတ်"

"ဖြော . . ."

"ဒုတ် . . ."

"ဖြော . . . . ဖြော"

တူသေးသေးကလေးဖြင့် ဖြည်းဖြည်းထု၍ ဘိလပ်မြေများကို ခွာချလိုက်ရာ ဝါးနှီးဆန်ကော ပေါ်တွင် ပါးပါးကလေးပိတ်ထားသော ဘိလပ်မြေများကွာကျကုန်၏။

ဘိလပ်မြေများ ကွာကျသွားသောအခါ လူတစ်ကိုယ်စာ အပေါက်ကြီး ပေါ်လာ၏။

"ဝမ်း"

"တူး"

"သရိုး"

"ဝုန်း"

စိန်ကတုံး၏ အလောင်းကြီးကို ထိုအပေါက်မှ ကြွင်းထဲသို့ ပစ်ချလိုက်သည်။

ကိုယ်လုံးကြီး ကြွင်းထဲကျသွား

www.burmeseclassic.com

www.burmeseclassic.com

သောအခါ ဦးသာခွေးတို့ သားအဖ၏ဂူများ အနည်းငယ် လှုပ်သွား၏။

ထို့နောက် စိန်ကတုံး၏ဦးခေါင်းကို နောက်ဆုံးမှ ပစ်ချလိုက်ပြီး အရည်ဖျော်ထားသော ဘိလပ်မြေများကို ထိုအပေါက်မှတစ်ဆင့် စိန်ကတုံး၏ကိုယ်ပေါ်သို့ ဖို့လိုက်၏။

အားလုံးပြီးစီးသွားသောအခါ အပေါက်ကို အုတ်ခဲများစီကာပြီး ဘိလပ်မြေဖြင့် အပိုင်ကိုင်လိုက်တော့လေ၏။

"အမေ . . ကျေနပ်ပြီ မဟုတ်လား"

"သားတို့ ပစ္စည်းတွေလည်း အကုန်ပြန်ရတယ် မေမေ"

"အမေ ကောင်းရာသုဂတိကို စိတ်ဖြောင့်ဖြောင့်နဲ့သွားပါ အမေ"

"ညီလေး မောင်စံသောင်း အတွက်လည်း ဘာမှမပူပါနဲ့။ သား ကောင်းကောင်း စောင့်ရှောက်မှာပါ အမေ"

ဟုပြောကာ အဖေ၊ အမေတို့၏ အုတ်ဂူကို ကန်တော့လိုက်လေတော့သတည်း။

* * *

(၁၀)

ရွာနီးချုပ်စပ်မှ လူတွေအားလုံး လာကြသည်။

ဘုရားတကာ၊ ကျောင်းတကာ၊ သိမ်တကာကြီး ဦးသာခွေး၊ ဒေါ်ငြိမ်းမယ်၊ သမီးမနှင်းနုတို့ အသုဘဆွမ်းသွတ်ပွဲ။

နောက်ဆုံး နှုတ်ဆက်တဲ့နေ့မို့ ရွာ ၄ ရွာမှ ခင်မင်ရင်းနှီးစွဲ ရှိသူများနှင့် ရွာခံလူများကြောင့် အိမ်ဝိုင်းတစ်ခုလုံး ပြည့်ကျပ်နေသည်။

ဝက်သား၊ ကြက်သား၊ ငါး၊ အမဲသား၊ ငရုတ်သီး ပုစွန်ကြော်၊ ပဲဟင်းနှင့် ဧည့်ခံရာ တစ်ရွာလုံး ဒီနေ့ မီးခိုးတိတ်လေတော့၏။

'ဘမျိုးဘိုးတူ'ဆိုသကဲ့သို့ သားဖြစ်သူ မောင်စံမောင်းကလည်း အလှူကြီးပေးနေသကဲ့သို့ ထမင်းရည်ချောင်းစီးအောင် ချက်ပြုတ်ကျွေးမွေးနေ၏။

ထိုသို့ကျွေးမွေးနေသော မဏ္ဍပ်အတွင်းသို့ သဘက်စောင်ကို ခေါင်းပေါင်းထားသော မျက်နှာစိမ်းလူလေးယောက် ရောက်လာသည်။

ထိုသူများမှာ ဦးသာခွေးတို့ မိသားစုအားသတ်သွားခဲ့သော အောင်ထူး၊ အောင်မူး၊ တောကျော်နှင့် ဟန်မြတို့ဖြစ်၏။

သူကြီးရှိရာ ငွေလက်ခံဌာနသို့ ထိုလူလေးယောက် တည့်တည့်မတ်မတ်ဝင်သွားသည်ကို စံမောင်းနှင့် ကျော်ကာတို့ သတိထားမိသည်။

"ဟောဒီက သူကြီးထင်ပါ့"

"ဟုတ်ပါတယ် မောင်ရင်တို့က ဘယ်သူတွေများတုံး"

"ကျုပ်တို့က ကျစ်ဆံပွေးရွာက အောင်ထူးနဲ့ အောင်မူးပါ။ သူက တမို့အုံးရွာက တောကျော်၊ သူကတော့ ဆားတိုင်ကန်ရွာက ဟန်မြလို့ ခေါ်ပါတယ်"

"သြော် . . အေးအေး။ ထမင်းဝင်စားကြလေကွာ"

"ကျုပ်တို့ စားပြီးပါပြီ။ ဒါ သူကြီး၊စိန်ကတုံးကို မတွေ့မိပါလား"

"သြော် . . အေး၊ ဟုတ်တယ်ကွ။ ဒီကောင် လူမှုသူမှု တော်သေ မသိတတ်တဲ့ ကောင်ပါကွာ"

သူကြီးက ရိုးရိုးပြောလိုက်သော်လည်း လူစိမ်းလေးယောက် မျက်နှာပျက်သွားကြသည်။ "ငါတို့ အေ တိုက်တာ"များ သိသွားသလားဆိုတဲ့ အတွေး။

"ရက်လည် ဆွမ်းကျွေးထား ကလေး နေပါဦးပြောတာတောင် မနေဘူးကွ။ မန္တလေးကို အရေးကြီးကိစ္စလို့ သွားမယ်ဆိုပြီး ထွက်ခဲ့တဲ့ လေးရက်လောက်က ထွက်သွားတာပဲ"

"ဟုတ်ရဲ့လား သူကြီးရဲ့"

"ဟုတ်ပါရောလား ငါ့လူတို့ရယ်။ ရဲတံခွန် ကားလက်မှတ်တောင် ငါ့ကိုပြသွားသေးတယ် မောင်ရင်တို့ရဲ့"

"သြော် . . . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ကျုပ်တို့က သူငယ်ချင်းတွေဝါ ကျုပ်တို့ကို ခွင့်ပြုပါဦး"

"ဟေ့ . . မောင်ရင်တို့ ထမင်း စားပြီးမှ သွားကြလေကွာ"

"တော်ပါပြီသူကြီး၊ ကျုပ်တို့ ရွာထိပ်က ထန်းတောကို သွားလိုက်ပါဦးမယ်"

"အေး . . အေး . . . ကောင်းကောင်းသွားကြကွ။ မင်းတို့လူငယ်တွေကတော့ အချိန်မရွေး သောက်နေတော့တာပဲဟေ့"

www.burmeseclassic.com

ထန်းတောသို့ လေးယောက် ထွက်သွားသည်။ နေစောင်းသွားသည် နှင့်အမျှ လူလည်းပါးသွားသည်။ ဆွမ်းသွတ်တရားနာပွဲကြီး ပြီးသွားသည်နှင့် စံမောင်းနှင့် ဂျော်ကာတို့နှစ်ယောက် ထန်းတောသို့ လိုက်သွားကြလေတော့သည်။

* * *

## (၁၁)

## နားဖာချေး(ဂျီး)နှင့် ထန်းရည်

"တောက်"

"ဒီကောင် ဂျင်ပေါက ထုံးပွဲကွတင်။ ငါတို့ကို ဒီကောင် လျှော့တွက်သွားတာ မှားပြီဆိုတာ သိစေရမယ်"

"ဟုတ်တယ် . . . ကိုဟန်မြ။ ဒီကောင် ခေါင်းတုံးပေါ် ထိပ်ကွက်သွားတာပဲဗျ"

"တစ်ရွာလုံး ကျုပ်တို့ကို ဝိုင်းညာတာကော . . မဖြစ်နိုင်ဘူးလား ကိုဟန်မြ"

"ဟာ . . . မဖြစ်နိုင်ဘူးကွ။ ဒီကောင်ပါတယ်ဆိုတာ သူကြီးတောင် မရိပ်မိဘူး"

"အောင်မူးကလဲကွာ။ မင်းက ထုံးလိုက်တာ။ ဒီကောင်က မန္တလေးသွားတဲ့ ရဲတံခွန်ကားလက်မှတ်တောင် ဖြသွားတယ်ဆိုတော့ ငါတို့အထဲမှာ ဒီကောင် လက်ထောက်ချတယ်ဆိုတာ ရွာကမသိလို့ ပေါ်ပေါ်တင်တင်ကြီး လက်မှတ်ပြရဲတာပေါ့ကွ"

အောင်ထူး၊ အောင်မူး၊ ဟန်မြနှင့် တောကျော်တို့က စိန်ကတုံး ပျောက်သွားခြင်းနှင့် ပတ်သက်ပြီး နားမလည်နိုင်သဖြင့် မကျေမနပ် ပြောနေကြခြင်း ဖြစ်၏။

ရွာထိပ်က ထန်းတောကို ဦးဘမောင် ပိုင်၏။ ထန်းပင် ငါးဆယ်လောက် တစ်ပင်နှင့်တစ်ပင် ဆယ်ပေအကွာမှာ ပေါက်နေရာ အကိုင်းအခက်များကြောင့် နေငပျောက်ပင် မထိုးအောင် အရိပ်ရ၏။

မိုးလင်းက နေဝင် ဦးဘမောင်၏ ထန်းတောတွင် လူစည်၏။

ဦးဘမောင်သည် ထန်းပင်ပေါ်မှာပင် အလိမ်ထည့်၍ ထန်းရည်အခါး ထုတ်လုပ်သူဖြစ်၏။

ဦးဘမောင်၏ ထန်းရည်မှာ ချိုတမြမြနှင့် ခါးလေရာ သောက်ကြသူများ အလွန်နှစ်ခြိုက်သည်။

သောက်နေစဉ် ကာလတွင် လုံးဝ မမူး။ ထိုင်ရာမှ ထလိုက်ပါမှ လေတိုက်တိုင်း မူးတော့၏။

ထန်းရည်ကလည်း ဈေးချိုသည်။ တစ်မြူမှ ငါးမူးပေးရ၏။ ပဲကြီးလှော်၊ ပဲခြမ်းကြော်၊ ကြွက်ကြော်၊ ဖွတ်၊ ကြောင်၊ ပုတတ်ကြော်၊ အမဲခြောက်ဖုတ် အစုံရ၏။

နေစောင်းပြီဆိုလျှင်တော့ ရွာနီးခြောက်စပ်က ထန်းရည်သမားတို့ ဦးဘမောင်၏ ထန်းတောသို့ မဖြစ်မနေ သောက်လာကြရတော့သည်။

အခင်းမပါ။ သဲသောင်ပြင်ပေါ်တွင် လွတ်လပ်စွာထိုင်ပြီး ကိုယ့်အပေါင်းအသင်းနှင့်ကိုယ် လွတ်လပ်စွာ ပြောဆို သောက်သုံးနေကြရသည်မှာ ဆက်ရက်မင်းစည်းစိမ်ကို တဒင်္ဂရရှိ ခံစားကြရသည်မှာ တစ်နေ့တာအမောတို့ ပြေပျောက်စေ၏။

ဒနေ့လည်ကတည်းက သောက်နေကြသော ဓားပြဟန်မြတို့ လေးယောက်မှာ 'ထန်းရည်မူးတော့ ကျွဲခိုးပေါ်'ဆိုသကဲ့သို့ တိုက်ရာပါပစ္စည်းများအားလုံး အလစ်သုတ်သွားသည့် စိန်ကတုံးကို မကျေနပ်ချက်များကို ပြောဆိုနေကြသည်။

သူတို့လေးယောက်၏ တစ်ဝိုင်းကျော်တွင် လာရောက်ထိုင်နေသော စံမောင်းနှင့် ဂျော်ကာကို သူတို့မသိ။ သတိမမူမိကြ။

မူးကလည်းမူးနေ၊ ပင်ကိုယ်စရိုက်ကလည်း ကြမ်းတမ်းသူများ ဖြစ်လေရာ ဘေးပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်။ ဘယ်ကောင်ကိုမှလည်း လူမထင်ဘဲ စိတ်ထဲရှိသမျှ ဖွင့်ချနေတော့၏။

"ကိုဂျော်ကာ"

"ဟေ . . . ဘာလဲ"

"နဖာဂျီး(ချေး) ရသလောက် ကော်စမ်းဗျာ"

"ဘာလုပ်ဖို့လဲ"

"ကော်မှာသာ . . . ကော်စမ်းပါဗျာ"

ဂျော်ကာကိုပြောရင်း နှီးပြားစသေးသေးဖြင့် စံမောင်း မိမိ၏နားနှစ်ဖက်မှ နားဖာချေး(ဂျီး)များကို ကော်ထုတ်နေ၏။

"ဟာ . . . ဟော့ကောင်၊ အဲဒါ

www.burmeseclassic.com

တော့ မလုပ်နဲ့ကွ။ နဖာဂျီး(ဈေး)နဲ့ ထန်းရည် မတည့်ဘူး။ သေသွားလိမ့်မယ်"

"သေသွားတော့လည်း ကျုပ်တို့ကိုယ်တိုင် မသတ်ရတော့ဘူးပေါ့ဗျာ"

"ဟာ . . ဒီနေရာမှာ သေသွားရင်"

"ရော . . . ခက်တော့တာပဲ။ ခင်ဗျားကိုယ်တိုင် လုပ်ဖို့မလိုဘူး။ ဒီအိုးအလွတ်ထဲကိုထည့်။ ဟိုကောင်တွေ ထန်းရည်ထပ်မှာရင် ဒီအိုးထဲထည့်ပြီး ပေးလိုက်ရုံပဲ။ သေသွားရင် ဦးဘမောင်ကြီး ရှင်းလိမ့်မယ်"

မူးယစ်စေတတ်သော အရည်များနှင့် နားဖာဂျီး(ဈေး)မှာ လုံးဝ မတည့်။

အရက်ဆိုလျှင် သောက်နေသော ဖန်ခွက်၏ အပြင်ဘက် ဖင်ပိုင်းမှာ ကပ်ပေးလိုက်လျှင်ပင် သောက်သုံးမိသူများ မှာ လူမှန်းမသိအောင် မူးဝေ(အော့အန်)နေတတ်၏။ ထန်းရည်နှင့် နားဖာဈေးမှာ မတည့်။ အဆိပ်ဖြစ်၏။

"ဗျို့ . . . ဦးလေးကြီး၊ နောက်ထပ် တစ်မြူလောက် ပေးပါဦး"

"ဟကောင်တွေ . . . မင်းတို့တစ်နေ့ခင်းလုံး သောက်နေကြတာ တော်ဖို့ ကောင်းပြီ"

"ဟား . . . ဟား . . . ဟား ဘုရားဖြစ်မယ့် အုတ်ခဲနဲ့တော့ တွေ့နေပြီ။ သောက်တာက ကျုပ်တို့ အလုပ်၊ ရောင်းရမှာက ခင်ဗျား အလုပ် မဟုတ်လား။ လုပ်စမ်းပါဗျာ ဒီတစ်မြူပြီးရင် ကျုပ်တို့တော်ပြီ"

"ဟေ့ကောင် တောကျော်၊ ဒီနေ့တော့ အချိန်မရှိတော့ဘူး။ မင်းရွာကို ငါတို့လိုက်အိပ်မယ်။ မနက်ဖြန်မှ ငွေးချိုရွာကို သွားကြစို့"

"အေး ကောင်းတယ်။ အဲသလိုပဲ လုပ်ကြတာပေါ့"

"ဒီတစ်မြူပြီးရင် သွားကြရအောင်။ နေတောင်ဝင်နေပြီ"

"ဒီလမ်းနဲ့ဒီလမ်း ဘာကြောက်စရာရှိတာမှတ်လို့ကွာ။ အေးအေးပေါ့"

တမ့်အိုးတွဲရွာက ဂျုတ်ကုန်းရွာ မြောက်ဘက်မှာရှိ၏။ ဒေါင်းနေချောင်းကိုဖြတ်ပြီး မြောက်ဘက်မှာရှိသော သချိုင်းကုန်းအတွင်းမှ ဖြတ်၍ပြန်ကြရမှာဖြစ်၏။

စံမောင်းက နားဖာဈေးများကို မြူအိုးထဲသို့ထည့်ပြီး ထန်းရည်အိုးကို ဟန်မြထံ သွား၍ချပေး၏။

ဟန်မြက ဂျော်ကာထံ ပြန်သွားပြီး ထိုင်သောက်နေ၏။

နာရီဝက်ခန့်ကြာသော် မြူအိုးထဲမှ ထန်းရည်များကုန်သဖြင့် ဟန်မြတို့ ထိုင်ရာမှ ထကြသည်။

ထလိုက်သည်နှင့် ထိုး၍အန်ကြလေ၏။

"ဝေါ့ . . . ဝေါ့"

"ဟေ့ကောင် သတိထား ဝေါ့"

"ဗုန်း"

"ဖူး. . . ဖလူး"

လေးယောက်သား ထိုင်ရာမှ ထလိုက်သောအခါ ထိုးအန်ပြီး ဖြ
၍လဲကျသွားကြ၏။ ဤသို့ ကြိမ်
များစွာ ဖြစ်နေ၏။

ပါးစပ်မှလည်း အမြှုပ်များလည်
ထွက်ကျလာကြသည်။

"ဒီကလေးတွေ တော်တော်တ
တန်သောက်ပါဆိုတာ ပြောမရဘူး"

ဟု ဦးဘမောင် ပြောဆိုလျှ
သတင်းစာစက္ကူများကိုယူပြီး မီးရှို
ချပြီးနောက် ထိုသတင်းစာ စက္ကူ
များကို ရေဖျော်၍ ဟန်မြတို့လေ
ယောက်ကို တိုက်လိုက်သည်။

သတင်းစာပြာများ ဝမ်းထဲဝင်
သွားတော့မှ ဟန်မြတို့ အမူးအနည်
ငယ်ပြေပြီး မတ်တတ်ရပ်နိုင်ကြ
တော့သည်။

လေးယောက်သား ထွက်သွာ
ကြသောအခါ စံမောင်းတို့နှစ်ယော
က နောက်မှ ခပ်လှမ်းလှမ်းခွာ၍
လိုက်သွားကြလေတော့သတည်း။

* * *

(၁၂)

ည။ မှောင်မိုက်သောည။ မတ
ရာည။

လင်ကောင်ပိုး (ခ) ငှက်စုန်
တစ်ကောင်က စူးစူးဝါးဝါး အော်
ဟစ် ပျံသန်းသွားသည်။

မှောင်မိုက်နေသော ည၏
ကြောက်လန့်ဖွယ်ရာ အနိဋ္ဌာရုံတို
ပုစဉ်းရင်ကွဲတို့၏ အသံက စိုးမိုး
သည်။ ဟန်မြတို့ လူမိုက်လေးယော
သချိုင်းစပ်ကို ရောက်ရှိကြပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

သချိုင်းထဲသို့ ဝင်လိုက်သည်နှင့် ပျော့စိစိအရာကို နင်းမိလိုက်ကြရာ လန့်၍ယောင်ကြ၏။

"ဟ . . သောက် . . ပလုတ်တုတ်တုတ်"

"ဘယ်မအေလဲကွ . . . ငါ့ကို တက်နင်းတာ . . . ဟင်"

သချိုင်းထဲတွင် မူး၍လဲနေသော လူတစ်ယောက်ကို တက်နင်းမိကြခြင်း ဖြစ်သည်။ မူးလဲနေသူက လဲကျနေရာမှ မထဘဲ ဆဲရေးတိုင်းထွာလိုက်၏။

"ဟေ့ကောင် မင်းဘယ်သူလဲ"

ဟန်မြက မေးလိုက်သည်။

"ငါ . . ဂျုတ်ကုန်းရွာက သာလှကွ"

"မင်း မူးနေရင် ပြန်ကွာ"

"ငါ့ပိုက်ဆံနဲ့ ငါမူးတာ ဘာဖြစ်လဲကွ။ မင်းတို့အပူ တစ်ပြားသားမှ မပါပါဘူး"

"လာပါ ဟန်မြရာ။ ဒီကောင်နဲ့ ပြောမနေပါနဲ့တော့"

ဟန်မြတို့ကလည်း မူးနေကြလေရာ စကားများမှာ စိုးသဖြင့် တောကျော်က ဆွဲခေါ်သွားသည်။

"တောက် . . . ခွေးကောင်တွေ။ ကိုယ့်လမ်းကိုယ် ကောင်းကောင်း မသွားဘူး။ အိပ်ရေးတောင်ပျက်တယ်"

သာလှ နေရာရွှေ့ပြီး အိပ်ပြန်သည်။

ထိုစဉ်ခိုက် လူနှစ်ယောက် ချွတ်နင်းပြီး ဟန်မြတို့နောက်မှ လိုက်သွားသည်ကိုတွေ့၍ သာလှထထိုင်ပြီး ကြည့်နေသည်။

မည်းမှောင်နေသဖြင့် သဲသဲကွဲကွဲ မမြင်။ "ဘာတွေလဲဟ"ဟု တွေးနေခိုက်။

"ဖြောင်း . . ."

"ဒုတ် . . ."

"အား . . ."

"ဒုတ် . . ."

"ဒုတ် . . ."

"ဒုတ် . . ."

ရှောင်ချိန်ပင်မရကြ။ စံမောင်းနှင့် ကျော်ကာတို့က ဟန်မြတို့လေးယောက် နောက်စေ့ကို တုတ်ဖြင့် ရိုက်ချလိုက်သည်။

လေးယောက်စလုံး ရှေ့သို့ ဟပ်ထိုးလဲကျသွား၏။ အုတ်ဆက်တွေ ဟသွားသည်။ သွေးများ ဒလဟော ကျလာ၏။

ဟန်မြက သွေးရူးသွေးတန်း ဖြစ်လျက် ထ၍ထိုင်လိုက်၏။

"မင်းတို့ ဘယ်သူတွေလဲ။ ဘာဖြစ်လို့ ငါတို့ကို ရန်ရှာတာလဲ"

"ကျုပ်က ခင်ဗျားတို့သတ်ပြီး ပစ္စည်းယူသွားခံရတဲ့ ဦးသာခွေးရဲ့ သားကြီး စံမောင်းပဲကွ"

"ခွမ်း . . ."

အားပြင်းပြင်းတစ်ချက် ခေါင်းကို ဖြတ်ရိုက်လိုက်သည်။

အနိစ္စသဘော ကိစ္စချောသွားကြပြီ။ ဘာစကားမှ မပြောနိုင်တော့ဘဲ ဇီဝိန်ချုပ်ငြိမ်းသွားကြသည်။

အဖြစ်အပျက်အားလုံး မြင်တွေ့လိုက်သော သာလှတစ်ယောက် အမူးပျောက်သွားသည်။ တုတ်တုတ်မှ မလှုပ်ရဲဘဲ စံမောင်းတို့နှစ်ယောက် ပြန်သွားသည်ကို နောက်ယောင်ခံ၍ ကြည့်လိုက်၏။

စံမောင်းနှင့် ကျော်ကာတို့နှစ်ယောက်ကတော့ ရန်မီးငြိမ်းသွားပြီဖြစ်၍ စိတ်အေးချမ်းစွာ ရွာသို့ပြန်ခဲ့လေတော့သတည်း။

* * *

## မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ၊ ရာဇဝတ်ဘေး ပြေးမလွတ် (၁၃)

"ဟေ့ . . စံမောင်းရှိလားဟေ့"

အိမ်ဝိုင်းထဲသို့ ရောက်သည်နှင့် သူကြီးလှမ်းအော်လိုက်သည်။

"ရှိပါတယ်ခင်ဗျ။ ကျုပ် အိမ်ပေါ်မှာပါ"

စံမောင်းက ပြန်ဖြေသည်။

"ရှိရင် အောက်ကိုဆင်းခဲ့ဦးဟေ့။ ဟောဒီမှာ မကွေးပုလိပ်ဂါတ်က လူဆိုးထိန်း မောင်ကြီးက တွေ့ချင်လို့တဲ့"

"ဟုတ်ကဲ့ . . လာပြီ လာပြီ၊ ခဏစောင့်နော်"

ပြောပြီး စံမောင်းအောက်ဆင်းလာသည်။ ကျော်ကာက နွားစာကျွေးနေရာမှ အိမ်အောက်ထပ်တွင် ရှိနေသော လူဆိုးထိန်း မောင်ကြီးတို့ ရှိရာသို့ လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ညက ချောင်းမြောက်ဘက် သချိုင်းမှာ မင်းတို့နှစ်ယောက် ဟန်မြတို့ကို တုတ်နဲ့ရိုက်သတ်တာ ဟောဒီက သာလှတွေ့တယ်ပြောတယ်။ မင်းတို့ ငြင်းချင်သေးလား"

"မငြင်းပါဘူးဗိုလ်ကြီး။ ကျုပ်တို့ အခုပဲ ညောင်ကန်ကင်းဂိတ်ကို ဖြောင့်ချက်သွားပေးမလို့ပါ။

တစ်ခုရှိတာက ကျုပ်တို့သတ်လိုက်တာက လူကောင်းတွေ မဟုတ်ဘူး။ ကျုပ်မိသားစုကို သတ်သွားတဲ့ လူဆိုးတွေပါ"

"ဟုတ်ပါတယ် ငါတို့ပုလိပ်ဂိတ်ကလည်း ဒီကောင်တွေကို ဓားပြမှု လူသတ်မှုနဲ့ အလိုရှိနေတဲ့ကောင်တွေပါပဲ။

ဒါပေမယ့် . . လူ့ဘောင်အဖွဲ့အစည်းမှာ ဥပဒေဆိုတာ ရှိတယ်၊ အာဏာပိုင်အုပ်ချုပ်သူတွေ ရှိတယ်။ ဒီကိစ္စတွေက ငါတို့ပုလိပ်တွေ လုပ်ရမယ့် အလုပ်လေ။

မင်းတို့က သတင်းပေးရင် ငါတို့က ဖမ်းပြီး သူတို့နဲ့ထိုက်တန်တဲ့ အပြစ်ဒဏ် ချမှတ်ရမှာပေါ့။ အခုတော့ မင်းတို့က ခွေးအလုပ် ခွေးမလုပ်ဘဲ မြည်းကဝင်လုပ်တော့ မင်းတို့ကိုလည်း ထိုက်သင့်တဲ့ အပြစ်ဒဏ် ပေးရမှာပဲ။

ဒါနဲ့ တစ်ယောက်မပါသေးပါလား။ ငါးယောက်ဖြစ်ရမှာ။ လေးယောက်တည်းပါလား"

"အဲဒီကောင်က ရက်လည်ဆွမ်းမကျွေးခင်ကတည်းက မန္တလေးထွက်သွားတယ် ဗိုလ်ကြီး"

သူကြီးက ဝင်ပြောသည်။

"စံမောင်းရေ၊ ဝတ္တရားအရ ငါတို့က လုပ်ရပေမယ့် မင်းအဖေကိုတော့ ငါတို့အားနာပါတယ်။ တစ်ချိန်က မင်းမိဘနှစ်ပါးက ငါတို့ပုလိပ်ဂိတ်ကို ရေတွင်းတူးပေးဖူးတဲ့ ကျေးဇူးရှိခဲ့ဖူးတယ်ကွ"

(မကွေးအမှတ်(၁) ရဲစခန်းတွင် ယနေ့ထိ ၎င်းရေတွင်း ရှိနေသည်။ လက်ရှိသုံးနေသည်။)

"ဒါကြောင့် ရောက်တုန်းရောက်ခိုက် မင်းမိဘနှစ်ပါးရဲ့ အုတ်ဂူကို ဂါရဝပြုဦးမယ်။ လိုက်ပို့ပါဦး"

ပြောပြောဆိုဆိုဖြင့် လူဆိုးထိန်းမောင်ကြီးက ဦးသာခွေးတို့ရှိရာ အုတ်ဂူဆီသို့ သွားလေ၏။

အုတ်ဂူသို့ရောက်သော် စိန်က တုံးအလောင်းထည့်ထားသော နေရာသို့သွား၍ သေချာကြည့်၏။ လက်ဖြင့်လည်း ပွတ်ကြည့်၏။

"ဒါနဲ့ ဒီနေရာက ထူးခြားနေပါလား"

"ဘာတွေများ ထူးခြားနေလို့ပါလဲ ဗိုလ်ကြီး"

"ဒီနေရာက တခြားအုတ်ဂူနေရာနဲ့ မတူဘူး။ အရောင်ကွဲနေတယ်။ တခြားနေရာတွေခြောက်မှ အသစ်ထပ်လောင်းထားတဲ့ပုံ ပေါ်နေတယ်။ လျှို့ဝှက်ချက်တစ်ခုခုများ . . ရှိနေမလားလို့"

စံမောင်း ထိတ်ခနဲ ရင်ခုန်သွားသည်။ အိမ်ကိုလှမ်းကြည့်လိုက်တော့ တခြားပုလိပ်နှင့် သူကြီးတို့အုပ်စု[illegible] ရေနွေးကြမ်းဖြင့် ဧည့်ခံနေသော [illegible]ကာကို တွေ့မြင်ရ၍ ရင်ထဲမှ အ[illegible]ကြီးကျသွားသည်။

"တော်သေးတယ် ဘယ်သူ[illegible]ပါမလာလို့"ဟု စံမောင်း စိတ်ကို [illegible]လိုက်ရသည်။

"မောင်စံမောင်း"

"ဗျာ . . ."

"ထုရိုက်စရာ တစ်ခုခု ပေး[illegible]ပါ။ ဒီနေရာကို ဖွင့်ကြည့်ချင်လို့"

လူဆိုးထိန်းမောင်ကြီးက [illegible]လိုက်သည်။

"ဟား . . . ဟား . . . ဟား လူဆိုးထိန်းမောင်ကြီး . . . လူဆိုးထိန်း မောင်ကြီးလို့ ဒါကြောင့်လည်း နိုင်ငံကျော်နေတာကိုး"

"ဟာ . . မင်းကတော့ မြှောက်ပြောနေပြန်ပြီ။ ငါက ဘယ်လောက်များ တော်နေလို့လဲကွ"

"တစ္ဆေသရဲတွေ . . ကြောက်လောက်အောင်ကို တော်ပါပေတယ် လူဆိုးထိန်းမောင်ကြီးရယ်၊ ဟုတ်ပါတယ် စိန်ကတုံးကို ဒီဂူထဲမှာ မြှုပ်ထားပါတယ်"

"မင်းပစ္စည်းတွေကော အကုန်ပြန်ရရဲ့လား"

"ရတယ် ဗိုလ်ကြီး"

"အေး . . . ကောင်းတာပေါ့ကွာ။ ဒီပစ္စည်းတွေသာ သက်သေခံပစ္စည်း ဖြစ်သွားရင် ငါတို့ပုလိပ်တွေ တော်တော် ဒုက္ခရောက်ရမှာကွ"

"ဘာကြောင့်လဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

"အလားတူ၊ ပုံသဏ္ဌာန်တူ ဝစ္စည်းတွေငှားပြီး မင်းတို့ပစ္စည်းတွေနဲ့ ရောမွှေရဦးမယ်။ နောက်ပြီး မင်းတို့ ပြန်ရွေးခိုင်းရဦးမယ်။ ကိုင်း . . စဉ်းစားစမ်း။ ဘယ်လောက် ဒုက္ခများလိုက်မလဲလို့။ အခုတော့ အဲဒီတိစ္စတွေ ရှင်းသွားတာပေါ့ကွာ။ ကိစ္စတစ်ခု ငြိမ်းသွားတာပေါ့။

အမှန်တော့ကွာ အေးအေးချမ်းချမ်းနေချင်ကြတဲ့ ပြည်သူပြည်သားတွေကို ဒုက္ခပေးနေတဲ့ ခါးပိုက်နှိုက်၊ သူခိုး၊ ဓားပြတွေကို ထောင်ချမနေဘဲ မင်းလိုသတ်ပစ်တာပဲ ကောင်းတယ်ကွ။ သူတို့အတွက် ထမင်းစရိတ်မကုန်တော့ဘူးပေါ့ကွာ။

ဒါပေမယ့် ခက်တာက ဥပဒေတ ခွင့်မပြုဘူးကွ။ အဲဒီ ဥပဒေဆိုတာကြီးက မရှိမကောင်း ရှိမကောင်းပဲဟေ့"

"ဗိုလ်ကြီးကို ကျုပ်တစ်ခုတော့ မေးချင်တယ်၊ အကူအညီတောင်းချင်တယ်"

"ဘာများလဲ ပြောကြည့်လေ။ ငါတတ်နိုင်ရင် လုပ်ပေးမှာပေါ့"

"ကျုပ်တို့ အချုပ်ခန်းထဲရောက်ရင် လူမမည်သာရှိသေးတဲ့ ကျုပ်ညီလေး ဒုက္ခရောက်တော့မယ်"

"အဲဒီတော့ . . ."

"အဲဒီတော့ ကျုပ်ညီလေးကို ခင်ဗျားခေါ်ထားပြီး ရတနာပစ္စည်းတွေလည်း တာဝန်ယူ ထိန်းသိမ်းပေးထားပါဦး"

"မြတ်စွာဘုရား မင်းက ငါ့ကို အချုပ်ထဲရောက်အောင်တော့ လုပ်နေပြီ။ ကလေးတော့ တာဝန်ယူမယ်။ ဟိုပစ္စည်းတွေ ကိစ္စတော့"

"ဒါလေးတောင် ခင်ဗျား ကျုပ်ကို မကူညီနိုင်ဘူးလား"

"ငါ တိုက်ပိုင်ကြီးနဲ့ တိုင်ပင်ကြည့်လိုက်ပါဦးမယ်ကွာ။ အမှန်တော့ အခုသေတဲ့ ကောင်တွေက သေသင့်သေထိုက်တဲ့ ကောင်တွေဆိုတာ ငါတင်မကဘူး တိုက်ပိုင်ကြီးလည်း လက်ခံမှာပါ"

ဤသို့ဖြင့် နှစ်ယောက်သား သူကြီးတို့ရှိရာသို့ ပြန်ရောက်လာကြ၏။

"ကိုင်း . . . သူကြီးရေ၊ ကျွန်တော်တို့ ပြန်ဖို့ လှည်းလုပ်ပေးပါဦး။ ဒေါင်းနေချောင်းမှာ ဂျစ်ကားစောင့်နေပါတယ်။ အဲဒီရောက်ရင်တော်ပါပြီ"

စံမောင်းနှင့် ဂျော်ကာတို့နှစ်ယောက်ကို လက်ထိတ်မခတ်ဘဲ မကွေးပုလိပ်ဂါတ်သို့ ခေါ်သွားလေတော့သတည်း။

* * *

(၁၄)

ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြား မိန့်ဆိုခဲ့ဖူး၏။ ဗုဒ္ဓ၏စကား အမှားမရှိပါပေ။

"အန္တလိက္ခေ၊ နသမုဒ္ဒမဇ္ဈေ
နပဗ္ဗတာနံ ဝိဝရံ ပဝိဿ၊"
"နဝိဇ္ဇတိသော ဇာဂတိပ္ပ
ဒေသော၊
ယတ္ထဋ္ဌိတံ နပ္ပ သဟေယျမစ္စု"
အန္တလိက္ခေ - ကောင်းကင်၌၊ ငှက်တောပိ-တည်သောသူသည်လည်း၊ မစ္စုတော-သေခြင်းတရားမှ၊ နမုစ္စတိ-မလွတ်မြောက်နိုင်။

သမုဒ္ဒမဇ္ဈေ-သမုဒ္ဒရာအလယ်၌၊ ငှက်တောပိ-တည်သောသူသည်လည်း၊ မစ္စုတော-သေခြင်းတရားမှ၊ နမုစ္စတိ-မလွတ်မြောက်နိုင်။

ပဗ္ဗတာနံ-တောင်တို့၏၊ ဝိဝရံ-အပေါက်အခေါင်းအတွင်းသို့ ပဝိဿ-ဝင်၍၊ ငှက်တောပိ-တည်သောသူသည်လည်း၊ မစ္စုတော-သေခြင်းတရားမှ၊ နမုစ္စတိ-မလွတ်မြောက်နိုင်။

ယတ္ထ-အကြင်မြေအရပ်၌၊ ဋ္ဌိတံ-တည်သောသူကို၊ မစ္စုသေခြင်းတရားသည် နပ္ပသဟေယျ-မလွှမ်းမိုး၊ မနှိပ်စက်နိုင်ရာ၊ သောဇဂတိပ္ပဒေသော-ထိုမြေအရပ်သည်၊ နဝိဇ္ဇတိ- ဆံဖျားတစ်ထောက်စာမျှ သေခြင်းတရားကို သက်ရှိမှန်သမျှတို့သည် လွတ်လမ်းမရှိဟု မိန့်ဆိုခဲ့ပါ၏။

ဤတရားကို သတိထားကာ လူ့ဘဝသို့ တဒင်္ဂရောက်ရှိနေချိန်တွင် သံဝေဂတရားရရှိကာ ကောင်းသောအကျင့်၊ ကောင်းသောအကြံတို့ ပြုကျင့်နိုင်ကြပါစေသတည်း။

*သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ . . .*

---

မကွေးညိုစိမ့်

---



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ

# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

## အဏ္ဏဝါတစ်ကြောမှ 'တစ္ဆေ'သင်္ဘောများ

ပင်လယ်သမုဒ္ဒရာတည်းဟူသော 'အဏ္ဏဝါ'ရေပြင်ကြီးသည် အန္တရာယ်အဖုံဖုံတို့ စုပြုံတည်ရှိသည့် 'ကန္တာရ'တစ်ခုဖြစ်သည်။ ထိုမျှသာမက ယင်းသည် ပင်လယ်ရိုးသွားသင်္ဘောသား အများအပြားအား သေရွာသို့ ပို့ဆောင်ပေးနေသော ရေသချိုင်းကြီးတစ်ခုလည်းဖြစ်၏။

ဤသို့ဖြင့် ပင်လယ်သမုဒ္ဒရာတို့၌ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးခဲ့ရသည့် သက်ရှိလူသားများ၊ ပျက်စီးဆုံးရှုံးခဲ့ရသော သက်မဲ့လှေသင်္ဘောများနှင့် ပတ်သက်သည့် အယူသီးမှုများ၊ ဒဏ္ဍာရီပုံပြင်များ ပေါ်ပေါက်လာခဲ့ရတော့၏။

အဏ္ဏဝါပုံပြင်များတွင် ထင်ရှားသော သာဓကတစ်ခုမှာ ဟော်လန်နိုင်ငံမှ THE FLYING DUTCHMAN (ဒတ်ချ်လူပျံတော်)ခေါ် 'တစ္ဆေ' သင်္ဘောကြီးဖြစ်၏။ ၁၇ ရာစုနှစ်အစောပိုင်းလောက်က ပေါ်ပေါက်ခဲ့သော 'ဒတ်ချ်လူပျံတော်'၏ ကံကြမ္မာမှာ ကြားရသူတိုင်း ကျောချမ်းစိမ့်စရာ ကောင်းလှ၏။

'ဒတ်ချ်လူပျံတော်' သင်္ဘောကြီးသည် ဟော်လန်နိုင်ငံ၊ အမ်စတာဒမ်မြို့မှ အရှေ့အိန္ဒိယကျွန်းစုများသို့ ခရီးဦးတည် ထွက်ခွာလာ၏။ မာလိန်မှူး 'ဗန်ဒါဒက်ကင်'က ဤတစ်ခေါက်တွင် သူ့ဘဝ ပွပေါက်တိုးပြီဟု အပိုင်တွက်ထားပုံရ၏။ ရရှိလာသော အခွင့်အရေးမှန်သမျှကို မလွှတ်တမ်းအသုံးချရန် ဆုံးဖြတ်ထား၏။ 'မာလိန်မှူး'တစ်ယောက်အနေဖြင့် သင်္ဘောတစ်စင်းလုံးအား အုပ်ချုပ်ကွပ်ကဲရာတွင် သူသည် လူစိတ်ပျောက်ပြီး ရက်စက်ကြမ်းကြုတ်သောအသွင်ဆောင်ထား၏။

ဤသို့ဖြင့် ခရီးအစတွင် ဘာတစ်ခုမျှ အဖုအထစ် အခက်အခဲမတွေ့ရဘဲ အစစ သာယာဖြောင့်ဖြူးနေ၏။ သို့သော် 'ဂွဒ်ဟုပ်'အငူ (Cape of hope) ကို ကွေ့ဝ[...]
လိုက်စဉ်မှာပင် ရာသီဥတုက ရု[...]
တရက် ဆိုးဆိုးရွားရွား ပြောင်းလ[...]
သွားတော့၏။ ကြောက်မက်ဖွယ်[...]
ကောင်းလှသော မိုးသက်မုန်တိုင်[...]
များအကြားတွင် 'ဒတ်ချ်လူပျံတော်[...]
ကြီး'ခမျာ ဘယ်ညာလူးလိမ့်[...]
တော့၏။ 'မုန်တိုင်း'သည် ခဏ[...]
ခဏအတွင်း ရပ်စဲသွားလိမ့်မည်[...]
လောဘကြီးသော 'ဗန်ဒါဒက်ကင်'
က ကိုယ်လိုရာ ဆွဲပြီးတွေးထ[...]
ထား၏။ သို့သော် သဘာဝတရား
က သူ့အပေါ် ဆုံးမလိုသောကြောင်[...]
လားမသိ။ ရက်ပေါင်းများစွာကြာ
သည့်အထိ မုန်တိုင်းတိုက်ခတ်[...]
ဆဲရှိ၏။ ကပ္ပတိန် 'ဗန်ဒါဒက်ကင်'
က မိုးထဲလေထဲတွင် သင်္ဘောသား
များအား လိုက်လံဆဲဆိုကြိမ်းမော[...]
ငေါက်ငမ်းနေ၏။ သူကိုယ်တိုင်လည်း
အရက် အလွန်အကျွံမူးနေ၏။ အ[...]
ကြောက်ရွံ့ငိုကြွေးနေသော သင်္ဘော
သားများအား သူက ကြာပွတ်ဖြ[...]
မညှာမတာ လိုက်လံရိုက်နှက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောပေါ်ရှိ ခရီးသည်များရော၊ သင်္ဘောသားများကပါ သင်္ဘောတို ရှေ့မဆက်ဘဲ နောက်ကြောင်းပြန်လှည့်ရန် မာလိန်မှူး ‘ဗန်ဒါဒက်ကင်’အား ဝိုင်းဝန်းဖျောင်းဖျ တောင်းပန်ကြသော်လည်း မတော်လောအစိတ်ဝင်ကာ ‘သရဲသဘက်’ ရှုပ် ပေါက်နေသော ဗန်ဒါဒက်ကင်တ အများ၏ဆန္ဒကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ သူ့သင်္ဘောကြီးရှေ့ခရီးဆက်ဖို့ကိုသာ ထပ်ကာတလဲလဲ ကြိမ်းမောင်းညွှန်ကြားနေ၏။ သူ့နှုတ်မှ ထွက်ပေါ်လာသော ‘အယုတ္တအနတ္တ’ ဆဲဆိုသံများကသာ ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးနေ၏။ ဆူညံပြင်းထန်သော မိုးသံလေသံများသည်ပင် သူ၏ သိမ်ဖျင်းယုတ်ညံ့သော ဆဲဆိုသံများကို မကျော်လွှန်နိုင်ကြချေ။

လှိုင်းလေငြိမ်သက်သော ဆိပ်ကမ်းတစ်နေရာရာသို့ကပ်ရန် အထပ်ထပ်ပြောကြားမှုများမှာ ‘ဗန်ဒါဒက်ကင်’၏ ရှေ့မှောက်တွင် လေကဲ့သို့ ပျောက်ကွယ်သွားကြလေ့ရှိ၏။

ထိုစဉ် ထူးဆန်းသော ပုံသဏ္ဌာန်တစ်ခု သင်္ဘောကုန်းပတ်ထက်တွင် ရုတ်တရက် ဘွားခနဲပေါ်ထွက်လာ၏။ ယင်းသဏ္ဌာန်က မိမိသည် ‘နတ်ဆိုး’ဖြစ်ကြောင်း အသိပေးကြေညာပြီး ‘ဗန်ဒါဒက်တင်’အား စိန်ခေါ်လိုက်သည်။ သင်္ဘောအား မုန်တိုင်းထန်နေသော အဏ္ဏဝါရေပြင်ထဲသို့ ရှေ့ဆက်တိုးဝင်ခြင်းမပြုရန် သတိပေးသည်။ သင်္ဘောပေါ်မှ လူသားများအား သောမင်းခံတွင်းသို့ ဆွဲသွင်းသွားခြင်းသည် ဘုရားသခင်၏ အလိုနှင့် ဆန့်ကျင်ရာရောက်ကြောင်း ဖျောင်းဖျ၏။ သို့သော် လောဘတည်းဟူသော အဆိပ် ငယ်ထိပ်တက်မွှန်နေသော ‘ဗန်ဒါဒက်ကင်’က နားမဝင်ပေ။ လှိုင်းလေများအကြားသို့သာ သင်္ဘောကို အိုးနင်းခွက်နင်း အတင်းအဓမ္မ ညွှန်ကြားဇွတ်တိုးနေ၏။

“အသင်လူမိုက် . . . သင်၏ သင်္ဘောကြီးသည် ကမ္ဘာဆုံးသည့်နေ့အထိ ပင်လယ်တစ်ကြော ရှက်လွှင့်မျောနေပါစေတော့။ ဤအတွင်းကုန်းမြေကမ်းခြေသို့ တစ်ကြိမ်တစ်ခါမျှ ဆိုက်ကပ်နားနေခွင့် မရစေသတည်း”ဟု နတ်ဆိုးက ကျိန်စာရွတ်ဆိုလိုက်လေသည်။

‘နဒါဆိုး’၏ ကျိန်စာအတိုင်းပင် ‘ဒတ်ချ်လူပျံတော်’သင်္ဘောကြီးသည် သမုဒ္ဒရာခုနှစ်တန်တိုင်အောင် စုန်ချည်ဆန်ချည် လွင့်မျောပါလျက် နေခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်တော့သည်ဟူ၏။ သင်္ဘောသားလောကတွင်လည်း ‘တစ္ဆေ’သင်္ဘောကြီးဟူသော ဝိသေသဖြင့် မသိသူမရှိသလောက်ပင် ဖြစ်လာ၏။ ပင်လယ်ခရီးသွား သင်္ဘောမှန်သမျှက ‘ဒတ်ချ်လူပျံတော်’ကို ကြောက်ရွံ့ကြသည်။ ဖြစ်နိုင်လျှင် ၎င်းနှင့် မတွေ့ဆုံလိုကြ။ ‘ဒတ်ချ်လူပျံတော်’နှင့် ရင်ဆိုင်တွေ့ဆုံမိသူ မှန်သမျှ ကံဆိုးမိုးမှောင်ကျလေ့ရှိသည်ဟူသော အယူအဆတစ်ရပ်မှာလည်း မှတ်သားထိုက်သော စကားတစ်ခွန်း ဖြစ်လာ၏။ ပင်လယ်သမုဒ္ဒရာထဲတွင် ‘ဒတ်ချ်လူပျံတော်’ သင်္ဘောကြီး ပေါ်လာခိုက် ရှေ့မှ ဖြတ်သန်းခုတ်မောင်းမိသော လှေ၊ သင်္ဘော၊ ရေယာဉ်မှန်သမျှ ကြမ္မာဖြုတ်ဆိုး ကျရောက်လေ့ရှိသည်ဟူသော အယူအဆစ်တစ်ရပ်လည်း ပျံ့နှံ့ကျန်ရစ်ခဲ့တော့၏။

ယင်းတစ္ဆေသင်္ဘောကြီးနှင့် ရင်ဆိုင်မိသူများထံမှ ပြန်လည်ပြောကြားချက်တို့မှာလည်း တစ်ပုံစံတည်းလိုပင် ကြားရလေ့ရှိ၏။ သူတို့အသီးသီးတွင် ‘ခိုက်’သည်ဟူသော အသံမှာလည်း ပြန်လည်ကြားသိရတိုင်း တူညီနေ၏။ အရှေ့အိန္ဒိယကျွန်းစုမှ ရွှေငွေကျောက်သံပတ္တမြားနှင့် အမွှေးအကြိုင် ကုန်ပစ္စည်းများအပေါ် မတော်လောဘရောက်နေသော မာလိန်မှူးတစ်ယောက်ကြောင့် သင်္ဘောတစ်စင်းလုံး အသက်ဆုံးရှုံးခဲ့ရရုံမတ ရေကြောင်းခရီးသွား သင်္ဘောသားလောကတစ်ခုလုံးအတွက်ပါ ‘ကျိန်စာ’သဖွယ် ကျန်ရစ်စေခဲ့သော ‘ဒတ်ချ်လူပျံတော်’၏ ဖြစ်စဉ်မှာ ပုံပြင်လော၊ တကယ့်အဖြစ်အပျက်တစ်ခုလော စောကြောဆုံးဖြတ်ရခက်လှပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com

### မာရီဆီလက်စ်တီ တစ္ဆေသင်္ဘောကြီး

အတ္တလန္တိတ်သမုဒ္ဒရာ — အဏ္ဏဝါရေပြင်၌ ပေါ်ပေါက်ခဲ့ကြသော 'လျှို့ဝှက်ဆန်းကြယ်'မှုများထဲတွင် အံ့ဩဖွယ်အကောင်းဆုံး အဖြစ်အပျက်မှာ MARIE CELESTE မာရီလက်စ်တီ တစ္ဆေသင်္ဘောကြီးပင် ဖြစ်၏။ ၁၈၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့က ယင်းအား အဇိုးကျွန်းများ ကမ်းလွန်ရေပြင်တွင် သင်္ဘောသားတစ်ဦးတစ်ယောက်မျှမရှိဘဲ မျောနေသည်ကို တွေ့ခဲ့ကြရ၏။ သင်္ဘောသားအားလုံး ခြေရာလက်ရာမကျန်အောင် ပျောက်ဆုံးသွားခြင်းဖြစ်သော်လည်း သင်္ဘောဝမ်း အိပ်စင်များထက်တွင် အဝတ်အစားများ ခေါက်လျက်သားတွေ့ရှိရ၏။ ကြိုးတန်းများပေါ်တွင်လည်း လျှော်ဖွပ်ပြီး အဝတ်များ လှန်းထားလျက်ပင် ရှိကြ၏။ ထမင်းစားခန်းစားပွဲပေါ်၌ နံနက်စာ ပြင်ဆင်ထားသည်။ အချို့ပန်းကန်များတွင် တစ်ဝက်တစ်ပျက်မျှ စားသောက်ထားပြီးလည်း ရှိနေ၏။ မာလိန်မှူးအခန်းတွင်မူ စားပွဲပေါ်၌ပြင်ထားသော နံနက်စာမှာ ခြေရာလက်ရာမပျက် ရှိနေ၏။ မာလိန်မှူး၏ ခရီးမှတ်တမ်းတွင်လည်း ၁၈၇၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ ခရီးစဉ်အတွေ့အကြုံများကို ရေးသွင်းမှတ်တမ်းတင်ထားကြောင်း တွေ့ရှိရ၏။

သင်္ဘောသားများအားလုံး တစ်ယောက်မကျန် မိမိတို့သင်္ဘောကို အဘယ်ကြောင့် စွန့်ခွာသွားကြသနည်း။ ဘေးဒုက္ခအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရသောကြောင့်လား။ ထိုသို့ဆိုလျှင် အသက်လုထွက်ပြေးရသဖြင့် ဝရုန်းသုန်းကားဖြစ်ကာ တစဉ့်ကလျား ကျန်ရစ်ခဲ့စေနိုင်၏။ ယခုမူ ပစ္စည်းအသုံးအဆောင်အားလုံး နေသားတကျရှိနေကြ၏။ သင်္ဘောကုန်းပတ်ပေါ်၌လည်း မည်သည့် အပျက်အစီးမျှမတွေ့ရ။ သင်္ဘောထဲဝင်နေသော ရေမှာလည်း သာမန်ပမာဏမျှသာရှိ၏။

သင်္ဘောသားများက မာလိန်မှူးကို ပုန်ကန်ကြသောကြောင့်လား။ ဒါလည်းမဖြစ်နိုင်၊ သင်္ဘောပေါ်ရှိ တစ်ယောက်နှင့်တစ်ယောက် လုံးထွေးသတ်ပုတ်တိုက်ခိုက်သော သဲလွန်စမျိုးလည်း မတွေ့ရှိရချေ။

ထို့ထက် ထူးဆန်းသောအချက်မှာ 'မာရီဆီလက်စ်တီ'သည် သင်္ဘောသားတစ်ယောက်မျှမရှိဘဲ နောက် ၁၀ ရက်ကြာမျှ မိမိ၏ မူလလမ်းကြောင်းအတိုင်း ကီလိုမီတာ ၈၀၀ ခန့်အကွာအဝေးအထိ ဆက်လက်ရွေ့လျားနေခဲ့ခြင်းဖြစ်သည်။ နောက် ၁၁ နှစ်အတွင်း ယင်းတစ္ဆေသင်္ဘောကြီးအား ၁၇ ကြိမ် လက်ပြောင်းရောင်းချခဲ့ကြသည်။ နောက်ဆုံး ၁၈၈၄ ခုနှစ်အရောက်တွင် 'ဟေတီ'ကမ်းလွန်တွင် 'မာရီလက်စ်တီ'အား ရေအောက်သချႋုင်းသို့ ထာဝရ မြှုပ်နှံပစ်လိုက်ကြတော့၏။

ဂျာမန်ရေတပ်သင်္ဘော 'UB 65' ၏ ဝမ်းထဲ၌ တိုပီဒိုပေါက်ကွဲမှုကြောင့် 'ဒုတိယအရာရှိ'သေဆုံးသွားရာမှ နောက်ဆက်တွဲပေါ်ပေါက်လာသော အဖြစ်ဆန်းများကလည်း စိတ်ဝင်စားဖွယ်ကောင်းလှ၏။ ယင်းဒုတိယအရာရှိ၏ 'ဝိညာဉ်'သည် UB 65 ရေငုပ်သင်္ဘောသွားလေရာ လိုက်ပါနေသည်ဆို၏။ သင်္ဘောသားတစ်ဦးဆိုလျှင် နှလုံးသွေးပျက်ပြီး ရေထဲခုန်ချကာ သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့၏။ ၁၉၁၈ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင်မူ အမေရိကန်ရေငုပ်သင်္ဘောတစ်စင်းနှင့် ရင်ဆိုင်မိရာ အမေရိကန်ရေငုပ်သင်္ဘောက ပစ်ခတ်ရန် ပြင်ဆင်နေခိုက်မှာပင် UB 65 ဂျာမန်ရေငုပ်သင်္ဘောအတွင်း၌ ပေါက်ကွဲမှုကြီးဖြစ်ပွားပြီး ရေအောက်သို့ နစ်မြုပ်သွားတော့၏။ ယင်းပေါက်ကွဲမှုသည် ဒုတိယအရာရှိ၏ ဝိညာဉ်က ပြန်လည်ကလဲ့စားချေခြင်းဖြစ်လေသလောဟု အချို့ စောကြောယူဆကြလေ၏။

လှတိုး(စိတ်ပညာ)

စာကိုး

(၁) MYSTERIES OF THE UNEXPLAINED

(၂) WORLD-FAMOUS GHOSTS

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ယခင်လမှအဆက်

"မိုးမှာ အပြစ်ကြီးငယ်ရှိရင် ခွင့်လွှတ်ပါ ကိုဗညား"

အဝတ်အိတ်ကိုဆွဲကာ အိမ်ပေါ်မှဆင်း၏။

"နွယ်တို့လိုက်ပို့ပေးမယ်လေ မမ"

"လိုက်မပို့ပါနဲ့၊ မင်းက အောင်နိုင်သူပါနွယ်၊ မမမိုးက ရှုံးနိမ့်သူပါ။ မမမိုး တစ်ယောက်တည်းပဲ ပြန်ပါရစေ"

ဤအတိုင်း မြနှင်းနွယ်နှင့် ကျွန်ုပ်တို့ကြည့်ရင်း ကျန်ရစ်၏။

"အစ်ကိုကျော်ကဲ့ ခံစားနေရလားဟင်"

ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်၏။

"အခု ညီမလေးလုပ်တာ အစ်ကိုကျော်ခဲ့ရဲ့ အကျိုးအတွက်ပါ။ အစ်ကိုကျော်ခဲ့ပေးတဲ့ စာအုပ်ထဲမှာပါတဲ့ အစ်ကိုကျော်ခဲ့ရဲ့ ဆရာသခင်ညွှန်ကြားချက်အရ လုပ်ဆောင်ရတာပါ။ မမမိုးကိုတော့ သနားပါတယ်။

အစ်ကိုကျော်ခဲ့ရဲ့စိတ်တွေ လေလွင့်မသွားနဲ့နော်။ မမမိုးပြန်သွားပြီဆိုတော့ မနက်ဖြန်ကစပြီး အစ်ကိုကျော်ခဲ့စိတ်တည်ငြိမ်မှုရအောင် တေဇောကသိုထားရမယ်။ ကိုးရက် တေဇောကသိုထားပြီးရင် အစ်ကိုကျော်ခဲ့ ခရီးတစ်ခုကို ဆက်ရလိမ့်မယ်၊ ညီမလေးပြောတဲ့အတိုင်း အစ်ကိုကျော်ခဲ့လိုက်လုပ်ပါနော်"

ကျွန်ုပ်က ခေါင်းညိတ်ကာ

"ပထမ ဆရာသခင်က ဘရသေ့၊ ဒုတိယဆရာသခင်က မာလီကြီး၊ အခု တတိယဆရာသခင်က ညီမလေးမြနှင်းနွယ်ပေါ့နော်" ဟုကျွန်ုပ်က ပြောလိုက်၏။

"ညီမလေးက အစ်ကို့ရဲ့ ဆရာသခင် မဟုတ်ပါဘူး။ အစ်ကိုပေးတဲ့ စာအုပ်ထဲကအတိုင်း အစ်ကိုကျော်ခဲ့ကို လိုက်လုပ်နိုင်းတာပါ"

"ဘာပဲပြောပြော၊ ညီမညွှန်ကြားသလိုလုပ်ရတာပဲ မဟုတ်လား။ ညီမလေးဟာ အစ်ကိုကျော်ခဲ့ရဲ့ ဆရာသခင်ပေါ့"

"မမမိုးလိုပဲ အစ်ကိုကျော်ခဲ့နဲ့ ခွဲခွာရတဲ့အခါ ညီမလေး ခံစားရမယ့်



www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာကို ညီမလေးလည်းပဲ ဖြေသိမ့်နိုင်အောင် ကြိုးစားရဦးမှာပါ" ဟုဆိုကာ မြနှင်းနွယ်သည်လည်း မျက်ရည်ကျလာပြီး အိမ်ခန်းထဲပြေးဝင်သွားရှာတော့၏။

## စာစု (၁၆)

## ဓွေးဓေဓေတျေးဖူးဆစ်နည်း

(၁)

ဤရက်ပိုင်းများအတွင်း မြနှင်းနွယ်သည် ကျွန်ုပ်အား တေဇောကသိုဏ်းကို ရှုကြည့်ခိုင်းလေ၏။ ကျွန်ုပ်သည်မေတ္တာနယ်မြေမှာရှိစဉ်က ရေကသိုဏ်းကိုရှုကြည့်ခဲ့ဖူးသောကြောင့် တေဇောကသိုဏ်းကို ကျင့်ရာတွင် အစပိုင်းမှာသာ အနည်းငယ်အခက်အခဲရှိခဲ့၏။

ခုနစ်ရက်ပြည့်သောအခါ ကျွန်ုပ်အား ကမာဝက်သို့သွားရန်ပြောလေ၏။

"ဒီမှာ သစ်စက်လုပ်ငန်းက အစ်ကိုကျော်ခဲမရှိရင် ဘယ်လိုလုပ်မလဲ"

"အစ်ကိုကျော်ခဲ ဒါတွေကို တွယ်တာနေတုန်းပဲလား။ လူတောင် တစ်နေ့သေရသေးတာပဲ။ ပစ္စည်းသခါရ လူ့သခါရလို့ သဘောထားပါ။ တစ်နေ့ အားလုံးကို စွန့်လွှတ်ရမယ်ဆိုရင် အစ်ကိုကျော်ခဲအနေနဲ့ စွန့်လွှတ်နိုင်အောင် ကြိုးစားထားပါ။

တွယ်တာမှုဆိုတာ ကိုယ့်ကိုယ်ကို နှောင်ဖွဲ့ခြင်းတစ်မျိုးပဲ။ အစ်ကိုကျော်ခဲဟာ ဘာအနှောင်အဖွဲ့မှ မခံနဲ့။ ဘာအတွယ်အတာမှ မထားရဘူး။ ဒီခရီးစဉ်ဟာ အစ်ကိုကျော်ခဲအတွက် သံသရာကြွေးဆပ်တဲ့ ခရီးစဉ်ပဲ။ အစ်ကိုကျော်ခဲရဲ့ လမ်းစဉ်ဖြောင့်အောင် နောက်ဆုံး ဆောင်ရွက်ရမယ့်အလုပ်ပဲ"

မြနှင်းနွယ် ပြောသည်ကို ကျွန်ုပ်မှာ ကောင်းစွာနားမလည်ပါချေ။

"သစ်စက်အတွက်က အဘရှိတယ်။ မမမိုးရဲ့ အဖေလည်းရှိတယ်။ အစ်ကိုကျော်ခဲစီစဉ်ခဲ့ရင် ရပါတယ်။ အစ်ကိုကျော်ခဲ မစီစဉ်ရင် ညီမစီစဉ်ခဲ့ပါ့မယ်။ အစ်ကိုကျော်ခဲကတော့ ညီမနဲ့အတူ ခရီးမထွက်လို့ မဖြစ်ဘူး"

"ညီမလေး မစီစဉ်ပါနဲ့ အစ်ကိုကျော်ခဲပဲစီစဉ်ပါ့မယ်"

(၂)

ကျွန်ုပ်သည် မြနှင်းနွယ်နှင့်အတူ ဦးစွာ မေမြမိုးတို့အိမ်သို့သွား၏။ ကျွန်ုပ်တို့ရောက်သောအခါ မေမြမိုးမှာ အတော်လေး တည်တည်ငြိမ်ငြိမ် ရှိနေပြီကိုတွေ့ရ၏။

"အစ်ကိုနဲ့ ညီမလေးတို့ပါလား၊ လာလည်ကြတာလား"

"အလည်လာကြတာ မဟုတ်ဘူး မမမိုး။ ညီမလေးနဲ့ အစ်ကိုကျော်ခဲတို့ ခရီးထွက်ကြမလို့။ အနည်းဆုံးတစ်လလောက်တော့ကြာလိမ့်မယ်။ ကြားထဲမှာ သစ်စက်လုပ်ငန်းကို ဦးက ကြီးကြပ်ပေးနိုင်အောင်လာပြောတာပါ"

"ဩော် ခရီးထွက်ကြမလို့လား။ ဘယ်သူတွေပါသေးလဲ"

ဒေါ်သူဇာမိုးက ဝင်မေးလိုက်၏။

"မြနှင်းနွယ်နဲ့ အစ်ကိုကျော်ခဲနှ[ှစ်] ယောက်တည်းပါ။ ဒီခရီးက အရေးကြီး[း] တယ်။ မသွားရင်မဖြစ်လို့ သွားရတာပါ"

"သူတို့ကနှစ်ယောက်တည်း ခရီး[း] သွားတဲ့အဆင့်တောင် ဖြစ်နေကြပြီကိုး။ သူတို့တော့ အတော်ပျော်နေကြမှာပဲ။ ကိုဗညားရယ် မိုးကို တကယ်ပဲ စွန့်ပစ်[်] လိုက်ပြီလားကွယ်" ဟု မေမြမိုးက စိတ်[်] တွင်းမှပြောနေမိလေ၏။

"မင်းတို့နှစ်ယောက်တည်း သွားလို့ ဘယ်ဖြစ်မလဲ၊ မေမြမိုးကိုပါ ခေါ်သွားမှ ဖြစ်မှာပေါ့။ မေမြမိုးက မောင်ဗညားရဲ့ မိန်းမလေ။ မင်းက မောင်ဗညားနဲ့ဘာမှ သွေးသားစပ်တာ မဟုတ်တော့ လူတွေ ဘာပြောကြမလဲ။ မောင်ဗညားကိုလည်း စီးပွားရေးအောင်မြင်လာတာနဲ့ ဖောက် ပြန်တယ်လို့ ပြောကြမှာပေါ့။ မင်းက လည်း ငယ်ပါသေးတယ်။ ငယ်ငယ်ရွယ် ရွယ်နဲ့ မင်းနာမည်မပျက်စေနဲ့။ သူများ လင်နဲ့ဘာဘာညာညာလို့ ပြောမှာ မင်း မရှက်ဘူးလား။ မင်းမှာ ရုပ်ရည်လည်း ရှိပါတယ်။ လင်ကောင်းရနိုင်ပါတယ်။ ဗညားတစ်ယောက်ပဲ ယောက်ျားမဟုတ် ပါဘူး"

ဒေါ်သူဇာမိုးက မေမြမိုးအတွက် မခံနိုင်၍ ပြောလိုက်၏။ မြနှင်းနွယ်မှာ သူ၏ဂုဏ်သိက္ခာကို ဒေါ်သူဇာမိုးက ထိခိုက်လာခြင်းအတွက် ရင်ထဲမှာ နာကျင်ခံခက်သွား၏။



www.burmeseclassic.com

"ဒေါ်ဒေါ်··· ဒီတစ်ခါတော့ အစ်ကိုကျော်ခဲရဲ့ မျက်နှာနဲ့ သည်းခံလိုက်ပါ့မယ်။ နွယ်ဟာ အဲ့ဒီလိုအစားထဲမှာ မပါဘူး။ တစ်နေ့တော့ ဟောဒီနွယ်ဆိုတဲ့ ကောင်မလေးဟာ အရက်နဲ့သိက္ခာကိုစွန့်လွှတ်ပြီး ဘာကြောင့် သူများတွေပြောစရာဖြစ်အောင်၊ အစ်ကိုကျော်ခဲနဲ့ တပူးတွဲတွဲလုပ်ရတာလဲဆိုတာ ဇာတ်ရည်လည်သွားပါလိမ့်မယ်။ ဇာတ်ရည်မလည်ခင်တော့ ဘယ်သူတွေက ဘာပြောပြော၊ ဘယ်လိုထင်ထင် နွယ်ခံယူနေရမှာပါပဲ။

နွယ်လည်း ဒီလိုအထင် ဘယ်ခံချင်ပါ့မလဲ။ နောက်ဆုံးပြောချင်တာက နွယ်နဲ့အစ်ကိုကျော်ခဲတို့ဟာ နွယ်ဘက်ကရော၊ အစ်ကိုကျော်ခဲဘက်ကပါ စိတ်သန့်ရှင်းကြပါတယ်။ အဒေါ်ရော၊ မမမိုးရော လောလောဆယ်သိထားဖို့က ကိုယ့်အစ်ကိုတစ်ယောက်ကို ချစ်မြတ်နိုးတဲ့ ညီမလေးတစ်ယောက်က အခြားမိန်းကလေးတစ်ယောက်နဲ့ ချစ်နေတာကို မကြည်ဖြူချင်တဲ့ သဘောလို့ပဲမှတ်ပါ"

"မေမေ၊ ဘာမှဝင်မပြောနဲ့တော့၊ သမီးတို့ကိစ္စ သမီးတို့အချင်းချင်းပဲ ပြောယူပါ့မယ်။ သမီးအနေနဲ့ အစ်ကိုဗညားကို အဆုံးစွန်ထိ စွန့်လွှတ်ခြင်း၊ ခွင့်လွှတ်ခြင်းတွေပြုလုပ်နိုင်အောင် သမီးရဲ့စိတ်ခွန်အားတွေ မွေးထားပြီးပါပြီ။

ကဲပါ၊ ညီမလေးကို မေမေပြောတဲ့စကားတွေအတွက် ခွင့်လွှတ်ဖို့ မမမိုးကပဲ မေတ္တာရပ်ခံပါတယ်။ ညီမလေးတို့ စိတ်ချမ်းချမ်းသာသာနဲ့ ခရီးထွက်ကြပါ။ ညီမလေးတို့သွားလာတဲ့အခါ သုံးဖို့စွဲဖို့ လိုလိမ့်မယ်။ လိုသလောက်ယူသွားပါ။ ဒီငွေတွေကလည်း အစ်ကိုဗညားရှာထားတဲ့ငွေတွေပဲ။ ညီမလေး သုံးပိုင်ခွင့်ရှိတယ်။ မမမိုးကတော့ အားလုံးစဉ်းစားထားပြီးပါပြီ။ ညီမလေးရဲ့အစ်မတစ်ယောက်နေရာမှာပဲ နေပါတော့မယ်။

မေမြမိုးက ထိုသို့ပြောလာသောအခါ မြနှင်းနွယ် စိတ်မကောင်းဖြစ်ရပြန်လေ၏။ သို့သော်လည်း မေမြမိုးထိုသို့စိတ်တည်ငြိမ်မှု၊ ရသွားခြင်းအတွက်ကိုမူ ဝမ်းသာရလေ၏။ သူမသာလျှင် အစ်ကိုကျော်ခဲကို ခွဲခွာရသည့်အချိန်၌ မမမိုးကဲ့သို့ တည်ငြိမ်ရင့်ကျက်နိုင်ပါ့မလားဟု တွေးမိလေ၏။

"ညီမလေးမှာ ငွေမလိုပါဘူး မမ၊ မမရဲ့ မွေးဖွားခါနီးအချိန်မှာ မမရဲ့အနားမှာ မထားဘဲ ကိုကျော်ခဲကို ခေါ်သွားတဲ့အတွက် ခွင့်လွှတ်ပါ။အဘထွန်းလှိုင်လည်း သစ်စက်ကိုသွားကြိုးကြပ်ပေးပါ။ အဘကျော်စွာလည်း ရှိနေပါတယ်။ အလုပ်သမားတွေကိုလည်း သတိဝီရိယနဲ့လုပ်ကြဖို့ စီစဉ်ခဲ့ပြီးပါပြီ။ နေ့ရောညပါ အလုပ်သမား ငါးယောက်တော့ အမြဲတမ်းအလှည့်ကျ စောင့်ပေးကြပါလိမ့်မယ်။ ညီမလေးတို့ သွားကြတော့မယ်နော်မမ၊ ကျန်းမာရေးလည်း ဂရုစိုက်နော်"

သို့ဖြင့် ကျွန်ုပ်နှင့် မြနှင်းနွယ်တို့သည် မေမြမိုးထံမှ ပြန်လာကြကာ မနက်ဖြန်ထွက်ကြမည့် ခရီးအတွက် အစီအစဉ်များ ပြုလုပ်ကြလေ၏။

(၃)

ကျွန်ုပ်နှင့် မြနှင်းနွယ်တို့သည် နံနက်စာ စားသောက်ပြီးမှ လိုင်းကားစီးကာ ကမာဝက်သို့ ထွက်ခွာလာခဲ့ကြလေ၏။ ကမာဝက်မှာ ကျွန်ုပ်၏အသိအကျွမ်းတစ်ယောက်မှ မရှိ၍ မြနှင်းနွယ်ကသာ ဤခရီးစဉ်မှာ ဦးဆောင်လေ၏။

မြနှင်းနွယ်မှာ ဈေးကြီး၌ အထည်များရောင်းရာ ကမာဝက်မှဖောက်သည်လာယူရောင်းလေ့ရှိသော မိတ်ဆွေရှိ၏။ အမည်မှာ မိသန်းသန်းအေးဟု ခေါ်လေ၏။ မိသန်းသန်းအေး၏ ဈေးဆိုင်ကို မေးမြန်းကာ မိသန်းသန်းအေးဆီသို့ ဦးစွာသွားလေ၏။

"မြနှင်းနွယ်တို့ လာလည်ကြတာလား။ အိမ်ထောင်တောင် ကျနေပြီကို။ မြနှင်းနွယ်တို့ မင်္ဂလာပွဲကို ဘာဖြစ်လို့ မဖိတ်တာလဲ"

"နွယ် အိမ်ထောင်မကျသေးပါဘူး။ ဒါကနွယ်ရဲ့ အစ်ကိုပါ။ မင်းတို့ရွာမှာ ဒေါ်ထွားစိန်ဆိုတာ ရှိသလား"

"ရှိတယ်။ အေးအေးဆေးဆေး နားပါဦး။ ကိုယ်လိုက်ပို့မှာပေါ့"

"မနားတော့ဘူး။ အဲ့ဒီ ဒေါ်ထွားစိန်နဲ့တွေ့ချင်တယ်။ မင်းလည်းဈေးရောင်း

www.burmeseclassic.com

နေတာနဲ့ အားမှာမဟုတ်ဘူး။ နွယ်တို့ ဘာသာသွားပါ့မယ်။ ဘယ်နားမှာရှိတယ်ဆိုတာသာပြော"

"ဒီကတည့်တည့်သွား။ ညာဘက်လင်းချိုးကွေ့တွေ့ရင် ဝင်သွား။ အဲ့ဒီလမ်းရဲ့အောက်ဘက်မှာ မန်ကျည်းပင်ကြီးကြီး တစ်ပင်ရှိတဲ့အိမ်ဟာ ဒေါ်ထွားစိန်တို့အိမ်ပဲ"

"ကျေးဇူးပဲကွာ"

"မပြန်ခင်အိမ်မှာ ထမင်းမြိန်လာစားကြဦး"

"လာခဲ့ပါ့မယ်၊ သွားမယ်နော် သန်းသန်း"

ကျွန်ုပ်တို့လည်း မိသန်းသန်းအေး လမ်းညွှန်သည့်အတိုင်း လာခဲ့ရာ ဒေါ်ထွားစိန်၏အိမ်သို့ ရောက်ရှိလာခဲ့လေ၏။ ဒေါ်ထွားစိန်၏အိမ်မှာ ဝါးကြမ်းခင်း၊ ထရံကာဖြစ်ပြီး ဆင်းရဲပုံရလေ၏။

"ဒါ ဒေါ်ထွားစိန်တို့ အိမ်ပါလားရှင်"

"ဟုတ်ပါတယ်။ အိမ်ပေါ်တက်ကြပါ"

အမျိုးသမီးရွယ်တစ်ယောက်က ပြောလေ၏။ ကျွန်ုပ်တို့ အိမ်ပေါ်သို့ ရောက်သောအခါ မြနှင်းနွယ်ကပင် စကားစပြောလေ၏။

"အမေ ကျန်းမာရဲ့လား"

"ကျန်းမာတော့ ကျန်းမာပါရဲ့ကွယ်၊ မျက်စိက နည်းနည်းမှုန်ချင်တယ်"

"အမေ့မှာ ဦးကျော်စွာဆိုတဲ့ ယောကျ်ားတစ်ယောက်နဲ့ အိမ်ထောင်ကျဖူးခဲ့သလား"

"ငယ်ငယ်က အတိတ်အကြောင်းတွေပြန်ဖော်နေပြန်ပါပြီ။ ကွန်စိန် ညည်းသည်တွေအတွက် ညည့်ခံဖို့ တစ်ခုခုလုပ်စမ်းပါ။ အမေတို့က ဆင်းရဲတယ်။ ဒီသမီးလေးပဲ ဈေးတောင်းခေါင်းရွက်ပြီး ကျွေးနေတာရှိပါတယ်။ အဲ့ဒီ ကိုကျော်စွာလည်း ဘယ်ရောက်လို့ ရောက်မှန်းမသိဘူး"

"အဲ့ဒီ ဦးကျော်စွာနဲ့ အမေ သားတစ်ယောက် ရဖူးတယ်မဟုတ်လား"

"အခုမှတော့ အသက်လည်းကြီးပါပြီ။ အမေ အမှန်အတိုင်းပဲပြောပြမယ်။ အမေ ကိုယ်ဝန်နေစေ့လစေ့မှာပဲ ကိုကျော်စွာ ရိုက်မှုနဲ့ အဖမ်းခံရပြီး ထောင်ကျတယ်။ အဲ့ဒီအချိန်မှာ သားတစ်ယောက်မွေးတယ်။ အမေလည်း ဒုက္ခရောက်နေတာနဲ့ အဲ့ဒီသားကို သင်္ချိုင်းမှာ သွားပစ်ခဲ့တယ်။ နောက်နေ့ကျတော့ အမေ စိတ်ပြောင်းပြီး ဘယ်လောက်ပဲ ဒုက္ခရောက်ရောက် သားလေးကိုမွေးမယ်ဆိုတဲ့စိတ်နဲ့ အမေပစ်ထားတဲ့ သင်္ချိုင်းမှာ သွားပြန်ရှာတော့ သားလေးကိုမတွေ့ရတော့ပါဘူးကွယ်"

"အမေရဲ့သားမှာ ဘာအမှတ်အသားရှိသလဲ"

"အမေကောင်းကောင်း မှတ်မိတယ်။ အမေရဲ့သားမှာ မှဲ့စလွယ်သိုင်းရှိတယ်။ ညာလက်မောင်းမှာက အနီမှတ်ကြီးရှိတယ်"

ထိုစဉ် မိကွန်စိန်က ရေနွေးကြမ်းနှင့် ငါးခြောက်ဆီဆမ်း လာချပေးသော အနားမှာထိုင်လိုက်၏။

"အစ်ကိုကျောက်ခဲရဲ့ အကျီ င်္ကို ခဏချွတ်လိုက်ပါ"

ကျွန်ုပ်မှာ မြနှင်းနွယ်ပြောသည့်အတိုင်း အကျီ င်္ကိုချွတ်လိုက်၏။ ညာဘက်ရင်အုံမှ ဘယ်ဘက်ခါးထိ မှဲ့များစလွယ်သီ၍ရှိနေလေ၏။ ကျွန်ုပ်၏ ညာလက်မောင်းမှ အနီမှတ်ကလည်း ကျွန်ုပ်သည် ဒေါ်ထွားစိန်၏သားဖြစ်ကြောင်း အထောက်အထားပြနေ၏။

"အမေပြောတဲ့ အမှတ်အသားတွေ အစ်ကိုကျောက်ခဲမှာ ပါမပါ သေချာကြည့်ပါဦး"

"ဒေါ်ထွားစိန်က ကျွန်ုပ်ကို အနီးကပ်ကြည့်၏။ မှဲ့များကိုလည်း စမ်းကြည့်၏။ ဟုတ်တယ်၊ ငါ့သားမှာပါတဲ့အမှတ်အသားတွေ အကုန်လုံးပါတယ်။ ဒါဟာ ငါ့သားပဲ။ ကံကောင်းလို့ပြန်တွေ့ကြရတယ် သားကြီးရယ်။ ကွန်စိန် ဒါတခြားသူမဟုတ်ဘူး နင့်အစ်ကိုပဲ့"

"ဒေါ်ထွားစိန်က မျက်ရည်ဝဲကာ ဝမ်းသာအားရ ပြောလိုက်လေ၏။

"ဒါ...ကွန်စိန်ရဲ့အစ်ကို ဟုတ်လား။ ကွန်စိန်က တစ်ကောင်ကြွက်လို့ ထင်တာ၊ အစ်ကိုရောက်လာတာ ဝမ်းသာလိုက်တာ"

မိကွန်စိန်က ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်။ အမေအရင်အိမ်ထောင်နဲ့ရတဲ့သားပါ။ သမီးနဲ့ဆိုရင် အမေတူ ဖအေကွဲ မောင်နှမပေါ့ကွယ်"

"အမေ ... ကျွန်မဟာလည်း ဦးကျော်စွာနဲ့ နောက်အိမ်ထောင်ကရတဲ့သမီးတစ်ယောက်ပါ။ အစ်ကိုကျော်ခဲနဲ့ဆိုရင် မအေတူ ဖအေကွဲပါပဲ"

"ညီမလေး ... အစက အဲ့ဒါတွေ ဘာဖြစ်လို့ မပြောတာလဲ"

ကျွန်ုပ်က မချင့်မရဲဖြင့် မေးလိုက်၏။

"ဒါဟာ ... အစ်ကိုကျော်ခဲပေးလိုက်တဲ့ စာအုပ်ကိုဖတ်ပြီးကတည်းက သိနေတာပါ။ စာအုပ်ထဲမှာက အစ်ကိုကျော်ခဲရဲ့ လမ်းစဉ်တော်မှန်ကန်ရအောင် ပါရမီဖြည့်ပေးဖို့ပါပဲတယ်။ ဒါကြောင့်မို့ အစ်ကိုကျော်ခဲကို ညီမလေး ပါရမီလိုက်ဖြည့်ပေးနေတာ။ မမမိုးကတော့ ညီမလေးကို အထင်လွဲမှာပဲ။ အဲ့ဒီလိုအထင်လွဲရအောင်လည်း ညီမလေးက တမင်ကိုလုပ်တာ"

ထိုနေ့အဖို့ စကားလက်ဆုံ ပြောမကုန်ကြပေ။ အခုမှကွဲကွာနေကြသော မောင်နှမများ ပြန်ဆုံတွေ့ကြရသောကြောင့် ပျော်နေကြလေ၏။ အတော်ညဉ့်နက်မှ အိပ်ဖြစ်ကြသည်။

(၄)

"အစ်ကို၊ အစ်ကိုရဲ့ အမေဟာ ကျွေးကျေးဇူးမရှိပေမယ့် မွေးကျေးဇူးရှိတယ်။ အစ်ကို့ကို စွန့်ပစ်တယ်ဆိုတာကလည်း အစ်ကို့မှာ စွန့်ပစ်ခံရမယ့်ကံပါတယ်။ အဲ့ဒီလိုမှလည်း အစ်ကိုကျော်ခဲဟာ ဆရာသခင်နဲ့ဆုံတွေ့ပြီး ကျင့်စဉ်တွေ ကျင့်ခွင့်ရမှာ။ လောကကြီးက အံဝင်ခွင်ကျ စီစဉ်ထားတဲ့အစီအစဉ်တွေပါ။ ဒါကို အစ်ကိုကျော်ခဲနားခံရမယ်။

အစ်ကိုကျော်ခဲဟာ အမေကို မွေးကျေးဇူးဆပ်ရမယ်။ ဒါမှ လမ်းစဉ်ကို ဖြောင့်အောင်သွားနိုင်မယ်။ လူ့လောကီကနေ ပြန်ထွက်ခွာနိုင်မယ်။ ဒါကြောင့် မနက်ဖြန်ကစပြီး မွေးကျေးဇူးစဆပ်ပေတော့"

မြနှင်းနွယ်က ရှင်းလင်းပြောပြလေ၏။

"မွေးကျေးဇူးဆပ်ဖို့ အစ်ကိုတို့မှာ ငွေကြေးချမ်းသာတာပဲ။ အဲ့ဒီငွေကြေးနဲ့ ထောက်ပံ့ကျွေးမွေးရင်ရတာပဲ"

"အဲ့ဒီလောက်နဲ့ မရဘူးအစ်ကို၊ အဲ့ဒီငွေတွေနဲ့ ကျေးဇူးဆပ်လို့မရဘူး။ ညီမက ဘယ်လိုကျေးဇူးဆပ်ရမယ်ဆိုတဲ့ ကျေးဇူးဆပ်နည်းကို ပြောပြမယ်။ ဒီနည်းနဲ့ဆပ်မှ အကျိုးကျေးဇူးကြီးကြီးမားမားရမယ်"

"အဲဒီလိုဆိုရင်ပြောပြ"

ကျွန်ုပ်အား မြနှင်းနွယ်က မွေးမေကျေးဇူးဆပ်နည်းကို ရှင်းပြလေ၏။ မြနှင်းနွယ်ပြောပြသည့်အတိုင်း နောက်နေ့မှစ၍ ကျွန်ုပ်လည်း မွေးမေကျေးဇူးကို ဆပ်လေတော့၏။

(၅)

ကျွန်ုပ်သည် နံနက်မိုးလင်းသည်နှင့် ဒေါ်ထွားစိန်အား မျက်နှာသစ်ပေး၏။ မျက်နှာသစ်ပေးပြီးလျှင် မျက်နှာသုတ်ပဝါဖြင့် သုတ်၏။ မျက်နှာသုတ်ပဝါဖြင့်သုတ်ပြီးလျှင် သနပ်ခါးကိုသွေး၍ မလူးတတ် လူးတတ်ဖြင့်လူးပေးလိုက်၏။

ကျွန်ုပ်က မလိမ်းတတ်၊ လိမ်းတတ်ဖြင့် လူးပေး၍ သနပ်ခါးမှာ ထူသည့်နေရာထူပြီး ပါးသည့်နေရာမှာပါး၏။ ဤသည်ကို တွေ့သောသူတိုင်းအား ငါ့သားသနပ်ခါးလူးပေးထားတာဟု ကြွားနေတတ်၏။

ကျွန်ုပ်သည် ဒေါ်ထွားစိန်ဘုရားရှိခိုးနိုင်ရန် ရေချမ်း ဆီမီးများကပ်ပေး၏။ အနားမှယပ်တောင်ခတ်ပေးနေ၏။

မိုးလင်းသည်နှင့် တစ်အိမ်ပြီးတစ်အိမ် ကျွန်ုပ် အလုပ်လိုက်တောင်း၏။ ကျွန်ုပ်သည် ဤရွာ၌ လူစိမ်းတစ်ဦးဖြစ်၏။ ပထမရက်၌ ကျွန်ုပ်အလုပ်ကောင်းစွာမရပေ။ နောက်နေ့များမှစကာ အချို့က ကျွန်ုပ်ကို ရေခပ်ခိုင်း၏။ အချို့က မြက်ပေါက်ခိုင်း၏။ အချို့က အဝတ်လျှော်ခိုင်း၏။ အချို့က ထင်းခွဲခိုင်း၏။ အချို့က တောက်တိုမယ်ရပစ္စည်းများကို သယ်ခိုင်းကြလေ၏။

ကျွန်ုပ်ကို လုပ်အားခမည်မျှပေးရမည်လဲဟုမေးကြ၏။ ကျွန်ုပ်က ပေးချင်သလောက်သာပေးပါ။ နောက်အလုပ်ရှိရင်ခေါ်ခိုင်းပါဟု ပြောရ၏။ အချို့ကကျ



www.burmeseclassic.com

www.burmeseclassic.com

စေးနဲ့စွာပေးကြ၏။ အချို့က စေတနာနှင့် ပိုပိုမိုမိုပေးကြ၏။ အချို့ အိမ်များက ကျွန်ုပ်ကို ထမင်းပါကျွေးကြလေ၏။ ထိုအခါ ကျွန်ုပ်က မစားဘဲ အမေ့အတွက် ယူသွားမည်ဟုပြော၏။ ကျွန်ုပ်၏အမေ မည်သူလဲဟု မေးသောအခါ ကျွန်ုပ်က ဒေါ်ထွားစိန်ဟု ဖြေ၏။

အားလုံးက ဒေါ်ထွားစိန်ကိုသိကြရာ ဒေါ်ထွားစိန်ပြောတဲ့ ဒေါ်ထွားစိန်ရဲ့သား ဆိုတာ မင်းကိုဟု ပြောကြ၏။ အလုပ်ရှိလျှင်လည်းခေါ်ခိုင်းကြ၏။

ကျွန်ုပ်သည် နေ့လယ် ၁၁ နာရီလောက်မှာပြန်၏။ ရသမျှငွေကြေးထဲမှ အမေစားသောက်ရန် အချို့ကို ဝယ်ခြမ်း၏။ ပိုလျှံသောငွေကို အမေ့အားပေး၏။ ကျွန်ုပ်ပြန်ရောက်မှ ကျွန်ုပ်နှင့်အတူ အမေထွားစိန် ထမင်းစားလေ့ရှိ၏။

နံနက် မိုးလင်းသည်နှင့် ကျွန်ုပ်နှင့်အတူ ထမင်းကြမ်းအတူ ခဲလေ့ရှိ၏။

ကျွန်ုပ်က အမေ့ကို ဇွန်းနှင့်ခပ်ကာခွံကျွေး၏။ အရိုးပါသော ငါးကိုအရိုးနွှင်ပေး၏။ အမေစားရန်ထမင်းပွဲကို ကျွန်ုပ်ကိုယ်တိုင်ပြင်ပေး၏။ အမေစားပြီး ထမင်းပန်းကန်များကို ကျွန်ုပ်ကိုယ်တိုင် သိမ်းဆည်းဆေးကြော၏။ နေ့လယ်ပိုင်း ထမင်းစားပြီး ခေတ္တနား၏။ မွန်းလွဲ ၁ နာရီလောက်မှာ အမေ့အား ရေမိုးချိုးသန့်စင်ပေး၏။ အမေ၏ရေလဲထဘီနှင့် ညစ်ပေသောအဝတ်ကို လျှော်ဖွပ်ပြီး လှမ်း၏။ ယင်းကိစ္စပြီးသောအခါ ကျွန်ုပ်သည် ရွာထဲသို့လှည့်ကာ ကျွန်ုပ်ကို ခိုင်းမည့်သူအားရှာ၏။

တစ်ခါတစ်ရံလည်း ခေါ်ခိုင်းမည့်သူပေါ်၍ တစ်ခါတစ်ရံလည်း ခေါ်ခိုင်းမည့်သူမပေါ်ပေ။ ညနေ ၅ နာရီမမှောင်ခင် အိမ်သို့ပြန်ရောက်မြဲဖြစ်၏။ အမေအိပ်ရာမဝင်ခင် အမေ့အား ခြေဆုပ်လက်နယ်ပြု၏။ မအိပ်ခင် အမေ့အားဝတ်ပြုကန်တော့၏။

ဤသို့သောနည်းဖြင့် အမေ့ကို ကျေးဇူးဆပ်ရန်ကျွန်ုပ်၏တတိယမြောက် ဆရာသခင်ဖြစ်သော မြနှင်းနွယ်က သွန်သင်ညွှန်ကြားခြင်းဖြစ်၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ဒေါ်ထွားစိန်၏ မွေးကျေးဇူးကို နှစ်လတာ ကျေကျေနပ်နပ် အားရပါးရဆပ်လေ၏။

ကျွန်ုပ်ကဲ့သို့ မွေးမေကျေးဇူးဆပ်ပုံအတိုင်း ဆပ်သည့်သူ ရှိမည်မထင်ပေ။ ကျွန်ုပ်လည်း ဤသို့သောနည်းဖြင့် မဆပ်တတ်ချေ။ မြနှင်းနွယ်၏ စီစဉ်ညွှန်ကြားချက်ကြောင့်သာ မွေးမေကျေးဇူးဆပ်ပုံဆပ်နည်းကို ကျွန်ုပ်သိသွားရခြင်းဖြစ်လေ၏။

## စာစု(၁၇)

## အရှုံးစခန်း

(၁)

ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်တိုင် ချွေးဖြင့်ရှာသော ငွေကြေး ကျွန်ုပ်ကိုယ်တိုင်အမေ့အား ပြုစုယုယမှုတို့ဖြင့် စိတ်ထဲကအားရစွာ မွေးကျေးဇူးဆပ်ပြီးနောက် ကျွန်ုပ်၏ညီမ မိကွန်စိန်မှာ သုံးနှစ်အရွယ်ကလေးတစ်ယောက်ရှိ၍ ကလေး၏ဖခင်ကို တစ်နေ့မှမတွေ့ရ၍ မေးကြည့်မိလေ၏။

ဤရွာကို ကျော်ဇင်လတ်သည် စပါးဝယ်ရန်လာရင်း စက်မှာ စပါးချွေ နေသော မိကွန်စိန်၏အလှကို မြင်တွေ့သွားခဲ့၏။ ထို့ကြောင့် အသိအောင်သွယ်များနှင့်ဆက်သွယ်ပြီး မိကွန်စိန်နှင့် လက်ထပ်ခဲ့၏။ ကျော်ဇင်လတ်မှာ တစ်နှစ်လောက် မိကွန်စိန်နှင့်ပေါင်းသင်းသေး၏။ ထိုသို့ပေါင်းသင်းရာ သွားလိုက်လာလိုက်နေခဲ့၏။ နောက်ပိုင်းတွင်ကျော်ဇင်လတ်မှာ လုံးဝပေါ်မလာတော့ဘဲနေ၏။ ယခု ကလေးတစ်ယောက်မွေးပြီး သုံးနှစ်ကြာသည်အထိ ပြန်မတွေ့ရတော့ဟု ဆို၏။

ကျွန်ုပ်၏ညီမ မိကွန်စိန်လည်း မသူတော်ကျော်ကျော်၏ စက်ကွင်းမှ မလွတ်ခဲ့ပါလားဟု တွေးမိရ၏။

သို့ဖြင့် ကျွန်ုပ်တို့ ပြန်သောအခါ အမေထွားစိန်၊ ညီမမိကွန်စိန်နှင့် တူလေးကျော်စိန်တို့အား တစ်ပါတည်းခေါ်ခဲ့လေတော့၏။

(၂)

ကျော်ဇင်လတ်က ဘီယာကို တမြုံမြုံသောက်ရင်း ဝက်သားလုံးကြော် အမြည်းကိုစားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"အာစရိရဲ့ အချစ်ပေါင်း မိကွန်စိန်ကို ဈေးကြီးကအထည်ဆိုင်တစ်ဆိုင်မှာအထည်ရောင်းနေတာ တွေ့ရတယ်"

မန်နေဂျာလုဖေက ပြောလိုက်၏။

"ဟုတ်ရဲ့လားဗျာ။ ကမာဝက်ကနေ သူဒီကိုဘယ်လိုလုပ် ရောက်လာတာလဲ"

"အဲဒါတော့ ကျွန်တော်မသိဘူး အာစရိ၊ အခုမှ တစ်သွေးတစ်မွေးနဲ့လှနေတယ်။ အသားက ဖြူဝင်းစိုပြည်နေတယ်။ အဝတ်အစားဝတ်တာကအစ ခေတ်မီလာတယ်"

ကျော်ဇင်လတ်၏ အမေးကို မန်နေဂျာလုဖေကဖြေ၏။

နောက်အိမ်ထောင်များ ပြုပြီး မော်လမြိုင်ကို ရောက်လာသလားဟု တွေးနေမိ၏။ လုပရိုးသားသော တောသူတစ်ယောက်ကိုသူယူပြီး စွန့်ထားမိခဲ့သည်။ အကယ်၍ နောက်အိမ်ထောင်မပြုရသေးလျှင်တော့ မေမြိုးကိုဆုံးရှုံးလက်လွှတ်လိုက်ရပြီဖြစ်သောကြောင့် မိကွန်စိန်ကိုပဲ ပြန်လည်ချဉ်းကပ်လျှင်ကောင်းလေမလားဟု ဘီယာရိုတီတီနှင့် စဉ်းစားနေမိ၏။

"ဗညားက သိပ်တော်နေတာလား၊ ကျွန်တော်က သိပ်ညံ့နေတာလားမသိဘူး ကိုလုဖေ"

ကျော်ဇင်လတ်က စကားကိုအဆက်အစပ်မရှိပြောလေ၏။

"ဘာဖြစ်လို့လဲ အာစရိ"

"ကျွန်တော်က စီးပွားတဖြည်းဖြည်းကျလာပြီး ကိုဗညားက စီးပွားတစ်ဟုန်ထိုးတက်နေတယ်"

"အဲဒါတော့ ဟုတ်တယ် အာစရိ"

"ကိုလုဖေ အကြံပေးသလိုပဲ၊ ကိုဗညားဘဝပျက်၊ စီးပွားပျက်အောင် ကျွန်တော်တို့ ကြံစည်ကြပေမယ့် မအောင်မြင်ဘူး မဟုတ်လား။ ကျွန်တော်နဲ့ မေမြိုး အတော်ကို အလှမ်းဝေးသွားပြီ။ အရင်က လက်တစ်ကမ်းအကွာမှာရှိပေမယ့် အခုတော့ဘယ်လိုမှ လက်လှမ်းမမီတော့တဲ့အပြင် ပတ္တမြားကြီးကိုလည်း လက်လွှတ်လိုက်ရပြီ"

ကျော်ဇင်လတ်ပြောသည်ကို မန်နေဂျာလုဖေက နားထောင်ရင်း စဉ်းစားလိုက်၏။

"ဟုတ်တော့ဟုတ်တယ် အာစရိ၊ ကျွန်တော့်ကို အလုပ်ကထုတ်ပစ်ထားတာကိုလည်း ကျွန်တော်မကြေဘူး။ လူပဲ အာစရိရာ တစ်ခုမဟုတ်ရင် တစ်ခုကြံပြန်တာပေါ့။ ဒီတစ်ခါတော့ အောင်မြင်မှာပါ။ ပတ္တမြားကြီး အာစရိလက်ထဲ ရောက်ကိုရောက်လာစေရမယ်"

"ကျော်ဇင်လတ်က ပတ္တမြားကြီး ဆိုသောစကား ကြားရ၍ စိတ်ဝင်စားသွားလေ၏။

"ဘယ်လိုအကြံအစည်လည်း ဆိုတာကို လင်းစမ်းပါဦး"

"ဗညားရဲ့အသည်းကို ဆွဲကိုင်လှုပ်ရမှာပေါ့ အာစရိရာ၊ ဘာခက်တာမှတ်လို့၊ အဲဒီလိုဆွဲကိုင်လှုပ်လိုက်တာနဲ့ ဗညားဆီက ပတ္တမြားဟာ လျှောကနဲ အာစရိရဲ့လက်ထဲ ရောက်လာလိမ့်မယ်"

"ရှင်းရှင်းပြောစမ်းပါဗျာ"

မန်နေဂျာလုဖေက ကျော်ဇင်လတ်အား နားနားကပ်၍ တီးတိုးပြောလိုက်၏။

"ဟုတ်ပြီ။ ကိုလုဖေရဲ့ အကြံ သိပ်ကောင်းတယ်။ ဒါပေမယ့် ဒီကိစ္စပေါ်သွားရင် ဘယ်လိုလုပ်မလဲ"

"ဒီမှာ လုဖေတဲ့ တစ်ဖေတည်းရှိတယ်။ ပတ္တမြားလက်ထဲရောက်တာနဲ့ ဗညားဆိုတဲ့ ကောင်ရော၊ ကောင်မလေးရော နှုတ်ပိတ်အစဖျောက်လိုက်ရုံပေါ့"

"ဟားဟား ကောင်းလိုက်တဲ့အကြံ"

ကျော်ဇင်လတ်က အော်ရယ်လိုက်၏။

"ဒီအစီအစဉ် ဘယ်တော့စမလဲ"

"အချိန်က တန်ဖိုးရှိတယ် အာစရိ မြန်လေကောင်းလေပဲ၊ ဗညားဆိုတဲ့ ကောင်ကို ကျွန်တော်ကြည့်လို့မရတာ ကြာပြီ။ မနက်ဖြန်ပဲ လုပ်ငန်းစမယ်"

(၃)

မြနှင်းနွယ်သည် အေးအေးဆေးဆေးလမ်းလျှောက်လျက်ရှိသည်။

ဘေးဘီဝဲယာကို သတိမထားမိပေ။ မြနှင်းနွယ်နှင့် အတော်လှမ်းသောနေရာမှ ကားတစ်စီးရပ်ထားသည်။ ထိုကားသည် မောရဝတီပန်းခြံနှင့် မနီးမဝေးလောက်မှာရှိသည်။ အချိန်က ညနေ



www.burmeseclassic.com

www.burmeseclassic.com

စောင်းနေပြီမို့ ဤမှာဘက်၌ လူရှင်းနေသည်။

မကြာမီ ထိုကားထွက်လာသည်။ မြနှင်းနွယ်၏ အနားရောက်လာသောအခါ ကျွီကနဲရပ်သည်။ ကားပေါ်မှလူနှစ်ယောက်ဆင်းလာသည်။ တစ်ယောက်က လက်ကိုင်ပဝါဖြင့် မြနှင်းနွယ်၏ မျက်နှာကို အုပ်လိုက်သည်။ မြနှင်းနွယ် ရှန်းရင်း ပျော့ကျသွားသည်။ လူနှစ်ယောက်ကတွဲပြီး မြနှင်းနွယ်ကို အဆင်သင့်တံခါးဖွင့်ထားသော ကားခေါင်းမှ သွင်းလိုက်သည်။ ကားတံခါးကိုပိတ်ပြီး ကားကို တရကြမ်းမောင်းထွက်သွားသည်။

ကားက ရခိုင်ကုန်းဘက်ဆီသို့ မောင်းသည်။ မော်လမြိုင်-မုဒုံကားလမ်းပေါ်ရောက်လာသည်။ ရာဘာခြံကြီးတစ်ခြံအတွင်းသို့ မောင်းဝင်သွားသည်။ ရာဘာခြံကြီးအတွင်းမှာ တဲတစ်လုံးရှိသည်။ ယင်းတဲတစ်လုံး၏ အနီးသို့ ရောက်သောအခါ ကားရပ်လိုက်သည်။ မြနှင်းနွယ်ကိုပွေ့ကာ တဲပေါ်သို့တင်ကြသည်။

ကျော်ဇင်လတ်က မြနှင်းနွယ်ကို တွေ့သောအခါ

"ကောင်မလေးက မဆိုးပါလား။ ဒါ ဦးကျော်စွာရဲ့ သမီးလား။ ဦးကျော်စွာမှာ သမီးချောလေးတစ်ယောက်ရှိမှန်း အခုမှသိရတယ်" ပြောလေသည်။

ကျော်ဇင်လတ်မှာ မိန်းမပွေသူဖြစ်၍ မြနှင်းနွယ်ကို တွေ့သောအခါ သဘောကျနေပြန်သည်။

"ငါးမျှားတစ်ချောင်းတည်းနဲ့ ငါးနှစ်ကောင်မိတာပဲ။ ဟိုကောင်အခုလောက်ဆိုရင် သူ့ရဲ့အသည်းကျော် တို့လက်ထဲရောက်နေတာ သိရောပေါ့။ ဘယ်နေမလဲ၊ လိုက်လာလိမ့်မယ်။ လိုက်လာရင် ဒီကောင်ကို ဖြောင်ပစ်၊ သူ့ဆီက ပတ္တမြားကြီးကိုယူ။ ဒီကောင်မလေးကိုလည်း ပွဲတော်တည်ရမှာပဲ။ ဟား ဟား"

"ကိုငလုံး ဒီကောင်မလေးကို သေသေချာချာစောင့်ကြည့်ထား"

ကျော်ဇင်လတ်က ငလုံးကိုမှာထားပြီး စောစောက ကားနှင့်မြနှင်းနွယ်ကို တင်ခေါ်လာသော လူနှစ်ယောက်ထံ သွား၏။

"မော်ကြီးနဲ့ မော်ငယ် အလုပ်အောင်မြင်တဲ့အနေနဲ့ ပျော်ပျော်ပါးပါးပေါ့။ ကိုလုဖေ အစီအစဉ်လုပ်ဗျာ"

"အဆင်သင့်ပဲ အာစရိ၊ ဟောဟိုက အမိုးအောက်မှာ စီစဉ်ထားတယ်"

အားလုံး ထိုနေရာသို့သွားကြသည်။ တင်းကုပ်တစ်ခုကဲ့သို့ အမိုးနှင့်ကြမ်းခင်းရှိသည်။ ယင်းအပေါ်မှာ စားပွဲတစ်လုံးရှိပြီး ဘေးမှာ ခုံတန်းများထိုးထားသည်။ အားလုံးက ခုံတန်းမှာထိုင်လိုက်ကြသည်။ ကြက်ကြွပ်ကြော်က အနံ့သင်းနေ၏။

မန်နေဂျာလုဖေ၊ ကျော်ဇင်လတ်၊ မော်ကြီးနှင့် မော်ငယ်လေးယောက်တို့ ဝိုင်းထိုင်လိုက်ကြသည်။ ရမ်တစ်ပ... ထည့်ကြသည်။ ဆိုဒါနှင့် ရောကာတ... မြှုံ့သောက်ကြသည်။

"မော်ကြီးတို့က အလုပ်ကိုအလုပ်... တူအောင်လုပ်ကြသားပဲ"

ကျော်ဇင်လတ်က ပြောလိုက်၏။

"မော်ကြီးတို့ ညီအစ်ကိုက ဒီလိုကိစ္စမျိုးတွေဟာ ထမင်းစားရေသောက်ပဲ။ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်သလို အဖိုးအခကိုလည်း ထိုက်ထိုက်တန်တန်ပေးဖို့မမေ့နဲ့"

"ဟာ မမေ့ပါဘူး။ ထိုက်တန်တာထက်ကို ပိုစေရမယ်"

ညနေစောင်းလာပြီဖြစ်၍ အမှောင်ထုက တဖြည်းဖြည်း ဝင်ရောက်လာသည်။

"အာစရိ ချိန်ပြီးသောက်နော်၊ ဗညားဆိုတဲ့ကောင် ရောက်လာရင် ရှင်းဖို့လိုသေးတယ်"

"ရပါတယ်။ ကဲ မော်ကြီးတို့ သောက်လိုက်ဦး။ ကောင်မလေးသတိရပြီလားလို့ သွားကြည့်လိုက်ဦးမယ်"

ကျော်ဇင်လတ် ခပ်ထွေထွေနှင့် မြနှင်းနွယ်ကိုထားရာ တဲဆီသို့လျှောက်သွား၏။ တဲသို့ရောက်သောအခါ စောင့်နေသော ငလုံးကိုမတွေ့ရပေ။

"သေသေချာချာ စောင့်နေပါလို့ ပြောထားရက်နဲ့ ငလုံးဘယ်ထွက်သွားလဲမသိဘူး။ ဒီကောင့်ကို ဆုံးမရဦးမယ်"

ပြောဆိုရေရွတ်ရင်း တဲပေါ်သို့တက်၏။ တဲပေါ်သို့ရောက်သောအခါ မြနှင်း

www.burmeseclassic.com

နွယ်ကို မတွေ့ ငလုံးသစ္စာဖေါက်ပြီကို သိလိုက်၏။ အမူးပြေသလို ဖြစ်သွားသည်။

"ဟော့…ကောင်မလေးရော၊ ငလုံးရောမရှိတော့ဘူးရှာကြစမ်း"

ကျော်ဇင်လတ်၏ အသံကြောင့် မော်ကြီးတို့ ညီအစ်ကိုနှင့် မန်မုနဂျာသုဖေတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ လက်နှိပ်ဓါတ်မီး ထိုးကာ ရာဘာတောအတွင်း လိုက်ရှာကြသည်။ ထိုသို့ရှာရင်း ဗညားဦးကို တွေ့သွားကြသည်။

"မင်းက ဒီကိုရောက်နေတာကိုး"

ကျော်ဇင်လတ်က ပြောလိုက်၏။

"ဟုတ်တယ်။ ငါ့ညီမလေး မြန်မာနွယ် ဘယ်မှာလဲ၊ ငါ အခုလာခဲ့တာက ညီမလေးနဲ့ မင်းလိုချင်တဲ့ပတ္တမြားကို ထဲလှယ်ဖို့ပဲ။ မင်းက မိန်းမပွေတဲ့ကောင်ဆိုတော့ မင်းနဲ့အတူ ဒီညတစ်ည ငါ့ညီမလေးကို မထားခဲ့နိုင်ဘူး။ မင်းကိုစိတ်မချဘူး"

ကျွန်ုပ်က မသူတော်ကျော်ကျော်ကို ပြောလိုက်၏။ အမှန်မှာ ကျွန်ုပ်သည် မြန်မာနွယ်ကို ကားဖြင့်တင်ခေါ်လာကတည်းက မြန်မာနွယ် သွားလာတိုင်း ခပ်လှမ်းလှမ်းမှကြည့်ရှုရန် ခိုင်းစေထားသော ဖိုးအေးက အကြောင်းကြားသည်နှင့် နောက်ယောင်ခံလိုက်ခဲ့ခြင်းဖြစ်၏။

ဤသို့ မသူတော်ကျော်ကျော်က ကြံစည်မည့်အကြောင်းကို ကျွန်ုပ်၏ သစ်စက်အား မီးလာရှို့ဖူးစော ဖိုးလုံးဆိုသူက လာပြော၍ ကြိုသိထားသောကြောင့် မြန်မာနွယ်ကို မကွာမလှမ်းသော နေရာမှ မသိမသာစောင့်ကြည့်ရန် ဖိုးအေးကို တာဝန်ပေးထား၏။ ဖိုးအေးကလည်း သိသိချင်း ကျွန်ုပ်အား လာအကြောင်းကြား၏။ ကျွန်ုပ်လည်း ချက်ချင်း နောက်ယောင်ခံလိုက်ခဲ့၏။

ကျွန်ုပ်သည် ငလုံးကို ကျေးဇူးတင်ရမည်ဖြစ်၏။ ကိုငလုံးကလည်း ကျွန်ုပ်၏ကျေးဇူးကို မမေ့သောသူဖြစ်၏။ ကျော်ဇင်လတ်တို့ ပြောဆိုတိုင်ပင်ကြံစည်သမျှတို့ကို အမြဲတမ်း သတင်းပို့နေခဲ့၏။ နောက်ဆုံး မြန်မာနွယ်ကို ဖမ်းဆီးခေါ်ဆောင်သွားမည့် ရာဘာတောကိုပါ ကြိုတင်ပြသထားသောကြောင့် ဤရာဘာတောကို မြန်မာနွယ် ရေတိမ်မနစ်မီ ရောက်လာနိုင်ခြင်းဖြစ်၏။

ကျွန်ုပ်မှာ ရာဘာတောအတွင်း သွားလာရန် မကျွမ်းကျင်သည်ကတစ်ကြောင်း၊ မသူတော်ကျော်ကျော်၏ လူများ ကျွန်ုပ်ကို မတွေ့မြင်နိုင်ရန် ပုန်းကွယ်၍သွားရသည်ကတစ်ကြောင်းကြောင့် မြန်မာနွယ်ကိုချုပ်နှောင်ထားရာ တဲဆီသို့ ချက်ချင်းမရောက်ဘဲရှိ၏။

ရောက်သောအခါ ကိုငလုံးကို လမ်းပြခိုင်းပြီး မြန်မာနွယ်ကိုခေါ်ဆောင်ကာပုန်းကွယ်၍ ထွက်ပြေးခဲ့ကြ၏။ ကျွန်ုပ်တို့တဲမှထွက်ပြီး မရှေးမနှောင်းမှာပင် ကျော်ဇင်လတ် တဲဆီရောက်လာပြီး မြန်မာနွယ်ရော ကိုငလုံးကိုပါ မတွေ့ရ၍ သူ့လူများကို အသိပေးရာခိုင်းရာ ကျွန်ုပ်တို့မှာ မလွတ်သာသော အခြေအနေသို့ ရောက်ရှိသွား၏။

ထို့ကြောင့် လမ်းကျွမ်းသော ကိုငလုံးကို မြန်မာနွယ်အား လွတ်မြောက်အောင် ခေါ်ဆောင်သွားနိုင်စေရန် အချိန်ဆွဲရန်အတွက် ကျွန်ုပ်က ကျော်ဇင်လတ်နှင့် ခပ်လှမ်းလှမ်းမှ လူလုံးပြလိုက်ရခြင်းဖြစ်၏။

"ကိုဗညားက ကိုယ့်ညီမလေးကို အတော်ချစ်ရှာသားပဲ"

ကျော်ဇင်လတ်က ပြောလေ၏။

"ဒီမှာကိုကျော်ဇင်လတ်၊ ခင်ဗျား ကျွန်တော့်ကို မိန်းမပျက်စန်းစန်းရီနဲ့ သိက္ခာကျအောင် ကြံစည်တယ်မဟုတ်လား"

"ဟုတ်ပ၊ ခင်ဗျားက သိပ်တော်နေတော့ ကျွန်တော့်အကြံအစည်မအောင်မြင်ဘူးဖြစ်သွားတယ်။ ခင်ဗျားက စန်းစန်းရီကို စည်းရုံးလိုက်နိုင်တာကိုး။ ခင်ဗျားရဲ့အကူအညီနဲ့ စန်းစန်းရီက လူတစ်လုံးသူတစ်လုံး ဖြစ်နေတယ်လေ။ သူ့စျေးဆိုင်လေးကလည်းရောင်းကောင်းသားဗျ။ ခင်ဗျားကပဲ ဘာလေးရောင်းရင်ကောင်းမယ် အကြံဉာဏ်ပေး။ ကိုယ်တိုင်လည်းရောင်းစရာတွေ ဝယ်ပို့ပေးနဲ့ဆိုတော့ ခင်ဗျားကို ကျေးဇူးရှင်ကြီးတဲ့။

ရှေ့လဆက်ရန်

ဘုန်းပွင့်တောင

www.burmeseclassic.com



# လူတိုင်း၏ကျန်းမာရေး
# သီးနှံသားငါးစားသုံးပေး(၂)

## သမားတော်ကြီးဒေါက်တာသက်ဆွေ

(ရွှေဆောင်တင်ဆွေ)(မဂ်လဓမ္မဇောတိကဓဇ)

**Ph.D.(AYURVEDIC MEDICINE.) (KOL-INDIA)**

---

အစာလည်းဆေး၊ ဆေးလည်းအစာဆိုသော စာဆို အရ သီးနှံသားငါးများအား စားသုံးခြင်းဖြင့် ကျန်းမာရေး အထောက်အကူပေးပုံများကို ရေးသားတင်ပြသွားပါမည်။

**ဆီးဖြူသီး**

ဆီးဖြူသီးပင်ကို သုံးမျိုးသုံးစား တွေ့ရှိရ၏။ ၎င်းတို့မှာ (၁) ရိုးရိုးဆီးဖြူသီးပင်၊ (၂) သဘော်ဆီးဖြူသီးပင်နှင့်

၂၀၀ [illegible]

www.burmeseclassic.com

www.burmeseclassic.com

(၃) မြေဆီးဖြူပင် (ဝါ) တောင်ဆီးဖြူပင်ဟုလည်း ခေါ်ကြ၏။ ဆီးဖြူပင်သုံးမျိုးစလုံး၏ အသီးကို အသုံးများကြ၏။ တောင်ဆီးဖြူပင်သည် ပင်ငယ်မျိုးဖြစ်ပြီး မြေတွင် ကပ်ပေါက်သော အမြင့်ဆုံး ၁၆ လက်မမျှသာ မြင့်၏။ အသီးလေးများ ရွက်ညှာမှတန်း၍ ရွက်ကြောဝှာစ်လျှောက် သီးကြ၏။ ၎င်း အပင် ပဥ္စငါးပါးစလုံး ကြိတ်၍ သတ္တုရည်ကို သောက်ပေးပါက သွေးတိုးရောဂါများ ပျောက်ကင်းစေ၏။

သဘော်ဆီးဖြူပင်၏ အရွက်ကို ဟင်းချိုချက်သောက်ကြပြီး အသီးကိုလည်း စားသုံးကြ၏။ ဆီးဖြူသီးသုံးမျိုး၏ ဂုဏ်သတ္တိများမှာ တောင်ဆီးဖြူသည် လေကို ဖြစ်စေ၏။ နှုတ်ကို မြိန်စေ၏။ သည်းခြေသလိပ်တို့ကို နိုင်၏။ အဆိပ်ကိုနိုင်၏။ သားသန္ဓေကို ဖြစ်စေ၏။ သွေးအန်၊ သွေးကျ၊ ချောင်းဆိုး၊ ရင်ကျပ်၊ ရေငတ်အပူနာများနှင့် အဆိပ်သင့်နာများကိုလည်း ပျောက်ကင်းစေနိုင်၏။

သဘော်ဆီးဖြူသီးသည် သလိပ်၊ သည်းခြေ ဒေါသတို့ကို နိုင်၏။ လေကို ပွားစေ၏။ ဆာလောင်စေ၏။ နှုတ်ကို မြိန်စေ၏။ လေသွားပြွန်များ အပူနည်းစေ၏။ အော့အန်နာ၊ ရေငတ်နာနှင့် မြင်းသရိုက်နာတို့ကို နိုင်၏။ ဆီးဖြူသီး၏ ရသာနှင့် စွမ်းရည်မှာ အငန်မှတစ်ပါး အရသာ ငါးပါးရှိ၏။ သတ္တိအေး၏။ ဝိပါကဒွ ချို၏။ ကြေကျက်လွယ်၏။ ဝမ်းမီးကို တောက်စေ၏။ အစာကိုကြေကျက်စေ၏။ သုတ်သွေးကို ပွားစေ၏။ ဒေါသသုံးပါးစလုံးကို နိုင်၏။ အသက်ကို ရှည်စေ၏။ ဝမ်းသက်စေ၏။ ဆီးဖြူ၊ ဆီးနည်း၊ ဆီးပူခြင်းများကို ပျောက်ကင်းစေ၏။ ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာရောဂါများကိုလည်း နိုင်၏။ ရသာဓာတုကျမ်းအလိုအားဖြင့် ချောင်းဆိုးကင်း၍ အသံသာခြင်း၊ မျက်စိကြည်လင်ခြင်း၊ ပိုးများကို သေစေခြင်းဟု ဖော်ပြထားပေသည်။ အာဟာရဂုဏ်အားဖြင့် ဆီးဖြူသီးသည် ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ သွေးသားဖြစ်မှု၊ အရိုးများပွားစည်းသန်မာမှုကို ဖြစ်စေ၏။ မျက်စိကို ကြည်လင်စေ၏။ အာရုံကြောများ သန်မာစေ၏။ အနာအဆာများ ပျောက်ကင်းပြီး ရောဂါများကို ကာကွယ်နိုင်စွမ်းရှိသည်။ မြန်မာ့ဆေးပညာအလိုအားဖြင့် တင်ပြရမည်ဆိုပါက လေ၊ သလိပ်၊ သည်းခြေတို့ကို နိုင်၏။ သွေးကို ထိုင်းစေ၏။ မျက်စိနာ၊ ပိုးနာတို့ကို ပျောက်ကင်းစေနိုင်၏။ အဆီကို ကျစေနိုင်၏။ လေနာ၊ သလိပ်နာတို့ကို ပျောက်ကင်းစေ၏။ ဝမ်းချုပ်ခြင်း၊ ချွေးငုပ်ခြင်းတို့ကို နိုင်၏။ ယားယံခြင်းကို ပျောက်၏။ ဆီးရှင် ဝမ်းနုတ်ဆေးနှင့် အားတိုးဆေးတို့ ဖော်စပ်နိုင်၏။

ဆီးဖြူသီးကို အချို့သော
မြန်မာအမျိုးသမီးများက
ဖန်ခါးသီးကဲ့သို့ သွေးချုပ်မည်စိုး၍
မစားဝံ့ကြပေ။
အမှန်မှာ လေကိုကြေစေပြီး
ဆီးဝမ်းကို မှန်ကန်စေ၏။

ဆီးဖြူသီးကို အချို့သော မြန်မာအမျိုးသမီးများက ဖန်ခါးသီးကဲ့သို့ သွေးချုပ်မည်စိုး၍ မစားဝံ့ကြပေ။ အမှန်မှာ လေကိုကြေစေပြီး ဆီးဝမ်းကို မှန်ကန်စေ၏။ ဆီးဖြူသီးကို အစိမ်းလိုက်လည်း ငါးပိ၊ ငံပြာရည်များဖြင့် တို့မြုပ်၍ စားကြ၏။ ပြုတ်၍လည်း စားသုံးကြ၏။ ဆားရည်စိမ်၍လည်း ဆားကြ၏။ ထောင်း၍လည်း စားကြ၏။ သားငါးတို့ဖြင့် ရော၍ချက်ပြုတ်စားကြ၏။ ဆီးဖြူသီးခြောက်နှင့် ဝက်သား ချက်စားပါက အရသာလည်းရှိပြီး ကျန်းမာရေးအတွက်လည်း အထောက်အကူပေး၏။

ကျွန်တော်များ အထက်မြန်မာပြည် မန္တလေးမြို့တွင် နေစဉ်က သီတင်းကျွတ်၊ တန်ဆောင်မုန်း ပွဲတော်များတွင် အိမ်တိုင်းလိုလို လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်များဖြင့် ညှိခံ ကျွေးမွေးလေ့ ရှိကြ၏။ ထိုသို့ ညှိခံရာတွင် ငါးပိကြော်နှင့် ဆီးဖြူသီးဆားရည်စိမ်ပါ အိမ်တိုင်းလိုလို ပါဝင်ကျွေးမွေးလေ့ ရှိကြ၏။

ဆီးဖြူသီးကို စားသုံးခြင်းဖြင့် လေကို ကြေစေ၏၊ ခံတွင်းကို မြိန်စေ၏။ လေထိုး,လေအောင့်,လေနာရောဂါများကို ကာကွယ်ပေး၏။ ဆီးပူ၊ ဆီးနည်းရောဂါများကိုလည်း ပျောက်ကင်းစေနိုင်၏။ မျက်စိကိုကြည်လင်စေ၏။ အားကို ဖြစ်စေ၏။ အသက်ကို ရှည်စေနိုင်၏ . . . စသည့် အကျိုးကျေးဇူးများ ရရှိခံစားရမည် ဖြစ်ပေသည်။

www.burmeseclassic.com

## အိမ်တိုင်းလိုလို လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်များဖြင့် ညှော်ခံကျွေးမွေးလေ့ ရှိကြ၏။ ထိုသို့ ညှော်ခံရာတွင် ငါးပိကြော်နှင့် ဆီးဖြူသီးဆားရည်စိမ်ပါ အိမ်တိုင်းလိုလို ပါဝင်ကျွေးမွေးလေ့ ရှိကြ၏။

ဆီးဖြူသီးနှင့်ပတ်သက်၍ ရှေးမြန်မာသမားတော်ကြီးများ ဖော်စပ်သုံးစွဲခဲ့သည့် ဆေးနည်းများကို ဖော်ပြလိုက်ပါသည်။

### (၁) သွေးဒူလာပျောက်ဆေး

| | | |
|---|---|---|
| ၁။ | ဆီးဖြူသီးခြောက် | ၁၀ ကျပ်သား |
| ၂။ | ဆားလှော် | ၃ ကျပ်သား |
| ၃။ | စမုန်နက်လှော် | ၃ ကျပ်သား |
| ၄။ | ကြက်သွန်ဖြူလှော် | ၃ ကျပ်သား |
| ၅။ | ကြောင်ပန်းရွက်ခြောက် | ၂ ကျပ်သား |
| ၆။ | ဆေးပိုးတီ | ၁ ကျပ် ၈ သား |

အထက်ပါဆေးကို အမှုန့်ပြုပြီး နေ့စဉ် ၂(နှစ်ပဲသား)ခန့် စားသုံးပေးပါက သွေးဒူလာရောဂါ ပျောက်ကင်းပါသည်။

### (၂) ကြို့ထိုးရောဂါနှင့် အသက်ရှူပြွန်လမ်းကြောင်းနာပျောက်ဆေး

| | | |
|---|---|---|
| ၁။ | ဆီးဖြူသီးစိမ်း သတ္တုရည် | ၁၀ ကျပ်သား |
| ၂။ | ပိတ်ချင်းမှုန့် | ၁၀ ကျပ်သား |
| ၃။ | ပျားရည် | ၁၀ ကျပ်သား |

အထက်ပါဆေးများ ရော၍ ကော်ဖီဇွန်းဖြင့် တစ်နေ့နှစ်ကြိမ်သောက်က ပျောက်၏။

### (၃) ဆီးဒူလာပျောက် မျက်စဉ်း

| | | |
|---|---|---|
| ၁။ | ဆီးဖြူသီးသတ္တုရည် | ၁၀ ကျပ်သား |
| ၂။ | နမ်းဆီ | ၁၀ ကျပ်သား |
| ၃။ | ကြိတ်မုန်ရွက်သတ္တုရည် | ၁၀ ကျပ်သား |
| ၄။ | နွားနို့ | ၁၀ ကျပ်သား |
| ၅။ | နွယ်ချို | ၁ ကျပ်သား |

အထက်ပါဆေးစုကို ကြေးအိုးဖြင့် ချက်ပြီး ဆီး(စီး)ယောက်မဖြင့် မွှေပါ။ စစ်ပြီးနောက် မျက်စိတွင် ခတ်ပေးပါက မျက်စိနာအမျိုးမျိုး ပျောက်ကင်းစေပါသည်။

### (၄) ဆီး၀မ်းလေမှန်ဆေး

| | | |
|---|---|---|
| ၁။ | ဆီးဖြူသီးခြောက် | ၂၀ ကျပ်သား |
| ၂။ | စမုန်နက် | ၂၀ ကျပ်သား |
| ၃။ | ဆေးပိုးတီ | ၂၀ ကျပ်သား |
| ၄။ | ဇဝက်သာ | ၂၀ ကျပ်သား |
| ၅။ | ကြံစု | ၂၀ ကျပ်သား |
| ၆။ | ပွေးကိုင်း | ၆ ကျပ်သား |
| ၇။ | သိန္ဓော | ၆ ကျပ်သား |
| ၈။ | ဆား | ၅ ကျပ်သား |

စသည်တို့ ဖြစ်ပါသည်။

အထက်ပါဆေးစုကို အမှုန့်ပြုပြီး လျက်ဆားကဲ့သို့ မကြာခဏ လျက်ပေးပါက ဆီး၊ ၀မ်း၊ လေ မှန်ကန်၍ ကျန်းမာကြမည် ဖြစ်ပါသည်။

လိုအပ်သလို ဖော်စပ်သုံးစွဲခြင်းဖြင့် ကျန်းမာကြစေရန် ဆန္ဒပြု ရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

**သမားတော်ကြီးဒေါက်တာသက်ဆွေ**
(ရွှေဆောင်တင်ဆွေ)(မဂ်လဝဗ္ဗဇောတိကာဝ)

**ကျမ်းကိုး**

သမားတော်ကြီး ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)၏ မြန်မာ့ဆေးနည်းတိုနှင့် ဆေးဖက်ဝင်အပင်များ ဆေးကျမ်းမှ။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တံ့ဆေး




ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ၀၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားကနားဝမှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေးတစ်ယော က် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာ အတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ ဆိုသည်မှာ အဆိပ်ရှိသော သတ္တဝါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်…ဖိုးကဲလေး…"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့်မြင်ကွင်းက မကိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲ လဲနေရမည့် ကလေးငယ်သည် ယခုမှ ပြုံးပြုံးရယ်ရယ် ဆော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယဝင်ချင်စရာ။ သည်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က …ဆိုလေသည်။

"အံ့ဩနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ …ခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်။ …ကဲလေးကလည်း အငိုတိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့…တော်တော်လည်းစွမ်းပါလား၊ ဘာဆေးများလဲ ညီမရဲ့…"

"ဒေါ်စိန်ရင်ရဲ့ မရှော့တံဆိပ် မန်းဆေးခဲ တဲ့ အစ်ကိုရဲ့ ပျား၊ ပိတုန်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ ကိုက်ခဲတာကို နိုင်တဲ့ …ပြင် ခြင်ကိုက်ခံရတာ၊ ပိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ၊ ဝက်ခြံ၊ မိတ်ဖု၊ သွေးယား၊ ဆီပူ၊ ရေနွေးပူလောင်၊ ဆီးချိုကြောင့် အနာ …တ်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ"

"ဟာ…တယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး၊ အပြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး၊ ဆီးချို၊ အစားမှား၊ ဆေးမှား၊ မူးမော်… …န်း အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တဝါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် …သာပျောက်ကင်းတယ်တဲ့။ ထိခိုက်ရှနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား၊ ဘယ်မှာများ ဝယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"

"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-၀၈၆-၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေး …ပုံတင်အမှတ် TMR 012013(0516 ) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့…"

"ဟုတ်ပြီများ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်…"

"ကောင်းတာပေါ့ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com

# ဒိန္နပုရကောရီသျှင်းမှပေး
# ဟေမမာလာ

## မောင်ယဉ်မွန်

| စောင်ရေခြည် | ၂၀၀ |




www.burmeseclassic.com

www.burmeseclassic.com

# ဒန္တပူရ ကောရီသခင်မလေး
# ပေါမမာလော

(အခန်းဆက်ဝတ္ထုရှည်)

ထခင်လမှအဆက်

မောင်ယဉ်မွန်(မောင်ဝနေခြည်)

**တာရှေ့ဆီမီးကြီး**

• ပင်လယ်ကမ်းနှင့်နီးသော ထို အုန်းခြံကြီးတွင် နေထိုင်၍ကောင်း သည်ဟု ဆိုရသော်လည်း ထိုခြံကြီး တွင် နာနာဘာဝတွေ ရှိနေသည်။ သို့သော် လူတိုင်းမြင်ရသည်တော့ မဟုတ်ပေ။

ညဥ့်ဦးပိုင်းသို့ ရောက်လျှင် ကြောက်မက်ဖွယ်ရာ ဖြစ်ရပ်တွေနှင့် ရင်ဆိုင်ရတတ်သည်တော့ အမှန်ဖြစ် ပါသည်။ ထိုဖြစ်ရပ်တို့သည် တစ်ရက် မဟုတ်၊ နှစ်ရက်မဟုတ်၊ ထိုကိစ္စကို မသိသူဟူ၍ သခင်မလေးတစ်ပါးသာ လျှင် ကျန်ပါတော့သည်။ ဖြစ်ပုံက တော့ မဆန်းပါ။ ဒါပေမယ့် ဆန်း သည်ဟုလည်း ဆိုနိုင်ပါသည်။ ဖြစ်ပုံ တာ ဒီလိုပါ။

ညသည် တိတ်ဆိတ်လျက် ရှိ သည်။ လေပြည်လေညင်းက တစ် ချက်တစ်ချက် ဝှေကာဝဲကာ တိုက်ခိုက် လာသည်။ လဆန်းရက် လမင်းကြီး သည် ချမ်းရှာလွန်း၍လား မသိ၊ တောင်ဘက်သို့ ဦးခေါင်းစောင်း၍ တွေးကွေးလေး မြင်တွေ့နေရသည်။ နှင်းမှုန်တွေ ဖွေးနေအောင် ကျ နေသဖြင့် ကြယ်ရောင်၊ လရောင်တို့ သည် ကမ္ဘာလောကကြီးသို့ ကောင်း စွာ အလင်းဓာတ်တွေ ဖြန့်ဝေမပေးနိုင် ရှာပေ။

ပင်လယ်လှိုင်း ရိုက်ခတ်သံသည် တစ်ခါတစ်ခါ ခပ်ကြမ်းကြမ်း လေး ပေါ်လာလိုက်၊ တစ်ခါတစ်ခါ သာယာ ငြိမ့်ညောင်းစွာ စီးဆင်းလျက်မို့ စည်း ဝါးမညီသော တေးဂီတသံစဉ်ကို နား ဆင်နေရသလို သံစဉ်မကိုက်လှပေ။

ဒန္တပူ ့မှပါလာသော ရဲမက်နှစ် ဦးသည် အုန်းခြံဝကင်းတဲလေးတွင် မလင်းချင်လင်းချင်နှင့် ပျင်းရိစွာ တောက်လောင်နေသော မီးဖိုလေးမှာ ငုတ်တုတ်ထိုင်၍ ငိုက်မျဉ်းနေကြသ ည်။

"ဂီးဟီးဟီး . . . ဂီးဟီးဟီး"

ငှက်ဆိုးတစ်ကောင်သည် အုန်း ခြံကြီးပေါ်မှ ဖြတ်သန်း၍ အမင်္ဂလာ အသံပြုကြီးနှင့် ဝဲကာပျံသန်းရင်း အော်ဟစ်သွားသည်။

ကင်းသမားသည် ငိုက်မျဉ်းနေ ရာမှ လန့်နိုး၍လာပြီး ထင်းချောင်း များကို မီးတောက်ရန် စုစည်းပေး လိုက်ပါသည်။ ထိုအချိန်တွင် ခွေးအူ သံများ ပေါ်လာသည်။ "အူဝူး . . . ဝူး . . . အူဝူး . . ဝူး" ဆိုသော အသံ များသည် တော်တော်နှင့် အတော မသတ်တော့ပေ။

"ဟေ့ကောင် ဗလ . . ထတော့၊ ခွေးတွေအူနေပြီ"

ကင်းသမားသည် တစ်ယောက် တည်း မနေရဲတော့သဖြင့် သူ၏ အဖော်ဖြစ်သူ ဗလအား နှိုးနေသည်။

"ခွေးအူတာ ဘာဆန်းလို့လဲ၊ ခဏလေးမှေးလိုက်ဦးမယ်"

ဗလသည် ဒေဝအားကျောပေး ၍ အိပ်ပျော်သွားပြန်ပါသည်။ ထို အချိန်တွင် ဝုတ် . . . ဝုတ်ဟူသော ခွေးဟောင်သံများ ပေါ်လာသည်။ ခဏ္ဍအကြာတွင် ခွေးတစ်ကောင် ခဲမှန်၍ ကိန် . . . ကိန်ဟု အော်သော အသံကို ကြားရပြန်သည်။

"ဟေ့ကောင်ဗလ ထတော့၊ ငါ တစ်ယောက်တည်း မနေရဲတော့ဘူး"

"မင်းကွာ၊ ယောကျ်ားမဟုတ်တဲ့ အတိုင်း၊ ငါ့လခွီးမှ" ဟုဆိုကာ ဗလ အိပ်နေရာမှ လူးလဲထလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ခွေးဟောင်သံများသည် သူတို့ခြံနှင့် နီးသည်ထက် နီး၍ လာပါတော့သည်။

"ဗလ လေးနှင့်မြား အသင့်ပြင်ထား။ တို့ဘက်လာနေပြီ"

"ဟုတ်တယ်ကွ။ အသံက တော်တော်နီးလာပြီ။ လာကွာ။ မျှော်စင်ပေါ် တက်ကြည့်ရအောင်"

ဒေဝနှင့် ဗလသည် မြားဘူးနှင့် လေးကိုကိုင်၍ မျှော်စင်ပေါ်သို့ တက်၍လာကြသည်။

ဗလနှင့်ဒေဝသည် မျှော်စင်ပေါ်မှနေ၍ ပင်လယ်ဘက်သို့ ကြည့်လိုက်ကြရာ လူအုပ်ကြီးသည် သူတို့ခြံဘက်သို့ ချီတက်၍လာနေသည်။ နည်းနည်းနောနော လူအုပ်ကြီးမဟုတ်ပေ။

"ဟုတ်ချင်မှ ဟုတ်မှာပါကွာ။ သူတို့ဓနရှာကိုဒီရှာကိုလာတဲ့ သင်္ဘောခရီးသည်ကြီးတွေ နေမှာပါ"

"လူအုပ်ကြီးသည် သူတို့ခြံအနီးသို့ ရောက်သည်နှင့် ခြံတံခါးမှမဝင်။ ခြံစည်းရိုးကို နင်းကျော်၍ ခြံထောင့်ရှိ အိမ်မည်းကြီးဆီသို့ သွားနေကြသည်။ ထိုအိမ်မည်းကြီးသည် လူမနေသည်မှာ ကြာပြီဖြစ်သဖြင့် အမိုးများပင်လျှင် ဆွေး၍နေပါပြီ။ လူအုပ်ကြီးသည် အိမ်မည်းကြီးအတွင်းသို့ တံခါးပင်မဖွင့် တစ်ယောက်ပြီး တစ်ယောက် ဝင်ရောက်၍သွားကြတော့သည်။

"ဟေ့ကောင် အဲဒီအိမ်ကြီးကို ဟိုတုန်းက တည်းခိုသွားတဲ့ ဧည့်သည်တွေနေမှာကွ"

"ဒါဆို ဒီအိမ်ကြီးကို အရင်က တည်းဖူးတဲ့ ဧည့်သည်တွေနေမှာပေါ့"

"ဟုတ်တော့ ဟုတ်မယ်။ ဒါပေမယ့် ဒါရိုးရိုးဧည့်သည်တွေ မဖြစ်နိုင်ဘူးကွ"

"ဒီ ဘာဧည့်သည်လဲ ပြောပါဦး"

"ပင်လယ်တစ္ဆေဧည့်သည်တွေ သင်္ဘောပေါ်က ဆင်းလာကြတာ နေမှာပေါ့"

သူတို့ပြောဆိုနေခိုက် အိမ်ကြီးအတွင်းမှ လူထွားကြီးတစ်ယောက် ထွက်၍ သူတို့ဘက်သို့ လာနေသည်၊

"ဟေ့ကောင် ဗလ။ အသင့်ပြင်ထား တို့ဘက်လာနေပြီ"

ဗလနှင့်ဒေဝသည် လေးညှို့ကိုတင်၊ မြားဘူးမှ မြားတစ်စင်းယူကာ ထည့်လိုက်သည်။

လူထွားကြီးသည် သူတို့နှင့် နီးသည်ထက် နီးလာသည်။ တစ်ကိုယ်လုံး အမွေးအမှင်တွေ ပေါက်နေသော လူထွားကြီးသည် ရင်အုပ်ကားကားကြီးနှင့်မို့ လူသတ်ယောက်ျားကြီးနှင့် တူလှသည်။ သူလမ်းလျှောက်ပုံကလည်း ညင်ညင်သာသာမရှိ။ သစ်ပင်ကြီးတစ်ပင် ရွေ့လျားလာသလို ထီးထီးမတ်မတ်ကြီး နိုင်လှပါသည်။

"ဗလ ပစ်တော့"

ဗွီး . . . ဗွီးဆိုသော အသံနှင့်အတူ မြားနှစ်စင်းသည် ထိုလူထွားကြီး၏ ရင်အုံနေရာမှ ပေါက်ထွက်၍ အုန်းပင်မှာ စိုက်နေတော့သည်။

လူထွားကြီးသည် ခေတ္တရပ်၍ သူတို့နှစ်ဦးအား လှမ်းကြည့်ပြီး ဆက်လျှောက်လာသဖြင့် –

"ဟေ့ကောင် မြန်မြန်လေး
တင်၊ မြားထည့်ပစ်"

သူတို့နှစ်ဦး မြားပစ်ချိန်ဝင်
လိုက်။ လူထွားကြီးက မျှော်စင်ကြီး
တွန်းလှဲပစ်လိုက်ပါတော့သည်။

ဝုန်းဆိုသော အသံကြီးနှင့်အ
အားအားဟူသော အသံများ ထွ
ပေါ် လာပြီး ဗလနှင့် ဒေဝတို့ သ
လစ်သွားတော့သည်။

နံနက်မိုးလင်း၍ ကင်းထဲ
လာကြရာ ဒေဝနှင့်ဗလတို့သည် မျှေ
စင်ကြီးနှင့် ဝါးတစ်ရိုက်အကွာလော
တွင် အိပ်ပျော်နေကြသဖြင့် –

"ဟေ့ကောင်တွေ မိုးလင်း
ထတော့။ တပ်မှူးလေးသိလို့ကတော့
မင်း တို့မချောင်ဘူး၊ ဘယ့်နှယ် တ
သမားတဲ့ အိပ်ပျော်နေလိုက်ကြတာ
ဆင်အော်လို့တောင် နိုးမယ့်လူ
မဟုတ်ဘူး"

နောက်ကင်းသမားက ဆူ
ဒေဝနှင့်ဗလတို့၏ တင်ပါးကို ခြေ
ကန်၍ နှိုးလိုက်သဖြင့် လူးလဲထ
မျှော်စင်ကြီးကို ကြည့်ကြသည် . .
အကောင်းပကတိ သူတို့နှစ်ဦး
ကြောင်ကြောင် ဖြစ်သွားကြသည်
အုန်းပင်မှာလည်း မြားနှစ်စင်းစိုက်
"ဗလ သွားစို့"ဟု ဒေဝက
၍ တဲတန်းသို့ ပြန်ခဲ့ကြသည်၊

ထိုဖြစ်ရပ်တို့သည် တစ်
မဟုတ်။ ညတိုင်းဖြစ်နေသောကြော
ဘိုးသက္ကနှင့် တပ်မှူးလေးနန္ဒတို့
သူတို့ကိုယ်တွေ့များ ပြောပြ
သည်။ တစ်ဦးပြောဆိုလျှင် ယုံ



www.burmeseclassic.com

www.burmeseclassic.com

ခွယ်မရှိ။ ခုတော့ ညကင်းသမားတိုင်း ကြုံတွေ့နေရသည်ဆိုသဖြင့် ထိုသတင်းကို အတည်ဟုယူဆကာ ခြံပိုင်ရှင် အိမ်ကြီးသို့သွား၍ မေးကြရတော့သည်။

"ဟုတ်တယ်ဗျ။ ဒီခြံကြီးဟာ တစ်ချိန်က ဆိပ်ကမ်းမှာ လူစည်ကားတဲ့ တည်းခိုရိပ်သာကြီး ဖွင့်ခဲ့တယ်။ ရှာမှာနှင့်စာရင် အေးအေးလူလူ နေရတယ်။ နေ့ဘက်ပင်လယ်မှာ ရေချိုးလို့ရတယ်။ ဝါသနာပါရင် ငါးမျှားလို့ရတယ်။ အုန်းရည်ကြိုက်သလောက် သောက်လို့ရတယ်။ လွတ်လွတ်လပ်လပ်နေလို့ရတယ်။ ခရီးထွက်တော့မယ်ဆိုရင်လည်း သင်္ဘောဆိပ်နှင့်နီးတော့ အဆင်ပြေတယ်။ ဒါတွေကြောင့် ဒီမှာ လာတည်းခိုသူတွေများတာပေါ့"

"အဲဒီလို စည်ကားနေတဲ့ တည်းခိုခန်းကြီး ပျက်စီးချင်လာတော့ ဒီမှာ တည်းခိုနေကြတဲ့ အဖွဲ့လိုက်ပါသွားတဲ့ သင်္ဘောကြီးတစ်စင်းဟာ ပင်လယ်ပြင်မှာ မုန်တိုင်းမိပြီး အားလုံး သေသွားရှာကြတယ်"

"သူတို့တစ်တွေဟာ ဒီဧည့်ဂေဟာကြီးကို ညစဉ်ရက်ဆက် ပင်လယ်ကြီးထဲကနေ တက်တက်ပြီး အိမ်မည်းကြီးကိုလာခဲ့ကြတာ နှစ်တွေ အတော်ကြာခဲ့ပါပြီ"

အိမ်ရှင်ကြီးဟာ သူ့ခြံကြီး၏ အတိတ်လမ်းကို စိတ်မကောင်းစွာဖြင့် ပြောပြနေပါသည်။ ထိုအခါ ဘိုးသတ္တာလည်း ပြန်၍မေးရပေသည်။

"ခင်ဗျား ဘယ်ဘာသာ ကိုး ကွယ်တာလဲ"

"ဗြဟ္မဏဘာသာပါ"

"ဗုဒ္ဓဘာသာကော သိလား"

"သိပါတယ်။ ကျုပ်အဖေတို့ လက်ထက်က ဗုဒ္ဓဘာသာတွေပါ။ နောက်တော့ ဗြဟ္မဏဘုရင်တွေက ဗုဒ္ဓဘာသာဆိုရင် နှိပ်စက်တယ်၊ ညှဉ်းဆဲတယ်၊ အ ပစ်ရှာဖမ်းတယ်။ ဒါတွေမခံနိုင်တော့လို့ ကျုပ်အဖေ ဗြဟ္မဏဖြစ်သွားရတာပါ"

"ကောင်းပြီ။ ဒါဆိုရင် ခင်ဗျားခြံထဲက ဝိညာဉ်ဆိုးတွေ မောင်းထုတ်ပေးမယ်။ ခင်ဗျား လက်ခံနိုင်မလား"

"ဟာ . . . ဒါဆိုရင် သိပ်ဝမ်းသာပါတယ်ဗျာ။ ကျုပ်ဘာတွေ လုပ်ပေးရမလဲ"

"ဘာမှ ထွေထွေထူးထူး မလိုပါဘူး။ အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး၊ အမွှေးနံ့သာ၊ မီးတိုင်သုံးခုဆိုရင် ရပါပြီ"

"ဟုတ်ကဲ့။ ဒီညနေ ရစေမယ်လို့ ကတိပြုပါ ယ်"

အိမ်ရှင်ကြီးသည် အားရဝမ်းသာစွာဖြင့် မန္တရှကိုဒီဈေးသို့သွား၍ လိုအပ်သည်များ သွားရောက်ဝယ်သည်။ ညနေရောက်တော့ အားလုံး အစုံပါလာသည်။ ဘိုးသတ္တာသည် အိမ်အိုကြီးအနီးတွင် ဘုရားကျောင်းဆောင်တစ်ခု ဆောက်လုပ်စေ၍ ထိုကျောင်းဆောင်ရှေ့ ကွက်လပ်တွင် ဖျာများခင်းသည်။ အားလုံးပြီးသည်နှင့် ဟန်မပျက် သူ့တဲ၊ ကိုယ့်တဲမှာ နေထိုင်စေ၍ ကင်းသမားလည်း ထိုညတွင် မထားတော့ပေ။ ညသည် တိတ်ဆိတ်သည်ထက် တိတ်ဆိတ်နေချိန်။ ဂီး . . . ဂီးနှင့် ငှက်ဆိုးတစ်ကောင်၏ အော်မြည်သံကို ကြားလိုက်ရသည်။

"ဖိုးစိတ္တ . . . အိမ်ကြီးရဲ့နောက်မှာ ပရိတ်သဲတွေ၊ ပရိတ်ချည်တွေ အသင့်ပြင်ခဲ့တယ်နော်"

"အသင့်ပြင်ထားပြီးသားပါဗျာ။ စိတ်ချပါ"

ထိုအချိန်တွင် ခွေးအူသံများ ထွက်ပေါ်လာသည်။

"နီးနေပြီ ဖိုးစိတ္တရေ။ မကြာခင် လာကြတော့မယ်"

ဝုတ် ဝုတ်ဟူသော ခွေးဟောင်သံများ ပေါ်လာသည်။

"ဖိုးစိတ္တ . . . စွယ်တော်ပင့်ထား ရဲ့လား"

ခွေးတွေအသံ နီးလာသည်။ ဘိုးသတ္တာနှင့် ဦးစိတ္တ တဲပြင်မှောင်ရိပ်မှာနေ၍ ကြည့်လိုက်ကြရာတွင် လူအုပ်ကြီးသည် ခြံစည်းရိုးခွကျော်၍ အိမ်အိုကြီးဆီသို့ ဦးတည်သွားနေကြသည်။ လူတွေ နည်းနည်းနောနော မဟု ဘ်ပေ။ သူတို့ တန်းစီ၍ အိမ်ကြီးထဲ ဝင်သွားသည်နှင့် "လာဗျာ ဖိုးစိတ္တ စွယ်တော်ပင့်ပြီး သွားကြစို့"ဟု ဘိုးသတ္တာက ပြောလိုက်လျှင် ဦးစိတ္တ စွယ်တော်ကိုပင့်၍ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

ဘိုးသတ္တာနှင့် ဦးစိတ္တတို့သည် အိမ်ကြီးအနီးရောက်သည်နှင့် ပရိတ်ချည်၊ ပရိတ်သဲများကို အိမ်နှင့် ဘုရားကျောင်းဆောင်ကို ပက်လိုက်သည်။ ထိုအချိန်တွင် အိမ်ရှင်ကြီးက ငှက်ပျောပွဲ၊ အုန်းပွဲများ ယူ၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ခင်းထားသော ဖျာပေါ်မှာ လူအားလုံးစုမိကြသည်နှင့် အမွှေးနံ့သာတိုင်များကို မီးညှိလိုက်ပါသည်။ အားလုံးက လက်အုပ်များချီလျက်ရှိနေချိန် ဘိုးသတ္တသည် စွယ်တော်ကြုတ်ကို မယူ၍ ဖွင့်လိုက်လျှင် ခြောက်သွယ်သော ရောင်ခြည်တော်တို့ ယှက်ဖြာသန်းလျက် ခြံကြီးတစ်ခြံလုံး လင်းထိန်၍ သွားသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊

ဝူး ဂလူး ဝေါဝေါ အူးဝူး ပူပူ ပီပီ စသော အသံပေါင်းစုံ အိမ်ကြီးအတွင်းမှ ထွက်ပေါ်လာပြီး ဝုန်း ဒိုင်း ဂလုံးဂလွမ်းအသံများ ပေါ်လာသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

အိမ်ကြီးမှ မီးခိုးစလေးများ ထွက်ပေါ်၍လာသည်။

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

အိမ်ကြီးမှ မီးညွှန့်လေးများ ထွက်ပေါ်၍လာသည်။

သံဃံ သရဏံ ဂစ္ဆာမိ၊

မီးတောက်ကြီးများ ဖြစ်ပေါ်၍လာပြီး မီးတောက်ကြီးအတွင်းမှ နာနာဘာဝများ မီးတွေစွဲလောင်၍ ပြေးကြသည်။ သို့သော် စည်းကိုကျော်အောင် မပြေးနိုင်ကြပေ။ နောက်ဆုံး မြေတွင်းကြီးများ ဖြစ်ပေါ်လာ၍ နာနာဘာဝများ ကျင်းကြီးအတွင်းသို့ ကျသွားလေတော့သည်။

+++++

## သီတာဒေဝီ

ဘိုးသတ္တတို့ နေထိုင်ကြသော ခြံကြီးသို့ ဓနုရှကိုဒီရွာမှ လူများ တဖွဲဖွဲလာရောက်၍ တစ္ဆေတွင်းကြီးကို ကြည့်ရှုကြသည်။ စပ်စပ်စုစုနိုင်သူများအား တစ္ဆေများကျသွားသော တွင်းကြီးအတွင်းသို့ ကြိုးကိုခဲဆွဲပြီးချကာ မည်မျှအနက်ရှိမည်ကို သိလို၍ စမ်းသပ်ကြည့်သည်။ သို့သော် ကြိုးများစွာ ကုန်ဆုံးသွားသော်လည်း ကြိုးက အောက်အဆုံးထိမရောက်ပေ။ ထို့ကြောင့် နာမည်တစ်ခု ပေးလိုက်သည်မှာ ငရဲတွင်းဟုဖြစ်သည်။

နှစ်ပေါင်းများစွာ လူမနေဝံ့ကြသဖြင့် တိတ်ဆိတ်နေသော အိမ်ကြီးနှင့်ခြံကြီးမှာ ခုတော့ ထူးဆန်းသော ဧည့်သည်များက အိမ်ကြီးအတွင်းမှာ ရှိနေကြသော တစ္ဆေများကို တွင်းကြီးထဲထည့်သွင်း၍ ထားလိုက်ပြီဟူသော သတင်းသည် တစ်မုဟုတ်ချင်း ပျံ့နှံ့၍ သွားတော့သည်။

ထိုသတင်းသည် အမှန်သတင်းဖြစ်သော်လည်း ဟေမမာလာ မင်းသမီးလေးတို့အတွက် အန္တရာယ်ကို ဖိတ်ခေါ်လိုက်သလို ဖြစ်ရတော့သည်။

"တပ်မှူးလေး ဒီမှာဆက်နေလို့ မသင့်တော့ဘူး"

"ဟုတ်ပါတယ် မင်းသားရယ်။ ခု ဆိုရင် ခြံကြီးထဲမှာလည်း လူတွေ အဝင်အထွက် သိပ်များလာတယ်။ ဘိုးသတ္တကိုလည်း တစ္ဆေတွေကို ဘယ်လိုနည်းနဲ့ နှိမ်နင်းတာလဲ၊ ဘယ်လိုအတတ်ပညာတွေနဲ့ တစ္ဆေတွေကို အနိုင်ယူလိုက်တာလဲနဲ့ စုံစမ်းမေးမြန်းနေကြပြီ"

"ဘိုးသတ္တအတွက် စိတ်ချပါ။ သူဟာ အစစအရာရာ စေ့စပ်သေချာတဲ့ ဘိုးသတ္တပါ။ ကျုပ်ပူတာက ခြံရှင်ကြီးကနှုတ်လွန်ပြီး ဒီလူတွေမှာ ဘုရားရှင်ရဲ့စွယ်တော်ပါတယ်လို့ ပြောလိုက်လေမလား စိတ်ပူမိတာပါ"

"ဒါဆို ဒီခြံကြီးက အမြန်ထွက်ကြမှ ဖြစ်မယ်"

တပ်မှူးလေးနန္ဒသည် ဝဏ္ဏနှင့်အတူ သင်္ဘောကျင်းသို့ ဆင်းလာခဲ့သည်။ အုန်းပင်များ၊ ဓနိပင်များဖြင့် စိမ်းစိုနေသော လမ်းကလေးအတိုင်း ထွက်ခွာလာခဲ့ကြရာ . . တစ်နေရာအရောက်တွင် သူတို့ရှေ့မှ အုန်းပင်တစ်ပင်အား မြားတစ်စင်းလာ၍ စိုက်သည်။ နန္ဒသည် မြားစိုက်နေရာသို့ လှမ်းကြည့်လိုက်ရာ စာရွက်တစ်ရွက်ပါလာသဖြင့် ဆွဲယူ၍ဖတ်ကြည့်သည်။

"တပ်မှူးလေး . . သီတာဒေဝီ သင်္ဘောပေါ်လာခဲ့ပါ။ အရေးကြီးသည်။ သီဟိုဠ်သား"

တပ်မှူးလေးသည် စာကိုထုံ ခြေ၍ အကျီရင်ဘတ်တွင်းသို့ ထိုးသွင်းလိုက်ပြီး သင်္ဘောဆိပ်သို့သွားကာ သီတာဒေဝီ သင်္ဘောကိုရှာသည်။

ဆိပ်ကမ်းတွင် ကုန်တင်ကုန် လုပ်နေသော အလုပ်သမားများ ထို တစ်ပါးသို့ ပစ္စည်းများ တင်ပို့ အတွက် အလုပ်များနေကြသော သည်များ၊ ဝင်လိုက်ထွက်လိုက် နေကြသော သင်္ဘောကြီးများ



www.burmeseclassic.com

www.burmeseclassic.com

ငယ်များနှင့် စည်ကားနေသဖြင့် သီတာဒေဝီသင်္ဘောကို ခက်ခက်ခဲခဲ ရှာကြရသည်။ ဆိပ်ကမ်း၏ အစွန်နားတွင် ထီးထီးကြီးရပ်ထားသော သင်္ဘောတစ်စင်းကိုကြည့်လိုက်ရာ သီတာဒေဝီ ဟု ရေးထိုးထားသော စာတန်းကို မြင်ရသည်။ တပ်မှူးလေးနန္ဒနှင့် ဝဏ္ဏတို့သည် သီတာဒေဝီသင်္ဘောရှိရာသို့ လာခဲ့ကြသည်။

သင်္ဘောကုန်းပတ်ပေါ် တက်လိုက်သည်နှင့် –

"တပ်မှူးလေး ကြွပါခင်ဗျာ"

ဟု ဆီးကြိုလေသည်။

တပ်မှူးလေးနှင့် ဝဏ္ဏတို့သည် သင်္ဘောပေါ်ရောက်သွားသည်နှင့် စောင့်ကြိုသူက သင်္ဘောသီးသန့်ခန်းသို့ ခေါ်သွားပြီး တံခါးကို ခေါက်လိုက်သည်တွင် –

"ကိုနန္ဒ ပါခဲ့ရဲ့လား"

ဟု အတွင်းခန်းမှ မေးသည်။

"ပါခဲ့တယ် ဗိုလ်သူရိန်"

ဟု ပြန်လည်ဖြေကြားလျှင် –

"အေး . . . တံခါးတွန်းဖွင့်ပြီး သူတို့ကိုလွှတ်လိုက်ပါ"

အစောင့်သည် တံခါးကို တွန်းဖွင့်၍ နန္ဒနှင့် ဝဏ္ဏတို့ကို ဝင်ကြရန် မျက်ရိပ်ပြသဖြင့် ဝင်ခဲ့ကြသည်။

"ထိုင်ပါ ကိုဝဏ္ဏနဲ့ ကိုနန္ဒ"

တပ်မှူးလေးသည် သူတို့ကို ကြိုတင်သိနေသူအား အံ့ဩစွာ စိုက်၍ ကြည့်လိုက်ရာ –

"အံ့ဩနေကြတယ် ထင်ပါရဲ့။ ဒီလိုပါ ဒန္တပူရဘုရင်ဂုလသီဝမင်း နတ်ရွာမစံမီက ကျုပ်တို့ရဲ့ သီဟိုဠ်ကျွန်း အနုရာဓဘုရင် မဟာသေနမင်းထံ သဝဏ်လွှာတစ်စောင်ရေးခဲ့ပါတယ်"

"အဲ့ဒီသဝဏ်လွှာမှာ သမီးတော် ဟေမမာလာနှင့် သမက်တော် ဒန္တကုမာရတို့ စွယ်တော်နှင့်အတူ သီဟိုဠ်ကျွန်းကို လွှတ်လိုက်ကြောင်း၊ ရောက်ရှိလာပါက သမီးတော်လေးနှင့် သမက်တော်အား ကောင်းမွန်စွာလက်ခံထားရှိပေးပါရန်ပေါ့ဗျာ"

"ဒါပေမယ့် မင်းသမီးလေးနဲ့ ဒန္တကုမာရမင်းသားတို့ ရောက်မလာတော့ မင်းတရားကြီးဟာ စိတ်တော်ပူပြီး ကျုပ်တို့ကို အကြိုတော်လွှတ်လိုက်ပါတယ်။ ဒါနဲ့ ကျုပ်တို့လည်း ခုချိန်ဘယ်နေရာလောက် ရောက်လောက်ပြီနဲ့ နေရာအနှံ့လိုက်ရှာတာ ဘယ်နေရာမှ ရှာလို့မတွေ့ခဲ့ရဘူး။ သတင်းအစအနရတာက သခင်မလေး ဟေမမာလာ၊ သခင်လေး ဒန္တကုမာရတို့နဲ့အတူ တပ်မှူးလေးနန္ဒတပ်ဖွဲ့ ပါသွားကယ်ဆိုတာရယ်၊ မုဆိုးကြီးဦးစိတ္တမိသားစုရယ်၊ မေတ္တာရှင် ဘိုးသတ္တဆိုတာပါသွားတယ်ဆိုတာရယ်၊ တံငါရွာကသူရနှင့် သီဟတို့ပါ ပါသွားတယ်ဆိုတာရယ် သိလိုက်ရပါတယ်။ ဒါနဲ့ ခင်ဗျားတို့ဟာ ပင်လယ်ကို မနူရှုကို ဒီဆိပ်ကနေ ကျော်ဖြတ်ကြမယ်ဆိုတာတွက်မိလို့ ဒီကလာစောင့်နေကြတာပါ"

ဟု ဆိုကာ စားပွဲပေါ်တွင် တင်ထားသော ငွေကြုတ်တစ်လုံးကိုယူ၍ ဖွင့်လိုက်လျှင် ကတ္တီပါစလေး ထွက်လာသည်။ ကတ္တီပါစကို ဖြန့်လိုက်သည်နှင့် –

*"သမီးတော် ဟေမမာလာနှင့် ဒန္တကုမာရမင်းသားအား အနုရာဓဘုရင်က လှိုက်လှဲစွာ ကြိုဆိုပါသည်။*

*မဟာသေန*

*သီဟိုဠ်ကျွန်း*

"ဒါဟာ ကျုပ်တို့ဘုရင်မင်းမြတ်ရဲ့ သဝဏ်လွှာပါခင်ဗျား။ ကိုနန္ဒတို့ဘက်က အသင့်ဖြစ်ရင် သီဟိုဠ်ကျွန်းကို အမြန်သွားကြရအောင်။ သီဟိုဠ်ကရတဲ့ သတင်းအရဆိုရင် ဘုရင်မင်းမြတ်ကြီး ကျန်းမာတော်မမူဘူးဗျ"

"ဘုရင်မင်းမြတ်ကြီးဟာ ဘုရားရှင်ရဲ့စွယ်တော်ကို သိပ်ဖူးချင်နေတာ ကျုပ်တို့အမြန်ရောက်မှ ဖြစ်မယ်"

"ဗိုလ်သူရိန်တို့ အမြန်သွားလိုကြသလို ကျုပ်တို့လည်း ဒီက အမြန်ခွာချင်လှပါပြီ။ သခင်မလေး ဟေမမာလာနဲ့ သခင်လေးကို ဒီကိစ္စတင်ပြပြီး အမြန်ဆုံးစီစဉ်ပါ့မယ်"

ဟု တပ်မှူးလေးနန္ဒက ပြောလိုက်လျှင် –

"မမြန်လို့လည်း မဖြစ်တော့ဘူး တပ်မှူးလေးရဲ့။ ခင်ဗျားတို့တစ်တွေ တစ္ဆေအိမ်ကြီးကို နှိမ်နင်းလိုက်တာတာ လူအများ စိတ်ဝင်စားလာအောင် ဖိတ်ခေါ်လိုက်သလို ဖြစ်သွားပြီလေ။ စွယ်တော်မြတ်ကို မလိုလားသူတွေ၊ ခင်ဗျားတို့နောက် ခြေရာကောက်နေတဲ့သူတွေကို ခင်ဗျားတို့ ဒီမှာရှိနေတယ်လို့ ပြောလိုက်တာနဲ့ တူနေပြီ"

"ဟုတ်ပါတယ် ဗိုလ်သူရိန်



www.burmeseclassic.com

www.burmeseclassic.com

တွက် ကျုပ်တို့ စိတ်ပူနေရပါပြီ။ ဒါကြောင့် သခင်မလေးကလည်း ဒီနေရာကနေ အမြန်ထွက်နိုင်အောင် စီစဉ်ခိုင်းနေပါပြီ"

ထိုအချိန်တွင် အစောင့်သည် တံခါးကိုဖွင့်၍ –

"ဗိုလ်သူရိန် . . ခိရစာရရဲ့တပ်တွေ ခနုရှုကိုဒီရွာကို ရောက်နေပြီတဲ့"

"အေး . . . ဒါဆို တို့တပ်တွေ အုန်းခြံကြီးကို အရင်ရောက်အောင် သွားမှဖြစ်မယ်။ လောလောဆယ် မြင်းသုံးကောင် အသင့်ပြင်ထားပါ"

အစောင့်ထွက်သွားသည်နှင့် ဗိုလ်သူရိန်က –

"ကိုင်း . . . ကိုနန္ဒနှင့် ကိုဝဏ္ဏ အုန်းခြံအမြန်သွားမှဖြစ်မယ်။ လာ သွားကြစို့"

ဟုဆိုကာ ကမ်းပေါ်တက်၍ မြင်းသုံးကောင်စီးပြီး ပြေးခဲ့ကြတော့သည်။ အုန်းခြံသို့ရောက်လျှင် ဒဏ္ဍကုမာရမင်းသားလေးနှင့် ပေမမာလာတို့အဆောင်အရင်ဝင်ကာ အကျိုးအကြောင်း ရှင်းပြ၊ မြင်းရထားဖြင့် အုန်းခြံဂေဟာကြီးမှ ထွက်ကြရန် စီစဉ်လေသည်။

တပ်မှူးလေးနန္ဒသည် ကျွဲချိုကြီးကို ပူးပေါ် . . . ပူးပေါ် . . . ပူးပေါ် ဟု သုံးကြိမ်သုံးခါမှုတ်လိုက်သည်နှင့် တပ်သားများ တဲတန်းလျားသို့ အားလုံးစု၍ လာကြသည်။

"အားလုံး နားထောင်ကြပါ။ သူရနဲ့သီဟ ဆိပ်ကမ်းမှာရပ်ထားတဲ့ သီတာဒေဝီသင်္ဘောမှာ စောင့်နေပါ။ သခင်လေး ဒဏ္ဍကုမာရနဲ့ သခင်မလေး ပေမမာလာတို့ မြင်းရထားနဲ့ မကြာမီ ရောက်လာလိမ့်မယ်။ မင်းတို့ အထူး သတိဝီရိယနှင့် ဆိပ်ကမ်းလုံခြုံရေးတာ ဝန်ယူပါ။ သူ ဇာနဲ့ မူယာ သခင်မနှင့် တစ်ပါတည်းလိုက်သွားပါ။ မင်းတို့ ပစ္စည်းတွေပြင်ရအောင် သွားကြတော့"

ထိုအခါ သီဟနဲ့ သူရ၊ သူဇာနဲ့ မူယာတို့ တဲအတွင်းမှ ထွက်ခွာ၍ သွားကြသည်။

"ကျန်တဲ့သူအားလုံး ရရာလက်နက် အသင့်ပြင်ထားကြပါ။ မကြာမီ ခိရစာရရဲ့ တပ်ကြီး ဒီကိုရောက်လာမယ်။ အားလုံးသွားနိုင်ပါပြီ"

ထိုအခါ ဝဏ္ဏက

"တပ်မှူးလေး ကျုပ်က ဘာလုပ်ရမှာလဲ"

"ခင်ဗျားရယ်၊ ဘိုးဘိုးသတ္တရယ်၊ ဦးစိတ္တရယ် မြင်းစီးပြီး သခင်မလေး မြင်းရထားနောက်က လိုက်သွားပါ။ သီဟိုဠ်ကျွန်းက ဗိုလ်သူရိန်လည်း ပါမယ်"

"တပ်မှူးလေးက မလိုက်ဘူးလား"

"ကျုပ် အခြေအနေကြည့် လိုက်ခဲ့မှာပါ။ အားလုံး ပြင်ဆင်ထားကြပေတော့"

ဟုဆိုကာ တပ်မှူးလေးနန္ဒ ထွက်ခွာသွားသည်။

သူတို့ပြင်ဆင်နေချိန် ခိရစာရ၏ တပ်ကြီးက အုန်းခြံကြီးအား ဝိုင်းရံ၍ ထားလိုက်ပါပြီ။ သခင်မလေး ပေမမာလာနှင့် သခင်လေး ဒဏ္ဍကုမာရတို့လည်း မြင်းရထားပေါ် ရောက်နေကြပေပြီ။ ခိရစာရတပ်ကြီးသည် အုန်းခြံကြီးတစ်ခုလုံးကို ပိတ်ဆို့ထားသည့်အတွက် အခက်ကြုံရပါတော့သည်။

ဒဏ္ဍပူရတပ်သည် အုန်းခြံကြီးအတွင်းမှာ ပိတ်မိနေပါပြီ။ ထိုအချိန်တွင် ခိရစာရတပ်ကို သီဟိုဠ်တပ်ကြီးက ဝိုင်းထားလိုက်သဖြင့် ခိရစာရတပ်သည် ဒဏ္ဍပူရတပ်နှင့် သီဟိုဠ်တပ်တို့၏ ကြားမှာ ပိတ်မိသွားသည်။

"တပ်မှူးလေးနန္ဒ ခင်ဗျားအဖွဲ့ သီတာဒေဝီသင်္ဘောကို မမီလိုက်ဘူးဆိုရင် ရာမသင်္ဘောနဲ့ လက္ခဏာသင်္ဘောတွေ ရှိသေးတယ်။ သူတို့နှစ်စီးက ကမ်းနဲ့ခပ်လှမ်းလှမ်းမှာ ရပ်ထားတယ်"

ဟု ဗိုလ်သူရိန်က ပြောပြနေစဉ်

"တိုက်"

"ကျား"

"ပစ်"

အသံများ ဆူညံသွားပြီး စစ်ပွဲကြီး စပါတော့သည်။

"ဗိုလ်သူရိန် . . သခင်မလေးတို့ မြင်းရထားထွက်နိုင်အောင် လမ်းရှင်းပေးပါ"

တပ်မှူးလေးနန္ဒက ပြောသည်။

ထိုအချိန်တွင် အုန်းပင်များပေါ်မှခုန်ချ၍ ဆင်းလာသော ခိရစာရစစ်သည်များသည် မြင်းရထားကို ဝိုင်းထားလိုက်သည်။

"ကျား"ဟုဆိုကာ ဒဏ္ဍပူရတပ်က ဝင်တိုက်သည်။ ခိရစာရတပ်သည် တစ်ယောက်ကျနှစ်ယောက်တိုက်



www.burmeseclassic.com

www.burmeseclassic.com

စနစ်ဖြင့် ပြေး၍လာသူရှိသလို အုန်းပင်များပေါ်မှ ခုန်ဆင်းလာသူများလည်း ရှိနေသည်။ ဓားသံတွေ တရွမ်းရွမ်း၊ မြားပစ်သံတွေ တဝှီးဝှီး တရှိုးရှိုးနှင့် ခြံကြီးတစ်ခုလုံး ငရဲပွဲကြီးသလို ဆူညံလျက်ပင် ဘိုးသက္ကသည် အနက်ရောင်ဝတ်စုံများ ဝတ်ထားကြသော ခိရစာရတပ်သားများကို လက်ညှိုးညွှန်၍ပြကာ သူ၏ ကျားသစ်ကြီးကို လှောင်အိမ်အတွင်းမှ လွှတ်လိုက်သည်။

"ဟာ . . . ကျားသစ်ကြီးဟေ့"

ခိရစာရ တပ်သားမှန်သမျှ ဓားချက်မိ၍ သေသူ၊ မြားမှန်၍ သေသူအပြင်၊ ကျားသစ်ကိုက်ခံရ၍ သေသူများလည်း မနည်းတော့ပေ။

"မြင်းလှည်းမောင်းတော့"

ဗိုလ်သူရိန်က အော်၍ အမိန့်ပေးလိုက်သည်နှင့် မြင်းရထားကြီးသည် အုန်းခြံလမ်းအတိုင်း ခြံဝမှ ဖောက်၍ထွက်ခဲ့ပါတော့သည်။

မြင်းလှည်းရှေ့မှ လာရပ်သောသူများကို တပ်မှူးလေးနန္ဒနှင့် ဗိုလ်သူရိန်တို့က ရှင်းပစ်သလို မြင်းလှည်းနောက်လာကပ်သော ရန်သူများကို ဘိုးသက္က၊ ဦးစိတ္တနှင့် ဝဏ္ဏတို့က တိုက်ခိုက်ကြသည်။ အုန်းပင်ပေါ်မှ ရန်သူများသည် မြင်းရထား အမိုးပေါ်သို့ ခုန်ဆင်းလိုက်သည်နှင့် ကျားသစ်ကြီးက တစ်ယောက်ပြီး တစ်ယောက် ကိုက်ဝါး ပစ်တော့သည်။

"ကျားသစ်ကို အရှင်မထားနဲ့။ မြားနဲ့ပစ်ကြ"

မြားတို့သည် မြင်းရထားလုံးတွင်ကာထားသော ယမနေပျဉ်ပြားများကို တစ်စင်းပြီးတစ်စင်း တဒုတ်ဒုတ်နှင့်လာ၍ စိုက်သည်။

ကျားသစ်ကြီးက လွှားခနဲ လွှားခနဲနေအောင် ရှောင်ရှား၍ ခုန်ကာ အနက်ရောင်ဝတ်စုံဝတ်ရန် သူများကို တစ်ယောက်ပြီးတစ်ယောက် ငင်ရောက်တိုက်ခိုက်သည်။

ခြံကြီးနှင့် ပင်လယ်ဆိပ်ကမ်းတစ်လျှောက်လုံး ဓားသံတွေ ဆူညံနေသလို ဓားထိမြားမှန်၍ အော်ဟစ်သံတွေ ဆူညံလျက် ဘိုးသက္ကနှင့် ဦးစိတ္တတို့ လက်တွင်းမှာတော့ ဓားမရှိ၊ မြားမရှိ၊ တစ်လံမျှရှည်လျားသော တမလန်းသစ်သားလုံးကြီးတွေနှင့် ဓားနှင့်မြားကို ကာကွယ်နေကြရသည်။

မြင်းရထားကြီးကို ရှေ့မှ တပ်မှူးလေးနန္ဒနှင့် ဗိုလ်သူရိန်တို့က လမ်းရှင်းပေးနေကြသဖြင့် ရန်သူများ ဝိုင်းရံထားသည့်ကြားမှ အတင်းထိုးဖောက်ထွက်လာခဲ့ကြသည်။ သီတာသင်္ဘောကြီးအနီးသို့ရောက်လျှင် မြင်းရထားကြီးကို ရပ်လိုက်သည်။

သီဟနှင့် သူရသည် သခင်မလေးနှင့် သခင်လေးတို့ သင်္ဘောပေါ်တက်နိုင်ရန်အတွက် ရန်သူများအား တိုက်ခိုက်ကာကွယ်နေချိန် နောက်မှ လိုက်လာသော ရန်သူများအား တပ်မှူးလေးနန္ဒ၊ ကိုဝဏ္ဏ၊ ဘိုးသက္က၊ ဦးစိတ္တတို့ ပူးပေါင်းတိုက်ခိုက်ကြသည်။

ဟေမမာလာ မင်းသမီးလေးနှင့် ဒန္တကုမာရမင်းသားလေးတို့အား သင်္ဘောပေါ် အမြန်တက်နိုင်ရန် ဗိုလ်သူရိန်နှင့် သူဇာ၊ မူယာတို့က ကူညီပေးပြီး မကြာမီ သင်္ဘောကုန်းဘောင်ကြီး ဆွဲတင်၍ ကမ်းမှ ခွာလိုက်ပါတော့သည်။

"ကိုနန္ဒ ဘာမှမပူနဲ့။ ရာမနှင့် လက္ခဏာ ရောက်လာလိမ့်မယ်"

သီတာဒေဝီ သင်္ဘောပေါ်မှနေ၍ ဗိုလ်သူရိန် အော်ပြောလိုက်ခြင်းဖြစ်သည်။ ရန်သူများသည် တပ်မှူးလေးအား ဝိုင်းရံထားကြသည်။ သူဇာသည် သင်္ဘောပေါ်မှနေ၍ တပ်မှူးလေးနန္ဒအား လှည့်ကြည့်နေမိသည်။ ခိရစာရ ရန်သူများသည် တပ်မှူးလေးနန္ဒအား အလွတ်မခံလို ဝိုင်း၍ တိုက်ခိုက်ကြရာတွင် တပ်မှူးလေးနန္ဒလက် ဓားထိသွားသည်။ ထိုအခါ သူဇာသည် မျက်နှာကို လက်နှင့်အုပ်ထားလိုက်ပြီး "ကိုနန္ဒ"ဟု အော်ဟစ်လိုက်သည်။

"ဦးစိတ္တ ဆက်တိုက်ထား။ သူတို့တစ်တွေ ဆိပ်ကမ်းကို အကပ်မခံနဲ့"

ဘိုးသက္ကသည် တပ်မှူးလေးအား ပခုံးမှတင်၍ထမ်းကာ ဆိပ်တမ်းသို့ ပြေးလာခဲ့ရင်း အော်ဟာစ်အမိန့်ပေးလိုက်သည်။

ဘိုးသက္က ဆိပ်ကမ်းသို့ ရောက်သည်နှင့် လှေကိုကြိုးဖြေ၍ သီတာဒေဝီသင်္ဘောကြီးနောက်သို့ အမီလိုက်သည်။ ဆိပ်ကမ်းမှာ တိုက်ပွဲကြီးတမရပ်စဲသေး ပေ။ သီဟနှင့် သူရသည် တိုက်ပွဲအတွင်းမှ ထိုးဖောက်၍ ဆိပ်ကမ်းမှ လှေငယ်တစ်စီးအား လှော်ခတ်၍ သီတာသင်္ဘောကြီးနောက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်လာခဲ့ကြသည်။

ဘိုးသတ္တသည် အသက်ကြီးသူဖြစ်သဖြင့် လှေကို ကောင်းစွာ မထိန်းနိုင်၊ ပင်လယ်လှိုင်းများသည် ဝါးတစ်ရိုက်စာခန့် မြင့်မြင့်တက်သွားသဖြင့် လှေငယ်အား လှိုင်းလုံးကြီးအောက် ရောက်မသွားရန် သတိနှင့် ပဲ့ကို ထိန်းနေရသဖြင့် လက်မောင်းတွေလည်း အောင့်လာသည်။ ထိုအချိန်တွင် လှိုင်းတွေကြားမှ သီဟနဲ့သူရတို့ လှေလေး ဘွားကနဲ ပေါ်လာသဖြင့် –

"သူရ . . . သူရ၊ ဒီကိုလာခဲ့ဦးဟော့"

ဟု ဘိုးသတ္တ အော်၍ခေါ်သည်။

"ဟုတ်ကဲ့ ဘိုးဘိုး၊ လာပြီ လာပြီ"

ဟု သူရပြန်၍ အော်ပြောလိုက်သည်။

သူတို့အော်ဟစ် ပြောဆိုနေချိန် ပင်လယ်လှိုင်းကြီး ပုတ်ခတ်လိုက်သဖြင့် လှေငယ်နှစ်စီးမှာလည်း တဖြည်းဖြည်းနှင့် ဝေးသည်ထက် ဝေးကွာခဲ့ကြလေတော့သည်။

+ + + + +

**ပင်လယ်ဓားပြ ကျွန်းသီဟိုဠ်သို့**

ဦးစိတ္တနှင့် ဝဏ္ဏတို့သည် ရန်သူများအား ထိုးဖောက်နိုင်ရန် ကြိုးစားပမ်းစား တိုက်ခိုက်နေကြရသည်။ ဝဏ္ဏသည် မုဆိုးလုပ်စဉ်က တောဝက်နှင့်လည်း တစ်ဦးချင်းယှဉ်၍ အနိုင်ရအောင် တိုက်ဖူးသည်၊ ကျားနှင့်လည်း လုံးဖူးသည်။ တောခွေးအုပ်ကြီးများနှင့်လည်း တိုးဖူးသည်။ ထိုအတွေ့အကြုံများသည် ယခုတော့ များစွာ အထောက်အကူ ရရှိခဲ့ပေပြီ။ ဦးစိတ္တသည် တမလန်းတုတ်ကို ခါးလယ်မှကိုင်၍ ဘယ်ညာလှည့်ကာ ဝှေ့ယမ်းရင်း ရန်သူ၏ ဓား၊ တုတ်၊ မြားတို့အား ကာကွယ်တိုက်ခိုက်နေရသည်။

"အဖေ . . . ရာမသင်္ဘောဆိပ်ကမ်း ရောက်လာပြီ သွားတော့"

ဝဏ္ဏက သူ့အဖေအား ပြေးခိုင်းသည်။

"ဝဏ္ဏ ဆုတ်ရင်းတိုက်၊ ရာမသင်္ဘောပေါ်က တို့ကိုကူတိုက်ပေးမယ့်လူတွေ ဆင်းလာကြပြီ"

ဦးစိတ္တနှင့် ဝဏ္ဏတို့သည် ရန်သူအား ခုခံကာကွယ်ရင်း ဆိပ်ကမ်းဘက်သို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့ကြသည်။

"အဖေ သင်္ဘောပေါ်တက်"

"ဝဏ္ဏ သင်္ဘောပေါ် ခုန်တက်တော့"

သားအဖနှစ်ယောက် တစ်ဦးနှင့်တစ်ဦး ငဲ့ညာနေကြသည်။ ဦးစိတ္တသည် တမလန်းတုတ်ကို ထောက်၍ သင်္ဘောပေါ်သို့ ခုန်တက်လိုက်သည်။

"ဝဏ္ဏ ခုန်တက်ခဲ့"

ဝဏ္ဏသည် ရန်သူတစ်ဦး၏ ဦးခေါင်းကို သူ၏ဓားကြီးဖြင့် ပိုင်းဖြတ်ချလိုက်ပြီးတာနှင့် သင်္ဘောရှိရာသို့ ပြေးလာသည်။ သင်္ဘောကြီးကလည်း ဆိပ်ကမ်းမှ တရွေ့ရွေ့ ခွာစပြုနေပါပြီ။ မခွာပါက ရန်သူများ သင်္ဘောပေါ် တက်လာနိုင်သည်။

"ဝဏ္ဏသား . . ပြေးခဲ့"

ဝဏ္ဏသည် အားကုန်သုံး၍ ပြေးလာပြီး ဆိပ်ကမ်းမှ ခွာစပြုနေသော သင်္ဘောပေါ်သို့ လွှားကနဲနေအောင် ခုန်လိုက်သောအခါ လှံတံတစ်ချောင်းသည် ဝှီးခနဲမည်ကာဝဏ္ဏကျောပြင်ကို ဖောက်၍ဝင်သွားသဖြင့် ဝဏ္ဏသည် ရေထဲသို့ ဝုန်းခနဲ ပြုတ်ကျသွားတော့သည်။

"ဝဏ္ဏ . . သား၊ သားကြီးဝဏ္ဏ"

ဦးစိတ္တ၏ အော်ခေါ်လိုက်သော အသံကြီးသည် ပင်လယ်တစ်ပြင်လုံး ပဲ့တင်ရိုက်ခတ်သွားတော့သည်။ ရာမသင်္ဘောကြီးသည် လှိုင်းတွေကြားမှာ လူးတာလိမ့်ကာ တရွေ့ရွေ့ ဆိပ်ကမ်းမှ ထွက်ခွာခဲ့ပါပြီ။

သီဟိုဠ်စစ်သည်များနှင့် ဒန္တပူရစစ်သည်များသည် သွေးစက်စက်ကျနေသော ဓားများကိုကိုင်လျက် သင်္ဘောကုန်းပတ်ပေါ်မှနေ၍ ဓနုရကိုဒီ ဆိပ်ကမ်းကြီးဆီသို့ မျှော်ကြည့်နေကြသည်။ လက္ခဏာသင်္ဘောကြီးနှင့် ဟနုမာသင်္ဘောကြီးတို့လည်း သီဟိုဠ်စစ်သည်များနှင့် ဒန္တပူရစစ်သည်တော်များအား တင်ဆောင်လျက် သူတို့နောက်မှ လိုက်လာကြသည်။

ရန်သူ့နယ်မြေနှင့် ဝေး၍လာသောအခါမှာတော့ စစ်သည်များသည် ဓားတွေပစ်ချပြီး သွေးအထပ်ထပ်ဖြစ်နေသောလက်များကို ပင်လယ်ရေနှင့် အထပ်ပေါင်းများစွာ ဆေးကြောနေကြသည်။

ဦးစိတ္တသည် သူ၏တမလန်း

www.burmeseclassic.com

တုတ်ကြီးအား ညာလက်နှင့် တင်းကျပ်စွာကိုင်ဆောင်ထားလျက် သဘော်ကုန်းပတ်ပေါ်မှာ ထိုင်ချလိုက်သည်။ လူကထိုင်နေသော်လည်း စိတ်ကတော့ သားဝဏ္ဏ၏ ရုပ်ပုံလွှာများကိုသာ မြင်ယောင်နေမိတော့သည်။ ခုချိန်ထိတော့ ဝဏ္ဏသေသည်ဟု သူမယုံကြည်နိုင်သေးပေ။ တစ်နေ့ရာရာတ ဝဏ္ဏ ဘွားခနဲပေါ်လာနိုးနှင့် မျှော်လင့်လျက်ပင် ရှိနေ၏။

ရာမသဘော်ကြီးကတော့ လှိုင်းလုံးကြီးတွေကြားမှာ လူးကာလွန့်ပါလို့ မလျှော့သောဇွဲနှင့် ရှေ့ခရီးဆက်လျက်ပင် ရှိတော့သည်။

\+ + + + +

"နန္ဒ ဘယ်လိုနေသေးသလဲ"

ဟု ဘိုးသဏ္ဍကက မေးသည်။

"လက်ကဒဏ်ရာကို အဝတ်နဲ့ စည်းထားပြီးပါပြီ။ ပခုံးဒဏ်ရာကတော့ နည်းနည်းနာနေသေးတယ်"

နန္ဒသည် သူ၏ပခုံးမှ ဒဏ်ရာကို ညာဘက်လက်နှင့် အုပ်ထားလျက်က ပြောနေခြင်းဖြစ်သည်။

"ဟိုနှစ်ကောင်ရဲ့လှေ ဘယ်ပျောက်သွားတယ် မသိဘူးကွယ်။ လှိုင်းတွေရိုက်တာနဲ့ ပျောက်သွားလိုက်တာ။ ပေါ်မလာတော့ဘူး"

"သူတို့အတွက် မပူနဲ့ ဘိုးသဏ္ဍရေ။ ဒီကောင်လေးတွေက ရေထဲကငါးတွေလိုနေတာ။ သူတို့က အရွယ်ရောက်ကတည်းက ပင်လယ်ကြီးထဲမှာ နေ့တိုင်း ပညာသင်ခဲ့တဲ့လူတွေဗျ"

သူရနှင့် သီဟတို့နှစ်ဦးအား ဆိုခြင်းဖြစ်သည်။ ပင်လယ်ရေသည် ယခုတော့ ငြိမ်သက်လျက်ရှိနေပြန်သည်။

"ဘိုးသဏ္ဍ ဟိုနှစ်ကောင်ရဲ့လှေကို မြင်နေရပြီဗျို့"

ဟု နန္ဒက အားရဝမ်းသာအော်ပြောလိုက်ခြင်းဖြစ်သည်။ ဘိုးသဏ္ဍသည် သူ၏လှေကို သီဟနှင့် သူရတို့လှေဘက်ဆီသို့ ဦးတည်၍ လှော်ခတ်လိုက်သည်။

"ဘိုးသဏ္ဍ . . ဘာစားစရာ ပါခဲ့သေးလဲ"

နန္ဒ ဗိုက်ဆာလာသဖြင့် မေးလိုက် ခြင်းဖြစ်သည်။ ဘိုးသဏ္ဍသည် တက်ကိုအသာချပြီး သူ၏လွယ်အိတ်ကြီးအတွင်းသို့ လက်နှိုက်ရင်း စားစရာရှာသည်။

"ရော့ . . ဒါ ထမင်းခြောက်ကို လှော်ပြီး ပျားရည်နဲ့ လုံးထားတာ။ မင်းအတွင် သုံးလုံးရမယ်။ ဒါပေမယ့် တစ်ခါစားမှ တစ်လုံးစားရမယ်"

ဟုဆိုကာ နန္ဒလက်သို့ ပျားမုန့်တစ်လုံး ပေးလိုက်သည်။

"ဘိုးသဏ္ဍရယ် . . ဒီပျားမုန့်လေးတစ်လုံးနဲ့ ဘယ်တဝမှာလဲဗျ"

"ဟေ့ . . နန္ဒ။ မင်းကိုငါ ဘုရင်ပွဲတော်ကျတောင်းပြီး ဆက်သနေတာ မဟုတ်ဘူးကွဲ့။ ပင်လယ်ခရီးဆိုတာ ဘယ်နေ့ဘယ်ရောက်မယ်လို့ ကြိုသိရတာ မဟုတ်ဘူး။ အစားအစာဆိုတာ စားလေစားလေ ငတ်ကြီးကျလေဆိုတာလည်း မှတ်ထား။ တို့ဘုရားရှင် ဘုရားအဖြစ်ရပြီး ၄၉ ရက်ကြာမှ ပျားမုန့်ဆွမ်းတစ်နပ် ဘုဉ်းပေးတော်မူတယ်။ တို့လည်းလမ်းမှာ ဘယ်နှရက် ငတ်မယ်ဆိုတာ မပြောနိုင်သေးဘူး မောင်"

နန္ဒ ငြိမ်ကျသွားသည်။ ဟုတ်လည်းဟုတ်ပေသည်။ မိမိတို့လမ်းမှာ ဘယ်နှရက် နေရမည်မသိနိုင်ပါ။

"ဟေ့ . . . သီဟနဲ့ သူရ"

ဘိုးသဏ္ဍသည် သီဟနှင့် သူရတို့လှေရှိရာသို့ လှမ်း၍အော်သည်။ ဟိုက ကြားပုံမရပေ။ ဘိုးသဏ္ဍအသက်က ကြီးလာပြီမို့ လက်မောင်းတွေ အောင့်၍နေပြီး လှေတက်ကို ကောင်းစွာ မကိုင်နိုင်တော့ပေ။

"ရွှီ . . ရွှီ . . . ရွှီ"

တပ်မှူးလေးနန္ဒသည် လက်ညှိုးလေးကိုကွေး၍ ပါးစပ်မှာတေ့တာ မှုတ်လိုက်ခြင်းကြောင့် စူးရှသောအသံထွက်ပေါ်လာခြင်းဖြစ်သည်။

သီဟနှင့်သူရသည် ဘိုးသဏ္ဍတို့ လှေကိုမြင်သွားသဖြင့် လှေဦးလှည့်ကာ အမြန်လှော်ခတ်၍လာကြတော့သည်။ လေက ငြိမ်ချက်သားကောင်းနေသဖြင့် လှိုင်းများမရှိပေ။ သူတို့၏ ညာဘက်ခြမ်းဆီမှာတော့ ကျောက်တန်းကြီးကိုမြင်နေရပါပြီ။ ထိုကျောက်တန်းကြီးကတော့ ဟနုမာ ကျောက်တန်းကြီးပင် ဖြစ်ပေသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

မောင်ယဉ်မွန်(မော်ဝ်နေ့ဩည်)



www.burmeseclassic.com

www.burmeseclassic.com

# ဝန်ကြီး
# ပဒေသရာဇာ


**ပုညိမ်မောင်သောင်းယဉ်**

စာဆိုဝန်ကြီး ပဒေသရာဇာ ဂူဗိမာန်ကို သန်လျင်၊ ကျောက်ဘန်း၊ ခရမ်း၊ သုံးခွမြို့များကို ဖြတ်သန်းသွားလာကြသည့် ဘုရားလမ်းမကြီး၏ အနောက်ဘက် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ မြောက်ဘက် ဝတ္တကမြေ အတွင်းမှာ ထင်ထင်လင်းလင်း၊ ထီးထီးမားမား တွေ့မြင်ကြရမှာ ဖြစ်ပါသည်။

လေးဘက်လေးတန် ရှေ့ရှိရောင်လွှမ်းနေသည့် အုတ်တံတိုင်းညိုညိုတွေ ကာရံထားပြီး သစ်ပင်တွေအုပ်အုပ်ဆိုင်းဆိုင်းနဲ့ ပေ ၂၀ ပတ်လည်လောက်ရှိမယ့် အုတ်ဂူညိုညို အတွင်းမှာ စာဆိုဝန်ကြီး အိပ်စက်အနားယူနေခဲ့တာ အခု နှစ်ပေါင်း ၂၅၀ ကျော်ခဲ့ပြီ ဖြစ်ပါသည်။

သစ်ပင်တောအုပ် ညို့ညို့မှိုင်းမှိုင်း၊ အုတ်တံတိုင်း လေးဘက်အပေါ်မှာလည်း သံဆူးကြိုးတွေ ကာရံလို့ ခိုင်ခိုင် ခံ့ခံ့တည်ဆောက်ထားတာမို့ ထောင်ငယ်အသေးလေးတစ် လိုပင် ထင်လိုက်မိသည်။

အုတ်ဂူအတွင်း ဝင်လမ်းဘေးမှာ နောက်ခံအပြ






www.burmeseclassic.com

www.burmeseclassic.com

ရောင်နဲ့ ရေးထိုးထားသော ရှေးဟောင်းသုတေသနဦးစီးဌာန၏ ဆိုင်းဘုတ်တစ်ခုမှာ -

- မြန်မာသက္ကရာဇ် (၁၀၃၄-၁၁၁၄)၊ ခရစ်နှစ် (၁၆၇၂-၁၇၅၂) ဝန်ကြီးပဒေသရာဇာကို အင်္ဂါမင်းလက်ထက်တွင် ဖခင်ရွှေကြပ်စား၊ မိခင်အချိုတော်တို့မှ မြန်မာသက္ကရာဇ် (၁၀၃၄)ခုနှစ်တွင် ဖွားမြင်သည်။
- ပျို့၊ ကဗျာ၊ လင်္ကာအမျိုးမျိုး ရေးသားခဲ့သည့် ဂီတစာဆိုတစ်ဦးဖြစ်ပြီး ဘွဲ့၊ ကြိုး၊ သီချင်းများ ရေးသားခြင်းတွင် ထူးခြားပြောင်မြောက်သူ ဖြစ်သည်။
- ဒုတိယအင်းဝခေတ်(ညောင်ရမ်းခေတ်) အင်္ဂါမင်းလက်ထက်တွင် ပေါ်ပေါက်လာပြီး ကြာသပတေးမင်း(ဟံသာဝတီရောက်မင်း) လက်ထက်တိုင် မင်းလေးဆက်တွင် အမှုထမ်းခဲ့သူ ဖြစ်သည်။ နန်းတွင်းစာဆိုဖြစ်သော်လည်း ထီးမူနန်းဟန်သာမက ကျေးလက်တောရွာလေ့ ပိုင်နိုင်ကျွမ်းကျင်သူဖြစ်သည်။
- စာဆိုသည် အမှုထမ်းကောင်းတစ်ဦးဖြစ်သည့်အလျောက် လက်ဝဲရွှေတောင်ဘယကျော်သူ၊ မင်းလှမင်းရဲကျော်ထင် စသည့်ဘွဲ့များလည်း ချီးမြှင့်ခံခဲ့ရပါသည်။
- မြန်မာသက္ကရာဇ် (၁၁၁၄)ခုနှစ်တွင် ဟံသာဝတီဥပရာဇာက အင်းဝကို တိုက်ခိုက်အောင်မြင်၍ မင်းနှင့်တကွ ဝန်ကြီးပဒေသရာဇာကိုပါ ဟံသာဝတီသို့ ယူဆောင်ရာတွင် ဝန်ကြီးပဒေသရာဇာမှာ ထိုနှစ်တွင်ပင် ကွယ်လွန်၍ ယင်း၏အထိမ်းအမှတ်ဂူကို ဤဒေသ (သန်လျင်ကျိုက်ခေါက်စေတီအနီး)တွင် တည်ထားခဲ့သည်ဟု ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။

ဩော်…သည်နေရာ၊ သည်အရပ်မှာ ရတု၊ ကဗျာ၊ ပျို့၊ တျာချင်း၊ ချင်းများနဲ့ ဂီတသီချင်းပေါင်းများစွာ ဇာတ်ဘွဲ့များပါမကျန် ရေးသားသွားခဲ့သည်။ မြန်မာ့စာပေလောကရဲ့ ဟိုး…ရာဇဝင်ခေတ်ကစပြီး ယနေ့ထိတိုင် ဂန္ထဝင်တင် ဦးထိပ်ပန်ဆင်နေရသည့် စာဆိုတော်ဝန်ကြီးပဒေသရာဇာ အသက်အရွယ် အိုမင်းယိုယွင်းလာသည့် ဇရာဒုက္ခ၊ သခါရကို မလွန်ဆန်နိုင်ဘဲ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကို ဦးခေါင်းတော်တိုက်လို့ လျောင်းစက်နေသဖြင့် နှစ်ပရိစ္ဆေဒတွေ ကြာညောင်းပါပေါ့လားလို့ တွေးလိုက်မိပါ၏။

အင်းဘုရင် တနင်္ဂနွေမင်းကြီးလက်ထက်တော်အချိန်ခန့် စာပေလောကရဲ့ မော်ကွန်းတန်ဆောင် မီးရှူးရောင် မှန်နန်းရာဇဝင်တော်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်များကို ရေးသားသွားသည့် "စဉ့်ကိုင်ရွာသူဌေးကြီး ဒေဝသေဋ္ဌနှင့်သူဌေးကတော် မဏိသြယ်တို့၏သား စာဆိုတော်ဦးကုလား" နှင့် တစ်ခေတ်တည်း ကျော်ကြားခဲ့သည့် စာဆိုရှင်ဝန်ကြီးပဒေသရာဇာသည် ရတနာပူရ အင်းဝနေပြည်တော်တွင် ညောင်ရမ်းမင်းဆက် ဆယ်ဆက်အနက် ရှစ်ဆက်မြောက်မင်းအဖြစ် သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်မှာ နန်းတက်တော်မူသည့် စနေမင်းလက်ထက်၌ စရေးစကိုင်အဖြစ်ဖြင့် အမှုတော်ထမ်းရင်း ကဗျာလင်္ကာများ လေ့လာရေးသားခဲ့ပါသည်။ ထိုအချိန်၌ စာဆိုဝန်ကြီး၏ အသက်မှာ ၁၅ နှစ်ကျော်မျှသာ ရှိပါသေးသည်။

> ထိုစာဆိုများထဲတွင်
> ရာထူးဌာနန္တရ၊ ဂုဏ်ထူးဆောင်
> ဘွဲ့များ ချီးမြှင့်ခြင်းခံရရာတွင်
> မှူကား ယခု သန်လျင်မြို့တွင်
> ခေါင်းချအိပ်စက်
> ဘဝဟောင်းကိုစွန့်ပစ်လို့
> ဘဝသစ်ကို ထွက်ခွာသွားသည့်
> စာဆိုဝန်ကြီးပဒေသရာဇာကို
> မည်သူမှ မမီပါပေ။



www.burmeseclassic.com

www.burmeseclassic.com

ထန်းပင်ထန်းတောတွေ၊
စပါးနှံလယ်ကွင်းတွေ၊
သီးနှံယာခင်းတွေ၊ တောတောင်
ရေမြေ၊ မြစ်ချောင်းအင်းအိုင်တွေ၊
အခြေခံလူတန်းစားတွေ
မပျောက်မပျက်တည်ရှိနေသမျှ
စာဆိုဝန်ကြီး ပဒေသရာဇာ၏
စာပေတွေ ပျောက်သွားမှာ
မဟုတ်သည်မှာ အသေအချာပါပဲ။

သက္ကရာဇ် ၁၀၇၆ ခုနှစ်တွင် နန်းတက်တော်မူသော တနင်္ဂနွေမင်းလက်ထက်တွင် ဆက်လက်အမှုတော်ထမ်းပြီး ကဗျာလင်္ကာများ ရေးသားဆက်သွင်းခဲ့ပါသည်။ ထိုအချိန်မှ စ၍ ရတု၊ ကဗျာ၊ ပျို့ ချေင်းများ ရေးသားရာတွင် အထူးပင် ကျော်ကြားလာပြီး သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် နန်းတက် တော်မူသည့် ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးအထိ မင်းသုံး ဆက်တိုင်တိုင် အမှုတော်ထမ်းခွင့်ရသည့် စာဆိုကြီးဖြစ်လာ ပါသည်။ (အင်္ဂါမင်းလက်ထက်တွင် မွေးဖွားခဲ့သဖြင့် အချို့ က မင်းလေးဆက်စာဆိုဟုလည်း ဆိုကြပါသည်။)

စာပေအမျိုးမျိုး ရေးသားမှု ကျွမ်းကျင်နိုင်နင်းခြင်း၊ သစ္စာရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းများကြောင့် မင်းလှကျော် ထင်ဘွဲ့နှင့် အသည်ဝန်ကြီးပါ ခန့်အပ်ခြင်းခံရပါသည်။ ဟံသာ ဝတီရောက် မင်းကြီးမှာ ရတုကဗျာစပ်ဆိုခြင်းကို ကိုယ်တော် တိုင်နှစ်သက်တော်မူသဖြင့် စာဆိုအရာမှာ ကျွမ်းကျင်နိုင်နင်း လှသည့် ဝန်ကြီးကို ချစ်မြတ်နိုးစွာ "စာဆိုကြီး"ရယ်လို့ အတွတ်အမြတ်ခေါ်ပြီး တောင်ငူခေတ်တွင် အလွန်ကျော်ကြား သည့် ရတုဘုရင် နတ်သျှင်နောင်နှင့် ဘွဲ့တူ နတ်သျှင်နောင် ဘွဲ့၊ ပဒေသရာဇာဘွဲ့၊ ပဒေသရာဇ်ဘွဲ့၊ မြို့တွင်းနတ်သျှင်ဘွဲ့၊ မြို့တွင်းရှင်ဘုရင်ဘွဲ့များ ထပ်မံပေးသနားချီးမြှောက်တော်မူ ခြင်း ခံရပြန်ပါသည်။

ထိုဘွဲ့များတွင် "ပဒေသရာဇာ"ဘွဲ့မှာ မင်းမှုထမ်းကျေး ကျွန်တို့ လွန်စွာရနိုင်ခဲသောဘွဲ့ ဖြစ်ပါသည်။ မင်းနှင့်မခြား တန်ဖိုးထားသည့် "ရာဇာ"ပါရှိနေခြင်းက ထင်ရှားပါသည်။

မင်းကြီးသည် စာဆိုဝန်ကြီးကို ချီးမြှောက်သည်နှင့် အတူ စာဆိုဝန်ကြီး၏ ဇနီးနှစ်ယောက်ကိုလည်း "ဒေဝီ"ဘွဲ့ များ ပေးသနားပြီး ဝေါပလာကျိုင်း၊ ရွှေချက်နှစ်စင်း ထပ်ဆင့် ချီးမြှင့်ပေးပြန်ပါသည်။ စာဆိုဝန်ကြီးထပ်မံရရှိသည့် အခြားဘွဲ့ များမှာ လက်ဝဲရွှေတောင်ဘွဲ့၊ ဘယကျော်သူဘွဲ့၊ မင်းရဲမင်းလှ ကျော်ထင်ဘွဲ့များ ဖြစ်ပါသည်။

ရာဇဝင်အဆက်ဆက်၊ မင်းအဆက်ဆက်၊ ခေတ် အဆက်ဆက်တွင် ထင်ပေါ်ကျော်ကြားသည့် အမျိုးသား စာဆိုတော်ပေါင်းများစွာ ရှိခဲ့ကြပါသည်။ ဥပမာ - နတ်သျှင် နောင်၊ ပြည်နဝဒေးကြီး၊ ဝက်မစွတ်နဝဒေး၊ လက်ဝဲသုန္ဒရ၊ မြဝတီမင်းကြီးဦးစ၊ အနန္တသူရိယ၊ ဗိုလ်သူတော်ဦးမင်း၊ လှုဦးမင်း၊ ဦးတိုး၊ ဦးကုလား၊ ဦးဖျော်၊ ဦးပုည၊ ဦးပေါ်ဦး၊ ဦးကြင်ဥ အစရှိသဖြင့်များစွာ ရေမကုန်အောင်ပါ။ ရဟန်းစာဆို၊ အမျိုး သမီးစာဆိုများပါရေရလျှင် ရာကျော်စာရင်းရှိမည် ထင်ပါသည်။

ထိုစာဆိုများထဲတွင် ရာထူးဌာနန္တရ၊ ဂုဏ်ထူးဆောင် ဘွဲ့များ ချီးမြှင့်ခြင်းခံရရာတွင်မူကား ယခု သန်လျင်မြို့တွင် ခေါင်းချအိပ်စက် ဘဝပျောင်းကိုစွန့်ပစ်လို့ ဘဝသစ်ကို ထွက် ခွာသွားသည့် စာဆိုဝန်ကြီးပဒေသရာဇာကို မည်သူမှ မမီပါပေ။

ဝန်ကြီးပဒေသရာဇာရေးခဲ့သည့် စာတွေမှာ ပျို့ကြီး ခုနှစ်စောင်ဟုခေါ်သည့် သုဇာပျို့၊ မဃဒေဝကက်ပျို့၊ ကျေးဇူးတော် ပျို့၊ ယိုးဒယားသံရောက်ပျို့၊ ကုမ္ဘာဘယပျို့၊ သမုဒ္ဒဃောသပျို့၊ မနော်ပျို့အပြင် အခြားပျို့များနှင့် ချေင်း၊ တျာချင်း၊ ရတု၊ ၃၇ မင်းနတ်ချင်း၊ ဘုန်းတော်ဘွဲ့ဇာတ်ချင်းများ၊ ဂီတသီချင်း များအပြင် မဃဒေဝကက်နန်းတွင်းဇာတ်များ ပါဝင်ပါသည်။

"နွှေဦးကာလ မြူထသောအခါ" ထန်းတက်သမားဘွဲ့ တျာချင်းမှာ စာပေလောကအတွက် အကျိုးများလှသလို "မြန်မာမှန်ရင် အညာပုဂံကို ရောက်ဖူးရမယ်။ အညာသား မှန်ရင် ထန်းပင်တက်တတ်ရမယ်"ဟု ရေးလူကြီးသူမများ ဆိုစကားရှိသကဲ့သို့ ဂန္ထဝင်မော်ကွန်းတွင်အောင် မြန်မာ့စာပေ လောကမှာ ကမ္ဗည်းထိုးကျန်ရစ်ခဲ့တာ အမှန်ပါပဲ။

အညာပုဂံ၊ ဖလန်ကန်ရွာသား စာရေးဆရာ၊ တွေ့တွန်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဆရာကြည်ဝင်းရဲ့ "မြန်မာ့မြေမှ မြန်မာ့ထန်း"၊ စာရေးဆရာကြီး ဆရာတက္ကသိုလ်စိန်တင်၏ "ထန်း"၊ ဆရာ မောင်လင်းသူ(ညောင်ဦး)၏ "ထန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ သိကောင်းစရာ" စသည်ဖြင့် ရေးခဲ့ကြသည်မှာ စာဆိုဝန်ကြီး ပဒေသရာဇာက ရှေ့ဆောင်လမ်းပြဖြစ်ခဲ့ပါသည်။

ရေးဖော်သူငယ်ချင်း ဆရာညွန့်ဝင်းကို၏ ဦးလေး ဆရာဖြစ်သူ စာရေးဆရာကြီး မောင်မောင်မြ(၁၉၃၀-၁၉၉၂) သည်လည်း "နွေဦးကာလ မြူထသောအခါ"ဖြင့် ၁၉၆၇ ခုနှစ် အမျိုးသားစာပေ ဒုတိယဆု ရရှိခဲ့သည်အထိ စာပေ အလင်းဆောင်ခဲ့သည့် စာဆိုဝန်ကြီးပဒေသရာဇာ၏ "နွေဦး ကာလ မြူထသောအခါ အစချီ" တျာချင်းကို ဖတ်ရှုမှတ်သားစေလိုပါသည်။

> **တောသူတောင်သား ရိုးသားလှသည့် လယ်သမားဘဝပကတိအခြေအနေကို ကွက်ကွက်ကွင်းကွင်း မြင်သာအောင် ရေးဖွဲ့ထားသည့် "လယ်သမားဘွဲ့တာချင်း"မှာလည်း ခေတ်အဆက်ဆက် ဖတ်ရတိုင်း မရိုးနိုင်လောက်အောင်ပါ။**

■ နွေဦးကာလ၊ မြူထသောအခါ
ရင်းတောင်ရင်းအွဲ၊ ဆောင်မြဲအိုးကိုလွယ်ကာ
မားနီးထက်စွာ၊ ခါးမှာချပ်လျက်
ထန်းပွင့်ထန်းခိုင် ရွှန်းမြိုင်မြိုင်
ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး…။

■ ခေါ်သံရိုက်ဟည်း၊ လှလည်းကြော်ကြွာ
ခွေးဟစ်လူဟစ်၊ ခတ်ပစ်ကယ်ခြောက်သောအခါ
ပုတတ်,ယုန်,ခါ၊ တောမှာသာရှိ
ငုံး,ကြက်ကာယ်,ဖွတ်,မြွေ,ဝံပုလွေ
မနေထွက်လာကြသည်တည့်လေး…။

■ ဝမ်းသာအားရ မယားကတစ်သွယ်
ဟင်းရွက်ဆိုးကောင်း သောင်းပြောင့်ရော၍လွယ်
လင်ကတစ်သွယ်၊ ယုန်ငယ်ကစ
တောသတ္တဝါတွေ့တိုင်းသာ
အိတ်မှာသာယူ၍ ချသည်နှင့်လေး…။

■ သို့နှင့်ရောက်က၊ ခထာအောင့်လျှင်
တံစို့တက်နှင့်၊ ထန်းလျက်ဖိုမှာကင်
ဟင်းအိုးဆုလျှင်၊ အကင်ခတ်ပြီး
အိုးကင်းနှင့်လော့ ရေနှင့်ကြော်
မိုးမျှော်ရတ်သီးငယ်နှင့်လေး…။

■ နီးဒေါင်းလန်းကြီး၊ ခူးပြီးသောအခါ
သမီးနှင့်သား၊ များလို့မဝင်သာ
နူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်
သူထက်ငါလေ၊ စားတော့မည့်စေ
စားပေသာလှ အုန်းခွက်ကယ်နှင့်လေး…။

■ ငုံ့လျက်ကိုယ်စီသာ ဆုပ်ကာလွေးတော့သည်။
■ ပြီးလျှင်ရေမရှာ ခွေးသာကျွေးတော့သည်။ ။

ထန်းပင်ထန်းတောတွေ၊ စပါးနှံလယ်ကွင်းတွေ၊ သီးနှံ ယာခင်းတွေ၊ တောတောင်ရေမြေ မြစ်ချောင်းအင်းအိုင်တွေ၊ အခြေခံလူတန်းစားတွေ မပျောက်မပျက်တည်ရှိနေသမျှ စာဆိုဝန်ကြီး ပဒေသရာဇာ၏ စာပေတွေ ပျောက်သွားမှာ မဟုတ်သည်မှာ အသေအချာပါပဲ။

စာဆိုဝန်ကြီးသည် နန်းတွင်းမှာပင် ကြီးပြင်းပြီး မင်းသုံးဆက်တိုင်တိုင် အမှုတော်ထမ်း၊ ရာဇာဘွဲ့ကိုရရှိ၊ မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးကြီးမတ်ရာများနှင့်သာ နီးစပ်စွာ ကူးလူးဆက်ဆံနေရပေမယ့် သူ့ရဲ့အတွင်းစိတ်မနော သဘောထား၊ နှလုံးသားပုံရိပ်တွေက တောင်ယာလယ်ကွင်း ထန်းတောအတွင်းနှင့် မြစ်မင်းချောင်းကန် အခြေခံကျကျ ဘဝဒဿနတွေကို ရှာဖွေတွေးတော ငေးမောရင်း သူတို့ရဲ့ ဘဝသရုပ်အမှန်တွေကိုသာ ဖော်ထုတ်နေချင်သူဖြစ်ပါသည်။

တောသူတောင်သား ရိုးသားလှသည့် လယ်သမား ဘဝ ပကတိအခြေအနေကို ကွက်ကွက်ကွင်းကွင်း မြင်သာအောင် ရေးဖွဲ့ထားသည့် "လယ်သမားဘွဲ့တာချင်း"မှာလည်း ခေတ်အဆက်ဆက် ဖတ်ရတိုင်း မရိုးနိုင်လောက်အောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်လယ်ကွက်ထဲ မဆင်း၊ ရွံ့ရည်အပေမခံ၊ နေလောင် ဒဏ်မထိဘဲ သည်လိုမျိုး ရေးဖွဲ့နိုင်မှာမဟုတ်သည်ကို တွေး ချင့်ပြီး စာဆိုကြီးကို ပိုပြီးလေးစားရပြန်ပါသည်။

■ ဝသန်ကာလ၊ မိုးကျတည့်လျှင်
ပျော်ပျော်ပါးပါး၊ မယားနှင့်ဆွေငယ်လင်
လက်တွဲငယ်ခြေငင်၊ ကိုယ်တွင်အဝတ်
ပုဆိုးအင်္ကျီစုတ်ပဲ့ပြဲ
ချည်နီဖောင်းတွတ်တွတ်ငယ်နှင့်လေး• • •
မိုးရေစွတ်လို့၊ အဝတ်ကယ်မပါ
သားသမီးကို၊ ကိုယ်ထီးပွေ့လို့သာ
ခေးတံတစ်ထွာ၊ ကိုက်ကာထွန်ရင်း
လယ်ကွက်ကယ်တစ်ခွင်၊ ထွန်ရေးငင်
ရေဝင်ပုစွန်တွင်းငယ်နှင့်လေး• • •။

ဝန်ကြီးပဒေသရာဇာသည် ရှေးခေတ်က မြန်မာစာပေ ကို တစ်ခေတ်ဆန်းသစ်စေခဲ့သလို ယနေ့ခေတ်အထိ မြန်မာ စာပေသမိုင်း၏ စာပေဗိမာန်နန်းတစ်ခုကို ဖွင့်ဟခဲ့သူဟုပင် ဆရာဇော်ဂျီက "ဝေဖန်ရေးစာပေစာတန်းများ"ပထမတွဲမှာ တင်စားရေးသားထားခဲ့ပြီး ရှေးက ခေတ်သစ်စာဆိုနှစ်ဦးအဖြစ် လည်း ဝန်ကြီးပဒေသရာဇာ (၁၀၄၅-၁၁၁၆)နှင့် စိန္တကျော်သူ ဦးဩ (၁၀၉၈-၁၁၃၃)တို့နှစ်ဦးကို မီးမောင်းထိုးပြခဲ့ပါသည်။

ဤသို့ စာပေခေတ်သစ်ကြီးကို အမျိုးစုံဖြင့် ပြုစုပျိုး ထောင်ခဲ့သည့် စာဆိုဝန်ကြီးသည် သက္ကရာဇ် ၁၁၁၃ ခုနှစ်၊ နယုန်းတန်ခူးလဆန်း ၈ ရက်နေ့မှာတော့ အင်းဝဘုရင်မဟာ ဓမ္မရာဇာဓိပတိနှင့် မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးကြီး မတ်ရာများကို ဟံသာဝတီဘုရင် ဗညားဒလက ဖမ်းဆီးခေါ် ဆောင်ခဲ့ရာတွင် စာဆိုဝန်ကြီးလည်း အတူတကွလိုက်ပါရင်း သန်လျင်မြေကို ရောက်ရှိလာခဲ့ပါသည်။

သန်လျင်မြို့သို့ ရောက်ရှိပြီး ခေတ္တနားနေရစဉ် စာဆို ဝန်ကြီးသည် ဒူလာဝမ်းရောဂါခံစားရသဖြင့် သန်လျင်တွင်ပင် ဆက်လက်နေထိုင်ခဲ့ရကာ သန်လျင်မြို့အကောက်ဝန်က တာဝန်ယူစောင့်ရှောက်ကုသပေးမှု၊ လိုအပ်သမျှ ဖြည့်ဆည်း ကူညီဆောင်ရွက်ပေးမှုများဖြင့် ကျိုက်ခေါက်စေတီတော် မြောက်ဘက် ကျိုက်ခေါက်ဆရာတော်ကျောင်းမှာ နေထိုင်ခဲ့ ရပါသည်။

နှစ်နှစ်ကျော် ရောဂါဝေဒနာကုသရင်း တရားဘာဝနာ ပွားများခြင်း၊ ကျိုက်ခေါက်ဆံတော်ရှင်စေတီ ဝေယျာဝစ္စ ကုသိုလ်ပြုလုပ်ခြင်း စသည်ဖြင့် အချိန်ကုန်လွန်စေခဲ့ပါသည်။ ရောဂါဝေဒနာမှာလည်း သက်သာလာလိုက်၊ ခံစားလိုက်နှင့် အသက်အရွယ်အိုမင်းရင့်ရော်လာမှု၊ နန်းကျဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော်မျိုးတော်၊ လုပ်ဖော်ကိုင်ဖက် မှူးမတ်များအားလုံးအတွက်လည်း စိတ်ဝမ်းနလုံး ညှိုးချုံးပူပန် ရမှုများဖြင့် သက္ကရာဇ် ၁၁၁၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့ အသက် ၇၁ နှစ်အရွယ်တွင် ဆံတော်ရှင်စေတီ အားဦးတိုက်ရှိခိုးလျက် ကွယ်လွန်အနိစ္စရောက်ခဲ့ရပါတော့သည်။

ယနေ့ဆိုလျှင် စာဆိုဝန်ကြီးပဒေသရာဇာ သန်လျင် မြေမှာ ခေါင်းချခဲ့တာ နှစ်ပေါင်း ၂၅၀ ကျော်ပြီဖြစ်ပါသည်။ စာဆိုဝန်ကြီး၏ အရိုးအိုးကို ဌာပနာ၍ ဆွေတော်မျိုးတော် များ၊ သန်လျင်မြို့သူမြို့သားများက စုပေါင်းပြီး ကျိုက်ခေါက် စေတီတော်၏ မြောက်ဘက် ဝတ္တကမြေအတွင်းမှာ ဂူအဖြစ် တည်ဆောက်ပြီး ဂူပေါ်တွင် တိုက်စေတီတစ်လုံး တည်ထား ခဲ့ကြောင်း မှတ်သားခဲ့ဖူးပါသည်။ လေဒဏ်၊ မိုးဒဏ်၊ သဘာဝ ဘေးဒဏ်များကြောင့် တိုက်စေတီပြိုကျပျက်စီးခဲ့ပြီဖြစ်ပါသည်။

ရှေးစာဆိုများ၏ နောက်ဆုံးဘဝကို လေ့လာလိုကြသူ များ၊ စာဆိုဝန်ကြီးကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး စာပေ ဂုဏ်ထူး၊ အထူးထူးကို လေးစားစွာ ဦးညွှတ်ဂါရဝပြုကြလို သူများ၊ သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ် ကြီးကို ဖူးမြော်ကြည်ညိုစွာ ကန်တော့ကြရင်း စေတီတော် မြောက်ဘက် ဝတ္တကမြေအတွင်းမှာ တစ်ကိုယ်တည်း ဆိတ် ငြိမ်စွာ လဲလျောင်းအနားယူနေသည့် စာဆိုဝန်ကြီးရှိရာ အုတ်ဂူညိုညိုကို အုတ်တံတိုင်းနှစ်ဖက် သံပန်းတံခါးများက နေ လာရောက်ကြည့်ရှု ဂါရဝပြုနိုင်ကြပါကြောင်း စာဆိုဝန်ကြီး ပဒေသရာဇာကို ဦးညွှတ်ရင်း ရေးသားလိုက်ရပါသည်။

[ရှေးဟောင်းသုတေသနမှတ်တမ်းတွင် (၁၀၃၄-၁၁၁၄) ဟု ဖော်ပြထားပြီး ကျိုက်ခေါက်စေတီတော်သမိုင်း အခြားစာအုပ်စာစောင်များတွင် (၁၀၄၅-၁၁၁၆)ဟု ဖော်ပြ ထားသည်ကို တွေ့ရှိရပါသည်။

ပုသိမ်မောင်သောင်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်၏ ဆရာဒေအာင်

(အကြားအမြင် ဂမ္ဘီရမှုညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

အမှတ်(၃၀၂)၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၀၀) နာရီ မှ နေ့လည် (၁း၀၀) နာရီ။
အမှတ်(၉၀)၊ မြေညီထပ်၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
နေ့လည် (၂း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီထိ
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



# အောင်ဝိဇ္ဇာစိုးရဲ – အထူးကုဆေးခန်း

- အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျား အကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ **(1107 Y 7278)**
- လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေး လိမ်းဆေးများ ဆိုင်တိုင်း မေးဝယ်ပါ။ **(1208 Y 7972)**

ဆေးခန်း ❖ အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၇၉၄၀၃
ပင်ရင်း ❖ အမှတ် (၇၆)၊ ၉၄-လမ်း၊ ကန်တော်လေး၊ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၇၃၉
ဖြန့်ချီရေး ❖ ကိုဝင်းမြင့် + မဘောဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၀ လမ်း၊ ၇၂×၇၃ လမ်း)၊ အောင်ရတနာစတိုး(မန္တလေး၊ ဈေးချိုအနီး)


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နှတ်ကတော် စိန့်မျက်ခုံး

[ အ ခ န် း ဆ က် ဝ တ္ထု ရှ ည် ]

(ယခင်လမှအဆက်)

## ကျော်မြသန်း

စီရင်ချက် မချမီနှစ်ရက်၊...

အောင်ကျော်ကလေး ကောက်ကာငင်ကာ အပြင်းဖျားသည်။ မြခင်မှာ ခြေမကိုင်မိ လက်မကိုင်မိ။ ဘာဆေးတိုက်၍ ဘာလုပ်ရမည် မသိ။ ဝါဒါမကြီး အမေတုတ်ကို အကူအညီတောင်းပြီး ကိုသန့်ဇင်ကို ပြောခိုင်းရသည်။ သားကလေးကို သူ၏ရင်ခွင်ထဲက မချတော့။ ကိုသန့်ဇင်လည်း အပြေးအလွှားရောက်လာသည်။ ချက်ချင်း ဆေးရုံကိုခေါ်သွားပြီး ဆရာဝန်နှင့် ပြသပေးခဲ့၏။

နောက်တစ်နေ့ အဖျားကျသွားသော်လည်း ချွဲပူကြောင့် ခေါင်းပူထသည့်အရှိန် ကျန်နေသေးသည်။

ရုံးထွက်ရမည့် နေ့မနက်တွင် အောင်ကျော်လေးမှာ ခါတိုင်းထက် လန်းလာသော်လည်း မအေ့ရင်ခွင်မှာသာ ကပ်နေသည်။ တခြားလူ ခေါ်လို့မရ။ ခါတိုင်း ဘယ်သူခေါ်ခေါ် လိုက်နေကျကလေးမှာ မအေမှမအေ ဖြစ်နေရာ မြခင်မှာ ဒုက္ခအတုံးအခဲကြီးကို ဆုပ်ကိုင်ထားရဘိသို့ ရှိချေ၏။

ရုံးမထွက်လို့ကလည်း မဖြစ်။ ကလေးကို ခေါ်သွားလို့ကလည်း မရ။ ရုံးထွက်ခါနီးကျမှ အမေညိုလက်ထဲ အတင်းထိုးထည့်ခဲ့ရသည်။ မြခင်၏ပါးပြင်ပေါ်မှာ မျက်ရည်များ လွှမ်းထင်လျက်။

ရုံးသို့ ရောက်ခဲ့ရသည်။ မြခင်၏ မျက်လုံးများ မှုန်ဝါးနေသည်။ တရစပ်ဝေ့ပြူနေသော မျက်ရည်များက မြင်ကွင်းကို မရှင်းလင်းအောင် ကာဆီးပိတ်ဆို့ထားသည်သို့ ရှိနေသည်။

တရားစီရင်ရေးအဖွဲ့မှ ဖတ်ကြားနေသည့် စီရင်ချက်ကိုလည်း ကြားနိုင်စွမ်းမရှိ။ မြခင်၏နားထဲတွင် သားလေးငိုသံသာ လွှမ်းထင်နေသည်။

"ထောင်ဒဏ် နှစ်နှစ်"

ဒါကိုလည်း မြခင်မကြားလိုက်။ ရုံးအချုပ်ခန်းရောက်၊ ထောင်ဒဏ် နှစ်နှစ်ချလိုက်ကြောင်း အစောင့်အမျိုးသမီး သူ့ဟာနဲ့သူ ပြန်ပြောသည်ကို အမှတ်အသားပြုလိုက်ရသည်။ ထိုအချိန်က မြခင်အတွက် အရေးကြီးနေသည်မှာ သူ့အပေါ်ချမှတ်သည့် ထောင်ဒဏ် နှစ်အပိုင်းအခြား မဟုတ်ပေ။ ထောင်သို့ အမြန်ပြန်ရောက်ဖို့သာ ဖြစ်ပေသည်။

နေမကောင်းဘဲကျန်ခဲ့သည့် သားကလေး၊ ရုံးထွက်ခါနီး သူ့ကိုတွယ်ကပ်နေသည့် သားကလေးကို တွေ့ဖို့သာ စိတ်စောနေသည်။

ထောင်သို့အပြန် ခရီးတာတွင်လည်း မြခင်၏မျက်နှာပေါ်မှာ မျက်ရည်များသာ လွှမ်းထင်နေခဲ့၏။

မိန်းမထောင်သို့ ဝင်သည်နှင့် သားဆီသို့ အပြေးအလွှားရောက်သွားရသည်။ သားကိုရင်ခွင်ထဲ ပွေ့ချီပြီး ပါးချင်းအပ်ထားလိုက်သည်မှာ ဘယ်လောက်ကြာသွားသည် မသိ။ ခြေထောက်တွေတောင့်လာတော့မှ ထိုင်ချလိုက်ရသည်။ သည်တော့မှ မြခင် ပါးစပ် လှုပ်ပွင့်လာသည်။

"သားရေ... နှစ်နှစ်တဲ့၊ နှစ်နှစ်တဲ့ သားရဲ့"

ဘာမှ နားမလည်သေးသည့် ကလေးငယ်ကို ဖြေရှင်းချက်ထုတ်နေသည့် မြခင်ကိုကြည့်ပြီး အမေညိုကြီးပင် မျက်ရည်လည်လာသည်။ ကိုသန့်ဇင်ရောက်လာမှပဲ သူ့ကိုယ်သူ ပြန်၍ ထိန်းမတ်လိုက်ရသည်။

"နှစ်နှစ်တဲ့လား။ အဲဒါ နင့်ကို အသက်ညှာဆုံး အပြစ်ဒဏ် ချလိုက်တာပဲ။ ကဲ... ပူမနေနဲ့။ နင့်အချုပ်ရက်၊ လျှော့ရက်ထည့်လိုက်ရင် ရှစ်လခလောက်ပဲ နေရတော့မယ်။ အယူခံလည်း ဝင်မနေနဲ့တော့။ နင့်ကလေးကိုသာ ဂရုစိုက်။ ကလေးရှေ့ရေးအတွက်ကိုသာ စဉ်းစား"

ကိုသန့်ဇင် ပြန်သွားတော့မှပဲ



www.burmeseclassic.com

www.burmeseclassic.com

မြခင်၏ မျက်နှာပေါ်မှ အငိုမျက်လုံးမှာ အပြုံးနှုတ်ခမ်း ပြောင်းလဲသွားရသည်။

"သားလေးရေ ... ရှစ်လတဲ့။ သားလေးနဲ့ မေမေတို့ ထောင်ထဲမှာ ရှစ်လပဲနေရတော့မယ်။ ရှစ်လ ရှစ်လ"

မြခင်၏ပါးစပ်မှ တဖွဖွမြည်တမ်းရင်း ထောင်အုတ်ရိုးကြီးကို လှမ်းကြည့်လိုက်၏။ အုတ်ရိုးကြီး၏ဟိုမှာဘက်တွင်။

မြခင်ကို ထောင်ဒဏ်နှစ်နှစ် ချလိုက်သည့်သတင်းမှာ ကိုသန့်ဇင် အိမ်ပြန်အရောက်တွင် အေးထံသို့ ကူးစက်သွားခဲ့သည်။ စိတ်တော့ မကောင်းကြ။ သို့သော် ဖြေသာသည်။ ဖြေသာသည်မှ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်လုံးစကားပြောမိနေကြသည်။

"ရှစ်လနောက်ပိုင်း မြခင်တို့သားအမိ ဘယ်မှာနေပြီး ဘာလုပ်ကိုင်စားကြမလဲ"

မျက်လုံးနှင့် မေးသည်။ မျက်လုံးနှင့်ဖြေသည်။ ဒါပေသည့် ရေရေရာရာသောအဖြေ ထွက်မလာ။ ထောင်ထဲမှာက မကောင်းဘူးဆိုဦးတော့ နေဖို့မပူရ။ စားဖို့မပူရ။ အပြင်ရောက်ရင်။

ကိုသန့်ဇင်က အေးဆိုလိုရင်းကို သိသဖြင့် ဖြေသိမ့်စကားဆိုလိုက်ရသည်။

"အောင်ကျော်လေးတောင် .. ထောင်ထဲမှာ သူ့ဟာနဲ့သူ အဆင်ပြေလာသေးတာပဲ။ သူတို့သားအမိ အပြင်ရောက်ရင် အဆင်ပြေပါလိမ့်မယ်ကွာ။ သိပ်လည်း တွေးပူမနေပါနဲ့။ လောကမှာ လူတွေဟာ သူ့အကြောင်းနဲ့သူတော့ ဖြစ်နေကြတာပဲ မဟုတ်လား။ ပူရမယ်ဆိုရင်တော့ ပူစရာချည်းပဲပေါ့။ ချမ်းသာတဲ့လူလည်း သူ့အပူနဲ့သူ ရှိတာပဲ။ ဆင်းရဲတဲ့လူလည်း သူ့အပူနဲ့သူ ရှိတာပဲ။ အကြောင်းကံကမ္မသကာဆိုသလို သဘောထားမှ တန်ကာကျမယ် အေးရေ။ ကဲ ... ထမင်းစားကြရအောင်"

ချစ်ဇနီးကို နှစ်သိမ့်စကား ဆိုလိုက်ရပေမယ့် သူလည်း မြခင်တို့သားအမိအတွက် ရင်လေးမိသည်သာ။

ကိုသန့်ဇင် ထောင်မှူးကြီးရာထူးတိုးမည့်အကြောင်း သတင်းထွက်လာသည်။ သူက အမှတ်အပြည့်ရထားသည်။ သည်သတင်းမှန်လို့ ရာထူးတိုးခဲ့ရင် မန္တလေးထောင်မှာ နေရမည်မဟုတ်။ ထောင်ပြောင်းရတော့မည်။ သည်သတင်း ကိုသန့်ဇင်တို့အတွက် ဝမ်းသာဖွယ်ရာဖြစ်စေကာမူ သူတို့မှာ လွတ်လွတ်ကျွတ်ကျွတ် ဝမ်းမသာနိုင်။

ပြဿနာက မြခင်တို့သားအမိပြဿနာ။ အောင်ကျော်လေးအပေါ် သံယောဇဉ်ငြိတွယ်မှုမှာ နှစ်ယောက်စလုံး၏ နှလုံးသားတွင် ခိုင်ကြည်နေပြီ။ ဘဝရေစက်ကြောင့်ဟု ဆိုရလေမလား။ လူသားတို့၏ ကြင်နာမှုနှလုံးသားကြောင့်ဟု ဆိုရလေမလား။ မည်သို့ဆိုစေ သူတို့ နောက်ဆံငင်ရသည်မှာတော့ အမှန်။

ကိုသန့်ဇင်တို့ လင်မယားမှာ မြခင်တို့သားအမိအတွက် ခေါင်းမရှင်းဘဲ ဖြစ်နေသလို အုတ်ရိုးအတွင်းမှ မြခင်ခမျာလည်း အတွေးစဉ်များနှင့် ခေါင်းရှုပ်နေရသည်။ ညစဉ်ညတိုင်း ညဉ့်နက်သန်းခေါင် ကျော်လွန်သည့်တိုင်အောင် ထောင်ပူစင်ပေါ်မှ သံချောင်းခေါက်သံများကို ကြားသိနေသည်။

ထောင်မှလွတ်မည့် အချိန်ကာလကို သိစက ခံစားရသည့် ဝမ်းသာရိပ်ကို ထောင်ကထွက်ရင်ဆိုသော အတွေး၏ စိုးရိမ်စိတ်က ခြေဖျက်လိုက်လေပြီ။ အုတ်ရိုးကြီး၏ ဟိုမှာဘက်သို့ရောက်လျှင် ဘယ်မှာနေလို့ ဘာလုပ်စားရမလဲ။ အားကိုးစရာ လင်သားကလည်း မရှိပြီ။ မပြောပလောက်သောငွေကြေးအနည်းငယ်မှအပ အရင်းအနှီးပြုဖို့ ငွေကြေးမရှိ။ နေစရာ အိမ်မရှိ။ ထောင်ကထွက်လျှင် အဝတ်တစ်ထည် ကိုယ်တစ်ခု၊ လူမမည် ကလေးတစ်ယောက်သာ ပါမည်။

အရပ်ရှစ်မျက်နှာ ရှိသည့်အနက် ဘယ်အရပ်သို့ မျက်နှာမူရပ။ လောကကြီးမှာ အကျယ်ကြီး။ မြခင်အတွက် နေရာလေးတစ်နေရာ ဘယ်လိုရှိရပါ့။

လောလောလတ်လတ် အားကိုးတွယ်မှီရာမှာ အစ်မအိမ်ပဲ ဖြစ်မည်။ အစ်မဖြစ်သူအိမ်မှာ ကလေးတစ်ယောက်နှင့် ဘယ်လောက်ကြာအောင် မှီတွယ်ခွင့်ရပါ့မလဲ။ ကျားကြီးနှင့် အိမ်ထောင်ကျပြီးကတည်းက အစ်မဖြစ်သူနှင့် အဆင်မပြေခဲ့။ တစ်ယောက်နှင့်တစ်ယောက် ပက်ပင်းဆုံလို့မှ မျက်နှာလွှဲအောင်ကို အဆင်မပြေကြတာမို့ အစ်မဆီပြန်တက်ဖို့ကလည်း လွယ်မယောင်နှင့် ခက်သလို ရှိနေသည်။

အစ်မ ကြည်ကြည်သာသာ လက်ခံသည်ထားဘိဦး။ ထမင်းတစ်လုတ်တော့ ဝိုင်းလုပ်ဝိုင်းစား နေစားရ ဖြစ်မည်။ သားကလေး ပညာသင်ကြား၍က မလွယ်။ ကိုယ့်ဟာကိုယ် မရှာနိုင်ရင်တော့ မြင်းလှည်းသမားပဲ ဖြစ်မည်။ မြခင်က ဈေးရောင်းဖို့ မကြောက်။ ဒါပေသည့် သူဈေးရောင်းထွက်နေလျှင် ကလေးကို ဘယ်သူ့နဲ့ထားမလဲ။ အစ်မမှာကလည်း သူ့ကလေးတွေနဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com

သည်သို့သော မဆုံးနိုင်သည့် အတွေးစဉ်များကြောင့် မြခင်မှာ ညတိုင်း ဖူးစင်မှ သံချောင်းခေါက်သံကို သန်းခေါင်သန်းလွဲအထိ ကြားနေရခြင်း ဖြစ်ပေသည်။ မြခင် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချနိုင်တာ တစ်ခုတော့ရှိသည်။ "သူတစ်သက် သားတစ်သက် နောက်အိမ်ထောင်မပြုတော့ပါ"ဟူ၍။

ကိုသန့်ဇင်တို့ လင်မယားမှာ စကားစပ်မိတိုင်း မြခင်တို့ သားအမိ အကြောင်းက မပါမပြီး ဖြစ်နေသည်။ တစ်နေ့တွင် အစီအစဉ်တစ်ခု အတိုင် အပင်ပြုလာသည်။

"မောင်ရေ ... မြခင်တို့ သားအမိအတွက် အေး စီစဉ်မိတာတစ်ခုရှိလို့ ဖြစ်နိုင်၊ မဖြစ်နိုင်တော့ မောင်ဆုံးဖြတ်ပေါ့"——

"ဆိုစမ်းပါဦး ... အေးရဲ့ အစီအစဉ်ကို"

"မြခင်တို့သားအမိ လွှတ်လာရင် အေးတို့နဲ့ ခေါ်ထားမယ်။ မြခင်ကို အေးက စက်ချုပ်သင်ပေးမယ်။ စက်ချုပ်သင်နေတုန်းတော့ ဝိုင်းလုပ်ဝိုင်းစား။ အေးတို့ကပဲ တာဝန်ယူထားရမယ်ပေါ့။ မြခင် စက်ချုပ်တတ်သွားရင် အောင်ကျော်လေးကိုလည်း ပညာသင်ပေးနိုင်မယ်။ မောင်တို့၊ အေးတို့လည်း အောင်ကျော်လေးအတွက် စိတ်အေးရတယ်ပေါ့။ မဟုတ်ဘူးလား။ စက်ချုပ်သာတတ်သွားရင် သူတို့သားအမိအတွက် ဘာမှ အခက်အခဲရှိမှာ မဟုတ်ဘူး။ အေးတို့နဲ့ မနေတဲ့တိုင် သူတို့ဘာသာ လုပ်ကိုင်စားသောက်နိုင်တာပေါ့ မောင်ရဲ့"

"အေး အစီအစဉ်က သိပ်ကောင်းတဲ့ အစီအစဉ်ပဲ။ ဒါပေမယ့် နေပါဦး။ စက်ချုပ်တတ်ဖို့က ဘယ်လောက် သင်ရမှာလဲ"

"လိုချင်မျက်စိနဲ့သင်ရင် ခြောက်လပေါ့ မောင်ရယ်။ နောက်ပိုင်း လုပ်ရင်းကိုင်ရင်း ဆက်သင်သွားရမှာပေါ့"

"တစ်ခုတော့ စဉ်းစားဦး အေးရေ။ မြခင်မှာ အမိအရာ အုပ်ထိန်းရမယ့် အစ်မရှိသေးတယ်။ မြခင်ရဲ့ သဘောထားကလည်း ရှိသေးတယ်။ ဒါတွေထက် ပိုအရေးကြီးတာက မြခင်က သူ့အသက်အရွယ်နဲ့ နောက်အိမ်ထောင်မပြုဘဲ နေနိုင်ပါ့မလားဆိုတာ"

"ဒါတော့ ဖြစ်လာရင် ဖြစ်တဲ့ ရောက်ယားပေါ့။ သူအိမ်ထောင်ပြုချင်လို့ ကလေးကို အေးတို့မွေးဖို့ပေးရင်လည်း ပြီးတာပဲ"

"ဒါကတော့ ဟုတ်ပါပြီ။ မောင်တို့ ထောင်ပြောင်းရမယ်ဆိုရင်ကော"

"အေးတို့ပြောင်းတဲ့ဆီ လိုက်နေပေါ့"

"လွယ်လွယ်စဉ်းစားလို့တော့ မဖြစ်ဘူး အေးရဲ့။ ပထမ မြခင်သဘောကို တီးခေါက်ကြည့်လိုက်ဦးမယ်။ ကျန်တာ နောက်မှ စဉ်းစားတာပေါ့"

ဘဝနှင့်သမုဒယသည် အပေါင်းလက္ခဏာဖြစ်၏။ မိုးရှိုးအပေါင်း လက္ခဏာကိုချေဖျက်ရန် အနုတ်၊ အမြှောက်၊ အစားလက္ခဏာများ ရှိသော်ယည်း သမုဒယနှင့် ဘဝအပေါင်းလက္ခဏာကို ချေဖျက်ရန် လက္ခဏာမရှိပေ။

ကိုသန့်ဇင်က သူတို့အစီအစဉ်ကို ပြောပြသည်။

မြခင်တို့ သားအမိ၏ မရေမရာ လမ်းစပျောက်နေသော ဘဝရှေ့ရေးအတွက် အလင်းရောင်တန်းကလေး ပြူထွက်လာဘိသို့ ရှိချေသော်လည်း ရေရှည် ဖြစ်နိုင်မဖြစ်နိုင်ကို အလေးပေး စဉ်းစားခဲ့ရပြန်သည်။ ကိုသန့်ဇင်တို့လင်မယား၏ ကျေးဇူးများမှာ မြခင်တို့သားအမိအပေါ်တွင် တနင့်တပိုး ပိနေခဲ့ပေပြီ။ သူတို့အတွက် နောက်ထပ် တာဝန်ယူရဦးမည်ဆိုလျှင် ပေးသူက ကြည်ဖြူစေတော့ ယူသူက သိတတ်ရပေမည်။ သဒ္ဒါလွန်း ဆွမ်းတော်တော်အဖြစ်မျိုး မရောက်အောင်လည်း စဉ်းစားရမည်သို့ ရှိနေသည်။

မြခင်နေဖြင့် ကိုသန့်ဇင်နှင့် အေးတို့ကို တစ်သက်လုံးပဲ ကျွန်ခံပါရစေ ကြည်ကြည်သာသာခံမည်သာဖြစ်၏။ အစ်မအရင်းထက်ပင် သာလွန်သော ကျေးဇူးရှင်သဖွယ် ဖြစ်နေသည်။ ဒါကြောင့်လည်း ကိုသန့်ဇင်တို့ကို နောက်ထပ် တာဝန်မပိုးပိစေခြင်း။ ပြဿနာက ကိုယ့်ပြဿနာ။ ကိုယ့်ပြဿနာ ကိုယ်သာရှန်းရမည်မို့ ကိုသန့်ဇင် အမေးရှိလာသည်ကို စဉ်းစားပါရစေဦး ဆရာကြီးရယ်လို့ အဖြေပေးခဲ့ရခြင်း ဖြစ်ပေသည်။

မြခင် မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည်။ တော်တော်နှင့် စကားမပြောနိုင်ဘဲ လည်ချောင်းထဲ နင့်သီးနေသည်။

"ဆရာကြီးတို့၊ မမအေးတို့မှာ မြခင်တို့အတွက် နောက်ထပ်တာဝန် ပိုပိမှာ စိုးလွန်းလို့ပါ ဆရာကြီး။ မှန်တာပြောရရင် ထောင်ကထွက်တဲ့ အချိန်မှာ အရပ်ရှစ်မျက်နှာစလုံး မြခင်တို့သားအမိ မျက်နှာမူစရာ အရပ်မရှိသေးပါဘူး ဆရာကြီး။ ဆရာကြီးတို့၊ မမအေးတို့ စေတနာကို မြခင်နားလည်ပါတယ်။ အလေးအမြတ်လည်း ထားပါတယ်။ မြခင်ကို ဆရာကြီးပြောသလိုမဟုတ်ဘဲ အခိုင်းအစေအဖြစ်

www.burmeseclassic.com

ခေါ်ရင်တောင် မြခင်မငြင်းပါဘူး။ မြခင်တို့အတွက် ဆရာကြီးတို့မှာ တာဝန်တွေ ပိုပိလာမှာမို့ မြခင်စဉ်းစားပါရစေဦးလို့ခွင့်တောင်းရတာပါ။ မမအေးကိုလည်း စိတ်စနိုးစနောင့်မဖြစ်အောင် ဆရာကြီးပဲ ပြောပေးပါနော်"

ကိုသန့်ဇင်က –

"နင်လည်း အချိန်ယူပြီး စဉ်းစားဦး။ တို့လည်း နင့်အစ်မနဲ့ တိုင်ပင်ကြည့်ဦးမယ်" ဟု ပြောသွားခဲ့၏။

မိန်းမထောင်တစ်ခုလုံးက ဝိုင်းပြီး အပြစ်ဆိုကြသည်။ အမေညိုကြီးကဆို တဖျစ်တောက်တောက်။ ဝါဒါဒေါ်တုတ်ကြီးကတော့ နဂိုက ပါးစပ်ကြမ်းကြမ်းမို့ ပျစ်ပျစ်နစ်နစ်ကို ပြောထည့်လိုက်သည်။

"ညည်းဟာညည်း အပြင်မှာလုပ်စားလို့တော့ အတန်းထဲရောက်ရုံပဲရှိမယ်။ ညည်းရုပ်ကလေးနဲ့ လင်ကလည်း မရှိ၊ အောင်ကျော်လေးလည်း ညည်းလင်လိုပဲဖြစ်မှာ။ ဒီလိုလူမျိုးတွေရဲ့ အကူအညီနဲ့မှ ညည်းဘဝကို မထူထောင်ရင် ..."

ဝါဒါကြီး ဒေါ်တုတ် ပြောတုန်းက မြခင်စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားသည်။ အံကိုတင်းတင်း ကြိတ်လိုက်မိသည်။ အေးအေးဆေးဆေး ပြန်စဉ်းစားတော့မှ ဒေါ်တုတ်ကြီးပြောတာက ဟုတ်သလိုလို ရှိနေသည်။

ကလေးကို ပေးလိုက်ဖို့ စဉ်းစားသည်။ ရင်ထဲက လုံးဝလက်မခံ။ စဉ်းစားခြင်း၏အစတွင် မျက်ရည်ဝိုင်းလာပြီး စဉ်းစားခြင်း၏ အလယ်တွင် မျက်ရည် စီးကျလာသည်။ စဉ်းစားခြင်း၏ အဆုံးတွင် အော်ဟစ်မငိုမိရုံတစ်မည် ခံစားရသည်မို့ နောက်ထပ် ဘယ်လိုမှ မစဉ်းစားရဲခဲ့ပေ။

ဒေါ်တုတ်ပြောသည့် စကားများမှာလည်း နားထဲကမထွက်။ ဒေါ်တုတ်ကိုမြင်တိုင်း နားထဲမှာ ပြန်ကြားနေရသည်။ ဒါပေသည့် ယတိပြတ် ဆုံးဖြတ်ချက်ကိုမူ မချမှတ်နိုင်သေးပေ။

●●●●●

လေးလတာ အချိန်ကုန်လွန်ခဲ့ပြီ။ ခံရမည့်ထောင်ဒဏ် တစ်ဝက်ကျိုးပြီ။ ခုထက်ထိ ညတိုင်း သံချောင်းခေါက်သံများနှင့် နပန်းလုံးနေရဆဲ ရှိချေ၏။

ထိုသတင်းကို ကြားရတုန်းက မြခင်နားနှစ်ဖက်ကို လက်နှင့်အတင်းပိတ်ထားလိုက်မိသည်။ သတင်းကို သယ်ဆောင်လာသူမှာ ဝါဒါမကြီး ဒေါ်တုတ်။ ကိုသန့်ဇင် ထောင်ပြောင်းအမိန့် ထွက်လာပြီဆိုသော သတင်း။

"ဟုတ်ရဲ့လား အမေတုတ်ရယ်"လို့ ထပ်ခါတလဲလဲ မေးမိသဖြင့် အမေတုတ်ပါးစပ်နဲ့ တွေ့သွားသည်။

"သောက်ကောင်မ .. နောက်တစ်ခါ မမေးနဲ့ ညည်းလင်လာမှမေး"

အမေတုတ်ပြောသည်ကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရသော်လည်း မြခင်ရင်ထဲက လက်မခံချင်။ သူ့အပေါ် တောင်ကြီးပြိုကျလာသလို ခံစားလိုက်ရသည်။

"သားရယ် ... အမေတို့တော့"

ရှေ့စကားကို မဆက်နိုင်။ ရင်ထဲမှာ ဆို့နစ်လာသဖြင့် အော်ငိုလိုက်မိသည်အထိ ဖြစ်သွားခဲ့ရသည်။

တောင်ကြီးအရိပ် ကွယ်လေပြီ။

ကိုသန့်ဇင် ပုသိမ်ထောင်ကို ပြောင်းရမည်။ ဆယ့်ငါးရက်အတွင်း အရောက်သွားရမည်။ သူတို့ပြောင်းရွှေ့တော့မည့်အကြောင်း လာပြောတုန်းက ကိုသန့်ဇင်တစ်ယောက်တည်း မဟုတ်၊ အေးပါ ပါလာသည်။ အောင်ကျော်လေးက အေးပေါင်ပေါ်ကမဆင်း။

မြခင်က ကုလားထိုင်ပေါ်ထိုင်နေသည့် အေးဒူးကိုကိုင်ပြီး တရှုံ့ရှုံ့ ငိုနေသည်။ အမေငိုတော့ ကလေးပါ ငိုလာ၏။ မြင်ကွင်းမှာ အကျည်းတန်နေသည်။

ပြောစရာစကားများ မပြောဖြစ်ကြ။ အေးက အောင်ကျော်လေးကို အနမ်းပေါင်းများစွာ ပေးပြီးပြန်သွားခဲ့ရသည်။ ကိုသန့်ဇင်က မြခင်၏ ဆုံးဖြတ်ချက်ကို မမေးတော့။

"ပုသိမ်ကို လာမယ်ဆို အချိန်မရွေးလာ။ ရန်ကုန်က စိန်မျက်ခုံးဆီမှာ အကူအညီတောင်းဖို့ စာရေးပေးခဲ့မယ်။ မှာလည်း မှာထားခဲ့မယ်။ ငွေလိုရင် လှမ်းအကြောင်းကြား၊ ပို့ပေးမယ်။ မြခင်ဘယ်မှာနေနေ ကလေးအကြောင်းကိုတော့ ဆရာကြီးတို့ဆီ အမြဲစာရေးပါ"

ကိုသန့်ဇင်၏ အသံမှာ တုန်ရင်နေသည်။ ဆို့နင့်သံ ပါနေသည်။ နောက်ထပ်စကားပြောဖို့ နှုတ်ခမ်းကလေး လှုပ်လာသော်လည်း မပြောတော့ဘဲ ချာခနဲလှည့်ထွက်သွားခဲ့သည်။

နောက်ရက်များတွင် ကိုသန့်ဇင် ထောင်ထဲဝင်မလာ။ မြခင်မှာ မျက်ရည်နှင့် မျက်ခွက်။ အမေတုတ်ကြီးပင်လည်း အမြဲတမ်း ဆူပူကြိမ်းမောင်းနေသည်။ မြခင်မှာ ချိုတုံချာတုံ။

ကိုသန့်ဇင်တို့ မန္တလေးကမထွက်ခင်တစ်နေ့ အေးပါ ရောက်လာသည်။ ကလေးအတွက် ပစ္စည်းတစ်ထုပ်ပါ လာသည်။



www.burmeseclassic.com

www.burmeseclassic.com

မြခင်ကို ဘာမှမမေး။ ကလေးကိုသာ တစ်ယောက်တစ်လှည့် ချီပွေ့ပြီး တစ်ယောက်တစ်လှည့် နမ်းနေကြသည်။ အေးပြောလိုက်သော စကားတစ်လုံးက ချိုတုံချတုံဖြစ်နေသော မြခင်ကို ပြတ်သားသည့် ဆုံးဖြတ်ချက်ချရန် လှုံ့ဆော်လိုက်ဘိသို့ ရှိချေ၏။

"သားလေးကြီးလာရင် လိမ်လိမ်မာမာနေနော်"

ထိုစကား၏ နောက်ကွယ်တွင်။

"မမအေး ... မြခင် ထောင်ကလွတ်လွတ်ချင်း မမအေးတို့ဆီ လိုက်ခဲ့ပါမယ်။ သားလေးကို မမအေးတို့ တစ်ပါတည်း ခေါ်ချင်ခေါ်သွားပါ။ ဒီနေ့ကစပြီး မမအေးတို့သားလို့ မြခင်ပြောတော့မယ်"

အေးက ကိုသန့်ဇင်မျက်နှာကို လှမ်းကြည့်လိုက်သည်။ ကိုသန့်ဇင်၏ ခေါင်းမှာ မသိမသာယိမ်းခါသွားသည်။

"လေးလပဲဟာ၊ အမေနဲ့သား အတူတူနေပါစေ"

အငိုမျက်လုံးနှင့် ကျန်ရစ်ခဲ့သူမှာ မြခင်။ အပြုံးမျက်နှာနှင့် ထွက်လာသူမှာ ကိုသန့်ဇင်နှင့်အေးတို့ပါတည်း။

● ● ● ● ●

(၁၂)

ပုသိမ်ထောင်သို့ အပြောင်းခရီးတွင် ရန်ကုန်မှာ တစ်ထောက်ဝင်နားကြသည်။ ကိုသန့်ဇင်နှင့်အေးတို့ မိဘများကို ကန်တော့ကြမည်။ မရောက်တာကြာပြီဖြစ်သော ရန်ကုန်မှာ လည်မည်။ စိန်မျက်ခုံးနှင့် တွေ့ကြမည်။ စိန်မျက်ခုံးနှင့်တွေ့ဖို့ အဓိကကိစ္စမှာ မြခင်တို့သားအမိ ပုသိမ်အလာခရီး အကူအညီပေးဖို့ မှာကြားရန်ဖြစ်ပေသည်။ စိန်မျက်ခုံးက ဝမ်းသာအယ်လဲကြီး ကြိုခဲ့သည်။

"ကိုကိုထောင်မှူးတို့ ရောက်လာမယ့်နေ့သာ မသိတာနော်။ ရောက်လာမယ်ဆိုတာတော့ သိပြီးသား။ ညီမက ပိုတောင်မှလှလာသလားလို့"

စိတ်ဝင်စားစရာ စကားဖြင့် စလာသည်။

"ကျွန်မတို့ ရောက်လာမယ်လို့ မမတင်ကို ဘယ်သူကပြောလို့လဲ"

စိန်မျက်ခုံးက နှုတ်ဖြင့်မဖြေ။ တန်းစီနေသော ရွှေပိန်းချ နတ်ရုပ်ကြီးများကို မေးဆတ်ပြသည်။ သူတို့က ပြောသည်ပေါ့။ စိန်မျက်ခုံး မျက်နှာထားကတည်တည်မို့ အေးမှာ မျက်လုံးလေး ကလယ်ကလယ်ဖြစ်သွားရသည်။ ကိုသန့်ဇင်က ဝင်ရှင်းလိုက်သည်။

"မောင်တို့ ပုလဲတိုက် သွားနှုတ်ဆက်တာပဲ။ သူတို့ပြောတာဖြစ်မှာပေါ့ အေးရဲ့"

"ဟော ... ကိုကိုထောင်မှူးက လုပ်ပြီ။ အဲဒါတွေကြောင့် ခက်နေတာ။ ပုလဲတိုက်က ဘာမှမပြောဘူးနော်။ တွေ့တော့ မေးကြည့်။ သူများကဖြင့် သူတို့အတွက်လုပ်လိုက်ရတာ၊ ဟင်း"

ကိုသန့်ဇင်က ဘာမှမပြောတော့။ ပြုံးနေလိုက်သည်။ အေးက စကားဝင်ဖာပေးလိုက်၏။

"မောင်ကတော့ ဒီလိုပဲ မမတင်။ ရှေ့နေလုပ်မယ့်လူဆိုတော့ အဆက်အစပ်ကို သိပ်တွေးတတ်တာ"

"ဟောပိုးပဝါက အေးတို့အတွက် မမတင် ဆက်ထားရတာ။ နို့မဟုတ်ရင် လားရှိုးတောင် ရောက်သွားမှာ"

ဟုတ်တာ မဟုတ်တာထား။ ကျေးဇူးတင်ရပြီကော။ ကျေးဇူးစကားနဲ့အတူ အမေးပါထပ်ဆင့်လိုက်ရသည်။

"အေးတို့ ပုသိမ်မှာကော အဆင်ပြေပါ့မလား မမတင်"

"ဒီရောက်နေမှ ကိုယ်တိုင်မေးပေါ့"

"အေးတို့မှ မမေးတတ်ဘဲ မမတင်ရဲ့"

"အောင်မယ် ... ဘာရမလဲ။ ဒီလို အလကားဟောတဲ့နတ်ကတော်မဟုတ်ဘူးနော်။ နက်ဖြန်မှလာကြ။ ဒီနေ့ နတ်နေ့မဟုတ်ဘူး။ ကဲ ... ရန်ကုန်လည်ဖို့ ကားယူမလား"

"လည်ဖို့အချိန်တော့ သိပ်မရဘူး မမတင်။ သန်ဘက်ခါညနေ သင်္ဘောဆင်းရမှာ"

မြခင်တို့ သားအမိအကြောင်း ပြောနေစဉ် စိန်မျက်ခုံးတင်တင်၏ ယောကျ်ား ပြန်ရောက်လာသည်။ မှိုးအပြည့်၊ ရွှေလက်ပတ်ကြိုးကြီးက အယ်လို့၊ စိန်လက်စွပ်ကြီးက လက်လို့။ စိန်မျက်ခုံးက မိတ်ဆက်ပေးတော့ သူကလည်း တလေးတစား နှစ်လိုဖွယ်ရာ အပြုံးနှင့် အားရပါးရ စကားတွေပြောလာသည်။

အရင်က စိန်မျက်ခုံးပြောဖူးသည့် ချာတိတ်မဟုတ်တော့။ တစ်ယောက်ပြောင်းနေပြီ၊ ခုဟာက အသက်ကြီးသည်။ သူနှင့်စကားသာ ပြောနေရသည်။ ကိုသန့်ဇင်အတွေးက အင်းစိန်ထောင်သို့ ပြန်ရောက်နေသည်။

သူတို့ ထောင်မှူးသင်တန်းတက်တုန်းက အင်းစိန်ထောင်မှာ လက်တွေ့ဆင်းရသည်။ သည်တုန်းက ဒုစရိုက်သမားအစုံ အင်းစိန်ထောင် ရောက်နေကြရာ အဲသည်တုန်းက သူ့ကိုတွေ့ခဲ့ဖူးသလို ထင်မိသည်။ ကိုသန့်

www.burmeseclassic.com

ဇင်ကိုယ်တိုင်လည်း ဇဝေဇဝါ။ ရုပ်ကတော့ သည်ရုပ်။ ဟိုတုန်းက သွားခေါ်သည်၊ အခု သွားမခေါ်။ ဒါက ဘာမှ ခက်သည့်အလုပ်မဟုတ်။ ခေါ်နေသည့်သွားများကိုနုတ်ပြီး သွားအံ့သစ် စိုက်လိုက်ရင် သခေါ်မြမောင်လို့ ဘယ်ဖြစ်တော့မှာပ။ ခုတော့ နာမည်ကလည်း မတူ။ ဦးခင်မောင်စိန်။

ကိုသန့်ဇင်က သူ၏အစ်တွေးစဉ်ကို လွှတ်မပေးတော့ဘဲ ပြန်ထိန်းလိုက်သည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ သူနှင့်က မဆိုင်။ ဒါပေသည့် ခင်မင်ရင်းစွဲ ရှိနေသည့် နတ်ကတော်၏ ယောကျာ်း။ ဦးခင်မောင်စိန်ကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ခဲ့သည်။ မနက်ဖြန်ကြို့ဖို့ အိမ်အထိလိုက်ပို့လိုက်ဟု စိန်မျက်ခုံးက အမှာစကားပြုလိုက်သည်။

နက်ဖြန် စိန်မျက်ခုံးက ထမင်းကျွေးမည်။ အေး မေးချင်တာလည်း မေးရမည်။ စိန်မျက်ခုံးအိမ်က နတ်ရုပ်ကြီးတွေကြည့်ပြီး ကိုသန့်ဇင်ရော အေးပါ သွားရည်ကျခဲ့ရသည်။ သစ်သားနတ်ရုပ်ကြီးတွေကို ရွှေပိန်းချထားတာက သွားရည်ကျစရာအကြောင်း မဟုတ်။ နတ်ကိုးကွယ်သူဆိုရင် နတ်ရုပ်ကြီးများကို သွားရည်ကျကောင်း ကျလိမ့်မည်။ သူတို့ကတော့ ဒါကြီးတွေကို သွားရည်မကျ။ သူတို့ သွားရည်ကျမိသည်က နတ်ရုပ်ကြီးတွေပေါ်က ရွှေထည်တွေ။

ရွှေထည်တွေက သီးနေသည်။ ဦးဘိုးချမ်းလား၊ အစစ်လား ဆိုတာကိုတော့ မသိ။ အရောင်အသွေးအရတော့ အစစ်တွေပဲ ဖြစ်လိမ့်မည်လို့ ထင်ရသည်။ ဦးဘိုးချမ်းလို အတုတွေတော့ နတ်ကတော်ကလည်း သိက္ခာအကျခံပြီး ဘယ်ထားရမှာပ။ သူတို့ဆီလာနေသူတွေက ထိတ်ထိတ်ကြဲတွေပဲ။ ရွှေအကြောင်း ဖယောင်းမပါပဲ သိနေမည့် လူတွေပါ။ မိန်းမနတ်ရုပ်များပေါ်တွင် မိန်းမတွေဝတ်သည့်အတိုင်း လက်ဝတ်ရတနာအစုံ ဆက်သထားသည်။ ယောကျာ်းနတ်ရုပ်တွေမှာတော့ ဆွဲကြိုးတွေ တစ်ရုပ်ကို နှစ်ကုံးသုံးကုံး။ ထူးထူးခြားခြားတစ်ခုတော့ တွေ့လိုက်ရသည်။ နတ်ရုပ်ကြီးတွေ လက်ပေါ်မှာ နောက်ဆုံးပေါ် စီတီဇင် နာရီတွေ ပတ်လို့။ မှောင်ခိုကုန်သည်တွေ ဆက်သထားသည်ထင်ပ။ နာရီတွေက အသစ်ကျပ်ချွတ်။ အမျိုးကောင်းတွေ။ ကိုသန့်ဇင်က သူ့လက်သူ ပြန်ကြည့်လိုက်မိသည်။ သူ့လက်က နတ်အရုပ်လက်လောက်မှ တန်ဖိုးမရှိ။ အရုပ်လက်ကတော့ ထောင်ကျော်တန်သည်။ သူ့လက်တန်ဖိုးမှာ ငါးရာပင်မပြည့်တတ်။ သူက စီတီဇင် အကောင်းစားကိုမှ မပတ်နိုင်သေးဘဲကိုး။

နောက်တစ်နေ့ ဦးခင်မောင်စိန်ကိုယ်တိုင် ကားနှင့်လာခေါ်သည်။

ခေါက်ဆွဲအကြွပ်ကြော်၊ ပီကင်းဘဲကင်၊ ငါးမြင်းခေါင်း ဟင်းချို၊ ဘဲခြေထောက်ပေါင်း၊ ကြက်သားကော်ပြန့်၊ အလိပ်ကြော်၊ ဟင်းတွေက စုံသည်။ စားလို့လည်း ကောင်းသည်။ ဝက်အငွေ့အသက်မပါရအောင် ပန်းသေးဆိုင်က စပါယ်ရှယ် အော်ဒါလုပ်ထားသည့် စားမြိန်ဟင်းလျာတွေ။ ထမင်းလုံးဝမပါ။ ထမင်းပါရင် ဟင်းတွေ မစားနိုင်ကြမှာမို့လို့ ဆိုသည်။ မနက်စာ ထမင်းဖိတ်ကျွေးသည်ဟု မဆိုသာ။ ဟင်းဖိတ်ကျွေးသည်ဟု ပြောရမည့် ဟင်းစားပွဲ။

ကိုယ့်အိမ်မှာသာဆို ဒါတွေစားပြီး လှဲလိုက်တာနဲ့ သိုးသွားမည်။ ခုတော့ အိပ်ချင်သည်ကို ဟန်ဆောင်နေရသည်။ ဩော် ... ဤလည်း တစ်ဒုက္ခ။

ထမင်းစားပြီး တစ်အောင့်လောက်ကြာတော့ အမျိုးသမီးကြီး တစ်ယောက်ရောက်လာသည်။ ရောက်လာသူ အမျိုးသမီးကြီးက နတ်ရုပ်များရှေ့မှာ ပိပိပြားပြား ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ပြီး ကန်တော့နေသည်မှာ နာရီဝက်ခန့်ရှိမည်။ ပါးစပ်ကလည်း မရပ်မနားလှုပ်နေသည်။

ကိုသန့်ဇင်တို့က ထိုအမျိုးသမီးကြီးကို သိပ်ဂရုမပြုမိ။ စိန်မျက်ခုံးတို့ အနွယ်ဝင်တစ်ယောက်လို့ပဲ ထင်ကြသည်။ မိတ်ဆက်ပေးလိုက်တော့မှ ဟိုက်ခနဲ အသံထွက်ပြီး လင်မယားနှစ်ယောက်စလုံး မျက်လုံးတွေ ဖီးကွက်မျက်လုံး ဖြစ်သွားရသည်။ လျှော့ရိလျှော့ရဲ သက်သက်သာသာထိုင်နေရာမှ ယို့ယို့ရုံ့ရုံ့လေး ဖြစ်သွားရသည်။ မျက်နှာချင်း ဘယ်လိုဆိုင်ရမှန်း မသိ။ မျက်နှာကို ဘယ်လိုထားရမှန်း မသိ ဖြစ်သွားရသည်။ ကုလားထိုင်ပေါ် ထိုင်နေရာမှ အောက်ဆင်းထိုင်ရတော့ မလိုလို၊ ထိုင်နေရာမှ လက်နောက်ပစ်ပြီး မတ်တတ်ရပ်ရတော့မလိုလို ဖြစ်သွားရသည်။

မိတ်ဆက်ပေးလာသည့် အမျိုးသမီးကြီးမှာ ဂရိတ်နတ်ကတော်ကြီးလည်း မဟုတ်၊ စွပါစတား ကနားစီးကြီးလည်း မဟုတ်၊ တောင်ပြုံးကတော်ကြီးလည်း မဟုတ်၊ ကိုသန့်ဇင်တို့ဌာနမှ အရာရှိကြီးတစ်ဦး၏ ဇနီး။ အရာရှိကတော်ကြီး ဖြစ်နေသောကြောင့်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com

စိန်မျက်ခုံး၏ အမူအရာမှာ "ကဲ ဘယ့်နှယ်ရှိစ"ဟု မေးလိုသည့်ဟန်။ အမျိုးသမီးကြီးမှာ ခေါင်းကလေး တညိတ်ညိတ်။ အေးနှင့် စကားလက်ဆုံကျနေသည်။ အထာမိနေကြချည်။ ပြုံးခါနီးကျတော့မှ အမှာစကား ပြောသွားသည်။ "နောင်ကို အကြောင်းရှိရင် မမဆီအကြောင်းကြား"တဲ့။

တကယ်တော့ အမျိုးသမီးကြီး၏ နှုတ်ဖျားမှ သည်လိုစကားမျိုးထွက်လာအောင် စိန်မျက်ခုံးတင်တင်၏ အလှော်အလှဲကောင်းတာလည်း ပါသပေါ့။ သူတို့ အလွန်လေးစားရသူ စိန်မျက်ခုံးက ကိုသန့်ဇင်တို့ဘက်မှာ ပြတ်ပြတ်ရပ်ပေးခဲ့ပြီကိုး။ သူတို့အစွမ်းနှင့်ဆိုလျှင် စကားတောင် ပြောပါ့မလား မသိ။ တန်းတူရည်တူ စကားပြောဖို့ ဘယ်ဖြစ်နိုင်မှာပ။ အထက်စီးက ခံ့ခံ့ထည်ထည်ကြီး ပြောတော့မည်။ ယူသွားလိုက်ရမည့်လက်ဆောင်တွေ ကလည်း ဘယ်နည်းမှာပ။

ခုတော့လည်း "နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်"ဆိုဘိသို့ ဖြစ်ခဲ့ရချေ၏။ ဒါက စိန်မျက်ခုံးတင်တင်ရဲ့ ပညာသားပါပါ ပြလိုက်သည့်အထာ သဘောပြကွက်လေး တစ်ကွက်သာပါ။ သူတို့လာမည်ကိုသိနေသည်ဆိုသော အပြောမှာ ခုတော့ရှင်းပြီ။ အညှာ သူ့လက်ထဲမှာရှိနေကြောင်းပြလိုက်ပြီ မဟုတ်ပါလား။

အကယ်၍ ကိုသန့်ဇင်တို့သာ စိန်မျက်ခုံးနှင့် တရင်းတနှီးမရှိခဲ့လျှင် နတ်အနွယ်ဝင်ဖြစ်နေခဲ့လျှင် သည်နေရာမှာ တစ်ချက်တည်း အကျ။ အိတ်ကပ်ထဲက နတ်ဆက်ဖို့ငွေ ထွက်တော့မည်မှာ သေချာသည်။ မယ်တော်ဆက်ဖို့၊ မင်းကလေး ဆက်ဖို့ဆိုတာတွေလည်း နောက်ဆက်တွဲ ပါလာမည်မှာ သေချာသည်။ စိန်မျက်ခုံးတို့က သူတို့အတွက်ဆိုပြီး ငွေကြေး တစ်ပြားတစ်ချပ်မှ တောင်းလေ့မရှိ။ မယ်တော်ကို၊ မင်းကလေးကို၊ မခန်းကျော်ကို အမေယဉ်ကို၊ အနောက်မယ်တော်ကို၊ မနဲ့လေးကို ဘာဆက်ရ လိမ့်မည်ဟူ၍သာ ဆိုလိမ့်မည်။

ဆက်လာသည့်ငွေကို မင်းကလေးတို့၊ မယ်တော်တို့က သူတို့ကိုယ်တိုင်ကိုင်ပြီး ရန်ကုန်မြို့ထဲ လျှောက်သုံးတတ်တာမှ မဟုတ်ဘဲဟာ။ စိန်မျက်ခုံးတို့ကသာ သုံးသည်။ သူက ရှုပါစတား နတ်ကတော်ကြီးပဲဟာ။ သူသုံးတာလည်း နတ်သုံးတာပဲပေါ့။ နတ်အနွယ်ဝင်တွေ သည်သို့ပဲ သဘောမူကြသည်။

စည်းတစ်ခုတော့ ထားသည်။ နောက်ထပ်ငွေအသစ်မလာဘဲ ဆက်သထားသည့် ငွေအဟောင်းကို သုံးလေ့မရှိ။ ငွေအသစ်လာလျှင် အဟောင်းက နတ်နှင့်မဆိုင်။ သူတို့ပိုင်ပြီ။

အိမ်အပြန်တွင် ကိုသန့်ဇင် ရင်ထဲမှာ ကသိကအောက်ကြီး ဖြစ်နေသည်။ တစ်ဆို့ဆို့ အဖုအထစ်ကြီး ရင်ထဲမှာခံနေ၏။ ခုဟာက သူအလုပ်ကြီးစားလို့ သူ့အရည်အချင်းအရ ရာထူးတက်ရသည်ကိုပင် သူတို့အကူအညီကြောင့်လိုလို၊ ဟန်တင်ထားသည်ကို သူ့စိတ်ထဲမှာ ကလိကလိ ဖြစ်နေသည်။ ပြောချင်လိုက်သည်မှ ပါးစပ်ကိုယားလို့။ မကောင်းတတ်လို့သာ ချော်လဲရောထိုင် လုပ်ခဲ့ရသည်။ အေးကိုတော့ တဖျစ်တောက်တောက် ပြောနေမိသည်။

မခံချိမခံသာဖြစ်နေသော ကိုသန့်ဇင်ကို အေးက ဖျောင်းဖျခဲ့ရ၏။

"အိုး ... မောင်ကလဲကွယ်။ မရောင်ရာ ဆီလူးမနေစမ်းပါနဲ့။ ဘယ်သူက မစလို့လို့ပြောပြော ကိုယ့်ရာထူးတိုးဖို့က အဓိကမဟုတ်လား။ သေနတ်နဲ့ပစ်လို့ သေတယ်ပဲပြောပြော၊ သစ်ကိုင်းခြောက်ကလေးနဲ့ ရိုက်လို့ သေတယ်ပဲပြောပြော၊ ကျားသေဖို့ အရေးကြီးတာပါ မောင်။ ခု အေးတို့ အမြတ်ထွက်တာပဲမဟုတ်လား။ ကတော်မမကြီးနဲ့ မျက်မှန်းတန်းမိပြီလေ။ အရေးဟယ်၊ အကြောင်းဟယ်ဆို ကိုယ့်မှာ အားကိုးစရာအမှီတစ်ခု တွယ်တာမိတာ အမြတ်မဟုတ်လားမောင်ရဲ့"

"ဒါတော့ ဒါပေါ့ကွာ။ အင်းလေ လောကကြီးမှာ လူတွေဟာ လည်သလို လုပ်စားနေကြတာပဲနော်။ မောင်တောင် လည်တဲ့အထဲ ပါချင်နေပြီ"

"လိမ်တဲ့လူကတော့ လိမ်မှာပဲ မောင်။ အလိမ်ခံရဖို့ လူတွေကလည်း တန်းစီစောင့်နေကြတာကိုး။ တကယ်တော့ အလိမ်ခံတဲ့လူက အရေးကြီးတာပါ။ အလိမ်ခံရတယ် ဆိုကတည်းက ကိုယ်ညံ့လို့ခံရတာ။ ဘာပဲဖြစ်ဖြစ် မမတင်ကိုတော့ ကျေးဇူးတင်ရမှာပဲ။ သူ့ဟာသူ ဘာပဲလုပ်လုပ် အေးတို့အပေါ်တော့ တကယ်ကောင်းတာ"

"အဲဒါ ကိုကိုထောင်မှုး မျက်နှာကြောင့်ပေါ့"

"တော်ပါ။ သူက တော်တော်မဏ္ဍာပ်တိုင်တက်ချင် ... ဟင်း"

*(ဆက်လက်ဖော်ပြပါမည်။)*

## ချော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# ဆီမီးယတြာ ပြုလုပ်ရာဝယ်

■ ဂမ္ဘီရဆရာပွင့်

စာရှုသူတို့အနေဖြင့် အခက်အခဲတစ်ခုခုနှင့် ကြုံတွေ့ရပါက အောက်ဖော်ပြပါ ဆီမီးယတြာ ထွန်းညှိကြည့်စေချင်ပါသည်။ ယုံကြည်မှုဖြင့် အခက်အခဲများ ပြေလည်သွားပါလိမ့်မည်။

၁။ စီးပွားလာဘ်လာဘများ အောင်မြင်ပွင့်လန်းလိုပါက ပဲဆီသန့်သန့်ကိုသုံး၍ ဆီမီးထွန်းညှိပူဇော်ကာ ဆုတောင်းရပါမည်။

၂။ ကျန်းမာရေးကောင်းချင်ပါက ထောပတ်ဆီသန့်သန့်ကိုသုံး၍ ဆီမီးထွန်းညှိပူဇော်ကာ ဆုတောင်းရပါမည်။

၃။ အတိုက်အခံများအပေါ် အောင်မြင်လိုပါက ထောပတ်ဆီသန့်သန့်ကိုပင် သုံး၍ ဆီမီးထွန်းညှိပူဇော်ကာ ဆုတောင်းရပါမည်။

၄။ မကောင်းသောဂြိုဟ်များ စီးနင်းခြင်းခံနေရပါက နှမ်းဆီသန့်သန့်ကိုသုံး၍ ဆီမီးထွန်းညှိပူဇော်ကာ ဆုတောင်းရပါမည်။

၅။ အိမ်တွင်းမိသားစုကိစ္စ ပူလောင်နေပါက နှမ်းဆီသန့်သန့်ကိုပင်သုံး၍ ဆီမီးထွန်းညှိပူဇော်ကာ ဆုတောင်းရပါမည်။

၆။ ပညာရေးကိစ္စ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေပါက နေကြာစေ့ဆီသန့်သန့်ကိုသုံး၍ ဆီမီးထွန်းညှိပူဇော်ကာ ဆုတောင်းရပါမည်။

၇။ အထင်လွဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါက မြေပဲဆီသန့်သန့်ကိုသုံး၍ ဆီမီးထွန်းညှိပူဇော်ကာ ဆုတောင်းရပါမည်။

လိုအပ်သော ပစ္စည်းများမှာ မြေစလောင်းဖုံးတစ်ခု ဂွမ်းကိုကျစ်ထားသော မီးစာနှင့် ဆီဖြစ်ပါသည်။ သတ်မှတ်ထားသော ဆီအလေးချိန်မှာ ၉ ကျပ်သား ဖြစ်ပါသည်။ မိမိ၏မွေးနေ့ နံနက် ၆း၀၀ နာရီတွင် အိမ်ရှိဘုရားခန်း၌ ထွန်းညှိပူဇော်ကာ လိုရာဆုများတောင်းရပါမည်။ ဆီမီးကို သူ့ဘာသာသူ ငြိမ်းပါစေ။

ယုံကြည်စိတ်ချစွာဖြင့် ဆီမီးထွန်းညှိယတြာ ပြုလုပ်ပါက ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်လိမ့်မည့်အကြောင်း တင်ပြရေးသားလိုက်ရပါသည်။

ဂမ္ဘီရဆရာပွင့်



www.burmeseclassic.com

www.burmeseclassic.com

# လောင်းရိပ်မိသော မန်းမျှားဓါတ်သံစဉ်

■ လေးသူစံ

၂၀၁၂ ခုနှစ်၊ ဇူလိုင်လထုတ် ရောင်ပြန်မဂ္ဂဇင်းနှင့် ဘုန်းရောင်ဂျာနယ် တို့မှာ ပါရှိသည့် ကျွန်မရေးထားခဲ့ပါသော "တရားတွေ့သွားခဲ့သည့် ဂျွန်ဦးစော၏ နောက်ဆုံးအချိန်" ဆောင်းပါးကို ဖတ်ရှုကြပြီးနောက် ကျွန်မထံသို့ စာနှင့်တစ်မျိုး ဖုန်းနှင့်တစ်သွယ် ဆက်သွယ်လာကြပါသည်။ အများဆုံးမှာ လူငယ်လေးများ ဖြစ်ကြပါသည်။ သူတို့လည်း ကျွန်မကဲ့သို့ ခံစားရပြီး အတွေးဝင်နေမိခဲ့ကြပါသည်တဲ့။ သူတို့သိချင်နေကြသည့်အဖြေကို ကျွန်မ၏ ဆောင်းပါးမှာ တွေ့လိုက်ရသဖြင့် ဆက်သွယ်လာကြခြင်း ဖြစ်ပါသည်။

ယခုနှစ် စာပေဟောပြောပွဲများမှာလည်း အငြိမ်းအာယာတကြီးမားလှစွာဖြင့် နိုင်ငံ့ခေါင်းဆောင်ကြီးများကို ရက်စက်စွာ သတ်ဖြတ်ခဲ့ပါသော ဂျွန်ဦးစော၏ နောက်ဆုံးအချိန်တွင် ကြီးစင်ရှိရာသို့ တည်ငြိမ်သော ခြေလှမ်းများဖြင့် သွားနိုင်ခဲ့သည်မှာ ကြိုးတိုက်ထဲတွင် လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီကျမ်းများ၊ တရားစာများကို ဖတ်ရှုထားသောကြောင့် ဖြစ်ပါကြောင်း စသဖြင့် "စာပေ၏ ဂုဏ်ကျေးဇူး" တို့ကို ဟောပြောဖြစ်ခဲ့ပါသည်။

၁၉၇၆-၇၇ ခုနှစ်များတွင် စပ်ပြန်မဂ္ဂဇင်းမှာ အလုပ်လုပ်ခဲ့ရစဉ်က ဖတ်ရှုခဲ့ရပါသော ဝတ္ထုတစ်ပုဒ်ကိုလည်း ယခုအချိန်မှာ ပြန်လည်၍ အမှတ်ရနေမိပါသည်။ စပ်ပြန်မဂ္ဂဇင်းမှာ ပါရှိသွားသောလနှင့် စာရေးဆရာအမည်ကိုတော့ မမှတ်မိတော့ပါ။ ဝတ္ထုအကျဉ်းချုပ်ကို ဖော်ပြပေးရမည်ဆိုလျှင် . . .

မည်သူ့ကိုမှ အပေါင်းအသင်း မလုပ်ဘဲနှင့် မျက်နှာထားတည်သော တက္ကသိုလ်ကျောင်းသူတစ်ဦး။ ကိုယ်ပိုင်ကားမောင်း၍ ကျောင်းတက်သည်။ အပြင်အဆင် အခြယ်အသ မရှိ၊ ဆံပင်တင်းနေအောင် ချည်ထားသည်ဆိုလား၊ ကျစ်ဆံမြီးကျစ်ထားသည်ဆိုလား သေချာမမှတ်မိ။ သနပ်ခါးမလိမ်း၊ ပန်းမပန်၊ မျက်နှာပြောင်ကြီးနှင့်သာ နေလေ့ရှိသော၊ မည်သူ့ကိုမှ အရေးတဝင်မရှိသော၊ ဤမိန်းကလေးကိုမှ ရင်ခုန်ခဲ့ရပါသော ကျောင်းသားကလည်း လေးနှစ်လုံးလုံး ငွဲ့ရှိရှိနှင့် လိုက်ခဲ့သည်။ မိန်းကလေးက လုံးဝမှ စကားပြန်မပြောခဲ့။

www.burmeseclassic.com

ဤသို့နှင့် နောက်ဆုံးနှစ်၏ နောက်ဆုံးနေ့သို့ ရောက်လာခဲ့ပါတော့သည်။ ထုံးစံအတိုင်းပင် ကျောင်းသားသည် စာမေးပွဲခန်းမမှ ထွက်လာသော သူမကို ကားအနားမှာ ရပ်စောင့်နေခဲ့ပါ၏။ အဖြေကို တောင်းခဲ့ရာ သူမထံမှ ထူးဆန်းသော စကားတစ်ခွန်းကို ကြားခဲ့ရပါတော့သည်။

"ကားပေါ်တက်ပါ။ ကျွန်မအိမ်ကို လိုက်ခဲ့ပါ။ ကျွန်မရဲ့ မိဘများနဲ့ ခုံတွေ့ပြီးမှ ကျွန်မနဲ့ လက်တွဲဖို့ ဆုံးဖြတ်ပါ"

အမောင်ကျောင်းသားခမျာ အံ့ဩဆန်းကြယ်သော ခံစားမှုများနှင့် ကျင်လည်စွာ ကားမောင်းလာသော သူမ၏ဘေးမှာ အသက်မျှမရှူနိုင်ဘဲနှင့် လိုက်ပါသွားခဲ့ရပါသည်။ ကျယ်ဝန်းလှပါသော ခြံကြီးတစ်ခြံရှေ့သို့ ရောက်သွားသောအခါ သူမကိုယ်တိုင် ဆင်း၍ ခြံတံခါးဖွင့်ပါသည်။ ခြံထဲရှိ ကြီးမားလှသော အိမ်ကြီးကလည်း ချောက်ချားဖွယ်ကောင်းလောက်အောင် ငြိမ်သက်နေပါ၏။ ကြီးမားလှသော သော့ခလောက်ကြီးကို သူမကိုယ်တိုင် ဖွင့်ရင်းနှင့် သားအမိနှစ်ယောက်တည်းဖြစ်ပါကြောင်း၊ အမေက ရိပ်သာဝင်နေကြောင်းကို ပြောပြလေသလား၊ သို့မဟုတ် သူမတစ်ဦးတည်းနေကြောင်း၊ အိမ်ဖော်အဒေါ်ကြီးနှင့် သော့တစ်စုံစီ ယူထားကြ၍ အဒေါ်ကြီးက ချက်ပြုတ်လုပ်ကိုင်ပြီးလျှင် ပြန်သွားလေ့ရှိကြောင်းတို့ကိုပါ ပြောပြလေသလား၊ သေချာမမှတ်မိပါတော့။

မှတ်မိနေခဲ့သည်ကတော့ ကျောင်းသားခမျာ မှောင်မိုက်နေသော အိမ်ကြီးအတွင်းသို့ ထူးဆန်းလှသော "သူမ" နောက်မှ လိုက်ပါဝင်ရင်းဖြင့် ခြေဖျား လက်ဖျားတွေ အေးစက်နေခဲ့ပါသည်တဲ့။ သူမက ပြတင်းပေါက်များ ဖွင့်ပေးပြီး လိုက်ကာများ ဖယ်ရှားပေး၍ အလင်းရောင်နှင့် လေအေးအေးလေးကို ရရှိလိုက်မှပင် အတန်ငယ် စိတ်သက်သာရာ ရသွားခဲ့၏။

"ညှော်ခန်းမှာ ခဏထိုင်ပါဦး။ ကျွန်မ ကော်ဖီသွားဖျော်လိုက်ဦးမယ်။ ကျွန်မ မိဘတွေရဲ့ ဓာတ်ပုံကို ကြည့်ရင်း စောင့်နေပါ။ ကော်ဖီသောက်ရင်းနဲ့ ဆွေးနွေးကြတာပေါ့"

သူမက ဤကဲ့သို့ပြောပြီး အိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။ ထိုအခါမှ ကျောင်းသားခမျာလည်း ပင့်သက်ကို တအားရှိုက်၍ မှုတ်ထုတ်လိုက်ရပါ၏။ သူမ၏ မိဘဓာတ်ပုံများကို ကြည့်ပါဟု ဆိုသော်လည်း စားပွဲပေါ်မှာ ဘာမှမရှိ။ သူ၏ ရှေ့တည့်တည့်နံရံတွင် လူတစ်ရပ်မျှရှိသော ဓာတ်ပုံကြီးကို သတိပြုမိသွားခဲ့သည်။ ဓာတ်ပုံထဲမှ ပုဂ္ဂိုလ်ကြီးကို မြင်လိုက်ရသောအခါ မျက်မှောင်တွန့်သွားမိသည်။ ဒိန်းခနဲလည်း နှလုံးသွေးတွေ ဆောင့်တက်သွားသည်။ သေချာစေရန် အနားကပ်ကြည့်ဖို့ လှမ်းသွားရသည့် ခြေလှမ်းများက ဒယိမ်းဒယိုင်။ မဟုတ်ပါစေနှင့်ဟုလည်း အကြိမ်ကြိမ်ဆုတောင်းမိ၏။ သို့သော်. . .

သူမြတ်နိုးမိခဲ့ပါသော၊ တစ်ယောက်ဆိုတစ်ယောက်ဟု သစ္စာရှိစွာနှင့် စောင့်စားချစ်ခဲ့ရပါသော သူမသည် ဤပုဂ္ဂိုလ်ကြီး၏ အမျိုးအနွယ် သမီးတဲ့လား။ သူ့မိဘဆွေမျိုးအသိုင်းအဝိုင်းတို့က လက်ခံပါ့မလား။ ယခုပင် သူနှလုံးသားလေးခမျာ ထိတ်လန့်စွာ၊ ယူကျုံးမရစွာ၊ နမြောတသစွာ ခံစားလိုက်ရ... အိမ်ကြီးထဲမှ မည်သို့မည်ပုံ ပြေးထွ... လာမိသည်ကိုပင် မသိနိုင်ပါလေတော့... သူ သတိဝင်သွားသည့်အချိန်မှာတော့... ပြည်လမ်းမပေါ် အင်းယားကန်စပ်... ရောက်ရှိနေပါတော့သည်။

နှစ်ပေါင်း ၃၅ နှစ်ကျော် ကြာ... ပြီဖြစ်သော်လည်း ဤဝတ္ထုလေး... စာသားများ မဟုတ်တော့သည့်တို... အောင် အကြောင်းအရာတို့ကို မှတ်မိ... နေခဲ့သည်။ ဤဝတ္ထုသည် အတွေးများ... စွာတို့ကို ပေးခဲ့ပါသည်။ ဝတ္ထုထဲ... ဓာတ်ပုံထဲရှိ ပုဂ္ဂိုလ်ကြီးသည် ကျွန်... တွေးထင်မိသည့်သူ ဟုတ်မဟုတ်... သည်ကို ထိုစဉ်က စစ်ပြန်မဂ္ဂဇင်း... အယ်ဒီတာအဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပါသော... ဆရာမောင်ကျော်သာ(ဤသစ်ဆုံဝတ္ထု... ကို ဆရာကိုကိုနှင့် တွဲဖက်ရေးသား... သူ)ကို မေးမြန်းခဲ့ရာ. . .

"ဟုတ်တယ်၊ သမီးထင်တဲ့သူပဲ"

"စိတ်မကောင်းစရာပဲနော်။ ကျန်... ရစ်ခဲ့တဲ့ မိသားစုခမျာ ဘာမှမဆိုင်ဘဲ... မလေးလေး..ဝတ္ထုထဲက ကောင်မလေး... ဟာ ကော်ဖီမဖျော်ဘဲနဲ့ အိမ်ထဲက... ကောင်လေးအမူအရာတွေကို ချောင်း... ကြည့်နေလေမလားလို့ တွေးမိတယ်... ဒီဝတ္ထုကို ဖတ်ပြီးတော့ ရင်ထဲမှာ... တအားခံစားပြီးတော့ ကျန်ရစ်ခဲ့ရ... တယ်ဆရာ"

"အင်း...မိသားစုတစ်စုမှာ မိဘ... တွေမှားရင် သားသမီးတွေ မျက်နှာငယ်... ရတယ်ဆိုတာကို စာရေးဆရာက ပြော... ချင်တာပါပဲ။ စာရေးသူတစ်ယောက်... အနေနဲ့ စိတ်ကူးယဉ်ပြီး ရေးလိုက်တ... ဆိုပေမယ့် လူမှုရေးအရကြည့်ရင် ...



www.burmeseclassic.com

www.burmeseclassic.com

တွေဟာ မရေးသင့်ဘူးပေါ့။ သမီးပြောသလိုပဲ . . . ဒီပုဂ္ဂိုလ်ကြီးရဲ့ အမှားဟာ ကျန်ရစ်ခဲ့တဲ့သူတွေနဲ့ ဘာမှမဆိုင်ပါဘူး။ နိုင်ငံရေးမှာ ဒီလိုပဲ ဖြစ်တတ်တယ် သမီးရဲ့"

လွန်ခဲ့သော ၃၅ နှစ်ကျော်က ဆရာမှော်ကျော်သာ ပြောခဲ့ပါသော စကားတစ်ခွန်းကို ယခုလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ပြန်လေပြီ။

"ဖေဖေနဲ့ ပတ်သက်ပြီးတွေးရင်း ဦးစောကြောင့် ဖေဖေဆုံးသွားတယ်လို့ ဘယ်တုန်းကမှ မမြင်ဘူး။ ပြီးတော့လည်း နိုင်ငံရေးမှာ ဒီလိုပဲ ဖြစ်တတ်ပါတယ်။ ကျန်ခဲ့တဲ့ မိသားစုတွေမှာ ဘာအပြစ်မှ မရှိပါဘူး"

ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့သော ဤစကားတစ်ခွန်းကို ဂျာနယ်မှာ ထင်ရှားစွာ ဖော်ပြပေးခဲ့ကြပါသည်။ ခေတ်ကလည်း မြင်သာထင်သာ ပွင့်လင်းသောခေတ် ဖြစ်ခဲ့ပေပြီ။ ဦးစော၏ မိသားစု မျိုးဆက်များကိုပင် အင်တာဗျူး၍ ဂျာနယ်များမှာ ဖော်ပြခဲ့ကြပါပြီရော။

ကျွန်မတို့ မြန်မာနိုင်ငံသည် မြတ်စွာဘုရား၏ ဗုဒ္ဓသာသနာတော်ကြီး ဆောင်ဝါထွန်းလင်းနေသော နိုင်ငံတော်။ မေတ္တာထွန်းကားသော နိုင်ငံ။ ကိုယ်ချင်းစာတရားတွေ၊ ကရုဏာတွေကလည်း အလျှံအပယ်။ စာနာသော နှလုံးသားကိုယ်စီနှင့် ဖေးမကူညီကြသည်ကို ၈-၃-၂၀၁၂ ထုတ်ဝေခဲ့သည့် 7 days News မှာ ပါရှိသွားခဲ့သော ဆရာမငြိမ်းငြိမ်းနိုင် ရေးသားထားခဲ့သည့် "လီလီပန်းလေးများရဲ့ နောက်ကွယ်မှာ" ဆောင်းပါးတွင် အထင်အရှား ဖတ်ရှုခဲ့ရပါသည်။ ဂဠုန်ဦးစော မိသားစု၏ ဘဝဖြတ်သန်းမှုတို့ကို ဆရာမငြိမ်းငြိမ်းနိုင်က ဤကဲ့သို့ ရေးပြထားခဲ့ပါသည်။ အကျဉ်းချုပ်ကို ဖော်ပြပါမည်။

*** ***

ဂဠုန်ဦးစောနှင့် ဇနီး ဒေါ်သန်းခင်တို့၏သမီး ဒေါ်သောင်းဒေး့မှ မွေးဖွားခဲ့သည့် ဒုတိယသမီး ဒေါ်မွန်မွန်ရင်၏ ပြောပြချက်များ ဖြစ်ပါသည်။

"လူတွေရဲ့အမြင်မှာ ဟော် . . . ဒီမိသားစု သူတို့အပြစ်တော့ သူတို့သိသားပဲ ဆိုတာမျိုးဖြစ်အောင် နေရပါတယ်။ မေမေနဲ့ အဘွားတို့တုန်းကဆိုရင် သူတို့တွေခများမှာရှိတဲ့ ပစ္စည်းထုတ်ရောင်းနေခဲ့ရတာလေ။ အပြင်လူနဲ့ ကူးလူးရတဲ့ စီးပွားရေးတွေ ဘာတွေ လုပ်လို့အဆင်မပြေခဲ့ဘူးလေ။ အဘိုးထားခဲ့တဲ့က ခြံပတ်ပတ်လည်က မြေတွေ ရောင်းစားပြီး နေလာခဲ့ကြတာ။ အမေလက်ထပ်ပြီးနောက်ပိုင်း အဖေက ဝန်ထမ်းဆိုတော့ အန်တီတို့လည်း ဝန်ထမ်းမိသားစုဝင် ဘဝ ဖြစ်လာခဲ့တော့တာပေါ့။ တဖြည်းဖြည်းနဲ့ လူမှုဝန်းကျင်တွေ ကျယ်ပြန့်လာခဲ့ပါပြီ။ သားကြီးမင်းခဆိုရင်' ပြည်သူတွေနဲ့ ယှဉ်တွဲဆက်ဆံနေရတဲ့ သရုပ်ဆောင်လုပ်ခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပြီလေ။ သားကြီး သရုပ်ဆောင်လုပ်မယ်လည်းဆိုရော အဲဒီနေ့က အန်တီအော်ထည့်လိုက်တာ အိမ်သားအားလုံး လန့်ကုန်ကြတယ် . . .။ အမလေး . . . အမေလေး . . . ဘယ့်နှယ် တစ်မိသားစုလုံး လူမသိ၊ သူမသိ နေလာခဲ့ရပါတယ်ဆိုမှ သူကျမှ သရုပ်ဆောင်လုပ်မယ်ဆိုပြီးတော့လေ။ ဘယ်လိုစဉ်းစားလို့မှ မရတာ။ ဒါပေမယ့် သူတို့အဖေက ဝါသနာပါတာ လုပ်ပါစေဆိုလို့"

မင်းခကို ဦးစောမြစ်အဖြစ် သိထားကြသလို၊ အချို့ကလည်း မသိကြ။ သို့သော် သူ၏ အနုပညာလုပ်ငန်းတွင် အဘိုးကြောင့် တစ်စုံတစ်ရာမှ အရိပ်မထင်ခဲ့ပါဟု ဒေါ်မွန်မွန်ရင်က ဆိုပါသည်။

သမိုင်းတရားခံ မိသားစုအဖြစ် အပြစ်ရှိသူများကဲ့သို့ ဖြတ်သန်းလာခဲ့ရပုံများတို့ကိုလည်း ဤသို့ . . .

"အန်တီ့ကို ငယ်ငယ်ကတည်းက မေမေက ပြောတယ်။ ကိုယ့်မှာ အပြစ်ရှိခဲ့တယ်။ အဲဒါကြောင့် သူများတွေက အဘိုးနဲ့ပတ်သက်လို့ ပြောလာရင် ငြိမ်ပြီး ရန်ဖြစ်တာတို့၊ ပြန်ပြောတာတို့ မလုပ်ရဘူးတဲ့။ ဦးနှောက်ထဲကို အဲဒီအတိုင်း သွင်းပေးထားတာ။ အဲဒီတော့ ဘာမှ ပြန်မပြောရဲဘူး"

ဒေါ်မွန်မွန်ရင် ငယ်စဉ်ဘဝက အာဇာနည်နေ့တိုင်း ပြုလုပ်လေ့ရှိကြသည့် ဟောပြောပွဲများ၊ ကျောင်းတွင်းလှုပ်ရှားမှုများ ပြုလုပ်သည့်ရက်များဆိုလျှင် မိဘများက ကျောင်းသို့မလွှတ်ခဲ့။ ထိုအကြောင်းကို သိသွားကြသော အတန်းကြီး ကျောင်းသူကျောင်းသားများက သမိုင်းကိုပြောခြင်းဖြစ်ကြောင်း၊ မွန်မွန်ရင်လေးနှင့် ဘာမျှမသက်ဆိုင်ကြောင်း၊ ကျောင်းမပျက်ရန် စသဖြင့် အားပေးနှစ်သိမ့်မှုများနှင့် နားလည်ပေးကြကြောင်း ပြောပြပါသေးသည်။

သမိုင်းဝင်တွင်သွားခဲ့ရသည့် နိုင်ငံတော် လုပ်ကြံမှုကြီး၏ခေါင်းဆောင် ဂဠုန်ဦးစော၏ မိသားစုအပေါ် ရန်ငြိုးအာဃာတမရှိသည့် ဗိုလ်ချုပ်ကတော်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်ကြည်၏ တရားပြည့်ဝလှသော နှလုံးသားပုံရိပ်တို့ကိုလည်း ဒေါ်မွန်မွန်ရင်က ဤသို့ ပြောပြခဲ့ပါသေးသည်။

လွတ်လပ်ရေးရပြီး နိုင်ငံတော်လုပ်ကြံမှုနှင့် ပတ်သက်၍ ဒေါ်ခင်ကြည်အား နစ်နာကြေးတောင်းခံနိုင်ရန် တရားစွဲဆိုနိုင်သေးကြောင်း အကြံပြုသူများရှိခဲ့သော်လည်း ထိုအချိန်က ဒေါ်ခင်ကြည်ပြောခဲ့သည့် စကားတစ်ခွန်းကို ဒေါ်မွန်မွန်ရင်၏ အဘွားမှသည် မိသားစုအားလုံးက မမေ့နိုင်ခဲ့ကြ။

"အန်တီ ဒေါ်ခင်ကြည်က ဘာပြောခဲ့လဲဆိုတော့ မျက်နှာမရှိဘဲ ဖြစ်ခဲ့ရတဲ့ မုဆိုးမ။ ကျွန်မက ဂုဏ်ရှိပြီး ကျန်ရစ်ခဲ့ရတဲ့ မုဆိုးမပါ။ ဒါကြောင့် ဒေါ်သန်းခင်ဆီက ကျွန်မ ဘာမှမယူလိုတော့ပါဘူးတဲ့။ သိပ်ကို နှလုံးလှတဲ့ အန်တီ ဒေါ်ခင်ကြည်ပါ။ ပြီးတော့ အန်တီ့ရဲ့ လက်ထပ်ပွဲမှာ မင်္ဂလာဘိသိက်ပန်းအဖြစ် သုံးခဲ့တဲ့ အဖြူရောင်လီလီပန်းတွေကလည်း အန်တီဒေါ်ခင်ကြည်ရဲ့ ခြံထဲကပန်းတွေ ဖြစ်ခဲ့ရတာလည်း အမှတ်တရပါပဲ။ အန်တီ့ရဲ့ မင်္ဂလာဘိသိက်ပန်းဟာ လီလီပန်းပဲ ဖြစ်ရမယ်ဆိုပြီး ရန်ကုန်တစ်မြို့လုံး လှည့်ပတ်ရှာတာ ဘယ်မှာမှ မရခဲ့ဘူး။ နောက်ဆုံးတော့ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်စိုက်ထားတဲ့ လီလီပန်း အဖြူရောင်တွေပွင့်နေတဲ့ သတင်းကြားလို့ သွားဆက်သွယ်တော့ လာခူးတဲ့လူတွေကို အန်တီဒေါ်ခင်ကြည်က အိမ်ပေါ်ကနေ သော့ပစ်ချပေးရင်းနဲ့ ဘယ်သူမင်္ဂလာဆောင်လဲလို့ မေးတယ်တဲ့။ ဦးစောနဲ့ ဒေါ်သန်းခင်မြေး မင်္ဂလာဆောင်ပါလို့ ပြောတော့ ဩော် . . . ဒေါ်သန်းခင်က မြေးတွေဘာတွေနဲ့ဆိုတော့ ကျွန်မထက် သူကတောင် ပိုကံကောင်းတာပေါ့လို့ ပြောတယ်တဲ့"

ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍လည်း ဤသို့ ပြောပြခဲ့ပါသေးသည်။

"ဒေါ်အောင်ဆန်းစုကြည်က ကမ္ဘာကတောင် အသိအမှတ်ပြုခံထားရတဲ့သူပါ။ သိပ်ကို လေးစားဂုဏ်ယူစရာကောင်းတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ပါတယ်။ တွေ့ဆုံလိုစိတ် ပြင်းပြနေခဲ့ပေမယ့် တကယ်တမ်းတွေ့ဖို့ကိုတော့ မဝံ့ရဲပါဘူး"

ဦးစော၏ မျိုးဆက်များနှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားကမူ အပြစ်မရှိသူ မိသားစုဝင်များ အပြစ်ရှိသကဲ့သို့ ခံစားနေရခြင်းကို စိတ်မကောင်းဖြစ်မိကြောင်း ကရုဏာစကား ဆိုခဲ့ပါသည်။

ကျွန်မသည် လွန်ခဲ့သော ၃၅ နှစ်ကျော်က ဝတ္ထုတစ်ပုဒ်နှင့် ယခု ဆရာမ ငြိမ်းငြိမ်းနိုင်၏ "လီလီပန်းကလေးများရဲ့ နောက်ကွယ်မှာ" ဆောင်းပါးတို့ကို ဆက်စပ်ပြီး သံဝေဂများစွာဖြင့် ဤသို့ ဆုတောင်းမိပါသည်။

လူသားအားလုံးတို့၏ အမုန်းအငြိုးအာဃာတတွေ ပြေပျောက်ကြပါစေ။

စာနာသော နှလုံးသားများနှင့် ကရုဏာလက်များ ကမ်းလှမ်း၍ ကူညီပေးမနိုင်ကြပါစေ။

တိုင်းပြည်နှင့် လူမျိုးဘာသာတို့အပေါ် သစ္စာရှိပြီး မေတ္တာတရားများ ထွန်းလင်းတောက်ပနိုင်ကြပါစေသတည်း။

(စာကြွင်း ။ ၁၁ . ၇ . ၂၀၁၂ က မိတ်ဆွေဖြစ်သူ အငြိမ်းစား ဗိုလ်မှူး ... ယောက်က ဖုန်းဆက်၍ ပြော... သည်။

"ဦးစော တရားတွေ့မတွေ့ ... သိမှာပေါ့။ ခင်ဗျားက ဘာလို့ အဲ... ရေးလိုက်ရတာလဲ။ နိုင်ငံတော်ရဲ့ ... ခံဘက်က ရှေ့နေလိုက်တယ်ဆို... တော်ကြာ ခင်ဗျားကို တစ်မျိုးထင်... ကြဦးမယ်"

ကျွန်မအပေါ် စေတနာနှင့် ... ခြင်းဖြစ်ကြောင်း နားလည်ပါသည်... ကျွန်မသည် ဦးစော၏ မိသားစုနှင့် ... ကျွမ်းသော်လည်း အရွယ်နှင့်အ... အကြံ့တို့အရ ခံစားတွေးမိသလို ... သားခဲ့ခြင်း ဖြစ်ပါသည်။ ဦးစော... နှင့် သမီးထံသို့ ရေးသားခဲ့သော ... တိုက်အတွင်းမှ ပေးစာများအရ... လည်းကောင်း၊ ကြိုးစင်ရှိရာသို့ တည်... စွာ အရောက်သွားမှုကိုလည်းကော... သူ၏အမှား သူ၏အပြစ်တို့ကို ကော... စွာခံယူသွားသည်မှာ တရားကိုသိ... သောကြောင့်ဟု တွေးထင်မိပါသည်...

နိဂုံးချုပ်ရပါလျှင် တရားစာ... မဟုတ်ပါ။ အချစ်ဝတ္ထုများ၊ ဘဝသ... ဖော်မှန် ဝတ္ထုများ၊ ကဗျာဆောင်... စသဖြင့် မည်သည့်စာမျိုးကိုပဲ ဖတ်... ယူတတ်သော် ရ၏ ဆိုသည့်အတို... အလိမ္မာ စာမှာရှိစမြဲ မဟုတ်ပါလာ...

**လေးသျှံ**



www.burmeseclassic.com

www.burmeseclassic.com



# မြလှိုင်

လေပြည်နော့ပါလို့
ကပိုကသီ

www.burmeseclassic.com

www.burmeseclassic.com

# လေပြည်နေ့ခုပါလို့ ကမိုကာသီ

မြမြလှိုင်

၁

ဘဝသည် စုန်ရေ ဆန်ရေ၊
အတက်အကျ၊ အနိမ့်အမြင့်။

သည်စကားလုံးများသည် ခေါင်းထဲတွင် ရှိဝေဝေ၊ ဟိုသည်တိမ်းကာ လှုပ်ရှားပြေးလွှားနေကြသည်။

လက်ရှိ ပစ္စုပ္ပန်အခြေအနေကမူ တစ်မျိုး။ အတက်မရှိ၊ အဆန်မရှိ၊ အမြင့်မရှိ။ မြေနိမ့်ရာတွင် လုံ့စိုက်ခံနေရသည့်အချိန်။ သည်အချိန်ကလည်း ကြာတောင့်ကြာလွန်းလှသည့်အချိန်။ ကံကိုပင် ယိုးမယ်ဖွဲ့ရမည်လား၊ ကြမ္မာကိုပင် ဆိုးတယ်လို့ ဆိုရမည်လား မသိ။

မအေးချမ်း။ နိမိတ်အမြင်ဖြင့် အရိပ်ထင်အောင် အရိပ်ထင်အောင် အမေပေးခဲ့သည့် နာမည်။ အေးအေးချမ်းချမ်း ရေတွေ့ပန်းနှယ် လန်းဆန်းဆေချင်သည့်ဆန္ဒဖြင့် အမေမှည့်ခဲ့သည်။ သည်နာမည်သည် မအေးချမ်းအတွက် စီးစီးပိုးပိုးနိုင်လှသည်။ သိတတ်စအရွယ် ဘဝစသည်ကပင် မအေးချမ်းဘဝ ပူလောင်ပြင်းပြခဲ့သည်။

ကျင်လည်ခဲ့ရသည့်ဘဝက မိုလ်တထောင်ကမ်းနားဝန်းကျင်တစ်ဝိုက်။ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်အမျိုးမျိုးနှင့် ထိတွေ့ရသည်။ သဲသမွန်လိုက်သည့် အဖေနှင့် ကမ်းနားတစ်ဝိုက်တွင် ဈေးရောင်းသည့် အမေတို့ ဖူးစာဆုံပြီး မအေးချမ်းနှင့် မောင်လုထွေးတို့ လူ့လောကထဲ အလည်ရောက်ခဲ့ကြသည်။ စားတော့ကမ်းနားသော၊ နေတော့ သူများတဲ၏ အဖီလေး။

မအေးချမ်း အသက်အေးငါးနှစ်အရွယ်ကပင် အဖေ၏စရိုက်ကို ဗီဗီပြင်ပြင် သိခဲ့ရသည်။ လူကြမ်း၊ စိတ်ကြမ်း၊ စရိုက်ကြမ်းလှသည်။ ယမကာမိုဝဲလွန်းသဖြင့် အဖေ့မျက်နှာသည် နီမြန်းပြီး အစ်တစ်တစ် ပွရောင်းရောင်း ဖြစ်နေသည်။

မြစ်ရေပြင်ထဲတွင် အသက်မွေးဝမ်းကျောင်းပြုရသည့် အဖေ့ဘဝသည် ရေနှင့်အတူ မျောပါလှုပ်ရှားလို့နေသည်။ တစ်နေကုန်နီးပါးမျှ အဖေသည် ရေတွင်ဘဝမြှုပ်ထားရသည်။ သဲလှေတွင် အငှားလိုက်ပြီး သဲကျုံးရသည်။ လူတစ်ရပ်နီးပါးမျှ မြင့်သော ရေမျက်နှာပြင်အောက်တွင် သဲကို ↑ယူကျုံးရသည်မှာ လွယ်တော့မလွယ်ချေ။ တစ်နေကုန်နီးပါးမျှ လုပ်ရသည်။ အဖေ့လက်ဖဝါး၊ ခြေဖဝါးတို့မှာ ရေနူးပြီး ပဲကြီးရေစိမ်ထားသလို ဖြစ်နေသည်။ ပုဆိုးပိုင်းနှင့် ဘောင်းဘီအနားဖွာဆန်ကြဲ ဝတ်ထားသည့် နေရာမှလွဲ၍ ကျန်အသားအရေမှာ နေနှင့်ရေဒဏ်ကြောင့် နီညိုညစ်ကာ အက်ကွဲကြောင်းရာထနေသည်။

ရေကျချိန်လွန်၍ ရေတက်ချိန်ရောက်လျှင် အဖေတို့ သဲတင်လှေမှာ ကမ်းနဖူးသို့ ဦးတည်ဆိုက်လာသည်။ ရေပြင်တွင် သဲကျုံးစဉ်က ရေထဲ နစ်စိုရွှဲနေသော အဖေ့ခန္ဓာကိုယ်သည် ကမ်းနားသို့ လှေဆိုက်လာသည့်အခါတွင် ခြောက်သွေ့စပြုလာသည်။ တစ်ဖန် လှေပေါ်မှ ကားပေါ်သို့ ပုတ်ပြတ်အပြီးအပြီး လှေအပြည့်ပါလာသည့်သဲကို ပို့ပေးရသည်။ အားလုံးပြီးမှပင် အဖေတို့အတွက် လုပ်အားခကို ရှင်းပေးသည်။ တစ်နေကုန်လုပ်ရသည့် အဖေ့လုပ်အားခသည် ကျပ် ၅၀၀၀ သာ ရလေသည်။

သည်ငွေ ၅၀၀၀ သည် အဖေ့လက်ထဲသို့ အပြည့်အဝမရချေ။ ကြိုတင်ယူငွေက ရသည့်လုပ်အားခထက် နှစ်ဆဖြစ်နေသည့်အခါတွင် အဖေ့လက်ထဲ လုပ်အားခများ မပါလာခဲ့ပေ။ အဖေ သည်လိုပုံစံနှင့် ပြန်လာခဲ့ရလျှင် မအေးချမ်းတို့ အိမ်ကလေး ကမ္ဘာမီးလောင်ပြီသာ မှတ်ပေတော့။

"လှမေ"

အဖေ့ခေါ်သံသည် မအေးချမ်းတို့ မိသားစုအတွက် မိုးကြိုးပစ်သံအလားပင်။ ကြမ်းတမ်းသော ခြေနင်းသံသည် တဲအိမ်တစ်ခုလုံး ပြိုလုနီးပါး။

"ငါ့ကို ငွေငါးရာပေးစမ်း"

ဖိနပ်ချွတ်တွင် ခြေပစ်လက်ပစ် ထိုင်ပြီး အမေ့ကိုပြောလိုက်သည်။

မအေးချမ်းအောက် မောင်လှ



www.burmeseclassic.com

www.burmeseclassic.com

ထွေးကို မွေးပြီးကတည်းက အမေ့ကျန်းမာရေး ယိုယွင်းလာသည်။ မီးယပ်ရောဂါဟု ပြောကြသည်။ သည်လိုနှင့်ပင် မောင်လုထွေး ခြောက်နှစ်၊ မအေးချမ်း ကိုးနှစ်အရွယ် ရှိခဲ့ပြီ။

အမေ့ရောဂါကို အနီးအနားဝန်းကျင်က ပြောကြသည့် ဈေးသက်သာလှသည့် ဆေးမြီးတိုနှင့်သာ ကုစားခဲ့ရသည်။ ကြယ်မြင်၊ လမြင် အိမ်အမိုးအောက်တွင် မိုးရေစိုစိုထဲ၌ အမေ့ရောဂါသည်းလာသည့်အခါတွင် မအေးချမ်းတို့မောင်နှမနှစ်ယောက် အားကိုးရာမဲ့ရသည်။ သည်အချိန်တွင် အဖေသည် အပေါင်းအသင်းတစ်သိုက်နှင့် သောက်လိုက်စားလိုက်နေတတ်သည်။ သောက်စားပြီး၍ ကျန်နေသေးသည့် ငွေလေးနှစ်ထောင်ကိုသာ အမေ့လက်ထဲ ထည့်ပြီး ညပေး။ မနက်ယူ လက်ပူအောင်မခံချေ။

သည်အခါတွင် သားနှင့်သမီးကိုထမင်းအငတ်မခံနိုင်သည့် အမေသည်အဖေနှင့် မရခင်ကတည်းက ပါလာသည့် ရွှေနားပွင့်ကလေးကို ရသမျှနှင့်ရောင်းပြီး အရင်းအနှီးပြုကာ ခေါက်မုန့်လုပ်ရောင်းရတော့သည်။ သည်အရင်းအနီးကလည်း သေးလှသည်တော့မဟုတ်။ မုန့်လုပ်သံဒယ်အိုး၊ ထန်းလျက်၊ ဆန်၊ အုန်းသီး၊ ပဲစေ့၊ ယောက်မ စသည့်တိုလီမိုလီ စသည်ဝယ်ရသည်က သုံးထောင်နီးပါးကျသည်။ အိမ်တွင်နေရင်းရောင်းရသဖြင့် ထမင်းစရိတ်တော့ကာမိသည်။

တစ်ခါတစ်ခါ အမေနေမကောင်းလျှင် မအေးချမ်းက မုန့်လုပ်ရောင်းရ

လဲမှိုများ တစ်စစီထွက်နေသော ခေါင်းအုံးပေါ်တွင် အမေတစောင်းအိပ်နေသည်။ မအေးချမ်း သေသေချာချာ ငုံ့ကြည့်လိုက်သည်။ အမေ့မျက်လုံးအိမ်မှ မျက်ရည်ပူများ လိမ့်ဆင်းကျနေသည်။ ခေါင်းအုံးပေါ်တွင် ရွှဲရွှဲစိုလျက်ရှိသည်။

သည်။ မုန့်လုပ်ရောင်းသော်လည်း မအေးချမ်းတို့ မောင်နှမနှစ်ယောက်မှာ ချဉ်သီးပင်အောက် ချဉ်သီးရှားနေရသည်။ ဒယ်အိုးကပ် အကြွင်းအကျန်၊ မုန့်အကြေကိုသာစားကြရသည်။ အရင်းထဲက စားနေရသည့်အဖြစ်ကို ရောက်နေ၍ ဒါလေးကို မပြုတ်အောင် မနည်းမှီတွယ်နေရသည်။

"ဟဲ့··လုမေ၊ ငါပြောတာ မကြားဘူးလား။ ——ကောင်မ၊ နားလေးနေသလားဟင်"

အဖေ့နှုတ်ထွက်ကြမ်းလာလျှင် အမေသတိထားရတော့သည်။ မအေးချမ်းတို့ မောင်နှမနှစ်ယောက်မှာလည်း အသက်ပင် ရဲရဲမရှူဝံ့ကြ။

အဖေ သည်လိုမကြာခဏတောင်းတိုင်း ပေးရတာများလှပြီ။ အရင်းပြုတ်တော့မည်။ သည်အသိသည် အမေ့ရင်ထဲမှ မအေးချမ်းကို ကူးစက်လောင်ကျွမ်းနေပြီ။ အသက်နှင့်မလိုက် မအေးချမ်းရင်မှာ ဝေဒနာမွေးဖွားခဲ့ရသည်။

"ငါးရာတော့မယူပါနဲ့လား အဲ··· သိန်းမောင်ရယ်။ နောက်နေ့ မုန့်ရောင်း··· ဖို့ ဝယ်စရာရှိသေးလို့ပါ"

"တယ်···လျှာမရှည်နဲ့ လုမေ··· ငါ့မှာ ကိစ္စရှိလို့ တောင်းတာ။ ကြား··· တယ်၊ ပေးစမ်း။ တစ်နေ့လုံး ရေထဲမှာ··· စိမ်နေရတာ"

နောက်ထပ် စကားတစ်ခွန်း··· အမေ မဆိုရဲတော့။ နေစောင်းလျှ··· လေထောင်းလာသည့် အဖေ့အတွက်··· ယမကာမိုဝဲရန် ဖျာအောက်တွင် ဈေး··· ဝယ်ရန်သိမ်းထားသော ငွေများထဲမှ··· ငါးရာပြည့်အောင် အမေယူပေးရတော့··· သည်။ သည်လိုနေ့မျိုးတွင် အဖေသည်··· သန်းခေါင်ကို နေ့မှတ်ကာ နေတော့··· သည်။ အမေနှင့် မအေးချမ်းတို့မောင်··· နှမမှာမူ နောက်တစ်နေ့တွင် မုန့်ကို··· မဖြစ်မနေ ရောင်းရသော်လည်း ကန်စွန်း··· ရွက်ရေလုံပြုတ်ဖြင့်သာ ထမင်းစားကြ··· ရတော့သည်။ ဒါတွေကို အဖေမသိ··· လား။ မသိချင်ယောင်ပင် ဆောင်နေ···



www.burmeseclassic.com

www.burmeseclassic.com

သည်လား မသိ။ လှည့်၍မျှ မကြည့်။ အိပ်ရာကို နေမြင့်မှနိုးသည်နှင့် ပုဆိုးပိုင်းကျောတင်ကာ လုပ်ငန်းခွင်ဝင်ရန် သွားတော့သည်။ သည်အပူမီးဒဏ်ကို ခံရင်း ကျန်ရစ်ခဲ့ရသည်က အမေနှင့် မအေးချမ်းတို့ ဖြစ်သည်။

"လှမေရေ. . ."

မုန့်နှစ်အိုးကို ဘေးချရင်း မအေးချမ်း နားစွင့်လိုက်သည်။ ဆပ်ပြာမဝယ်နိုင်သေး၍ မဖွပ်မလျှော်ဘဲထားကာ ဝတ်နေရသည့် ရှင်မီးအင်္ကျီ ညိုညစ်ညစ်တွင် မုန့်ဆန်နှစ်တို့က စွန်းပေနေသည်မှာ အဖွေးသား။ ဆီနှင့် မထိတွေ့ရသည်မှာ ကြာပြီဖြစ်သည့် ကုပ်ဝဲဆံပင် နီကြန်ကြန်မှာလည်း ဖွာဆန်ကြဲလို့နေသည်။ အမေ့ထဘီအဟောင်းကို ဝတ်ထားရသဖြင့် ဖာထေးရာအကွက်က လှည့်စရာပင်မရှိ။

"ဟဲ့ . . .အေးချမ်း။ နင့်အမေ ရှိလား"

"အမေ. . .ညက နေမကောင်းလို့ အကြီး။ အခန်းထဲမှာ အိပ်နေတယ်"

အခန်းဆိုသော်လည်း မုန့်ရောင်းသည့်နေရာနှင့် ဖျာကြမ်းတစ်ချပ်ကာထားသည့်နေရာသာ ဖြစ်သည်။ ဝါးကြမ်းခင်းက နင်းလိုက်တိုင်း တကျွိကျွိမြည်နေသည်။ နေနှင့်လ အလင်းရောင်ကို အိမ်ခေါင်မိုးမှ ဖောက်ထွင်းမြင်ရသည်။ လေတိုက်တိုင်း ယိမ်းကနေသည့် အိမ်ထရံကလည်း လှုပ်လီလှုပ်လဲ့။

"ဘယ့်နှယ်လဲ လှမေ။ ဘယ်နှလရှိပြီလဲအေ။ ညည်းတို့ကို ငါသနားလို့ မတောင်းသေးဘဲ နေတာ။ ခုသုံးလရှိပြီ။ ညည်းလင်အရက်ဖိုးတော့ ညည်းပေးနိုင်တယ်၊ ငါ့အိမ်လခကျတော့ ဟိုရက်ရွှေ့ သည်ရက်ရွှေ့နဲ့ စေတနာထားတိုင်း ညည်းတို့က အရာမထင်ဘူး"

"ပေးမလို့ပါ အစ်မရယ်။ ကျွန်မလည်း ခုတလော တရှောင်ရှောင်နဲ့ ဖြစ်နေလို့။ မုန့်ကလည်း ကလေးတွေ ရောင်းခိုင်းနေရတော့ နည်းနည်းကသီလို့ပါ။ တစ်ရက်၊ နှစ်ရက် စောင့်ပါဦးနော်"

"အေး. . .အေး။ ညည်းတို့ပြောလိုက်ရင် ဒီလိုချည်းပဲ။ ငါက သနားလို့။ ဒါဆို နှစ်ရက်စောင့်မယ်။ တစ်ဝက်လောက် ပေးနိုင်အောင် ကြိုးစား။ နို့မဟုတ်ရင် တခြားနေရာပြောင်းဖို့ စဉ်းစားကြ။ ငါ လူသစ်တင်မယ်"

အခန်းထဲမှထွက်သွားသော ထိုအမျိုးသမီးကြီးကို မအေးချမ်းတို့ မောင်နှမနှစ်ယောက် မျက်တောင်မခတ်ဘဲ ရူးရူးစိုက်စိုက်ကြည့်နေမိသည်။

"အမေ"

မျက်လုံးမှိတ်ကာ အသာမှိန်းနေသည့် အမေ့အနားသို့ မအေးချမ်း ကပ်လာသည်။ အမေ့ရုပ်သွင်သည် မျက်တွင်းဟောက်ပက်၊ ဆံစနွယ်ခြောက်ပြီး အရိုးပေါ် အရေတင် ပိန်လိုက်သည်မှာ ပါးလှပ်လှပ်။

လဲမွှိများ တစ်စစီထွက်နေသော ခေါင်းအုံးပေါ်တွင် အမေတစောင်းအိပ်နေသည်။ မအေးချမ်း သေသေချာချာ ငုံ့ကြည့်လိုက်သည်။ အမေ့မျက်လုံးအိမ်မှ မျက်ရည်ပူများ လိမ့်ဆင်းကျနေသည်။ ခေါင်းအုံးပေါ်တွင် ရွဲရွဲစိုလျက်ရှိသည်။

"ဟင်. . .အမေငိုနေတယ်။ ဘာလို့ငိုတာလဲ အမေရယ်။ အိမ်လခပေးနိုင်အောင် သမီး နီမတို့နဲ့ သွားအလုပ်လုပ်မယ်လေ"

အမေသည် ခေါင်းကို ညင်ညင်သာသာခါပြသည်။ ဝိန်လိုဖျော့နွမ်းသော အမေ့မျက်နှာကမှ အားအင်မဲ့လှသည်။ အေးစက်နေသော အမေ့လက်ဖဝါးသည် မအေးချမ်း၏ ပါးပြင်ကို ထိတွေ့လာသည်။

"ငယ်ငယ်ကတည်းက မအေးချမ်းခဲ့ရတဲ့ အမေ့သမီးလေးရယ်"

အမေ့နှုတ်မှ ရှိုက်သံရောပြွမ်းလျက် ထွက်လာသည်။

"မုန့်ရောင်းဖို့ အရင်းလည်းပြန်ရအောင် သမီးသွားမယ် အမေရယ်။ မုန့်ကောင်းကောင်း ပြန်ရောင်းရရင် မောင်ထွေးကိုလည်း ညကျောင်းမှာ ထားပေးရအောင်နော်"

အသက်သုံးဆယ်ကျော် ဝန်းကျင်ရှိသော်လည်း ဘဝဒဏ်ချက်သည် အမေ့ကို ဝိုပြီးရင့်ရော်စေသည်။ အမေ့အတွက် ဆေးဆိုသည်မှာ ခေါင်းရင်းဘက်တန်းတွင် တင်ထားသည့် သွေးဆေးထုပ်ကလေးသာ ရှိသည်။

"မုန့်ရောင်းလို့ရတဲ့ငွေ တစ်ထောင်ထားခဲ့တယ်။ အမေဆာရင် မောင်ထွေးကို လမ်းထိပ်က ဆန်ပြုတ်ဆိုင်မှာ ကြက်သားကလေးနဲ့ တစ်ခွက်ဝယ်ခိုင်းလိုက်။ သမီးနဲ့မောင်ထွေး ကန်စွန်းရွက်ကြော်နဲ့ ထမင်းစားပြီးကြပြီ။ သမီးသွားမယ်အမေ။ တော်ကြာ ကားတွေဆိုက်တော့မှာ"

အမေ့ကိုပြောပြီး အနားမှ မအေးချမ်း ထလာခဲ့သည်။ ထဘီကို ခါးတိုတို

www.burmeseclassic.com

ပြင်ဝတ်လိုက်ပြီး ဆံပင်ကို သားရေကွင်းနှင့် သိမ်းပြီးစည်းလိုက်သည်။ ရှင်မီး အင်္ကျီပေါ်မှ အမေ့အင်္ကျီလက်တိုအပော်င်းကို ထပ်ဝတ်လိုက်သည်။ ရှေးရှင်သိမ်းစအရွယ်ဖြစ်၍ မသင့်တော်ပေ။ ဘဝပေးအသိက ကိုယ့်ကိုယ်ကိုကြည့်နေရသည်။

"မောင်ထွေးရေ··ညနေ ထမင်းအိုးတည်ထားနော်။ အိမ်လခအတွက် ပိုက်ဆံပိုရင်ခေါက်ဆွဲသုပ်ဝယ်လာခဲ့မယ်"

မောင်ထွေးကြိုက်သည့် ခေါက်ဆွဲသုပ်ဖြင့် စကားချော့ရင်း မအေးချမ်းထွက်ခဲ့သည်။ လက်ထဲတွင် ကြွပ်ကြွပ်အိတ်တစ်လုံး၊ သံယောက်မတိုတစ်ခု၊ တံမြက်စည်းအရိုးမရှိသည့် လက်တစ်ဝါးသာသာတစ်ခုကို အိတ်ထဲထည့်ပြီး ကိုင်လာသည်။

"နီမရေ· ·ငါလည်းလိုက်မယ်"

လမ်းထိပ်ရောက်လျှင် မိမိနှင့်သက်တူရွယ်တူ နီမကိုတွေ့ရ၍ လှမ်းအော်ပြောလိုက်သည်။ နီမသည် မူလတန်းကျောင်းရှေ့နားတွင် မအေးချမ်းကို ရပ်စောင့်နေသည်။

ကျွေးမွေးသုတ်သင် သက်ဆုံးပင်၊ ချစ်ခင်ရှာပေ တို့မေမေ။

ငယ်စဉ်ကာလ စည်းကမ်းပြ၊ ဆုံးမခဲ့ပေ တို့မေမေ။

အရွယ်ရောက်လာ ကျောင်းအပ်ကာ ပညာပေးပေ တို့မေမေ။

"မောင်ထွေးကို အဲဒီကျောင်းမှာ ထားရမယ်"

မအေးချမ်းသည် မိမိဘာသာ တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။ စာသင်ခန်းထဲမှစာအံသံတို့သည် မအေးချမ်း ရင်ကို ရိုက်ခတ်လာသည်။

"ငေးမနေနဲ့ ကောင်မ။ ဟိုမှာ ကားလာပြီ။ ခပ်သုတ်သုတ်နော်။ ဟိုကောင်မတွေအုပ်စုက သိပ်လျင်တာ"

ကုန်တင်ကားတစ်စီး အရှိန်နှင့် ကွေ့ဝင်လာသည်။ နီမက မအေးချမ်းကို တံတောင်နှင့်တွက်ပြီး သတိပေးလိုက်သည်။ လမ်းချိုးအဝင်တွင် ကားက အရှိန်နည်းနည်းလျော့သွားသည်။ မအေးချမ်းတို့အုပ်စု အပြေးအလွှားလိုက်ပြီး ကားနောက်ခန်းက တွဲလောင်းကျနေသည့် ကြိုးကို အမိအရ ဆွဲကြသည်။ လက်ထဲတွင် ကြိုးကိုင်မိသည်နှင့် ကားပေါ်သို့ ခြေနှစ်ဖက်မြှောက်ကာ ခုန်တက်လိုက်ကြတော့သည်။ သည်နေရာတွင် ခြေသွက်၊ လက်သွက် လျှင်မှဖြစ်မယ်။

"ဒါ ငါ့နေရာနော်။ ကောင်မတွေ မလာကြနဲ့"

ခြေနှစ်ဖက်ကို ကားရှေးခွထိုင်ပြီး နယ်မြေသတ်မှတ်လိုက်သည်။ အမြဲတမ်း ဘိလပ်မြေအိတ်များ တင်ယူလာသည့် ကားဖြစ်၍ အောက်ခြေကြမ်းပေါ်တွင် ဘိလပ်မြေအိတ် ချပြီးသော်လည်း လက်ကျန်အမှုန့်များ မာခဲနေသည်။ မအေးချမ်းတို့အုပ်စုသည် သူ့ထက်ငါ နယ်မြေအလုအယက်သတ်မှတ်ပြီး သံယောက်မနှင့် ဘိလပ်မြေမှုန့်များကို ခြစ်ယူကြသည်။ ရသည့်အမှုန့်များကို တံမြက်စည်းနှင့် အပုံကလေးများ လှည်းယူပြီး အိတ်ထဲသို့ ကျုံးထည့်ကြသည်။

ကားကလည်း သက်ဆိုင်ရာ ဂိတ်စခန်းကို သွားနေသည်။ ကားပေါ်မှာပင် ရနိုင်သလောက် ကျုံးယူရသည်။ ခေါင်းတစ်ခုလုံးတွင်လည်း ဘိလပ်မြေမှုန့်များ ဖွေးဖွေးထလျက်ရှိသည်။

"ရပြီဟေ့· · ·ဆင်းရအောင်"

ကားရပ်လိုက်သည်နှင့် အရှိန်မသတ်မီ အလုအယက် ပြေးဆင်းကြသည်။ ဈေးကွက် စနည်းနာရဦးမည်။ မအေးချမ်းတို့ ဈေးသည်ကလေးတွေအတွက် အဝယ်ဒိုင်စခန်းရှိသည်။ နီမ

အဝေး· · ·အဝေးကအသံ ကြားနေရသလိုပင်။
တခြားသူတွေ ဘယ်ရောက်ကုန်ပြီ မသိ။
ဘာဆိုဘာကိုမျှ မမြင်ရ။
ပိန်းပိတ်အောင်မှောင်နေသည်။ မိုးချုပ်ပြီလား၊
မိုးချုပ်ပြီလား။ မောင်ထွေးနှင့် အမေ
မျှော်နေတော့မည်။ ခေါက်ဆွဲသုပ်သည်
ရှိပါသေးရဲ့လား မသိ။ အစာမစားမရလျှင်
အမေတော့ မူးနေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

နှင့် မအေးချမ်းတို့ ဆိုက်ကားဂိတ်နားရှိ တဲအိမ်တစ်ခုသို့ ဝင်သွားကြသည်။ မကြာမီ ပြန်ထွက်လာလျှင် မအေးချမ်း လက်ထဲ၌ ငါးရာတန်များပါလာသည်။ သမ္မာအာဇီဝဖြစ်သော်လည်း ဆုက်စွန့်ခံဖျား လုပ်ရသောအရာပင်။

"ငါပြန်တော့မယ်"

နီမက မအေးချမ်းကို ပြောလိုက်သည်။

"ငါတော့ နောက်တစ်စီးစောင့်လိုက်ဦးမယ်။ အိမ်လခပေးဖို့တော့ ရပါပြီ။ အမေနဲ့ မောင်ထွေးအတွက် ခေါက်ဆွဲသုပ်ဝယ်သွားချင်သေးတယ်"

နီမထွက်သွားရာသို့ ခပ်အေးအေးကလေး ကြည့်နေလိုက်သည်။

ပွမ်···ပွမ်···ပွမ်···

နောက်ထပ် ကားတစ်စီးလာနေသည်။ မအေးချမ်း ထဘီကို ဒီထက်တိုတိုနှင့် ခပ်တင်းတင်းပြင်ဝတ်လိုက်သည်။ အဆင်သင့်အနေအထားနှင့်။

"ဟဲ့ကောင်မ မတိုးနဲ့နော်။ ငါ့အရင်မိတာ"

သည်တစ်ခါ ကားနောက်ကို လိုက်ရသည်မှာ လူဦးရေနည်းနည်းများ၍ အလုအယက်နိုင်လှသည်။ မိုးကလည်း မထင်မှတ်ဘဲ ခပ်ဖွဲဖွဲကလေး ရွာချလာသည်။ ကားနောက်ခန်းရှိ တွဲလောင်းကျနေသည့် ကြိုးကို အရအမိ ဆွဲယူရသည်။ မအေးချမ်းလက်ထဲတွင် ကြိုးကို မမိတမိ ကိုင်ရလိုက်သည်။ ကားကလည်း လမ်းချိုးထဲ ကွေ့ဝင်မောင်းလိုက်ရာ ချိုင့်ထဲသို့ နောက်ဘီးက ဆတ်ခနဲဝင်သွား၍ ကားမှာ ယိမ်းထိုးသွားသည်။ မအေးချမ်းမျက်စိထဲ ရှိုရေစက်က ရုတ်တရက် ဝင်သွားလေသည်။

"အား···"

မအေးချမ်းကိုင်ထားသည့် ကြိုးမှာ လက်မှလွတ်ထွက်သွားသည်။ တစ်ချိန်တည်းမှာပင် ဉာဉ်စ်သီးကွဲအက်သံကို မအေးချမ်းနားထဲ ကြားလိုက်မိသည်။

"ဟယ်···ကျပြီ။ ကားပေါ်က လိမ့်ကျပြီ"

မျက်စိထဲ ရှိုရေဝင်နေ၍ မျက်လုံးဖွင့်မရသဖြင့် မှောင်နေသလိုပင်။ အသံများက မပီမသ ဝိုးတဝါး။ အဝေးကလိုလို၊ အနီးကလိုလို ပြောနေသယောင်ယောင်။ အလုအယက် တိုးကာ ကျုံးနေရသဖြင့် အသက်ရှုကျပ်လာသည်။ အသက်ကို ပြင်းပြင်းရှုကြည့်သည်။

"အသက်တော့ ရှုနေတုန်းပဲ။ ဆေးရုံပို့ရအောင်"

"ခေါင်းနဲ့ ပလက်ဖောင်း ကိုင်ရိုက်လိုက်သလိုပဲ။ သွေးတွေက မြင်မကောင်းဘူး"

"အလွန်ဆုံးရှိမှ အသက်ဆယ်နှစ်ပေါ့။ လက်ထဲမှာလည်း ငါးရာတန်သုံးရွက်ကို ဆုပ်ထားတယ်"

အဝေး···အဝေးကအသံ ကြားနေရသလိုပင်။ တခြားသူတွေ ဘယ်ရောက်ကုန်ပြီ မသိ။ ဘာဆိုဘာကိုမျှ မမြင်ရ။ ပိန်းပိတ်အောင်မှောင်နေသည်။ မိုးချုပ်ပြီလား၊ မိုးချုပ်ပြီလား။ မောင်ထွေးနှင့် အမေ မျှော်နေတော့မည်။ ခေါက်ဆွဲသုပ်သည် ဂုံပါသေးရဲ့လား မသိ။ အစာမစားမိလျှင် အမေတော့ မူးနေတော့မည်။

"ကဲ···ကဲ၊ ဆေးရုံပို့ကြရအောင် ကားတစ်စီးလောက် တားကြပါဗျာ"

"နောက်တစ်ခွက်လောက် ထည့်စမ်းပါဦးဗျာ။ မိုးကအေးအေး၊ လေကလေး တဖြူးဖြူးနဲ့ သောက်ရတာ တယ်ဇိမ်ရှိတာပဲ"

"ကိုသိန်းမောင်တို့ ဒီနေ့ တယ်ပြီးငွေရှင်နေပါလား။ စောစောက ဟိုဘက်လမ်းကျယ်မှာ ကလေးတစ်ယောက် ကားပေါ်က လိမ့်ကျလို့ ဆေးရုံပို့ရတယ်လို့ကြားတယ်။ သေမလား၊ ရှင်မလား မသိဘူး"

"ဟာ···ဒီကလေးတွေက တယ်ကမြင်းတဲ့ဟာတွေပဲ။ ဖြစ်မှာပဲ။ ဒီနေ့ ကျုပ်လေ့ပိုင်ရှင်ဆီက ကြိုတင်ငွေပါထုတ်ယူလာတာ။ ပင်ပင်ပန်းပန်းလုပ်ပြီးမှ ဒါလောက်ကလေး စည်းစိမ်မခံရင် ဘာလုပ်မှာလဲ"

တညင်းညင်းတိုက်ခတ်သည့် မြစ်ကမ်းနားမှ လေပြည်ညင်းကို ကိုသိန်းမောင်သည် အပြည့်အဝ ရှုသွင်းလိုက်သည်။ ထိုအချိန်တွင် မလှမေနှင့် မောင်ထွေးတို့သည် ဆည်းဆာနေခြည် ပျောလာသည်နှင့်အမျှ မအေးချမ်းပြန်လာမည့်လမ်းကို လည်တဆန့်ဆန့်မျှော်လျက်။ မောင်ထွေးကလေး၏ မျက်စိထဲတွင် ခေါက်ဆွဲသုပ်အထုပ်ကလေးကို အထင်းသားမြင်နေမိလေသည်။

မအေးချမ်းသည် မအေးချမ်းကလေးမှာမှ···။

**မြမြလှိုင်**

www.burmeseclassic.com



# စစ်အတွင်းက

# အင်္ဂလိပ်တို့၏ လုပ်ရပ်များ

ရီရီငွေး

သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့သည် အရှင်နှစ်ပါးကို နန်းချကာ မြန်မာပြည်ကြီးကို ဗြိတိသျှနယ်ချဲ့များက သိမ်းယူသဖြင့် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့သောနေ့ ဖြစ်ပါသည်။ ထို့အပြင် တတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲ၏ နောက်ဆုံးနေ့လည်း ဖြစ်ပါသည်။

တတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲအတွင်းက နယ်ချဲ့တို့၏လုပ်ရပ်မှာ ထူးခြားလှပြီး ယုတ်မာချေပုံနှင့် တစ်ထပ်တည်းဖြစ်ရကား မတော်တဆ တိုက်ဆိုင်ခြင်းပေလော၊ ယုတ်မာချေခြင်းပေလောဟု ပြောစမှတ်တွင်ခဲ့ပါသည်။ နယ်ချဲ့တို့သည် လွန်စွာပါးနပ်သည်ဟု ဆိုရပေမည်။ သူတို့သည် မြန်မာလူမျိုးတို့၏ အရေးကြုံလျှင် ပြုလုပ်ပုံကို ကောင်းစွာလေ့လာထားပုံရသည်။ မြန်မာလူမျိုးများသည် အရေးအကြောင်း တစ်စုံတစ်ရာနှင့် တွေ့ကြုံလာပါက ဗေဒင်မေးခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ပြုလုပ်ခြင်း၊ ဆေးဖယောင်းတိုင်ထွန်းခြင်း၊ ယတြာချေခြင်း စသည်တို့ကို ပြုလုပ်တတ်သည်။ ဤသို့ အစီအမံများပြုပြီး အကာအကွယ်လုပ်တတ်သည့် ဓလေ့စရိုက်ကို နယ်ချဲ့တို့က ကောင်းစွာလေ့လာထားပုံရပါသည်။ ထို့ကြောင့် ၎င်းတို့



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ၎င်းတို့၏ စစ်ရေးအောင်မြင်စေရန်နှင့် မြန်မာလူထုတစ်ရပ်လုံးအပေါ် ဩဇာလွှမ်းမိုး အနိုင်ယူလိုသည့်အတွက် အစီအမံများကို ပြုလုပ်ခဲ့ပါသည်။

ဤသည်မှာ ...

မော်လမြိုင်မြို့ကို ပန်းမှတ်ထား၍ အစီအမံများကို ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ မော်လမြိုင်မြို့ကလေးသည် အေးချမ်းသာယာပြီး စည်ပင်ဖွံ့ဖြိုးသော မြို့ကလေးတစ်မြို့ဖြစ်ပါသည်။ ထိုမြို့ ၌ "ကြက်တန်းမန္တလေးရပ်"ဟုခေါ်သော ရပ်ကွက်ကလေးတစ်ခု ရှိခဲ့သည်။ ထိုစဉ်အခါက ထိုရပ်ကွက်ကလေးသည် မော်လမြိုင်မြို့၏ မြောက်ဘက်စွန်းရှိ သံလွင်ကမ်းနံဘေး၌ တည်ရှိခဲ့ပါသည်။ ထိုရပ်ကွက်သည် မော်လမြိုင်မြို့အတွင်းရှိ ရပ်ကွက်များနှင့် ချောင်းတစ်ခုခြားပြီး မြောက်ဘက်အရပ်၌ ရှိပါသည်။

ထိုချောင်းအတွင်းရှိ သဲများထဲတွင် ရွှေမှုန်များပါဝင်နေသဖြင့် ထိုသဲများကို ရွှေကျင်လျှင် ရွှေအနည်းအများမဆို ရရှိသည်။ ထို့ကြောင့် ထိုရပ်ကွက်အတွင်းရှိ ကလေးလူကြီးတချို့က ထိုချောင်းထဲတွင် ရွှေကျင်ခဲ့ကြသဖြင့် ထိုချောင်းကို "ရွှေတချောင်း"ဟုလည်း ခေါ်ဝေါ်ခဲ့ကြပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မန္တလေးမြို့သို့ မသိမ်းပိုက်မီ တစ်နေ့တွင် မော်လမြိုင်မြို့၌ စခန်းချတပ်စွဲနေသော အင်္ဂလိပ်ခြေလျင်တပ်ရင်းမှ စစ်ဗိုလ်ကြီးတစ်ဦးဖြစ်သူ "ကာနယ်ဘလိပ်"သည် မန္တလေးရပ်ကွက်သို့ ရောက်လာပြီး ဤသို့အစီအမံ ပြုလုပ်ခဲ့သည်။

ကာနယ်ဘလိပ်သည် သူ၏လက်အောက်မှ တပ်သားများကိုခေါ်ပြီး –

"ဒီနေရာမှာ မန္တလေးနေပြည်တော်နဲ့ ပုံစံတူ မြို့ရိုး၊ နန်းတော်၊ ကျုံး၊ ပြာသဒ်တို့ကို ဝါး၊ သစ်တို့နဲ့ ခမ်းနားတင့်တယ်အောင် တည်ဆောက်ရမယ်"

"ရက်ဆား ... မန္တလေးနေပြည်တော်နဲ့ ပုံစံတူဖြစ်အောင် တည်ဆောက်ပါ့မယ်"

ထိုသို့ပြောပြီး ထိုနေရာတွင် မန္တလေးနေပြည်တော်ကဲ့သို့ မြို့ရိုး၊ နန်းတော်၊ ကျုံး၊ ပြာသဒ်၊ သူရဲခို စသည်တို့ဖြင့် ခမ်းနားတင့်တယ်စွာ သစ်ဝါးများနှင့် ပုံစံတူဆောက်လုပ်ခဲ့ကြသည်။ ထိုအဆောက်အအုံများ ပြည့်စုံစွာ တည်ဆောက်ပြီးနောက် တပ်သားများက ကာနယ်ဘလိပ်အား

"ကာနယ်ခိုင်းတဲ့အတိုင်း မန္တလေးမြို့ ပုံစံတူအဆောက်အအုံ ပြီးစီးကြောင်းပါ ကာနယ်"

"အေး .. အဲဒါဆိုရင် ငါတို့ အင်္ဂလိပ်စစ်တပ်က နေပြည်တော်မန္တလေးမြို့ကို ဗိုင်းဝန်းတိုက်ခိုက်တဲ့ပုံသဏ္ဍာန်ဟန်ဆောင်ပြီး စစ်ပွဲအတုတစ်ခု ပြုလုပ်ရမယ်"

"ရက်ဆား ... ကာနယ်"

ဤသို့ပြောပြီးနောက် အင်္ဂလိပ်စစ်တပ်က ဗိုင်းဝန်းတိုက်ခိုက်သည့်သဏ္ဍာန် ဟန်ဆောင်ပြီး ...

"ဖိုင်းရား"

"ဖိုင်းရား"ဟုဆိုကာ မြို့ရိုးအတွင်းရှိ နန်းဆောင်များနှင့်တကွ နန်းတော်အဆောက်အအုံများကို စတင်မီးရှို့လိုက်ကြသည်။

ဤသို့ မီးရှို့သဖြင့် နန်းတော်အဆောက်အအုံများနှင့် နန်းဆောင်များ မီးစွဲပြီး မီးဟုန်းဟုန်းတောက်လောင်နေခဲ့သည်။ ထိုသို့ မီးဟုန်းဟုန်းတောက်လောင်နေစဉ်ကာနယ်ဘလိပ်နှင့် ၎င်း၏အရာရှိ အရာခံ၊ တပ်သားများက

"အောင်ပြီ ... အောင်ပြီ။ မန္တလေးမြို့ကြီးကို ငါတို့အင်္ဂလိပ်များက သိမ်းပိုက်လိုက်ပြီ"

ဟု အကြိမ်ကြိမ် ကြွေးကြော်ခဲ့ကြပါသည်။

တဖြည်းဖြည်းနှင့် မီးတောက်များ၏ ဝါးမျိုခြင်းခံရသော ပုံစံတူ မန္တလေးမြို့ကြီးမှာ ပြာပုံအတိဖြစ်ခဲ့သည်။ ၎င်းတို့မှာ ဝမ်းသာပျော်ရွှင်စွာဖြင့် ပြာပုံအတွင်း ကခုန်အော်ဟစ်ခဲ့ကြသည်။ ဤသို့ပြုလုပ်ခြင်းမှာ ယတြာချေခြင်းလော၊ သို့မဟုတ် တိုက်ဆိုင်မှုလောဟူ၍ တွေးထင်စရာရှိပါသည်။

ထို့နောက် မကြာမီရက်ပိုင်းအတွင်း မန္တလေးမြို့ကြီးကို အင်္ဂလိပ်တို့က အမှန်တကယ် သိမ်းပိုက်နိုင်ခဲ့ပါသည်။ ပုံစံတူ နန်းတော်အဆောက်အအုံ တည်ရှိခဲ့သော ကုန်းမြင့်ကလေးပေါ်တွင် မြန်မာလူမျိုးများက စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ထိုစေတီတော်မှာ ယနေ့ထက်တိုင် တည်ရှိနေပါသည်။ ရာဇပလ္လင်ပြုလုပ်ခဲ့သည့်နေရာတွင် ထိုစေတီတော်တည်ထားပြီး နန်းတော်ဦးနေရာတွင် "ဝတ္တက"မြေအဖြစ် သတ်မှတ်ကာ ဇရပ်၊ တန်ဆောင်းများ စသည့်သာသနိက အဆောက်အအုံများ ဆောက်လုပ်ထားပါသည်။

ထိုစေတီတော်၏ ဘွဲ့အမည်မှာ "ပြည်လုံးချမ်းသာစေတီတော်"ဖြစ်ပါသည်။ ထိုနေရာရှိ ပြည်သူပြည်သား



www.burmeseclassic.com

www.burmeseclassic.com

များက မြန်မာတစ်ပြည်လုံး အေးချမ်းသာယာပါစေဟူသည့် စေတနာအပြည့်အဝဖြင့် ဤဘုရားစေတီကို ပြည်လုံးချမ်းသာစေတီဟူသည့် ဘွဲ့အမည် ဆက်ကပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုစေတီတော်ကို နှစ်စဉ် ဘုရားပွဲတော် ကျင်းပပေးခဲ့ပါသည်။ ဘုရားပွဲတော်ရက်မှာ "ပြာသိုလပြည့်"နေ့ဖြစ်သော်လည်း ပွဲတော်မတိုင်မီ တစ်လအလိုလောက်တွင် ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

အင်္ဂလိပ်စစ်တပ်သည် မန္တလေးနေပြည်တော်ကို မည်သို့သိမ်းပိုက်သွားပုံကို တင်ပြရသော် ...

အင်္ဂလိပ်စစ်တပ်ကို ဦးဆောင်သော စစ်ဗိုလ်ချုပ်ကြီးများသည် မန္တလေးနေပြည်တော်ကို သိမ်းပိုက်လိုသော်လည်း မြန်မာတို့၏ခံတပ်များနှင့် မြန်မာ့ရေတပ်စစ်ဗိုလ်ချုပ်ကြီး လေသင်းအတွင်းဝန် သီရိမဟာဇေယျကျော်ထင်၏ အစွမ်းအစကို သိသူဖြစ်၍ ၎င်းတို့ကို ကျော်လွှားဖြတ်ကျော်နိုင်ရန် သတိကြီးစွာဖြင့် တိုက်ခိုက်ရမည်ဖြစ်ကြောင်းကို သူတို့ကောင်းစွာ နားလည်ခဲ့ကြသည်။

ထို့နောက် အင်္ဂလိပ်အစိုးရသည် အထက်မြန်မာပြည်ကို ချီတက်သိမ်းပိုက်ရန် စစ်ရေးကျွမ်းကျင်သည့် ဗိုလ်ချုပ်ပရင်ဒါဂတ်ကို အမိန့်ပေးညွှန်ကြားသဖြင့် သူသည် ရန်ကုန်မြို့သို့ "ကလိုက်"(clive) အမည်ရှိ စစ်သင်္ဘောဖြင့် ကြိုတင်၍ ရောက်ရှိလာခဲ့သည်။

"အင်္ဂလိပ်တပ်များ အထက်မြန်မာနိုင်ငံသို့ သိမ်းပိုက်ရန် ချီတက်လာပြီ"ဟူသော သတင်းကိုရရှိသည်နှင့် တစ်ပြိုင်နက် သီပေါမင်းသည် ညီလာခံကို ချက်ချင်းခေါ်ယူခဲ့သည်။ ညီလာခံတွင် သီပေါမင်း၊ ဆင်ဖြူရှင်မမိဖုရားကြီး၊ စုဖုရားလတ်၊ ကင်းဝန်မင်းကြီး၊ တောင်ခွင်မြို့စား၊ တိုင်းတာမင်းကြီး၊ လေသင်းအတွင်းဝန်နှင့် မြို့စားအချို့ တက်ရောက်ခဲ့ကြသည်။

ညီလာခံအပြီးတွင် သီပေါမင်းက ...

"အင်္ဂလိပ်တပ်တွေက အနိုင်ကျင့်ရန် စတင်ကျူးကျော်ခြင်းကို ခေါင်းငုံ့မခံသင့်ဘူး။ ဘုရင်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကိုကာကွယ်ရန် စစ်တိုက်ခြင်းမှတစ်ပါး အခြားမရှိ"ဟုဆိုကာ အင်္ဂလိပ်တို့အား ခုခံစစ်ကြေညာရန် စာတမ်းတစ်စောင် ထုတ်ပြန်ခဲ့သည်။ သို့ဖြင့် ...

(၁) စစ်အောင်ခန်းခံတပ်၊
(၂) ထူးပေါက်ခံကတုတ်၊
(၃) ပန်းတော်ပြင်ခံကတုတ်၊
(၄) ဝွေးချောင်းခံတပ်၊
(၅) မင်းလှခံတပ်ဟူ၍ ခံတပ်ငါးခု ပြုလုပ်ထားပါသည်။

ဤသို့ဖြင့် ဧရာဝတီမြစ်ကြောင်းအတွင်း၌ စစ်ကြောင်းကြီးငါးကြောင်းခွဲ၍ ခံတပ်ကြီးငါးခု အဆင့်ဆင့်တပ်ဆွဲထားပါသည်။ လေသင်းအတွင်းဝန်ကမူ ခရီးအလယ်အလတ်ဖြစ်သော မြင်းခြံ၌ နေရာယူထားပြီး မြစ်ညာတွင် အင်းဝသပြေတန်းနှင့် စစ်ကိုင်းခံတပ်တို့ဖြင့် ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားခဲ့ပါသည်။

အင်္ဂလိပ်တပ်များသည် စစ်အောင်ခန်းခံတပ်၊ ထူးပေါက်ခံကတုတ်၊ ပန်းတော်ပြင်ခံကတုတ်များကို ကျူးကျော်ဖြတ်သန်းလာခဲ့သည်။ မင်းလှခံ တပ်တိုက်ပွဲတွင် ကျူးကျော်လာသူ အင်္ဂလိပ်တပ်များကို မြန်မာသူရဲကောင်းများက ရှုပ်ရှုပ်ချွံချွံ ခုခံခဲ့ကြသည်။ နောက်ဆုံးတွင် မင်းလှခံတပ်ကို အင်္ဂလိပ်တို့ သိမ်းပိုက်နိုင်ခဲ့သည်။ ဤသည်မှာ လက်နက်ချင်းမမျှသည့်အတွက် အင်္ဂလိပ်တို့က အနိုင်ရခြင်းဖြစ်ပါသည်။

ဤသို့သောအခြေအနေတွင် လေသင်းအတွင်းဝန်သည် အရေးကြီးသော အနေအထား၌ ရပ်တည်နေခဲ့ရသည်။ ထို့ကြောင့် မြင်းခြံတွင် လေသင်းအတွင်းဝန်ကိုယ်တိုင် တပ်မကြီးကို တပ်စွဲထားပြီး ခုခံရန်အသင့်အနေအထားဖြင့် စောင့်နေခဲ့သည်။ အင်္ဂလိပ်စစ်သင်္ဘောသည် ဤနေရာသို့အရောက်တွင် မြန်မာစစ်တပ်နှင့် ပြင်းပြင်းထန်ထန်တိုက်ပွဲ ဖြစ်ခဲ့သည်။ တိုက်ပွဲအတွင်း၌ အမြောက်သံများ၊ မီးပေါက်သေနတ်သံများမှာ ကမ္ဘာပျက်သည့်အလား ပြင်းထန်စွာဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်နေခဲ့သည်။

လေသင်းအတွင်းဝန် ဦးစီးသည့် မြန်မာ့တပ်မှ ပစ်လွှတ်လိုက်သော ၁၂ ပေါင်ဒါ နှစ်ဆင့်ကွဲ အမြောက်ကျည်သည် "ဧရာဝတီ"နှင့် "ယူနန်"ဟု အမည်ရသော အမြောက်တင်သင်္ဘော နှစ်စင်းကို တိုက်ရိုက်ထိမှန်သည့်အတွက် လေသင်းအတွင်းဝန်သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အင်္ဂလိပ်စစ်သင်္ဘောများကို မိမိတို့အနိုင်ရပြီဟု မန္တလေးနေပြည်တော်သို့ သတင်းပို့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း အင်္ဂလိပ်တို့သည် ဒလသင်္ဘောကျင်းမှ အင်ဂျင်နီယာဖြစ်သော "ကနေဒီ"၏ အထူးစီမံပြုပြင်ပေးလိုက်သဖြင့် ထိုစစ်သင်္ဘောများ၏ ကိုယ်ထည်သံပြားမှာ ထုလွန်း၍ အမြောက်ကျည်မထိုးနိုင်ဘဲ ပေါက်ပြဲခြင်း မရှိခဲ့ပေ။ အင်္ဂလိပ်စစ်တပ်မှ အမြောက်များနှင့် ပြန်လည်ပစ်ခတ်ရာ မြန်မာ့ခံတပ်အားလုံး ထိမှန်ပျက်စီးသွားခဲ့သည်။ ထိုနေရာ၌ အခိုင်အမာတပ်စွဲထားသော လေ့သင်းအတွင်းဝန်မှာ မြင်းခြံခံတပ် ကျရှုံးသွားသဖြင့် ထိုနေရာမှ မြင်းစီး၍ ဆုတ်ခွာခဲ့ရသည်။

ထို့နောက် အင်္ဂလိပ်စစ်တပ်သည် သရက်မြို့သို့ ဆက်လက်ချီတက်လာခဲ့သည်။ ထိုအချိန်မှာ နိုဝင်ဘာဖြစ်ပြီး ထိုအချိန်မျိုးသည် ဧရာဝတီမြစ်ရေ ရေစစ်ချိန်ဖြစ်သည်။ ထိုလအတွင်း၌ အင်္ဂလိပ်စစ်တပ်၏ သင်္ဘောအုပ်စုသည် မန္တလေးသို့ အလွယ်တကူရောက်ရန် မလွယ်ကူပေ။ ဧရာဝတီမြစ်ရေသည် ရေတိမ်သည့်ကာလဖြစ်ပြီး သောင်ထွန်းသောအချိန်လည်းဖြစ်သည်။ ရန်သူသင်္ဘောများသည် သောင်ကိုရှောင်ပြီး မောင်းရမည်ဖြစ်၍ မြန်မာတို့ဘက်မှ ရေကြောင်းပိတ်ဆို့မှုများကို အကွက်ကျကျ စီမံဆောင်ရွက်ကာ စစ်သင်္ဘောများကို အမိအရတိုက်ခိုက်ရန် ပြင်ဆင်နေခဲ့ပါသည်။

မြန်မာစစ်တပ်သည် ဧရာဝတီမြစ်အတွင်း၌ ရေအောက်အဟန့်အတားအဖြစ် ရေအောက်တွင် သစ်သားတိုင်ကြီးများကို တစောင်းစိုက်ထူထားခဲ့သည်။ ရေကြောင်းကျဉ်းမြောင်းသော နေရာများတွင် သင်္ဘောပျက်များ ဖောင်များ မြှုပ်ထားခဲ့ကြသည်။ ထိုသို့ မြစ်ကြောင်းပိတ်ဆို့ရာတွင် အီတလီလူမျိုး "မိုလီနာရီ"နှင့် ပြင်သစ်အင်ဂျင်နီယာ "ကိုမိုတို"တို့လည်း ပါဝင်ခဲ့သည်။ သူတို့သည် မြန်မာတပ်သားများနှင့်အတူ ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သော်လည်း ပြီးပြည့်စုံခြင်း မရှိသေးပေ။ နောက်တစ်ရက်စာ အချိန်ရပါက ပြီးပြည့်စုံသော ပိတ်ဆို့မှုများကို ပြုလုပ်နိုင်ပေမည်။ ထိုသို့ဖြစ်လျှင် အင်္ဂလိပ်ရေတပ်စစ်သင်္ဘောများသည် ရှေ့ဆက်ချီတက်ရန် မဖြစ်နိုင်သဖြင့် သမိုင်းစာမျက်နှာပင် အပြောင်းအလဲ ဖြစ်သွားနိုင်ပေမည်။

အင်္ဂလိပ်စစ်ဗိုလ်ချုပ် ပရင်ဒါဂတ်၏ မှတ်တမ်းအရ ၎င်းတို့၏ စစ်သင်္ဘောများသည် မင်းလှသို့အရောက်တွင်လည်းကောင်း၊ ပုဂံနှင့် မြင်းခြံမြို့များသို့ ရောက်သည်အထိ မိုးသည်းထန်စွာ တစ်ညလုံး မိုးရွာခဲ့သည်။ မိုးပြင်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေနှင့် မြစ်ငယ်မြစ်ရေသည် ရေတိုးကာ ဧရာဝတီမြစ်ထဲသို့ ပေါင်းဆုံစီးဝင်လာသဖြင့် ဧရာဝတီမြစ်ရေသည် နဂိုထက်ပိုမို၍ မြစ်ရေမြင့်တက်လာခဲ့ပါသည်။ အမှန်စင်စစ် ထိုသို့သောလမျိုးတွင် ဧရာဝတီမြစ်ရေသည် ရေစစ်သည့်အချိန်ဖြစ်၍ ရေတိမ်ခြင်း၊ သောင်ထွန်းခြင်းတို့ ဖြစ်ပေါ်လာစမြဲဖြစ်သည်။ ယခုမူ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ရေမြင့်တက်လာသည့်အတွက် သရက်မှ ဂေါဝိန်ဆိပ်ကမ်းသို့ အင်္ဂလိပ်စစ်သင်္ဘောများ အလွယ်တကူ ဖြတ်ကျော်ဆန်တက်ခဲ့ခြင်း ဖြစ်ပါသည်။

အင်္ဂလိပ်စစ်တပ်သည် ဤစစ်ဆင်ရေးတွင် တစ်ရက်စောသွားသဖြင့် အနိုင်ရခြင်းဖြစ်ပေသည်ဟု သမိုင်းပညာရှင်များက မှတ်ချက်ချရေးသားထားပါသည်။ ဧရာဝတီမြစ်ရေသည် အချိန်အခါမဟုတ်ဘဲ ရေမြင့်တက်ခြင်း၊ ဧရာဝတီမြစ်အတွင်း အဟန့်အတားပြုလုပ်ခြင်းမှာ ပြီးပြည့်စုံမှုမရှိခြင်း စသည့်အကြောင်းနှစ်ချက်ကြောင့် အင်္ဂလိပ်စစ်တပ်သည် ဂေါဝိန်ဆိပ်သို့ အလွယ်တကူ ရောက်ရှိလာခြင်းဖြစ်ပါသည်။ အကယ်၍သာ တစ်ရက်ခန့်သာ နောက်ကျပါမူ ဧရာဝတီမြစ်အတွင်း အတားအဆီးအဟန့်အတားများကို ပြီးပြည့်စုံစွာ လုပ်ဆောင်နိုင်မည်ဖြစ်၍ အင်္ဂလိပ်စစ်သင်္ဘောများသည် ဂေါဝိန်ဆိပ်သို့ အလွယ်တကူ ရောက်နိုင်ဖွယ် မရှိချေ။

အချိန်အခါမဟုတ် ရေကြီးခြင်းသည်လည်းကောင်း၊ တစ်ရက်ခန့်စောသွားခြင်းသည်လည်းကောင်း အင်္ဂလိပ်စစ်တပ်အတွက် ကံကောင်းခြင်းဖြစ်သကဲ့သို့ မြန်မာလူမျိုးများအတွက် ထီးသုဉ်း၊ နန်းသုဉ်းကာ နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည်။ ကံဆိုးမှုများပင် ဖြစ်ပေသည်။ ဤသည်ကား အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲအတွင်းက အင်္ဂလိပ်စစ်တပ်၏ လုပ်ဆောင်မှုနှင့် ဆက်နွယ်နေသော ယတြာကြောင့်လော၊ သို့မဟုတ် တိုက်ဆိုင်မှုပင်လောဆိုသည့် အချက်မှာ စဉ်းစားစရာ ဖြစ်နေပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ လုပ်ရပ်များမှာ ဤမျှသာ မကသေးပေ။ ဒုတိယလုပ်ဆောင်မှုတစ်ခုကိုလည်း လုပ်ဆောင်ခဲ့သေးသည်။ ဤသည်ကား

အချိန်ကား ဒုတိယကမ္ဘာစစ်ကြီးဖြစ်ကာ မီးဟုန်းဟုန်းတောက်လောင်နေစဉ်ကာလ ဖြစ်ပါသည်။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com

တွင် မြန်မာနိုင်ငံတွင် ဂျပန်လူမျိုးများ ကြီးစိုးနေပါသည်။ ဂျပန်ခေတ်ကာလအတွင်း မော်လမြိုင်မြို့ မန္တလေးကြက်တန်းရပ်ကွက်မှာ ဂျပန်စစ်စခန်းလည်း မရှိသကဲ့သို့ စစ်ရေးစစ်ရာနှင့်ပတ်သက်၍လည်း တစ်စုံတစ်ရာ အဆောက်အအုံလည်းမရှိသော အေးချမ်းသောရပ်ကွက်ကလေးဖြစ်သည်။

ထိုအချိန်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် အထက်မြန်မာပြည် မန္တလေးကို မသိမ်းပိုက်မီ တစ်နေ့တွင် မန္တလေးကြက်တန်းရပ်ကွက်ကို ဗုံးကြဲလေယာဉ်ပျံ ၁၂ စီးဖြင့် လာရောက်ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။ အင်္ဂလိပ်တို့အား ပြန်၍ တိုက်ခိုက်မည့်သူ တစ်စုံတစ်ရာမျှ မရှိချေ။ ထိုရပ်ကွက် တစ်ခုလုံး နာရီပိုင်းအတွင်း မီးဟုန်းဟုန်းတောက်ကာ အေးချမ်းသောရပ်ကွက်အဖြစ်မှ ပြာပုံဘဝသို့ ရောက်ခဲ့ရသည်။

ထိုရပ်ကွက်အတွင်း နေထိုင်သူများမှာ သေသူသေ၊ ဒဏ်ရာရသူရနှင့် တစ်ခဏအတွင်း ငရဲခန်းတမျှ ဆူပွက်သွားခဲ့သည်။ နောက်ဆုံး စစ်တမ်းထွက် ရှိသောအခါမှ ထိုရပ်ကွက်၌ နေထိုင်သူ လူဦးရေ၏ ရှစ်ဆယ်ရာခိုင်နှုန်း ကျော်ခန့် သေကျေပျက်စီးကြောင်းကြားသိရပါသည်။ အင်္ဂလိပ်တို့သည် မော်လမြိုင်ရှိ မန္တလေးရပ်ကွက်ကို ဗုံးကြဲတိုက်ခိုက်ပြီး ရက်ပိုင်းအတွင်း မန္တလေးမြို့ကို သိမ်းပိုက်ခဲ့ပါသည်။

ဤအကြောင်းနှင့် ပတ်သက်၍ ၁၅. ၉. ၇၀ နေ့ထုတ် အိုးဝေဂျာနယ်၌ ...

"မန္တလေးမြို့ကို မသိမ်းပိုက်မီ မော်လမြိုင်မြို့ရှိ မန္တလေးရပ်ကွက်ကို တိုက်ခိုက်ဖျက်ဆီးရခြင်းမှာ အဘယ်ကြောင်းနည်း"ဟူသော ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

"လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်လောက်ကလည်း မန္တလေးမြို့ကို မသိမ်းပိုက်မီ မော်လမြိုင်မြို့ရှိ မန္တလေးရပ်ကွက်၌ မန္တလေးနန်းတော်ပုံတူပြုလုပ်ပြီး မီးရှို့ဖျက်ဆီးခဲ့ဖူးသည်။ စဉ်းစားဖွယ်ရာ ဤဖြစ်ရပ်မှာ မတော်တဆမှုလော၊ ယတြာလော"ဟူ၍ တင်ပြထားပါသည်။

ယင်းလုပ်ရပ်နှင့် ပတ်သက်ပြီး ရှေးလူကြီးများ၏ အယူအဆမှာ ...

"မတော်တဆမှုဟူသည် ဤမျှတိုက်ဆိုင်မှု မရှိနိုင်ပေ။ ဥာဏ်နီဥာဏ်နက်များသော အင်္ဂလိပ်နယ်ချဲ့တို့သည် ကမ္ဘာ့အနှံ့အပြားရှိ လူမျိုးအသီးသီးတို့၏ မြို့ရွာတိုင်းပြည်များကို သိမ်းပိုက်လာသူများဖြစ်သည်။ ထိုသူတို့သည် ရောက်ရာဒေသ တိုင်းပြည်တိုင်းတွင် လူမျိုးစုတို့၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို ပိုင်ပိုင်နိုင်နိုင်လေ့လာပြီး လိုအပ်သလို အသုံးချလေ့ရှိသည်။

ယခုလည်း ၎င်းတို့သည် မြန်မာနိုင်ငံအား သိမ်းပိုက်၍ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံများကို စနစ်တကျ လေ့လာခဲ့ပုံရသည်။ မြန်မာတို့၏ ဗေဒင်ပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပညာ၊ ဆေးဖယောင်းတိုင်ထွန်းခြင်း၊ ယတြာချေခြင်း စသည့် ပညာရပ်များကို ကောင်းစွာလေ့လာပြီး "ယတြာကောင်းလျှင် တစ်သက်"ဟူသော စကားပုံကို ကြားဖူးဟန်ရှိသည်ဟု ထင်ကြောင်း ပြောဆိုခဲ့ပါသည်။

ထို့ကြောင့် ၎င်းတို့သည် ရှေးဗေဒင်ပညာရှင်များ၏ ပြုမူဆောင်ရွက်ချက်များကို သိနားလည်သူများထံ မေးမြန်းပြီး ဤသို့ပြုမူဆောင်ရွက်ပြုလုပ်ခြင်း ဖြစ်နိုင်သည်ဟု ရှေးမြန်မာ လူကြီးများက စဉ်းစားဝေဖန် ကောက်ချက်ချခဲ့ပါသည်။

မည်သို့ပင် ဖြစ်စေကာမူ အင်္ဂလိပ်တို့၏ လုပ်ရပ်များမှာ အင်္ဂလိပ်၊ မြန်မာ တတိယစစ်ပွဲ မဖြစ်မီ၌ မော်လမြိုင်မြို့ မန္တလေးရပ်ကွက်၌ မန္တလေးနန်းတော်ပုံသဏ္ဌာန် ပြုလုပ်ပြီး မီးရှို့ဖျက်စီးကာ မန္တလေးမြို့ကြီးကို သိမ်းပိုက်လိုက်ပြီဟု ကြွေးကြော်ခဲ့ခြင်းမှာ ပထမအကြိမ် ဖြစ်ရပ်မှန်တစ်ခု ဖြစ်ခဲ့သည်။

ထို့နောက် ဂျပန်ခေတ်အတွင်းက မန္တလေးမြို့သို့ အင်္ဂလိပ်စစ်တပ်များ မသိမ်းမီ ထိုရပ်ကွက်သို့ ဗုံးကြဲခြင်းမှာလည်း ဒုတိယအကြိမ် ဖြစ်ရပ်မှန်တစ်ခု ဖြစ်ခဲ့သည်။

အထက်ပါအကြောင်းအရာ နှစ်ခုကို ထောက်ရှု၍ အင်္ဂလိပ်တို့သည် ဤသို့ ဆောင်ရွက်ခြင်းမှာ –

"တိုက်ဆိုင်ခြင်း မဖြစ်နိုင်။ ယတြာချေခြင်းပင် ဖြစ်မည်"ဟု မြန်မာပညာရှိ ရှေးလူကြီးများ အသိုင်းအဝိုင်းက ယနေ့တိုင် ပြောစမှတ်တွင်ခဲ့ပါသည်။

**ရီရီမြွေ**

**ကျမ်းကိုး**

– ဆရာချစ်စံဝင်းရေး "ရေဝတီသစ္စာဖောက်သောနေ့နှင့် သူ့ကျွန်မခံလိုသူများ"
– ဆရာမိုးမြင့်မောင်ရေး မတော်တဆမှုလော ယတြာလော



www.burmeseclassic.com

www.burmeseclassic.com

# မနုဟာမင်း (၇)

# ဥပါဒါန်

သိန်းထွန်းသစ်



www.burmeseclassic.com

www.burmeseclassic.com

# မနူဟာမင်း၏ ဥပါဒါန်

သိန်းထွန်းသစ်

(၁)

ပုပ္ပားတောင်ကလပ် အစီရင်ခံ အောင်မြင်စွာပြီးခဲ့၍ ပုဂံသို့ ခရီးဆက်ရပါသည်။ ပုဂံမရောက်မီ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီးသို့ အရင်ဝင်ရပါသည်။ အနော်ရထာမင်းကြီး ကောင်းမှုတော် စွယ်တော်မြတ်စေတီဖြစ်သော ရွှေစည်းခုံစေတီတော်ကြီး၌ တစ်ညတာ အဓိဋ္ဌာန်ပြုရပါမည်။ ပုဂ္ဂိုလ်ထူးတစ်ပါးနှင့် တွေ့ဆုံရမည်ဖြစ်သော ဆရာကြီးပညာရွှေ၏ ထွက်ရပ်လုပ်ငန်းအတွက် အရေးကြီးသော အဓိဋ္ဌာန်တစ်ညတာ ဖြစ်ပါသည်။ ကျွန်တော်နှင့် ဆရာကြီးပညာရွှေတို့နှစ်ဦး ပုပ္ပားမှ ညောင်ဦးသို့ နေမွန်းမတည့်မီ ရောက်သွားကြပြီး နေ့လယ်ဘက်အချိန် ဇရပ်တစ်ဆောင်၌ အနားယူပြီး အိပ်စက်ကြပါသည်။ ဆရာကြီးမှာ အသက်အရွယ် ကြီးရင့်လာပြီဖြစ်၍ ခရီးပန်းလာပြီး မောမောနှင့် အိပ်မောကျနေပါသည်။ ကျွန်တော်မှုတား ကောင်းစွာ အိပ်မရသည်နှင့် ဆရာကြီးကို ခြင်၊ ယင် မနားရအောင် ယပ်တောင်တစ်ချောင်းဖြင့် ယပ်ခတ်ပေးနေရပါသည်။ ညနေစောင်းလာချိန်တွင် ဇရပ်၌ နားနေသူများ ပြန်ကုန်ကြပြီဖြစ်၍ ကျွန်တော်နှင့်ဆရာကြီး နှစ်ဦးသာ ကျန်ရှိနေပါသည်။ ထိုအချိန်၌ အရွယ်တစ်ယောက်မှာ ခုန်ပေါက်လျက် ဇရပ်တွင်းသို့ ဝင်ချလာပါသည်။ ဆရာကြီးအိပ်နေသည့်နေရာအနီး ခုန်ပေါက်လျက် ရှိနေရာ ကျွန်တော်တားဆီးသော်လည်းမရပါ။

"ကောင်လေး၊ မင်းဘိုးတော်မသူတော်ကိုနှိုးလိုက်စမ်း"

"ငါ တိရစ္ဆာန်တို့ရဲ့ နေမျိုးရာဇာကြီး ရောက်နေတယ်ပြောလိုက်"

ထိုလူရှူးပုဂ္ဂိုလ် စကားကြောင့် ဆရာကြီး အိပ်ရာမှ နိုးလာပါသည်။

"ဟာ . . . ကိုရင်မှန်ကြီး မမှန်မကန် လုပ်လာပြန်ပြီလား"

ဆရာကြီး ပြောစကားကြောင့် ထိုလူရှူးက

"ကျုပ်လည်း ပုထုဇ္ဇနော ဥမ္မတ္တကောပဲလေဗျာ"

"ဘယ်လို ရောက်လာပြန်တာတုံး"

"ဟဲ . . ဟဲ . . ဝေဟင်ခရီးက လေယာဉ်စီးလာတာ ဗိုက်ဆာလှသဗျာ။ ကောင်လေး ထမော်ကြင်းတစ်ထုပ် သွားဝယ်ပေးစမ်း"

ကိုရင်မှန်ကြီးဆိုသူ ပုဂ္ဂိုလ်က ဒေါင်းဒင်္ဂါးတစ်ပြား ထုတ်ပေးပါသည်။ ကျွန်တော် ကြောင်တိကြောင်တောင် ဖြစ်သွားရသည်။

"အဘပေးတဲ့ပိုက်ဆံက ဒီခေတ်သုံးလို့ မရဘူး"

"ဟကောင်ရ . . မန္တလေးမြို့ ရတနာပုံခေတ်က ပိုက်ဆံကွ။ ငွေအစစ်နဲ့ လုပ်ထားတာ။ ဒီဒင်္ဂါးတစ်ပြားကို ဒီခေတ်ပိုက်ဆံ ကျပ်တစ်ရာရတယ်။ မင်းကို ဝယ်ခိုင်းတဲ့ ထမော်ကြင်း ထမင်းကြော်တစ်ထုပ်မှ နှစ်ကျပ်ခွဲပေးရတာ။ မင်းတို့ ဆရာတပည့်နှစ်ဦးစားဖို့ ကြိုက်တာဝယ်ခဲ့"

ကျွန်တော် ဆိုင်တန်းများဘက် ထွက်လာခဲ့ပါသည်။ ကိုရင်မှန်ကြီးမှာလိုက်သည့် ထမင်းကြော်တစ်ထုပ်ဝယ်ပြီးသည်နှင့် ငွေပိုများ ပြန်အမ်းပါသည်။ ဆိုင်ရှင်အမျိုးသမီးကြီးက

"သားလေး ဒေါင်းဒင်္ဂါးပြားတွေရှိသေးရင် ယူလာခဲ့ပါဦး။ အမေတို့ ပေါက်ဈေးနဲ့ ဝယ်ပေးပါ့မယ်"

ဆရာကြီးမှာ ဥပုသ်နှင့်ဖြစ်၍ အအေးတစ်ပုလင်း ဝယ်ခဲ့ပါသည်။ ကျွန်တော် ဇရပ်ထဲသို့ ပြန်ရောက်သည့်အခါ ကိုရင်မှန်ကြီးဆိုသော ပုဂ္ဂိုလ်ကို မတွေ့ရတော့ပါ။

"လူလေး . . ထမင်းကြော်တို



www.burmeseclassic.com

www.burmeseclassic.com

တော့ မင်းပဲစားလိုက်၊ ဗိုတဲ့ ပိုက်ဆံတွေကိုလည်း မင်းပဲသိမ်းထား၊ တို့ ခရီးစရိတ် လာပေးသွားတာ”

ကျွန်တော် ကိုရင့်မှန်ကြီးဆိုသူ လူရှားလူထူးပုဂ္ဂိုလ်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရခြင်းဖြစ်ပါသည်။

ည ၉ နာရီအချိန်၌ ရွှေစည်းခုံစေတီကြီးသို့ ကျွန်တော်တို့ ရောက်သွားကြပါသည်။ ဘုရားဂေါပကအဖွဲ့ရုံး၌ တစ်ညတာအိပ်ခွင့်တောင်းထားပြီးဖြစ်၍ ဘုရားရင်ပြင်တော် ရာဟုထောင့်၌ နေရာယူလိုက်ကြပါသည်။ ရွှေစည်းခုံစေတီတော်ကြီးမှာ မြေစိုက်တည်ထားသော်လည်း အဝေးကလှမ်းဖူးလျှင် တောင်ထိပ်ပေါ်၌ တည်ထားသည့်ပမာ မြင့်မြင့်မားမား မြင်တွေ့ရ၊ ကြည်ညိုရပါသည်။ ရွှေစည်းခုံစေတီတော်၌ ဆယ့်နှစ်ရာသီပွင့်သော ခရေပင်၊ ကျန်စစ်သားမင်းလုံ့ရာတို့မှာ ထူးခြားချက်ပါဝင်နေပါသည်။ မဟာရံတံတိုင်း နှစ်ထပ်ခတ်ထား၍ အတွင်းတံတိုင်းထဲ၌ အိုးစည်ဗုံမောင်းတီးလျှင် အပြင်တံတိုင်းမှ မကြားရပါ။ အနော်ရထာမင်းကြီးက ၃၇ မင်းနတ်များကို အတွင်းအပြင် တံတိုင်းများ၌ ထားရှိ၍ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းနတ်ဟုလည်း ခေါ်ဝေါ်ကြကြောင်း သိရပါသည်။ အနော်ရထာမင်းကြီး၏ အမိန့်ဖြင့် တည်ထားရာ စေတီဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏စွယ်တော်ပွား စေတီမြတ်ဖြစ်၍လည်း တန်ခိုးကြီးလှပါသည်။ ညအချိန်သို့ရောက်လာပါပြီ။ ညဥ့်နက်လာသည်နှင့် ဘုရားဖူး၊ ပုတီးစိပ်၊ တရားထိုင်သူများ ပြန်ကုန်ကြပြီဖြစ်၍ လူသူကင်းရှင်းနေပါသည်။ ဆရာကြီးပညာရွှေမှာ အဓိဋ္ဌာန်ဝတ် တည်ဆောက်နေပါသည်။ ဆရာကြီးနောက်မှနေ၍ ကျွန်တော် ပုတီးစိပ်နေလိုက်ပါသည်။ ရွှေစည်းခုံစေတီတော်ကြီးမှာ ထွန်းညှိပူဇော်ထားသော လျှပ်စစ်ဓာတ်မီးရောင်ဖြင့် ကြည်ညိုဖွယ် သပ္ပာယ်လှပါသည်။ စေတီတော်ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူထား၍ ရွှေတောင်ကြီးပမာ ရှုမငြီးနိုင်ဖွယ် ကြည်ညိုနေရပါသည်။ လဆန်းရက်မို့ လရောင်ကလည်း သာသာယာယာ ရှိလှပါသည်။ ကောင်းကင်ပြင်ကျယ်ကြီး၌ ကြယ်လေးများ မှိတ်တုတ်မှိတ်တုတ်နှင့် စိတ်အေးချမ်းကြည်နူးဖွယ်ရာ ခံစားရပါသည်။ ဆရာကြီး ပုတီးစိပ်တရားထိုင်လျှင် လေးငါးနာရီမျှ ကြာတတ်ပါသည်။ လောကဓာတ်တိုက်ကြီးဖြစ်သော ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်တို့ကား သဘာဝတရားများနှင့် ဆန်းကြယ်လှပါသည်။ အချိန်နာရီကား ခုနှစ်စင်ကြယ်ပြောင် အမြီးထောင်နေလေပြီ။ ကျွန်တော်မှုကား ထမင်းဆိပ်တက်၍ တသမ်းသမ်းတဝေဝေဖြင့် အိပ်ချင်စိတ်များလာ၍ ပုတီးစိပ်နေရာမှ ရပ်နားလိုက်ပြီး ဆရာကြီး နောက်ကျော၌ ခွေအိပ်နေလိုက်ပါသည်။ စကားပြောသံများကြားရ၍ ကျွန်တော်အိပ်နေရာမှ လန့်နိုးလာပါသည်။

ရွှေစည်းခုံစေတီတော် ဝန်း... ဝင်းအတွင်း မြူနှင်းတို့ ပိန်းပိတ်အောင် ကျနေပါသည်။ ဆရာ... ပညာရွှေရှေ့၌ ရဟန်းပုဂ္ဂိုလ်တစ်... မတ်တတ်ရပ်လျက် အမှာစကား မိ... ကြားနေပါသည်။ ရဟန်းတော်... အရပ်အမောင်း ထောင်ထော... မောင်းမောင်းဖြင့် အရပ်နှင့် လို... ဖက်စွာ ကိုယ်ခန္ဓာမှာ ပြည့်ဖြိုး... ပါသည်။ သင်္ကန်းရောင်မှာ သ... ခေါက်ဆိုး အညိုရင့်ရင့်ဖြစ်ပြီး လ... ထဲ၌ တောင်ဝှေးတစ်ချောင်း ကို... ထားပါသည်။ ဥပဓိရုပ် ခံ့ညားလှ... ပြီး ဆင်ဦးကင်းပမာ မဟာနဖူး... ကျယ်ပြောလှပြီး လူသာမန်တို့ထ... နားရွက်ကြီးများ ကြီးမားလှပါသည်... မျက်နှာမှာ ကြည်လင်ဝင်းပနေ... မျက်လုံးနှစ်လုံးမှာ အရောင်... တောက်ပလွန်းပါသည်။ ရဟ... တော်ကြီးစကားသံက တိုးညင်း... သည်။ ကျွန်တော်သည် ရဟ... တော်ကြီးမှ ဆရာကြီးကို ပြောဆို... သော စကားကို ကြားသိနားလ... ရခြင်း မရှိပါ။ ကျွန်တော် အိပ်ချ... တူးဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်... ကျွန်တော့်ကို ဆရာကြီးခြုံပေးထ... သော ခြုံထည်ကြီးကို ကိုယ်ပေါ်... ဖယ်ရှားလိုက်ပြီး ရဟန်းတော်... ထိုင်ဖို့ရာ အခင်းပြုလုပ်ပေးလိုက်... သည်။ ရဟန်းတော်ကြီးမှ ကျွန်... ဦးခေါင်းကို လက်ဖြင့် ကိုင်သ... တတွတ်တွတ် ရွတ်ဆိုနေပါသည်...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဦးခေါင်းမှာ ကျင်စက်နှင့်အတို့ခံရသကဲ့သို့ ထူပူနေပါသည်။ ရဟန်းတော်ကြီးမှာ ကျွန်တော့်အား တစ်ချက်စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး ဆရာကြီးနှင့် ကျွန်တော်တို့ နှစ်ဦးအား နှုတ်ဆက်ခြင်းမပြုဘဲ မြူနှင်းတောထဲသို့ ထွက်ခွာပျောက်ကွယ်သွားပါသည်။

"လူလေး၊ ကြွလာတဲ့ ရဟန်းတော်ကြီး ဘွဲ့အမည်က လေးကျွန်းစကြာ ဆရာတော်ကြီးလို့ခေါ်တယ်။ မဟာမြိုင်တောကြီးကနေ ကြွလာတာ။ သက်တော်ရှည် ပုဂ္ဂိုလ်ထူးကြီးတွေပေါ့။ ရဟန်းတော်ကြီးနှင့်တွေ့ဖို့ ဒီညမှာ စောင့်နေရတာ။ ရဟန်းတော်ကြီး လမ်းညွှန်မိန့်မှာတဲ့အတိုင်း ပုဂံမြို့ မနူဟာမင်းကောင်းမှုတော်ကို သွားရမယ်။ ပုဂံမြို့ရောက်မှ မင်းလုပ်ရမယ့်အလုပ်ကို ငါပြောမယ်။ နေမထွက်မီ သွားကြရအောင်"

ဆရာကြီးက ပြောပြောဆိုဆို ရွှေစည်းခုံစေတီတော်ကြီး ပရိဝုဏ်ထဲမှ စတင်ထွက်ခွာလိုက်ပါသည်။ ကျွန်တော့်မှာ ရဟန်းတော်ကြီးအတွက် အခင်းပြုလုပ်ထားသော ဖြူထည်ကြီးကို ကမန်းကတန်း သိမ်းယူရင်း ဆရာကြီးနောက်သို့ အပြေးလိုက်ရပါသည်။

"ဆရာကြီး၊ ဆိုင်တွေလည်း မဖွင့်သေးဘူး။ အရုဏ်တက် ဥပုသ်ထွက် ဆရာကြီးစားဖို့ ဘာမှလည်း မရှိဘူး။ ညောင်ဦးကနေ ပုဂံထိ လမ်းလျှောက်သွားရမှာ။ လမ်းမှာ ဆာနေမှာပေါ့"

"လူလေး၊ စားရကံကြုံရင် စားရလိမ့်မယ်။ နေမွန်းမတည့်မီ ပုဂံအရောက်သွားရမယ် မြန်မြန်လာကွဲ့"

ဆရာကြီးက ပြောပြောဆိုဆို ခြေလှမ်းသွက်သွက်ဖြင့် ရှေ့ကသွားနေပါသည်။ ကျွန်တော်နှင့်ဆရာကြီး ညောင်ဦးမြို့ထွက်ခါနီး လမ်းတစ်လမ်း၌ အရုဏ်ဆွမ်း အလှူခံထွက်သော သံဃာတော်များကို ဆွမ်းလောင်းနေသော အိမ်တစ်အိမ်ရှေ့သို့ ဖြတ်သွားရပါသည်။ သံဃာတော်များကို ဆွမ်းလောင်းနေသော အမျိုးသမီးကြီးက . .

"ဦးသူတော် အရုဏ်ဆွမ်း အလှူခံပါရှင်"

ဆရာကြီးလက်ထဲသို့ ဆွမ်းထုပ်တစ်ထုပ် လှူလိုက်ပါသည်။ ဆရာကြီးလှမ်းပေး၍ လှူလိုက်သော ဆွမ်းထုပ်ကို ကျွန်တော် ကိုင်လာရပါသည်။ ညောင်ဦးမြို့မှထွက်လာပြီး ပုဂံမြို့သွားရာ လမ်းတစ်လျှောက် အတန်ငယ်လျှောက်လှမ်းခဲ့ရာ နေမင်းသည်လည်း အရှေ့ဂေါယာကျွန်းပေါ်မှ ထွက်ပြူလာပြီဖြစ်၍ အချိန်အနည်းငယ်အကြာ၌ ပုဂံမြို့ အဝင်လမ်းသို့ ရောက်လာပါသည်။

လမ်းတစ်လျှောက် စေတီပုထိုးများ ပေါ်များလှရာ ကျွန်တော့်မှာ ဟိုငေးသည်ငေးဖြင့် နောက်ကလိုက်ပါခဲ့ရပါသည်။ ဆရာကြီးမှာ ရှေ့ကလျှောက်သွားရင်း မေတ္တာသုတ် ရွတ်ဆိုလျက် ရှိပါသည်။ မကြာမီ လမ်းဘေးနှင့် မလှမ်းမကမ်း၌ရှိသော စေတီပျက်တစ်ဆူရှိရာသို့ ဆရာကြီး လှမ်းဝင်လိုက်ပါသည်။ ပုဂံမြို့စေတီများမှာ ရှေးခေတ်လက်ရာများဖြစ်၍ ထီးတော်များမရှိဘဲ ငုံးတိတိဖြင့် တည်ရှိနေကြပါသည်။

"လူလေး . . ဒီစေတီက ပုထိုးသားများစေတီ ခေါ်တယ်ကွယ့်။ အများကောင်းမှု ပေါင်းစုထားတဲ့ စေတီပေါ့။ ဒီမှာ တို့ခဏနားရအောင်"

ကျွန်တော့်မှာ ဆရာကြီးနားမည်ဆို၍ ဝမ်းသာသွားမိသည်။ လေးလံလှသော ဆရာကြီးလွယ်အိတ်ကိုလွယ်ပြီး နောက်မှ မပြေးရုံတစ်မည် လိုက်ပါနေရ၍ မောပန်းနေပါသည်။ နံနက်စောစော ပုဂံမြို့မှာ အေးချမ်းလှသော်လည်း ကျွန်တော့်မှာ ချွေးထွက်၍ မောဟိုက်နေပါသည်။ ပုထိုးသားများစေတီ ပရိဝုဏ်တွင်းဝင်၍ စေတီကိုဦးချပြီး ရင်ပြင်၌ ထိုင်ချလိုက်ကြပါသည်။ ဆရာကြီးအတွက် ဥပုသ်ထွက် နံနက်စာ ပြင်ဆင်ပေးရန် လှူလိုက်သော ထမင်းထုပ်ကို ဖြေ၍ကြည့်လိုက်ရာ ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်များဖြစ်နေ၍ ကျွန်တော် အံ့သြသွားမိပါသည်။ ရိုးရိုးထမင်းနှင့် ဟင်းသာဆိုလျှင် သက်သတ်လွတ်စားနေသော ကျွန်တော်နှင့် ဆရာကြီးမှာ စားရလိမ့်မည် မဟုတ်ပါ။ ဆရာကြီးအတွက် ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ကို ဦးစွာစားစေရပါသည်။

www.burmeseclassic.com

ရွှေစည်းခုံစေတီတော်မှ ယူလာခဲ့သော ဘူးထဲမှ သောက်ရေကို ခွက်ဖြင့် အဆင်သင့် ထည့်ပေးထားရပါသည်။ ဆရာကြီးအတွက် ပြင်ဆင်လုပ်ကိုင်ပေးထားခဲ့ပြီး ဘုရားပရိဝုဏ်တစ်ဝိုက် လှည့်လည်၍ ကျွန်တော် ကြည့်ရှုနေပါသည်။

ပုဂံမြို့တစ်ခွင် စေတီပုထိုးများ တည်ထားမှု များပြားလှရာ ပုဂံခေတ်မင်းနှင့် ပြည်သူများ ဘုရားတည်နိုင်လောက်အောင် ရှင်မထီးခေါ် ရှင်အရဟံ ရဟန်းသူမြတ်မှ ဝိဇ္ဇာမယအတတ်ပညာဖြင့် မစကူညီသွားခဲ့ကြောင်း ဆရာကြီးပြောပြ၍ သိထားရပါသည်။ ဘုရားတစ်ပတ် လှည့်လည်ကြည့်ညိုပြီး ကျွန်တော် ပြန်ရောက်လာသောအခါ ဆရာကြီးရှေ့၌ အညာသူအမျိုးသမီးကြီး ကျုံ့ကျုံ့ထိုင်ပြီး စကားပြောနေသည်ကို တွေ့လိုက်ရပါသည်။

"လူလေး . . ထိုင်ဦး။ ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်တော့ ငါစားလို့ကုန်ပြီ။ ဒီဒကာမကြီးလာလှူတဲ့ သက်သတ်လွတ်ထမင်း စားလိုက်တော့"

ဆရာ့ခွင့်ပြုချက်အရ ကျွန်တော်လည်း ဗိုက်ထဲဆာလောင်နေသည်နှင့် အညာသူအဒေါ်ကြီး လာလှူထားသော ထမင်းပန်းကန်ကို လှမ်းယူလိုက်ပါသည်။ ယွန်းဗန်းဖြင့် ထည့်ထားသော ထမင်းကိုကြည့်လိုက်ရာ နီကြောင်ကြောင် ဖြစ်နေသော်လည်း အဆီတရွှဲရွှဲဖြင့် အနံ့မှာ မွှေးကြိုင်နေပါသည်။ အုန်းဆီချက်ကဲသော ဟင်းတစ်မည်ကို ထမင်းပေါ် စုပုံထားပါသည်။ ပုဂံ၊ ညောင်ဦးမြို့များ၌ ယွန်းထည်ပစ္စည်းများကို ပြုလုပ်ရောင်းချနေရာ လက်ရာမြောက်လှသော မြန်မာ့ယွန်းထည်များကို ဘုရားဖူးခရီးသည်များသာမက နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များပါ အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူကြပါသည်။ ထမင်းထည့်ထားသော ယွန်းဗန်းမှာ ရှေးဆန်၍ ဟောင်းနွမ်းနေပြီး ကနုတ်ပန်းကွက်များ ပျက်ပြယ်လျက် ယွန်းဗန်းအနားကွပ်များ ပျက်စီးနေပါသည်။ ကျွန်တော် ထမင်းစားဖို့ရာ လက်တွန့်သွားပါသည်။

အညာသူ အဒေါ်ကြီးက . .

"စားပါ အမောင်ရဲ့။ သန့်ရှင်းပါတယ်။ ယွန်းဗန်းက အနှစ် ၃၀၀ ကျော်ကြာအောင် ထိန်းသိမ်းထားရတာဆိုတော့ ဟောင်းနွမ်းနေပြီပေါ့။ ဒါပေမယ့် ရေနဲ့ အတန်တန် စင်ကြယ်အောင် ဆေးကြောထားတာပါ။ စိတ်သန့်သန့်စားပါကွယ်"

ကျွန်တော့်စိတ်ထဲ ရွံ့သလိုလိုဖြစ်မိသော်လည်း စားစရာဆို၍ အနားမှာ ဆိုင်လည်းမရှိ၍ ဆာဆာနှင့်ပင် နှိုက်စားလိုက်ပါသည်။

"အဘိုးသူတော့်သားက ဇီဇာကြောင်တယ် ထင်ပါ့"

ထိုအဒေါ်ကြီး စကားကြောင့် ဆရာကြီး ပညာရွှေက . .

"မယ်မင်းတို့လည်း သိထားပြီးသားပဲ။ လူလေးက ဘဝအဆက်ဆက် မပျက်ဘဲပါလာတဲ့အကျင့်တွေ"

အဒေါ်ကြီးစကားကြောင့် ကျွန်တော် စူးစိုက်စွာ ကြည့်မိလိုက်ပါသည်။ အဒေါ်ကြီး ဝတ်ဆင်ထားသော အညာပင်နီအင်္ကျီမှာ ထူထဲလှသည်။ ရင်ဖုံးအင်္ကျီဖြစ်၍ ယခုခေတ်အမျိုးသမီးများ မဝတ်ကြတော့ပါ။ လက်ရက်ကန်းဖြင့် ရက်လုပ်သော ချည်ထည်အင်္ကျီ အမျိုးအစားဖြစ်ပါသည်။ အဒေါ်ကြီးမျက်နှာမှာ နုနယ်လျက် ကြည်လင်တောက်ပနေသည်။ မျက်ဝန်းအိမ်မှာ အနီရောင် ယှတ်သန်းလျက်ရှိနေပြီး ဘီးဆံပတ်ထုံးကြီးဖြင့် နှင်းဆီနီတစ်ပွင့်ကို ပန်ထားပါသည်။ အသက် ၁၆ နှစ်အရွယ် မိန်းကလေးက အိုကြီးအိုမအသွင် ဆင်ယင်ထားပုံ ဖြစ်ပေါ်နေပါသည်။ ဆရာကြီးကို တစ်ချက်လှမ်းကြည့်ပြီး ပါလာသော ရေတကောင်းထဲက ရေကို ယွန်းခွက်လေးထဲ ငှဲ့ထည့်ပေးပါသည်။

"လူလေး မြန်မြန်စားကွဲ့။ နေမွန်းတည့်အမီ အရောက်သွားရမှာ"

ဆရာကြီးပြောစကားကြောင့် အစားအသောက်ကို လက်စသတ်လိုက်ရပါသည်။ အညာသူအဒေါ်ကြီးမှာ ပစ္စည်းများ သိမ်းဆည်းပြီး ဆရာကြီးကို ကန်တော့၍ ပြန်မည့်ဟန် ပြင်ပါသည်။

"အဘိုးသူတော် အမောင့်တို့ ခေတ္တထားခဲ့ပါလား။ ကျွန်မတို့ရွာကို အလည်ခေါ်သွားချင်လို့ပါ။ ခဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com

ပေါက် မစွန်းစေရပါဘူး။ ကျွန်းကျွန်းမာမာနဲ့ ပြန်ပို့ပေးပါ့မယ်ရှင့်"

"မဖြစ်သေးဘူး သမီးငယ်၊ လူလေးကို ကတိဝန်ခံချက်နဲ့ ခေါ်လာရတာ။ မယ်မင်းတို့ရွာကို ရောက်ချိန်တန်တော့ ရောက်ရပါစေ့မယ်။ အခုတော့ အလုပ်ကိစ္စလေးတွေ ရှိသေးလို့ ခွင့်ပြုပါဦးကွယ်"

ကျွန်တော့်စိတ်ထဲ ထိုအညာသူကြီးနောက်သို့ လိုက်သွားချင်စိတ် ပေါ်ပေါက်လာပါသည်။ အညာသူကြီးမှာ ဘုရားပရိဝုဏ် နောက်ဘက်သို့ ထွက်ခွာပျောက်ကွယ်သွားပါသည်။

"လူလေး . . . လူငယ်စိတ်ကတယ်ပြီး တိမ်းလွယ် ယိမ်းလွယ်ပါလား။ မင်းလိုက်သွားလို့ကတော့ လူ့ပြည်လူ့ရွာ ပြန်လာလို့ရတော့မှာ မဟုတ်ဘူး။ သွားကြရအောင်။ ရောက်တဲ့အရပ်မှာ တယ်လည်း မျက်နှာပွင့်ပါလား"

ဆရာကြီးက အပြစ်တင်စကား ပြောပြီး ရှေ့ကနေ ထွက်သွားတော့သည်။ ကျွန်တော်မှာ ဆရာကြီးနောက်သို့ အပြေးလိုက်ရပြန်သည်။

(၂)

နေမွန်းမတည့်မီ ပုဂံမြို့ အာနန္ဒာဘုရားကြီးသို့ ရောက်ပါသည်။ ဘုရားကြီးကို ဝင်ရောက်ဦးချ ကန်တော့ပြီး အာနန္ဒာဘုရားကြီး မျက်နှာချင်းဆိုင်ရှိ "ချောက်ကျောင်းဝိုင်း"သို့ သွားကြပါသည်။ ကျောင်းဝင်းထဲဝင်သည်နှင့် ကြီးမားလှသော ကျောင်းတံခါးပေါက် အုတ်လှေကားထစ်ပေါ်မှာ သစ်ခေါက်ဆိုး၊ မုတ်ဆိတ် မွေးရှည်ရှည်နှင့် ရသေ့တစ်ဦးကို တွေ့လိုက်ရပါသည်။ မယ်ဒလင်တစ်လက်နှင့် သီချင်းတစ်ပုဒ်ကို တီးခတ်နေပြီး ကျောင်းသားလေးတစ်ယောက်က စည်းချက်လိုက်ပေးနေပါသည်။

"ရေပေါ်ရသေ့ အကြံကုန်လို့ ပြန်ဆုံရပြန်ပြီနော်"

ဆရာကြီး နှုတ်ဆက်စကားကြောင့် ထိုရသေ့ကြီးက . .

"ရေမပေါ်ဘဲ နေပျော်တဲ့ ဒီဇရပ်ကြီးကို လာနေတာပ ကိုရင်"

နှုတ်ဆက်စကား ပြောနေသော်လည်း မယ်ဒလင်အတီးမပျက်ပါ။

"စိန်ခြူးကြာညောင် လရောင်ထွန်းလင်းပါလို့ မှန်ရွှေပြတင်းရယ်မှ မယ်ခုမျှော်၊ သုံးချက်စည်တော်"

ရသေ့ကြီး၏ သီချင်းမဆုံးမီ မောင်းထောင်ချိုင့်တစ်လုံး ကျောင်းကြီးပေါ်မှ လွင့်ပျံဝဲပြီး ကျလာသည်။ ဂလောင် ဂလောင် ဟူသော တံခါးကို ထိခိုက်သံပေါ်လာသည်။ ရသေ့ကြီးမှာ အတီးမပျက်ပါ။

ဆရာကြီးပညာရွှေက . .

"ဩဘာ ပေးတယ်ထင်ပါ့"

ရုတ်တရက် ကျွန်တော် ထိတ်လန့်သွားမိသည်။ ချောက်ကျောင်းဘုန်းကြီးသည် စိတ်တိုပြီး ဒေါသကြီးသူ ဖြစ်သည်။ ဆရာကြီးနှင့် ကျွန်တော် ကျောင်းထဲဝင်ပြီး ဘုန်းတော်ကြီးကို ဦးချကန်တော့လိုက်ကြသည်။

"လာမယ်ဆိုလို့ မျှော်နေတာ ဦးသူတော်၊ ဒါနဲ့ဗျာ . . . ဒီရသေ့ ကျောင်းကိုရောက်နေတာ တစ်ပတ်ရှိပြီ။ ဦးသူတော်နှင့် တွေ့ဆုံဖို့ ချိန်းထားတယ်ပြောလို့ လက်ခံထားတာ၊ အစားကြီး၊ အအိပ်ကြီးတဲ့ ရသေ့ဗျ"

"နေ့စဉ် မယ်ဒလင်တီးတယ်ဗျာ။ ကျောင်းကို အလှူရှင်တွေ ရောက်ရောက်လာကြတယ်၊ ရသေ့ကိုပဲလှူပြီး ပြန်ကြတာ၊ ရသမျှ အိတ်ထဲ သွတ်နေတဲ့သူဗျ၊ ဦးသူတော်ရဲ့ မိတ်ဆွေကြီးကို ရသေ့လို့မခေါ်ထိုက်တော့ဘူး၊ ရသွတ်လို့ ခေါ်ပေးတော့ဗျာ"

အညာသားဘုန်းကြီးပီပီ ဘွင်းဘွင်းရှင်းရှင်းကြီး ပြောနေပါတော့သည်။ ဆရာကြီးပညာရွှေမှာ တဟဲဟဲနှင့် ရယ်နေပါသည်။ ညနေစောင်းလာသည့် အချိန်၌ ဆရာကြီးက ကျွန်တော့်အား . .

"လူလေး ပုဂံမြို့ကိုရောက်တုန်းရောက်ခိုက် အာနန္ဒာဘုရားကြီးကို သွားဖူးကြည့်ရအောင်"

ပြောဆိုပြီး ချောက်ကျောင်းကြီးပေါ်မှ ထွက်လာကြပါသည်။ ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်သည့် အာနန္ဒာစေတီတော်ကြီးမှာ လိုဏ်ဂူဘုရားဖြစ်ပြီး လိုဏ်အတွင်း မတ်တတ်ရပ် ဗုဒ္ဓမြတ်စွာဘုရား ရုပ်ထုတော်ကြီးများ၊ လက်တော်များ မုဒြာအမျိုးမျိုးဖြင့် ထုလုပ်ထားပါသည်။ ဘုရားကြီးအား ရှိခိုးကန်တော့ပြီး ဂူအပြင်ဘက်သို့ ထွက်



www.burmeseclassic.com

www.burmeseclassic.com

လာကြပါသည်။ ပုဂံမြို့၏ ညနေဆည်းဆာမှာ မြင်ရသမျှ စေတီပုထိုးများဖြင့် မှိုင်းပျမှုန်ရီနေပါသည်။ ကျွန်တော့်ရင်ထဲ လွမ်းမောနေမိသည်။ ကျွန်တော် အိမ်ကို သတိရနေမိသည်။ ထိုထက် အလွန်အမင်း မဖော်ပြနိုင်သော လွမ်းဆွေးတမ်းတမှု ဝေဒနာက ကျွန်တော့်ကို လွှမ်းခြုံလာပါသည်။

ဆရာကြီးက ကျွန်တော့်ပခုံးကို ရုတ်တရက် လှမ်းပုတ်လိုက်ပါသည်။

"လူလေး ငေးမောလှချီလား။ ပုထုဇ္ဇနော ဥမ္မတ္တကောဖြစ်နေဦးမယ်"

ဆရာကြီးစကားကြောင့် ကျွန်တော် မလုံမလဲဖြစ်သွားရင်း . . .

"ဟိုးအဝေးက လှမ်းမြင်နေရတဲ့ ဘုရားမြင့်မြင့်ကြီးနဲ့ ထန်းတောညိုညိုတွေရှိတဲ့ တောင်တန်းတွေကို ကြည့်နေမိတာပါ"

"ဟဲ . . ဟဲ . . ရှိပါစေတော့။ မင်းရင်ထဲ ခံစားမှုတွေ ငါသိပါတယ် လူလေးရ။ ဘဝသံသရာဆိုတာ မြတ်ဗုဒ္ဓရဲ့ အဆိုအမိန့်စကားပဲ။ ဘဝတစ်ခုမှာ မင်းဒီပုဂံမြို့မှာ နေခဲ့ဖူးလိမ့်မယ်ထင်ပါတယ်။ ဘဝဟောင်းက ဆွေမျိုးတွေများ သတိရနေမလားဘဲ။ ဘုရားမြင့်မြင့်ကြီးက ပုဂံမြို့ရဲ့ ဘုရားတွေထဲမှာ ထုထည်အကြီးမားဆုံး၊ အခိုင်ခံ့ဆုံးလို့ ဆိုရမယ်။ သဗ္ဗညုစေတီကြီးပေါ့။ ထန်းတောညိုညိုတွေရှိတဲ့ နေရာက တူးရှင်းတောင်တန်းတွေ။ အဲဒီနားမှာ မြင်းကပါအရပ် ရှိလေရဲ့။ မနက်ဖြန်စောစော နေမမြင့်ခင် အဲဒီမြင်းကပါကို သွားကြမယ်။ မင်းအတွက် ပါရမီလိုက်ဖြည့်ပေးရမှာ"

ဆရာကြီး စကားအဆုံး၌ ကျွန်တော်သိချင်သော ကိစ္စလေးများကို မေးကြည့်လိုက်မိသည်။

"ဆရာကြီး . . ပုထိုးသားများ စေတီမှာ တွေ့ခဲ့ရတဲ့ အညာသူ အဒေါ်ကြီးက ထူးဆန်းလှတယ်။ သူ့အသွင်အပြင်က ဆင်းသူရဲမဟန်ဆောင်ထားပြီး ချမ်းသာတဲ့သူ ဖြစ်နေတယ်။ ပြီးတော့ အသက်မကြီးဘူး။ အသက်ငယ်ငယ်ပဲရှိသေးတယ်"

"လူလေး . . မင်းက ငါ့ထက်တောင် တော်နေပါလား။ သာမုဒ္ဒိကရုပ်လက္ခဏာဖတ် အတတ်ပညာကို မသင်ဘဲ တတ်နေပါလား။ ပြောစမ်းပါဦးကွာ။ ဘာကိုမြင်လို့ပြောတာလဲ"

"သူ့လက်မှာဝတ်ထားတဲ့ ပတ္တမြားလက်စွပ်က တန်ဖိုးကြီးမယ် ဆရာကြီး။ အညာဖျင် ပင်နီအကျီလက်ရှည်ထဲမှာ လက်ချောင်းလေး တွေကုပ်ထားပြီး သူ့လက်စွပ်ကို ဖွက်ထားတယ်။ သူ့ယွန်းဗန်းကို ပြန်ယူမှ ကျွန်တော် တွေ့လိုက်ရတာ။ သူ့မျက်နှာက နုနုလေး။ ဆံပင်ကို ဘီးဆံပတ်ကြီး ထုံးထားပြီး မျက်ခုံးမွေးကျိုးတိုးကျဲတဲ ရိတ်ထားတာ၊ သွားတွေကို ကွမ်းစားထားပြီး မညီမညာဖြစ်အောင် လုပ်ထားတယ်။ သူ့လက်ချောင်းတွေ မျက်နှာက ပါးဖောင်းဖောင်းလေးတွေရဲ့ ပြည့်ဖြိုးမှုတွေက အသက်ကြီးတဲ့ အဒေါ်ကြီးအရွယ် မဟုတ်ဘူး ဆရာကြီး။ ငယ်သူအကြိုက် နှင်းဆီနီပန်းပွင့်ကြီးတို့ ပန်ထားတာ အသက်ကြီးသူရဲ့ ပန်းပန်အမူအရာမှ မဟုတ်တာ။ ပြီးတော့ ကိုယ်အမူအရာ ဖျတ်လတ်လွန်းတယ်"

ကျွန်တော့်စကားဆုံးတော့ ဆရာကြီးက သဘောကျစွာ ကျွန်တော့်ပခုံးကို ဖက်လိုက်ပါသည်။

"သတိဆိုတာ ဒါပဲကွ လူလေးရ။ အယောင်ဆောင်သူတွေရဲ့ မူလပုံသဏ္ဌာန်ကို အကဲခတ်တတ်ရင် ငါမရှိတဲ့အချိန်မှာ သာသနာပြုရမယ့် လူ့လောကနယ်ပယ်မှာ အတုအစစ်တွေကို အများကြီး တွေ့ပါလိမ့်မယ်။ သတိထား မမှားဘူးပေါ့"

"ဒါနဲ့ ဆရာကြီး၊ ရွှေစည်းခုံစေတီက ဇရပ်မှာတွေ့ခဲ့ရတဲ့ ကိုရင်မှန်ကြီးကို မမှန်မကန်လုပ်ပါတယ်လို့ ဆရာကြီးက ပြောလိုက်တယ်။ သူက ဆရာကြီးကို မသူတော်လို့ ပြောပြန်တယ်။ အဲဒီစကားကို ကျွန်တော် နားမလည်ဘူး ဆရာကြီး"

"ဒီလိုကွ လူလေးရ။ ကိုရင်မှန်ကြီးက မြန်မာ့ဂမ္ဘီရ ပညာရှင် ပုဂ္ဂိုလ်ထူးတစ်ဦးပဲ။ ပညာအစွမ်းထက်တယ်။ လူတွေ သူ့နောက်လိုက်လွန်းအားကြီးလို့ ရှုးချင်ယောင်ဆောင်နေတာ။ ဒါကြောင့် ငါက မမှန်မကန် လုပ်လာတာလို့ ပြောလိုက်တာ။ ငါ့ကို မသူတော်ပြောတာက မနဲ့သူတော်ကြားမှာ မဲ့တစ်လုံးကိုဖွက်ထ



www.burmeseclassic.com

www.burmeseclassic.com

ပြီးပြောတာ။ အဓိပ္ပာယ် အတိအကျ က မမဲ့သူတော်လို့ ခေါ်တာဖြစ်တယ်"

"ဒါနဲ့ ဆရာကြီး ရေပေါ်ရသေ့ ကရော မယ်ဒလင်တစ်လက်နဲ့ ဂီတ ရူးလုပ်နေတာလား"

"မင်း အမြင်မှာ မှန်တာပေါ့။ ရသေ့ဆိုတာ လူသာသာပဲ ရှိတယ်။ ရသေ့သီလက ဆယ်ပါးထက် မပို ဘူး။ ရေပေါ်ရသေ့က အထက် အညာမှာ နာမည်ကြီးပုဂ္ဂိုလ်ထူး လူလေးရ။ အင်္ဂလိပ်ခေတ်က မအူ ပင်မြို့ သင်္ဘောဆိပ်ခံ ဘောတံတား ပေါ်ကနေ ဧရာဝတီ မြစ်တစ်ဖက် ကမ်းကို ရေပေါ်ကနေ လမ်းလျှောက် ပြသွားတာ။ သူ့အစွမ်းပေါ့ကွာ။

သူမယ်ဒလင်တီးနေတာ နိမိတ် ပြနေတာ။ ဘုန်းကြီးက သမုတိ သံဃာ(ပုထုဇဉ်)ဘုန်းကြီးဆိုတော့ မသိဘူး။ သူ့ကျောင်းမှာ အိုးစည်ဗုံ မောင်းနဲ့ အလှူကြီး လာပြုလိမ့်မယ်။ ပုဂံမြို့က တို့မပြန်ခင် အစားကောင်း စားသွားရလိမ့်မယ်။ ဘုန်းကြီးက ရိုး သားဖြူစင်လွန်းတယ်။ သူ့အပြော ကို ကျောင်းရောက်ရင် မင်းကြားရ လိမ့်မယ်။ ပြန်ကြရအောင်။ မနက် စောစော မြင်းကပါအရပ်က မနူဟာ မင်းရဲ့ ဘုရားကို သွားကြရအောင်"

ကျွန်တော်နှင့်ဆရာကြီး ချောက် ကျောင်းသို့ ပြန်ရောက်သောအခါ ရေပေါ်ရသေ့မှာ မယ်ဒလင်တီးနေ သည်ကိုတွေ့ရပြီး . .

"ကောင်လေး မင်းပုဂံက ပြန် ခါနီးကျရင် ထူးခြားအောင် ဗူးဘုရား ကို သွားလိုက်ဦးနော်"

ကျွန်တော့်အား ဆီးကြိုပြီး ပြောပါသည်။ ချောက်ကျောင်း ဘုန်း ကြီးကလည်း . .

"ဦးသူတော်တို့ ဆရာတပည့် စားဖို့ သက်သတ်လွတ်ထမင်းဟင်း တွေ ပုဂံမြို့ထဲက စားသောက်ဆိုင် ကို အရုဏ်တက်လာပို့ဖို့ မှာထားပြီး ပြီ။ ကောင်လေး၊ စားစရာရှိလည်း စား၊ လှူစရာရှိလည်း လှူသွားနော်"

ဆရာကြီးနှင့် ကျွန်တော်တို့နှစ် ဦး တစ်ပြိုင်တည်း "လှူပါ့မယ် ဘုရား"ဟု ပြောလိုက်ရပါသည်။

## (၃)

နံနက်စောစောအချိန် ဆရာ ကြီးပညာရွှေ ရေပေါ်ရသေ့နှင့် ကျွန် တော်တို့သုံးဦး ချောက်ကျောင်းမှ မြင်းကပါ မနူဟာဘုရားသို့ သွားကြ ပါသည်။ ပုဂံမြို့၏ နံနက်ခင်းကား မြူနှင်းများ တဝေဝေဖြင့် စေတီပုထိုး များ များစွာကို ဖူးမြင်ရရင်း စိတ် ကြည်နူး အေးချမ်းရပါသည်။ ရှေး ခေတ် ပုဂံမြို့မုခ်ဦးတံခါးပေါက်နား ရောက်လာကြပါသည်။ ပုဂံမြို့၏ မြန်မာ့ဦးစွန်းခေတ် ကိုယ့်မင်းကိုယ့် ချင်း၊ ကိုယ့်သာသနာ ထွန်းလင်း တောက်ပ အရှိန်အဝါကြီးခဲ့သည်မှာ အံ့ဘနန်း ရှိခဲ့ပါလိမ့်မည်။ နှောင်း ခေတ် လူသားဖြစ်သော ကျွန်တော် သည် ရှေးမြန်မာဘိုးဘွားကြီးများ ဗုဒ္ဓသာသနာ ကြည်ညိုလေးမြတ်မှု ကို ပုဂံမြို့ဘုရားများကို ဖူးမြင်ရခြင်း ဖြင့် သိမြင်ခဲ့ရပြီး ဖြစ်ပါသည်။ ကျွန် တော့်ရင်တွင်း ခံစားမှုပီတိတို့ လှိုင်း တံပိုးပမာ အုံကြွလာကြသည်။

"ဆရာကြီး ဘုရားတွေမှာ ထီး တော်တွေ မရှိတာရယ်၊ ဆည်းလည်း သံလေးတွေ မကြားရတာတွေဟာ တစ်ခုခု လိုနေသလို ခံစားရမိတယ်"

"လူလေး ပုထုဇ္ဇနော ဥမ္မတ္တ ကော စိတ်ဝင်စားပါပြီလား။ ပုဂံဘု ရားစေတီတွေက ကျောက်ထီးတွေနဲ့ ပြုလုပ်ထားကြတာ။ နှစ်ပေါင်းကြာ ရှည်စွာ ခိုင်ခံ့ဖို့ တည်ဆောက်ထားခဲ့ ကြတာ။ နှစ်ပေါင်း ၅၀၀ ကျော်ခဲ့ပြီ မဟုတ်လား။ မြတ်ဗုဒ္ဓရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားသုံးပါးကို သံဝေဂတရားနဲ့သာ ဆင်ခြင်ကြည့် ပေတော့။ အရာရာဟာ မမြဲသော သဘောရှိလေတယ် မဟုတ်လား။ ပုဂံဘုရားတွေဟာ ခေတ်အမြင်နဲ့ ကြည့်ရင် ခေတ်ဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေပေါ့။ တရားသဘော နဲ့ ကြည့်ရင်တော့ မမြဲခြင်းဆိုတဲ့ အနိစ္စတရားကို သိမြင်လာရလိမ့် မယ်။ ဘုရားတည်ခဲ့ကြတဲ့ အလှူ ဒါယကာတွေ အစွဲဥပါဒါန် ကြီးမားမှု ကို မင်းသိရလိမ့်မယ်"

ဆရာကြီး၏ စကားအဆုံး၌ တူရွင်းတောင်ခြေသို့သွားသော လမ်း ဆုံသို့ ရောက်လာကြပါသည်။

"လူလေး၊ မြင်းကပါတ မနူ ဟာဘုရားကို ရှေ့နည်းနည်းလျှောက် လိုက်တာနဲ့ ရောက်သွားလိမ့်မယ်။ ငါနဲ့ ရေပေါ်ရသေ့တို့ မြစေတီ



www.burmeseclassic.com

www.burmeseclassic.com

ခေတ္တဝင်လိုက်ကြဦးမယ်။ မနူဟာမင်းဘုရားကိုရောက်ရင် လိုဏ်ဂူထဲဝင်ပြီး ဘုရားရှိခိုး၊ အမိဋ္ဌာန်ပုတီးစိပ်နှင့်။ ဟိုဟိုဒီဒီ လျှောက်မကြည့်နဲ့ဦး။ ငါရောက်လာမှ မင်းကို ဘုရားပရိဝုဏ်အနှံ့ လိုက်ပြပေးမယ်။ တွေ့ဆုံတုန်း ရေပေါ်ရသေ့ကို ဦးချကန်တော့လိုက်ဦး။ နောင်အခါ သူ့ကို မင်းတွေ့ဖို့ မလွယ်ဘူး”

ဆရာကြီးစကားကြောင့် ကျွန်တော် ဒူးထောက်လိုက်ပြီး ရေပေါ်ရသေ့နှင့် ဆရာကြီးကို ဦးသုံးကြိမ်ချကန်တော့လိုက်ပါသည်။

“သာခု သာခု သာခုပါကွာ။ မင်းဆရာကြီးဆီက ပညာတွေရအောင် ယူထား။ တပည့်ကောင်းတစ်ယောက် ဖြစ်ပစေ။ တပဲ့တော့ မဖြစ်စေနဲ့။ ဝိဇ္ဇာမမှာ ဖိတ်စာမလိုဘူး။ ကံဆုံရင် ပြန်ကြုံရမှာပေါ့။ သွားပေတော့”

ရေပေါ်ရသေ့၏ ဩဝါဒစကားအပြီး ကျွန်တော် မနူဟာမင်းဘုရားသို့ တစ်ယောက်တည်း ထွက်လာခဲ့ရပါသည်။ ဘုရားသို့ရောက်သည် နှင့် ဆရာကြီး မှာလိုက်သည့်အတိုင်း မြောက်ဘက်အရပ် လိုဏ်ဂူပေါက်မှ ဝင်လိုက်ပါသည်။ ဘုရားလိုဏ်ဂူအတွင်း အကျဉ်းအကြပ် ဖြစ်ပေါ်နေဟန် ရင်အုံကြီးများ မို့မောက်လျက် ထုလုပ်ပူဇော်ထားသော ဗုဒ္ဓရုပ်တုတော်ကြီးကို ဖူးမြော်လိုက်ရပါသည်။ ဂူအတွင်း ကျပ်ကျပ်ညပ်ညပ် ရှိလှသော ဗုဒ္ဓရုပ်တုတော်ရှေ့၌ ထိုင်ပြီး ရှိခိုးဦးချသီလခံယူပြီး အမိဋ္ဌာန်ပုတီး စိပ်လိုက်ရပါသည်။ နံနက်စောစောမို့ ဘုရားဂူအတွင်း လူသူကင်းရှင်းပြီး တိတ်ဆိတ်ငြိမ်သက်လှပါသည်။ ကျွန်တော် ပုတီးစိပ်လျှင် ထိနမိဒ္ဓဝင်တတ်ပါသည်။ ကျွန်တော့်စိတ်ထဲ အိပ်ပျော်သလို ဖြစ်သွားသည်ထင်ရသည်။ အိပ်မက်ပမာ ကျွန်တော်မြင်တွေ့လိုက်ရသည်က ရှေးမြန်မာမင်းများ ဝတ်ဆင်သော အဝတ်အစားနှင့် သန်မာထွားကျိုင်းလှပြီး အရပ်မြင့်မားသော ပုဂ္ဂိုလ်တစ်ဦး ကျွန်တော့်ရှေ့နား၌ မတ်တတ်ရပ်လျက် ကျွန်တော့်ကို တစ်စုံတစ်ရာ ပြောချင်သည့်ဟန်ပြနေပါသည်။ သျှောင်တစ်စောင်း ဦးပေါင်း၌ မကိုဋ်ရှသရဖူဆောင်းထားပြီး နှုတ်ခမ်းမွေး ထူထူထဲထဲဖြင့် နှာတံပေါ်ပေါ်၊ ခိုင်ခံ့သော မေးရိုး၊ ခပ်တင်းတင်းစေ့ထားသော နှုတ်ခမ်းနှစ်လွှာ၊ ကိုယ်ကျပ်အင်္ကျီ တောင်ရှည်ပုဆိုး ခါးတောင်းကျိုက်ထားလျက် ပုတီးလည်ဆွဲ လက်ကြပ်များ ဝတ်ဆင်ထားလျက် အရှိန်အဝါကြီးလွှမ်းသူ ဘုရင်တစ်ပါး၏ ရာဇမာန်ခတ်ထန်နေသော မျက်နှာ၊ ဘုရင်ကြီး၏ မျက်လုံးများကမူ မှေးမှိန်သိမ်ငယ်နေကြသည်။ မျက်လုံးအရောင်စူးရှတောက်ပြောင်သူများကြား အနေမျိုး၍ ကျွန်တော် ဘုရင်ကြီး၏ မျက်နှာကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။ အကူအညီတောင်းချင်သော မျက်နှာ၊ တစ်စုံတစ်ရာ ပြောချင်သောစကား၊ သူ့နှုတ်ခမ်းများ တလှုပ်လှုပ်တရွရွ ရှိနေသော်လည်း လူငယ်လေးတစ်ယောက်မို့ မပြောချင်ရော့သလား။ တစ်ခဏမှာပင် ထိုပုဂ္ဂိုလ်၏ ရုပ်ပုံလွှာက မှေးမှိန်ပျောက်ကွယ်သွားတော့သည်။ ကျွန်တော် စူးစူးစိုက်စိုက် ကြည့်လိုက်မိ၏။ ကျွန်တော့်ရှေ့ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်လုံးတော်အစုံက မျက်ရည်ပေါက်နှစ်ပေါက် ကျလာသည်ကို ဖူးမြင်လိုက်ရ၏။ ကျွန်တော့်ရင်ထဲ တုန်လှုပ်ချောက်ချားသွားမိသည်။ နှလုံးသား၌ စူးရှနာကျင်သော ဝေဒနာကို ခံစားလိုက်ရသည်။ ကျွန်တော့်ကိုယ်ကျွန်တော် မသိသော ခံစားမှုတစ်ရပ်အဖြစ် ကျွန်တော် ရှိုက်ကြီးတစ်ငင် ငိုနေမိသည်။

“လူလေး စိတ်အာရုံကို အလိုလိုက်လှချီလား။ အမိဋ္ဌာန်ဖြုတ်လိုက်ပေတော့”

ဆရာကြီးစကားသံ ပေါ်ထွက်လာ၍ ကျွန်တော့် သတိတရားတို့ ပြန်ဝင်လာခဲ့ရသည်။ ကျွန်တော့်ပုတီးသည် သမံတလင်းပေါ် ကျလျက်ရှိနေသည်။ ကျွန်တော်သည် ပုတီးစိပ်ရင်း အိပ်ပျော်သွားသည်လား၊ သတိလက်လွတ် ဖြစ်သွားလေသည်လား ဝေခွဲမရလိုက်ပါ။ ဘုရားဦးချကန်တော့ပြီး ထလိုက်တော့ . . ဆရာကြီး၏ ဒုတိယအကြိမ် စကားသံကြောင့် ကျွန်တော် မျက်ရည်သုတ်ပြီး ထလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘုရားပရိဝုဏ်ကို လှည့်ကြည့်ပြီး မေတ္တာပို့ကြရအောင်"

ပြောပြောဆိုဆို ဆရာကြီးက ရှေ့မှထွက်သွားပါသည်။ ဘုရားပရိဝုဏ်အတွင်း နတ်ကွန်းဆောင် သဖွယ်ပြုလုပ်ထားသော အုတ်တိုက်လေးရှေ့ ကျွန်တော်ရောက်သည့်အခါ အံ့သြလွန်း၍ တုန်လှုပ်သွားမိပါသည်။ ထိုအုတ်တိုက်လေးထဲ၌ ဘုရားဒါယကာဖြစ်သော မနူဟာမင်းကြီးနှင့် သူ့မိဖုရားတို့ နှစ်ဦး၏ ရုပ်တုများကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။ ပုတီးစိပ်စဉ်က ကျွန်တော့်မနောအာရုံထဲ မြင်တွေ့လိုက်ရသော ဘုရင်လိုလို ပုဂ္ဂိုလ်သည်ကား မနူဟာမင်းကြီး ဖြစ်နေပါပြီကော။ သူ့စံနန်း အုတ်တိုက်မှ ကျွန်တော့်ဆီ ထလာခဲ့ဟန် တူပါသည်။ တွေဝေနေသော စိတ်များနှင့် ရုပ်ကြည့်နေရင်း တုံ့ဏှိဘာဝေဖြစ်နေမိသည်။

"လူလေး . . မင်းလည်း မကြာခဏ ပုထုဇ္ဇနော ဥမ္မတ္တကော ဖြစ်လာနေပြီ။ မင်းပြုခဲ့သမျှ ကုသိုလ်ကောင်းမှုတွေ မေတ္တာပို့ အမျှဝေလိုက်ပေတော့"

ဆရာကြီး သတိပေးစကားသံအဆုံး၌ ယူကျုံးမရစွာနှင့် မေတ္တာပို့ အမျှဝေလိုက်ရပါသည်။

ချောက်ကျောင်းသို့ အပြန်လမ်း၌ . .

"မနူဟာမင်းဟာ ဥပါဒါန်အစွဲကြီးမှုကြောင့် သူတည်ထားတဲ့ဘုရားမှာ မကျွတ်မလွတ်သေးရရှာဘူး။ အချိန်တွေ ကြာပေဦးမယ်။ ဒါပေမယ့် ကယ်မယ့်ပုဂ္ဂိုလ်ထူးတစ်ဦး ရောက်လာပြီး ဒီနေရာ ဒီဌာနကနေ တစ်တောတစ်တောင်ကို ပြောင်းရွှေ့ခေါ်ဆောင်သွားလိမ့်ဦးမယ်။ လူလေး မနူဟာမင်းဟာမင်းနဲ့ ဘဝရေစက်ရှိခဲ့ကြဟန်တူတယ်။ ဘာပဲဖြစ်ဖြစ် သူ့လို ဥပါဒါန်အစွဲမဖြစ်စိဖို့ မြတ်ဗုဒ္ဓရဲ့ ဓမ္မလမ်းကြောင်းအတိုင်း ကျင့်ကြံအားထုတ် ကြိုးကုတ်ကြရမယ်"

ကျွန်တော်သည် ဆရာကြီးဆုံးမစကားများကြောင့် သံဝေဂများစွာ ရခဲ့ပါသည်။ ချောက်ကျောင်းသို့ ပြန်ရောက်သည့်အခါ လူအများစည်ကားလျက် အလုပ်ရှုပ်နေကြပါသည်။ ချောက်ကျောင်းဘုန်းကြီးက

"ဦးသူတော် . . ခင်ဗျားတို့ ဆရာတပည့်နှစ်ဦး မနက်ကျရင် ကျုပ်ကျောင်းကအလှူမှာ စားသောက်ပြီးမှ ပြန်ကြပါလား။ ညကျရင် ဧည့်ခံဆိုင်းတီးလိမ့်မယ်"

"နေလို့ မဖြစ်လို့ပါ ဘုရား။ တပည့်တော်တို့ မနက်ဖြန် နေမွန်းမတည့်မီ ပုဂံကနေ ချောက်မြို့ ရွှေဘုံတောင်ဘုရားကို အရောက်သွားကြရမှာ ဖြစ်လို့ပါ။ ခွင့်ပြုတော်မူပါဘုရား"

ဆရာကြီးက ပြောပြောဆိုဆို ကျွန်တော့်ထံမှ ငွေတစ်ဆယ်တောင်းယူပြီး ချောက်ကျောင်းဘုန်းကြီးအား နဝကမ္မအလှူငွေအဖြစ် လှူဒါန်းပြီး ကန်တော့လိုက်ကြပါသည်။

"မကြာမကြာလည်း လာပါဗျာ။ ဦးသူတော်တို့ ရောက်လာကျရင် ကျုပ်ကျောင်းမှာ လာဘ်ကောင်းတယ်ဗျ"

"ကဲဆုံရင် . . ပြန်ကြုံရကြမှာဘုရား"

ကျွန်တော်နှင့် ဆရာကြီးပညာရွှေတို့နှစ်ဦး ချောက်ကျောင်းမှ ထွက်လာကြပြီး ပုဂံမြို့ အာနန္ဒာဘုရားကြီးရှေ့မှ တုရွှင်းတောင်ခြေလမ်း၊ ဧရာဝတီ မြစ်ကမ်းဘေးမှ စဥ့်ကူ၊ ချောက်မြို့ ရွှေဘုံတောင်ဘုရားသို့သွားရာ အညာဒေသခရီး လိုင်းကားသုံးတန်၊ လော်ရီကားကြီးစီး၍ ပုဂံမှ ထွက်ခွာခဲ့ကြပါသည်။ သုံးတန်လော်ရီကားကြီးမှာ ကြမ်းခင်းနှစ်ထပ် ပြုလုပ်ထားပြီး အပေါ်၌ ယောကျာ်းများသာစီး၍ အောက်၌ မိန်းမသားများလိုက်ပါရပါသည်။ လူများ၊ ဆိတ်များ၊ အညာထွက်ကုန်ဆီးသီး တောင်းများကြား စီးနင်း၍ လိုက်ပါခဲ့ရပါသည်။ ဆရာကြီးကိုမူကား ကားရှေ့ခေါင်းခန်း၌ နေရာပေးပြီး စီးခွင့်ရခဲ့ပါသည်။ ရေပေါ်ရသေ့မှာ ဆရာကြီးနှင့် လုပ်ရပ်ကိစ္စများ ပြောဆိုခဲ့ကြပြီး မြစေတီ၌ လမ်းခွဲလိုက်ကြပြီးဖြစ်ပါသည်။ ကျွန်တော်သည် ကားပေါ်၌ မနူဟာမင်း၏ ဥပါဒါန်တရားကြီးမားမှုကို တွေးတောလာရင်း စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရပါတော့သည်။

**သိန်းထွန်းသစ်**

www.burmeseclassic.com



# ဘဝအမောစင်မယ့် လူတောတစ်ခွင် ဟာသများ

ဦးကောင်းထူး

### ဒေဝဒတ်ရဲ့ ငယ်ထိပ်

လူတောတစ်ရွာလုံးသည် တောင်ယာစပါးစိုက်ခြင်း၊ မွေးမြူခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ ကုန်ရောင်းကုန်ဝယ်ပြုခြင်းတို့ဖြင့် ဝမ်းစာရှာဖွေကြသကဲ့သို့ အချို့သောမိန်းမတို့မှာလည်း ကိုယ့်အုပ်စုနှင့် ကိုယ်အဖွဲ့များဖွဲ့လျက် ဝက်မြေဥတူး ထွက်လေ့ရှိကြ၏။

ဝက်မြေဥကို နေပူပူအောက် မြေကြီးခဲအမာကြီးများအား သံတူရွင်းနှင့်လှန်ပြီး တူးယူရခြင်းဖြစ်ပေသည်။ ဝက်မြေဥများ မြေစာဥနှင့်မတူပေ။ မုန်ညင်းဥနှင့်မူ ပုံသဏ္ဍာန်ချင်း တူပေသည်။ ဝက်မြေစာဥကို တူးရသည်က တကယ်တမ်းကျတော့ လွယ်ကူသောအလုပ်မဟုတ်။

တူးသူတွေအဖို့ နေပူရှိန်အောက်၌ ကိုယ်ကာယအားအင်ကို လွန်စွာစိုက်ထုတ်ရသည်မို့ ချွေးတို့ တဒီးဒီးကျရသည်။

၊ သို့သော် စိတ်ပျက်သွားသည်မရှိပေ။

ဝက်မြေစာဥ တူးရင်းမှာပင် ရောက်တတ်ရာရာ ပါးစပ်ထဲတွေ့ရာ သီချင်းတွေကို အော်ကြီးဟစ်ကျယ်သီဆိုကြသည်။ တစ်ယောက်အတင်းကို တစ်ယောက်ချ၍ ရယ်လားမောလား တဟားဟား ဖြစ်နေကြသည်။ သူ့စရိုက်၊ သူ့ဘာသာ၊ သူ့ဓလေ့နှင့် သူ



www.burmeseclassic.com

www.burmeseclassic.com

တော့ ဟုတ်နေသားပါပဲလား။

ထိုသို့ မနက်ခင်းမှာ တောင်းပလုံး၊ သံတူရွင်းနှင့်တကွ ထမင်းထုပ်၊ ရေဘူးတို့ကိုဆောင်လျက် အိမ်မှထွက်၊ ညနေ့,နေဝင်ခါနီးမှပင် အလုပ်သိမ်းကြရတော့သည်။ သူဘယ်လောက်ရသည်၊ ကိုယ်ဘယ်လောက်ရသည်ကို မေးမြန်း စပ်စုကြသည်။

"ဟဲ့ ... အေးကြည်မ၊ နင်ဘယ်လောက်ရသလဲ"

ကာလသမီးခေါင်း ခင်နှင်းက မေးတော့ အေးကြည်မက –

"ဆယ်ပြည်သာသာတော့ ရလိမ့်မယ်ထင်တာပဲ အစ်မခင်နှင်းရယ်"

ဟုဖြေသည်။ သူမကို မေးတော့

"ထင်သလောက်မရပါဘူး အစ်မရယ်။ မသကာရှိလှ သုံးလေးပြည်ပေါ့"

ဟုဖြေ၏။

"ဟဲ့ ... နက်နက်တူးပြီး နှိုက်ရတယ်ဟဲ့။ ဒါမှ ရမှာပေါ့။ ကေန္တ ... ညည်းအပေါ်ယံတိမ်တိမ်ကလေးပဲ ရှပ်တူးလို့ အရနည်းတာ"

ဤတွင် ဘုမလည်း–

"အလိုလေး ... လေး အစ်မရယ်၊ နက်နက်တူးရမှန်းသိလို့ နက်နက်တူးပြီးမှ နှိုက်တာပါတော်။ ဘယ်လောက်တောင် နက်အောင်တူးသလဲဆိုတော့ တူရွင်းထိပ်ဖျားက အဝီစိတောင်ရောက်သွားတယ်။ ကျွန်မလည်း ကုန်းပြီးနှိုက်လိုက်တာ အလိုလေးတော် ... ဒေဝဒတ်ငယ်ထိပ်ကိုတောင် သွားစမ်းမိပါသေးရဲ့"

ဟူ၍ ပြောချလိုက်ရာ လှတောသူမအုပ်စု တစ်အုပ်စုလုံး ဝါးခနဲပွဲကျသွားပါလေတော့သတည်း။

## ကံစမ်းမဲက ပေါက်စဉ်လို

တစ်နေ့သ၌ လှတောရွာသို့ မသကာဖွယ်လူတစ်ဦး ရောက်ရှိနေသဖြင့် ရပ်ရွာလူကြီး ဦးဆောင်သောအဖွဲ့က ထိုသူအား သက်ဆိုင်ရာရဲစခန်းသို့ ခေါ်ဆောင်သွားလေ၏။

စခန်းမှူးသည် ထိုသူကိုမြင်တွေ့လျှင် မြင်တွေ့ချင်းပင် –

"ဟာ ဘယ်သူများလဲလို့ ... ဟဲမင်းဝေရာ။ နာမည်အမျိုးမျိုးနဲ့ လျှောက်လိမ်နေတာ ခုမှပဲ ကျားရှေ့လာပြီး မှောက်လျက်လဲရတယ်လို့"

ဟူ၍ ပြောဆိုလိုက်ပြီး ကျေးရွာလူကြီးအဖွဲ့အား ဟဲမင်းဝေ (ခေါ်) သမန်းမျောက် (ခေါ်) မည်းတူ (ခေါ်) လွန်ပူ (ခေါ်) ကုလားအော် (ခေါ်) တစ်တီတူး အမည်အမျိုးမျိုးဖြင့် ရပ်တကာ ရွာစဉ်တစ်လျှောက် အလိမ်ဖယားဆွဲနေသော တရားခံအကြောင်းကို ရှင်းလင်းပြလိုက်လေ၏။

ဤတွင် အဖွဲ့မှ လှတောသားတစ်ဦးက –

"ဟာလိုလေး ... ဗိုလ်ကြီးပြောမှပဲ ဒီကောင့်နာမည်တွေ အများကြီးရှိတာ သိရတယ်။ ဒီကောင်ရဲ့ စာရင်းကလည်း ကံစမ်းမဲပေါက်တဲ့ ပေါက်စဉ်တွေနဲ့တူမှ တူတာပါပဲလား"

ဟူ၍ ဘွင်းဘွင်းကြီး ပြောချလိုက်ရာ တရားခံ ဟဲမင်းဝေမှအပ ကျန်အားလုံး၏ ရယ်မောသံများမှာ စခန်းတစ်ခုလုံး လွှမ်းသွားလေတော့တကား။

## အဝတ်ပတ်ထားတဲ့ အာပြဲခြောက်

လှတောသူတစ်သိုက် ရန်ကုန်မြို့ ကုန်တိုက်ကြီးကို ဝင်ရောက်လေ့လာကြည့်ရှုစဉ် .. ကြံ့တုန်းကြံ့ခိုက် မော်ဒယ် ရှိုးပွဲနှင့်ကြုံသဖြင့် ဗဟုသုတအလို့ငှာ ငေးမောကြည့်ရှုနေမိကြလေ၏။

အတန်ကြာကြည့်ရှုပြီး ကုန်တိုက်မှပြန်အထွက်တွင် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြလေ၏။

"အမယ်လေး ... လေး၊ မော်ဒယ်ရှိုးဆိုလို့ ဘာများလဲဆိုပြီး အထူးအဆန်းအနေနဲ့ ကြည့်မိပါသတော်။ ငါတို့ လှတောက ဖိုးသင်းသမီး မိကြွက်ကမှ အပုံကြီးသာပါသေး"

"ဟုတ်ပါရဲ့ ... မော်ဒယ်လျှောက်တဲ့သူတွေများ ဘယ်လောက်တောင် အစာရေစာတွေ ငတ်ပြတ်နေရှာလဲ မသိပါဘူး။ ငါ့မျက်စိထဲမှာတော့ အာပြဲခြောက်တွေကို အဝတ်တွေပတ်ထားသလိုပဲ"

နံဘေးရှိ လူများ ထိုစကားကို ကြားရလေသော် ပြုံးစေ့စေ့ဖြစ်ကုန်ကြလေ၏။

## နိပါတ်တော်တိုင်စာ

တစ်နေ့သ၌ ကျေးရွာတရားရုံးသို့ လှတောသားတစ်ဦးရောက်လာပြီး အမှုတစ်ခုကို တိုင်တန်းလေ၏။

ထိုအမှုကား သူပိုင် ပြောင်းခင်းထဲသို့ အခြားရွာသား၏ နွားအုပ်ကဝင်ရောက် မွှေနှောက်စားသောက်သွားသည့်အတွက် ပြောင်းခင်းပျက်စီးသွားရခြင်းကို လာရောက်တိုင်တန်းခြင်းဖြစ်လေသည်။

ထိုအခါ ကျေးရွာတရားသူကြီး

www.burmeseclassic.com

က အတိုင်တန်းခံရသူ ရွာသားကိုပါ ဆင့်ခေါ်လျက် တရားရုံး၌ အမှုသွား အမှုလာကို မေးမြန်းစစ်ဆေးလေ၏။

ဦးစွာ တရားလိုဖြစ်သော အမှုဖွင့်တိုင်တန်းသူကို မေးမြန်းလေ၏။

"မောင်ရင့်ရဲ့ ပြောင်းခင်းက ဘယ်လောက်ကျယ်သလဲ"

"ကျွန်တော့် ပြောင်းခင်းကျယ်တာကို ပြောရရင် ဆဒ္ဒန်ဆင်မင်း ဝင်လာခဲ့မယ်ဆိုရင် တော်တော်နဲ့ကို ပြန်မထွက်နိုင်လောက်အောင် ကျယ်ပါတယ်"

"အင်း ... ပြောင်းပင်တွေကကော တော်တော်ကြီးသလား"

"ဟုတ်ကဲ့ ... ဆဒ္ဒန်ဆင်မင်း ပြောင်းခင်းထဲဝင်ပြီဆိုရင် သောနုတ္တိုရ်တောင် ဘယ်လိုမှရှာမတွေ့နိုင်ပါဘူး"

"အခု နွားဝင်စားသွားတော့ကော"

"ဟုတ်ကဲ့ ... ဘုရားလောင်း ယုန်မင်း တစ်ဝပ်စာလောက်ပဲ ကျန်ပါတော့တယ်ခင်ဗျား"

## ဆွေမျိုးစပ်သလိုပါပဲလား

အလှူတစ်ခု၌ ဟင်းကျွေးဟင်းရန်များမှာ ကောင်းမွန်သလောက် ထမင်းမှာမူ လွန်စွာညံ့နေ၏။ သည့်အတွက် ဆန်ကောင်းစားရမှ ခံတွင်းမြိန်သော လုတောသားအချို့မှာ မကျေနပ်ကြပေ။

"အလိုလေး ... ထမင်းကို ဘယ်လိုများ ချက်ထားကြသလဲကွယ်။ ဝက်စာလို ပွစိကိုပြနေရုံတင်မကဘူး။ မည်းတာကမည်း၊ ဖြူတာကဖြူနဲ့"

ဤတွင် ထမင်းချက်ရုံတာဝန်ခံက ဖြစ်ကြောင်းကုန်စင်ရှင်းပြရာသည်။

"ဆန်ဟောင်းနဲ့ ဆန်သစ်ကို ရောပြီး ချက်မိလို့ သည်လိုဖြစ်သွားရတာပါ"

ထိုအခါ လုတောသားတစ်ဦးလည်း အောင့်အည်းမနေနိုင်တော့ဘဲ

"ဟာလိုလေး ... လေး၊ ဆန်ဟောင်းနဲ့ ဆန်သစ်များ ရောချက်ရတယ်လို့ ... ကြားကြားဖူးပေါင်ဗျာ။ ခင်ဗျာတို့လုပ်ပုံက ရဲနဲ့ လူဆိုးကို ဆွေမျိုးစပ်သလိုပါပဲလား"

ထိုစကားကြောင့် ထမင်းကျွေးရုံလုံး တဝါဝါနှင့် ပွဲကျသွားပါလေတော့၏။

## ကျွန်နှစ်ပါးပဲ တောင်းရတယ်

လွန်စွာမှ ပူပြင်းခြောက်သွေ့သော နွေကာလဖြစ်ချေ၏။

လူသူအသွားအလာ ကျဲပါးသော မြေနီလမ်းကလေး၏ တစ်ဖက်တစ်ချက်ဝယ် ဇရပ်အိုကြီးတစ်လုံးရှိလေ၏။ နှစ်ပရိစ္ဆေဒကြာမြင့်ပြီ ဖြစ်သော်ငြား ပြုပြုပြင်ပြင်မရှိ၍လား မပြောတတ်။ တိုင်တို့မှာ အနည်းငယ်ယိုင်လျက် အမိုးသွပ်ပြားတို့မှာလည်း သံချက်တွေ ခပ်ချောင်ချောင်ဖြစ်နေသည်။ သို့ရာတွင် နွေအပူခရီးသည်အတွက်တော့ တဒင်္ဂ အပန်းဖြေ၍ ကောင်းသော ကွန်းရိပ်သာဟု ဆိုနိုင်ကောင်းပါ၏။

အဆိုပါ ဇရပ်အိုကြီး၏ ကြမ်းပြင်ပေါ်၌ လုတောသားတစ်ယောက်သည် ကျောခင်းလျက်ရှိ၏။ ထိုသို့ ကျောခင်းနေရာမှ ချူသံကြား၍ ခေါင်းထောင်ကြည့်လိုက်သောအခါ ခပ်ဝဝ ဘုန်းကြီး တစ်ပါးသည် မြင်းလှည်း... မှဆင်းလျက် ဇရပ်အိုကြီးရှိရာ... လျှောက်လှမ်းလာခဲ့ပြီး အမည်... ကုသိုလ်ရှင် ဖြည့်ဆည်းထားခဲ့သော... သောက်ရေအိုးမှရေကို အုန်းမှုတ်ခွက်... ဖြင့် ခပ်ကာ တဂွပ်ဂွပ်မြည်အောင် သောက်လိုက်လေ၏။

ထို့နောက် သင်္ကန်းစဖြင့် ... ကိုယ်မိမိ ယပ်ခတ်ရင်း ဇရပ်၏ခါး... စွန်းတွင် ထိုင်ချလိုက်ကာ အသံထွက်... ညည်းညူပါလေ၏။

"ဟူး ... ပူလိုက်အိုက်ပုံများ... ရယ် သေချင်စော်ကို နံနေတာ... တက်နိုင်ရင် လေကလေးများ တိုက်... လိုက်စမ်းပါဦးလား လေနတ်သား... ရယ်"

ထိုညည်းညူသံကြောင့် လု... တောသားလည်း မနေသာတော့...

"အရှင်ဘုရား ... ကိုယ့်... အချည်းပဲဆွဲပြီး မပြောနဲ့လေ။ မ... လို့များ လေကစောင့်တိုက်ရင် ဟော... ဇရပ်ကြီးဝုန်းဆို ပြိုကျမသွားပေ... လား။ ဆင်ခြင်ပြီးတော့မှ တောင်း... သင့်ပါတယ် ဘုရား"

"ဟယ် ... သဘောက်မသား... နင့်လိုကောင် ရာရာစစက ငါ့ကိုများ... ဆရာလာလုပ်ရသလား။ သေ... တော့ဟာ"

ထိုသို့ပြောဆိုလျက် ရေသော... ရန်လာနေသော မြင်းလှည်းသ... လက်မှ ကြိမ်လုံးကိုဆွဲယူကာ လုတော... သားကို မဲပါလေတော့၏။

လုတောသားလည်း အန္တရာယ်... စက်ကွင်းမှ လွတ်တော့မည်မဟုတ်... သိလေရကား ဇရပ်ပေါ်မှ ဝုန်းခနဲ... ဆင်းလျက် –



www.burmeseclassic.com

www.burmeseclassic.com

"အောင်မယ်လေး ... လေး ... ရတနာနှစ်ပါးတို့ ကယ်တော်မူကြပါ ... ကယ်တော်မူကြပါ"

ဟု အော်ဟစ်ပြေးလွှား သွားလေတော့၏။ ဘုန်းကြီးကလည်း ခြိမ်လုံးကဝင့်ဝင့်နှင့် အနောက်မှ လိုက်၍ကောင်းနေဆဲ။

ထိုမြင်ကွင်းကို တွေ့မြင်ရသော လှုတောသားအချို့က –

"ဒီလူ့နှယ် ... ရူးနေသလားမသိဘူး။ ရတနာသုံးပါးရှိတာတောင်မှ သုံးပါးပြည့်အောင်အကူအညီမတောင်းဘဲ နှစ်ပါးကိုသာ တောင်းနေတယ်။

ဟု ဝေဖန်ပြောဆိုကြလေ၏။

ဤတွင် အခြေအမှန်ကို အကဲခတ်မိသော လှုတောသားကြီးတစ်ဦးက –

"ဟာလိုလေး ... မောင်ရင်တို့သာ စွတ်ပြောနေတာ။ ထွက်ပြေးနေတဲ့ သူငယ်ပြောတာ အမှန်ပဲ။ ရတနာတစ်ပါးက လိုက်ရိုက်နေမှတော့ ကျန်တဲ့နှစ်ပါးကိုပဲ အကူအညီတောင်းရတော့မှပေါ့"

ဟု ပြောဆိုလိုက်လေသတည်း။

## ဆီးဝမ်းချုပ်တဲ့ မိုးနတ်သား

လှုတောသား နှစ်ယောက်သည် ပေါက်ပြားကိုယ်စီထမ်းလျက် ရပ်ကာ စကားစမြည် ပြောဆိုနေကြလေ၏။

ထိုအခိုက် ဖြတ်သွားဖြတ်လာ တစ်ဦးရောက်လာပြီး လှုတောသား တစ်ဦးထံမှ ဆေးလိပ်မီးတောင်းညှိကာ အာလာပသလ္လာပစကားကို ပြောဆိုလေ၏။

"နောင်ကြီးတို့ဘက်မှာ မနေ့က မိုးတော်တော်ရွာသွားတယ်ဆို"

"အင်း ... ရွာတော့ရွာပါတယ်ဗျာ။ ဒါပေမယ့်လည်း ဘယ်ခပ်ကြာကြာ ရွာလို့လဲ။ မြင်းအီးပေါက်ချိန်လောက်ကလေး ရွာသွားတာ။ ဒါထက် နောင်ကြီးတို့ဘက်မှာကော ရွာသေးလား"

"မရွာတာ ကြာပါပြီကောဗျာ။ ကြည့်ရတာ မိုးနတ်သားခဗျာ ဆီးချုပ်ဝမ်းချုပ်ဖြစ်နေရှာတယ်နဲ့ တူပါရဲ့"

ဖြတ်သွားဖြတ်လာကလည်း အလာသား။

လှုတောသားလိုပဲ စကားကြွယ်ရဲ့မဟုတ်လား။

## ချစ်သမီးနှင့် ထုပ်ဆီးတိုး

လှုတောသူတစ်ဦး၏ သမီးကလေးမှာ ခပ်ချောချောကလေးမို့ ကာလသားတွေကြားထဲ ရေပန်းစားလှ၏။ မိခင်အနေဖြင့် မအားလပ်၍ သမီးချောကလေးကို ကိစ္စတစ်ခုအတွက် ခိုင်းသာ ခိုင်းရသည်။ စိတ်ကမူ မဖြောင့်။

ပြန်လာချိန်သင့်ပါလျက်နှင့် ပြန်မလှာ။

ထို့ကြောင့် ခြံဝထွက်ကာ လည်ပင်းတရှည်ရှည်ဖြင့် စောင့်မျှော်နေမိသည်။

အတော်ကလေးကြာမှသာ သမီးချောကလေး ပြန်ရောက်လာသည်။

"သမီးရယ် ... ကြာလိုက်တာ၊ အမေ့မှာဖြင့် စိတ်ကိုပူလို့"

"ပူလည်း ပူချင်စရာပဲ အမေရယ်။ သမီးအဖို့ သွားတာသွားရတယ်၊ လမ်းကိုဖြောင့်အောင် မသွားရဘူး။ လမ်းမှာ ကောင်လေးတွေက အတင်းစကားလိုက်ပြော၊ စာအတင်းလိုက်ပေးနဲ့ သူတို့ကို ရှောင်ပြေးနေရတာ ထုပ်ဆီးတိုးတဲ့အတိုင်းပဲ၊ ကံကောင်းလို့ ထမင်းရည်ပူ မမိတာ"

"အဲတော့ ..."

## သူတို့ထက် နာတစ်ဖျားသာ

လက်ဖက်ရည်ဆိုင်တစ်ဆိုင် အတွင်းသို့ လှုတောသားတစ်စု ဝင်လာကြ၏။

ဤတွင် စားပွဲထိုးကလေးက–

"ကိုင်း ... ဆရာတို့ ဘာများ သုံးဆောင်ကြမှာလဲ"

ဟု မေးမြန်းလေ၏။

"မင်းကလည်း တစ်မှောင့်ပါပဲ လားကွာ။ ငါတို့က အခုနာရေးတစ်ခုကိုသွားပြီး ပြန်လာတာကွ။ စိတ်ပျက်စရာကြီးပါကွာ။ သေခြင်းတရားနဲ့ ပတ်သက်လို့ ကာယကံရှင်ကို တရားချ ပါတယ်။ ဘယ်လိုမှကို တရားချလို့ မရဘူး။ ကိုယ်တရားချမှပဲ ထိန်းမရအောင် အငိုကြီးငိုနေလို့ ထပြန်လာခဲ့ရတယ်။ ဟူး ..."

သည်လိုမျိုး ညည်းညည်းညူညူ ပြောဆိုလိုက်သည်နှင့် စားပွဲထိုးကလေးကပညာလှလှပေးလိုက်သည်။

"အဲဒါပေါ့ဗျာ ... မိုးကြိုးပစ်နေပါတယ်ဆိုမှ ဆရာတို့ကဆီးရွက်လောက်နဲ့သွားပြီး ကာနေတာကိုး"


လှုတောသားတစ်စုတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည် တကား။

**ဦးကောင်းထူး**



www.burmeseclassic.com

www.burmeseclassic.com



# အနိစ္စဒေသနာတော်

(၈)

## မဟာထွန်း

သည်လတွင် ဝိထိစဉ် ဖယားကို မရေးတော့ပေ။ စာဖတ်သူ ဓမ္မယောဂီများ ဝိထိစဉ်ကို ပြန်လေ့လာလိုကြလျှင် လွန်ခဲ့သည့်လများက ရောင်ပြန်ဓမ္မဆောင်းပါးများကို ပြန်ကြည့်ကြရန်ကိုသာ ညွှန်လိုက်သည်။

သည်လအတွက် ကုန်ခဲ့သည့်လက အကျဉ်းမျှ ရေးပြခဲ့သည့် ဆီမီးတောက်၊ ရေအလျဉ်နှင့် မီးစက်ဝိုင်း အကြောင်းများကိုသာ ခန္ဓာနှင့်ယှဉ်ပြီး အနိစ္စကို နားလည်အောင် ရှင်းပြသွားပေတော့မည်။

ဓမ္မယောဂီများ အနိစ္စအမြင် ရှိသင့်သလောက် ရှိနေကြပြီဟု ယူဆသောကြောင့်လည်း နောက်ကြောင်းတရားစုများကို ချုံ့ကျုံ့၍ တရားကိုယ်၊ တရားသားဖြစ်သော ခန္ဓာငါးပါးနှင့် အနိစ္စတရားတော်ကို အဆင့်ဆင့် တိုးမြှင့်သွားရန်ကို ရည်ရွယ်လိုက်ခြင်း ဖြစ်သည်။

ခန္ဓာငါးပါးဟူရာ၌လည်း ပရမတ် ခန္ဓာကိုသာ ဆိုလိုသည်။ ပရမတ်ခန္ဓာအကြောင်းကိုလည်း အာရုံခြောက်ပါး၊ ဓာတ် ၁၈ ပါး၊ အဝိနိဗ္ဘောဂရုပ် ရှစ်ပါး၊ အဇ္ဈတ္တ၊ အနဇ္ဈတ္တ၊ ပညတ်၊ ပရမတ် အစရှိသော တရားတော်များကို အကြိမ်ကြိမ်အထပ်ထပ် နှစ်ရှည်လများ ရှင်းလင်းပြသလာခဲ့၍ ဓမ္မယောဂီများအနေဖြင့် အခက်ရှိလိမ့်မည် မဟုတ်ပေ။

ခန္ဓာငါးပါးဟူသည်မှာ ခေါင်း၊ ခြေ၊ ကိုယ်၊ လက်



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံး၊ မျက်ခုံး စသည်မဟုတ်ဘဲ ရုပ်အပေါင်း၊ နာမ်အပေါင်းဖြစ်သော ရူပက္ခန္ဓာ စသည့် ခန္ဓာငါးပါးသာ ဖြစ်သည်ကိုလည်း လင်းလင်းကြီး မှတ်မိသိရှိနေကြပေလိမ့်မည်။

ထို့ကြောင့် မိမိတို့၏ ခန္ဓာငါးပါးလုံးသည် တစ်စက္ကန့်မှာပင် အကြိမ်ရေအားဖြင့် ကုဋေပေါင်းများစွာ ဖြစ်လိုက်၊ ပျက်လိုက် ရှိနေသည်ကို ကုန်ခဲ့သည့်လက ရေးခဲ့သော ဥပတ်၊ ဌီ၊ ဘင် = ခဏငယ် သုံးချက်ကို ကြည့်ရှုဖြင့်ပင် သိနိုင်လေသည်။

ကုန်ခဲ့သည့်လက ဥပတ်၊ ဌီ၊ ဘင် = ခဏငယ်သုံးချက်အကြောင်းကို နားလည်လောက်သည်အထိ ရှင်းပြခဲ့သော်လည်း ဆီမီးတောက်ရေအလျဉ်နှင့် မီးစက်ဝိုင်း စသည်တို့၏ အကြောင်းမှု အားရကျေနပ်လောက်သည်အထိ မရှင်းပြနိုင်ခဲ့ပေ။

ထို့ကြောင့် သည်လတွင် ထိုအကြောင်း သုံးမျိုးလုံးကို ခန္ဓာငါးပါးနှင့်ယှဉ်၍ စာဖတ်သူ ဓမ္မယောဂီများ သဘောပေါက်နားလည်လောက်သည်အထိ စာရေးသူအဖို့လည်း အားရကျေနပ်လောက်သည်အထိ ရှင်းပြပေတော့မည်။

(တစ်လောက ဤဓမ္မဆောင်းပါးရှည်ကြီးကို လစဉ်မပြတ် စောင့်ဖတ်လာသည့် ယောဂီပုဂ္ဂိုလ်တစ်ယောက်က အနိစ္စဒေသနာ တရားရှုနည်းကို သမစဉ်၊ ဓမ္မစဉ်ကျကျ၊ ပရိကံမှ ဓမ္မသတ် နိဂုံးတိုင်အောင် ရှုမှတ်နည်း အပြည့်အစုံကို ထည့်မရေးတော့ဘူးလားဟု တယ်လီဖုန်းမှတစ်ဆင့် မေးလာသည်။

ရေးမှာပါ။ သို့သော် ရေးသားနေဆဲ အနိစ္စဒေသနာတော်သည် ရှုမှတ်လောက်သည်အထိ ပြည့်စုံခြင်းမရှိသေးပေ။ ခန္ဓာနှင့် အနိစ္စ၊ အနိစ္စနှင့် ခန္ဓာကို အပြန်ပြန်အလှန်လှန် သုံးသပ်တတ်ပြီးနောက် ဒုက္ခကို တင်ရဦးမည်။ ဒုက္ခကို ကျေညက်စွာနားလည်သဘောပေါက်ပြီးမှ ရှုနည်း၊ မှတ်နည်း၊ သုံးသပ်နည်းကို ဆက်ရေးပေးပေမည်။

သို့မှလည်း ခန္ဓာငါးပါး အနိစ္စဖြစ်နေသည်ကို သိမြင်နိုင်ပေလိမ့်မည်။ ရုပ်လုံးကြွလျက် တစ်စမကျန် နားလည်နိုင်ပေလိမ့်မည်။ ထိုအခြေအနေ အဆင့်အတန်းသို့ ရောက်အောင်လည်း လအနည်းငယ် သည်းခံပြီး စောင့်ရဦးမည်။ စောင့်လည်း စောင့်ပါဦးဟု ပြန်ကြားလိုက်ရသည်။

ရှေးရှေးသော ဓမ္မဆောင်းပါးများတွင် ဆိုခဲ့ဖူးသည့်အတိုင်း ဓမ္မကထိက/စာရေး/ကျမ်းပြု ပုဂ္ဂိုလ်တို့သည် မိခင်နှင့်တူ၏။ တရားတော်နှာ၊ စာဖတ်ပုဂ္ဂိုလ်တို့သည် မွေးကင်းစ ကလေးငယ်နှင့် တူ၏။

ကလေးငယ်သည် အလွန်နုနယ်သောကြောင့် မွေးကင်းစအရွယ်အား ကိုယ်စားသလို ကြက်သား၊ ဝက်သား၊ အတို့အမြှုပ်၊ ငါးပိ၊ ငရုတ်များဖြင့် ချေချေငံငံ စားစေချင်သော်လည်း ကျွေး၍မရပေ။

ကျွေးလျှင်လည်း ခံတွင်းနှင့်တကွ သည်းအူအစိတ်အပိုင်းအားလုံး လောင်ကျွမ်းသွားနိုင်၏။ အစာမဖြစ်၊ အနာဖြစ်ပြီး အသက်နှင့်ဘဝကို ဖျက်ဆီးသွားနိုင်၏။ ထို့ကြောင့် ချစ်လျက်နှင့် မကျွေးဘဲထားရ၏။

ကလေးငယ်နှင့် ထိုက်တန်သည်ကား ဝါးဖတ်၊ ကစီနှင့် ဆားအနည်းငယ်မျှသာ ဖြစ်၏။ ဤသည်မျှဖြင့်ပင် ကလေးငယ်ကို အာဟာရဖြစ်စေ၍ ရှင်သန်ကြီးထွားလာရမှ တဖြည်းဖြည်း မိဘများနည်းတူ စားမျိုနိုင်လာလေ၏။

ထိုနည်းလည်းကောင်းပင် ယောဂီဟောင်းဖြစ်စေ၊ ယောဂီသစ်ဖြစ်စေ တရားစဉ်အသစ်တစ်မျိုး ပြောင်းလာသောအခါ အခြေအမြစ်ကျကျ (ကကြီးမှ) စသည်က အကောင်းဆုံး ဖြစ်၏။ သို့ပါမှ မည်မျှအထိပင် ခက်သော အကြောင်းအရာကိုဖြစ်စေ၊ ခက်မှန်းမသိ၊ နားလည်ပြီး ရရှိသွားတတ်၏။ ထိုသို့သဘောရှိ၍ လွယ်ရာမှသာ ခက်ရာသို့ သွားရပေ၏။

ဟောချင်၊ ရေးချင်လွန်းသည့် ဆန္ဒပြင်းပြ၍ နာကြားဖတ်ရှုသူတို့၏ ဉာဏ်သန္တာန်ဝယ် ထိုက်သင့်သော ပြည့်စုံခြင်းမရှိသေးဘဲ ဟောလိုက်၊ ရေးလိုက်လျှင် ပိုပြီးပင်ရှုပ်ထွေးသွားနိုင်၏။ ထိုအရှုပ်မျိုး ဖြစ်လာခဲ့လျှင် ရှင်းရန်ခက်တတ်၏။

ကျားကို ကြောက်သည်ထက် တရားကိုကြောက်သည်က အခက်ခဲဆုံးဖြစ်၏။ တစ်ယောက်တည်း သွားစဉ်တောထဲ၌ ကျားကိုတွေ့၍ ကြောက်လန့်ပြီး ထွက်ပြေးလာရသော်လည်း နောက်ထပ်တစ်ဖန် လူအများနှင့် သွားသောအခါ ကျားကို ကြောက်လန့်ရန် မလိုတော့ပေ။ ဝံ့ဝံ့ကြီးသွားရဲလေ၏။

တရားကို ကြောက်လန့်သွားလျှင်ကား (ကြောက်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဘဲဥကို အစရှာမရသလို လုံးလည်လိုက်သွားလျှင်/မွန်းကျပ်/တွေဝေသွားလျှင်ကား) ရှုပ်ထွေးလျက် စိတ်အပျက်ကြီးပျက်ကာ နောင်တစ်ကြိမ် စာအုပ်ကို ကောက်ကိုင်လို စိတ်ပင် မရှိဖြစ်သွားတတ်သည်။

မိမိနားမလည်နိုင်သေး၊ ရှေ့ဆက်ပြီး၊ သည်းခံပြီး ကြိုးစားရဦးမည်ဟု မစဉ်းစားဘဲ တရားစာပေကိုလည်း အပြစ်မြင်လာတတ်သည်။ အကျိုးမရှိ၊ အချိန်ကုန်သည်ဟုလည်း မှားယွင်းစွာဖြင့် ထင်လာတတ်သည်။ ထို့နောက် တစ်မျိုးပြီးတစ်မျိုး တရားတော်ကို အထင်လျှော့သည့် သဘောမျိုး သက်ရောက်သွားတတ်သောကြောင့် အပြစ်လေးတတ်လေသည်။ ထို့ကြောင့် ကျမ်းပြု ဓမ္မဟော ဆရာတို့သည် တရားဓမ္မကို လိုက်စားနေကြသော ယောဂီပုဂ္ဂိုလ်အပေါ်၌ သတိထားရလေသည်။ မိခင်က ချစ်ခင်မြတ်နိုးတန်ဖိုးထားစွာဖြင့် မွေးကင်းစ ကလေးငယ်အား ထိန်းသိမ်းစောင့်ဘိသို့ အထူးပင် ဂရုစိုက်ရလေသည်။)

* * *

တရားရှုမှတ် ပွားများသောအခါ ပရမတ် ရုပ်နာမ်ခန္ဓာကိုသာ ရှုမှတ်ပွားများရမည်ဟု ပညာရှိတို့ ဆိုကုန်သောကြောင့် ဆီမီးတောက်၊ ရေအလျဉ်၊ မီးစက်ဝိုင်း စသည့် ဥပမာများနှင့် သုံးသပ်ရာတွင် ဦးစွာ စာသိ၊ သညာသိမျှ သိရှိပိုင်နိုင်အောင် ကြိုးစားရသည်။ ထို့နောက် ပရမတ်ခန္ဓာပေါ်တင်ပြီး ဉာဏ်နှင့် သုံးသပ်ရှုမှတ် ပွားများရလေသည်။

ထိုသို့ သဘောရှိ၍ ဓမ္မယောဂီသည် ကုန်ခဲ့သည့်လက ဆိုခဲ့သည့် ဥပမာသုံးမျိုးကို သာမန်မျှ သိထားပြီးဖြစ်၍ ယခုအချောကိုင်သော သဘောမျိုးဖြင့် ပြန်လည်သုံးသပ်သောအခါ ပရမတ်ခန္ဓာကို အာရုံပြုထားသင့်သည်။ သို့မှ သုံးသပ်ရှုမှတ်နည်းကို သဘောပေါက်သည်နှင့် မဂ်ဝင်ဖိုလ်ပေါက် ပုဂ္ဂိုလ်တိုင်အောင်ပင် အကျိုးကြီးသွားနိုင်ပေလိမ့်မည်။

ထို့ကြောင့် တစ်စက္ကန့်မှာပင်လျှင် ရုပ်နာမ် ခန္ဓာသည် အကြိမ်ရေ ကုဋေပေါင်း သိန်းချီပြီး ဖြစ်ပျက်နေသည်ကို အာရုံပြုပြီး ဆီမီးတောက် ဖယောင်းတိုင် ဥပမာနှင့် ခန္ဓာငါးပါးကို သုံးသပ်ကြစို့။

ဥပမာ ညှိထွန်းထားသော ဖယောင်းတိုင်မီးကို ဉာဏ်မျက်စိဖြင့် အာရုံစိုက်ပြီးကြည့်ပါ။ လောင်စာ၏ အရှိန်အတိုင်း အပေါ်ကို တဖျတ်ဖျတ် တက်နေ၏။ အပေါ်ကို တဖျတ်ဖျတ်တက်နေသော်လည်း လောင်စာအရှိန်ကုန်သွားသော နေရာမှာသာ မီးတောက် အရှိန်သေနေ၏။ ထိုထက်မြင့်သော မီးတန်းရှည်ကြီးဟူ၍ မရှိပေ။

ဤသည်မှာ လောင်စာရှိ၍ လောင်နေသောမီး။ လောင်စာ၏ အထောက်အပံ့ အရှိန်အဟုန် ကုန်သောနေရာတွင် ရပ်တန့်နေသော မီး၊ မီးသည် အဆက်မပြတ်လောင်နေသော်လည်း ညှိထွန်းစက မီးမဟုတ်။ ညှိထွန်းစက မီးသည် လောင်စာ၏ အထောက်အပံ့ကုန်သောနေရာမှာပင် သေဆုံးသွားပြီဖြစ်၏။ ဆက်လောင်နေသော မီးသည် လောင်စာကိုမှီ၍ ဖြစ်လာသောမီး။ နောက်မီးများသာ ဖြစ်၏။ ထိုကဲ့သို့ပင် နောက်မီးများသည် အဆက်မပြတ်ဖြစ်ပေါ် လောင်ကျွမ်းနေသောကြောင့် မီးသည် တည်နေသည်။ ညှိထွန်းစက မီးဟု မှားယွင်းစွာဖြင့် ထင်တတ်ကြသည်။ စင်စစ်တွင် အဆက်မပြတ် လောင်နေသော မီးသည် နောက်မီးများသာ ဖြစ်၏။ ရှေ့မီးသေ၊ နောက်မီး ဆက်လောင် စသည်ဖြင့်သာ မှတ်ရာ၏။

ထိုမီးသည် ဖယောင်းတိုင် လောင်စာရှိနေသမျှ ကာလပတ်လုံး ရှေ့မီးသေ၊ နောက်ဖြစ်လာသောမီး ဆက်လောင် စသည်ဖြင့် ရှိနေမည်ဖြစ်၏။ အခြားလောင်စာများကို ပုံထည့်လျှင်လည်း ထိုနည်းလည်းကောင်းအတိုင်းပင် ဆက်လောင်နေမည်ဖြစ်၏။ လောင်စာကုန်မှ အလောင်ရပ်ပြီး မီးလည်းငြိမ်းမည်ဖြစ်၏။

မီးနောက်မှမီး အဆက်မပြတ်ဖြစ်လျက် နောက်မီးဖြစ်လာလိုက်၊ ရှေ့မီးသေသွားလိုက် ရှိနေသော်လည်း သေသွားသောမီးကို ကြည့်၍မမြင်နိုင်သလို ရှာ၍လည်း မရနိုင်ပေ။ အကြွင်းအကျန် တစ်စုံတစ်ရာမျှ မရှိသည်ကို သတိပြုပါ။

ထို့နောက် ခန္ဓာကိုယ်ကို သွားပါ။ ဆီမီးတောက် ဥပမာနှင့် ခန္ဓာကိုယ်ကို အာရုံပြုပြီး နှိုင်းယှဉ်သုံးသပ်ကြည့်ပါ။ ခန္ဓာကိုယ်သည်လည်း ထိုဆီမီးတောက် ဥပမာအတိုင်းသာဖြစ်၏။ ခန္ဓာကိုယ်သည် လောင်စာဖြစ်သောကြောင့် အမြဲမပြတ် တာရစပ် လောင်ကျွမ်းနေ၏။ ရုပ်အဟောင်းများ တဖြုတ်ဖြုတ်ပျောက်ပြီး နောက်ဖြစ်လာသော ရုပ်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ရပ်တည်နေရ၏။ ထိုနောက်ဖြစ်သော ရုပ်များသည်လည်း တရစပ် ဖြစ်ပျက်လျက်သာနေ၏။ ထို့ကြောင့် လူစသော သတ္တဝါတို့သည် နုရာမှရင့်အိုပြီး တဖြုတ်ဖြုတ် သေဆုံးနေကြခြင်းဖြစ်၏။

* * *

အလျဉ်စီးသော မြစ်ရေကိုကြည့်ပါ။ ရေပြင်ကြီးဟု ထင်ရ၏။ ဝိပဿနာဉာဏ်ဖြင့် ကြည့်လျှင် ရေသည် ရေမှုန်မွှားများ ပေါင်းစပ်ဖွဲ့စည်း စီးဆင်းလာသောကြောင့်သာ မြစ်ရေပြင်၊ ရေစီးကြောင်းကြီး ဖြစ်နေခြင်းဖြစ်၏။ စင်စစ်တွင် မြစ်ရေပြင်ကြီးဟူသည်မှာ တစ်စစီ၊ တစ်ခုစီဖြစ်သော ရေမှုန်ရေမွှားလေးများ ပေါင်းစပ်ဖွဲ့စည်းနေခြင်းသာ ဖြစ်၏။

ထိုမြစ်ရေပြင်သည်လည်း ငြိမ်လျက်မနေဘဲ မပြတ်မရပ် စီးဆင်း၍နေ၏။ ရေနောက်မှ ရေလိုက်နေ၍ အဆက်ပြတ်သွားခြင်းမရှိဘဲ ရေပြင်ကြီးအဖြစ် မြင်နေရခြင်းဖြစ်၏။ စင်စစ်တွင် ရေမှုန်ရေမွှားများ ပေါင်းစပ်ဖွဲ့စည်းနေသော ရေသည် မပြတ်စီးဆင်းနေခြင်းသာ ဖြစ်၏။

ထို့နောက် ခန္ဓာကိုယ်ကို သွားပါ။ ဆီမီးတောက် ဥပမာနှင့် ကပ်ပြီး မြစ်ရေစီးနှင့် နှိုင်းယှဉ်သုံးသပ်ကြည့်ပါ။ သတ္တဝါတိုင်း၏ ခန္ဓာကိုယ်သည်လည်း ဆီမီးတောက်၊ မြစ်ရေစီးနှင့် ပမာတူ၏။ ရုပ်နာမ်ခန္ဓာဟူသည်မှာ တစ်ခဏမျှ ရပ်တန့်၍မနေဘဲ တရစပ် ဖြစ်ပျက်နေ၏။

ရုပ်ဟောင်း၊ နာမ်ဟောင်းများ ပျက်သွားပြီး ထပ်ဖြစ်လာသော ရုပ်နာမ်သည်လည်း ထပ်ပျက်ရ၏။ တစ်စက္ကန့်မျှ အချိန်မှာပင် အကြိမ်ရေ ကုဋေသန်းပေါင်းများစွာ ဖြစ်ပျက်နေ၏။ ရပ်နားခြင်းအလျဉ်းမရှိ။ တစ်ပျက်တည်း ပျက်နေခြင်းသာ ဖြစ်၏။

* * *

မီးစက်ဝိုင်း ဥပမာကို အာရုံပြုပါ။ ကုန်ခဲ့သည့်လက ဆိုခဲ့သည့်အတိုင်း မီးသည် စက်ဝိုင်းမဟုတ်ပေ။ ကလေးသူငယ်များ တုတ်ဖျားမှ မီးရှို့ကာ မွှေ့ /ဝှေ့လိုက်သောကြောင့် စက်ဝိုင်းသဖွယ် မြင်ရခြင်းဖြစ်၏။ စင်စစ်တွင် မီးသည် စက်ဝိုင်းမဟုတ်ဘဲ တစ်တို့တည်းသာ ဖြစ်၏။ ထိုတစ်တို့လေးကိုပင် မွှေ့/ဝှေ့လိုက်၍ စက်ဝိုင်းသဖွယ် မြင်ရ၏။

ဤကဲ့သို့ အပြန်အလှန်/အလှန်အပြန် သုံးသပ်လိုက်လျှင်ပင် မီးတစ်တို့မှ စက်ဝိုင်းဖြစ်သွားရသည်ကို၊ စက်ဝိုင်းဟူ၍ အမြင်မှားသွားရသည်ကို နားလည်နိုင်၏။ ဤသို့ နားလည်လျှင်ပင် မီးစက်ဝိုင်း ဥပမာကို ခန္ဓာကိုယ်ပေါ်တင်၍ သုံးသပ်၍ ရပြီဖြစ်၏။

ငါတို့၏ ခန္ဓာကိုယ်သည် မရပ်မနား တရစပ်အားဖြင့် ဖြစ်ပျက်နေသော်လည်း ဖြစ်ပြီးလျှင် ပျက်၊ ပျက်ပြီးလျှင် ဖြစ်၊ လျင်မြန်စွာ တစ်စက္ကန့်အတွင်း၌ အကြိမ်ရေ ကုဋေပေါင်း သိန်းချီဖြစ်ပျက်နေသောကြောင့် လျင်မြန်သောကြောင့်သာ မမြင်နိုင်ခြင်းဖြစ်သည်ကို လင်းလင်းကြီး သိနိုင်လေသည်။

ထို့ကြောင့် ငါတို့သည် ရင့်အိုခြင်းဖြစ်သည်။ မွေးဖွားစမှ လက်ရှိကာလတိုင်အောင် တစ်ရင့်တည်းရင့်၍ တစ်အိုတည်း အိုနေခြင်းဖြစ်သည်။ တစ်နည်း ရုပ်နုများ ပျက်စီးသေဆုံးသွားပြီး ရုပ်ရင့်များ ထပ်ဖြစ်၊ ထပ်ပျက်၊ ထပ်သေဆုံးနေခြင်း ဖြစ်သည်ဟုလည်း သိနိုင်ပြန်လေသည်။

ဤမျှလောက် ရှင်းပြလျှင်ပင် ဖယောင်းတိုင်မီးတောက်နှင့်လည်းကောင်း၊ အလျဉ်စီးနေသော မြစ်ရေနှင့်လည်းကောင်း တစ်မျိုးပြီးတစ်မျိုး ဆင်ခြင်ကာ ခန္ဓာကိုယ်ပေါ်တင် သုံးသပ်၍ ရလောက်ပေလိမ့်မည်။

ငါတို့၏ ခန္ဓာကိုယ်သည် အနိစ္စ=မမြဲ၊ တစ်ပျက်တည်းပျက်ပြီး တစ်သေတည်း သေနေသည်ဟုလည်း သိမြင်လာပေလိမ့်မည်။ တစ်သက်မှာ တစ်ခါသေသည်ကို မြင်ရုံဖြင့်ကား တရားရရန် လွယ်လိမ့်မည်မဟုတ်ပေ။ ယခုရေးပြခဲ့သည့် သွားလာလှုပ်ရှားနေကြသော လူအရှင်များ တစ်သေတည်း၊ သေနေသည်ကို မြင်မှ ခန္ဓာငါးပါး၏ အနိစ္စကို မြင်ခြင်းဖြစ်၏။ အနိစ္စပေါက်သည်၊ ခန္ဓာငါးပါး၏ မမြဲခြင်းသဘောကို အနိစ္စဝိပဿနာဖြင့် မြင်သည်ဟုလည်းဆိုရသည်။ တရားအမြင်မြင့်ခြင်းသဘောပင်ဖြစ်သည်။

(နောက်လတွင် ဒသကဖြင့် ထပ်ရှင်းပြဦးမည်။)

■ မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com



# အိုဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ

## မျိုး သ န် း ထွ န် း ကို ( ဓ ရ စ ကြို )

ဦးထွန်းလှမှ -

"စံမတူရ…မင်းပြောတာတော့ ဟုတ်ပါပြီ။ ပထဝီမြေကြီးက ဘာတွေနဲ့ စုဖွဲ့ထားလို့ ကျန်းမာရေးကောင်းရတာလဲ။ မိန့်ပါဦးဟ…"

"သဘာဝတရားကြီးက လူသားတို့ မပေါ်မီကတည်းက ဖန်တီးပေးထားတာပါ။ မြေကြီးထဲမှာ မြေဓာတ်၊ ရေဓာတ်၊ နေရောင်ခြည်ကို စုပ်ယူတာတဲ့။ အပူဓာတ်၊ ရေဓာတ်ကတော့ မိုးရေကို စုပ်ယူထားတယ်။ သစ်တော၊ သစ်ပင်တွေကြောင့် အအေးဓာတ် ရရှိစေပါတယ်။ မြေကြီးပေါ်မှာ ဖြတ်သန်းတဲ့ လေဓာတ်ဟာလည်း မြေထဲမှာ ပေါင်းစပ်ပါဝင်နေတယ်။ အဲဒီတော့ ဓာတ်ကြီးလေးပါးနဲ့ သင့်တင့်မျှတစွာ ပေါင်းစပ်ဖွဲ့စည်းထားတော့ နားလည်အောင် ပြောပြရင် စားသုံးဖို့ အသင့်ဖော်စပ်ထားတဲ့ ဆေးစွမ်းကောင်းတစ်လက်ပေါ့ဗျာ။ ဒါတွေကို လူတွေသဘောပေါက်ဖို့လိုတယ်။

ကျွန်တော်တို့ လူမျိုးတွေ မြေကြီးကို မီးဖုတ်ပြီး အုတ်လုပ်ကြတယ်။ အဲဒီအုတ်နဲ့ ဆောက်တဲ့ အဆောက်အဦတွေက ကျန်းမာရေးနဲ့ မညီညွတ်ဘူး။ ဘာလို့လဲဆိုတော့ အုတ်က အပူကို စုပ်ယူတော့ အဲဒီအပူဓာတ်ဟာ ကျောက်ကပ်ကို ထိခိုက်တယ်။ ရှမ်းပြည်မှာ မြေကြီးကို ရွှံ့ပြုလုပ်ပြီး အိမ်ဆော တယ်။ မြေကြီးရဲ့ မူလသဘာဝ မ ယွင်းတော့ ကျန်းမာရေးမထိခိုက်ဘူး တကယ်တမ်း ပြောရရင် မဟာပထ မြေကြီးကို မီးမဖုတ်သင့်ဘူး။ ကျေ ရှင်လေ။

ရှေးမြန်မာပညာရှင်ကြီးတွေ အုတ်တိုက်ဆောက်ရင် အုတ်နံရံထု ထုထုဆောက်ကြတယ်။ အပူဒဏ် ကာကွယ်နိုင်တယ်။ အပူဒဏ်ကာက တော့ ကျောက်ကပ်ကို မထိခိုက် ပေါ့။ အမှန်ကတော့ အုတ်တိုက်ဆော



www.burmeseclassic.com

www.burmeseclassic.com

မယ့်အစား ကျောက်တုံးဖြင့် ပြုလုပ်ထားတဲ့ ကျောက်တိုက်ဆောက်သင့်တယ်။ အပူဒဏ်ကို ကာကွယ်ရာမှာ အထိရောက်ဆုံးပဲ။ ကျွန်တော်တို့ လူသားတွေ၊ သတ္တဝါတွေ စားသုံးနေတဲ့ သီးနှံတွေ ကျန်းမာရေးအတွက် ဖော်စပ်တဲ့ ဆေးဝါးတွေရဲ့ ကုန်ကြမ်းတွေဟာ မဟာပထဝီမြေကြီးမှာပဲ စိုက်ပျိုးကြရတယ်။ မာတ်ကြီးလေးပါး ညီမျှလို့ စိုက်ပျိုးလို့ရတာပေါ့။ တကယ်တမ်းကျန်းမာရေးအရ အသင့်တော်ဆုံးအဆောက်အဦဟာ သစ်၊ ဝါးနဲ့ တည်ဆောက်ထားတဲ့နေအိမ်ဟာ အကောင်းဆုံးပါပဲ။

အခု ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီ။ မြန်မာနိုင်ငံရဲ့ ရေမြေနယ်နိမိတ်၊ တစ်နည်းအားဖြင့် မဟာပထဝီမြေကြီးကို လွတ်လပ်ရေးအခွန့်ရှည်တည်တံ့ဖို့ ကျွန်တော်တို့ မြန်မာလူမျိုးတွေ ကာကွယ်ကြရမယ်။ တိုင်းပြည်နိုင်ငံမရှိတဲ့ အစ္စရေးနိုင်ငံတောင်မှ သူ့တိုင်းပြည်လေးကို ဆီးရီးယား ပါလက်စတိုင်း စတဲ့ နိုင်ငံထဲက မြေကိုယူပြီး သူ့နိုင်ငံတည်တံ့ရေးအတွက် တိုက်ပွဲဝင်နေကြတယ်။ တို့မြေ တို့ရေဟာ တို့ဘိုးဘွားဘီဘင်တွေကတည်းက ပိုင်ဆိုင်ခဲ့ကြတဲ့ မြေဖြစ်တယ်။ သမိုင်းပေးတာဝန်အရ တို့တွေ ကာကွယ်ကြရမယ်။ မြေမရှိရင်တော့ လူမျိုးပါ ပျက်သုဉ်းတော့မှာပဲ။ မြေနယ်နိမိတ်ကို ထိန်းသိမ်းပြီးရင် ဆက်လက်ထိန်းသိမ်းရမှာက ဘာသာတရားနဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံပဲ။ ဗုဒ္ဓဘာသာ မကွယ်ရအောင် ထိန်းသိမ်းရမယ်၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ မပျက်သုဉ်းရအောင် ထိန်းသိမ်းရမယ်။ ဒါတွေ ပျက်သုဉ်းရင် လူမျိုးပျက်သုဉ်းတာနဲ့ အတူတူပဲ။

ဘာသာရေးနဲ့ ပတ်သက်ပြီး ပြောရရင် သာသနာနှစ် တစ်ဝက်ကျော်လာပြီ။ သကြားသာသနာ ရောက်လာပြီ။ သကြားသာသနာမှာ ကောင်းမှု၊ မကောင်းမှုတွေက ချက်ချင်းအကျိုးပေးလိမ့်မယ်။ မကောင်းမှုကံ၊ ကောင်းမှုကံတွေက သံသရာမကူးဘူး။ ပစ္စုပ္ပန်ကာလမှာပဲ လက်တွေ့အကျိုးပေးကြတယ်။ လူတွေဟာ လူ့သက်တမ်းတစ်ဝက်ကျော်လာရင် အတိတ်က ကုသိုလ်ကံ အားနည်းလာတယ်။ ပစ္စုပ္ပန်ကံနဲ့ ဆက်ကြရမယ်။ ဒါမှ အသက်ရှည်မယ်၊ ချမ်းသာမယ်။ ဒါန၊ သီလ၊ ဘာဝနာ များများပြုရမယ်။ ကုသိုလ်ကံမလုပ်ဘဲ အကုသိုလ်တွေများလာရင် ကပ်ကြီးသုံးပါးနဲ့ ရင်ဆိုင်ရသလို စီးပွားရေးကျမယ်၊ အသက်တိုကြမယ်။ ဒီအချက်ကို အထူးသတိပြုကြရမယ်။

စောစောက ပြောတဲ့အထဲမှာ တစ်ခုကျန်တာက နိုင်ငံခြားတိုင်းပြည်တွေက တို့လူမျိုးတွေကို ဝါးမျိုတဲ့ နောက်တစ်နည်းက အစားအသောက်နဲ့ ဆေးဝါးပဲ။ တို့တိုင်းပြည်ဟာ စက်မှုမထွန်းကားရင် အိမ်နီးနားချင်းတိုင်းပြည်တွေကို မှီခိုရမယ်။ သူတို့က တို့လူမျိုးတွေကို သက်တမ်းတိုအောင် ဦးနှောက်နဲ့ ဆက်စပ်အားနည်းမှုတွေရှိအောင် ဓာတုဗေဒမကင်းတဲ့ အစားအသောက်တွေ တင်သွင်းလာမယ်။ သူတို့တိုင်းပြည်မှာ သုံးစွဲရန်မသင့်တဲ့ ဆေးဝါးတွေ၊ သုံးစွဲကာလကျော်လွန်တဲ့ အစားအစာ၊ ဆေးဝါးတွေကို ဈေးပေါပေါနဲ့ တင်သွင်းလာလိမ့်မယ်။ တို့လူမျိုးတွေကလည်း နိုင်ငံခြားမှ အထင်ကြီးကြတော့ လွယ်လွယ်ကူကူ စားသုံးသုံးစွဲလို့ရတဲ့ အသင့်သုံးစွဲနိုင်တဲ့ ထုပ်ပိုးပြီးပစ္စည်းတွေကို သုံးစွဲကြမယ်၊ ဘေးဥပဒ်ဖြစ်ကြမယ်။

(ယခုအခါတွင်လည်း စားအုန်းဆီ၊ အစားအသောက်၊ ဆေးဝါးများမှာ ဓာတုဗေဒပစ္စည်းများဖြင့် စီမံထားသဖြင့် ဆိုးကျိုးခံစားနေရပါပြီ။ အိမ်နီးချင်းတိုင်းပြည်တစ်ခုမှ ဘုရင်တစ်ပါးမှ သူ့သားကို မိန့်ကြားဖူး၏။ "ငါ့သား ဗမာပြည်ကို စစ်ပွဲနဲ့ မတိုက်နဲ့၊ မနိုင်ဘူး။ အစားအသောက်နဲ့တိုက်ပါ၊ နိုင်ပါလိမ့်မယ်"တဲ့။

ဆေးဝါးနဲ့ ပတ်သက်ပြီး တစ်ခုပြောရဦးမယ်။ ပြဒါးဟာ ရောဂါအတော်များများကို ပျောက်ကင်းတယ်။ 'သံသေတစ်ဆွေ၊ ပြဒါးသေ တစ်ပြည်ဝ'လို့ စာဆိုရှိခဲ့ဖူးတယ်။ ပြဒါးကို မီးနဲ့ဖမ်းပြီး ပြဒါးလုံးကို ရေစိမ်သောက်ရင် ရောဂါတော်တော်များများ ပျောက်ကင်းစေပါတယ်။ ပိန်းရွက်ပေါ်မှာ ရေမတင်ဘူးဆိုတာက ပိန်းရွက်က ပြဒါးပါတယ်လေ။ ပိန်းရွက်၊ ပိန်းဥကိုဆေးဖော်ပါ။ ကင်ဆာရောဂါ ပျောက်ကင်းပါတယ်။ ပြဒါးကို နေ့စဉ် ရေစိမ်သောက်ပါ။

(ယခုအခါ ပိန်းဥကို နိုင်ငံခြားတိုင်းပြည်များမှ ဝယ်ယူသဖြင့် နေပြည်တော်တွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိပါ၏။)

နောက်ဆေးနည်းတစ်မျိုးက ရှမ်းပြည်ကထွက်တဲ့ ဂျုံးမြစ်ပဲ။ ကိုရီးယား ဂျင်ဆင်းဆေးမြစ်ထက် ပိုပြီး [illegible]

www.burmeseclassic.com

ဝင်တယ်။ အားဆေးအနေနဲ့လည်း ကောင်းသလို ရောဂါတော်တော်များများကို ပျောက်ကင်းစေပါတယ်။ လနဲ့ချီပြီး သုံးစွဲပါ။ အာနိသင်ပေါ်ထွက်လာပါမယ်” (ယခုအခါ ဂျူးမြစ်ကို ကိုရီးယားနိုင်ငံမှ ဝယ်ယူလျက်ရှိပါ၏။)

ဦးထွန်းလှမှ -

“စံမတ္တရေ···လူတွေက ရွှေဝယ်ကြတယ်။ ရှေးမြန်မာမင်းတွေက ရွှေခွက်နဲ့ ပွဲတော်တည်ကြတယ်။ ကျန်းမာရေးနဲ့ သက်ဆိုင်မှုရှိသလား”

ဦးစံမတ္တမှ -

“သက်ဆိုင်တာပေါ့ဗျာ။ ရွှေခွက်နဲ့ ထည့်စားတော့ ဘေးဥပဒ်ကင်းတဲ့အပြင် ရွှေရဲ့ အနံ့အရသာရရှိတော့ ကျန်းမာရေးကောင်းတာပေါ့ဗျာ။ ရွှေကို ရှူရှိုက်ခြင်း၊ ရွှေနဲ့ ပွတ်တိုက်ခြင်းဟာ ကျန်းမာရေးအတွက် ကောင်းမွန်တဲ့ ကုသခြင်းတစ်ရပ်ပါပဲ။

အသက်ရှည်စေချင်ရင်တော့ ကျန်းမာရေးလိုက်စားရမယ်။ ကျန်းမာရေးအတွက် ကိုယ်လက်လေ့ကျင့်ခန်းတွေ လုပ်ရမယ်။ ကိုယ်လက်လှုပ်ရှားရင် သွေးလေလည်ပတ်မှု မှန်ကန်မယ်။ ခန္ဓာကိုယ်တွင်းက မလိုလားအပ်တဲ့ အညစ်အကြေးတွေ၊ အပူအပုပ်တွေ စွန့်ထုတ်ပေးတယ်။ ဆေးကြောသုတ်သင်ပေးတယ်။ သွေးတိုးရှိတဲ့လူတွေအတွက် သွေးကြောတွေကို ပွင့်စေတယ်။ ရောဂါပိုးတွေ ကိန်းအောင်းခြင်းလည်း မရှိတော့ဘူး။ သွေးဖြူဥတွေ အားကောင်းစေတယ်။ သွေးသားကို လည်ပတ်အားကောင်းသလို သွေးသစ်၊ သွေးဟောင်းလဲလှယ်ပေးတယ်။ ရောဂါရကြတယ်ဆိုတာက ခန္ဓာကိုယ်တွင်းမှာ ရောဂါတွေကိန်းအောင်းနေလို့ပဲ။ အစားအသောက်၊ ရေ၊ ရှူရှိုက်တဲ့လေတွေထဲမှာ ရောဂါတွေ ပါလာကြတယ်။ ဒါကြောင့် သန့်ရှင်းတဲ့အစားအသောက်၊ သန့်ရှင်းတဲ့ရေ၊ သန့်ရှင်းတဲ့ လေကောင်းလေသန့်တွေ ရရှိဖို့လိုတယ်။ ဘုရားဟောကြားတဲ့ တရားတွေထဲမှာလည်း ရဟန်းသံဃာတွေ စင်္ကြံလျှောက်ဖို့ မိန့်ကြားထားတာ ရှိတယ်။

‘အာရောဂျံ ပရမံ လာဘံ’ ကျန်းမာခြင်းသည် လာဘ်တစ်ပါးလို့ မိန့်ဆိုထားတယ်။ ဆရာတော်၊ သံဃာတော်တွေကို လှူဒါန်းရာမှာလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဆိုပြီး ပစ္စည်းလေးပါး ဒါယကာအဖြစ် အရေးကြီးဆုံး လှူဖွယ်လေးချက်ကို ထည့်သွင်းထားတယ်။ ကျောင်းသခ်မ်းကိုလည်း ရွာနဲ့ဝေးရာမှာ တောရကျောင်းဆောက်လုပ်သီတင်းသုံးစေတယ်။ သစ်ခက်၊ ဝါးခက်နဲ့သော ဆောက်လုပ်သီတင်းသုံးစေတယ်ဆိုတာကလည်း တစ်နည်းအားဖြင့်တော့···ကျန်းမာရေးအတွက် အထောက်အကူ ပြုစေတဲ့အချက်ပါပဲ။

ဂျပန်နိုင်ငံသားတွေဟာ အသက်ရာကျော် ရှည်တယ်ဆိုတာက တောင်ကုန်းမြင့်မြင့်မှာ နေကြတယ်။ လေကောင်းလေသန့် ရကြတယ်။ အစားအသောက်ကိုလည်း ဆန်ချောကို သိပ်မစားကြဘဲ ဆန်ကြမ်းတို့၊ လူးတို့၊ ဆပ်ကို့ကို စားကြတယ်။ အစားအသောက်ကိုလည်း လတ်ဆတ်တဲ့ အသီးအရွက်ကို စားကြတယ်။ ပူပူနွေးနွေးစားကြတယ်။ ရေကို ကျိုချက်သောက်ကြတယ်။ ရေနွေးကြမ်းကို များများသောက်ကြတယ်။ ရေနွေးကြမ်းဟာ ကျန်းမာရေးအတွက် အကောင်းဆုံးပဲ။ လက်ဖက်ခြောက်ကို အများကြီးမထည့်ရဘူး၊ ဝမ်းချုပ်တတ်တယ်။ ဖြစ်နိုင်ရင် လက်ဖက်အစိုထည့်သောက်တာ အကောင်းဆုံးပဲ။

ရှေးခေတ်မြန်မာဘုရင်တွေ လက်ထက်မှာလည်း အဌာရသ ၁၈ ရပ်မှာ မြားခုတ်၊ လှံထိုး၊ ဆင်မြင်းစီးခြင်း အတတ်ပညာတွေကို ထည့်သွင်းသင်ကြားပေးတယ်ဆိုတာက တိုင်းပြည်ကာကွယ်ဖို့လည်း ပါသလို၊ ကျန်းမာရေးအတွက် ကိုယ်လက်လေ့ကျင့်ခန်းလည်း ဖြစ်တယ်။ အင်္ဂလိပ်တပ်တွေမှာက P.T ပြေးကြတယ်။ ကိုယ်လက်လေ့ကျင့်ခန်းလုပ်ကြတော့ ကိုယ်ခံစွမ်းအား ကောင်းတယ်။ ကိုယ်ခံစွမ်းအားကောင်းတော့ ရောဂါပိုးတွေ မဝင်ကြဘူး။ တောနဲ့မြို့နဲ့ ယှဉ်ကြည့်လိုက်ရင် တောနေလူတန်းစားဟာ ကျန်းမာရေးကောင်းကြတယ်။ အသက်ရှည်ကြတယ်ဆိုတာက ခုနက ပြောတဲ့အချက်တွေနဲ့ ညီကြတယ်လေ။ ငွေကြေးဥစ္စာ ချို့တဲ့တော့ ဇိမ်မခံနိုင်ကြဘူး။ လက်လှုပ်မှ ပါးစပ်လှုပ်ရတော့ နေ့စဉ် အလုပ်လုပ်ကြရတယ်။ အဲဒီတော့ ကျန်းမာရေးကောင်းတာပေါ့။ စည်းစိမ်ခံတဲ့လူတွေ၊ အပျော်အပါးကြီးတဲ့သူတွေဟာ အသက်တိုကြတာပဲ။ ဘုရားဟောကြားတဲ့ တရားထဲမှာ မဇ္ဈိမပဋိပဒါ အစွန်းနှစ်ဖက်ကိုရှောင်ပြီး အလယ်အလတ်လမ်းစဉ်ကို ကျင့်ကြံပြသခဲ့တယ်။ အစားအသောက်ကို အငတ်ခံလွန်းရင်လည်း ကျန်းမာရေး



www.burmeseclassic.com


www.burmeseclassic.com

ထိခိုက်မယ်။ အစားအသောက် စည်းစိမ်ခံလွန်းရင်လည်း အသက်တိုမယ်၊ ရောဂါတွေရမယ်။ ဒီနှစ်ချက်ကို ရှောင်ရှားရမယ်"

ဦးထွန်းလှမှ -

"စံမတူ…ရေကူးတာဟာ ကျန်းမာရေးအတွက် အကောင်းဆုံးလို့ ပြောကြတယ်"

"အကောင်းဆုံးပေါ့ဗျာ။ စောစောက ပြောခဲ့သလို မြစ်၊ ချောင်း၊ အင်းအိုင်ထဲက ရေတွေဟာ ဓာတ်ကြီးလေးပါးနဲ့ညီမျှအောင် ဖွဲ့စည်းထားတဲ့အတွက် ရေချိုးရာလည်းရောက်သလို၊ ရေကူးတော့ ကိုယ်လက်လှုပ်ရှားရာလည်း ရောက်တော့ ကျန်းမာရေးအတွက် အချက်နှစ်ချက် တစ်ပါတည်း ဆောင်ရွက်ရာ ရောက်တာပေါ့။ ရေကူးကန်တွေမှာ ကူးတာထက် မြစ်၊ ချောင်း၊ အင်းအိုင်တွေမှာ ကူးတာ ပိုကောင်းတာပေါ့။ ကျန်းမာရေးအားနည်းတဲ့ မြင်းတွေ၊ နွားတွေ၊ အညောင်းအညာမိနေတဲ့ သတ္တဝါတွေကို ရေကူးခိုင်းလိုက်ရင် ကျန်းမာရေးကောင်းသွားတာပဲ။ ခွာနာလျှာနာဖြစ်နေတဲ့ နွားတွေဆိုရင် အညာက သဲပူပူမှာ မောင်းလိုက်ရင် ရောဂါပျောက်သွားကြတယ်။ ပထဝီဓာတ်နဲ့ သဲရဲ့အပူနဲ့ ပေါင်းစပ်လိုက်တော့ ရောဂါပိုးတွေ သေကုန်ကြတယ်။



ကျန်းမာရေးနဲ့ ပတ်သက်ပြီး အိမ်သုံးဆားအကြောင်း ပြောပြပါမယ်။ ဆားဟာ အရိုးအကြောတွေ ခိုင်မာတောင့်တင်းသန်မာဖို့အတွက် အရေးကြီးဆုံး ဆေးဝါးလက်နက်ပဲ။ တောင်ပေါ်အရပ်တွေမှာ ဆားမစားရရင် တောင်မတက်နိုင်ဘူး။ သားကောင်တွေ ဖမ်းချင်ရင် မီးဖိုပြီး ဆားပုံထားရင် သားကောင်တွေဟာ ဆားလာစားကြတယ်။ အဲဒီအချိန်မှာ မုဆိုးက ပစ်ဖမ်းကြတာပဲ။ တောင်ပေါ်အရပ်တွေဟာ ပင်လယ်နဲ့ ဝေးသွားကြတော့ သစ်ပင်သစ်ရွက်တွေမှာ ဆားဓာတ်နည်းကြတယ်။ ဆားကို သီးခြားကျွေးကြရတယ်။ အငန်ဓာတ်ဟာ များလွန်းရင်လည်း သွေးကြောတွေပိတ်ပြီး သွေးတိုးဖြစ်တတ်ကြတယ်။ မျှတအောင် စားသုံးကြရမယ်။ နောက်တစ်ခုက စားသုံးတဲ့ ဆီနဲ့ပတ်သက်ပြီး ပြောပြမယ်။ စားသုံးဆီမှာ မြေပဲဆီ၊ နှမ်းဆီ၊ ဖွဲနုဆီ၊ ပဲပုပ်ဆီရယ်လို့ ရှိကြတယ်။ မြေပဲဆီက အဆီဓာတ်ပိုပါတယ်။ အကောင်းဆုံးက နှမ်းဆီပဲ။ ကျန်းမာရေးအရလည်း ကောင်းသလို၊ ဆေးဝါးဖော်ရာမှာလည်း နှမ်းဆီကို သုံးကြတယ်။ အုန်းသီးက ထွက်တဲ့ အုန်းဆီကတော့ သွေးကြောတွေ ပိတ်စေတဲ့အတွက် မသုံးသင့်ဘူး။ ပြီးတော့ ဆီကိုလျှော့စားသင့်တယ်။ ဆီများရင် အဝလွန်ရောဂါများဖြစ်သလို သွေးကြောတွေကိုလည်း ပိတ်စေတယ်။ တောရွာတွေမှာ ဆီမထည့်နိုင်တော့ ရေလုံပြုတ်ဟင်းချက်ကြတယ်။ ကျန်းမာရေးအတွက် အကောင်းဆုံးဟင်းပဲ။

ကျန်းမာရေးနဲ့ပတ်သက်ပြီး အစာအဆိပ်ဖြေနည်းလေးလည်း ကြုံတုန်းပြောပြလိုက်ပါဦးမယ်။ အစပ်လွန်မှု အချိုနှင့်နုတ်၊ အဖန်လွန်မှု အချဉ်နှင့်နုတ်၊ အချဉ်လွန်မှု အစပ်နှင့်နုတ်၊ အချိုလွန်မှု အငန်နှင့်နုတ်၊ မျက်စဉ်းလွန်မှု ရေညှိကိုခပ်၊ မီးလောင်မှု ရေညှိကိုအုံ၊ ဆေးမှားမှု ကန့်ချုပ်နီမြစ် သွေးတိုက်၊ အဆိပ်လွန်မှု သံပရာရည်တိုက်၊ အဆိပ်အတောက်အစားလွန်မှု ထန်းလျက်ကိုစား၊ ငှက်ပျောသီးအစားလွန်မှု ဆားကိုလျက်၊ ထန်းသီးအစားလွန်မှု ရေစိမ်၊ ထမင်းအစားလွန်မှု ထန်းလျက်ကိုစား။ ခွေးရူးကိုက်မှု ခွေးတောက်မြစ်,ဂျင်းသားမြစ်,ငရုတ်ကောင်း စပ်တိုက်၊ ပင့်ကူကိုက်မှု ဝါနီမြစ်သွေးတိုက်၊ ဖားပြုပ်ကိုက်



www.burmeseclassic.com

www.burmeseclassic.com

မှ ကြခတ်ဝါး သွေးတိုက်၊ ကင်းလိပ်ကိုက်မှ ပိတောက်နှစ်ကို သွေးတိုက်ပါ။

ဓာတ်လွန်သူများ ပေးရန်အစာများကတော့ နေပူခံလွန်းသူအား နေဇာရွက်ဟင်းချက်ပေး၊ ထန်းလျက်နှင့်ကြက်သွန်ဖြူပေး၊ မီးပူခံလွန်းသူအား အုန်းရည်ပေး၊ ခရီးသွားလွန်းသူအား မန်ကျည်းဖျော်ရည်ပေး၊ သစ်ပင်တက်လွန်းသူအား မန်ကျည်းရွက်ပြုတ် ထန်းလျက်နှင့်ပေး၊ အအိပ်လွန်သူအား ထန်းလျက်နှင့် ရောက်ရည်နှင့်ပေး၊ ဆင်စီးလွန်သူအား ပုစွန်ချဉ်ကိုပေး၊ မြင်းစီးလွန်သူအား သီးရွက်ပြုတ်ပေး၊ လှည်းစီးလွန်သူအား ဩဇာရွက်ဟင်းခါးပေး၊ နေကိုကျောခိုင်းလွန်းသူအား ငှက်ပျောဖီးကြမ်းကိုပေး၊ နေကို ရင်ဆိုင်လွန်းသူအား သခွားသီးကိုပေး၊ ထိတ်လန့်လွန်းသူအား ဆီးယိုကိုပေး၊ ကာမလွန်သူအား ကြက်ဟင်းခါးသီးဖုတ်၊ ရေတ်ကြက်သွန်အစုံပေး၊ ဒေါသလွန်သူအား ကာမလွန်သူနည်းအတိုင်းပေး၊ ရေချိုးမှားသူအား မုန့်နှပ်ပေး၊ အိပ်မပျော်သူအား မယ်ဇလီဖူးသုပ်ပေး၊ ကြက်ဟင်းခါးသီးပေး၊ ဆီးအောင့်သူအား လက်ဖက်ရည်ပေး၊ ရေစိမ်ပေး၊ အုန်းရည်၊ ရေတ်ကောင်းမှုန့်ပေး၊ ရင်ဘတ်နာသူအား ထန်းလက်နှင့် သဘော်ရွက်ပြုတ်ရည်ရောပေး၊ ရောက်သီးသုပ်ပေး။

အစားအသောက်ကိုလည်း မဆာဘဲနှင့်စားလျှင် ဝမ်းမီးပျက်၍ ကြေညက်အောင် ခန္ဓာကိုယ်တွင်းမှ ပြုလုပ်ပေးမည်မဟုတ်ဘဲ ရင်ပြည့်ရင်ကယ်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်းတို့ ဖြစ်ပေါ်စေတတ်သဖြင့် အစာကို မဆာဘဲမစားသောက်သင့်ပါဘူး။ အစာကို ဆာလောင်ချိန်မှာ စားသောက်တော့ ဝမ်းမီးတောက်နေတော့ အစာကြေလွန်ပြီးခွန်အားကို ဖြစ်စေပါတယ်။ အစာစားပြီးပြီးချင်း ရေမသောက်သင့်ပါဘူး။ ထမင်းစားချိန်မှာလည်း မနင်အောင် ဟင်းချိုရည်သာ သောက်သင့်ပါတယ်။ ထမင်းစားပြီး ၁၅ မိနစ်လောက်ကြာမှသာ ရေသောက်သင့်ပါတယ်။ ချက်ချင်းသောက်ရင် အစာအိမ်ထဲက အစာခြေဖျက်တဲ့ တေဇောမီးတွေ ငြိမ်းသွားရင် အစာမကြေဖြစ်တတ်ပါတယ်။

ဓာတ်ကြီးလေးပါးနဲ့ ပတ်သက်တဲ့ ဓာတ်စာကိုလည်း ပြောပြပါဦးမယ်။ ပထဝီဓာတ်ကြိုက်စာများကတော့ ဥ၊ နမ်းဆီ၊ ဩဇာ၊ ကြံသကာ၊ သကြား၊ ထောပတ်၊ မုန့်နီ၊ ထန်းလျက်၊ ရွှေဖရုံ၊ ပိန္နဲစေ့၊ လက်ခုပ်ဆံ၊ ပဲကြီး၊ ပဲလွန်း၊ ပဲပိစပ်၊ ပဲနောက်၊ ပဲစောင်းလျား၊ ပဲယဉ်း၊ ပဲစင်းငုံ၊ အမဲသား၊ နွားနို့၊ ဖွတ်သား၊ ပုတတ်၊ ကြက်၊ ဒရယ်၊ ယုန်၊ သမင်၊ ဂျီ၊ ဆင်၊ ကြံ့၊ စိုင်၊ ပုစွန်လုံး၊ ငါးခုံးမ၊ ငါးပြေမ၊ ငါးဖယ်၊ ငါးဖန်းမ၊ ငါးစင်ရိုင်း၊ ငါးသိုင်း၊ ငါးသလောက်၊ ငါးနောက်သွား၊ လိပ်၊ ငါးကြင်း၊ ငါးမြွေထိုး၊ ငါးခူ၊ ငါးဘဲဖြူ၊ ငါးစင်စပ်၊ ပုန်းရည်ဖတ်၊ မုန်လာ၊ ချဉ်ပေါင်နီတို့ ဖြစ်တယ်။

အာပေါကြိုက် ဓာတ်စာများကတော့ ငှက်ပျော၊ ကြံ၊ သကြား၊ ပျားရည်၊ သခွားသီး၊ မုည့်၊ ကျွဲသား၊ ကျွဲနို့၊ ဝက်သား၊ ကြက်ဖြူ၊ လိပ်ဥ၊ မိကျောင်းသား၊ ဥ၊ ကြောင်၊ ကျား၊ ဖျိုင်း၊ တင်ကျီးငှက်၊ ရေကြက်၊ ဟင်္သာ၊ ကြိုးကြာ၊ ဝမ်းဘဲ၊ ငါးမြွေထိုး၊ ငါးရံ့၊ ငါးဘတ်၊ ငါးနှပ်၊ ငါးကြင်း၊ ငါးလူး၊ ငါးကြောင်း၊ ကြက်သွန်ဖြူ၊ ပုစွန်တုပ်၊ ကန်စွန်းဥ၊ သခွား၊ ခဲဘူး၊ ပဲမြစ်၊ ဂုံမင်း၊ ကြက်သဟင်း၊ မရန်းသီးနု၊ သဖန်းသီး၊ သရက်သီးနု၊ ဖန်ခါးသီး၊ ပြောင်းဖူး၊ သပွတ်သီး၊ သပွတ်ချိုငှက်ပျောဖူး၊ ဟင်းနုနွယ်၊ ထိကရုန်း။

ဝါယောဓာတ်ကြိုက် အစာများကတော့ လက်ဖက်၊ တာမ၊ ကန့်ကလာ၊ ဆူးပုပ်၊ ကြောင်ပန်း၊ ကြောင်လျှာ၊ ကိုးအာ၊ ကင်းပုံ၊ ပုံလုံ၊ ဟင်းစား၊ မြွေတောက်၊ တောရောက်၊ သပွတ်၊ မထွေးခရမ်း၊ သဘော်သီး/ရွက်၊ ငါးရံ့ပုထုံးကြက်သွန်၊ ကဆော့ရွက်နှင့် အခါးများဖြစ်တယ်။

တေဇောဓာတ်ကြိုက် အစာများကတော့ သံပရာ၊ လျှော်ကြက်၊ ဆီး၊ မရန်း၊ တောင်သလဲ၊ မန်ကျည်းရွက်၊ ကတက်ချဉ်၊ မုန်လာ၊ ကနစိုသီး၊ ရဲယို၊ ကြက်ပေါင်သီး၊ ခရမ်းကြောင်၊ ခရမ်းစပ်၊ ကင်ပလင်း၊ ငရုတ်၊ ကုက္ကို၊ ဒန့်သလွန်၊ ထန်းရည်၊ အုန်းရည်နှင့် ဆိတ်သားတို့ဖြစ်တယ်။

အာပေါသည်းခြေကြိုက် အစာများကတော့ တမာချဉ်၊ ကန်စွန်းကြီး၊ ကန်စွန်းရွက်၊ သခွား၊ ဘူး၊ ဖရုံ၊ ဆီးယို၊ ထန်းလျက်၊ သဘော်သီးမှည့်၊ ထန်းရည်၊ ကြံသကာ၊ ဩဇာသီး၊ ပျားရည်၊ ပေါက်ပေါက်၊ မဲဇလီရွက်များ ဖြစ်တယ်"

*(ဆက်လက်ဖော်ပြပါဦးမည်။)*

**မျိုးသန်းထွန်းကို(ရေစကြို)**



www.burmeseclassic.com

www.burmeseclassic.com



■ အေးအေးသန်း

# ရှင်သန်နေဆဲပါ

ကျွန်မတို့ မိသားစု၏ ဦးယျာဉ်မှူး၊ မိသားစုတွင် ဖြစ်ပေါ်လာသော ကိစ္စအဝဝကို ရှေ့မှ ဒိုင်းသဖွယ် ကာကွယ်ပေးခဲ့ပါသော ချစ်ခင်ပွန်း ဦးဝင်းနိုင် B.A.R.L (လင်းမြင့်-ဥပဒေ) သည် ၆.၆. ၂၀၁၄ ည ၇း၂၅ နာရီတွင် ကမ္ဘာလောကကြီးမှ ကျွန်မနှင့် မိသားစုတို့အား နှုတ်မဆက်ဘဲ အပြီးတိုင်ထွက်ခွာသွားပါသည်။ ကျွန်မနှင့်သားသမီး၊ မြေးလေးများ၏ မိုခိုရာ၊ အားကိုးရာ အရိပ်ကြီးတစ်ခု ကွယ်ပျောက်ခဲ့ပါပြီ။ မိသားစုရှေ့မှ မားမားရပ်တည်ပြီး မိသားစုလုံခြုံမှုကို အမြဲတစေ ကာကွယ်ပေးနေသူ ယခုတော့ မရှိတော့ပါ။ ရှေ့ဆောင်လမ်းပြ မီးရှူးတန်ဆောင် မရှိတော့ပါ။ ရှေ့ဆက်လျှောက်လှမ်းရမည့် ဘဝခရီးကို ကျွန်မ စမ်းတဝါးဝါးဖြင့် လျှောက်လှမ်းရပါတော့မည်။ ကျွန်မတို့မိသားစုအပေါ်တွင်ထားသော ကျွန်မခင်ပွန်း၏ ဖြူစင်ပြည့်ဝသည့် မေတ္တာ၊ စေတနာမျိုး ကျွန်မဘဝတစ်သက်တာတွင် ရှာမရနိုင်တော့ပါ။ တွေ့မည်လည်း မထင်ပါ။ ချစ်ခင်ပွန်း ကွယ်လွန်ချိန်မှစ၍ မိသားစုငြိမ်းချမ်းရေး ပျောက်ကွယ်ခဲ့ပါပြီ။

၄၄ နှစ်ကျော်ကြာ ပေါင်းသင်းလာခဲ့ကြသည့် အကြင်လင်မယားဖြစ်၍ ကြင်နာယုယ ဖေးမခဲ့ကြပါသည်။ တစ်ခါတစ်ရံ ငယ်သူငယ်ချင်းလို စကားနိုင်လုခဲ့ကြပါသည်။ အစ်ကိုကြီးတစ်ယောက်ကဲ့သို့လည်း လေးစားကြည်ညိုခဲ့ပါသည်။ ခင်ပွန်းရောဂါဝေဒနာရှိလာချိန်တွင် ခင်ပွန်းမှ ဒေါသဖြင့် ပြောဆိုမာန်မဲခဲ့သည်များကို ခွင့်လွှတ်ခဲ့ပါသည်။ သနားချစ်ဖြင့် ချစ်ခဲ့ပါသည်။ ယခင်ကထက် ပိုမိုယုယ ကြင်နာခဲ့ပါသည်။ မိဘနှင့် အနှစ် ၂၀ ကျော်ခန့်သာ အတူနေထိုင်ခဲ့ရပြီး အိမ်ထောင်သည်ဘဝ ၄၄ နှစ်ကျော်နေခဲ့ရ၍ ပိုမိုသံယောဇဉ်တွယ်ခဲ့ရပါတော့သည်။ ခင်ပွန်းကွယ်လွန်ချိန်တွင် ကျွန်မ ယုံတစ်ဝက် မယုံတစ်ဝက်ဖြင့် စိတ်လွှတ်လက်လွှတ် မငိုခဲ့နိုင်ပါ။ ကျွန်မကို နှုတ်မဆက်ဘဲ ထွက်ခွာသွားသည်ကိုပဲ အပြစ်တင်ချင်နေပါသည်။ တစ်ခါတစ်ရံ အိမ်ရှေ့ပြတင်းမှ ထွက်မျှော်မိပါသည်။ သို့သော်လည်း အရှေ့ဘက်မှလည်း ပြန်မလာပါ။ အနောက်ဘက်မှလည်း ပြန်မလာပါ။ ကျွန်မနာမည်ကို ခေါ်၍ နေအိမ်တံခါးခေါက်သံကိုလည်း မကြားရတော့ပါ။ နှစ်ယောက်အတူ ယှဉ်တွဲလျှောက်ခဲ့သော လမ်းကလေးကို သတိရမိပါသည်။ ဘယ်ကမ္ဘာမှာ ရောက်နေပါလိမ့်။ ဘယ်သူနဲ့ တွေ့ဆုံနေပါလိမ့်။ အေးအေးချမ်းချမ်းမှ နေရပါတော့မလားဟု တရားမရှိသူတစ်ဦးပမာ တောင်စဉ်ရေမရ တွေးနေမိပါတော့သည်။ ဆရာတော်ဘုရားများ ဟောကြားသော ပရိဒေဝ သောကမီးဆိုတာ ဒါပဲလားဟု ထင်မိပါသည်။ တွေးမိပါသည်။ ဒီအချိန်ဒီကာလမှာ တရားရေအေး အမြိုက်ဆေးလည်း ကျွန်မကို မကယ်နိုင်ပါ။ ကိုယ်တွေ့ကြုံတော့ ကိုယ်လေ့လာကျင့်ကြံခဲ့သော တရားများ ဘယ်ရောက်ကုန်ပါလိမ့်။ ဆုံးစဉ်က မျက်ရည်ဖြိုင်ဖြိုင် မကျခဲ့သော ကျွန်မ ယခုမှ မျက်ရည်လှိုင်လှိုင် ကျခဲ့ရပါတော့သည်။ ကျွန်မ နေ့စဉ်ပြုနေကျ တာဝန်ဝတ္တရားကတော့ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဘုရားဝတ်ပြုပြီးတိုင်း အလှူဒါနပြုပြီးတိုင်း ချစ်ခင်ပွန်းရဲ့အမည်ကို တမ်းတကာ ပြုပြုသမျှ ကုသိုလ်ဒါနအစုစုကို အမျှအတန်းပေးဝေခဲ့ပါသည်။

ချစ်ခင်ပွန်းကို မရဏာရှင်သေမင်းက ကျွန်မအထံ



www.burmeseclassic.com

www.burmeseclassic.com

တွင် သေမင်းနိုင်ငံသို့ ကျွန်မ၏ခွင့်ပြုချက်မယူဘဲ ခေါ်ဆောင်သွား၍ သေမင်းကို ကျွန်နိမ စိတ်ရှုံးခဲ့ရသော်လည်း ကျွန်မ အရှုံးထဲမှ အမြတ်ထုတ်လိုက်တာကတော့ ခင်ပွန်းသေသွားသော်လည်း ခင်ပွန်းခန္ဓာကိုယ်မှ ရှင်သန်နေဆဲဖြစ်သော မျက်ကြည်လွှာလေးကို ကျွန်မ အချိန်တိုအတွင်းမှာ တန်ဖိုးရှိစွာ အသုံးချနိုင်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် ရွှေတိဂုံဘုရားပေါ်ရှိ ပုညသဂ်ဟ လူမှုရေးအဖွဲ့အသင်းသို့ ခင်ပွန်းသည်၏ မျက်ကြည်လွှာတစ်စုံကို ကျွန်မခင်ပွန်းမှ သဒ္ဓါရှင်လန်း ဝမ်းပန်းတသာ လှူဒါန်းခဲ့ကြောင်း ကျွန်မနိုင်ငံခြားခရီးမှ ပြန်လာစဉ်တွင် ချစ်ခင်ပွန်းမှ ပြောပြခဲ့ပါသည်။ ကျွန်မမှာ ခင်ပွန်းကိုအားကျပြီး ကျွန်မလည်း ၂၀၁၂ ခုနှစ်တွင် ကျွန်မရဲ့ မျက်ကြည်လွှာကို လှူခဲ့ပါသည်။

မျက်ကြည်လွှာကို သေဆုံးပြီး လေးနာရီအတွင်း ထုတ်ယူနိုင်ရပါမည်။ အပေါ်ယံအကြည်လွှာ ပါးပါးကလေးကိုသာ ထုတ်ယူသဖြင့် လုံးဝ(လုံးဝ) ပုံစံမပျက်ပါ။ အလှူရှင်တစ်ဦးလှူလျှင် အခြားလူနာနှစ်ဦး မျက်စိနှစ်ကွင်း အလင်းရရှိပါသည်။ ကူးစက်ရောဂါတစ်မျိုးမျိုးဖြင့် သေဆုံးခဲ့လျှင် မျက်ကြည်လွှာ မထုတ်ပါ။

မျက်စိအတွင်းတိမ်ရှိသူ၊ မျက်မှန်တပ်သူ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါရှိသူ အသက် ၇၅ နှစ်ကျော် အသက်အရွယ်ကြီးသူများ လှူဒါန်းနိုင်ပါသည်။

အလှူရှင် သေဆုံးပြီးပြီးချင်း ပတ်သက်ရာမိသားစုဆွေမျိုးများမှ ဖော်ပြပါ ဖုန်းနံပါတ်များဖြစ်သော ၀၁-၅၄၉၁၄၇၊ ၀၉-၄၂၈၂၁၆၀၀၆ များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

"မျက်စိလှူက၊ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန" ဖြစ်ပါသည်။

ကျွန်မ ချစ်ခင်ပွန်းသာမက သတ္တဝါမှန်သမျှ သေကြရမှာဖြစ်ပါသည်။ လူဆိုသည်မှာ မွေးလာကတည်းက တစ်နေ့မှာ သေကြရမှာ ဖြစ်ပါသည်။ လူ့ခန္ဓာကိုယ်ကြီးတွင် ဝိညာဉ်ချုပ်ငြိမ်းသွားသော်လည်း ရှင်သန်နေသည့် အစိတ်အပိုင်းလေးများ လူတိုင်းတွင် ရှိကြပါသည်။ ရှင်သန်နေသော အစိတ်အပိုင်းလေးများကို လိုအပ်နေသောသူများသို့ ပြန်လည်၍ လက်ဆင့်ကမ်းသင့်ပါသည်။ နိုင်ငံခြားတိုင်းပြည်များတွင် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ငွေကြေးမြောက်မြားစွာပေး၍ ဝယ်ယူနေကြချိန်တွင် ကျွန်မတို့ မြန်မာပြည်တွင် လိုအပ်သူများအတွက် မေတ္တာရေစက်ထားကာ သေသူ၏ဆန္ဒကို ပြည့်စွာဖြည့်စွမ်းနိုင်မှုမှာ ကျန်ရစ်သူတို့၏ တာဝန်သာဖြစ်ပါသည်။ သွားလေသူတို့၏ ဘဝဆက်တိုင်း ရရှိမည့်ကောင်းကျိုးချမ်းသာ ဖြစ်ပါသည်။

ချစ်ခင်ပွန်းရက်မလည်ခင် မျက်ကြည်လွှာလှူခဲ့သော ပုညသဂ်ဟအသင်းမှ တာဝန်ရှိသူများ အိမ်သို့လာရောက်၍ ကျွန်မခင်ပွန်းလှူခဲ့သော မျက်ကြည်လွှာကြောင့် လူငယ်နှစ်ဦး မျက်စိအလင်းရရှိကြောင်း လာရောက်အကြောင်းကြားပါသည်။ လူငယ်နှစ်ဦးမှာ မွေးရာပါ မျက်စိအလင်းမရသူများ ဖြစ်ပြီး ခင်ပွန်း၏ မျက်ကြည်လွှာကြောင့် ယုချက်စိအလင်းရောင်ရရှိပြီး ဘဝတစ်လျှောက်လုံး အမျှားသူငါလိုဘဝ ပြန်လည်ရှင်သန်နိုင်ခဲ့ပါသည်။ ချစ်ခင်ပွန်း၏ ခန္ဓာကိုယ်ကြီး ပြာအတိဖြစ်သော်လည်း ခင်ပွန်း၏ ရှင်သန်နေသော မျက်ကြည်လွှာလေးကတော့ မျက်စိဝေဒနာရှင် လူနာကလေးနှစ်ဦးအတွက် ဘဝရဲ့အလင်းရောင်ကို တစ်သက်တာလုံး ရရှိခံစားပြီး နိုင်ငံတာဝန်ကို တစ်ဖက်တစ်လမ်းမှ စွမ်းဆောင်နိုင်မှာ ဖြစ်ပါသည်။ ချစ်ခင်ပွန်းကိုလည်း ဤကုသိုလ်အစုစုအဖို့ တမလွန်ဘဝတွင် ရရှိနိုင်မည် ဖြစ်ပါသည်။ ကလေးနှစ်ဦး မျက်စိအလင်းရရှိသောသတင်းကြောင့် ကျွန်မမှာ ချစ်ခင်ပွန်းအတွက် လွမ်းမျက်ရည်မဟုတ်တဲ့ ပီတိမျက်ရည် ကျခဲ့ရပါသည်။ ခင်ပွန်း ဤလောကကြီးတွင် ရှင်သန်နေဆဲဟု ကျွန်မစိတ်အစဉ်တွင် ထင်ယောင်မိပါသည်။

"ငါ ရှင်သန်နေဆဲပါ"

တစ်နေ့. . .

ကျွန်တော်/ကျွန်မတို့ သေဆုံးကြရမှာပါလေ။ ရပ်ဆိုင်းသွားတဲ့ ဒီခန္ဓာကိုယ်ကြီးထဲက အဓိပ္ပာယ်ရှိစွာ ဆက်လက်ရှင်သန်နေဆဲကတော့ ဟောဒီ "ကြည်လင်ရွှန်းပတဲ့ မျက်ဝန်းနက်ကလေးတစ်စုံပါ"။ ကျွန်မခင်ပွန်းလို အကျိုးရှိစေမည့် တစ်ခုခုကို ကျန်ရစ်သူတို့အတွက် ထားခဲ့စေချင်ပါတယ်ရှင်။

"ထာဝရရှင်သန်နေသည့် မျက်ဝန်းနက်တို့အား အစဉ်လေးစားဂုဏ်ပြုလျက်"

**အေးအေးသန်း**




www.burmeseclassic.com

www.burmeseclassic.com

■ နတ်ထီးလှိုင်

# ထီးများအကြောင်း



ကျွန်ုပ်သည် ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ သုဝဏ္ဏဘူမိဓံတော်ရှင်စေတီတော်များ ပဝါရဏာအုပ်စုဝင် ကျောင်းများတွင် သီတင်းသုံးခဲ့၏။ စေတီအထွတ်တွင် တင်လှူနိုင်ရန် ထီးသစ်များကိုလည်း မျိုးစုံပြုလုပ်ခဲ့ဖူးပါသည်။ "ထီးမဏ္ဍိုင် ခရိုင်ဖွင့်ခဲ့သည်" ဟူသော ဓမ္မဂီရိသီချင်းသံလည်း နားထဲတွင် ကြားယောင်နေပါသည်။

ထီးသည် နေပူသည့်အခါတွင် အပူမှ ကာကွယ်ရန်၊ မိုးရွာသည့်အခါ စွတ်စိုခြင်းမှကာကွယ်ရန် ဦးခေါင်းထက်တွင် အုပ်မိုးရသော လူ့အသုံးအဆောင်ပစ္စည်းဖြစ်သည်။ မြန်မာမှုနယ်ပယ်တွင်ကား ထီးသည် အပူဇော်ခံထိုက်ခြင်းနှင့် တန်ခိုးအာဏာရှိခြင်းတို့ကို ပြသောအထိမ်းအမှတ်ပစ္စည်းလည်း ဖြစ်သည်။ ဘုရားစေတီပုထိုးတို့တွင် တင်ရသော ထီးတော်၊ မင်းမြောက်တန်ဆာအဖြစ်သုံးသော မင်းသုံးနန်းသုံးထီး၊ မှူးကြီးမတ်ရာသေနာပတိတို့သုံးသောထီး၊ သာမန်လူသုံးသောထီး ဟူ၍ အမျိုးမျိုးရှိပါသည်။

အိန္ဒိယနိုင်ငံရှိ စေတီပုထိုးတို့တွင်' အထွတ်၌ သစ်သားရိုးတပ်၍ အရွက်အဆင့်ဆင့်ရှိသော ထီးတော်ကို တင်လေ့ရှိကြသည်။ ယင်းထီးကို "ဆတ္တာဝလီ" ဟု ခေါ်ကြသည်။ ထီးရွက်သုံးဆင့်ရှိသော ထီးကို ဘီစီ ၁၀၀ ခန့်က တည်ထားသော ဆန်ချီပုထိုးတွင် တွေ့မြင်နိုင်ပေသည်။ ထီးရွက်သုံးဆင့်ထက်ပိုသော ထီးတော်ကိုမူ "အနုရာဓပူရ" ရှိ ထူပါရာမပုထိုး (BC 246)၊ ဆာရနာတ်ရှိပုထိုး(AD ၆ ရာစု)၌ တွေ့မြင်နိုင်ကြသည်။ ထိုထီးတို့သည် သစ်သားထီး(သို့)ကျောက်ထီးများ ဖြစ်ကြ၏။

မြန်မာနိုင်ငံရှိ စေတီပုထိုးတို့၌တင်သော ထီးတော်တို့ကား ကြေး၊ သံ၊ သံဖြူတို့နှင့် ပြုလုပ်သော ထီးများဖြစ်ကြသည်။ ယခုအခါ ရွှေရောင်စတီးပြား၊ စတီးဖရိန်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com

လည်း ပြုလုပ်လာကြပြီး ထီးတော်ပြုလုပ်ရာတွင် ကြေးခွေ သံ၊ စတီးခွေများဖြင့် အောက်ခြေမှ အထက်သို့ အရစ်အရစ် ဆင့်လျက် မကိုင်ရသရွေ့သဏ္ဍာန် ဘုံအဆင့်ဆင့်ပြုလုပ်လေ့ ရှိကြသည်။

ထီးကို အများအားဖြင့် ငါးဆင့်၊ ခုနစ်ဆင့်၊ ကိုးဆင့်၊ ဆယ့်တစ်ဆင့်ဟူ၍ ပြုလုပ်ကြသည်။ ထီးကို စေတီ၏ ချယားသီး(ငှက်ပျောဖူး)တွင် တပ်ဆင်၍ ထီးထက်၌ ငွန်းပန်း၊ ငှက်မြတ်နားနှင့် စိန်ဖူးများကို တပ်ဆင်ရ၏။ ကျိုက်ထီးဆောင်း စေတီထီးတွင် အရန်ထီးရစ်စင်း(အချင်း ၉ လက်မ)များကို အောက်ဆုံးဘုံမကြီးထိပ်တွင် တပ်ဆင်ထား၏။ ငွန်းပန်းများ နေရာတွင် ခေါင်းနှင့် ဟင်္သာပုံများကို တပ်ဆင်ထည့်သွင်း ထား၏။ ကြေးပန်းပြားများအပေါ်မှ ရွှေပြားများပါ ထပ်ကပ် ထား၏။ မနုဿသီဟပုံမှစ၍ ရှင်ဥပဂုတ္တ၊ ရှင်သီဝလိ၊ မြတ်စွာ ဘုရားရှင်ပုံတော်များကို ဖောင်းကြွပန်းတဉ်းပုံများဖြင့် ထီးဘုံ တိုင်းတွင် အဆင့်ဆင့် ပြုလုပ်ထား၏။

ထီးဆင့်များ၌ ညောင်ရွက်ဆည်းလည်းများလည်း တပ်ဆင်ရသည်။ ကျိုက်ထီးဆောင်းမှ လုပ်ငေးလိုက်သမျှ ငှက်မြတ်နားနှင့် စိန်ဖူးတော်တိုင်းတွင်လည်း ဆည်းလည်းညောင် ရွက်များကိုပါ တပ်ဆင်ပေး၏။ ကျိုက်ထီးဆောင်းစိန်ဖူးတော် တွင် သံသေခေါင်းလောင်းတစ်လုံးကိုပါ ချိတ်ဆွဲပူဇော်ထား၏။ ၎င်းသံသေခေါင်းလောင်းကို သုတေသနဗိမာန်ပတ်လည်ကို ရှင်းလင်းစဉ်က ရရှိခဲ့ပြီး ပေါက်တူးဆောင့်မိ၍ ကွဲရပါသော ကြောင့် ရွှေဖြင့်ပြန်ကွပ်ထားရသည်။ ဆရာတော်ကြီးက ၎င်း သံသေခေါင်းလောင်းကို ပျားရည်အတွင်းသို့ ထည့်စိမ်ပြပါ သည်။ ပျားရည်မှာ ဆပ်ပြာမြှုပ်ထသလိုဖြစ်ပြီး အရောင်ပြောင်း သွားပါသည်။ ၎င်းပျားရည်ကို တစ်ဇွန်းစီ တိုက်ကျွေးပါ၏။ ပျားရည်အရသာလည်း ထူးခြားသွားပါ၏။

၁၃၇၅ ခု၊ ပြာသိုလပြည့်နေ့ကလည်း စိန်ဖူး၊ ငှက် မြတ်နား၊ ခေါင်း၊ ဟင်္သာပုံနှင့် ဆပ်သွားဖူးများပါ ယူချပြုပြင် ပြီး ပြန်လည်တင်လှူပွဲလုပ်ခဲ့ပါသည်။

ဆတ္တာဝလီထီးအဆင့်ဆင့်မျိုး၏ ပုံစံကို မော်ဇာမြို့ ခင်ဘားကုန်းမှ တူးဖော်ရရှိသော စေတီတွင် တွေ့မြင်နိုင်ပါ သည်။ မြန်မာနိုင်ငံရှိ စေတီပုထိုးတို့၏ ထီးနမူနာကို ပြရလျှင် ရွှေတိဂုံစေတီတော်ကြီး ထီးကို ပြရလိမ့်မည်။

ယခုခေတ်တွင် မြန်မာဗိသုကာအတတ်၌ အသစ် အသစ်များ တီထွင်လျက်ရှိကြသည်။ ဗိုလ်တထောင်ဘုရား နှင့် ရွှေမော်ဓောဘုရားထီးတော်တို့မှာ အသစ်တီထွင်သော ပုံစံများ ဖြစ်ကြသည်။ ဒလမြို့နယ်ရှိ ကျိုက်ခနောက်စေတီကြီး မှာလည်း မြန်မာ၊ မွန်၊ ရှမ်း ထီးသုံးမျိုးလုံး ဆင့်ထား၏ အဋ္ဌံ(ရှစ်မြှောင့်)ပုံ လုပ်ထား၏။

ဤထီးများကို သမ္မတခေတ်ထီးများဟု ဆိုနိုင်သည်။ ထီးရွက်(ဘုံ)ငါးဆင့်ထားခြင်းကား ဘုရားငါးဆူပွင့်မည့် ဤ ဘဒ္ဒကမ္ဘာကို ရည်ညွှန်းထားသည်။ ခုနစ်ဆင့်မှာ သူတော် ကောင်းတရား ခုနစ်ပါး၊ ကိုးဆင့်မှာ ဂုဏ်တော်ကိုးပါး၊ ၁၁ ဆင့်မှာ ကိလေသာမီး ၁၁ ခု ငြိမ်းရန်တို့ ဖြစ်ကြ၏။

စေတီပုထိုး၏ အထွတ်အထိပ်၌တင်သော ထီးအပြင် စေတီပုထိုးအနီးတွင် ကပ်လှူပူဇော်ထားသော ထီးများလည်း ရှိသေး၏။ ပလ္လင်ပုံထိပ်တွင် စိုက်ထူထားသော ထီးများကို "တွားထီး"ဟုခေါ်သည်။ တွားထီးမှာ ဖော်ပြလတ္တံ့သော မင်းသုံး ထီး၏ ပုံစံအတိုင်းဖြစ်သည်။ သတောင်းလည်း၊ ကြာယက် ရွှေချည်၊ ငွေချည်၊ ပုတီး၊ ဘော်ကြယ်ပွင့်များ စသည်တို့ဖြင့် မွမ်းမံခြယ်လှယ်ထားသည်။

မင်းမြောက်တန်ဆာ ငါးပါးတွင် ထီးလည်းတစ်ပါး ဝင်သည်။ မင်းသုံးနန်းသုံး ထီး၏ သဘောမှာ မင်းတို့၏ အချုပ်အချာအာဏာပိုင်ခြင်းကို ဖော်ပြသော အထိမ်းအမှတ် အဆောင်အယောင်ဖြစ်သည်။ ရွှေဘုံနိဒါန်းတွင် နန်းမနန်းဦး၌ ထီးမပြတ်စိုက်ဆောက်လျက် ထီးရိပ်တွင် ကေရာဇ်မင်း မြတ် စံပယ်သည်ဟု ဆို၏။ ထိုထီးမှာ ထီးဖြူဖြစ်သည်။ ပြူစောထီး၏ ထီးဖြူသည် လုံးပတ်သုံးထွာ၊ သန္တာအရိုး ကိုးတောင်နှစ်မိုက်၊ အထွတ် ပတ္တမြားတပ်သော ထီးဖြစ် သည်။ ထွက်တော်မူသောအခါ ဆောင်းမိုးရသော ဆောင်းထီး များလည်း ရှိသေး၏။

ရာဇဘိသေကကျမ်းလာ ထီးဖြူလေးစင်းတို့တွင်

(၁) ပြာသာဒ်အဆင့်ကဲ့သို့ ထီးရွက်ကိုးဆင့်ရှိသော အရိုး ၁၀ တောင်ရှည်၍ ရွှေမြူတာနီး အထွတ်တပ်သော နဝဒဏ္ဍထီး၊
(၂) ထီးရိုးခြောက်တောင်ရှည်သော မနောဟရထီး၊
(၃) ထီးရိုး ငါးတောင်ရှည်သော အာဌောပတြထီး

www.burmeseclassic.com

တို့သည် နန်းတော်၌ စိုက်ရသော အဆောင်အယောင်ထီးများ ဖြစ်ကြ၏။

(၄) ထီးရိုးလေးတောင်ရှည်သော ဝိဇယပတြထီးမှာ ဘုရင်မင်းမြတ်တို့ ထွက်တော်မူသောအခါ ဆောင်းအပ်သော ထီးဖြစ်သည်။

(နဝဒဏ္ဍာထီးကို ထီးရိုး ၁၀ တောင်ဟု မှတ်သော်လည်း နဝဒဏ္ဍာ၏အဓိပ္ပာယ်အတိုင်း ကိုးတောင်သာ ရှိသင့်၏။)

ကပိလဏ္ဍအာဒီပနီတွင် ရာဇဘိသေက(သက္ကတ) ကျမ်းမရောက်မီ မြန်မာနိုင်ငံတွင် ရွှေထီး၊ ရွှေနန်း အဆက်ဆက် ဥကင်တော် သီဟာသနရာဇပလ္လင်တွင် လက်ဝဲထီးဖြူလေးစင်း၊ လက်ျာထီးဖြူလေးစင်း၊ နှစ်ခုပေါင်း ရှစ်စင်းရသည်ကို လက်မှုန်ပညာရှိတို့က အမည်သညာသမုတ်ထားနှင့်သည်ဟု မှတ်ယူရမည်။ ထိုထီးဖြူရှစ်စင်းတွင် ကနက္ကဒဏ်ထီးနှစ်စင်း၊ တမွတ်ထီး နှစ်စင်း၊ ယာဉ်ထီး လေးစင်းတို့ ဖြစ်ကြ၏။ (လောကဗျူဟာ-အင်ရုံစာတမ်း)

ကနက္ကဒဏ်ထီးသည် ပကတိရွှေသားကို အရိုးလုပ်သောကြောင့်ဖြစ်သည်။ တမွတ်ထီးမှာ ရှေးဟောင်းကြီးမြတ်သည်ဟု အဓိပ္ပာယ်ရ မည့်ခေါ်၏။ ကြီးမြတ်သောထီးဟူလို။

ယာဉ်ထီးမှာ ကေရာဇ်မင်းမြတ်တို့၏ ဆင်ယာဉ်၊ ရထားယာဉ်၊ လှေယာဉ် သုံးပါး၌ ထီးဆောက်သည်ဖြစ်၍ ခေါ်ပါသည်။ လောကဗျူဟာ စာတမ်းအလို လက်ျာထီးဖြူလေးစင်းမှာ ကမ္ဗုထီး၊ စန္ဒထီး၊ ပုဒမထီး၊ သမ္ဗုတိထီးတို့ ဖြစ်ကြ၏။ လက်ဝဲထီးဖြူလေးစင်းမှာ ကနက္ကဒဏ်ထီး၊ သုရိယထီး၊ ဝိသုကမ္မထီး၊ သမုဂ္ဂထီးတို့ ဖြစ်ကြ၏။

ထိုမင်းခမ်းမင်းနားဆိုင်ရာ ထီးတို့ကို ပြုလုပ်ရာ၌ ထီးရိုး၊ ထီးချက်၊ ထီးလက်၊ ကြိုး၊ ထီးရွက်၊ ကလန့် အထွတ်များ စသည့်အစိတ်အပိုင်းတို့ကို ပြုလုပ်ရသည်။ ထီးထွတ်မြတ်နား၌ ဟင်္သာ၊ နွားမြီးဆွဲငှက်၊ ကျေးငှက်၊ ကြက်ရုပ် တစ်ခုခုကို စီရင်ရသည်။ ထီးရိုးကို ရွှေဖြင့်လုပ်သော် မြတ်ကောင်းမွန်၏။ (ရွှေအစစ်ပင် မကပ်နိုင်ကြတော့) ထီးခရိုင် စသည်တို့ကို ဖွဲ့သော ကြိုးအား သုံးလွန်းတင်၊ ခြောက်လွန်းတင်၊ ကိုးလွန်းတင် ကျစ်ရ၏။

ထီးချက်ပမာဏကို ၂၈ လက်သစ်မှ တစ်ရာလက်အထိ ပြုရ၏။ ထီးအချင်းမှာ ငါးတောင်တစ်မိုက်အနည်း



ဆုံးရှိ၏။ ထီးရွက်ကိုးဆင့်ရှိသော နဝဒဏ္ဍာထီးတွင် အထက်ရှစ်ဆင့်ကို သင့်တင့်အောင် စီရင်ရသည်။ ကြွင်းသော ထီးတို့၌ တစ်ဆင့်သာရှိ၏။ နဝဒဏ္ဍာထီးတွင် ရွှေညောင်ရွက် ၁၀၈ ရွက်ကို ထက်ဝန်းကျင်၌ ဆွဲရသည်။ ရွှေညောင်ရွက်တို့အကြားတွင် မြ ပတ္တမြား၊ သန္တာ စသော ပန်းပွားများ ဆွဲရသည်။

ရတနာပူရစတုတ္ထမြို့နန်းတည် မင်းတရားကြီး အဘိသေကစာတမ်းတွင် ထီးဖြူတော်ကို မင်းတြားကြီးလက်တော်နှင့် အချင်းလေးတောင်ခြောက်သစ်၊ စွန်သုတ်နားထောင့်တစ်ဆယ့်နှစ်ပေါက်၊ ထီးတံ သုံးဆယ့်ခြောက်၊ ကြာယပ်သုံးဆင့်၊ ညောင်ရွက် ၁၀၈၊ ပုလဲသန္တာဆိုင်း တစ်ရာ့ရှစ်သွယ်၊ ထီးချက်အချင်း တစ်တောင်၊ စောက်တစ်တောင်တစ်မိုက်၊ ထီးရိုးထီးဝန်းနှင့်အမျှ လုပ်ကြောင်း ဆိုထားသည်။

မှူးကြီးမတ်ရာ သေနာပတိတို့အတွက် အဆောင်အယောင်အဖြစ် ပေးအပ်သော ထီးနီလည်း ရှိသေး၏။ ဥပမာ ခန်းပတ်မင်းကြီး၏ အဆောင်အယောင်ဖြစ်သော ထီးနီတွင် ထီးရွက်အနီ နှစ်ဆင့်တက်သည်။ ထိုနှစ်ရွက်ဆင့် ထီးနီ၌ ရွှေညောင်ရွက်သုံးဆင့်တွင် ၃၆ ရွက်ရှိသည်။ အချက်၊



www.burmeseclassic.com

www.burmeseclassic.com

အထွတ်နှင့် အရိုးကို ရွေးချယ်သည်။ ထီးရိုးမှာ ကြံခဆစ်ပုံရှိ၏။

အခြားနိုင်ငံတို့တွင်လည်း ထီးကို ရာထူးအဆင့်အတန်းပြသော ပစ္စည်းအဖြစ်သုံးသည်။ အီဂျစ်နှင့် ခတီးရီးယားပြည်တို့တွင် ထီးကို ရာထူးအလိုက် အမျိုးမျိုးသုံးစွဲခဲ့ကြသည်။ ရှေးခေတ်ပရိဘောဂနှင့် ရောမ(အီတာလီ)နိုင်ငံတို့တွင် ထီးမှာ မိန်းမသုံးပစ္စည်း ဖြစ်ခဲ့သည်။ အင်္ဂလန်ပြည်တွင် အန်(N)ဘုရင်မလက်ထက်ရောက်မှ ထီးကို ကျား/မ မဟူ အများသုံးလာကြသည်။

မြန်မာနိုင်ငံတွင် အခြားနိုင်ငံများမှ မှာယူသုံးစွဲရသော သံကိုင်း၊ သံရိုးနှင့် ပိုးထီး၊ ဖဲထီး၊ ပိတ်ထီး အမျိုးမျိုးရှိလာပြီ။

အစိတ်အပိုင်းမျိုးစုံကို အလုပ်သမားများဖြင့် တစ်စစီ တပ်ဆင်ပြီး တံဆိပ်မျိုးစုံအောင် ကပ်ကာ ကြော်ငြာအားကောင်းကောင်းဖြင့် ဖြန့်ချိရောင်းချနေကြပါပြီ။ ပိတ်ထီး၊ ပိုးထီးတို့ ခေတ်မစားတော့ဘဲ ဖဲထီးများသာ တွင်ကျယ်နေ၏။

ပုသိမ်မြို့လုပ် ပုသိမ်ထီးများလည်း နိုင်ငံခြားတိုင်အောင် ထင်ရှားကျော်စောသည်။ မန္တလေးအိမ်တော်ရာတွင်လုပ်သော ထီးကို ဒေသစွဲ၍ အိမ်တော်ရာထီးဟု ခေါ်ကြသည်။ ရန်ကုန်မြို့ ကြည့်မြင်တိုင်ထီးတန်းရပ်ကွက်(ပန်းတဉ်းတန်း)တွင် စေတီအထွတ်တင်ထီးကို မြောက်မြားစွာလုပ်သည်။ ကြေးပြား၊ သံဖရိန်ထီးများ ခေတ်မစားတော့ဘဲ ထီးဖရိန်၊ ရွှေရောင်စတီးပန်းပြားများသာ တွင်ကျယ်နေ၏။ အလှူရှင်ဆိုင်းဘုတ်ကမ္ပည်းပြားများပါ လုပ်နေကြရပြီ။ အာရုံခံတန်ဆောင်းအမိုးတွင် တပ်ဆင်မည့် ဒိုင်းပိတ်ပန်းပြားများလည်း လက်မလည်အောင် လုပ်နေကြ၏။

ကျိုက်ထီးဆောင်းရှိ ထီးရုံတွင် လုပ်ကိုင်နေကြသော ကျိုက်ထို၊ ကော့စံနိုင်ရပ်ကွက် မောင်မိုးမင်း(မြန်မာ)အဖွဲ့မှာ တစ်ပေပတ်လည်ကို နှစ်ထောင်ကျပ်ဖြင့် လုပ်ကိုင်နေရာ ယခု တပ်ဆင်ခပါ ပေါင်းပြီး သုံးထောင်ဖြစ်နေပါပြီ။ ရွှေရောင်စတီးပြားဈေးမှာ (၄ ပေ × ၈ ပေ) တစ်ချပ်ကို ကိုးသောင်းခန့်ပေါက်နေ၏။ အိန္ဒိယနှင့် တရုတ် နှစ်စားလာ၏။ ထီးဖရိန်၊ မဏ္ဍိုင်များကို သံမဏိကိုထင်ကျော်အဖွဲ့မှ ဒိုင်ခံဆင်ပေးနေပါသည်။ ကျိုက်ထီးဆောင်းစေတီနှင့် ကျိုက်မနတ်စေတီ၏ ရွှေရောင်ပြား၊ စတီးဖရိန်များကို တပ်ဆင်၊ ရောင်တော်ဖွင့်ပေးခဲ့ပါသည်။

ကိုထင်ကျော်မှာ အင်ဂျင်နီယာဖြစ်၍ ကွန်ပျူတာဖြင့်ပင် စေတီထီးမျိုးစုံအတွက် ဖရိန်များရေးဆွဲတပ်ဆင်ပေးနေပါ၏။ ပဲခူးတွင်နေထိုင်ပြီး သားနှစ်ဦးရှိသည်။ ကုသိုလ်လည်းရ ဝမ်းလည်းဝအဖြစ်သာ လုပ်ကိုင်ပေးနေပါသည်။ ထီးလုပ်သူတို့သည် မိမိတို့အတိုင်းအတာနှင့်မိမိ အမျိုးမျိုးပြုလုပ်လေ့ရှိရာ မည်သည့်ထီးမျိုး၌ မည်သည့်အတိုင်းအတာဟု ပုံသေမရှိချေ။

ထီးတွင်ပါဝင်သော အစိတ်အပိုင်းများမှာ ထီးရွက်၊ ထီးထိပ်ဖူး၊ ထီးခေါင်း၊ ထီးအုံ၊ ထီးတံခရိုင်၊ ထီးရိုး၊ ခလုတ်၊ ဂက်ကိုင်၊ အုံးပန်း၊ ထီးကွင်း စသည်တို့ဖြစ်သည်။ လူသုံးထီးများအပြင် ရွှေထီး၊ ထွားထီး၊ ရဟန်းဆောင်းထီး၊ သီလရှင်ဆောင်းထီး စသည်တို့ကိုလည်း လုပ်ကိုင်ကြသည်။ ထီးခလုတ်များကို ရှေးက ထီးရိုး၌ အပေါက်ဖောက်၍ သစ်သားစို့လျှိုသွင်းကာ ပြုလုပ်ကြ၏။ ယခုမူ သံစို့နှင့် ပြုလုပ်သည်။ ထီးရိုးမှာမူ ပန်းရိုး၊ ကျားရိုး၊ ပြောင်းရိုး၊ ခြစ်ရိုးဟူ၍ အမျိုးမျိုးရှိသည်။ ခရိုင်သည် ထီးတံ၏ သုံးချိုးတစ်ချိုးရှိပြီး သုံးချိုးတစ်ချိုးအထက်တွင် ထောက်ရသည်။

ယခုခေတ်စားဆုံးမှာ ခေါက်ထီးများဖြစ်ကြ၏။ နှစ်ဆင့်ချိုး၊ သုံးဆင့်ချိုးဟူ၍ ရှိ၏။ ခလုတ်နှိပ်ရုံဖြင့် ပွင့်နိုင်သော ထီးများလည်း တွင်ကျယ်၏။ ရဟန်း၊ သီလရှင်များအတွက် သီးသန့်ထီးများ ထုတ်ရောင်းနေပါသည်။ လူ့ထီးထက် ဈေးကြီးနေပြီး ခေါက်များကျိုးတတ်၊ ပြုတ်တတ်လွန်း၏။ သို့နှင့် စာရေးသူလည်း လူဆောင်းထီးကိုသာ ဝယ်ဆောင်းနေရ၏။ ထီးကိုကြည့်ပြီး အဆင့်အတန်းခွဲခြားသောခေတ်ကား မရှိတော့ပြီ။ သမ္မတထီး၊ ဝန်ကြီးများထီးဟူ၍လည်း မတီထွင်ကြသေးပါ။ ထွင်ကြလျှင် လွှတ်တော်ထီးနှင့် တရားသူကြီးချုပ်၊ ရှေ့နေချုပ်ထီးများပါ လုပ်ကြရဦးမည်။

ပိဋကတ်သုံးပုံဆောင် ရဟန်းကို ထီးဖြူကပ်လှူခြင်းကား ဂုဏ်ယူစရာပင်။ တရားပွဲများတွင် ဓမ္မကထိကဆရာတော်ကို ထီးဖြူမိုး ကြိုဆိုပင့်ဆောင်ကြ၏။ သို့သော် ရဟန်း၊ သီလရှင်တို့၏ မယ်တော်၊ ခမည်းတော်များ အသုဘ(မသာချ)ရာတွင် ရွှေထီး၊ ထွားထီးများဖြင့် အခေါင်းကို တန်ဆာဆင်ပြီး သင်္ချိုင်းသို့ ပို့နေကြသေး၏။ ဘုန်းကြီးပျံတွင် သုံးသလို သီလရှင်မသာချရာတွင်လည်း ရွှေထီးမိုးနေကြပါသည်။ ပြင်

www.burmeseclassic.com

လောင်းလှည့်လည်ကြရာတွင်လည်း ရွှေထီးများကို သုံးစွဲနေကြ၏။ နာသဘိသိက်ခံကြရာတွင်လည်း မပါမပြီးချေ။

ထီးဓလေ့၊ ထီးယဉ်ကျေးမှုကား တစ်ရွာတစ်ပုဒ်ဆန်းများပြားလှ၏။ ထိုင်းမှဝင်လာသော ထိုင်းထီးများကား ဘုရင်ခေတ်ကို ညွှန်ပြဆဲပင်။ ကျိုက်ထီးခေါင်းဓမ္မပလ္လင်ထဲတွင် နှစ်စင်းစိုက်ထောင်ထား၏။ ထိုင်းမှ ဘုရားဖူးများ လာရောက်လှူဒါန်းထားခြင်းဖြစ်၏။ မြန်မာဘုရင်ထီးများကို ပြန်မြင်ယောင်လွမ်းမိ၏။ ထီးသုဉ်း၊ နန်းသုဉ်း၊ ကြငှန်းသုဉ်းဟု ဆီးဘန်းနီဆရာတော်ကြီးက ရေးခဲ့၏။

စေတီများတွင် ယကြာချေရန် စက္ကူထီးမျိုးစုံလည်းတွေ့နိုင်သေးသည်။ ထီးအစစ်ကိုသာ လှူဒါန်းသင့်၏။ စက္ကူထီးယဉ်ကျေးမှုကား ဗေဒင်ဆရာများကြောင့် ပေါ်ပေါက်လာသည်ဟုဆိုလျှင် လွန်အံ့မထင်။ ယကြာတကယ်ကျေမကျေကားမသိ။ ဈေးဆိုင်များကား အလွန်ရောင်းကောင်းလှ၏။ ရွှေတိဂုံစေတီတွင် တွေ့ကြုံခဲ့ရသမျှကို "ရွှေတိဂုံပုဂ္ဂလပညတ်"ဟု ရေးသားပါဦးမည်။

တံခွန်တိုင်များထိပ်တွင်လည်း ထီးတင်ကြပါ၏။ ယခင်က ဟင်္သာပုံများကိုသာ တိုင်ထိပ်တွင် မြင်နေရာမှ ထီးပုံစံမျိုးစုံ၊ တံခွန်တိုင်မျိုးစုံပါ တွေ့မြင်လာရ၏။ ထီး၊ တံခွန်ဟူ၍ တွဲသုံးလာကြသည်။ ဇင်းကျိုက်တွင် ကန်တော့ပွဲများပေါ်တွင် စက္ကူထီးတံခွန်များ ထောင်ပြီး သေသူအတွက်လှူဒါန်းတတ်ကြသည်။ ဘဝပြောင်းသူ ကောင်းရာဘုံရောက်အောင်လည်း ထီးတံခွန်ပေးသည်ဟု ပြောဆိုကြသည်။ တကယ်ရမရကား မသိသော ဓလေ့ပါ။ အချို့ဓလေ့စရိုက်များကား ပြင်မရချေ။

အနေကဇာတင် အခမ်းအနားများတွင်လည်း စက္ကူထီးမျိုးစုံကို ကြက်လျှာ၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ခုနစ်နံ့ပုံများဖြင့် ရောကိုင်ကြရ၏။ အင်္ဂတေကျောက်ထီးများ ပြုလုပ်ပြီး တင်လှူခဲ့ကြပါသေးသည်။

သံဖရိန်များဆင်ပြီး အပြင်မှ မဆလာ(ဘိလပ်မြေ) ငုံကပ်ပြီး ပန်းကနုတ်များလှီးကာ လုပ်ခဲ့ကြရ၏။ ကျိုက်ဒေးယျုံစေတီ၊ မြသပိတ်စေတီတို့တွင် တင်လှူခဲ့သော်လည်း ယခုစတီးရွှေရောင်ထီးများဖြင့် လဲတင်လိုက်ပါပြီ။ မုတ္တမအနီးသကျမုနိစေတီထိပ်တွင်သာ ကျန်ရှိနေ၏။ အင်္ဂတေ(ကျောက်) ထီးများကား လေးလွန်းလှ၏။ သကျမုနိ(သဲဖြူကုန်းရွာ) စေတီထိပ် ကျောက်ထီးကား လဲပေးမည့်ဒကာကို စောင့်မျှော်လျ က်ရှိ၏။

ဘီးလင်းမြို့နယ်၊ မုသင်ကျေးရွာထိပ်ရှိ ဖောင်တော်ဦး နှင့် ဖောင်တော်အလယ်စေတီများထိပ်တွင်လည်း အင်္ဂတေ (ကျောက်)ထီးများ တင်လှူထားပါသည်။ ဂဝံကျောက်ထီးမျ ားကိုကား ကျိုက်ထီးခေါင်းစေတီအနီးတွင် များစွာတွေ့ရ နိုင်ပါသည်။ ဂဝံကျောက်နှင့် ပတ်သက်လျှင် ပန်းပုဘုန်းလှိုင်တို့အဖွဲ့မှာ ကျွမ်းကျင်လွန်းလှ၏။ ဂဝံမုခ်ဝကြီးများလည်း လက်ရာမြောက်လှသည်။ ရွှေကျွန်းသာရပ်ကွက်(ဇွတ်သုံရွာ) ရွှေကျွန်းဦးစေတီတွင်လည်း ဂဝံကျောက်ထီးကြီးတင်လှူထား၏။ ထောင့်လေးခုတွင် ဂဝံကျောက်ထီးတိုင်များလည်းရှိ၏။ ဝင်းကရွာရှိ မုနိ(ကုမာရ)စေတီထီးမှာလည်း ဂဝံကျောက်ထီးပင်ဖြစ်၏။

လိပ်သည်းကျောက်များဖြင့် ထီးလုပ်တင်ခြင်းမျိုးမတွေ့ရသေးပါ။ ဘီးလင်းမြို့နယ်၊ တောင်စွန်း၊ ကျူကမိစု၊ ပေါက်တော၊ ကျောက်တလုံးရွာများတွင် လိပ်သည်းကျောက်ဆစ်တုံးများ ပုံစံစုံထွက်၏။

ထီးများအကြောင်းနှင့် ပတ်သက်၍ အတော်စုံလင်ပြီဟု ထင်ပါသည်။ ဂဝံကျောက်ထီး၊ အင်္ဂတေကျောက်ထီး၊ စက္ကူထီး၊ ဖဲထီး၊ ရဟန်းခေါင်းထီး၊ သီလရှင်ခေါင်းထီး၊ ရွှေထီး၊ စတီးထီး၊ ဘုရင့်ခေတ်ထီးများအကြောင်း ဗဟုသုတရပါမည်။

နိဗ္ဗာန်၊ အရဟတ္တဂ်၊ အရဟတ္တဖိုလ်ကို ထီးဖြင့်နှိုင်းနှိုင်းထားပါသေးသည်။ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်က ဆင်းသက်လာစဉ်တွင် လူပြည်မှ ဗြဟ္မာပြည်ထိအောင် ထီးမိုးပေးထားကြောင်း သိရ၏။ အရိယာတို့ဆောင်းအပ်သော ဝိမုတ္တိရသထီးကြီးကို မိုးဆောင်းနိုင်အောင်ကြိုးစားသင့်လှသည်တကား။

နတ်ထီးလှိုင်



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် နငယ်နကောင်းပိတ်

ဝသုန်ဟိန်းထက်



ပုံ(၁)

ပိတ်မိ၊ ဆက်မိသော နငယ်နကောင်းပိတ်



ပုံ(၂)

မပိတ်မိ၊ မဆက်မိသော နငယ်နကောင်းပိတ်

ကျွန်ုပ်သည် ဝါသနာအထုံအရ ဂမ္ဘီရပညာရပ်များကို လေ့လာလိုက်စားခဲ့ရာ ယခုဆိုလျှင် အနှစ်နှစ်ဆယ်ရှိပြီဖြစ်၏။ ထိုသို့ လေ့လာရာတွင်လည်း စာတွေ့၊ သူတွေ့သာမဟုတ်ပဲ ကိုယ်တွေ့များစွာဖြင့်လည်း အလျဉ်းသင့်လျှင်သင့်သလို ကျင့်ကြံအားထုတ်ခဲ့ရ ပါသည်။

ထိုသို့ များစွာသော အတွေ့အကြုံများထဲမှ "နငယ်နကောင်းပိတ်"အစီရင်ထူးတစ်ခုမှာလည်း ချန်လှပ်ထားရန်မသင့်သော အကြောင်းအရာတစ်ခု ဖြစ်နေပါသည်။ ၎င်းကိုဝါသနာရှင်များအတွက် ပြန်လည်မျှဝေပေးလိုပါသည်။

ညသန်းခေါင်ယံအခါ၌ အရပ်မျက်နှာ တစ်ဖက်တည်းကို မျက်နှာမူနေခိုက် ကြယ်ကြွေချိန်တွင် ကြွေကြွေချင်း ကညစ်တံဖြင့် ကမ္ဗဝါကြေးပြားတွင် နငယ်နကောင်းပိတ်ကို လျင်မြန်စွာ ရေးရမည်ဖြစ်၏။ ရေးဆွဲစဉ် အသက်အောင့် ရေးဆွဲရပေမည်။ အလွန်လျင်မြန်သော မျက်စိတစ်မှိတ်အချိန်မျိုး၌ ရေးဆွဲရသည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်သည်။

ထိုသို့ ကြယ်ကြွေချိန်နှင့် အင်းဆံဆွဲချိန်ကိုက်ညီ၍ ဓာတ်မိသွားပါက ကြယ်ကြွေအလင်းတန်းမှာ အရောင်ပြောင်းသွားတတ်၏။ လျှပ်တစ်ပြက် ရေးဆွဲရသည်ဖြစ်၍ နငယ်နကောင်းပိတ်မှာ ပိတ်သည်လည်းရှိသလို မပိတ်သည်

www.burmeseclassic.com

လည်း ဖြစ်နိုင်ပါသည်။ အဓိကအချက်မှာ ကြယ်ကြွေတုန်း အရအမိ ရေးဆွဲ နိုင်ရန်ဖြစ်၏။ ကြယ်ကြွေအပြီး ရေးဆွဲအပြီး ကွက်တိဖြစ်နေရန်သာ လိုပါသည်။

ထိုသို့ရေးဆွဲမိနိုင်က ထိုရှေးကြေးပြားဆောင်သူသည် 'ကာယသိဒ္ဓိ'ပြီးကြောင်း သိရှိရပါသည်။ အထူးသဖြင့် သေနတ်ပြီးကြောင်း လေ့လာသိရှိခဲ့ရပါသည်။

သို့သော် ဆိုခဲ့ပြီးသည့်အတိုင်း နငယ်သည် ပိတ်မိသည့်လည်းရှိသလို မပိတ်မိသည့်လည်း ရှိမည်ဖြစ်၏။ နှစ်မျိုးစလုံး သူ့နေရာနှင့်သူ အသုံးဝင်ပါသည်။

အကယ်၍ ပုံ(၁)အတိုင်း ပိတ်မိ၊ ဆက်မိပါက ကျည်မထွက်၊ မီးမကူးပါ။ ပုံ(၂)ကဲ့သို့ မပိတ်မိ၊မဆက်မိပါက ကျည်ကားထွက်၏၊ မထိ။ ကျည်လွှဲဖယ်ပါသည်။

ဤကား "နငယ်နကင်းပိတ်"၏ ထူးခြားသော စွမ်းရည်တစ်မျိုးဖြစ်ပါ သည်။ လက်လက်၍လေ့လာရသော

အကယ်၍ ပုံ(၁)အတိုင်း ပိတ်မိ၊ ဆက်မိပါက ကျည်မထွက်၊ မီးမကူးပါ။ ပုံ(၂)ကဲ့သို့ မပိတ်မိ၊မဆက်မိပါက ကျည်ကားထွက်၏၊ မထိ။ ကျည်လွှဲဖယ်ပါသည်။

နငယ်နကင်းပိတ်၏ အစွမ်းထက်အစီရင်တစ်မျိုးကိုလည်း တွေ့ရှိခဲ့ရသည်။ စီရင်ပုံ စီရင်နည်းမှာ အောက်ပါအတိုင်း ဖြစ်၏။

ဖယောင်းတိုင် သုံးတိုင်ကိုယူပါ။ ဘုရားမှာ သီလခံယူပြီးနောက် သန့်ရှင်းသော အချွန်တစ်ခုခုဖြင့် နငယ်နကင်းပိတ်ကို ဖယောင်းတိုင်တွင် ရေးရပါမည်။ ရေးစဉ် အစအဆုံး၌ တံတွေးမမျိုရ။ အသက်အောင့်ရေးရမည်။ စရေးစဉ်မှ ပြီးဆုံးချိန်အထိ ဂုဏ်တော်ကိုးပါးကိုရွတ်၍ ရေးရမည်။

ဂါထာလည်းဆုံး၊ ရေးလို့လည်းပြီး၊ ကွက်တိ အပိုအလိုမရှိ ဖြစ်နေရန်လိုပါ၍ ကြိုတင်လေ့ကျင့်ထားရန် လိုပေသည်။ လက်မကြွ တစ်ကြောင်းဆွဲ ရေးရမည်ဖြစ်ပြီး ဖယောင်းတိုင်တစ်တိုင် တစ်ခုရေးဖြင့် သုံးတိုင်စလုံး ရေးရမည်ဖြစ်သည်။

ထို့နောက် အောက်ဖော်ပြပါ 'န ၂၄ ချက်' ဂါထာဖြင့် ဖယောင်းသုံးတိုင်ကို ၃၇ အုပ် မန်းမှုတ်ပြီးနောက် ဘုရားတွင် မီးပူဇော်ပါ။ လိုရာဆုတစ်ခုတောင်း၍ န ၂၄ ချက်ဂါထာဖြင့် ပုတီး ၉ ပတ်စိပ်ရမည်ဖြစ်သည်။ အကျိုးထူးကို အကျယ်တဝင့် မရေးတော့ပါ။ ကိုယ်တိုင်လုပ်ကြည့်မှ ကိုယ်တိုင်ခံစားရသော အစွမ်းထက် အစီအရင်တစ်ခု ဖြစ်ပါသည်။ ထူးခြားအံ့သြ လျင်မြန်စွာဖြင့် အကျိုးထူးများ ပြည့်စုံကြုံတွေ့၍ ကျေနပ်မှုအပြည့် ရပါလိမ့်မည်။ ဤကား နငယ်နကင်းပိတ်နှင့် ပတ်သက်သော ကွင်းဆင်များပင်တည်း။

**န (၂၄) ချက်ဂါထာ**

**နော နော နီ နော နု နု နာ၊ (ပုတီးတစ်လုံးချ)**
**နီ နု နာ နီ နော နု နု နာ။ (ပုတီးတစ်လုံးချ)**
**နေ နာ နီ နု န နာ နု နံ၊ (ပုတီးတစ်လုံးချ)**
**နာ န နေ နု နော န နု နော။ (ပုတီးတစ်လုံးချ)**

---

ဝသုန်ဟိန်းထက်

---


www.burmeseclassic.com

## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်

## မှ

# စက်ဝိုင်း၏အဓိပ္ပာယ်

သမီးဗဂျီအောင်စိုး




စာရေးသူရေးသားခဲ့သော ၂၀၁၄ ခုနှစ်၊ ဩဂုတ်လထုတ် ရောင်ပြန်မဂ္ဂဇင်းမှ "မိုးကုတ်ဆရာတော်ဘုရားကြီး၏ ထူးထူးခြားခြားဩဝါဒတော်များ"မှ တရားတော်အချို့ကို ကောက်နုတ်၍ "မိုးရွာတုန်းရေခံပါ"ဆောင်းပါးတွင် ဆရာတော်ဘုရားကြီး ဟောကြားထားခဲ့သော "ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာတော်"ကို ဆက်လက်ရေးသားပါမည်ဟု ရေးသားခဲ့၍ ယခု ဤဆောင်းပါးကို ဆက်လက်ရေးသားအပ်ပါသည်။

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာတော်မှ စက်ဝိုင်း အဓိပ္ပါယ်ကို ဆရာတော်ဘုရားကြီး ဟောကြားထားခဲ့သော တရားတော်များအား ပြန်လည်၍ဟောကြားပေးသော ကထိက ကမ္မဋ္ဌာနဆရာတော်များ ရှင်းလင်းဟောကြား ပေးသည့်အတိုင်း ရေးသားဖော်ပြအပ်ပါသည်။ မိုးကု တရားတော်ကိုနာကြားသောအခါ ဟောကြားသော တော်များ၏ အသံတော်ကို မနာကြားဘဲ တရားတော ကိုသာ သတိလက်မလွှတ်ဘဲ နာကြားကြရန် ဆုံးမတော

www.burmeseclassic.com

ကြားထားပါသည်။ တရားဟောသောအခါ ဝတ္ထုဇာတ်ကြောင်းမပါ၊ အလုပ်စခန်းတရားများကိုသာ ဟောကြားလေ့ရှိပါသည်။ မိုးကုတ်တရားဟောကြားသော ဆရာတော်များအား "စက်ဝိုင်းဘုန်းကြီး"ဟု မသိနားမလည်သော တရားနာပရိသတ်အချို့က ခေါ်ဆိုကြပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ် သင်တန်းများကို ဟောကြားပြသသော ဆရာတော်များမှာ စက်ဝိုင်းပုံကားချပ်မပါလျှင် ဟောကြားပြသ၍မရပါ။ တရားဟောဆရာတော်များမှာ အောက်ပါအချက် သုံးချက်နှင့်အညီ တရားဟောကြားပြသလျက်ရှိပါသည်။

၁။ တုတ်ထောက်၊

၂။ ခွက်မှောက်၊

၃။ လက်မြှောက်၍ ဟောကြားပြသပါသည်။

ဆရာတော်များသည် စက်ဝိုင်းပုံကားချပ်ကြီးအား တရားဟောပလ္လင်ပေါ်မှနေ၍ တုတ်ဖြင့်လှမ်းထောက်ကာ ရှင်းလင်းဟောကြားပြသပါသည်။ မိုးကုတ်ဆရာတော်ဟောကြားသော ဆရာတော်များ၏ရှေ့တွင် စားပွဲခုံအမြဲထားရှိသည်ကို တွေ့ရှိရပါမည်။ ၎င်းစားပွဲပေါ်တွင် ဖန်ခွက်ရောင်စုံများကို မှောက်ပြပြီး ပဋိစ္စသမုပ္ပါဒ်တရားကို ရှင်းလင်းဟောကြားလေ့ရှိပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ခွက်များဖြင့် နမူနာပြသ၍ ဟောကြားခြင်းဖြစ်သည်။ လက်ကိုမြှောက်၍ ခွက်များကို ပြသပါသည်။

တရားနာကြသော ဒကာ၊ ဒကာမများကလည်း အောက်ပါအချက်သုံး ချက်နှင့်အညီ တရားနာကြားကြရပါသည်။

၁။ မျက်စိကိုဖွင့်၊

၂။ နားကိုစွင့်၊

၃။ ပါးစပ်ကိုအသင့်ဖြင့် နာကြားကြရပါသည်။

ဆရာတော်များသည် စက်ဝိုင်းပုံသဏ္ဍာန် ကားချပ်ကြီးအားပြသ၍ ဝိပဿနာတရားကို ဟောကြားသည်ဖြစ်ရာ မျက်စိကိုဖွင့်ထားမှ ဆရာတော်များ ထောက်ပြသော စာလုံးများကိုသိရှိမှာ ဖြစ်ပါသည်။ သုတ္တန်တရားတော်များကို နာကြားရာတွင် မျက်စိမှိတ်ပြီး အာရုံစိုက်၍ နာကြားနိုင်ပါသည်။ ဆရာတော်များ ဟောကြားသွားသော စကားလုံးအဓိပ္ပာယ်နှင့်တကွ ရှင်းလင်းဟောကြားသွားရာတွင် နားကိုစွင့်ထားမှ သိရှိနားလည်မှာဖြစ်သည်။ တစ်ဖန် ဘုရားတော်ကို နာကြားနေရုံဖြင့် မပြီးဘဲ မိမိတို့အား သိမသိကို မေးမြန်းသောအခါ ပြန်လည်ဖြေကြားနိုင်ရန် ပါးစပ်ကို အသင့်ပြင်ထားပြီး တရားနာကြရပါမည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်တရာကို ဟောကြားသော ရိပ်သာတိုင်းတွင် စက်ဝိုင်းပုံကားချပ်ကို ထားရှိရခြင်းအကြောင်းမှာ ထိုကားချပ်သည် စက်ဝိုင်းဒေသနာတော်မှ ပဋိစ္စသမုပ္ပါဒ်လည်ပုံနှင့် ထွက်ပုံလမ်းပြကားချပ်ဖြစ်၍ ဖြစ်ပါသည်။

အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်းကို ပဋိစ္စသမုပ္ပါဒ်ဟုခေါ်ပါသည်။ ပဋိစ္စသမုပ္ပါဒ်ကိုသိလျှင် တရားကိုသိသည်မည်၏။ တရားကိုသိလျှင် ပဋိစ္စသမုပ္ပါဒ်ကို သိပါသည်မည်၏။

ပဋိစ္စသမုပ္ပါဒ် အကျဉ်းချုပ်ကိုသိရှိနိုင်ရန် အောက်ပါလင်္ကာအား ဖတ်ရှုလျှင် ပဋိစ္စသမုပ္ပါဒ်၏ အဓိပ္ပာယ်ပေါ်လွင်လာပါမည်။ ဝိပဿနာမရှုမီ သိရှိနားလည် သဘောပေါက်ထားရပါမည်။

## ပဋိစ္စသမုပ္ပါဒ်အကျဉ်းချုပ်လင်္ကာ

**အဝိဇ္ဇာနှင့်တဏှာ အရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်၊ ဖြပ္ပာသိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ သတ္တဝါတို့ ဖြစ်လာရမှု၊ မဟုတ်ဟုဉာဏ်ဖြင့်ရှု၍မျှော်။**

အဝိဇ္ဇာဟူသော သစ္စာလေးပါးတရားကို မသိခြင်းနှင့် တဏှာဟူသော လိုချင်တပ်မက်ခြင်းတို့ကြောင့် ဥပါဒါန်-စွဲလမ်းခြင်း ဖြစ်ပေါ်လာပါသည်။ မသိလို့ လိုချင်၊ လိုချင်လို့ စွဲလမ်း၊ စွဲလမ်းတော့ အားထုတ်၊ အားထုတ်တော့ရရှိ။ ၎င်းကဲ့သို့ အဝိဇ္ဇာနှင့် တဏှာအရင်းခံ၍ ကုသိုလ်ကံ၊ အကုသိုလ်ကံများကြောင့် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့ ဖြစ်လာပါသည်။ အပင်မှရရှိသော မျိုးစေ့မှ အပင်ပြန်ပေါက်လာသကဲ့သို့ အမျှင်မပြတ်ဘဲ ဆက်စပ်လျက်ရှိပါသည်။ ရှေးဘဝကံအကြောင်းတရားကြောင့် ယခုဘဝတွင် ကောင်းသော မကောင်းသော အကျိုးတရား ခန္ဓာငါးပါး

www.burmeseclassic.com

ရုပ်နာမ်နှစ်ပါးရရှိလာကာ ယခုဘဝမှာ ပြုလုပ်သော ကံ အကြောင်းတရားကြောင့် နောင်ဘဝတွင် ရုပ်နာမ် ပြန်ရလာမှာဖြစ်သည်။ ထို့ကြောင့် ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ အဖန်ဖန်ဖြစ်ပေါ်လာရပါသည်။

ခန္ဓာကိုယ်ထဲတွင် အသိ၊ ဝိညာဉ်၊ လိပ်ပြာ၊ အတ္တဟူ၍မရှိပါ။ ရုပ်နာမ်နှစ်ပါးသာ ရှိပါသည်။ ဘဝများစွာဖြင့် နေရသည်။ လူနတ်များစွာ သတ္တဝါတို့ဖြစ်လာရခြင်းမှာ ဗြဟ္မာ၊ သိကြားတို့က ဖန်ဆင်း၍ ဖြစ်လာရခြင်းမဟုတ်။ သတ္တဝါများစွာတို့တွင် ဖန်ဆင်းသူမရှိကြောင်း၊ မိမိဉာဏ်ဖြင့် စဉ်းစားကြည့်နိုင်ပါသည်။ အခြားဘာသာများတွင် ဖန်ဆင်းရှင်ရှိသည်ဟု ယူဆထားကြသည်။ ကောင်းသည့် အကြောင်းကြောင့် အကျိုးကောင်းရသည်။ ညံ့သည့် အကြောင်းကြောင့် ညံ့သောအကျိုးကို ရရှိတတ်သည်။ ၎င်းကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်သည်။

အကြောင်းတရားလေးပါး ဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ(ကမ္မဘဝ)ကြောင့် အကျိုးတရား ရုပ်နာမ် ဖြစ်လာသည်။

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းပုံသည် လှည်းဘီးကြီးနှင့်တူပါသည်။ အပြင်ဘက်ဆုံးတွင် ကာရံထားသော အပြာရောင် အဝန်းအဝိုင်းသည် လှည်းဘီး၏ သံပတ်ခွေနှင့် တူပါသည်။ အို၊ နာ၊ သေကို ပြသည်။

မြားလေးစင်းသည် လည်ပတ်ခြင်းသဘောကို ပြပါသည်။ အိုပြီးလျှင် နာတတ်ပြီး၊ နာပြီးလျှင် သေတတ်ပါသည်။ အလယ်မှ အဝိုင်းပုံသည် လှည်းပုံတောင်းနှင့် တူပါသည်။ လှည်းပုံတောင်းသည် အဝိဇ္ဇာနှင့်တဏှာကိုပြသည်။

လှည်းပုံတောင်းကို ဖောက်၍တပ်ထားသော ဝင်ရိုးသည် အာသဝေါတရားလေးပါးဖြစ်သည်။ အာသဝေါတရားလေးပါးမှာ ...

၁။ ကာမသဝ = ကာမဂုဏ်တို့၌ နှစ်သက်ခြင်း။

၂။ ဘဝါသဝ = ဘဝတို့၌ နှစ်သက်ခြင်း။

၃။ ဒိဋ္ဌာသဝ = မှားသောအယူ၌ နှစ်သက်ခြင်း။

၄။ အဝိဇ္ဇာသဝ = သစ္စာလေးပါးတရားကို မသိခြင်း၌ နှစ်သက်ခြင်း။

အပြာထောင့်လေးခုမှာ စေတနာနှင့် သင်္ခါရတို့ ဖြစ်သည်။

စေတနာထောက်လေးခုမှာ

၁။ လူ့ပြည်နတ်ပြည်ရောက်ကြောင်း စေတနာ၊

၂။ အပါယ်လေးပါးရောက်ကြောင်း စေတနာ၊

၃။ ရူပဗြဟ္မာပြည်ရောက်ကြောင်း စေတနာ၊

၄။ အရူပ ဗြဟ္မာပြည်ရောက်ကြောင်း စေတနာ၊

၎င်းစေတနာတို့ကို သင်္ခါရသုံးပါး ဖြစ်သော

၁။ ကုသိုလ်သင်္ခါရ၊

၂။ အကုသိုလ်သင်္ခါရ၊

၃။ သမထသင်္ခါရတို့က ပြုပြင်စေ့ဆော်ပေးပါသည်။

စက်ဝိုင်းပုံတွင် ပဋိစ္စသမုပ္ပါဒ်လည်ပုံ လမ်းပြခြင်းနှင့် ထွက်ပုံလမ်းပြခြင်းတို့ကို ဖော်ပြထားပါသည်။ လည်ပုံမှာ ပဋိစ္စသမုပ္ပါဒ် အနုလုံ၌ပြထားပြီး ထွက်ပုံမှာ ပဋိစ္စသမုပ္ပါဒ် ပဋိလုံတွင် ပြထားပါသည်။ ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ထွက်ပုံများကို ရေးသားဖော်ပြသော ပုဂ္ဂိုလ်များ အများအပြားရှိပါ၍ မဖော်ပြတော့ပါ။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပါသည်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပါသည်။ စသည့် ပဋိစ္စသမုပ္ပါဒ်အနုလုံ မြန်မာပြည်သည် လည်ပုံ ဖြစ်ပါသည်။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်ပါသည်။ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်ပါသည်။ စသည့် ပဋိစ္စသမုပ္ပါဒ်ပဋိလုံ မြန်မာပြည်သည် ထွက်ပုံ ဖြစ်ပါသည်။

မြတ်စွာဘုရား အလောင်းတော်သည် ပဋိစ္စသမုပ္ပါဒ် အနုလုံ၊ ပဋိလုံကို အဖန်ဖန်အထပ်ထပ် ဆင်ခြင်သည့်အခါမှ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ ပဋိစ္စသမုပ္ပါဒ်ကို မဆင်ခြင်ဘဲ ဘုရားအလောင်းတော်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသည်ဟု မရှိစကောင်းပါ။

ထို့ကြောင့် စာရေးသူတို့ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်ကြမည်ဆိုလျှင် ပဋိစ္စသမုပ္ပါဒ်လည်ပုံနှင့် ထွက်ပုံတို့ကို သေချာစွာ သိရှိပြီး ဆင်ခြင်သုံးသပ်နိုင်လျှင် `အလိုရှိအပ်၊ တောင့်တအပ်သော မြတ်နိဗ္ဗာန်ကို ကေန်မုချ ရောက်ကြရမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့အား စာရေးသူဝင်ရောက်ခဲ့သော မိုးကုတ်ရိပ်သာများမှ ဆရာတော်များ ဟောကြားချက်များကို စုစည်းတင်ပြအပ်ပါသည်။

သမီးဗဂျီအောင်ဆိုး



www.burmeseclassic.com

www.burmeseclassic.com

# တံခွန်လှူ၍ ဘဝကို တလွင့်လွင့်ထူ

■ နှင်းအဥ္ဇလီ

လူတို့သည် ဘဝနိမ့်ကျမှုများကို တံခွန်လှူပြီး ဘဝကို တလွင့်လွင့် ထူကြပါ။ စီးပွားရေးနယ်ပယ်တွင်လည်းကောင်း၊ ပညာရေးနယ်ပယ်တွင်လည်းကောင်း၊ လုပ်ငန်းကိုင်ငန်းများတွင်လည်းကောင်း တလွင့်လွင့် လွင့်ထူနိုင်အောင် ဘုရားတွင် တံခွန် လှူဒါန်းပေးပါ။

တနင်္လာနေ့ မနက် ဗိုလ်တထောင်ဘုရား၏ တနင်္လာ ထောင့်တွင် တံခွန် ၁၅ လုံးကို လှူဒါန်းပါ။

"နေသား/သမီး နာမည် —— တံခွန်ကဲ့သို့ တလွင့်လွင့် ထူနိုင်ပါစေ"ဟု ဆုတောင်းပါ။

နေသား/သမီးအလိုက် ဖော်ပြထားသော နှစ်များတွင်သာ တံခွန်ကိုလှူဒါန်းပေးပါ။

တနင်္ဂနွေ ။ ၁၀ နှစ်၊ ၁၈ နှစ်၊ ၂၆ နှစ်၊ ၃၄ နှစ်၊ ၄၂ နှစ်၊ ၅၀ နှစ်၊ ၅၈ နှစ်၊ ၆၆ နှစ်၊ ၇၄ နှစ်၊ ၈၂ နှစ်။

တနင်္လာ ။ ၉ နှစ်၊ ၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၁ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်၊ ၆၅ နှစ်၊ ၇၃ နှစ်၊ ၈၁ နှစ်။

အင်္ဂါ ။ ၈ နှစ်၊ ၁၆ နှစ်၊ ၂၄ နှစ်၊ ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၅၆ နှစ်၊ ၆၄ နှစ်၊ ၇၂ နှစ်၊ ၈၀ နှစ်။

ဗုဒ္ဓဟူး ။ ၇ နှစ်၊ ၁၅ နှစ်၊ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၃ နှစ်၊ ၇၁ နှစ်၊ ၇၉ နှစ်၊ ၈၇ နှစ်။

ကြာသပတေး ။ ၅ နှစ်၊ ၁၃ နှစ်၊ ၂၁ နှစ်၊ ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၅ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်၊ ၆၉ နှစ်၊ ၇၇ နှစ်၊ ၈၅ နှစ်။

သောကြာ ။ ၃ နှစ်၊ ၁၁ နှစ်၊ ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်၊ ၆၇ နှစ်၊ ၇၅ နှစ်၊ ၈၂ နှစ်

စနေ ။ ၆ နှစ်၊ ၁၄ နှစ်၊ ၂၂ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်၊ ၇၀ နှစ်၊ ၇၈ နှစ်၊ ၈၂ နှစ်

ရာဟု ။ ၄ နှစ်၊ ၁၂ နှစ်၊ ၂၀ နှစ်၊ ၂၈ နှစ်၊ ၃၆ နှစ်၊ ၄၄ နှစ်၊ ၅၂ နှစ်၊ ၆၀ နှစ်၊ ၆၈ နှစ်၊ ၇၆ နှစ်၊ ၈၄ နှစ်

နှင်းအဥ္ဇလီ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

T.M.K
www.burmeseclassic.com



# ဝါးတောင်မှအပြန်

မောင်မောင်မိုးအောင်

*ထွန်းနေ ...*

*မင်းရဲ့တူ မောင်ထွန်းပေါက် ဆုံးပြီ။ အမြန်လာ။*

*အစ်ကိုထွန်းဖေ*

*ကမနက်ရွာ*

မိမိထံရောက်လာသော ကြေးနန်းစာကို မယုံကြည်နိုင်ဘဲ ဖြစ်နေသည်။ ဦးထွန်းနေက ကြေးနန်းစာကို အထပ်ထပ် ပြန်ဖတ်သည်။ မယုံတစ်ဝက်၊ ယုံတစ်ဝက် ဖြစ်နေခဲ့သည်။ မိမိ၏တူတော်သူ မောင်ထွန်းပေါက်သည် သူ့ဖခင်ရှိရာ ကမနက်ရွာသို့ ပြန်သွားသည်မှာ တစ်လမျှပင် မကြာသေးပါ။ တူဆိုသော်လည်း သားအရင်းသဖွယ် ပြုစုစောင့်ရှောက် ပညာသင်ပေးခဲ့သည်။ အလယ်တန်းကျောင်းသားဘဝမှ ယခု ဆယ်တန်းအောင်သည်အထိ မိမိနေထိုင်ရာ ပဲခူးမြို့၊ ဇိုင်းကနိုင်းရပ်ကွက်တွင် အတူနေထိုင်ခဲ့သူဖြစ်သည်။ ယခုနှစ် ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။ စာမေးပွဲအောင်၍ သူ့ဖခင်ရှိရာ ကမနက်ရွာသို့ ပြန်သွားသည်။ သူပြန်သွားပြီး တစ်လမျှပင် မကြာသေးမီ သေဆုံးကြောင်း ကြေးနန်းစာရောက်လာခြင်း ဖြစ်သည်။ စိတ်ထိခိုက်ကြေကွဲခြင်းဖြင့် ပဲခူးမြို့မှ အစ်ကိုရှိရာ ကမနက်ရွာသို့ ထွက်လာခဲ့သည်။

ကမနက်ရွာ၊ ဟသ်ာကုန်းရွာများသည် ပဲခူးရိုးမတောင်ခြေတွင်ရှိသော ရွာများဖြစ်သည်။ အစ်ကိုဖြစ်သူ ဦးထွန်းဖေမှာ ကမနက်ရွာတွင်နေထိုင်ပြီး ဝါးခုတ်၊ ထင်းခုတ်လုပ်ငန်းဖြင့် အသက်မွေးသူဖြစ်သည်။ မိမိက ပဲခူးမြို့တွင် အခြေကျပြီး ကုန်သည်ဖြစ်နေသည်။ အစ်ကိုဖြစ်သူကိုခေါ်သော်လည်း အစ်ကိုက သူ့ဇာတိကို မခွဲနိုင်၍ ရွာသံယောဇဉ်ဖြင့် ရွာတွင်သာ နေခဲ့သည်။

ယခုနှစ် ရှားရှားပါးပါး ကမနက်ရွာမှ မောင်ထွန်းပေါက် ဆယ်တန်းအောင်ခဲ့သည်။ ကမနက်တစ်ရွာလုံးသည် ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။ ဦးထွန်းဖေကသားကို ဖူးဖူးမှုတ်ထားခဲ့သည်။ ပဲခူးမြို့တွင် တက္ကသိုလ်ကျောင်းတက်ရန်လည်း စီစဉ်ထားပြီး ဖြစ်သည်။ ယခု သားက မမျှော်လင့်ဘဲ ရုတ်တရက်ကွယ်လွန်ခဲ့သည်။

ဦးထွန်းနေ ကမနက်ရွာသို့ ရောက်ရှိစဉ် တူတော်မောင်အလောင်းမြှုပ်ထားသည်ကို တွေ့ရသည်။

"ဘယ်လိုဖြစ်ပြီး ကျွန်တော့်တူသေရတာလဲ။ ကျွန်တော် မယုံနိုင်သူအစ်ကိုး

www.burmeseclassic.com

ကျွန်တော့်ဆီက ထွန်းပေါက်ပြန်သွားတာ ဘာကြာသေးလို့လဲ။ ကျန်းက ... မာနဲ့ အကောင်းပကတိပဲဟာ''

''မင်းတူက ဘာရောဂါမှမရှိဘူး။ ဖျားနာပြီးသေရတာလည်း မဟုတ်ဘူးကွာ''

''ဒါဖြင့် ဘယ်လိုသေရတာလဲ။ ဒီနှစ်ကျောင်းဖွင့်ရင် တက္ကသိုလ်တက်ဖို့စီစဉ်ပြီးသား။ အိမ်မှာ သူနေဖို့အခန်းတောင် ပြင်ထားပြီးပြီ''

''ငါလည်း ခံစားရတာပါပဲကွာ။ ရွာမှာ ဆယ်တန်းအောင်တာ ငါ့သား တစ်ယောက်ပဲရှိခဲ့တာ။ ခုတော့ ...''

ပြောပြောဆိုဆို ... ဦးထွန်းဖေက မျက်ရည်မဆည်နိုင်ဘဲ ငိုချလိုက်သည်။

''မင်းတူသေရတာက သွေးအန်ပြီး သေခဲ့တာ။ သိပ်ပြီးထူးဆန်းတာပဲ။ မင်းတူရဲ့ကျောကုန်းကို လှန်ကြည့်ပါဦး''

''ဘာဖြစ်လို့လဲ အစ်ကို၊ သွေးအန်ပြီးသေတယ်ဆို''

''ထူးဆန်းလွန်းလို့ပါကွာ။ ငါပြောသလိုသာ ကြည့်လိုက်စမ်းပါ''

ဦးထွန်းနေက သူ့တူကျောကုန်းဘက်သို့ လှန်ကြည့်လိုက်သည်။ ကျောကုန်းတွင် လက်ငါးချောင်းအရာကြီး ထင်ကျန်နေသည်ကို အံ့ဩဖွယ်ရာတွေ့လိုက်ရသည်။

''ဟာ .. ဒီလက်ချောင်းငါးချောင်းအရာကြီးက ဘယ်လိုဖြစ်လို့ ကျောမှာ ထင်ကျန်နေရတာလဲ။ အရင်က မရှိပါဘူး''

''အေး ... ငါလည်း မယုံနိုင်လောက်အောင်ပါပဲကွာ။ ခုလိုဖြစ်ရတာ ငါ့အပြစ်ပါကွာ။ သားက ဆယ်တန်းအောင်ခဲ့တော့ သူ့အလိုလိုက်မိတာလည်းပါတာပေါ့။ ငါ့သားသေရတဲ့အဖြစ်က ဆိုးလှပါတယ်ကွာ။ ပြောရင် မင်းတို့ ယုံမှာတောင်မဟုတ်ဘူး။ တို့ဝါးခုတ်သွားတဲ့ တောင်ပေါ်တောထဲက အစောင့်နဲ့ မင်းတူက တွေ့ခဲ့တယ်ထင်ပါရဲ့။ အဲဒီအစောင့်နဲ့ လူစားလဲရမယ်လို့ မင်းတူမသေခင်က ပြောသွားတာ''

''ဘာ ... တောထဲကအစောင့်နဲ့ လူစားလဲရမယ်ဟုတ်လား။ ဘယ်လိုလဲ။ ကျွန်တော့်ကို သေသေချာချာ ပြောပြပါဦး''

''မင်းသိတဲ့အတိုင်း တို့ဝါးခုတ်သွားတဲ့ ဝါးတောင်က တော်တော်နတ်ကြီးတယ်လို့ လူကြီးတွေက ပြောကြတာ။ အမှားအယွင်းဖြစ်လို့မရတဲ့ အခြေအနေမှာ ရှိတယ်။ တစ်ယောက်ယောက်က အမှားပြုမိခဲ့ရင် တောမှောက်တာမျိုးနဲ့ ကြုံရတတ်တယ်တဲ့။ မင်းတူက တောထဲမှာ အမှားတစ်ခုခု လုပ်မိခဲ့တာများလားလို့ ငါသံသယဝင်နေတယ်''

''ဘာကြောင့် အစ်ကို ဒီလိုပြောနိုင်ရတာလဲ''

''မင်းတူသေပုံကို ကြည့်လေကွာ။ တော်တော်ထူးဆန်းတဲ့အဖြစ်လေ''

''ကဲပါ ... ဘယ်လိုသေခဲ့ရာတယ်ဆိုတာကိုသာ ပြောပြပါ အစ်ကို''

''ပြောပါ့မယ်။ ငါ့သားသေခဲ့ရတဲ့အဖြစ်က ဒီလိုကြောင့်ပါ''

ဦးထွန်းဖေက သူ့သားမောင်ထွန်းပေါက် သေဆုံးခဲ့ရပုံကို ကြေကွဲစွာဖြင့် ညီဖြစ်သူအား ပြောပြလိုက်သည်။

* * * * *

''မနက်ဖြန် အဖေတို့ ဝါးတောင်သွားပြီး ဝါးခုတ်ကြမယ်ဆို''

''အေး ... ဟုတ်တယ်။ လှည်းဆယ့်ငါးစီးလောက် သွားကြမယ်။ သားက ဘာလို့မေးတာလဲ''

''ပျော်စရာကြီး။ သားလိုက်ချင်လို့ပါ''

''မလိုက်ပါနဲ့ သားရယ်။ ဒီအလုပ်တွေက သားနဲ့ မဖြစ်ပါဘူး။ သိပ်ပင်ပန်းတာ။ ပြီးတော့ ... သားက လုပ်ဖူးတာမဟုတ်ဘူး''

''သားမရောက်ဖူးလို့ပါ။ ဝါးမခုတ်ပါဘူး။ အဖေတို့လုပ်ကိုင်တာ သိချင်... ပါ။ ထမင်းဝိုင်းချက်ပြီး လှည်းစောင့်... မယ်လေ''

''ချက်ပြုတ်မယ့်သူတွေ ရှိပြီးသာ... ပါ''

''ကျောင်းဖွင့်ရင် သားက ပဲခူး... ရတော့မှာ။ တက္ကသိုလ်တက်ရမှာဆိုတော့... ဒီကို ပြန်လာဖို့မလွယ်တော့ဘူး။ အဖေ... စကား နားထောင်ပါ့မယ်''

''ခက်တော့တာပဲ။ ဒီဝါးတောင်က... သိပ်နတ်ကြီးတာကွဲ့။ တစ်ခုခုမှားလို့ မ... ဘူး သားရဲ့''

''သားဘာမှ အမှားမလုပ်ပါဘူး... ဗဟုသုတရချင်လို့ပါ''

''အေးလေ။ သားက ဒီလောက်... လိုက်ချင်နေမှတော့ အဖေ ခွင့်ပြုရတော့... မှာပေါ့။ ဒါပေမဲ့ လူကြီးတွေစကား နား... ထောင်ရမယ်။ ဒီဝါးတောင်က နတ်ကြီး... တော့ အမှားအယွင်းမလုပ်မိစေနဲ့နော်''

''စိတ်ချပါ အဖေရယ်။ သား လူ... ကြီးတွေစကား နားထောင်ပါ့မယ်''

နောက်တစ်နေ့နံနက် ဝေလီဝေ... လင်း အချိန်တွင် ကမနက်ရွာမှ လှည်း... ဆယ်စီးကျော် ပဲခူးရိုးမတောင်ပေါ် ဝါး... ခုတ်ထွက်ခဲ့ကြသည်။ မောင်ထွန်းပေါက်... မှာ ပထမဦးဆုံးခရီးစဉ်ဖြစ်သည့်အလျောက်... လမ်းခရီးတွင် တွေ့ကြုံရသမျှ အားလုံး... သူ့အတွက် အသစ်အဆန်းချည်း ဖြစ်နေ... သည်။ အတွေ့အကြုံသစ်လည်း ဖြစ်နေ... သည်။ သီချင်းတအေးအေးဖြင့် လိုက်ပါ... လာသည်။ ဝန်မပါသဖြင့် နွားများမပင်... ပန်းဘဲ နေမွန်းတည့်အချိန်တွင် ဝါးတော... ထဲသို့ ရောက်ခဲ့ကြသည်။ တဲထိုးသူထိုး... ချက်ပြုတ်ရေးအတွက် ပြင်ဆင်သူက ပြင်... ဆင်နှင့် အလုပ်ရှုပ်နေကြသည်။ ညနေ... စာ စားသောက်ပြီးချိန်တွင် အမှောင်ထု... ရောက်ရှိလာတော့သည်။ မီးများဖိုလိုက်... ကြသည်။ ရေချိုးကျိုသူကကျိုနှင့် ညီ... အိပ်ရန် ပြင်ဆင်ကြရသည်။ ညအတော်... ကင်းစောင့်ရန် အလှည့်ကျစီစဉ်ထားပြီး...



www.burmeseclassic.com

www.burmeseclassic.com

"တော်ပါပြီ၊ တော်ပါပြီ၊ ခေါင်းမူးလာပြီ၊ ရပ်ပါတော့"
ဟု အော်လိုက်သည်။ သို့သော် ဒန်းမှာ ရပ်တန့်မသွားဘဲ ဆက်လွှဲနေသည်။ အော်သံအဆုံးတွင် မိမိကျောပြင်ကို လက်ဝါးကြီးတစ်ဖက်ဖြင့် ဘုန်းခနဲ အရိုက်ခံလိုက်ရသည်။ အရိုက်ခံရသည့် အရှိန်ဖြင့် ဒန်းပေါ်မှ ရှေ့ဘက်သို့ ပြုတ်ကျသွားသည်။

ဖြစ်သည်။ နွားများကို မီးဖိုအနီးတွင်အိပ်စေသည်။

နောက်တစ်နေ့နံနက် အလင်းရောင်ပေါ်စမှာပင် ဝါးခုတ်ရန် တောင်ပေါ်သို့ အုပ်စုလိုက်တက်သွားကြသည်။ ချက်ပြုတ်ရန်နှင့် နွားစာကျွေး၊ နွားထိန်းရန် လေးငါးဦးသာ ကျန်ရစ်ခဲ့သည်။ ကျန်ရစ်သူများတွင် မောင်ထွန်းပေါက်လည်းအပါအဝင်ဖြစ်သည်။ စခန်းတွင် ကျန်ရစ်သူများ ကိုယ်စီတာဝန်နှင့် အလုပ်ရှုပ်နေကြသည်။ မောင်ထွန်းပေါက်တစ်ယောက်သာ တာဝန်မရှိ အားလပ်နေသူ ဖြစ်သည်။ အခြားသူများက ကိုယ့်အလုပ်၊ ကိုယ့်တာဝန်နှင့်ကိုယ် ဖြစ်နေ၍ မောင်ထွန်းပေါက်ကို ဂရုမစိုက်နိုင်ကြပေ။ အခြားသူများ အလုပ်ရှုပ်နေစဉ် မောင်ထွန်းပေါက်တစ်ဦးတည်း တဲများအနောက်ဘက် တောထဲသို့ ထွက်လာခဲ့သည်။ လက်ထဲတွင် လောက်စာလုံးများနှင့် လောက်လေးခွတစ်လက် ပါလာသည်။ လမ်းတွင် တွေ့ရာရာ ငှက်များကို ပစ်ခတ်ရင်း တောထဲတိုးဝင်ခဲ့သည်။ စခန်းနှင့် တစ်ခေါ်သာသာဝေးရာသို့ ရောက်ခဲ့သည်။ မကြာမီ နွယ်ပင်များ ရစ်ပတ်နေသော ကြီးမားသည့် ညောင်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ နွယ်ပင်များ တွဲလွဲကျနေသည်။ နွယ်ပင်များ တွဲလွဲကျနေပုံမှာ ပုခက်သဖွယ်၊ ဒန်းသဖွယ် ဖြစ်နေသည်။ မောင်ထွန်းပေါက်က စိတ်အားလက်အားဖြင့် ပုခက်ပုံဖြစ်နေသောနွယ်ပင်ကို ဒန်းအမှတ်ဖြင့် တက်စီးလိုက်သည်။ ဒန်းစီးရင်း ပါးစပ်မှ သီချင်းတစ်ပုဒ် ညည်းနေလိုက်သေးသည်။ နွယ်ဒန်းကို ရှေ့နောက်အားယူလွှဲပြီး အတန်ကြာစီးနေခဲ့သည်။ အတွေ့အကြုံသစ်များဖြစ်၍ အပျော်ကြီးပျော်နေခဲ့သည်။ ထိုစဉ် အပေါ့အပါး သွားချင်လာသဖြင့် ဒန်းပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် အနီးအနား သစ်ပင်အောက်မှာပင် အပေါ့အပါးသွားလိုက်သည်။ ပြီးနောက် ဒန်းကို ပြန်စီးသည်။ အားယူ၍ ဒန်းကိုလွှဲလိုက်သည်။ မောင်ထွန်းပေါက်တစ်ယောက်တည်း ပျော်နေခဲ့သည်။ ဒန်းမှာ ရှေ့နောက်လွှဲနေသည်။ သို့သော် ဒန်းမှာ မောင်ထွန်းပေါက်မလွှဲဘဲ သူ့အလိုအလျောက် လှုပ်ရှားနေသည်ကို သတိထားမိလိုက်သည်။ တစ်စုံတစ်ယောက်က ဒန်းကိုလွှဲပေးနေသည့်အလား အရှိန်ဖြင့် ရှေ့နောက်လွှဲနေသည်။ အရှိန်တဖြည်းဖြည်းပြင်းလာသည်။ မောင်ထွန်းပေါက် ရပ်ချင်သော်လည်း ရပ်တန့်၍မရတော့ပေ။ ကြောက်စိတ်ဖြင့် ဟစ်အော်လိုက်မိတော့သည်။

"တော်ပါပြီ၊ တော်ပါပြီ။ ခေါင်းမူးလာပြီ ... ရပ်ပါတော့"

ဟု အော်လိုက်သည်။ သို့သော် ဒန်းမှာ ရပ်တန့်မသွားဘဲ ဆက်လွှဲနေသည်။ အော်သံအဆုံးတွင် မိမိကျောပြင်ကို လက်ဝါးကြီးတစ်ဖက်ဖြင့် ဘုန်းခနဲ အရိုက်ခံလိုက်ရသည်။ အရိုက်ခံရသည့် အရှိန်ဖြင့် ဒန်းပေါ်မှ ရှေ့ဘက်သို့ ပြုတ်ကျသွားသည်။ နာကျင်လွန်းသဖြင့် 'အမလေး' ဟုအော်ကာ မှောက်လျက်လဲကျသွားပါတော့သည်။ သတိမေ့သလို၊ အိပ်ပျော်သလိုဖြစ်ကာ မြေကြီးပေါ်လဲနေသည်။ ဦးခေါင်းတစ်ခုလုံး မူးနောက်ရီဝေနေသလို ခံစားနေရသည်။

ထိုအခိုက် တစ်ကိုယ်လုံး အမွေးအမှင်များ ထူထပ်ဖွာဖုံးအုပ်နေသည့် လူထွားကြီးတစ်ဦး သူ့အာရုံထဲ ဘွားခနဲပေါ်လာသည်။

"ငါ ဒီတောကိုစောင့်နေရတာကြာခဲ့ပြီ။ လူစားလဲချင်နေတာ။ ခုတော့ .. အဆင်ပြေသွားပြီ။ မကြာခင် ငါ့ကိုယ်စား မင်းက ဒီဝါးတောကို လာရတော့မယ်"

"ကျွန်တော်မလာဘူး။ ကျွန်တော် တက္ကသိုလ်တက်ရဦးမယ်"

"မလာလို့မရတော့ဘူး။ ငါ့လူစားအဖြစ် မင်းကို သတ်မှတ်လိုက်ပြီ"

"မလာဘူး။ ဘယ်တော့မှမလာဘူး။ ခင်ဗျားက ဘယ်သူလဲ"

"ငါက ဒီဝါးတောင်နဲ့ ဝါးတောကို စောင့်နေရသူပဲ။ ဒီဝါးတောထဲရောက်လာသူတိုင်း ငါ့ကိုပသခွင့်တောင်းပြီးမှ အလုပ်လုပ်ကြတာ"

"ကျွန်တော်ဘာလုပ်လို့လဲ။ ဝါးလည်းခုတ်တာ မဟုတ်ဘူး"

"မင်းက ခွင့်မတောင်းဘဲ ဒီတောထဲက ငှက်တွေပစ်ခဲ့တယ်။ ပြီးတော့ ငါနေတဲ့အပင်အောက်မှာ အလေးအပေါ့စွန့်တယ်။ အဆိုးဆုံးက ငါစီးနေတဲ့ နွယ်ဒန်းကို ခွင့်မတောင်းဘဲ တက်စီးခဲ့တယ်။ ဒီအပြစ်တွေကြောင့် မင်းကိုခေါ်ရတော့မှာပဲ။ မင်းဒီနေရာလာဖို့ ပြင်ထားပေတော့"

"မခေါ်နဲ့၊ မလာချင်ဘူး .. မလာချင်ဘူး"

"မရတော့ဘူး။ မင်းရဲ့ကျောပြင်မှာ လက်ဝါးရာတံဆိပ်နှိပ်ပြီးပြီ။ မကြာခင် မင်းဒီနေရာကို ရောက်လာတော့မယ်"

"မလာဘူး ... မလာဘူး [illegible] ကြွပါဦး"



www.burmeseclassic.com

www.burmeseclassic.com

မောင်ထွန်းပေါက်က တအားကျိုး... အော်လိုက်သည်။ ထိုသို့အော်ရင်း ...မေ့နေရာမှ လန့်နိုးလာသည်။ မိမိပါးနှစ်ဖက်ကိုပုတ်၍ မိမိကိုလှုပ်နိုးနေသော ရွာသားနှစ်ဦးကို တွေ့လိုက်ရသည်။

"ထွန်းပေါက် ... ထွန်းပေါက်၊ မင်းဒီမှာလာပြီး အိပ်ပျော်နေတာလား။ အိပ်မက်မက်နေတာလား။ ဘာတွေအော်နေတာလဲ"

"ကျွန်တော် အိပ်ပျော်နေတယ် ဟုတ်လား"

"မင်းရဲ့အော်သံကြားလို့ တို့ရောက်လာတာ။ ဒီအပင်အောက်မှာ မင်းအိပ်ပျော်နေတာ တွေ့ရတယ်။ အိပ်နေရင်း မလာချင်ဘူး မလာချင်ဘူးနဲ့အော်နေတာ ဘယ်လိုဖြစ်ပြီး ကယောင်ကတမ်းတွေ အော်နေတာလဲ။ အိပ်မက်မက်နေလား"

"ဟုတ်တယ်။ ကျွန်တော် အိပ်မက်မက်နေတာ"

"ကဲ ... ထတော့။ တောစခန်း ပြန်ကြမယ်။ မင်းအဖေ စိတ်ပူနေမယ်"

"ကျွန်တော့်ကို တွဲထူကြပါဦး"

"ဘာဖြစ်နေလို့လဲ"

"ကျွန်တော့်ကျောကုန်းမှာ အရိုက်ခံထားရလို့ တော်တော်နာနေတယ်။ လမ်းမလျှောက်နိုင်ဘူးထင်တယ်"

"နေပါဦး။ မင်းကို ဘယ်သူရိုက်သွားတာလဲ။ ဘယ်သူမှလည်းမရှိပါဘူး"

"ဘယ်သူမှ မရှိပေမဲ့ ဒန်းစီးနေတုန်း ကျောကုန်းအရိုက်ခံရလို့ ဒန်းပေါ်ကပြုတ်ကျပြီး မူးမေ့သွားတာထင်တယ်။ ဒါမှမဟုတ် သတိမေ့နေတာ ထင်တယ်။ အိပ်မက်မက်သလိုဖြစ်နေတုန်း ဦးလေးတို့ရောက်လာတာ"

"ဟာ ... ဒီကောင်လေး ဘာတွေလျှောက်ပြောနေတာလဲ။ ဘယ်သူက မင်းကို ရိုက်မှာလဲ။ ကဲ ... ထ၊ သွားကြမယ်"

"မယုံရင် ကျွန်တော့်ကျောကုန်း လှန်ကြည့်ကြပါဦး"

ထွန်းပေါက်က အပေါ်အင်္ကျီချွတ်ပြီး ကျောကုန်းဘက်လှည့်ပြလိုက်သည်။

"ဟာ ... ဟုတ်တယ်၊ ဟုတ်တယ်။ လက်ဝါးချောင်းအစင်းရာကြီးထင်နေပါလား။ ထူးဆန်းလိုက်တာ။ မင်းတော့ တောခြောက်တာခံရပြီထင်တယ်။ လာ ... လာ ... ဒီနေရာက မြန်မြန်သွားမှ ဖြစ်တော့မယ်"

ရွာသားနှစ်ဦးက ထွန်းပေါက်ကို တွဲထူပြီး တဲစခန်းရှိရာ ပြန်လာခဲ့ကြသည်။ တဲစခန်းပြန်ရောက်ပြီး မောင်ထွန်းပေါက်မှာ အရိုက်ခံထားရသည့်ဒဏ်ကြောင့် မထိုင်နိုင်ဘဲ အိပ်ရာထဲလဲနေတော့သည်။ ညနေစောင်းတွင် ဝါးခုတ်သူများ စခန်းသို့ တဖွဲဖွဲပြန်ရောက်လာကြသည်။ ခုတ်ယူပြီး စုပုံထားသော ဝါးများလှည်းပေါ်တင်ကြသည်။ နောက်တစ်နေ့မနက်ပိုင်း ရွာပြန်နိုင်ရန် စီစဉ်နေကြခြင်းဖြစ်သည်။ အလင်းရောင်မပျောက်မီ ဝါးများလှည်းပေါ်အပြီးတင်ကြသည်။ အားလုံးပြီးစီးသွားတော့မှ ညနေစာ စုပေါင်းစားသောက်ကြသည်။ မောင်ထွန်းပေါက်မှာ ထမင်းမစားနိုင်ပါ။ အားလုံးစိတ်ပူပန်မှုများဖြင့် မောင်ထွန်းပေါက်ကို ပြုစုနေကြသည်။ မောင်ထွန်းပေါက်လည်း မည်သူ့ကိုမျှ စကားမပြောတော့ပါ။ သူ့အဖြစ်ကိုလည်း မည်သို့မေးမေး မဖြေတော့ပါ။ တိတ်ဆိတ်ငြိမ်သက်နေတော့သည်။ ယခုတစ်ပတ် ဝါးခုတ်ရာတွင် နှစ်ညအိပ်နှင့်ပင် ပြီးပြတ်ခဲ့သည်။

နောက်တစ်နေ့နံနက်စောစော နေမပူမီမှာပင် ဝါးတောမှ ရွာသို့ပြန်လာကြသည်။ ဝန်ပါသဖြင့် အသွားတုန်းကကဲ့သို့ ခရီးမတွင်တော့ပါ။ လှည်းတန်းမှာ တအိအိသာ သွားနေသည်။ နေမွန်းတိမ်းပြီးမှ ရွာသို့ ပြန်ရောက်ကြသည်။ ထွန်းပေါက်တစ်ယောက်လည်း အိမ်ပြန်ရောက်သည်နှင့် အပြင်းဖျားနေသည်ကို တွေ့ရသည်။ အဖျားကြီး၍ သတိမရတစ်ချက်၊ ရတစ်ချက် ဖြစ်နေသည်။ အတွေ့အကြုံရှိသော လူကြီးများက –

**ဆရာဦးသိန်း ပြန်ထွက်သွားပြီး ခဏအကြာမှာပင် မောင်ထွန်းပေါက် ပါးစပ်ထဲမှ သွေးများ ဝေါ့ခနဲ အန်ကျလာသည်။ "အဖေ ကျွန်တော် မနေရတော့ဘူး။ သွားရတော့မယ်။ ဝါးတောမှာ လူစားသွားလဲရတော့မယ်"**

"ဒီမှာထွန်းဖေ ... မင်းသားဟာ ဝါးတောင်မှာ အမှားတစ်ခုခု လုပ်ခဲ့ပြီထင်တယ်။ သူဖျားနေတာ တစ်မျိုးပဲကွ။ ပြီးတော့ ကျောကုန်းမှာ လက်ဝါးအရာကြီး ပါလာတာ မကောင်းဘူးကွ။ ရွာထိပ်က ဆရာဦးသိန်းကို သွားပင့်ပြီး ပြကြည့်ပါလား။ ဆရာဦးသိန်းက ပယောဂကိစ္စတွေဆို တော်တော်နိုင်တာ"

"အင်း ... ကျွန်တော်လည်း ကျွန်တော့်သားအတွက် စိတ်တော်တော်ပူနေတယ်။ ဆရာဦးသိန်း ခုပဲသွားခေါ်မယ်"

ချက်ချင်းပင် ဦးထွန်းဖေက ရွာထိပ်ရှိ ဆရာဦးသိန်းနေအိမ်ဘက်သို့ ထွက်သွားသည်။ ဆရာဦးသိန်းခြံဝိုင်းအစရောက်တွင် ဆရာဦးသိန်းကို အဆင်သင့်တွေ့သည်။ ဦးထွန်းဖေက အဖြစ်အပျက်ကို ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီတောက ဒီလောက်နတ်ကြီးတယ်လို့ နာမည်ကြီးနေတာ။ ဒါကို ထွန်းဖေ မသိဘူးလား။ သားကို ဘာဖြစ်လို့ ဝါးတောင်ကို ခေါ်သွားရတာလဲ"

"သားက ဆယ်တန်းအောင်ခဲ့တော့ သူ့အလိုလိုက်ခဲ့မိတာ ကျွန်တော့်အမှားပါပဲ။ ကျေးဇူးပြုပြီး ဆရာလိုက်ကြည့်ပေးပါနော်"

"အင်း ... ထွန်းဖေ ပြောပုံအရဆိုရင်တော့ မင်းသားဟာ ဝါးတောမှာ အမှားအယွင်းတစ်ခုခု ဖြစ်ခဲ့ပြီထင်တယ်။ လုပ်ခဲ့ရင်တော့ မလွယ်ဘူးကွဲ့။ အေးလေ၊ ဖြစ်လာမှတော့ လိုက်ကြည့်ပေးရမှာပေါ့"

"ကျေးဇူးတင်ပါတယ်။ သားကိုလည်း ဘာမှမေးလို့မရဘူး။ ဆရာကယ်ပါနော်"

"အေးပါ၊ လိုက်ကြည့်ပေးပါ့မယ်"

ဆရာဦးသိန်းနှင့် ဦးထွန်းဖေတို့ ထွန်းပေါက်တို့ခြံဝသို့ ရောက်လာသည်။ ဆရာဦးသိန်းကိုတွေ့သည်နှင့် မောင်ထွန်းပေါက်က အော်ဟစ်ပြီးပြောလိုက်သည်။

"ဆရာ ... မလာပါနဲ့တော့။ ပင်ပန်းနေပါ့မယ်။ ခုမှတော့ မထူးတော့ပါဘူး။ ကျွန်တော့်ကို လာခေါ်နေကြပြီ။ မကြာခင်သွားရတော့မယ်။ ဆရာပြန်ပါတော့"

မောင်ထွန်းပေါက်အော်သံကြောင့် ဆရာဦးသိန်း ခြံဝတွင်ရပ်တန့်နေလိုက်သည်။ ဆရာဦးသိန်းက မောင်ထွန်းပေါက်ကို အသေအချာစိုက်ကြည့်လိုက်သည်။ ပြီးနောက် ခြံအပြင်ဘက်သို့ ပြန်ထွက်ရန် ပြင်လိုက်သည်။

"ဆရာပြန်တော့မယ်။ မင်းရဲ့သား အပမှီသလိုဖြစ်နေပြီ။ မရတော့ဘူးထင်တယ်။ အတွေ့အကြုံအရ ငါသိနေရတယ်။ မကယ်နိုင်တာ စိတ်မကောင်းပါဘူး"

ဆရာဦးသိန်း ပြန်ထွက်သွားပြီး ခဏအကြာမှာပင် မောင်ထွန်းပေါက် ပါးစပ်ထဲမှ သွေးများ ဝေါ့ခနဲ အန်ကျလာသည်။

"အဖေ ... ကျွန်တော် မနေရတော့ဘူး။ သွားရတော့မယ်။ ဝါးတောမှာ လူစားသွားလဲရတော့မယ်"

"သား ... ဘာတွေပြောနေတာလဲ။ မနက်ဖြန် မိုးလင်းတာနဲ့ သားကို မြို့ကဆေးရုံပို့မယ်"

"လူစားလဲရမယ်လို့ သားကိုအသေအချာပြောခဲ့တာ"

"သား ... ဒါတွေမယုံပါနဲ့။ သား သွေးတွေအန်တာလည်း အစားမှားလို့ဖြစ်မယ်ထင်တယ်။ ဆေးရုံရောက်ရင် သားနေကောင်းသွားမှာပါ"

မောင်ထွန်းပေါက်မှာ စကားပြောနေရင်း သွေးများအန်ကျလာပြန်သည်။ ကိုယ်အပူချိန်မှာလည်း လုံးဝမကျဘဲ ဖြစ်နေသည်။ နောက်ထပ်တစ်ကြိမ် သွေးများအန်ကျပြီးချိန်တွင် မောင်ထွန်းပေါက် စကားမပြောနိုင်တော့ဘဲ လဲကျသွားပါတော့သည်။ လုံးဝ သတိလည်မလာတော့ပါ။ တတ်ကျွမ်းသူများက စမ်းသပ်ကြည့်ကြသည်။

"ဟာ ... ထွန်းဖေ၊ မင်းသား အသက်မရှိတော့ဘူး"

* * * * *

"မင်းတူသေခဲ့ရတာ ခု ငါပြောပြတဲ့အတိုင်းပါပဲ"

"ကျွန်တော့်တူ ထွန်းပေါက်ဟာ ဝါးတောင်လိုက်သွားမိလို့ သေရတာပေါ့"

"အဖြစ်အပျက်အမှန်တွေကို ငါ ပြောပြခဲ့ပြီးပြီ။ ကျောကုန်းမှာလည်း လက်ငါးချောင်းအရာကြီး ပါလာတယ်။ ပြီးတော့ လူစားလဲရမယ်လို့ သူ့ကို အိပ်မက် ပေးခဲ့တယ်လို့ သူမသေခင်လေးတင်ပြောပြသွားသေးတယ်"

"မယုံနိုင်စရာပါပဲလား အစ်ကိုရာ။ နတ်ကြီးတဲ့ ဝါးတောင်လိုက်သွားမိလို့ ရေတိမ်နစ်ခဲ့ရတာ နှမြောလိုက်တာ။ ကျွန်တော် ဘယ်လိုဖြေရမလဲဗျာ"

"ရက်လည်ပြီးမှ ပြန်တော့ကွာ။ တို့ညီအစ်ကိုတွေ မတွေ့ရတာလည်း ကြာပြီ"

"ရက်လည်ပြီးမှ ပဲခူးပြန်တော့မယ်။ ကျွန်တော့်တူလေးရဲ့ နောက်ဆုံးခရီးပဲလေ"

မောင်ထွန်းပေါက်ရုပ်အလောင်းကို ငါးရက်တိတိထားခဲ့သည်။ ငါးရက်မြောက်နေ့တွင် ရွာသင်္ချိုင်းမှာပင် မြေမြှုပ်သင်္ဂြိုဟ်ပါသည်။ အလောင်းမြေကျသည့် ထိုညတွင် ညီအစ်ကိုနှစ်ဦး အိပ်ရာတစ်ခုတည်း အတူအိပ်ကြသည်။ ပင်ပန်းထားကြသဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေကြသည်။

"ရက်လည်ပြီးတာနဲ့ ကျွန်တော်သွားရတော့မယ် အဖေ။ နှစ်ရက်သုံးရက်ပဲ နေရတော့မယ်။ ခုတောင် အိမ်ရှေ့က ဝါးပင်မှာ ကျွန်တော်ရှိနေတာ"

"ဘာလို့ ဝါးပင်မှာနေရတာလဲ။ ရက်လည်တဲ့အထိ အိမ်ပေါ်မှာပဲ နေပါတော့လား"

"အဖေ့ဆန္ဒအတိုင်း အိမ်ပေါ်မှာလည်းနေမယ်၊ ဝါးပင်မှာလည်း နေမယ်လေ"

"ရက်လည်ပြီး သားက ဘယ်ကိုသွားမှာလဲ။ ဝါးတောထဲသွားပြီး လူစားမလဲနဲ့နော်။ ငါ့သားတောထဲမသွားရဘူး။ မသွားရဘူး"

သူ့အစ်ကို၏အသံကြောင့် နံဘေးတွင်အိပ်နေသော ဦးထွန်းနေက သူ့အစ်ကိုဦးထွန်းဖေကို လှုပ်နှိုးလိုက်သည်။

"အစ်ကို ... ဘာတွေအော်နေတာလဲ။ မသွားရဘူး ... မသွားရဘူးနဲ့။ အိပ်မက်မက်ပြီးအော်နေတာလား"

"ဟုတ်တယ်။ မင်းတူက ငါ့ကို အိပ်မက်ပေးတာ။ အိမ်ရှေ့က ဝါးပင်မှာ သူရှိနေတယ်တဲ့"

"အစ်ကို့သားကိုစိတ်စွဲပြီး အိပ်မက်မက်တာဖြစ်မှာပါ။ ဒါတွေ သိပ်မယုံပါနဲ့။ အချိန်ရှိသေးတယ်။ ပြန်အိပ်လိုက်ပါဦး"

www.burmeseclassic.com

နောက်တစ်နေ့နံနက်မှစ၍ ဦးထွန်းဖေမှာ နံနက်၊ ညနေ ထမင်းစားချိန်တိုင်း အိမ်ရှေ့ရှိ ဝါးပင်ရင်းတွင် ထမင်းတစ်ပွဲ သွားရောက်ချထားသည်ကို တွေ့ရသည်။

"သား ... မောင်ထွန်းပေါက်ရေ သားဒီဝါးပင်မှာရှိနေတာ အဖေ့ကို အိပ်မက်ပေးလို့ အဖေသိပါပြီ။ ဒါကြောင့် ထမင်းလာကျွေးတာ၊ စားပေတော့"

ဦးထွန်းဖေ ထိုသို့ပြောလိုက်သည်နှင့် လေမတိုက်ပါဘဲလျက် ဝါးပင်၊ ဝါးရွက်များ ရုတ်တရက်လှုပ်ရှားသွားသည်။ ဦးထွန်းဖေက တအံ့တသြကြည့်နေလိုက်သည်။ သူ့သား ဝါးပင်တွင် အမှန်တကယ်ရှိနေကြောင်း ဦးထွန်းဖေ ယုံကြည်သွားတော့သည်။ ထို့ကြောင့် မနက်စာ၊ ညနေစာ အချိန်မှန် ဝါးပင်ရင်းတွင် ထမင်းပွဲပြင်၍ ကျွေးသည်။ အခြားသူများက အံ့သြသလိုကြည့်သွားကြသည်ကို ဦးထွန်းဖေ ဂရုမစိုက်နိုင်တော့ပါ။

ရက်မလည်သေး၍ အိမ်တွင် လူစည်နေသည်။ တောဓလေ့အတိုင်း ခြံဝိုင်းထဲတွင် ဖဲဝိုင်းများရှိသည်။ အိမ်ပေါ်တွင် ငြိမ့်သည်များလည်း ရှိနေသည်။ ဦးထွန်းဖေ ဝါးပင်အောက်မှ ဖြတ်သွားတိုင်း ဝါးပင်များ လှုပ်ရှားလာတတ်သည်။ လေတိုက်သကဲ့သို့ ကိုင်းညွတ်ယိမ်းထိုး လှုပ်ရှားလာတတ်သည်။ သားဖြစ်သူက သူရှိကြောင်း ပြသည့်သဘောဖြစ်သည်။

"သား ... မလုပ်နဲ့တော့။ လူတွေကြောက်သွားရင် မကောင်းဘူး။ သား ဒီမှာရှိနေတာ အဖေယုံပါပြီ"

ဦးထွန်းဖေ ထိုသို့ပြောလိုက်သည်နှင့် လှုပ်ယမ်းနေသော ဝါးကိုင်းများ၊ ဝါးရွက်များ ရုတ်တရက် ငြိမ်သက်သွားတော့သည်။ သူ့သား ဝါးပင်တွင်ရှိနေကြောင်း ဦးထွန်းဖေ ပို၍ပင် ယုံကြည်နေတော့သည်။ ရက်မလည်မီ တစ်ရက်အလိုနေ့က ဖြစ်သည်။ ဦးလေးဖြစ်သူ ဦးထွန်းနေက သူ့တူ ထွန်းပေါက်သေဆုံးရသည့် အဖြစ်အား ဘဝင်မကျဖြစ်ကာ ဆရာဦးသိန်းနှင့် သွားရောက်ဆွေးနွေးမေးမြန်းရန် အစ်ကိုဖြစ်သူကို ပြောလိုက်သည်။

"သေသွားပြီးတဲ့ မင်းရဲ့တူက ပြန်ရှင်လာတော့မှာမှ မဟုတ်တာ။ မသွားပါနဲ့တော့"

"ကျွန်တော့်တူ သေပုံက ဆန်းနေလို့ပါ။ ကျွန်တော် ဆရာသိန်းနဲ့သွားတွေ့မယ်။ နည်းနည်းပါးပါး မေးကြည့်ချင်လို့ပါ။ သွားလေသူ ကျွန်တော့်တူလေးအတွက် ကောင်းတာလေးတွေ လုပ်ပေးချင်လို့ပါ"

"အေးလေ၊ မင်းဒီလောက် ဆရာသိန်းဆီ သွားချင်နေမှတော့ သွားကြတာပေါ့။ ငါကတော့ သိပ်မသွားချင်တော့ဘူး"

"ဆရာသိန်းက ခုလိုကိစ္စတွေကျွမ်းကျင်ပါတယ်။ သွားမေးသင့်တယ်"

"ဟိုနေ့က သွားပင့်တုန်းက ခြံဝင်းထဲတောင်မဝင်တော့ဘဲ လှည့်ပြန်သွားခဲ့တယ်လေ"

"ဟုတ်တယ်လေ။ မင်းသားမရတော့ဘူးလို့ ပြောသွားတာပဲ။ သူပြောတဲ့အတိုင်း အမှန်ဖြစ်ခဲ့တာပဲ။ သူပြောစကားအရ ဆရာသိန်းရဲ့ပညာကို ခန့်မှန်းလို့ရပါတယ်။ လာပါ ... သွားကြမယ်"

မောင်ထွန်းပေါက် သေဆုံးရပုံကို ပဓာနဆရာ၊ ဆရာသိန်းထံ သွားမေးမည်ဆို၍ ဆွေမျိုးများပါ လိုက်ပါလာကြသည်။ လူဆယ်ဦးကျော်ခန့်ရှိသည်။ ရွာထိပ်ရှိ ဆရာသိန်းနေအိမ်ဘက်သို့ ထွက်လာကြသည်။ ဆရာသိန်းကို ခြံထဲတွင် အဆင်သင့်တွေ့ရသည်။ ခြံထဲဝင်လာသူများကို ဆရာသိန်းက လှမ်းကြည့်လိုက်သည်။ ပြီးနောက် လူစုကိုကျော်၍ နောက်ဘက်ဘို့လည်း လှမ်းကြည့်လိုက်သေးသည်။

"လူစုနဲ့ပါလား။ လာ ... လာ၊ ထိုင်ကြ။ ဘာကိစ္စရှိလို့လာကြတာလဲ။ မောင်ထွန်းပေါက်သေရတဲ့ကိစ္စပဲ ထင်တယ်"

"ဒီလိုပါဆရာ။ သားမသေခင် ထိး ခုဏ်သွားတော့ သားက ပူဆာတာနဲ့ ထိး တောင်ခေါ်သွားမိတယ်။ သားက ထိး တောထဲ တစ်ယောက်တည်းလျှောက် သွားခဲ့တယ်။ အဲဒီမှာ ဖြစ်ပျက်ခဲ့တာတွေ ဆရာ့ကို ပြောပြခဲ့ပြီးပါပြီ။ သားမသေခင် တောထဲမှာ : အစောင့်နဲ့ လူစားသွားယဲ့ရ မယ်လို့ပြောတယ်။ မကြာခင်သွားရတော့ မယ်လို့လည်း ပြောခဲ့တယ်။ အဲဒီကိစ္စ နည်းနည်းထူးဆန်းနေတယ်။ ဒါကြောင့် ဆရာ့ဆီ လာခဲ့ကြတာ"

"ဪ၊ မင်းတို့က သူ့အကြောင်း မေးဖို့ လာခဲ့ကြတာကိုး။ ဒါ့ကြောင့် မင်း တို့နဲ့အတူ လူတစ်ယောက် ကပ်ပါလာ တယ်ကွဲ့"

ဆရာ့စကားကြောင့် ပါလာသူများ နောက်ဘက် ခြံဝသို့ လှည့်ကြည့်လိုက် ကြသည်။

"ဘယ်သူမှလည်း မတွေ့ပါဘူး ဆရာ"

"ခြံထဲမဝင်ရဲလို့ ခြံဝမှာ ကျန်ခဲ့ တယ်။ မင်းတို့ ဒီကပြန်ရင် သူလည်း ပြန်လိုက်သွားမှာပဲ။ ဒါပေမဲ့ ကြောက်စရာ မလိုဘူး။ သူ့ကြောင်း သူနဲ့ရင်းနှီးသူတွေ ကို ပြချင်ပြလိမ့်မယ်။ သတိထားမိရင် တော့ ထူးခြားတာတွေ တွေ့ကြုံရလိမ့် မယ်ထင်တယ်"

"သူဝါးပင်မှာရှိနေကြောင်း ပြပြီးပါ ပြီ ဆရာ"

"အေးလေ ... မင်းက အဖေမို့ သူရှိကြောင်းသိအောင် ပြတာဖြစ်မယ်။ မောင်ထွန်းပေါက်ပြောခဲ့တာတွေ အမှဲ့ အလမ်းမထားပါနဲ့။ ဒီရွာမှာ ဒီကလေး တစ်ယောက်တည်းပဲ ဆယ်တန်းအောင်ခဲ့ တာကွဲ့။ ထွန်းပေါက်ခုလိုဖြစ်ရတာ ဆရာ လည်း စိတ်မကောင်းပါဘူး။ ဝါးတောထဲ က အစောင့်နဲ့သွားပြီး လူစားလဲရမယ်ဆို တာတွေ သိပ်ပြီး မစွဲပါနဲ့။ သူ့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်များများသာ လုပ်ပေးကွဲ့။ အမျှအတန်းပေးပေါ့။ အိမ်



www.burmeseclassic.com

www.burmeseclassic.com

သူ လွတ်ရာကျွတ်ရာ သွားနိုင်မှာကွဲ့။ ဒါက အကောင်းဆုံးပါပဲ''

''ဒါတော့ စိတ်ချပါ။ ကျွန်တော့်သား တောထဲက အစောင့်နဲ့ လူစားသွားလဲလို့တော့ မဖြစ်ဘူး။ ဆရာကြီးပြောသလို သူ့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်တွေများများလုပ်ပေးမယ်။ မကြာမကြာလည်း လုပ်ပါ့မယ်''

''မောင်ထွန်းပေါက်အတွက် ကယ်တင်ဖို့ အဲဒါက အကောင်းဆုံးပဲကွဲ့။ ဒါနသာ များများလုပ်၊ အမျှအတန်းပေးဝေပေါ့။ ကဲ ...ကဲ ...သွားကြတော့။ မှောင်သွားရင် မကောင်းဘူးကွဲ့''

ရက်လည်သည့်နေ့တွင် ပင့်သံဃာ (၅)ပါး ကြွရောက်တော်မူလာသည် ...။ မောင်ထွန်းပေါက်အတွက်ရည်စူး၍ ဝတ္ထုငွေများ၊ သင်္ကန်းများလည်း ဆက်ကပ်လှူဒါန်းခဲ့သည်။ ရေစက်ချအမျှဝေရာတွင် မောင်ထွန်းပေါက်အမည်ကိုခေါ်ကာ အမျှအတန်းပေးဝေခဲ့ပါသည်။ နေမွန်းတိမ်းစပြုတော့မှ ရက်လည်အလှူကိစ္စ ပြီးစီးသွားတော့သည်။ ဆောက်လုပ်ထားခဲ့သော တာလပတ်အမိုးမဏ္ဍပ်များ ဖြုတ်သိမ်းကြသည်။ ငှားရမ်းထားသော အိုးခွက်ပန်းကန်ခွက်ယောက်များ အပ်နှံသူကပြန်လည်အပ်နှံကြသည်။ သက်ဆိုင်ပတ်သက်သူများ အားလုံးအလုပ်ရှုပ်နေတော့သည်။ ညနေပိုင်းမှ လူရှင်းသွားတော့သည်။ ဧည့်သည်များလည်း ပြန်သွားကြပြီဖြစ်သည်။ ဆွေမျိုးအနည်းငယ်သာ အိမ်တွင်ကျန်ခဲ့သည်။ အားလုံး ပင်ပန်းနေကြပြီဖြစ်သည်။

ခပ်စောစောပင် အိပ်ရာဝင်ခဲ့ကြသည်။ ဦးထွန်းဖေ၊ ဦးထွန်းနေ ညီအစ်ကိုနှစ်ဦး တစ်အိပ်ရာတည်းတွင်ပင် အတူအိပ်ကြသည်။ ညလူခြေတိတ်ချိန်တွင် ညီဖြစ်သူ ဦးထွန်းနေထံမှ ဝူးဝူးဝါးဝါး လှုပ်ရှားရန်းကန်သံများကြောင့် အစ်ကိုကြီးဖြစ်သူ ဦးထွန်းဖေ အိပ်ရာမှ လန့်နိုးလာခဲ့ရသည်။

''ညီလေး ...ထွန်းနေ၊ ဝူးဝူးဝါးဝါးနဲ့ ဘာတွေဖြစ်နေတာလဲ။ မင်းလက်တွေက ဟိုယမ်းဒီယမ်းနဲ့။ ဘာဖြစ်လို့လဲ''

''ကျွန်တော့်အိပ်မက်ထဲမှာ ကျွန်တော့်တူ မောင်ထွန်းပေါက်နဲ့တွေ့တယ်။ ကျွန်တော်တူလေးလုပ်လို့ ကျွန်တော် ခုလိုလှုပ်လှုပ်ရှားရှားဖြစ်သွားတာ''

''ဘာ ...အိပ်မက်ထဲမှာ မင်းတူနဲ့တွေ့တယ်။ မင်းတူက ဘာလုပ်လိုက်လို့လဲ''

''တံခါးတွေပိတ်ထားတော့ သူထွက်သွားမရဘူး ဖြစ်နေတယ်တဲ့။ တံခါးဖွင့်ပေးဖို့ လာနှိုးတာဖြစ်မယ်။ ကျွန်တော့်ရင်ဘတ်ကို ဖိထားသလိုပဲ အသက်ရှူမဝဖြစ်ပြီး လန့်အော်မိတာထင်တယ်''

ညီဖြစ်သူ၏စကားကြောင့် ဦးထွန်းဖေက တံခါးများကို ကြည့်လိုက်သည်။ မှန်အိမ်မီးရောင်ရှိ၍ ထင်ထင်ရှားရှားတွေ့ရသည်။ အိမ်တံခါးမကြီးပိတ်ထားသည်။ ခေါင်းရင်းဘက်ပြတင်းပေါက်တံခါးလည်း ပိတ်ထားသည်ကို တွေ့လိုက်ရသည်။

''အိပ်ရာဝင်စက ခေါင်းရင်းဘက်ပြတင်းပေါက်တံခါး ငါဖွင့်ထားတာပဲ။ ဘယ်သူပိတ်လိုက်လဲမသိဘူး''

''ကြောက်တတ်တဲ့သူတစ်ယောက်ယောက် လာပိတ်လိုက်တာထင်တယ်''

''ဒါဆိုလည်း တံခါးတွေ ဖွင့်ပေးလိုက်ကြတာပေါ့ကွာ။ ဒါမှ ငါ့သား သွားလိုရာ သွားနိုင်မယ်''

ဦးထွန်းဖေက တံခါးမကြီးရှိရာ ထသွားပြီး တံခါးချက်ဖြုတ်ကာ ဖွင့်လိုက်သည်။ ထိုအချိန်တွင် ညီဖြစ်သူ ဦးထွန်းနေက ပြတင်းပေါက်တံခါးဖွင့်ရန် ချက်ဖြုတ်လိုက်သည်။ တံခါးချက်ဖြုတ်ရုံသာရှိသေးသည်၊ ပြတင်းပေါက်တံခါးနှစ်ချပ်မှာ တစ်စုံတစ်ယောက်က တွန်းဖွင့်လိုက်သကဲ့သို့ အလိုအလျောက် ပွင့်ထွက်သွားသည်။ တစ်စုံတစ်ယောက် တိုးထွက်သွားသည့်အလား ပြတင်းပေါက်တံခါးနှစ်ချပ် လှုပ်ခါကျန်ရစ်ခဲ့သည်။ ဦးထွန်းနေမှာလည်း အံ့အားသင့် မှင်တက်မိနေခဲ့သည်။ ပြီးမှ သတိပြန်ဝင်လာကာ အစ်ကိုဖြစ်သူကို လှမ်းကြည့်လိုက်သည်။

''ပြတင်းပေါက်တံခါးနှစ်ချပ် မင်းချက်ဖြုတ်ရုံရှိသေးတယ်။ မင်းမဖွင့်ခင်ထွက်သွားတာ ငါမြင်လိုက်တယ်။ မင်းရဲ့တူ မင်းကို အိပ်မက်ပေးတာ အမှန်ဖြစ်မယ် ထင်တယ်''

''အံ့ဩဖို့ကောင်းလိုက်တာ။ ကျွန်တော် ဒါမျိုးတွေ အယုံအကြည်မရှိခဲ့ပါဘူး။ ခုတော့ ကိုယ်တွေ့ကြုံရပြီ''

မယုံနိုင်ဖွယ်ရာ အဖြစ်အပျက်ကြောင့် ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလျက်သား ဖြစ်နေတော့သည်။ လေမတိုက်ပါဘဲလျက် တံခါးနှစ်ချပ် လှုပ်ခါနေဆဲ ဖြစ်နေသည်ကို တွေ့ရသည်။ ဦးထွန်းဖေက ပြတင်းပေါက်မှတစ်ဆင့် အိမ်ရှေ့ရှိ ဝါးပင်များရှိရာ လှမ်းကြည့်လိုက်သည်။ လေတိုက်ခတ်မှု မရှိသဖြင့် ဝါးပင်ဝါးရွက်များ ထူးခြားစွာ ငြိမ်သက်နေသည်။

''အဖေ ...ရက်လည်ပြီးတာနဲ့ ကျွန်တော် သွားရတော့မယ်။ သုံးလေးရက်ပဲ နေရတော့မယ်''

ဟူသည့် အိပ်မက်ထဲတွင် သူ့သား ပြောခဲ့သည့်စကားကို ဦးထွန်းဖေ ပြန်လည်ကြားယောင်နေမိသည်။ သူ့သား မောင်ထွန်းပေါက်တစ်ယောက် အမှန်တကယ် လွတ်ရာကျွတ်ရာသို့ သွားနိုင်ခဲ့ပြီလား။ သို့တည်းမဟုတ် လူစားထဲရှိနေ ဝါးတောထဲသို့ပင် သွားခဲ့လေပြီလား ဆိုသည်ကိုမူ ဦးထွန်းဖေတစ်ယောက် ဆွေးတတ်နိုင်အောင် ဖြစ်နေပါတော့သည်။

မောင်မောင်မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

■ သုတေသီဆရာငြိမ်း


# အာဟာရပြည့် ဆေးဖက်ဝင် သီးနှံအစားအစာများ

## ဒူးရင်းသီး၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

ဒူးရင်းပင်သည် ပင်ကြီးမျိုးတွင် ပါဝင်၍ အမြင့်ပေအားဖြင့် ပေ ၃၀ အထိ ရှည်၏။ ၅ နှစ်သား၊ ၆ နှစ်သား အရွယ်သို့ရောက်လျှင် အပွင့်အသီးများ စတင်ပွင့်လေ့သီးလေ့ရှိပါသည်။

မိုးများ၍ စွတ်စိုသော ရာသီဥတုကို နှစ်သက်၏။ အထက်မြန်မာပြည် မိုးခေါင်ရေရှား ရပ်ဝန်းဒေသများတွင် ပေါက်ရောက်လေ့ မရှိပေ။ စိုက်ပျိုး၍လည်း မဖြစ်ထွန်းနိုင်ပေ။ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး မြန်မာပြည်ဒေသအသီးသီးသို့ တင်ပို့ရောင်းချကြသည်။ ဒူးရင်းသီး၏အနံ့မှာ ပြင်းလွန်းသဖြင့် အချို့မနှစ်သက်ကြသော်လည်း နှစ်သက်သူများကမူ ဈေးကောင်းပေး၍ မက်မက်စက်စက် စားသောက်တတ်ကြပေသည်။ များသောအားဖြင့် ဒူးရင်းသီး၏ အနံ့အရ...ကို ကြိုက်နှစ်သက်ကြသူများအနေဖြင့် မုန့်များပြုလုပ်...တွင် ဒူးရင်းသီးကိုပါထည့်၍ ပြုလုပ်လေ့ရှိကြသည်။ ...အားဖြင့် ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်ဖတ်...ဖာလူဒါ၊ ရေခဲမုန့်၊ ဒိန်ချဉ်၊ ဖျော်ရည်၊ ဒူးရင်းကိတ်၊ ဒူးရ...ယို၊ ဒူးရင်းနို့ စသည်ဖြင့် အမျိုးမျိုး စီမံပြုလုပ်...မက်မက်စက်စက် စားသုံးလေ့ရှိကြသည်။

ဒူးရင်းသီးနှင့် စပ်လျဉ်း၍ မြန်မာ့ဆေးကျမ်း...အလိုအားဖြင့် ဒူးရင်းသီးမှည့်သည် ချိုစိမ့်သော အရ...ရှိ၏၊ ပူ၏။ သွေးကိုတက်ကြွစေ၏၊ ဝမ်းမီးကို တော...စေ၏။ အစာကို ကြေကျက်စေ၏။ လေထိုးခြင်း၊ ...အောင့်ခြင်း၊ လေနာခြင်း ဝေဒနာတို့ကို သက်သာပျော...ကင်းစေ၏။ ဆီးပူခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးကျင်ခြ...စသောဝေဒနာများကို ပယ်ဖျောက်စေနိုင်၏။




အချို့သော ပုဂ္ဂိုလ်များက ဒူးရင်းသီ...တွင် အပူများသည့်အတွက် များစွာမ...ကြပေ။ ဒူးရင်းသီးကို စားပြီးပါက ဒူးရ...ခွက်ထဲသို့ ရေထည့်ကာ ထိုရေအား ...သောက်ပေးကြ၏။ ရေနိုင်နိုင်ချိုးပေး...၏။ ဖြေဆေးအဖြစ် မင်းကွတ်သီးကို ...ပေးခြင်းဖြင့် အပူကို ငြိမ်းအေးစေ၏။ ငှက်ပျောသီးမှည့် စားပေးခြင်းဖြင့်လည်း အပူကို ငြိမ်းစေ၏။

သဘာဝမှ အလင်းပြကျမ်း...ဒူးရင်းသီးသည် ချိုစိမ့်သောအရသာရှိပြီး ပူ၏။



www.burmeseclassic.com

www.burmeseclassic.com



အဆီပြဲဇာများ၏၊ ထို့ကြောင့် ဆီးနည်း၏၊ လေသတ်စေ၏။ သွေးကိုတက်စေ၏ဟု ဖော်ပြထားပေသည်။ ဒူးရင်းသီးသည် အပူအစပ်လွန်ကဲသော အစာဖြစ်သဖြင့် အချို့က အပူနာများ ဖြစ်မည်စိုးရကား များများမစားဘဲကြပေ၊ သို့သော် ဖြေဆေးရှိသည့်အတွက် စိုးရိမ်ကြောင့်ကြဖွယ် မရှိပါ။

ဒူးရင်းသီးကို စားသုံးပေးခြင်းအားဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ အားကိုဖြစ်စေ၏၊ နှုတ်ကိုမြိန်စေ၏၊ ဆီးဝမ်းသွေးလေတို့ကို မှန်ကန်စေပြီး လေထိုးလေအောင့်၊ လေနာရောဂါများကို ပျောက်ကင်းစေနိုင်ပါသည်။ ဒူးရင်းယို၊ ဒူးရင်းဖျော်ရည်၊ ဒူးရင်းသီးဖြင့် ပြုလုပ်ထားသော မုန့်များကို စားသုံးပေးခြင်းဖြင့်လည်း ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

× × × × × × × × ×

## ကွမ်းရွက်၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

ကွမ်းရွက်ကို အိန္ဒိယနိုင်ငံမှ သုတေသနပညာရှင်များက "အစိမ်းရောင်ရွှေ"ဟု တင်စားခေါ်ဝေါ်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် ကွမ်းရွက်၌ အံ့ဩဖွယ်ကောင်းလှစွာသော အာဟာရတန်ဖိုးများ၊ ဆေးဖက်ဝင်မှုများ ပါဝင်နေသောကြောင့် ဖြစ်ပေသည်။

ကွမ်းရွက်ပင်ကို မြန်မာနိုင်ငံတွင်း ဒေသအနှံ့များ၌ စိုက်ပျိုးနိုင်ပေသည်။ ၎င်းကို အနုစား၊ အလတ်စား အကြမ်းစားနှင့် အရိုင်းစားဟူ၍ လေးမျိုးခွဲခြားထားသည်။ ကွမ်းရွက်၌ ဖန်၊ ခါး၊ ပူစပ်သော အရသာရှိသည့်အတွက် နှုတ်ကိုမြိန်စေပါသည်။ ထို့အပြင် သလိပ်ကြေ လေနိုင်ပြီး ခွန်အားကိုလည်း တိုးပွားစေပါသည်။

ကွမ်းရွက်ကို ပါဠိဘာသာဖြင့် "မုခဘုသန" ဟု ခေါ်၏။ ကွမ်းရွက်၌ ရေဓာတ်၊ အသားဓာတ်၊ အဆီဓာတ်နှင့် သတ္တုဓာတ်တို့အပြင် အမျှင်ဓာတ်၊ ကစီဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ကယ်လ်စီယမ်၊ ကာရိုတင်း၊ ရိုင်ဘိုဖလေဗင်၊ နိုင်ရာစင်၊ သိုင်ယာမင်းနှင့် သံဓာတ်စသည့် အာဟာရဓာတ်များ ပါဝင်ကြောင်း သုတေသနပြုချက်အရ သိရပေသည်။ ကွမ်းရွက်ခြောက်၌ ပါဝင်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များသည် နွားနို့ ၃၀၀ စီစီတွင် ပါဝင်သည်နှင့် ပမာဏချင်း တူညီပေသည်။ ဓာတ်မတည့်ခြင်းကြောင့် ယားယံခြင်းဖြစ်လာပါက ကွမ်းရွက်နှင့် ကုသနိုင်သကဲ့သို့ ၎င်း၌ပါဝင်သော အမျှင်ဓာတ်များကလည်း သန်ကောင်၊ တုတ်ကောင်များအား သေစေနိုင်စွမ်း ရှိပေသည်။

ကွမ်းရွက်သည် နို့တိုက်မိခင်များ ရင်သားရောင်ရမ်းခြင်း၊ အဖျားဆင်းခြင်း စသည့်ကိစ္စများ၌ အသုံးပြုကုသပေး၍ရသော ဆေးတစ်ခွက်ဆိုလျှင်လည်း မမှားပါချေ။ ၎င်းသည် ဗက်တီးရီးယားနှင့် မှိုကြောင့်ဖြစ်သည့် အရေပြားရောဂါတို့အား သက်သာပျောက်ကင်းစေပါသည်။

ကွမ်းရွက်တွင် ကစီဓာတ်ကို ချေဖျက်နိုင်သော အင်ဇိုင်းများလည်း ပါရှိပေသည်။ အဆုတ်ထိခိုက်မှုဝေဒနာမှ သက်သာစေပြီး အေးမြသည့် အာနိသင်နှင့် ကင်ဆာကို ပျောက်ကင်းအောင် ကုသနိုင်သော ဓာတ်ပစ္စည်းများလည်း ပါဝင်ပေသည်။ အထူးသဖြင့် သွေးကင်ဆာ ရောဂါဝေဒနာကို ပျောက်ကင်းစေနိုင်ကြောင်း တွေ့ရှိရ၍ သုတေသနပညာရှင်များ မျှော်လင့်ထားကြပေသည်။

ဤ၌ သတိပြုရန်ကား ဆေးဖက်ဝင်သော ကွမ်းရွက်ပင် ဖြစ်စေကာမူ ကွမ်းသီး၊ ဆေးရွက်ကြီး အိန္ဒိယနိုင်ငံမှလာသော (စင်ရနယ်၊ ဟန်ဒရတ်၊ ဖော်ထီးခိုင်း နိုင်တီတူး၊ မြေပုံ၊ ပူစကီး၊ ဆေးပေါင်း၊ နှပ်ဆေး ဘုရင်ခံ ဆာဂါး အစရှိသည့်)ဆေးများ၊ ထုံးစသည်တို့ကို ရော စပ်ပြီး ကွမ်းယာအဖြစ်စားသုံးပေးမည်ဆိုပါက အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com

ကို လက်ယပ်ဖိတ်ခေါ်သကဲ့သို့ ဖြစ်ပါလိမ့်မည်။ ကွမ်းယာစားသုံးခြင်းသည် မူးယစ်ဆေးသုံးသကဲ့သို့ စွဲလမ်းမှုကို ဖြစ်စေသည်။ ကွမ်းယာတွင်းထည့်သော ဆေးများနှင့် အခြားပါဝင် ပစ္စည်းများကြောင့် ကင်ဆာရောဂါကို ဖြစ်စေနိုင်သည်။ အထူးသဖြင့် ပါးစပ်၊ နှုတ်ခမ်း၊ သွားဖုံး၊ လျှာ အစရှိသော ခံတွင်းကင်ဆာတို့ အဖြစ်များခြင်းကို တွေ့ရှိရပေသည်။ ယခုအခါ၌ ကွမ်းစိုက်သမားများသည် ပိုးသတ်ဆေးများဖျန်းကာ စိုက်ပျိုးကြသည့်အတွက် ကွမ်းရွက်ကို အသုံးမပြုမီ ရေဖြင့်စင်ကြယ်စွာ ဆေးကြောဖို့လိုကြောင်း သတိချပ်ရပေမည်။

**(၁) လိပ်ခေါင်းရောဂါ ခံစားနေရသလား**

လိပ်ခေါင်းရောဂါ ဝေဒနာ ခံစားနေကြရသူများ အနေဖြင့် ၎င်း၏ဒွါရပေါက်၌ ကွမ်းရွက်ကပ်ပေးပါက ခံစားနေရသည့်ဝေဒနာ သက်သာသွားစေပါလိမ့်မည်။

**(၂) မွေးကျွတ်နာ (သို့မဟုတ်) အနာစိမ်းများအတွက်**


မွေးကျွတ်နာ (သို့မဟုတ်) အနာစိမ်းများပေါ်သို့ အပူပေးပြီး ကြက်ဆူဆီ သုတ်လိမ်းထားသော ကွမ်းရွက်အား မကြာခဏ အလဲလဲအလှယ်လှယ် ကပ်ပေးပါက အနာပေါက်ကာ ပြည်များစိမ့်ထွက်ပြီး ဝေဒနာသက်သာ လျော့ပါးသွားပါလိမ့်မည်။

**(၃) ထိခိုက်ရှနာ ဖြစ်နေသလား**

ထိခိုက်ရှနာ ဝေဒနာများအတွက် အနာပေါ်သို့ ကွမ်းရွက်ကို ကပ်ပေးပါက နှစ်ရက်အတွင်း သက်သာ ပျောက်ကင်းပါလိမ့်မည်။ ကွမ်းရွက်ကပ်၍ မရနိုင်သော နေရာများ၌ ထိခိုက်ရှနာဖြစ်ပွားပါက ကွမ်းရွက်ကို အရည်ညှစ်ကာ မကြာခဏ သုတ်လိမ်းပေးနိုင်ပါသည်။

**(၄) ခါးနာနေသလား၊ အဆစ်အမျက်တွေ နာကျင်ကိုက်ခဲနေသလား**

ခါးနာခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲနေပါက ကွမ်းရွက်ကို အပူပေး၍ အုန်းဆီဆွတ်ပါ။



ပြီးလျှင် ဝေဒနာခံစားနေရသော နေရာများ၌ ကပ်[illegible] ပေးပါက ရောင်ရမ်းမှုကို သက်သာသွားစေပြီး နာကျ[illegible] ကိုပါ သက်သာသွားစေနိုင်ပါသည်။

**(၅) ခေါင်းကိုက်ဝေဒနာ ခံစားနေရလျှင်**

နားထင်၌ ကွမ်းရွက်ကပ်ပေးပါ။ ကွမ်းရွက်[illegible] အေးမြသောသတ္တိက ခေါင်းကိုက်ဝေဒနာကို သက်သာ[illegible] လျော့ပါးသွားစေပါလိမ့်မည်။

**(၆) နှလုံးဝေဒနာ ခံစားနေရလျှင်**

ကွမ်းရွက်၌ နှလုံးခုန်နှုန်းကို စည်းချက်ညီ[illegible] သော ဂုဏ်သတ္တိပါရှိ၏။ သို့ဖြစ်၍ နှလုံးရောဂါဝေဒ[illegible] ခံစားနေရပါက ကွမ်းရွက်ကို ရေအနည်းငယ်ဆွတ်[illegible] နှလုံးနေရာ၌ ကပ်ပေးပါ။ ဝေဒနာ သက်သာလျော့[illegible] သွားပါလိမ့်မည်။

**(၇) အာရုံကြောတွေ အားနည်းလျှင်**

ကွမ်းရွက်ညှစ်ရည်ကို ပျားရည်နှင့်ရောပြီး [illegible] နေ့နှစ်ကြိမ် သောက်ပေးသွားပါက အာရုံကြောအားနည်း[illegible] ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(၈) အသက်ရှုလမ်းကြောင်းဝေဒနာ ခံစားရလျှင်**

ကွမ်းရွက်ကို မုန်ညင်းဆီဆွတ်ကာ အပူ[illegible] ငယ်ပေးပြီး ရင်ဘတ်ပေါ်တွင် ကပ်ထားခြင်းဖြင့် အသ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရှုလမ်းကြောင်း၌ ဖြစ်ပွားတတ်သော ရောဂါဝေဒနာကို သက်သာလျော့ပါးသွားစေပါလိမ့်မည်။

(၉) ဆီးသွားတာတွေ နည်းနေသလား

ကွမ်းရွက်၌ ဆီးသွားစေနိုင်သည့် သတ္တိရှိ၏။ သို့ဖြစ်၍ ဆီးချုပ်ခြင်း၊ ဆီးနည်းခြင်းတို့ ဖြစ်ပေါ်ခံစားနေရပါက ကွမ်းရွက်ရည်ကို နွားနို့နှင့်ရောပြီး သကြားခတ်ကာ သောက်သုံးပေးပါ။ ဆီးရွှင်သွားပါလိမ့်မည်။

(၁၀) အစာမကြေ ဖြစ်နေလျှင်

အစာစားပြီးနောက် ကွမ်းရွက်စားပေးပါက ခံတွင်းကောင်းပြီး အစာကိုကြေညက်စေပါသည်။ အဘယ်ကြောင့်ဆိုသော် ကွမ်းရွက်၌ပါဝင်သော ဂုဏ်သတ္တိတစ်ခုသည် အူလမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်စေပြီး အစာချေဖျက်သည့် အင်ဇိုင်းများအား ကောင်းမွန်စွာ အလုပ်လုပ်နိုင်ရန်အတွက် ကူညီပေးနိုင်သောကြောင့် ဖြစ်သည်။

(၁၁) ကိုယ်နံ့ကောင်းလိုသလား၊ သွားနှင့်သွားဖုံး ကျန်းမာလိုသလား

ကွမ်းရွက် ၁၀ ရွက်ကို ပါးပါးလှီးပြီး ပွက်ပွက်ဆူသည့် ရေထည့်ထားသော ခွက်အတွင်းထည့်ပါ။ ၁၀ မိနစ်ခန့် အုပ်ဆိုင်းပြီး ခပ်နွေးနွေးကလေးရှိပါမှ သောက်သုံးပေးပါ။ ကိုယ်နံ့များကောင်းမွန်ပြီး သွားနှင့်သွားဖုံးတို့ ကျန်းမာလာပါလိမ့်မည်။

(၁၂) ကလေးများ နှာစေးနေလျှင်

ကွမ်းရွက်ကိုမီးကင်၍ နှာစေးနေသော ကလေးငယ်၏ ငယ်ထိပ်ပေါ်သို့ အုန်းဆီဆွတ်ကာ ကပ်ထားပေးပါ။ နှာစေးဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၃) အပူလွန်ပြီး ဖျားနေလျှင်

အိုးတစ်လုံးအတွင်းသို့ ကွမ်းရွက်၊ ချင်း၊ ထန်းလျက်၊ ဆားတို့အား ရေနှင့်ပြုတ်ပြီး သောက်သုံးပေးပါက အပူလွန်ပြီး ဖျားနေသောဝေဒနာကို သက်သာပျောက်ကင်းစေပါလိမ့်မည်။

(၁၄) ချောင်းဆိုးပန်းနာ၊ ရင်အောင့် ရင်ကယ် ဖြစ်နေလျှင်

ကွမ်းရွက်ညှစ်ရည်ကို ချင်းပြုတ်ရည်နှင့်ရောပြီး သိန္ဓောဆား အနည်းငယ်ထည့်၍ သောက်ပေးပါက ချောင်းဆိုး၊ ပန်းနာ၊ ရင်အောင့်၊ ရင်ကယ်ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၅) မျက်စိနာပြီး ကိုက်ခဲနေလျှင်

ကွမ်းရွက်ညှစ်ရည်နှင့် မျက်စဉ်းခပ်ပေးပါ။ မျက်စိနာခြင်း၊ မျက်စိကိုက်ခြင်း ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၆) မီးယပ်ကြောင့် စိတ်ရောဂါရနေလား

မွေ့တာမမှန်ဘဲ မီးယပ်ကြောင့် စိတ်ဖောက်ပြန်သော စိတ္တဇနာအတွက် ကွမ်းရွက်ညှစ်ရည်ကို နွားနို့နှင့်သောက်သုံးပေးပါက သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၇) အစာမကြေ၊ လေပွ၊ ဝမ်းသွားပြီး ဖျားနာနေလျှင်

အစာမကြေခြင်း၊ လေပွခြင်း၊ ဝမ်းသွားပြီး ဖျားနာနေခြင်းတို့အတွက် ကွမ်းရွက်ညှစ်ရည်နှင့် ဖျားရှူးတို့တို့ တိုက်ကျွေးပေးပါ။ သက်သာပျောက် ကင်းသွားပါလိမ့်မည်။

(၁၈) ကလေးများ ကျောပူ၊ ခေါင်းပူ ထနေလျှင်

ကွမ်းရွက်သတ္တုရည်နှင့် ကြွက်ထင်း[illegible] ရည်တို့ကိုရော၍ ကလေးငယ်၏ ဝမ်းဗိုက်၊ [illegible] အား အထက်မှအောက်သို့ လိမ်းသပ်ပေးပါက ကျောပူ ခေါင်းပူဝေဒနာ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။

သုတေသီ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# အမောရောဂါ နှင့် ချောင်းဆိုးသွေးပါ ကုထုံးနည်းတစ်မျိုး

**ဥသဿမြေ မင်းနောင်**

ဤဆေးနည်းကို ကျွန်ုပ်၏ဖခင် ရောဂါစွဲကပ်စဉ်က အသုံးပြုခဲ့သော ဆေးနည်းကောင်းဖြစ်ပါသည်။ ယခုတစ်ဖန် စာဖတ်သူ ညီအစ်ကို၊ မောင်နှမ၊ ဘိုးဘွားများ ဝေဒနာခံစားနေရသည်ဖြစ်စေ၊ စာဖတ်သူတို့၏ ပတ်ဝန်းကျင်မှ ဝေဒနာခံစားနေကြရသော မိတ်ဆွေတို့အား တစ်ယောက်စကား တစ်ယောက်နားမှ ကြားစေလိုသောအကျိုးငှာ . . .

လွန်ခဲ့သည့် ၂၀၀၀ ခုနှစ်က ကျွန်ုပ် ၏ဖခင်သည် ပဲခူးတိုင်း၊ ရွှေတန်ကျေးရွာတွင် ပဥ္စင်းတက်ခဲ့ပါသည်။ ပဥ္စင်းတက်ပြီး သုံးလခန့်အကြာတွင် အမောရောဂါကို စတင်ခံစားခဲ့ရပါသည်။ ရွာထဲတွင် ဆွမ်းခံကြွရင်းလည်း မော၊ ရေချိုးလည်းမောနှင့် တဖြည်းဖြည်း ပို၍ဆိုးလာပါသည်။ နောက် အမောတင်မက ချောင်းဆိုးသွေးပါသည်ထိ ဖြစ်လာခဲ့သည်။ ဘယ်လောက်ထိဆိုးသလဲဆိုရင် ကိုယ်လက်လှုပ်ရှားရုံလောက်နဲ့တောင် ဤဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရပါသည်။ ပဲခူးမြို့ရှိ ဆေးရုံဆေးခန်းတွေတွင်လည်း ကုသခဲ့ပါသည်။ ရောဂါသက်သာရုံလောက်ပင် ပျောက်ကင်းခဲ့ပါသည်။ ဒီလိုနှင့် တစ်နှစ်ခန့် ဝေဒနာခံစားရပြီး တစ်နေ့ ကျွန်ုပ်ဖခင်၏ တူဖြစ်သူ ဦးမြသွေးသည် ရှမ်းပြည်ကို အလည်သွားပြီး ရွာကို ပြန်ရောက်လာခဲ့သည်။ ရှမ်းပြည်မှ ရှမ်းအဘိုးကြီးတစ်ဦး ပြောသည့် ဆေးနည်းကို ကျွန်ုပ်၏ဖခင်ဖြစ်သူအား တူဖြစ်သူ ဦးမြသွေးက သူ၏ဦးလေးအား ပုတ်သင်ညိုအမအား ဖမ်းပြီး မီးကင်ကျွေးပါသည်။ တစ်နေ့တစ်ကောင်နှင့် ဆယ့်တစ်ရက်ကျွေးပါသည်။ နောက် ဆက်ပြီး မကျွေးတော့ပါ။ ဒီလိုနှင့် တစ်လကျော်လောက်တွင် ကျွန်ုပ်၏ဖခင်ခံစားနေရသော အမောရောဂါနှင့် ချောင်းဆိုးသွေးပါ ဝေဒနာသည် လုံးဝမထင်မှတ်ဘဲ အမြစ်ပါမကျန် ပျောက်ကင်းသွားပါသည်။ ထို့ကြောင့် စာဖတ်သူ ညီအစ်ကိုမောင်နှမများ ဤဝေဒနာမျိုး ခံစားနေရသည်ဖြစ်စေ၊ မိမိပတ်ဝန်းကျင်မှ မိတ်ဆွေတို့ ဤဝေဒနာမျိုး ခံစားနေရသည်ဖြစ်စေ လွယ်လင့်တကူရရှိနိုင်သော ဆေးနည်းအား တင်ပြလိုက်ရပါသည်။

**ဆေးနည်း ။** ။ ပုတ်သင်ညိုအမအား ဖိုက်ခွဲ၍ ကလီစာထုတ် မီးကင်စားပါ။ တစ်နေ့တစ်ကောင်နှုန်းဖြင့် ဆယ့်တစ်ရက်စားပါ။

**မှတ်ချက် ။** ။ ပုတ်သင်ညိုအထီး မဟုတ်ပါ။ ပုတ်သင်ညို အထီးအမခွဲနည်း-ခေါင်းစိမ်းက အထီးဖြစ်ပါသည်။

**ဥသဿမြေ မင်းနောင်**



www.burmeseclassic.com

www.burmeseclassic.com



# ဘုရားရှင်အာဏာစက်တည်စေသော်

**မြမျက်ရှင်**

ကျွန်မ တစ်လနှစ်ကြိမ် ပညာရွှေတောင် စာအုပ်တိုက်သို့ ရောက်ဖြစ်ပါတယ်။ ဖတ်ချင်တဲ့ စာအုပ်တွေကို စိတ်ကြိုက်ရွေးဝယ်ချင်လို့ပါ။ ရန်ကုန်ကို ကျွန်မတို့ အလုပ်ပြောင်းလာရတာ ကျွန်မအတွက်တော့ စိတ်ကြိုက်စာအုပ်တွေ ရှာဝယ်ခြင်းဆိုတဲ့ အမြတ်တစ်ခုကို ရရှိတာတော့ အမှန်ပါ။

လွန်ခဲ့တဲ့လက စာအုပ်ဆိုင်ရောက်တော့ ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း) စာရေးသူအမည်နဲ့ "အခွင့်နှင့်အရေး"၊ "ဘုရားရှင်အာဏာစက်တည်စေသော်"ဆိုတဲ့ စာအုပ်ငယ်လေးနှစ်အုပ် ဝယ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်က ကျွန်မသမီး ကျောင်းဆရာမ ကျောင်းကအပြန်မှာ "သမီးရဲ့တပည့်မိဘ လက်ဆောင်ပေးတဲ့ စာအုပ်လေးပါ။ မေမေ ဖတ်ကြည့်ပါဦး။ သမီးဖတ်ပြီးတော့ မျက်ရည်ကျမိတယ်"ဆိုပြီး စာအုပ်ငယ်လေးတစ်အုပ် ပေးလာတယ်။ စာအုပ်လေးကို ကြည့်လိုက်တော့ "[illegible] မှန်းဆကြည့်ခြင်း" စာ[illegible] အဲရှင်ဝီရိယ(တောင်စွန်း)[illegible] ပါတယ်။ ဖတ်ရတာ [illegible] နှမ့နှာပယူစာလည်းဖြစ်တော့ [illegible] ဆရာတော်ရဲ့ စာအုပ်တွေကို [illegible] ရှာဝယ်ဖတ်ပါတယ်။ [illegible] သားလုံးကိုလည်း [illegible] သားအရွယ် [illegible] လည်ဖို့ သိတတ်ဖို့ [illegible]

www.burmeseclassic.com

ဖတ်တာပါ။

ယခု ကျွန်မဝယ်လာတဲ့ စာအုပ်နှစ်အုပ်ထဲက "ဘုရားရှင်အာဏာစက်တည်စေသော်" စာအုပ်ကို စပြီးဖတ်ပါတယ်။ စာဖတ်ပြီးတဲ့အခါ ကျွန်မ တကယ်တမ်းပြောချင်တဲ့ စကားတွေကိုများ ရေးထားသလား သင်ရပါတယ်။ အကြောင်းကတော့ ကျွန်မ မကြာခဏ ကြားရတဲ့ စကားတစ်ခွန်း ရှိဖူးတယ်။

"ဟင်···ပရိတ်ရွက်လည်း ဘာမှ မစွမ်းလာပါဘူး။ နေမကောင်းရင် ဟောဇွှင်သုတ်ရွတ်လို့ ပျောက်သွားတယ် ပြောတယ်။ ရွတ်တာလည်း မပျောက်ပါဘူး။ ရက်တွေအကြာကြီး ကုန်သွားတာပါပဲ။ ဗိုက်ထဲမှာရောဂါရှိရင် ပရိတ်ကြီးတွေ ရွတ်ပေးရင် ပျောက်တယ်ဆိုတာလည်း ချက်ချင်းကြီး မပျောက်ပါဘူး" ဆိုတဲ့ စကားမျိုးတွေပါပဲ။

သည့်ထက်ဆိုးတာက ကျွန်မတို့ မိတ်ဆွေထဲက မောင်လေးအရွယ်ပါ။ အသက် ၃၀ ကျော် ရှိပါပြီ။ သူက "အစ်မရယ်···ကျွန်တော် ဘုရားဟောတဲ့ တရားတွေကို မယုံချင်တော့ဘူး။ ကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရပြီး မကောင်းတာလုပ်ရင် မကောင်းကျိုးခံစားရတယ်ဆိုတာလေ။ အခု ကျွန်တော် လက်တွေ့မြင်နေရတာကတော့ မိတ်ဆွေတစ်ယောက် ဝက်တွေမွေးထားတာ ရာချီတယ်။ မွေးပြီးရောင်းစားတဲ့ ဝက်ကုန်သည်ပါ။ စီးပွားဖြစ်လိုက်တာ သောက်သောက်လဲပဲ။ နောက်တစ်ယောက်ရှိသေးတယ်။ စီးပွားရေးသမား မဟုတ်တာ အကုန်လုပ်တယ်။ ဒါပေမယ့် ဖုန်းတစ်ခါဆက်ပြီး အရောင်းအဝယ်စကားပြောရင် သိန်းငါးရာအမြတ် ကျန်တယ် အစ်မရယ်။ ကျွန်တော်ဘာကို ယုံရမှာလဲဟင်"

အဲသည်လို ပြောပြတုန်းကများ ကျွန်မမှာ လန့်သွားမိပြီး သူ့ကို တတ်သမျှ ရှင်းပြပြီး တားခဲ့ပါသေးတယ်။

"မဟုတ်ပါဘူး မောင်လေး။ မြတ်စွာဘုရားဟောကြားခဲ့တဲ့ တရားတော်တွေကို မယုံမကြည်မဖြစ်လိုက်ပါနဲ့။ ကံ ကံ၏အကြောင်းတရားဆိုတာ ရှိပါတယ်။ ဘဝအဆက်ဆက်က ကောင်းကံတွေ ပြုခဲ့တဲ့အတွက် အခုဘဝမှာ ဝက်မွေးတဲ့ စီးပွားရေးလုပ်ပေမယ့် ဒုက္ခမရောက်ဘဲ ဝင်ငွေကောင်းပြီး ချမ်းသာတဲ့ဘဝကို ရတာဖြစ်ပါတယ်။ ကံအကျိုးပေးဆိုတာ မြတ်စွာဘုရားဟောထားပါတယ်။ ချက်ချင်းအကျိုးပေးခြင်း၊ တဖြည်းဖြည်းအကျိုးပေးခြင်း၊ နောက်တစ်ဘဝရောက်မှ အကျိုးပေးခြင်းဆိုတာတွေ ရှိပါတယ်။ ကံကောင်းခြင်း၊ ကံဆိုးခြင်းဆိုတာ ဘဝအဆက်ဆက်က ပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ် အခြေခံပြီးမှ ဖြစ်ပေါ်လာတာပါ။ မောင်လေးရဲ့ မိဘတွေလည်း ဗုဒ္ဓဘာသာတွေပါ။ မောင်လေးလည်း ဗုဒ္ဓဘာသာပဲ။ မြတ်စွာဘုရားဟောကြားတဲ့ တရားစာအုပ်တွေကို နည်းနည်းလေ့လာပြီး ဖတ်ကြည့်ပါဦး။ အတွေးအခေါ်တွေ မပြောင်းလဲလိုက်ပါနဲ့"

သည်စကားကို ကျွန်မပြောခဲ့ပါတယ်။

"မောင်လေးကိုယ်တိုင်ကလည်း အစိုးရဝန်ထမ်း၊ တာဝန်ကျလိုက်တိုင်း တောခေါင်ခေါင်နယ်မြေတွေမှာနေရလို့များ၊ ဗုဒ္ဓစာပေတွေနဲ့ အနေဝေးခဲ့လို့များ သည်လိုအတွေးမျိုး ဝင်ခဲ့တာထင်ပါရဲ့။ ကျွန်မကတော့ လက်တွေ့သာဓကတွေ အများကြီး တွေ့ခဲ့ရပါတယ်။ ကျွန်မတို့ ချင်းပြည်နယ်မှာ တာဝန်ကျခဲ့တုန်းက တောင်တန်းဆရာတော်ကြီး ဆရာတော် ဦးဥတ္တမထံပါးသို့ မကြာခဏ ဂါရဝပြုရောက်ခဲ့ပါတယ်။ ဆရာတော်ကြီးကို မဖူးတွေ့ရခင်ကတည်းက ဆရာတော်ကြီးပရိတ်ရွတ်ရင် ပရိတ်ရေတွေ ဆူတတ်တယ်ဆိုပြီး နာမည်ကြီးနေတာ ကြားခဲ့ဖူးပါတယ်။ ဆရာတော်ကြီးက ပြောပြဖူးပါတယ်။ မိုးတိမ်တွေကို ဘယ်ဒေသ၊ ဘယ်နယ်မြေမှာ မိုးရွာချင်သလဲ ရွှေ့ပြောင်းလိုက်လို့ရတယ်ဆိုတာပါပဲ။ သည်ကြားထဲမှာ လက်တွေ့ မြင်ရတဲ့ အကြောင်းအရာတစ်ခုက ရန်ကုန်မြို့မှ ခရစ်ယာန်ဘာသာဝင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဟာ ဝမ်းဗိုက်ထဲမှာ အလုံးဖြစ်နေလို့ ဆရာဝန်က ဆေးရုံတက်ပြီး ခွဲခိုင်းပါတယ်။ သူက မခွဲချင်ဘူး။ ဆရာတော်ကြီးရဲ့ ရေဆူပရိတ်အကြောင်း ကြားမိတဲ့အခါ ဆရာတော်ကြီးရဲ့ ပရိတ်ခွေကိုဝယ်ပြီး ကက်ဆက်ထဲထည့်ကာ နေ့တိုင်းဖွင့်ပြီး တရားနာတယ်၊ ကက်ဆက်ရှေ့မှာလည်း ရေတစ်ဖန်ခွက်ကို အမြဲထားထားပြီး သည်ရေကို နေ့တိုင်း သောက်တယ်။ အဲဒါ သုံးလပြည့်လို့ ဆရာဝန်က ဆေးပြန်စစ်တဲ့အခါ ဗိုက်ထဲက အလုံးကြီး မရှိတော့တာ တွေ့ရလို့ ဆရာဝန်က အံ့ဩရတဲ့အထိ ဖြစ်ခဲ့တယ်။ သည်ပုဂ္ဂိုလ်ဟာ ဆရာတော်ကြီးရှိတဲ့ ဖလမ်းမြို့ကို လိုက်သွားပြီး သွားရောက်ဖူးမြော်ကန်တော့ပြီး ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com

ဘာသာဖြစ်သွားတယ်။ ဆရာတော်ကြီးရဲ့ပရိတ်ခွေကိုလည်း ရာချီကူးပြီး အကုန်ပေးလှူပေးနေတယ်ဆိုတာ ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါတယ်။ သူက ပြောပြပါတယ်။ ဆရာတော်ကြီးရဲ့ပရိတ်ခွေ ဖွင့်တဲ့အချိန်မှာ ဆရာတော်ကြီးကို မျက်စိထဲ မြင်အောင် စိတ်နဲ့မြင်ယောင်ကြည့်ပြီး လက်အုပ်ချီမိုးထားပြီး ဖာန်တော့တယ်။ ယုံကြည်စွာ ပရိတ်ရေကိုသောက်တယ်။ ပရိတ်ခွေတွေကူးပြီး အမြဲတန်းဝေပေးပြီး အလှူလုပ်တယ် ဆိုတာပါပဲ။ သူ့ရဲ့ ကြည်ညိုလေးစားတဲ့စိတ်၊ ဆရာတော်ရဲ့ ပရိတ်ကို ယုံကြည်တဲ့စိတ်တွေ ကောင်းတဲ့ ကံတရားကို အခြေခံလို့ ကောင်းတဲ့ ကံအကျိုးကို သူခံစားသွားရတာပါ။ မြဝဘောဂီ(အရှင်ဝီရိယ-တောင်စွန်း)ရဲ့ စာအုပ်ထဲမှာ မိုးခေါင်လို့ ပရိတ်ရွတ်ဆိုကြတာ မိုးမရွာတဲ့အကြောင်း ဆရာတော်ထံ လာလျှောက်တဲ့ ဒကာကို ဘယ်ပုံဘယ်နည်း ပရိတ်ရွတ်ပွဲကျင်းပပါသလဲလို့ မေးတဲ့အခါ ဒကာဖြစ်သူက "ရွာနီးချင်းတွေအားလုံးစု၊ သံဃာတွေစုပြီး မိုးပရိတ်ရွတ်ဆိုကြပါတယ်။ ရွာမှာရှိတဲ့ အိုင်ကြီးထဲက ငါးတွေဖမ်းပြီး ချက်လို့ အလှူလုပ်ပြီး ပရိတ်ရွတ်ကြတယ်"လို့ လျှော[ ]တယ်။ သည်တော့ -

"မိုးရွာရအောင် ငါးရံ့မင်း (မိုး) ပရိတ်ကို ရွတ်ဆိုကြပါတယ်ဆိုမှ မင်းတို့က ငါးရံ့တွေဖမ်းပြီး ငါးရံ့ဟင်းဆွမ်းကပ်ကြတာကိုး။ ငါးစားတဲ့ပါးစပ်ကြီးတွေနဲ့ ငါးရံ့မင်းပရိတ် ရွတ်ကြတာ ဘယ်လိုအစွမ်းထက်တော့မလဲကွဲ့"လို့ ပြန်ပြောလိုက်တယ်တဲ့။

မြတ်စွာဘုရားရှင်ဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း သွေး၊ ခြေ၊ လက်၊ မျက်စိ၊ ခန္ဓာကိုယ်၊ သား၊ သမီး၊ စည်းစိမ်များကို စွန့်လွှတ်လှူဒါန်း ပါရမီဖြည့်ပြီးမှ ဘုရားအဖြစ်ရရှိလာတာ ဖြစ်တဲ့အတွက် ဘုရားရှင်ရဲ့ ပရိတ်အာဏာစက်များဟာ တည်ပါတယ်။

ဘုရားရှင်ရဲ့ အာဏာစက်တည်စေဖို့အတွက် ဆောင်ရွက်သူပုဂ္ဂိုလ်များမှာလည်း သီလလုံရပါမယ်။ ကြည်ညိုသော သဒ္ဓါတရားလည်း အပြည့်အဝရှိရပါမယ်။ မြတ်စွာဘုရား၏ ပရိတ်များကို နှစ်နှစ်ကာကာ ယုံကြည်သောစေတနာလည်း ရှိရပါမယ်။ ရွှေဥမင်ဆရာတော်ဘုရားကြီး ရှိစဉ်က ကျွန်မ ရွှေဥမင်ကျောင်းကို ရောက်ပါတယ်။ အိမ်မှာ ဘုရားရှိခိုး၊ ဝတ်တက်ပြီးရင် ကျွန်မအခက်အခဲဖြစ်နေတဲ့ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ပြေလည်သွားအောင် ဆုတောင်းဖူးပါတယ်။ ဆုတောင်းတဲ့နေ့မှာ ဆရာတော်ကျောင်းကိုရောက်လို့ ဆရာတော်ကို ဦးချလိုက်တဲ့အခါ ဆရာတော်ကြီးက "ဒကာမ၊ ဘာမှဆုမတောင်းပါနဲ့။ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ယုံကြည်စွာ ရွတ်ဆိုပူဇော်နေတာနဲ့ပဲ ဆုက အလိုလိုပြည့်ပြီးသားပါ"ဆိုတဲ့ တရားစကားကို ပြောပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဘုရားရှင်ရဲ့ အာဏာစက်တွေ တည်ပြီးသားပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း လေးဆယ်ကျော်က စာစောင်တစ်စောင်မှာ ဖတ်ရပါတယ်။ နယ်မှာရှိတဲ့ ဘုန်းကြီးကျောင်းကြီးတစ်ကျောင်းမှာ တောင်ပုလုဆရာတော်ဘုရားကြီး ရောက်နေတဲ့အချိန် ဖြစ်ပါတယ်။ ကျောင်းဘေးက သစ်ပင်ရိပ်ကောင်းတဲ့ တောအုပ်လေးမှာ နွားငယ်လေးတစ်ကောင် မြွေပေါက်ခံလိုက်ရပြီး မြွေဆိပ်တက်လို့ ယိုင်တိယိုင်တိုင်နဲ့ ကျောင်းဝင်းထရံနားမှာ လဲကျသွားတာကို ကျောင်းပေါ်က ဆရာတော်ကြီး မြင်တော့ ဆင်းလာပြီး ခန္ဓသုတ်ပရိတ်တော်ကို ရွတ်ဆိုကာ နွားလေးရဲ့ ခန္ဓာကိုယ်ကို လက်နဲ့သပ်ပေးလိုက်တာ နာရီဝက်အတွင်း နွားငယ်လေးဟာ အကောင်းပကတိ လမ်းပြန်လျှောက်ပြီး ကျောင်းပြင်ပကို ထွက်သွားတော့တယ်။ သည်အဖြစ်ကို မြင်တွေ့လိုက်တဲ့ ဒကာကြီးစာရေးဆရာတစ်ဦးက အဲသည်အဖြစ်အပျက်တွေကို ဓမ္မစာစောင်မှာ ထည့်ရေးပေးလိုက်တယ် . . .။ ရေးချင်တဲ့အကြောင်းက ခန္ဓသုတ်ပရိတ်စွမ်းကြောင်း၊ ဘေးအန္တရာယ်ကင်းကြောင်း ရေးပြလိုက်တာ ဖြစ်ပါတယ်။ သည်လောက်မြန်မြန် အဆိပ်ပြေသွားတာလည်း ပရိတ်ရွတ်ဆိုသူ ပုဂ္ဂိုလ်က တောင်ပုလုဆရာတော်ကြီး ဖြစ်နေလို့ဖြစ်ပါတယ်။

မြတ်စွာဘုရားရဲ့ အာဏာစက်များ တည်ပါတယ်။

အသက်ဘေးဒုက္ခအန္တရာယ် ကင်းအောင်လည်း ကာကွယ်ပေးပါတယ်။ စာဖတ်သူမိတ်ဆွေများ မယုံကြည်ရင် မိမိကိုယ်ကို လက်တွေ့စမ်းသပ်ကြည့်ပါ။

မြတ်စွာဘုရားရဲ့ အာဏာစက်များ ကမ္ဘာတည်သရွေ့ တည်နေပါကြောင်း လက်တွေ့သိရှိရမှာဖြစ်ပါတယ်။

**မြနှကျရှင်**



www.burmeseclassic.com

www.burmeseclassic.com



# ဂါထာတွေ စွမ်းအောင်ရှတ်နည်းကား

**မောင်ပုတ်စည်**

ကျွန်တော်/ကျွန်မ ဂါထာတွေ ရွတ်တာပဲ။ ဒါပေမယ့် သိပ်မထူးခြားဘူး။ ငွေဝင်တယ်ဆိုတဲ့ ဂါထာရွတ်တယ်။ ထီပေါက်တဲ့ဂါထာတွေ ရွတ်တယ်။ သိပ်မသိသာဘူးဆိုပြီး ပြောလေ့ရှိတာ ကြုံဖူးပါလိမ့်မယ်။

ဒီနေရာမှာ ပထမဆုံး ယုံကြည်ရင် တစ်ဝက်အောင်မြင်တယ်ဆိုတဲ့ စကားကို စွဲစွဲမြဲမြဲ နှလုံးပိုက်ထားဖို့ လိုအပ်ပါတယ်။ ဒါအရေးအကြီးဆုံးပဲ။ စိတ်ထဲမှာ အသေယုံကြည်ထားရမယ်။ စိတ်က ဆောင်မှ။

စိတ္တေန နီယတိလောကော ဆိုတဲ့ ဘုရားဟောရှိတာပဲ။ အရာရာ စိတ်က စိုးမိုး၊ လွှမ်းမိုးနေတယ်လေ။

ဒေးကာနက်ဂျိန့် အဖွဲ့မှာ မီလျံနာသူဌေး သုံးရာကျော်လောက်ကို သူတော်သနလုပ် လေ့လာကြတယ်။ တချို့

www.burmeseclassic.com

သူဌေးတွေက ပညာတတ်ကြတယ်၊ ချမ်းသာကြွယ်ဝလောက်အောင် ဉာဏ်ရည်ပါးနပ်မှု ရှိတယ်။ တချို့ကျတော့လည်း သာမန်ပဲ။ မစ္စတာဖို့(ဒ်) ဆိုရင် စာသိပ်မတတ်ရှာဘူး။ သူ့နိုင်ငံ လွတ်လပ်ရေးရတဲ့နေ့ သူမသိဘူး။ သူ့သမ္မတနာမည်တောင် သူမသိဘူး။

ဒါပေမယ့် ကားနဲ့ပတ်သက်လို့တော့ လာမစမ်းနဲ့။ ထုံးလိုချေ၊ ရေလိုနှောက်ပဲ။ ဝိဇ္ဇာပဲ။ ကားပြပွဲမှာ ဘယ်ကားဟာ ဘယ်နိုင်ငံက ဘယ်သူ့ထုတ်တာ၊ ဘယ်ကုမ္ပဏီ စသဖြင့် အသေးစိတ်သိတယ်။ ပြောပြနိုင်တယ်။

သုတေသနအဖွဲ့က
သူဌေးကြီးတွေကို
လေ့လာတဲ့အခါ
တစ်ယောက်နဲ့
တစ်ယောက် မတူဘဲ
ကွဲပြားခြားနား
နေကြပေမယ့်
အားလုံးသွားတူနေတဲ့
အချက်တစ်ချက်ကို
သွားတွေ့တယ်။

သိမှာပေါ့။ ကားကိုပဲ စိတ်ဝင်စားတယ်။ အမျိုးမျိုးထုတ်လုပ်မယ်။ အောင်မြင်ရမယ်ဆိုတဲ့ စိတ်၊ ယုံကြည်မှုကလွဲပြီး သူ့မှာ ဘာမှမရှိဘူး။

သုတေသနအဖွဲ့က သူဌေးကြီးတွေကို လေ့လာတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် မတူဘဲ ကွဲပြားခြားနားနေကြပေမယ့် အားလုံးသွားတူနေတဲ့ အချက်တစ်ချက်ကို သွားတွေ့တယ်။

အဲဒါဘာလဲဆိုတော့ သူတို့ ရည်ရွယ်ချက်တွေအားလုံး ဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်ပဲ။ အိန္ဒိယမှာ ဆာဓူးကြီးတစ်ဦး ကျင့်ကြံနေတယ်။ လူငယ်လေးတစ်ယောက်က တန်ခိုးသိဒ္ဓိတွေ လိုချင်လို့ နေ့တိုင်းလာလာပြီး ပူဇော်တယ်။ ဆာဓူးကြီးကတော့ ဘာမှ မသင်ပေးပါဘူး။ ဒီလိုနဲ့ ပြီးရင် လူငယ်လေးကလည်း ကန်တော့ပြီး ပြန်သွားတယ်။

တစ်ရက်မှာတော့ လေမုန်တိုင်းတွေ့ကျ၊ မိုးကြီးအကြီးအကျယ်ရွာလို့ ချောင်းရေလျှံပြီး အသွားရခက်နေတယ်။ ဒီတော့ လူငယ်လေးက စဉ်းစားတယ်။ ငါပူဇော်နေတဲ့ ငါ့ဆရာ ဆာဓူးကြီးဟာ အံ့လွန်တန်ခိုးသိဒ္ဓိအစွမ်း ရှိတယ်။ ငါ့ဆရာရဲ့တန်ခိုးကြောင့် ငါဘာမှမဖြစ်နိုင်ဘူးဆိုပြီး အပြည့်အဝ ယုံကြည်လိုက်တယ်။ ဒီယုံကြည်ချက်နဲ့ သူဖြတ်ကူးတဲ့အခါ ဘာအခက်အခဲ၊ အန္တရာယ်မှမရှိဘဲ အောင်မြင်ချောမောစွာ တစ်ဖက်ကမ်းရောက်သွားတယ်။ ဒါရာနိုင်နှုန်းပြည့် ယုံကြည်မှုအားပါပဲ။

ဆန္ဒပြင်းပြသူအတွက် မဖြစ်မရှိဘူးတဲ့။ ဆန္ဒပြင်းပြတယ်ဆိုတာလည်း ဖြစ်ရမယ်ဆိုတဲ့ ယုံကြည်စိတ်ပါပဲ။

တစ်ခုတော့ ရှိပါတယ်။ ဟိုဂါထာလေးကတော့ ဘယ်လိုအကျိုးဖြစ်တာပဲ၊ ဒီဂါထာလေးကလည်း ဘယ်လိုစွမ်းတာပဲဆို လောဘကြီးပြီး မစွဲမြဲဘဲ ဟိုဟာစပ်စပ်၊ ဒီဟာစပ်စပ် လိုက်လုပ်ရင်တော့ ငါးသိုင်းမျှ ဟင်းဟုန်ဆိုတာမျိုး သိပ်အကျိုးမထူးနိုင်ဘူး။ ကြာတော့ စိတ်ပျက်သွားတတ်ပါတယ်။ ဒါယုံကြည်စိတ် မခိုင်မာ၊ မစွဲမြဲတဲ့ သဘောပါပဲ။

အကောင်းဆုံးကတော့ ဟိုတုန်းက အိန္ဒိယစာအုပ်တိုက်တစ်တိုက်က ဆောင်ပုဒ်လိုပေါ့။ "All the Books are good. Read the best one." တဲ့။ အားလုံးကောင်းပါတယ်။ အကောင်းဆုံး၊ အကြိုက်ဆုံး ဂါထာတစ်ခုကို ရွေးပြီး ယုံကြည်စိတ်အပြည့်နဲ့ ရွတ်ပါ။

ယုံကြည်မှုထဲကို ရွတ်ဆိုမှု အသံထွက်မှန်ကန်ဖို့ရယ်၊ စနစ်ကျဖို့ရယ်၊ ခိုင်မြဲတဲ့ သန္နိဋ္ဌာန်ရယ် ပေါင်းထည့်ပေးလိုက်ရင် ဘာလိုသေးလဲ။ ရှေးဆရာတော်ကြီးတွေ စီမံပေးခဲ့တဲ့ ဂါထာတွေဟာ တစ်ခုမှ အကျိုးမကြီးတာ မရှိဘူး။ ဒါကို သတိပြုစဉ်းစားပါ။

လုပ်နည်းကိုင်နည်းတွေ ချို့ယွင်းချက်ရှိလို့၊ စနစ်မကျလို့၊ ယုံကြည်စိတ်အားမကောင်းလို့ ဆိုတာလေးကို အမြန်ပြုပြင်လိုက်ပြီးတော့၊ ကဲ···ရွတ်ကြည့်လိုက်စမ်းပါ။ ဘယ်လိုအကျိုးထူးပါလိမ့်မယ်လို့ မပြောတော့ဘူး။ လုပ်ကြည့်ရင် သိလိမ့်မယ်။

မောင်ပုတ်စည်



www.burmeseclassic.com

www.burmeseclassic.com



# အဖုအကျိတ်ပျောက်

# ဂါထာမွမ်းတစ်ပုဒ်

မော်တင်သိန်း၊ ဇော်ဇ

**ဂါထာတော်**

ဥုံ – နေမင်းကြီးလာ အကျိုးပါ၊

ဥုံ – လမင်းကြီးထွက် အကျိုးပျက်၊

ဥုံ – သက်တန့် ခေါင်းစင်း၊

– သေဆရာသေ

– ကြေဆရာကြေ။

အထက်ပါ ဂါထာတော်ကို အနည်းဆုံး နဝင်းကြေ တိုးခေါက်မျှ ရွတ်ပွား၍ ဓားကိုမန်းမှုတ်ပြီး ထိုဓားမန်းနှင့် ကုသက လူတို့၏ကိုယ်ခန္ဓာ အပြင်၌ တစ်ခါတစ်ရံ ရုတ်တရက် ပေါက်တတ်၊ ခံစားရလေ့ရှိတတ်သော အထူးသဖြင့် သက်တန့်နာနှင့် အခြား အဖု၊ အကျိတ်၊ အနာလုံး [illegible] အနာ ဝေဒနာများကို ပျောက်ကင်းစေတတ်ကြောင်း လေ့လာသိရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သီလတရားကို အထူးစောင့်ထိန်းကျင့်ကြံပြီး သက်သတ်လွတ်ပင် စားသုံးသော (ဝါ) သမ္မာရင့် ဆရာမကြီးတစ်ဦးဖြစ်သူက လွန်ခဲ့သောနှစ်ပေါင်း အတော်ကြာကြာခန့်က အထက်ပါ အဖုအကျိတ်ပျောက် ဂါထာစွမ်း၊ ဂါထာထူးကို အမြဲသက်သတ်လွတ်စားသုံးသော ဓမ္မမိတ်ဆွေကြီးတစ်ဦးဖြစ်သူအား ရွတ်ပွား၊ ကုသ၊ အသုံးပြုနည်းများနှင့်တကွ ချီးမြှင့်ပေးအပ်ခဲ့၍ ရရှိခဲ့ကြောင်း ကြားသိရပြီး ထိုဓမ္မမိတ်ဆွေကြီးက ယခုအခါ စာရေးသူအား ဝေဒနာရှင်အများအကျိုးကို ရည်သည်မျှော်ကိုး၍ တစ်ဆင့်ဖောက်သည်ချ ပေးအပ်လာသဖြင့် စာရေးသူက ဂါရဝစေတနာမွန်ဖြင့် တစ်ဖန်ပြန်လည်တင်ပြရခြင်း ဖြစ်ပါသည်။

ဂါထာရွတ်ပွားပုံနှင့် 'ဓား'မန်းပြုလုပ်ပုံ၊ ကုသပုံတို့မှာ သက်တန့်၊ အဖုအကျိတ်၊ အနာလုံးပေါ်ထွက်ခံစားနေရသည့် ဝေဒနာရှင်တစ်ဦးအား ကုသပေးရမည်ဆိုပါက ကုသပေးမည့် ဆရာပုဂ္ဂိုလ်ဖြစ်သူသည် တစ်ရက်ကြို၍ ငါးပါးသီလကို ခံယူဆောက်တည်ပြီး သက်သတ်လွတ်စားရပါမည်။ ပြီးက ဆိုင်ခန်း၊ ဈေးတို့မှ အသေးစားအရွယ်မျှရှိသည့် ဓားငယ်တစ်လက်ကို ဈေးမဆစ်မပြုဘဲ သွားရောက်ဝယ်ယူပြီး ထိုဓားကို ရေသန့်ဖြင့် အသေအချာပင် သန့်စင်ဆေးကြောရပါမည်။ ပြီးပါက ထိုဓားကို ပန်းကန်ပြားတစ်ချပ်ပေါ်တွင် တင်ရှိလျက် နေအိမ်ရှိ ဘုရားကျောင်းဆောင်ပေါ်သို့ တင်ရှိကာ မြတ်စွာဘုရားရုပ်ပွါးတော်မြတ်ထံပါးတော်၌ "ဝေဒနာရှင်အား ဓားမန်းဖြင့် ဆေးဓားကုသကယ်တင်ပေးရန် ဖြစ်ပါသည်"ဟု ဦးခိုက်ကန်တော့ရှိခိုး၍ တစ်ညအိပ်မျှ ပူဇော်ထားရှိရပါမည်။ ကုသမည့်နောက်တစ်နေ့ နံနက်ခင်းအချိန်၌ ဘုရားကျောင်းဆောင်ပေါ်မှ ထိုဓားကို စွန့်ယူပြီး ထိုဓား၏အသွား ဓားသွားနားကို ပါးစပ်နှင့်အသာကပ်၍ အထက်ပါဂါထာကို တစ်ခါရွတ်၊ တစ်ခါ အသက်အောင့်သဘောနှင့် ကိုးကြိမ် (သို့မဟုတ်) ၃၇ ကြိမ် အုပ်တိတိ ရွတ်ပါးသရဇ္ဈာယ်ကာ သိဒ္ဓိတင် မန်းမှုတ်ပေးရပါမည်။ ပြီးက ထိုဓားမန်းဖြင့် မေတ္တာဘာဝနာနုဿတိများပွားများကာ သက်ဆိုင်ရာ ဝေဒနာဖြစ်သူ၏ သက်တန့် အဖုအကျိတ် အနာလုံးပေါ်ကို အသာအယာ ဖြည်းညင်းစွာ ဖိကပ်ထိတို့၍ "ဖြစ်ပေါ်ထွက်ရှိ ခံစားတည်ရှိဆဲ အနာဝေဒနာ အကျိတ်အဖုများအားလုံး ကြေမွ၊ ပျက်သုဉ်း၊ ကြေပျောက်၊ ကင်းရှင်းစေ"ဟု ပြောဆိုဆုတောင်းပေးရသည်ဟု နာယူ သိရှိရပါသည်။

ထိုခေတ် ထိုအခါက အထက်ပါ ဂါထာတော်ကို ချီးမြှင့်ပေးအပ်ခဲ့သည့် ထိုမူလ ပဓာနဆရာမကြီးအနေဖြင့် ကွယ်လွန်ချိန်အထိ နှစ်ပေါင်းများစွာပင် ယင်းဂါထာဓားမန်းတို့ဖြင့် သက်တန့်၊ အဖုအကျိတ်၊ အနာလုံး ဝေဒနာရှင်များ များစွာကို ကယ်တင်ကုသပေးနိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ သီလမြဲမြံမှု၊ သက်သတ်လွတ် စားသုံးသက်ဖယ်မှု၊ ယုံကြည်မှု၊ လုပ်ဆောင်အသုံးပြု ကုသနည်းများ ပြည့်စုံထက်သန် မှန်ကန်ပါက အဆိုပါ ဂါထာတော်နှင့် ဓားမန်းကုသနည်းတို့မှာ အထူးပင် စူးရှထက်မြက်ကာ စွမ်းလှကြောင်းလည်း လေ့လာသိရှိရပါသည်။ လေ့လာသုံးသပ်၍ စမ်းသပ်အသုံးပြုနိုင်ကြည့်နိုင်ကြပါရန် အကျိုးမျှော်၍ တစ်ဆင့်ပြန်လည်သတင်းပါး တင်ပြအပ်ပါသည်။

မေတ္တာစေတနာမွန်ဖြင့် တစ်ဆင့်ပြန်လည်ပြောပြရေးသားတင်ပြခွင့်ပြုအပ်သော ဓမ္မမိတ်ဆွေကြီးအား လေးမြတ်စွာ ဂါရဝပြုလျက် . . .။

မှတ်ချက် ။ ။ အထက်ပါ ဂါထာတော်နှင့် ဓားမန်းဖြင့် ကုသနည်းကို ရရှိခဲ့သော ဓမ္မမိတ်ဆွေကြီးဖြစ်သူအနေနှင့်လည်း ယင်းဂါထာဓား မန်းကုသနည်းတို့ဖြင့် သက်တန့်မှအစ အဖုအကျိတ်အားလုံး ပါးချိတ်ရောင် ဝေဒနာရှင်တို့အား စမ်းသပ်ကုသပေးခဲ့ကြည့်ရာ များစွာ ပျောက်ကင်းခဲ့ကြကြောင်း သိရှိရပါသည်။

**မော်တင်သိန်းဇော်**



www.burmeseclassic.com

www.burmeseclassic.com

**■ မင်းခေါင်သီဟ**

# အန္တရာယ်အမှန်ကင်းတဲ့ ကြက်ဟင်း

သတ္တဝါတိုင်းသည် မွေးဖွားသည်မှ သေဆုံးသည်အထိ ကာလအတွင်း အသက်ရှင်နေစဉ် အချိန်အခါ၌ အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့တတ်ကြ၏။ ထို့အတူပင် ရန်နှင့် အနှောင့်အယှက်တို့သည်လည်း ကြုံတွေ့တတ်ရသည်ချည်းပင် ဖြစ်၏။

ထိုအန္တရာယ် ရန်စွယ်တို့မှ ကင်းလွတ်ရသည်လည်း ရှိ၏၊ အနိုင်ရရှိလိုက်သည်လည်း ရှိ၏၊ ရှုံးနိမ့်ရသည်လည်း ရှိ၏၊ ဆုံးရှုံးရသည်လည်းရှိ၏၊ နစ်နာရသည်လည်း ရှိ၏၊ ထိခိုက်ရသည် လည်းရှိ၏၊ ခံစားရသည်လည်း ရှိ၏။

ကောင်းအောင် နေသည်ဖြစ်စေ၊ ဆိုးအောင်နေသည်ဖြစ်စေ ချစ်သူရှိသကဲ့သို့ မုန်းသူလည်း အမြဲရှိနေမည်ပင်။ မုန်းသူဘက်က ရန်ငြိုးဖွဲ့ကာ စီးပွားပျက်ဘဝပျက် အသိုက်အမြုံပျက်အောင် ကြံစည်တတ်ကြသည်မှာလည်း လောကဓမ္မတာဖြစ်လေ၏။ မိမိ၏ဂုဏ်သိက္ခာ ကျဆင်းစေရေးအတွက် လုပ်ကြံပြောကြားလေ့ရှိသည်မှာလည်း လောကထုံးစံပင် ဖြစ်၏။

အချို့သူများဆိုပါက မည်သည့်အရပ်ဒေသသို့ ပြောင်းနေနေ၊ မိမိအား မလိုမုန်းထားသူ၏ နေအိမ်အနီး၊ ပတ်ဝန်းကျင်အနီး၌သာ နေရကြုံရတတ်လေ၏။ ထိုသူများအတွက် အမြဲတမ်းစိတ်ညစ်ဖွယ်ရာများနှင့် ကြုံတွေ့ရသော ကံကြမ္မာပါလာသည်လားဟုပင် ဆိုရမလောက် ဖြစ်လေ၏။

မိမိအား မနာလိုဝန်တိုသူများနှင့် ကင်းရှောင်၍ မရတတ်ပေ။ လုပ်ငန်းအရ ရန်ငြိုးသိုဖွဲ့တတ်သူက ပိုများလေ၏။ သားသမီးအချင်းချင်းကြောင့်လည်း ပဏာမစားတတ်ကြသူများလည်း ရှိ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ခရီးထွက်ရန်အတွက် ရန်ကုန်ဘူတာကြီးသို့ဆင်းကာ ကြိုတင်ခရီးသွားလက်မှတ်သွားယူ၏။ တန်းစီလက်မှတ်ယူရပြီးနောက် ဘူတာကြီးအရှေ့မျက်နှာစာ အတွင်းဘက် လက်ဖက်ရည်ဆိုင်၌ မတ်တပ်ရပ်၍ ညောင်းညာပြီး ဝမ်းဟာဟာရှိသည်နှင့် လက်ဖက်ရည် မှာယူသောက်သုံးနေ၏။

ထိုသို့ လက်ဖက်ရည် မှာယူသောက်သုံး၍ စိတ်အထင် လေးငါးမိနစ်ခန့်အကြာ၌ ကိုရွှေမောင်ကလည်း ဘူတာကြီးအတွင်း တစ်နေရာမှထွက်လာခဲ့ရာ ကျွန်ုပ်ကို တွေ့ရှိပြီး ကျွန်ုပ်လက်ဖက်ရည်သောက်ရာ ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့လေ၏။

**ကိုရွှေမောင်** ။ ။ ကိုသီဟ ဒီမှာ ဘာလုပ်နေတာလဲ။

**ကျွန်ုပ်** ။ ။ ခရီးထွက်ဖို့ မီးရထားလက်မှတ် လာယူတာပါ။ ကိုရွှေမောင်ကရော ဒီကို ဘာလာလုပ်တာလဲ။

**ကိုရွှေမောင်** ။ ။ ကျွန်တော်က ကျွန်တော့်ဦးလေး မနက်ဖြန် မန္တလေးပြန်မှာမို့ လက်မှတ်လာယူပေးတာပါ။ ကိုသီဟက ခဏခဏ ခရီးပဲထွက်နေတာပဲကိုး။ ကျွန်တော်ဖြင့် ကိုသီဟနဲ့ အေးအေးဆေးဆေး စကားပြောချင်နေတာ။ အိမ်မှာသွားမေးလိုက်ရင် ခရီးထွက်သွားတယ်ချည်းပဲ ကြားရတယ်။ ဘယ်တော့မှ မတွေ့ရဘူး။

**ကျွန်ုပ်** ။ ။ မိုးတွင်းဘက်တော့ မထွက်ဖြစ်ပါဘူးဗျာ။ အခုတွေ့နေပြီ မဟုတ်လား။ ကျွန်တော်လည်း လက်မှတ်ယူပြီး ဒီပြင်အလုပ် မရှိဘူး။ ခင်ဗျားပြောချင်တဲ့ စကားတွေရှိရင်ပြော။ အေးအေးဆေးဆေး အချိန်ရတယ်။

**ကိုရွှေမောင်** ။ ။ ဒီလိုဗျ။ ကျွန်တော် ပုံလေးတစ်ပုံ ရထားတယ်။ အဲဒီပုံက မော်လမြိုင်ဘက်က မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးဆီက ရထားတာ။ အဲ့ဒီမိတ်ဆွေက ဒီပုံကလေးဟာ အန္တရာယ်ကင်းစေတယ်။ အနှောင့်အယှက်ကင်းစေတယ်။ ရန်ဘက်ကိုအနိုင်ရစေတယ်လို့ ပြောတာနဲ့ ကျွန်တော်လည်း ပလပ်စတစ်လောင်းပြီးတော့ ဆောင်ထားခဲ့တာ အတော်ကြာပြီ။ ဟုတ်တော့ဟုတ်တယ်ဗျ။

အလုပ်ဌာနမှာ ကျွန်တော့်ကို အတိုက်အခံလုပ်တဲ့ သူဟာ ဒီရုပ်ပုံလေးဆောင်ထားတဲ့အချိန်ကစပြီး အတိုက်အခံမလုပ်တော့ဘဲ ငြိမ်ချက်သားကောင်းနေတယ်။ အရင်ကဆိုရင် ကျွန်တော့်ကို အထက်လူကြီးက အထင်လွဲအောင် အမြဲတမ်းလုပ်တော့ အထက်လူကြီးရဲ့ အငြိုငြင်ကိုလည်း အမြဲတမ်းခံခဲ့ရတယ်။ အထက်လူကြီးကလည်း အဲဒီလူကိုဆိုရင် အရေးပေးလွန်းတယ်။ အခုတော့ ပြောင်းပြန်တွေဖြစ်ပြီး အထက်လူကြီးက ကျွန်တော့်ကို အရေးပေးလာတယ်။

**ကျွန်ုပ်** ။ ။ ခင်ဗျားဆောင်ထားတယ်ဆိုတဲ့ ပုံလေးက ဘာပုံလဲဗျ။

**ကိုရွှေမောင်** ။ ။ ပုံကတော့ လေးထောင့်စတုရန်းပုံ အုတ်ချပ်ပြားလေး တစ်ခုပါပဲ။ ရှော့ကြည့်ပါဦး ကိုသီဟ။

ကျွန်ုပ်သည် ကိုရွှေမောင်ပေးလာသော ကိုရွှေမောင် အမြဲတမ်းဆောင်ထားသည်ဆိုသော ရုပ်ပုံကလေးကို ကြည့်လိုက်သောအခါ လေးထောင့်စတုရန်းပုံ အုတ်ချပ်ပြားတစ်ခုပုံ ဖြစ်နေသည်ကို တွေ့ရှိရ၏။ ယင်းလေးထောင့်ပြား အုတ်ချပ်ကို အနားလေးဘက် ဘောင်နှစ်ထပ်ခတ်၍ အလယ်တွင် ကြက်နှင့် ကင်းတို့၏ပုံကို ဖောင်းကြွဖော်ထားသည်ကို တွေ့ရှိရ၏။

**ကျွန်ုပ်** ။ ။ ဒီပုံဟာ ရှေးဟောင်းအုတ်ချပ်ပြား တစ်ချပ်ရဲ့ပုံပဲဗျ။ ခင်ဗျားမိတ်ဆွေ ဘယ်ကရထားတဲ့ ပုံလဲဆိုတာ ခင်ဗျားသိရဲ့လား။

**ကိုရွှေမောင်** ။ ။ ကျွန်တော် သိရသလောက်တော့ ရှေးဟောင်းဘုရားတစ်ဆူကို ပြန်လည်ပြုပြင်တော့ ဌာပနာထဲကရတဲ့ အုတ်ချပ်ပြားတဲ့။ အဲဒါကို ဓာတ်ပုံဆရာတစ်ဦးက မှတ်တမ်းဓာတ်ပုံ ရိုက်ထားတာ။ ဘာဖြစ်လို့လဲဗျ။

**ကျွန်ုပ်** ။ ။ ဒါဆိုရင် ဒီဘုရားဟာ စစ်ပွဲနိုင်အောင် အစီအရင်နဲ့ တည်တဲ့ဘုရားဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ်ရင် ရန်နဲ့အနှောင့်အယှက်ကင်းအောင် ရှေးလောကီအစီအရင်တွေနဲ့ တည်ထားတဲ့ ဘုရားဖြစ်မယ်။ ပုံကလည်း ကြက်နဲ့ ကင်းပုံ ဖော်ထားတယ်။ ကြက်နဲ့ကင်းဆိုတာ လောကီပညာနဲ့ ဗေဒင်ပညာမှာတော့ ကက်ကင်းလို့ခေါ်တယ်။ ကက်ကင်းဆိုတာ ရန်ဘက်ကို ပြန်လည်တန်ပြန် တုံ့ပြန်စေတာ[...] တယ်။ ဒါကြောင့်မို့ ခင်ဗျားရဲ့ပုံလေးက အစွမ်းထက်နေ[...] တာကိုး။

**ကိုရွှေမောင်** ။ ။ ဟုတ်လားကိုသီဟ။ ကျွန်တော်[...] တော့ ဘာရယ်ညာရယ်လို့ သိတာတော့ မဟုတ်ပါ[...] ဒီပုံလေးအကြောင်း ကိုသီဟကို ဆွေးနွေးပြောပြချင်[...] တာ ကြာပြီ။

**ကျွန်ုပ်** ။ ။ အဲ့ဒီအုတ်ကျွတ်ပြားရော ရှိသေး[...] သလား။

**ကိုရွှေမောင်** ။ ။ ဌာပနာထဲ ပြန်ထည့်လိုက်တယ်[...] လို့ ဆိုတာပဲဗျ။

**ကျွန်ုပ်** ။ ။ ဒါဆိုရင် ခင်ဗျားပုံလေးကိုပဲ မိတ္တူ[...] စက်မှာ မိတ္တူသွားကူးပြီး အလိုရှိတဲ့သူတွေ ဆောင်ထား[...] အသုံးပြုနိုင်အောင် စာစောင်တစ်ခုခုမှာ ဖော်ပြပေးလိုက်မယ်[...]

**ကိုရွှေမောင်** ။ ။ ကောင်းပါတယ်။ တကယ်[...] တာမို့ အများအကျိုး ရှိစေမှာပါ။

နောက်ဆုံး နေညိုတော့ ဘူတာကြီးမှ ကျွန်ုပ်[...] ပြန်ခဲ့ကြလေတော့၏။



ဤပုံကို ကူးယူ၍လည်းကောင်း၊ ဖြတ်ယူ၍လည်း ကောင်း ပလတ်စတစ်လောင်းကာ ဆောင်ထားနိုင်[...] သည်။

ချမ်းမြေ့ပါစေ . . .

**မင်းခေါင်သီ[...]**

www.burmeseclassic.com

www.burmeseclassic.com

သိသာ[illegible]

# မင်္ဂလာနိမိတ်ကောင်း

၎ ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုရင်တော့ . . .

မိဘဝရဲ့ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို
မိမိဘာ[illegible] ပိမ်အသိဆုံးပါ။ ဖါပေမယ့် ပွဲမစခင်
[illegible]ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို
ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မမွတာပါပဲ။
ပြည့်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ
တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို
တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း
တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို
ပုစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာ
များမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း
တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံ
ပေါ်မှာ ဒီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ
အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

■ အမှတ်(၂၀၅/က)၊
ဝိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာသားသမီး



ဒီကာလအတွင်းမှာတော့ မပြောပလောက်တဲ့ အညှိုးအခိုက်လေးတွေ တွေ့ရတတ်ပါတယ်။ အဓိကတော့ အလုပ်တွေအများကြီး လုပ်နေရတာမျိုး ကြုံတွေ့ရတတ်ပါတယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အဲဒီအလုပ်တွေကလည်း ကိုယ့်အတွက် အကျိုးမရှိဘူး ဖြစ်နေတတ်တယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင်လည်း အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကိုယ့်ရဲ့ဆရာသမားတွေကတော့ ကူညီစောင့်ရှောက်တတ်ပါတယ်။ အမျိုးသားဖြစ်နေလျှင်တော့ ဒီကာလမှာ ပဋ္ဋင်းခံရတတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ငွေကြေးလည်း ထင်သလောက်မဝင်တတ်ဘူး။ ဒီကြားထဲ သူများအာမခံ ကိုယ်ကလုပ်ပေးလိုက်လို့ ငွေဆုံးခြင်း၊ ကိုယ်ကစိုက်လျော်ရခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ နောက်ပြီး သတိထားလိုက်ဦးနော်။ သူခိုးခိုးခံရတတ်သေးတယ်။ အလှူရက်၊ မင်္ဂလာရက်တွေကလည်း တဖြည်းဖြည်းနဲ့ နောက်ဆုတ်သွားတတ်တယ်။ ဒီကြားထဲ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်သော ကာလဖြစ်ပါတယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းတွေ ကြုံတွေ့ရတတ်တယ်။ ဒါကြောင့်လည်း အညှိုးအခိုက်များ ပပျောက်ပြီး ကောင်းကျိုးချမ်းသာများ ရရှိစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့် (၄)ညွန့်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ ယပ်အဝါရောင် (၁၇)ချောင်းတို့ကို လှူဒါန်းပေးပါ။ အညှိုးအခိုက်များ ပပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၅၊ ၇၇၊ ၅၇၊ ၇၅

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေး ချူချာတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ပေါင်မုန့်(၂)ချပ်နှင့် နွားနို့(၂)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာ သားသမီး



မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတာမျိုးလည်း ကြုံရတတ်တယ်။ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ဒါပေမယ့် လုပ်သမျှလည်း သိပ်အဆင်မပြေတတ်သေးဘူး။ ယခုရောက်ရှိနေတဲ့ကာလမှာ ဝါခေါင်လ၊ ကဆုန်လများ ပါဝင်နေရင်တော့ မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရခြင်း၊ မိန်းမနှင့်ပတ်သက်၍ အမှုအခင်းဖြစ်ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ကြုံရတဲ့ကာလဖြစ်တယ်။ လူတွေ အထင်ကြီးမှု၊ ချီးကျူးမှုကို ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါကလည်း ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်း တွေ့ကြုံရတတ်တယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရခြင်းများ ပြုလုပ်ရတတ်ပါတယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရလိမ့်မယ်။ ထိုခရီးများသည် လည်းသင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ ငွေဒလစေဟာထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ဒါပေမယ့်လည်း တနင်္ဂနွေ၊ သောကြာအမည်ပါတဲ့ မထင်မှတ်သော ဆွေမျိုးသားချင်းက အကူအညီကောင်းပေးလာလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် အန္တရာယ်ဖြစ်တတ်တယ်။ သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါး(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

စနေ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၄၊ ၆၁

### အထူးသတိပြုရန်

လူမျိုးခြား ဒုက္ခပေးတတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းသီး(၆)စိတ်ကို ကြေးလင်ဗန်းထဲထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



စိတ်ပျော်ရွှင်စရာတွေ ဆက်တိုက်ကြုံတွေ့ရပါလိမ့်မယ်။ စက်ပစ္စည်းများ စက်အကောင်းစားများ ဝင်လာတတ်တယ်။ ဆိုင်ဖွင့်ရန် ကြံရွယ်ထားပါကလည်း ဆိုင်ဖွင့်ရန် ကံကောင်းတတ်သည်။ မိမိအိမ်ကိုလည်း ပြုပြင်ခြင်း၊ အဖီချခြင်းမျိုး ကြုံရတတ်တယ်။ လုပ်ငန်းသစ်စရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ဤကာလအတွင်း ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါးညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ခင်မင်သူ၊ ချစ်သူကြောင့် ဒုက္ခတွေ့တတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနှင့် မပျော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ မိသားစုထဲတွင် ဗုဒ္ဓဟူးသားသမီးရှိပါက အိမ်မှ ထွက်သွားတတ်တယ်။ ဘိုးတော် တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ မိမိအိမ်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ မမွေးရ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာလာမွေးလျှင် ကောင်းပါသည်။ ယခုကာလတွင် လုပ်ငန်းများ မတိုးချဲ့ပါနှင့်ဦး။ အမှုမဖြေရှင်းရပါ။ မဖြစ်မနေ ပြဿနာရှင်းရမယ်ဆိုလျှင် တတ်နိုင်သလောက် အချိန်ဆွဲထားပါ။ ကျန်းမာရေး အနည်းငယ်ချို့တဲ့တတ်တယ်။ အလိုလိုနေရင်း စိတ်တိုနေတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၅၊ ၃၁၊ ၃၇

### အထူးသတိပြုရန်

ယခုကာလတွင် ဘာသာရေးစာအုပ် လက်ဆောင်ရရှိခြင်း၊ မိမိခေါင်းရင်းအိမ်ဘက်တွင် အိမ်သစ်ဆောက်ခြင်း နိမိတ်တွေ့ပါက ကံကောင်းတတ်တယ်။ ကားပွတ်တိုက်မိတတ်သဖြင့် အထူးသတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း အုန်းခွေး ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင် မဖြစ်နိုင်ပါ။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများဟာလည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ရွှေဝင်မယ်။ ရတနာပစ္စည်းဝင်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ သင့်အတွက် အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ ဤကာလအတွင်း စီးပွားရေး အလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသော အချိန်ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားပျက်သော် ဒုက္ခရောက်တတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ပတ္တမြား၊ မြ၊ မြေ ထွက်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သား ဒုက္ခပေးတတ်တယ်။ အထူးသဖြင့် အင်္ဂါသားသမီး၊ သောကြာသားသမီးတွေက ကိုယ့်ကို အနှောင့်အယှက်ပေးတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ အထက်လူကြီး၏ အထင်မြင်လွဲမှားမှု ခံရတတ်တယ်။ ယခုကာလတွင် ကောင်းကျိုးချမ်းသာတွေ ရရှိတတ်သော်လည်း မိသားစုအိမ်ထောင်ရေးနှင့် ပတ်သက်ပြီး စိတ်တိုင်းမကျခြင်း၊ အမျိုးသားများအဖို့ အိမ်ထောင်ရေး စွပ်စွဲခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဖြူ(၁၂)လက်တို့ကို လှူပေးပါ။ မိမိအိမ်က ဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လက်ကောင် ၆ ကွင်း လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၆၊ ၄၁၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်အနီးအနား၌ ကလေးမီးဖွားသောနိမိတ်၊ ဘုရားတစ်ဆူ လက်ဆောင်ရပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

အိမ်အနီးအနားတွင်ရှိသော ကလေးငယ်များကို ရုပ်ရှင်ပြခြင်း၊ မုန့်ဖိုးပေးခြင်း၊ ကော်ရည်ခေါက်ဆွဲ ဝယ်ကျွေးခြင်းများ ပြုလုပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# ကြာသပတေး သားသမီး



သင်သည် ယခုတာလတွင် ကံကောင်းနေပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း ပြုလုပ်ရတတ်တယ်။ အလုပ်သစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်အသစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလ ဖြစ်တယ်။ ဇာတာရှင်သည ယောကျ်ားဖြစ်ပါက အိမ်ထောင်ကျလျှင် ကောင်းပါသည်။ မင်္ဂလာဆောင်လျှင် စည်ကားသောမင်္ဂလာဆောင်ဖြစ်မယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဤကာလတွင် အိမ်ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသော အိမ်မျိုးဖြစ်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ဝင်လာတတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသောစက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကိုအကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုလျှင် ဖျာချောလေး(၁)ချပ်ကို ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား၊ ဘာသာခြားတွေ မစတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ၊ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ ဖခင် ကျန်းမာရေးညံ့တတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား[illegible]စ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငြိုဟ်ရုပ်[illegible] (၆)ခုတို့ကို လှူပေးပါ။ အညွှံများ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

## ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

## ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၂၊ ၆၄

## အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင်အိမ်ပိုင် ရနိုင်သောကြောင့် သူတစ်ပါး၏ မင်္ဂလာကိစ္စကို တာဝန်ယူဆောင်ရွက်ပေးခြင်း၊ သူတစ်ပါး၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို မိမိနေအိမ်တွင် ခေတ္တခဏထားခြင်းမျိုး မပြုလုပ်သင့်ပါ။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း အသုပ်စုံနှင့် ဆွမ်းတော်တင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ပေ ၁စာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲ့နေပါတယ်။ အညှဲ့ကြီးမဟုတ်ပေမယ့် ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလလေးပဲ ဖြစ်ပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်၊ လွန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မအောင်မြင်ဘဲ ဖြစ်နေမယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင်လည်း အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ မြေတွစ်ကွက် ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်ပါတယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည်ရှိပါက ဆေးရုံ၌မွေးပါ။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုကာလတွင် အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့သော ပစ္စည်းများ ရတတ်တယ်။ ဤကာလတွင် လက်ခံလိုက်လျှင် အလဟဿ ကုန်သွားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတတ်တယ်။ မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက် ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှဲ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှဲ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၄၊ ၅၄၊ ၄၅

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ရ။ အိပ်လျှင် ကျန်းမာရေးချူချာခြင်း၊ ပြဿနာပေါင်း၊ ရောဂါပေါင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါ် ...ျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ ထိုပညာရပ်ဟာ ကိုယ့်ကို အကျိုးပေးနေတတ်တယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ လုပ်ငန်းသစ်များ ညှိတယ်ဆိုပေမယ့်လည်း မဖြစ်မနေလုပ်ရမယ်ဆိုရင်တော့ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်ပါတယ်။ လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်း၊ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ကြုံမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက် ကြမ်းခြင်းများ ကြုံလိမ့်မယ်။ လူငယ်လူရွယ်တွေအဖို့ အချစ်ရေး စန်းပွင့်တဲ့အချိန်ဖြစ်တယ်။ စေ့စပ်မင်္ဂလာပွဲများ၊ အလှူမင်္ဂလာပွဲများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် ပတ်သက်ပြီး စိတ်ညစ်စရာပေါ်တတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန်ဖြစ်တတ်တယ်။ လောင်းကစား၊ အပျော်အပါးမက်သူများအဖို့ လူလိမ်ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဒူးနာ၊ ခါးနာ၊ နှလုံး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်အဖြူ (၂၁)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၃၊ ၃၅၊ ၅၃၊ ၅၅

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေး လုံးဝမသွားပါနှင့်။
ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း LUX ဆပ်ပြာခဲပေါ်တွင် အမွှေးတိုင်ထွန်းပြီး ပူဇော်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှူအတန်းတွေ ပြုလုပ်ရမှာဖြစ်ပါတယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရလိမ့်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ငွေအရတိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်သောကာလ ဖြစ်တယ်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက်၊ အဟောင်း မဝယ်သင့်။ ဗုဒ္ဓဟူးသားသမီးရှိလျှင် အနည်းငယ်ညှိုးတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ ရှေ့မှောက်၌ သပြေ(၆)ညွှန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးအဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၇၄၊ ၇၂၊ ၂၇၊ ၂၆

### အထူးသတိပြုရန်

အရက်သေစာ လုံးဝရှောင်ရမည်။ မကြာခဏ ဒေါသကြီးခြင်း၊ ခက်ထန်စွာ ပြောဆိုခြင်း ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့တိုင်း ကိတ်မုန့်(၂)ချပ်နှင့် နွားနို့ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၄-ခုနှစ်၊ ဒီဇင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

အထက်လူကြီး ကူညီစောင့်ရှောက်မည်။ အလုပ်တွင် မပျော်ပိုက်ဘဲ ရှိနေမည်။ မပြောင်းပါနှင့်။ ပြောင်းလျှင် အဆင်မပြေနိုင်ပါ။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သော ကိစ္စများ အဆင်ပြေမည်။ ငွေကြေး ထင်သလောက် မဝင်ပါ။ သူခိုး ခိုးခံရတတ်သည်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းတတ်သည်။ ငယ်ရွယ်သူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။

**ယတြာ**

ငယ်ရွယ်သူတစ်ဦးကို
ထောပတ်မုန့်တစ်ခု
ဝယ်ကျွေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

မူလရှိရင်းအလုပ်နှင့်အတူ အခြားအလုပ်တစ်ခု ပူးတွဲလုပ်ရတတ်သည်။ မထင်မှတ်ဘဲ ပညာရပ်တစ်ခု သင်ကြားရမည်။ သင်တန်းတက်ရတတ်သည်။ အကျိုးထူးမည်။ အိမ်နေရာအသစ် အပြောင်းအလဲရှိမည်။ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရတတ်သည်။ အမျိုးသမီးနှင့် ပတ်သက်၍ ပြဿနာ ရှင်းလင်းရမည်။ ခရီးများများထွက်ရမည်။

**ယတြာ**

သက်ကြီးရွယ်အိုတစ်ဦးကို
အချိုရည်တစ်ဘူး ဝယ်တိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ဆိုင်ဖွင့်ရန် ကြံရွယ်ထားသူများ ဆိုင်ဖွင့်နိုင်မည်။ လုပ်ငန်းသစ်လုပ်ရန် ကြံစည်ထားသူများ အဆက်အသွယ် ပေါ်လာလိမ့်မည်။ ရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မည်။ အထက်လူကြီး ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်သည်။ လူလိမ်ခံရတတ်သည်။ စက်ပစ္စည်းအသစ်များ ဝင်လာတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါက်စီ ၃ လုံး ဝယ်ကျွေးလိုက်ပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

လုပ်ငန်းအသစ်များ ဝင်လာတတ်သည်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရမည်။ ရတနာပစ္စည်းများဝင်မည်။ စီးပွားရေး အဆင်ပြေမည်။ အချစ်ရေး စန်းပွင့်သောကာလဖြစ်သည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ရေးကံ ထိန်းသိမ်းသင့်သည်။ ဝန်ထမ်းများ အထက်လူကြီး မစခြင်းခံရတတ်သည်။ ပစ္စည်းဟောင်းများ လက်မခံသင့်ပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဟမ်ဘာဂါ ဝယ်ကျွေးလိုက်ပါ။

---

## ကြာသပတေးသားသမီးများအတွက်

ကံကောင်းသောအချိန်ဖြစ်သည်။ မပြည့်စုံတာတွေ ပြည့်စုံလာမည်။ အိမ်ထောင်မရှိသူတွေ အိမ်ထောင်ကျမည်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်းများ ကြုံမည်။ စက်ပစ္စည်းအသစ်များဝင်မည်။ လူမျိုးခြား၊ ဘာသာခြား မစမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်မုန့် ဝယ်ကျွေးပါ။

---

## သောကြာသားသမီးများအတွက်

ကံကြမ္မာမည့်ပေမယ့် အကောင်းဘက် မရောက်သေးပါ။ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေလိမ့်မယ်။ အလုပ်ပြောင်းရန် စိတ်မကူးပါနဲ့။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး ကူညီလိမ့်မည်။ နိုင်ငံခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့်တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ဝမ်းဗိုက်ဥပါဒ်ပေးခြင်း ခံရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပဲပေါင်မုန့် ဝယ်ကျွေးလိုက်ပါ။

---

## စနေသားသမီးများအတွက်

မမျှော်လင့်ဘဲ ပညာရပ်တစ်ခု သင်ရမည်။ ၎င်းပညာရပ်သည် အကျိုးပေးမည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အဆင့်မြင့်ရာထူးရခြင်း၊ နေရာကောင်းရခြင်းများဖြစ်မည်။ အိမ်ထောင်သည်များအဖို့ အိမ်ထောင်ဖက်နှင့် ပတ်သက်ပြီး စိတ်ညစ်စရာ ပေါ်တတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြာဆံချက် ဝယ်ကျွေးပါ။

---

## ရာဟုသားသမီးများအတွက်

လူမျိုးခြား၊ နိုင်ငံခြားသား အကျိုးပေးမည်။ မသင့်မြတ်သူများနှင့် သင့်မြတ်သွားမည်။ ငွေအစုလိုက် အပုံလိုက် ဝင်မည်။ မိမိအလုပ်မှလည်းကောင်း၊ အခြားအလုပ်မှလည်းကောင်း ဝင်မည်။ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်သည်။ ပညာရေးကိစ္စ ဆောင်ရွက်နေသူများ သင်တန်းတစ်ခုတက်ရန် အခက်အခဲတွေ့နေလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဘဲကင်နှင့် ထမင်း ဝယ်ကျွေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## Australia Edd Engergy ကုမ္ပဏီမှ

## မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ငွေကျပ် ၁၀ သိန်း လှူဒါန်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းမြို့ မြို့ဦး ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း (လှူငယ်စောင့်ရှောက်ရေးဌာန)သို့ ၁၇-၉-၂၀၁၄ နေ့က Australia Edd Engergy ကုမ္ပဏီမှ ငွေကျပ် ၁၀ သိန်း(သိန်းတစ်ဆယ်)ကို လှူဒါန်းရာ ကုမ္ပဏီ၏ကိုယ်စား မမြတ်ဆုမှ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဇဋိလသို့ ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

---

## လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး

## (ကျောက်တော်ကြီးဘုရား) ၁၉ ကြိမ်မြောက် အဘိဓမ္မာ ၇ ကျမ်း ပူဇော်ပွဲကြီး

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထား ကိုးကွယ်လျက်ရှိသော **လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး** (ကျောက်တော်ကြီး ဘုရား) ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၁၉ ကြိမ်မြောက် အဘိဓမ္မာ ၇ -ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကြီးကို ၃၀-၉-၂၀၁၄ မှ ၈-၁၀-၂၀၁၄ သီတင်းကျွတ်လပြည့်နေ့အထိ ကိုးရက်တိုင်တိုင် သံဃာတော်များမှ ရွတ်ဖတ်ပူဇော်မည် ဖြစ်ပါသည်။ ၈-၁၀-၂၀၁၄ သီတင်းကျွတ် လပြည့်နေ့တွင် ဘုရားဖူးများ ကျန်းမာချမ်းသာပြီး ဘေးဘယာ တွေ ဝေးကွာစေရန်အတွက် ပဌာန်းရေစင်များနှင့် ပဌာန်းပရိတ် ကြိုးများကို ဝေငှလှူဒါန်းမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆရာတော်ကြီးများအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည်၊ ပဌာန်းကန်တော့ပွဲ၊ ပဌာန်းရေစင်လှူဒါန်းလိုသူများ၊ စတုဒိသာလှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး(ဖုန်း-၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅)နှင့် ရုံးအဖွဲ့မှူး (ဖုန်း-၀၉၇၃၁၃၀၆၀၅)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

BURMESE CLASSIC

## တန့်ကြည်တောင် ရန်အောင်ချမ်းသာဆရာတော် ဘဒ္ဒန္တသောမဗုဒ္ဓိ၏

## သက်တော် (၇၉)နှစ်ပြည့် မွေးနေ့မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြမည်

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တန့်ကြည်တောင် ဓမ္မရိပ်သာနှင့် ပုဂံရှိ တန့်ကြည်တောင် ဓမ္မရိပ်သာများ၏ ဦးစီးပဓာန နာယက၊ တန့်ကြည်တောင်ဆရာတော်ကြီး ဘဒ္ဒန္တသောမဗုဒ္ဓိ၏ သက်တော်(၇၉)နှစ်ပြည့် မွေးနေ့ဝိဇာတမင်္ဂလာနေ့ ပတ္တမြားရတုအကြိုမင်္ဂလာမွေးနေ့မှာကား ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁)ရက်၊ ၂၄-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့)ပင် ဖြစ်သည်။ တန့်ကြည်တောင် ရန်အောင်ချမ်းသာဆရာတော်ကြီးသည် မွေးနေ့ညⴰ(၇)နာရီအချိန်တွင် တန့်ကြည်တောင်၊ စွယ်တော်ရှင်ဘုရားကြီးအား ဆီမီး(၉၀၀၀)၊ ပန်း(၉၀၀၀)၊ သစ်သီး (၉၀၀၀)တို့ဖြင့် ကြည်ညိုပူဇော်ကြမည် ဖြစ်သည်။ မွေးနေ့နံနက်ပိုင်း (၇)နာရီအချိန်တွင် တန့်ကြည်တောင် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းကြကာ ရေစက်ချအမျှပေးဝေ သာဓုခေါ်ဆိုကြမည် ဖြစ်သည်။ အဆိုပါ မွေးနေ့အလှူပွဲကြီးသို့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မည်သူမဆို ကြွရောက်သုံးဆောင် ဆင်နွှဲနိုင်ကြပါကြောင်း တန့်ကြည်တောင်ဆရာတော်ကြီး ဘဒ္ဒန္တသောမဗုဒ္ဓိနှင့် တန့်ကြည်တောင် မွေးနေ့ကျင်းပရေးအဖွဲ့တို့မှ ဖိတ်မန္တကပြုလုပ်ထားကြောင်း သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား ဆီမီး(၉၀၀၀)ကပ်လှူ ပူဇော်မည်



BURMESE CLASSIC

(၂၄)ကြိမ်မြောက် ငွေရတုအကြိုအဖြစ် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ ရေချမ်း ၉၀၀၀ ကို ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား ၁၃၇၆-ခုနှစ်၊ သီတင်းကျွတ် လဆန်း(၁၄)ရက်၊ သီတင်းကျွတ်လပြည့်နေ့၊ သီတင်းကျွတ် လပြည့်ကျော်(၁)ရက်နေ့ (၇-၁၀-၂၀၁၄၊ ၈-၁၀-၂၀၁၄၊ ၉-၁၀-၂၀၁၄)နေ့ ညများတွင် ညစဉ် (၆း၀၀)နာရီအချိန်မှစ၍ ဆီမီး၊ ဖယောင်းတိုင်၊ လျှပ်စစ်ရောင်စုံမီးနှင့်အတူ မီးပုံးပျံကြီး များကို လွှတ်တင်ပူဇော်မည်ဟု သိရှိရသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား အမှူးထား၍ အရဟံခွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရပ်နီးရပ်ဝေး အလှူရှင်များကိုယ်တိုင် ရေစက်သွန်းချ အမျှဝေကြမည်ဖြစ်ရာ အဆိုပါ လှူဒါန်းပူဇော်ပွဲကြီးအား လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်း နိုင်ကြပါကြောင်း သတင်းရရှိပါသည်။

ကိုရင်သာမှ

## ဝိစိတ္တာရာမ ဗုဒ္ဓဂယာကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ၏ သက်တော်(၄၇)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာပွဲ ကျင်းပ

၁၃၇၆-ခုနှစ်၊ ဝါခေါင်လကွယ် (၂၄-၈-၂၀၁၄)ရက်၊ တနင်္ဂနွေနေ့က ငါးထပ်ကြီးဘုရားမြောက်ပိုင်း ငါးထပ်ကြီးဘုရားလမ်း၊ ဝိစိတ္တာရာမ ဗုဒ္ဓဂယာကျောင်းတိုက်ကြီး၏ (၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် ပဓာန နာယကဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ၏ (၄၇)နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာပွဲကို အဆိုပါ ကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ပေရယ်

www.burmeseclassic.com

www.burmeseclassic.com

## မဟာသုဒဿနာရာမ ပရိယတ္တိစာသင်တိုက်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်၊ ရွှေးဟောင်းစေတီတော်မြတ်အား ရွှေထီးတော် တင်လှူပွဲနှင့် နိုင်ငံတော် ဗဟိုသံဃာဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသေဋ္ဌိလ၏ သက်တော်(၆၀)ပြည့် ဝိဇာတ မွေးနေ့အလှူတော်မင်္ဂလာပွဲ ကျင်းပမည်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရပ်ကွက်၊ မဟာသုဒဿနာရာမကျောင်းတိုက်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် ကျောင်းတိုက်အတွင်း၌ တည်ထားသော ရှေးဟောင်းစေတီတော်မြတ်ကြီး ရွှေထီးတော် တင် ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသေဋ္ဌိလ၏ သက်တော်(၆၀)ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနားကို ၁၃၇၆-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် (၁၂-၁၂-၂၀၁၄)သောကြာနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

ကျောင်းတိုက်ကြီး၏ အလှူတော်မင်္ဂလာပွဲရက်တွင် ညစဉ် တရားပွဲများ ကျင်းပခြင်း၊ ရွှေရတုသဘင် အထိမ်းအမှတ် စာစောင်များ ထုတ်ဝေခြင်း၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

BURMESE CLASSIC

## မြောက်ဦးဆရာတော် အရှင်ဝါယာမိန္ဒ၏ (၅၅)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲနှင့် သိက္ခာထပ်ပွဲ ကျင်းပ

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရတနာမာရ်အောင်တောရဓမ္မရိပ်သာတွင် မြောက်ဦးဆရာတော် အရှင်ဝါယာမိန္ဒ၏ (၅၅)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲနှင့် (၁၁၄၈)ကြိမ်မြောက် သိက္ခာထပ် ပူဇော်ပွဲကြီးကို (၂၅-၈-၂၀၁၄)တနင်္လာနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

မွေးနေ့ပူဇော်ပွဲကြီးတွင် ပင့်သံဃာ အပါး (၅၅၀)အား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ကြွရောက်လာသော ဧည့်ပရိသတ်များကိုလည်း ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရှိရသည်။ မွေးနေ့အမှတ်တရ ယပ်တောင်များလည်း ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဇမ္ဗူမေဃာဆရာတော်ကြီး၏ သိမ်တော်ကြီး ရေစက်ချပွဲ ကျင်းပ

ရန်ကုန်မြို့ ဒဂုံအရှေ့ပိုင်း၌ရှိသော ဇမ္ဗူမေဃာ ဓမ္မရိပ်သာကြီး၏ မိုးကုတ်ဓမ္မကထိက သာသနာပြု နယ်လှည့် ကမ္မဋ္ဌာနာစရိယ၊ ပဓာန နာယကဆရာတော် အရှင်ပဏ္ဍိတ တည်ထောင်သော ဇမ္ဗူမေဃာသိမ်တော်မဟာကြီးကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ တတိယပတ်၌ ရေစက်သွန်းချပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## သီရိသုဓမ္မ မဏိဇောတဓရ ကေသီပန်ဦးလှမြင့်မိသားစုတို့ နေအိမ်သစ်၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း



သီရိသုဓမ္မ မဏိဇောတဓရ အမျိုးသားစာပေဆုရှင် ကေသီပန် ဦးလှမြင့်နှင့် သားသမက် ဦးကြည်စိုး၊ သမီး ဒေါ်ငွေငွေရီ၏ မြေးများဖြစ်သော မောင်ကျော်ကျော်ထက်၊ မဒီမို့သဲသင်(ကေသီပန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး) မိသားစုတို့သည် နေအိမ်သစ်ဖြစ်သော တာမွေမြို့နယ်၊ အေးသာယာလမ်း၊ ဘောက်ထော်၊ ခြံအမှတ် ၄ စီ(အေ)၌ ၁၃၇၆-ခုနှစ်၊ ဝါဆိုလဆန်း (၇)ရက် (၂-၈-၂၀၁၄)စနေနေ့က ပင့်သံဃာတော် (၁၈)ပါးတို့အား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ကြွရောက်လာသော ဧည့်ပရိသတ်များကိုလည်း နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရှိရသည်။

မင်းသုခ

---

## ဟသ်ာတ ပရဟိတကျောင်းတိုက် သိမ်ဆောက်လုပ်ရန် ငွေကျပ် သိန်း(၂၀၀) မ,တည်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၅)ရပ်ကွက်၊ အောင်သုခ(၃)လမ်း၌ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ လိုတရဆရာတော် ဘဒ္ဒန္တတေဇိန္ဒသာရ တည်ထောင်လျက်ရှိသော ပရဟိတ လိုတရ သာသနာပြု ဟသ်ာတကျောင်းတိုက်ကြီး ရှိပါသည်။

ထိုကျောင်းတိုက်ကြီးဝင်းအတွင်း၌ လိုတရသိမ်တော်ကြီး ဆောက်လုပ်ရန်အတွက် မ,တည်လှူဒါန်းငွေ သိန်း(၂၀၀)ကို ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ၂၉ ရပ်ကွက်၊ မြတ်ဝတ်ရည်လမ်း၊ အမှတ်(၁၁၇)နေ ဦးခင်မောင်ထွေး+ဒေါ်ခင်ခင်အေး မိသားစုတို့က (၃၀-၈-၂၀၁၄)နေ့က လိုတရဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

## "မဟာသရဏဂုံတော်ကြီး" နိဗ္ဗာန်ပေါက် ဘုရားရှိခိုးကျမ်းစာအုပ် ၁၀၀ လှူဒါန်း

(၈-၉-၂၀၁၄)တော်သလင်းလပြည့်၊ တနင်္လာနေ့ ည(၆)နာရီတွင် ဖြိုးမိုးသိမ် ဓာတ်ပုံတိုက်မိသားစုမှ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ "မဟာသရဏဂုံတော်ကြီး" နိဗ္ဗာန်ပေါက်ဘုရားရှိခိုးကျမ်း စာအုပ် (၁၀၀)အုပ်ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

"မဟာသရဏဂုံတော်ကြီး" ကို ရွတ်ဆိုပူဇော်သည့် ကိုးထပ်ကြီးဘုရား နဝဂုဏဗုဒ္ဓမာမက သာသနာပြုအသင်းအဖွဲ့အား ရှင်စောပုရပ်ကွက်သူ/သားများ၏ စုပေါင်းအလှူငွေဖြင့် အာဟာရဒါနများလည်း ကျွေး ကြောင်း သတင်းရရှိသည်။